“ဝိပဿနာဉာဏ်စဉ် (၁၆)ပါး ရှုမှတ်ပုံ”

- မုစ္စိတုကမျတာဉာဏ်
- ပဋိသင်္ခါဉာဏ်
- သင်္ခါရုပေက္ခာဉာဏ်

တရားတော်စာအုပ်အမှတ်စဉ် (၃၉)

ပြုစုတင်ပြသူ

ဦးညီညီစိန်

၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၁၉)ရက်

“ဝိပဿနာဉာဏ်စဉ် (၁၆)ပါး ရှုမှတ်ပုံ”

- မုစ္စိတုကမျတာဉာဏ်
- ပဋိသင်္ခါဉာဏ်
- သင်္ခါရုပေက္ခာဉာဏ်

တရားတော်စာအုပ်အမှတ်စဉ် (၃၉)

ပြုစုတင်ပြသူ

ဦးညီညီစိန်

၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၁၉)ရက်

ပုံနှိပ်မှတ်တမ်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)

ပုံနှိပ်---------- အေးရှားမက်ဂါဇိုကုမ္ပဏီလိမိတက်

အခန်းအမှတ်(၂၉)၊ တိုက်အမှတ် (၄)၊

ပြည်သူ့အိမ်ရာတောင်ဘက်ခြမ်း၊

(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ---------- ----------

စီစဉ်သူ ---------- ဦးမင်းကိုကို၊ မရမ်းကုန်းမြို့နယ်။

တန်ဖိုး ---------- (မေတ္တာလက်ဆောင်)

ဖြန့်ချိရေး---------- ဖုန်း-၀၉-၄၂၃၀၀၁၇၁

မာတိကာ

စဉ်		တရားတော်အမည်	စာမျက်နှာ
၁		နိဒါန်း	၁
၂		မုဠ်တုကမျတာညာဏ်	၃
၃		ပဋိသန်ဓိညာဏ်	၅
၄		သန်ဓိရုပေက္ခာညာဏ်	၇
၅		ခန္ဓိးဆရာတော်ဘုရားကြီး၏ 'စက်ဖြတ်ဝိပဿနာကျမ်း' မှ	၉
	(က)	မုစ္စိတုကမျတာညာဏ်နှင့် ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပုံ	၁၀
	(ခ)	ပဋိသန်ဓိညာဏ်နှင့် ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပုံ	၁၁
	(ဂ)	သမ္မသနညာဏ်နှင့် ပဋိသန်ဓိညာဏ်တို့၏အထူး	၁၃
	(ဃ)	လက္ခဏာညာဏ် ရင့်သန်လာစေရန်	၁၄
	(င)	သန်ဓိရုပေက္ခာညာဏ်နှင့် ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပုံ	၁၄
	(စ)	ဆင်ခြင်ပွားများပုံ	၁၆
	(ဆ)	တနည်း ဒွိကောဋ္ဌိကသုညတနည်းဖြင့် ပွားများပုံ	၁၇
	(ဇ)	တနည်း စတုကောဋ္ဌိကသုညတနည်းဖြင့် ပွားများပုံ	၁၇
	(ဈ)	ဆကောဋ္ဌိက သုညတနည်းဖြင့် ပွားများပုံ	၁၈
	(ည)	အဋ္ဌကောဋ္ဌိက သုညတနည်းဖြင့် ပွားများပုံ	၁၉
	(ဋ္ဌ)	ကောဋ္ဌိက သုညတနည်းဟု ခေါ်ဆိုပုံ	၂၀
	(ဌ)	အနုလောမညာဏ်နှင့် ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ (ဒိသာကာကုပမာ)	၂၅
	(ဍ)	အနုလောမညာဏ်နှင့် ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ	၃၀
	(ဓ)	မုစ္စိတုကမျတာညာဏ်-ပဋိသန်ဓိညာဏ်-သန်ဓိရုပေက္ခာညာဏ်တို့၏အထူး	၃၀
၆		ညောင်လေးပင်ဆရာတော်၏ 'ဝိသုဒ္ဓိမဂ် အရသာ' မှ	၃၂
	(က)	မုစ္စိတုကမျတာညာဏ်	၃၃
	(ခ)	ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိ	၃၅
	(ဂ)	ညာဏဒဿန ဝိသုဒ္ဓိ	၄၀
	(ဃ)	သန်ဓိရုပေက္ခာ၌ မှတ်ဖွယ်များ	၄၀
၇		ပဋိသမ္ဘိဒါမဂ်ပါဠိတော် (သန်ဓိရုပေက္ခာညာဏနိဒ္ဒေသ)	၄၂
၈		မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ဝိပဿနာညာဏ်စဉ်ကျမ်းကြီးမှ	၅၁
	(က)	မုစ္စိတုကမျတာညာဏ် ဖြစ်ပေါ်ပုံ	၅၂
	(ခ)	ပဋိသန်ဓိညာဏ်ဖြစ်ပေါ်ပုံ	၅၃
	(ဂ)	တော (၄၀) ရှုမှတ်ပုံ	၅၄
	(ဃ)	သန်ဓိရုပေက္ခာညာဏ် ဖြစ်ပေါ်ပုံ	၈၅
	(င)	ဒွိကောဋ္ဌိက ရှုမှတ်ပုံ	၈၆

	(စ)	စတုက္ကောဋ္ဌိက ရှုမှတ်ပုံ	၈၆
	(ဆ)	ဆအာကာရ ရှုမှတ်ပုံ	၈၈
	(ဇ)	အဋ္ဌအာကာရ ရှုမှတ်ပုံ	၈၉
	(ဈ)	ဒသအာကာရ ရှုမှတ်ပုံ	၉၀
	(ည)	ဒွါဒသ အာကာရ ရှုမှတ်ပုံ	၉၁
၉		မဟာစည်ဆရာတော်ဘုရားကြီး၏ 'ဝိသုဒ္ဓိမဂ်-မြန်မာပြန်' (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) မှ	၁၁၈
	(က)	မုစ္စိတုကမျတာဉာဏ်ပြဆိုချက်	၁၁၉
	(ခ)	ပဋိသန္ဓေ နုပဿနာဉာဏ်ပြဆိုချက်	၁၂၀
	(ဂ)	သင်္ခါရုပေက္ခာဉာဏ်ပြဆိုချက်	၁၂၅
၁၀		မဟာစည်ဆရာတော်ဘုရားကြီး၏ 'အားထုတ်ပုံ'	၁၆၈
၁၁		မဟာစည်ဆရာတော်ဘုရားကြီး၏ 'ဝိပဿနာရှုနည်းကျမ်း' မှ	
	(က)	မုစ္စိတုကမျတာဉာဏ်	၁၆၈
	(ခ)	ပဋိသန္ဓေဉာဏ်	၁၆၉
	(ဂ)	သင်္ခါရုပေက္ခာဉာဏ်	၁၇၀
	(ဃ)	မုစ္စိတုကမျတာ၊ ပဋိသန္ဓေ၊ သင်္ခါရုပေက္ခာဉာဏ်	၁၇၂
၁၂		မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ပြေးဝင်သည့် ဝိပဿနာဉာဏ်များ	၂၀၄
	(က)	အနုလောမ၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ်ဉာဏ်	၂၀၅
	(ခ)	ပစ္စဝေက္ခဏာဉာဏ်	၂၂၉
၁၃		ဒေါက်တာမင်းတင်မွန်၏ 'ဝိသုဒ္ဓိမဂ္ဂ အလင်းပြ နိဗ္ဗာန်လမ်းမကြီး' မှ	၂၄၂
	(က)	မုစ္စိတုကမျတာဉာဏ်ကို ပြဆိုခြင်း	၂၄၃
	(ခ)	ပဋိသန္ဓေနုပဿနာဉာဏ်ကို ပြဆိုခြင်း	၂၄၃
	(ဂ)	သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုခြင်း	၂၄၈
၁၄		မင်းကွန်းဆရာတော်ဘုရားကြီး၏ 'ဝိသုဒ္ဓိ ၇ ပါး မင်းကွန်းသွား' မှ	၂၅၉
	(က)	မုစ္စိတုကမျတာဉာဏ်	၂၆၀
	(ခ)	ပဋိသန္ဓေဉာဏ်	၂၆၁
	(ဂ)	သင်္ခါရုပေက္ခာဉာဏ်	၂၆၇
၁၅		ဉာဏ်စဉ် (၁၆)ပါးကို ပဋ္ဌာန်းပစ္စည်းများဖြင့် ရှုမှတ်ပုံ	၂၇၅
၁၆		မုစ္စိတုကမျတာဉာဏ်၊ ပဋိသန္ဓေဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်	၂၇၆
၁၇		မိုးကုတ်ဆရာတော်ဘုရားကြီး၏	
	(က)	သန်တဒုက္ခမှ အသန်တနိဗ္ဗာန်ပေါ်လာပုံ	၂၈၂
	(ခ)	သုညတ တရားနာရမှ သုညတနိဗ္ဗာန်ရောက်မည်	၃၁၄
၁၈		ဆရာတော်ဘုရားကြီးများ၏ ဝိပဿနာဘာဝနာရှုမှတ်ပုံ အကျဉ်းချုပ်များ	၃၄၅
	(က)	မုစ္စိတုကမျတာဉာဏ်ရှုမှတ်ပုံ အကျဉ်းချုပ်	၃၄၆
	(ခ)	ပဋိသန္ဓေဉာဏ်ရှုမှတ်ပုံ အကျဉ်းချုပ်	၃၄၇
	(ဂ)	သင်္ခါရုပေက္ခာဉာဏ်ရှုမှတ်ပုံ အကျဉ်းချုပ်	၃၄၉

၁၉	မုစ္စိတုကမျတာဉာဏ် ပြီးဆုံးပုံ		၃၅၂
၂၀	ပဋိသန္ဓိဉာဏ် ပြီးဆုံးပုံ		၃၅၂
၂၁	သန္ဓိရုပေကွာဉာဏ် ပြီးဆုံးပုံ		၃၅၃
၂၂	(က)	ဓမ္မစက်္ကာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တရားတော် အနတ္တလက္ခဏာသုတ်	၃၆၀ ၃၆၁
၂၃	မဟာစည်ဆရာတော်ဘုရားကြီး၏ အနတ္တလက္ခဏာသုတ်မှ နိဗ္ဗိန္ဒဉာဏ်နှင့်တကွ မဂ်ဖိုလ်ဉာဏ်များ ဖြစ်ပုံ		၃၆၂
၂၄	လယ်တီဆရာတော်ဘုရားကြီး၏ အနတ္တလက္ခဏာသုတ်မှ နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက် ဖြစ်ပုံ		၃၆၃
၂၅	(က)	တပ်ကုန်းဆရာတော် အရှင်ဥက္ကံသဓမ္မမဟာထေရ်၏ နိဗ္ဗိဒါဉာဏ် နိဗ္ဗိဒါဉာဏ်မှ နိဗ္ဗာန်ရောက်ပုံ	၃၆၅
၂၆	နိဂုံး		၃၆၈

နိဒါန်း

ယောဂီသည် ဝိပဿနာ ဘာဝနာကို စဉ်ဆက်မပြတ် ကိလေသာမခြား ရှုမှတ်လာခဲ့ရာ၊ မုဉ္စိတုကမျှတာဉာဏ်ကို ရှုမှတ်တော့မည် ဖြစ်ပါသည်။

ယောဂီ၏ သမာဓိအင်အားမှာ ဥဒယဗ္ဗယဉာဏ်အရင့်ကို ကျော်ဖြတ်ခဲ့ပြီးဖြစ်၍ ဥပေက္ခာလေသာ အနှောက်အယှက်မှ ကင်းဝေး၍ ဝိတက်၊ ဝိစာရ၊ ပီတိမပါတော့သော ခိုင်ခန့်သော သမာဓိဖြစ်ပါသည်။

ရုပ်နာမ်သဘာဝတို့၏ ဖြစ်သမျှ ပျက်သမျှကို ကြည်လင်သန့်ရှင်းစွာ ရှုမှတ်နိုင်ခဲ့ပြီးဖြစ်သည့် အပြင် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနယ်ဖြစ်သည့်လေ့ကား သုံးထစ်ကဲ့သို့ ဘယဉာဏ်၊ အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်များကို ကြေညက်စွာ ရှုမှတ်ခဲ့ပြီး ဖြစ်ပါသည်။ နောက်ထပ် အခါ ယခုမှစ၍ ကျန်လေ့ကား သုံးထစ်ကို ဆက်လက်ကြိုးစားတက်ရောက်မည် ဖြစ်ပါသည်။

သဒ္ဓါရရုပ်နာမ်အပျက်တို့ကိုမြင်၍ ကြောက်စရာဘေးဟုထင်၏။

သဒ္ဓါရရုပ်နာမ်အပျက်တို့ကိုမြင်၍ စက်ဆုပ်ဖွယ်ရာအပြစ်ထင်၏။

သဒ္ဓါရရုပ်နာမ်အပျက်တို့ကိုမြင်၍ မမြင်မတွေ့လို မုန်းလာ၏။

မုန်းလာတာက နိဗ္ဗိဒါဉာဏ်ဖြစ်၏။

မမြင်ချင် မတွေ့ချင်သော နိဗ္ဗိဒါဉာဏ်ကို သမာဓိခိုင်မြဲစွာ ရှုမှတ်လာသောအခါ ၎င်းသဒ္ဓါရအယဉ်အတန်းကို ဖြတ်တောက် လွှတ်ပြစ်ချင်လာ၏။ လက်မခံလိုဘဲ လွှတ်ပြစ်ချင်လာတာက မုဉ္စိတုကမျှတာဉာဏ်ခေါ်၏။

နိဗ္ဗိဒါဉာဏ်မှာ ရုပ်နာမ်သဘာဝတို့၏ အပျက်တွေချည်းတွေ့လာပြီး၍ မတွေ့မမြင် မလိုချင်အောင် မုန်းသည်ဆိုရာဝယ် -

- ဒီဘဝ၊ နောက်ဘဝ သူဌေးကြီးလည်း မဖြစ်ချင်တော့၊
- ဒီဘဝ၊ နောက်ဘဝ ရှင်ဘုရင်ကြီးလည်း မဖြစ်ချင်တော့၊
- ဒီဘဝ၊ နောက်ဘဝ ဂိုဏ်းချုပ်ကြီးလဲ မဖြစ်ချင်တော့၊
- နောက်ဘဝတွေမှာ နတ်၊ ဗြဟ္မာကြီးတွေလည်း မဖြစ်ချင်တော့၊
- ရုပ်နာမ်သဘာဝတွေ ရှိနေလို့ ဇာတိ၊ ဇရာ၊ မရဏ၊ ဖြစ်ပျက်တွေ ရှိနေရတာပဲ။ ရုပ်နာမ်သဘာဝတွေမရှိ၊ မရ၊ မတွေ့တဲ့ လွတ်မြောက်မှုကိုလိုချင်တယ်။ ကြိုးစားအားထုတ်မယ် ဖြစ်ပါတယ်။

ရုပ်နာမ်သဘာဝတွေ၊ မရှိ၊ မရ၊ မတွေ့အောင် လွတ်ဖို့ အားထုတ်ရတာက မုဉ္စိတုကမျှတဉာဏ်ပါ။ ရှုမှတ်ပုံ တင်ပြထားပါသည်။

ရုပ်နာမ် သဒ်ါရ အယဉ်အတန်းမှ လွတ်မြောက်ရန် ရှုမှတ်ပြီးနောက် မဟာကုသိုလ် ဇောစိတ်များ မဖြစ်ပေါ်စေရန် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများကိုပင် နောက်ထပ်တစ်ဖန် ပြန်၍ ရှုမှတ်ရလေသည်။

သမာဓိအင်အားမှာ သုခအဂ်ါကွယ်ပျောက်လုအားနည်းနေပြီဖြစ်၍ ခိုင်မြဲလှသော သမာဓိတည်ငြိမ်မှု အခြေအနေဖြစ်၍ အနိစ္စ (၁၀)ချက်၊ ဒုက္ခ (၂၅)ချက်၊ အနတ္တ (၅)ချက်၊ ဖြစ်သည့် တော (၄၀)ခေါ် ဘာဝနာ (၄၀)တရားကို ရှုမှတ်ခြင်းဖြစ်ပါသည်။ ရှုမှတ်ချက်တိုင်းတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား တစ်ချက်မျှစီ ပါဝင်ရှုမှတ်နေပါက ထိုရှုမှတ်နေစဉ် ကာလတို့အတွင်း ရုပ်နာမ်သဒ်ါရတရားများ မလာနိုင်တော့ဘဲ အားနည်းနေမည်ဖြစ်ပါသည်။ သမာဓိအာရုံရည်တစ်ခုအတွင်း ဘာဝနာ (၄၀)အနက်မှ တစ်ချက်ချက်သာပေါ်နေ၍ အခြားစိတ်များ မပေါ်ပေါက်နိုင်တော့ဟု ဆိုလိုပါသည်။ ပဋိသဒ်ါဉာဏ်ဖြစ်၍ ရှုမှတ်ပုံများကို တင်ပြထားပါသည်။

ဆက်လက်၍ သမာဓိအင်အားပိုမိုကောင်းမွန်လာပြီး ဥပစာရ သမာဓိ၏ အမြင့်ဆုံးသော သုခမပါ၊ ဥပေက္ခာ၊ ဧကဂ္ဂတာ သမာဓိဖြင့် သဒ်ါရတရားများ ကြွထွက်လွတ်မြောက်သွားအောင် ရှုမှတ်ခြင်းဖြစ်ပါသည်။ သဒ်ါရတို့၏ ချစ်ကြောက်မပါ ညီမျှစွာ ရှုမှတ်ခြင်းမှာ စွဲလန်းလွန်းလှသော ငါကောင်၊ အတ္တကောင်ကို ချေဖျက်နိုင်ရန် အနတ္တရှုကွက်များဖြင့် ရှုမှတ်ခြင်းဖြစ်ပါသည်။ သဒ်ါရုပေက္ခာဉာဏ်ဖြစ်၍ ရှုမှတ်ပုံများကို တင်ပြထားပါသည်။ သဒ်ါရုပေက္ခာဉာဏ်မှာ လောကီပုထုဇဉ်ဘဝ၏ နောက်ဆုံး ဆွဲနှုတ်ရမည့် သဘော်ကျောက်ဆူးကဲ့သို့ပင် ဖြစ်ပါသည်။ ငါကောင်၊ အတ္တကောင်ကို ချေဖျက်ဆွဲနှုတ်ပြီးပါက သဒ်ါရဓါတ်များမှ အသခ်ံတဓါတ်များသို့ ပြောင်းသွားပေ၏။ လောကီမဂ္ဂင် (၈း) ပါးမှ သမ္မာမဂ္ဂင် (၈)ပါး ပြည့်စုံပြောင်းလဲသွားပြီး ပထမ မဂ်ဖိုလ်တို့ကို ရရှိ ရောက်ရှိပေ၏။

ရှုမှတ်ပုံများကို ကြိုးစားတင်ပြထားပါသည်။ အာသေဝန ပစ္စည်း အကျိုးများ တိုးပွားခံစားနိုင်ကြပါစေ။

မှတ်စုများတင်ပြသူ

ဦးညီညီစိန်

မူဠိတုကမျတာဉာဏ်

“နိဗ္ဗိဒါဉာဏ်မှ မူဠိတုကမျတာဉာဏ်သို့ကူးပြောင်းပုံ”

ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ပျင်းရိ မပျော်မွေ့သော ဤအမျိုးသား အမျိုးသမီးအား အလုံးစုံသော ဘဝ ၃ပါး, ယောနိ၄ပါး, ဂတိ၅ပါး, ဝိညာဏဌိတိ၇ပါး, သတ္တာဝါသ၉ပါး၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့် သခါရများစွာတို့တွင် တစ်ခုသောသခါရ၌သော်လဲ စိတ်သည် မကပ်မငြိ မတွယ်၊ သခါရအလုံးစုံမှ လွတ်လို၏။

ရှောင်ခွာထွက်သွားလို၏။

ထိုအခါ၌ သခါရအလုံးစုံတို့၌ ဤဆိုခဲ့သောနည်းဖြင့် တွယ်တာမှုကင်းလျက်၊

သခါရအလုံးစုံမှ ဤဆိုခဲ့သောနည်းဖြင့် လွတ်လိုသော ဤအမျိုးသား အမျိုးသမီးအား မူဠိတုကမျ တာဉာဏ် ဖြစ်ပေါ်၏။

ဘဝသုံးပါးဟူသည်ကား ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ တို့ပေတည်း။

ယောနိလေးပါးဟူသည်ကား အဏ္ဍဇဥမှ ပေါက်ဖွားသော သတ္တဝါမျိုး၊ သူငယ်အိမ်မှ ပေါက်ဖွားသော သတ္တဝါမျိုး၊ အညိမှ ဖြစ်ပွားသော သတ္တဝါမျိုး၊ အနိုးခ်၌ရုတ်တရက် ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့် အစုံ ဘွားကနဲဖြစ်ပေါ်သော သတ္တဝါမျိုး၊ ဤလေးမျိုးတို့ ပေတည်း။

ဂတိငါးပါးဟူသည်ကား ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဤငါးမျိုးတို့ပေတည်း။

ဝိညာဏဌိတိ(၇)ပါးဟူသည်ကား လူတို့သည်၄င်း, ကာမာ ဝစရ နတ်တို့သည်၄င်း, အချင်းချင်း ကိုယ်ကာယအားဖြင့်လဲ ထူးခြားကုန်၏။ပဋိသန္ဓေ သညာအားဖြင့်လည်း ထူးခြားကုန်၏၊ လူအချင်းချင်း နတ်အချင်းချင်း မတူကျကုန်။ထို့ကြောင့် နာနတ္တ သညီမည်ကုန်၏။

(၁) ပဌမစျာန် ပြဟ္မာတို့သည်၄င်း, အပါယ်သတ္တဝါတို့ သည်၄င်း, အချင်းချင်း ကိုယ်ထူးခြား၍ သညာတူသောကြောင့် နာနတကာယ ဧကတ္တသညီ မည်ကုန်၏။

(၂) ဒုတိယစျာန် ပြဟ္မာတို့သည် အချင်းချင်းကိုယ်တူ၍ သညာထူးခြားသောကြောင့် ဧကတကာယ နာနတ္တသညီ မည်ကုန်၏။

(၃) တတိယစျာန် ပြဟ္မာတို့သည်၄င်း, ဝေဟပ္ဖိုလ်ပြဟ္မာ တို့သည်၄င်း, အချင်းချင်းကိုယ်, သညာ, နှစ်မျိုးလုံးတူသောကြောင့် ဧကတကာယ ဧကတ္တသညီ မည်ကုန်၏။

(၄) သုဒ္ဓါဝါသပြဟ္မာတို့လဲ ဤစတုတ္ထ-ဝိညာဏဌိတိ၌ ဝင်သင့်ကုန်၏။ အာကာသာနဉ္စာယတန ပြဟ္မာတို့သည် အာကာ သာနဉ္စာ ယတနသညီ မည်ကုန်၏။

(၅) ဝိညာဏဉ္စာယတနပြဟ္မာတို့သည် ဝိညာဏဉ္စာယတန သညီ မည်ကုန်၏။

(၆) ဝိညာဏ်ဆွာယတန ဖြဟ္မာတို့သည် အာကိဉ္စာ ညာယတန သညီ မည်ကုန်၏။

(၇) အာကိဉ္စာညာယတနတို့သည် အာကိဉ္စာညာယတန သညီ မည်ကုန်၏။

ဤ (၇)ပါးတို့ပေတည်း။ ၄င်း(၇)ပါးတို့၌ အသညသတ်နှင့် နေဝသညာတို့ကို ထည့်လျှင် သတ္တဝါ တို့၏နေရာ သတ္တဝါသ (၉)ပါး ဖြစ်ကုန်၏။

ယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်သည်ကား လေ့လာမှတ်သား နာကြားဘူးသမျှ၌သာ ဆင်ခြင် လျက်ကျက်စားနိုင်ပေသည်၊ မမှတ်သားဘူးသော အမည်ဖြင့်ကား ကိလေသာလည်းမဖြစ်နိုင်၊ ဉာဏ်လည်း မဖြစ်နိုင်သည်သာတည်း။

သို့သော်လဲ အယုတ်ဆုံးအားဖြင့် ဘဝသုံးမျိုး၌ငြိုးငွေ့မှု ဉာဏ်ဖြစ်လျှင်ပင် ဝိပဿနာ ပြည့်စုံတော့ သည်သာတည်း။ ထိုသို့ ဆင်ခြင်မိတဲ့အတိုင်းလဲ မမှတ်တော့ဘဲ ရပ်နား နေမိတတ်ပေသည်။

ပဋိသန္ဓိဉာဏ်
မူဋ္ဌတုကမျတာဉာဏ်မှ ပဋိသန္ဓိဉာဏ်သို့ကူးပြောင်းပုံ

အလုံးစုံသော ဘဝ ယောနိ ဂတိ ဌိတိ သတ္တဝါသတို့၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့် သန္ဓိရ တို့မှ ဤသို့ဆိုခဲ့သောအတိုင်းပင် လွတ်မြောက်လိုသော ထိုအမျိုးသား အမျိုးသမီး ယောဂီသည် သန္ဓိရ အလုံးစုံမှ လွတ်မြောက်ရန် မှတ်သိအပ်ပြီးသော ထိုသန္ဓိရမျိုး တို့ကိုပင်လျှင် တဖန်ရှုမူ= ပဋိသန္ဓိဉာဏ် ဖြင့် လက္ခဏာခုပါးကို တင်၍ တဖန်သိမ်းဆည်းရှုမှတ်၏။

သန္ဓိရတရားတို့၌ နိစ္စ သုခ အတ္တ ဟုစွဲလမ်းမှု လုံးဝကင်းလျှင် သန္ဓိရငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဆိုက်ရောက်၏။ ထိုသို့သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် မပြုရသေးမီ၌လဲ ထိုသန္ဓိရ တို့နှင့် စပ်၍ စိုးရိမ်ကြောင့်ကြခြင်း, စိတ်ဆင်းရဲခြင်း မရှိပြီဖြစ်၍၊ ထိုသန္ဓိရတို့မှ လွတ်လဲလွတ်မြောက်၏။ ပရိနိဗ္ဗာန်စံပြီးသောအခါ၌ ထိုသန္ဓိရတို့မှ လွတ်မြောက်သည်မှာကား ဆိုဘွယ်ပင်မရှိပြီ။

ထို့ကြောင့် သန္ဓိရတို့မှလွတ်လိုလျှင် တခြားတစ်ပါးသို့ ပြုရန် မလို၊ ထိုသန္ဓိရတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု နိုင်နင်းစွာ သိမြင်၍ လျစ်လျူရှုနိုင်အောင် မှတ်မြဲပင် မပြတ်မှတ်ဘို့သာ လိုပေသည်။

သို့ဖြစ်၍ မူဋ္ဌတုကမျာဉာဏ်၏ အစွမ်းကြောင့် သန္ဓိရတို့မှ လွတ်လိုသော ယောဂီသည် ဖြစ်ပျက်တိုင်းသော ထိုသန္ဓိရတို့ကိုပင်တစ်ဖန်ဆက်၍ မှတ်မြဲမှတ်ရပေသည်။

ဤသို့တဖန်မှတ်သောအခါ၌ အနိစ္စအခြင်းအရာ (၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တ အခြင်းအရာ(၅)ပါး၊ ဤအခြင်း အရာ(၄၀)တို့တွင် တပါးပါးကို မှတ်ချက်တိုင်း၌ ထိုက်သည် အားလျော် စွာ ထင်ရှားသိလျက်ရှိ၏။အကျဉ်းအားဖြင့်အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တ လက္ခဏာဟူသော ဤလက္ခဏာခုပါးတို့တွင်ထိုက်သည် အားလျော်စွာ တပါးပါးကိုမှတ်ရှုတိုင်း၌ ထင်ရှားသိလျက်ရှိ၏။ ဤအသိအမြင်သည် တဖန်ရှုမူ= တဖန်သိမြင်မှုဖြစ်သောကြောင့် ပဋိသန္ဓိဉာဏ် မည်၏။

ဤအနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ(၄၀)တို့ကို အနိစ္စတော ဒုက္ခတော စသည်ဖြင့် ဟောတော်မူသောကြောင့် တောလေးဆယ်ဟု ခေါ်ကြ၏။

ထိုအခြင်းအရာတို့ဖြင့် သိသောဉာဏ် (၄၀)ကိုလဲ ဝိပဿနာ လေးဆယ်ဟု ခေါ်ကြ၏။

ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်, သုတမယဉာဏ်နဲ့သော သူတို့အား နဲနဲသာထင်ပေါ်တတ်ကုန်၏။ ပင်ကိုယ်ဉာဏ် ထက်သောသူ, သုတမယဉာဏ် များသောသူတို့အား များများသာထင်ပေါ်တတ်ကုန်၏။ အထက်မဂ်တို့၏ ဝိပဿနာအရာ၌ သာ၍ များစွာ, သန့်ရှင်းစွာ ထင်ပေါ်တတ်ကုန်၏။ သို့သော်လဲ, "ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓေနိစ္စံနိဗ္ဗာနန္တိပဿန္တော သမ္မတ္တနိယာမံသြက္ကမတိ"ဤသို့ စသော ပဋိသမ္ဘိဒ်မဂ်နှင့် အညီ "ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် အခြင်းအရာ တခုခုကိုသာလျှင် ကောင်းစွာ မြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ်ဖြစ်ပေါ်မြဲ ဖြစ်သောကြောင့်" "အခြင်းအရာတခုခုကို ကောင်းစွာသိမြင် သဘောကျ လျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် ဝိပဿနာဉာဏ်ပြည့်စုံပြီ"ဟု ယုံကြည် စိတ်ချအပ်တော့သည်သာတည်း။

ဤပဋိသန္ဓိဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တခဏ အတွင်း၌ပင် ရင့်သန်တတ်၏။

အချို့မှာကား တနေ့ခန့်ဖြစ်စေ, တည်ခဲ့ခန့်ဖြစ်စေ, တရက်ခန့် ဖြစ်စေ, ၂-ရက် ၃-ရက်ခန့်ဖြစ်စေ, ကြာမြင့်မှ ရင့်သန်တတ်လေသည်။

ဤဉာဏ်ဖြစ်ပေါ်စ မရင့်သေးမီ၌ အဘိဏှသမ္မဒ္ဓိပီဠနတော ဒုက္ခမတော စသည်တို့နှင့်အညီ သဒ္ဓါရတို့၏ သာယာဘွယ်မရှိသည့်, မခံသာသည့် သဘောတို့ကို အထူးထင်ရှားစွာ တွေ့ရခြင်းကြောင့်ဌင်း၊ သဒ္ဓါရူပေကွာကဲ့သို့ ညီမျှစွာ မရှုနိုင်သေးသောကြောင့်ဌင်း၊ မှတ်သိမှုက ကောင်းနေပါလျက် 'မကောင်းဘူး' ဟူ၍သာ ထင် တတ်၏။ အားမရနိုင်ဘဲ ရှိတတ်၏။

ဤဉာဏ်ရင့်သောအခါ၌ကား မှတ်သိမှု အထူးကောင်း လာသည်ဟု ထင်ရ၏။

ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသနှင့် ရောသောဉာဏ်, ဥပက္ကိလေသ မှလွတ်သော ဉာဏ်အား ဖြင့် ၂-ပိုင်း ကွဲသကဲ့သို့၊ ဤပဋိသန္ဓိဉာဏ်၌လဲ မခံသာမှုတို့နှင့် ရောပြွမ်း၍ အားရ လောက်အောင် မှတ်သိမှု မကောင်းသေးသော ဉာဏ်, မခံသာမှု ကင်း၍ အားရလောက်အောင် သွက်လက်စွာမှတ်သိမှု ကောင်းသောဉာဏ်, အားဖြင့် ၂-ပိုင်း ကွဲပြား၏။

ထို့အတူပင် ဘင်္ဂဉာဏ်၌လဲ ဖွာကျဲကျဲဖြစ်၍ အားရ လောက်အောင် မကောင်းသေးသောဉာဏ်, စီးစီးပိုင်ပိုင်မှတ်၍ ကောင်းသောဉာဏ်, ၂-ပိုင်း ကွဲပြား၏။

“သခ်ၤရူပေက္ခာဉာဏ်”
ပဋိသခ်ၤဉာဏ်မ့ သခ်ၤရူပေက္ခာဉာဏ်သို့ကူးပုံ

သခ်ၤရူပေက္ခာဉာဏ်။ ။ ပဋိသခ်ၤဉာဏ် အပြည့်အစုံ ရင့်သန်သော အခါ၌ကား ဖြစ်ပျက်ဆဲ သခ်ၤရအာ ရုံကို မ့တ်မိစေရန်လဲ အထူးကြောင့်ကြမစိုက်ရပြီ၊ မ့တ်မိတိုင်းသော သခ်ၤရအာရုံ၏ အပျက် လက္ခဏာ နှင့်, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ထင်ရှား သိရှိရန်လဲ အထူးကြောင့်ကြမစိုက်ရ တော့ပြီ။

သခ်ၤရာဝ သခ်ၤရေ ဝိပဿန္တိ-ဟူသည်နှင့်အညီ၊ သူ့အလိုလိုပင် မ့တ်သိလျက် မ့က်သိလျက် နေသကဲ့သို့၊ မ့တ်သိမှုသည် အရှိန် ကောင်းလျက် ကြာမြင့်စွာဖြစ်၏။

မ့တ်ချက်တိုင်း၌ အပျက်လက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ရှင်းလင်း ထင်ရှားစွာ သိလျက် သိလျက်ရှိ၏။

ဝိသုဒ္ဓိမဂ်၌ သခ်ၤရူပေက္ခာဉာဏ်အရာတွင် ပြအပ်သော ဒွိကောဋိကရှုပုံ စသည်တို့နှင့် ညီစွာလဲ အသိဉာဏ်ဖြစ်ပေါ်၏။

ရှေးဉာဏ်များ ဖြစ်ခိုက်သကဲ့သို့၊ သခ်ၤရတို့၌ အပြစ်မြင်ခြင်း,ငြီးငွေ့ခြင်း, လွတ်လို၍ ဆင်ခြင်ခြင်း, အမ့တ်မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမရှိတော့ပြီ၊

သခ်ၤရဝတ္ထုပစ္စည်းတခုခု ပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့်ကြ မှုလဲ မရှိပြီ။

ဘယဉာဏ်အလိုအားဖြင့် ကြောက်ရွံ့မှုလည်း မရှိပြီ။

စိတ်သည်အလွန်ပင် သန့်ရှင်းကြည်လင်၏။

ဘယ်တော့ကမှ မတွေ့ကြုံဘူးသော ချမ်းသာကိုတွေ့ရသည်ဟု ထင်ရ၏။

သို့သော် ထိုမျှလောက်ထူးကဲသော စိတ်,ကြည်လင်ချမ်းသာသော စိတ်ကိုလဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ခါစကလို အလွန်အကဲ သာယာခြင်းကား မရှိပေ၊ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲ မဖြစ်ပေ။

ငြိမ်သက်သိမ်မွေ့သော မ့တ်သိမှုသည်သာလျှင် အစဉ်မပြတ် တသမတ်တည်း ကြာမြင့်စွာ ဖြစ်လျက်ရှိပေ၏။

ထိုအခါ၌ အထူးကြောင့်ကြမစိုက်ရတော့ဘဲ သူ့အလိုလိုပင် အစဉ်မပြတ် သိလျက်သိလျက် သိမ်မွေ့စွာ ဖြစ်နေသော အသိဉာဏ် သည် သခ်ၤရူပေက္ခာဉာဏ်ပေတည်း။

ကြီးမားသောအပြစ်ကိုတွေ့ရခြင်းကြောင့်၊ အလွန်ချစ်ခင်မြတ်နိုး အပ်သော မယားကို

အာလယ ပြတ် စွန့်ခွာပြီးသည်မှ နောက်ကာလ၌ တစုံတစ်ယောက်သော ယောကျ်ားနှင့် တစုံတရာ ပြုလုပ်နေသည် ကို တွေ့မြင်ရသော်လဲ စိတ်ဆိုးခြင်း, မခံနိုင်ခြင်း, နှလုံးမသာခြင်းမရှိ မူ၍၊ အမှတ်မပြု လျစ်လျူရှုသော ယောကျ်း၏ ဖြစ်ပုံနှင့် အတူပင်လျှင်။

ဤယောဂီသည် သခီအလုံးစုံတို့မှ လွတ်လိုသည်ဖြစ်၍ သခီရတို့ကို တဖန်ရှုမူ ပဋိသခီဉာဏ်ဖြင့် သိမ်းဆည်း ရှုမှတ် လတ်သော်။ ငါဘဲ, ငါ့ဥစ္စာဘဲဟု ယူဆထင်မှတ်ဖွယ်ကို မတွေ့ရ သောကြောင့် လျစ်လျူ မရှုနိုင်ပါက, သခီရဝတ္ထုတို့၏ ပျက်စီးမှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော ကြောက်ရွံ့စိုးရိမ်ခြင်း, ဘယဉာဏ် အလိုအားဖြင့် ဖြစ်ပေါ်သော ကြောက်ခြင်းကိုငဲ့။လျစ်လျူ မရှုနိုင် ပါက, ပြည့်စုံကောင်းစား မှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော အားရ နှစ်သက်ခြင်း, ရှုမှတ်၍ ကောင်းခြင်း ကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်းကိုငဲ့ ပယ်၍။ (အထူးကြောင့်ကြစိုက်၍ ပယ်ရသည်ကား မဟုတ်ပေ၊ မဖြစ်ပေါ် လာဘဲ အလိုလို ကင်းနေ သည်ကိုသာ ဆိုလိုပေသည်။) ရှုမှတ်မိ, ဆင်ခြင်မိသော သခီရ အလုံးစုံတို့၌ ချစ်ကြောက်ကင်းပ အမျှ သိမှု လျစ်လျူရှုသည်။ ကြောက်ချစ် ကင်းကွယ် အလယ်အလတ် သဘော ရှိသည်။ဖြစ်၏။

ဤသို့ သိမြင်သော ထိုယောဂီအား ဘဝ ၃-ပါး, ယောနိ ၄-ပါး, ဂတိ ၅-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး, သတ္တာဝါသ ၉-ပါးတို့၌ စိတ်သည် ရှောင်ကွယ်သကဲ့သို့တွန့်၏။

ကြံ့၏၊ ပြန်ဆုတ်၏။

မပြန့်မသွား။

အမျှသိမှု လျစ်လျူရှုခြင်းသည်သော်ငဲ့။

စက်ဆုတ်ဖွယ် မနှစ်သက်ဘွယ်၏ အဖြစ်သည်သော်လည်းကောင်း

မှတ်သောစိတ်, ဆင်ခြင်သောစိတ်၌ ကောင်းစွာတည်၏။

ဤသို့ဖြစ်လတ်သော် ဤယောဂီအား သခီရုပေက္ခာ မည်သော ဉာဏ်သည် ဖြစ်ပေါ်၏။

စစ်ကိုင်းတိုင်း၊ ဝန်းသိမြို့

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ခန္တီးဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

စက်ဖြတ်ဝိပဿနာကျမ်း



မြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈

မုစ္ဆိတုကမျတာဉာဏ်နှင့် ပဋိပဒါဉာဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤလိုဤပုံ နိဗ္ဗိန္ဒဉာဏ်ကိုရရှိပြီးသော ယောဂိပုဂ္ဂိုလ်သည် ထိုနိဗ္ဗိန္ဒဉာဏ်ကိုပင် ထပ်မံ၍ လေ့လာပွားများရမည် ဖြစ်သည်။ ထိုသို့ လေ့လာပွားများသော ယောဂိပုဂ္ဂိုလ်အား (ယထာ နာမ ဇာလဗ္ဘာန္တရဂတော မစ္ဆော။ပ။ မုစ္ဆိတုကာမဿ ဥပ္ပဇ္ဇတိ)နှင့်အညီ ပိုက်ကွန်၌မိသော ငါး၊ မြွေ(မွေ့)ခံတွင်းသို့ဆောက်သော ဘား(ဖား)၊ လျှောင်ချိုင့်၌ထားသော ကြွက်၊ အလယ်မှာယ်လက်၌ မြွေ၊ ကျော့ကွင်းမိသော သားသမင်၊ ဂဠုန်လက်တွင်း၌မိသော နဂါး၊ ကြောင်လက်တွင်း၌မိသော ကြွက်သူငယ်၊ စွန်လက်တွင်း၌မိသော စာသူငယ်၊ ညှဉ်တွင်း၌ကျသော ဆင်၊ ရာဟုခံတွင်းသို့ဝင်ဆင်းရသော လ၊ ရန်သူဝိုင်းထားခံရသော ယောကျ်ား၊ ဤ ငါး စသော သတ္တဝါတို့သည် ကျင်နာတုန်လှုပ်၏၊ အသက်ဘေးမှ ထွက်ပြေး လွတ်မြောက်လိုသကဲ့သို့ ထို့တူပမာ ဝိပဿနာဉာဏ် အတန်တန် ဘင်္ဂ-ဘယ-အာဒီနဝ-နိဗ္ဗိန္ဒဉာဏ်တို့တိုင်အောင် လက်ကိုင်ပွားစီး အားထုတ်ပြီးသော အာရဒ္ဓဝိပဿက

ပုဂ္ဂိုလ်သည် တောဘူမက သခ်ၤါရဟူသမျှတို့၌ ပျော်ပိုက်တပ်စွန်း စွဲလမ်းနှစ်သက် ငဲ့ကွက်တွယ်တာခြင်းမထင်၊ အပြစ်မြင်၍ လွှတ်လို လွှတ်ချင်သော စိတ်သည် တဖွားဖွားဖြစ်ပေါ်၍ နေလေတော့သည်။ ထိုအခါ မုစ္ဆိတုက-မျတာဉာဏ် ပြီးပြီဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ဤ မုစ္ဆိတုကမျတာဉာဏ်၌ ဝိပဿနာရှုပုံရှုနည်းမှာ အထူးမရှိတော့ပြီ၊ နိဗ္ဗိန္ဒာဉာဏ်၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်းသာဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤတွင် မုစ္ဆိတုကမျတာဉာဏ် ပြီး၏။

ပဋိသခါဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

၁။ ဤလိုဤပုံ မုစ္ဆိတုကမျတာဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုမုစ္ဆိတုကမျတာဉာဏ်ကိုပင် တဖန် လေ့လာ ပွားများရမည်။ ထို့သို့ လေ့လာပွားများသော ယောဂီပုဂ္ဂိုလ်အား(ကော ကိုရ ပုရိသော ။ပ။ တိလက္ခဏာရောပနံ)နှင့်အညီ (၀၊) ငါးဆောင်းယောကျ်ား တံငါသားသည် ငါးဖမ်းမည့်အကြံ စိတ်အားသန်၍ ရေကန်သို့သက် ဆောင်းလက်ကို ကိုင်စဲ့ ရေထဲ၌ပုန်းအောင်း ငါးကိုဆောင်းလေလျှင် လက်မောင်းလက်ရုံး ဝါးလုံးခန့်နီးနီး အကြေးအကွက် စက်အထွေထွေ လည်ရေးသုံးတန် (၀၊) လည်ရေးသုံးဆင့် မျက်လုံးနီကြွင် အဆိပ်လျင်သော ရေတွင်းပေါက်ပွေး သဲမြွေ (မွေ့)ပွေးကို အပြေးလိုက်ချုပ် ဆောင်းနှင့် အုပ်မိက အဟုတ်အဟတ် ငါးကြီးမှတ်၍ ရအောပ်ပြီတခါ ငါးဖမ်းတံငါမှာ ဝမ်းသာအားရ စိတ်မာန်ကြွလျက် ဆောင်းဝလက်သွင်း အပြင်သိမ်းအုပ် လည်စီကိုဆုပ်မိလျှင် ဖော်ထုတ်၍ ကြည့်သောအခါ လည်ရေးသုံးတန် မျက်ဆန်နီကြွင် မြွေပွေးကိုမြင်၍ အထင်မှောက်မှား ငါးကားမဟုတ် ကြမ်းကြုတ်ခက်ထန် လျင်မြန်အားရှိ မြွေပွေးကြီးဟု သိသဖြင့် သိတ-တသိတ မြမြကြက်သီး ချွေးဒီးဒီးကျ ကြောက်လန့် လှသောကြောင့် အာကမြွေ(မွေ့)မကိုက်ပေလို့သာ သေဘေးစစ်စစ် မုချဖြစ်၏ဟု အပြစ်ကို

မြင်လျက် မနှစ်သက် မသာယာ လွန်စွာ တွန့်ကုပ် စက်ဆုပ်ငြီးငွေ့၍ မတွေ့မမြင်အောင် လွှတ်ချင်သောအခါ လွှတ်ရာအကြောင်း ဦးခေါင်းအမြီး တလျောက်တည်း ပတ်ပတ်လည် မုန့်ညက်ကိုနယ်သကဲ့သို့ ဆုပ်နယ်ပင်ပန်း အားကုန်ခန်းစေပြီးမှ မြေကြွေမ်းကိုလွှတ်လျက် ကုန်းထက်သို့ပြေးတက်ရပ်နေဘိသကဲ့သို့ ထို့တူပမာ ယောဂီဖြူ သူမြတ်မှာလည်း ရအပ်ပြီးသော အတ္တဘောကို လေ့ချော-လေ့ယာဉ် မြင်း-ဆင် ဂထား၊ အစား အဝတ်-ပေါက်လွှတ်မြောက်စား အားမရနိုင်ပဲ နိစ္စ-သုခ-အတ္တမှတ်ထင်၊ ကြေးမုံပြင်မှန်တွဲ အနဲနဲဖီးလိမ်း တစိမ့်စိမ့်ကြည့်ရှုလျက် (ကြော်-ချမ်းသာလေစွဉ် ချမ်းသာလေစွဉ်)ဟု တဖွဖွကျူးရင့် ဘဝင်မြင့်နေသည်နှင့် ငမိုက်သားယောကျ်ား မြေနဂါးကို ငါးမှတ်၍ ဝမ်းမြောက် ဝမ်းသာ ဖမ်းယူသည်နှင့် ရွေးဦးစွာ တူစေရမည်။

၂။ ဤယောဂီပုဂ္ဂိုလ်သည် မနသိကာရ-ကလျာဏမိတ်ကောင်း အသင့်ပေါင်းမိ၍ သူတော်ဓကောင်းတရားကို ကြားနာပွားများ အားထုတ်ရသဖြင့် ဤခန္ဓာကိုယ် အတ္တဘောဝါဟား နိစ္စ, သုခ, အတ္တမဟုတ်၊ နာမ်ရုပ် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသာတည်းဟု ဃနမြေးယှက် တခဲနက်ကို ဝိပဿနာ ဉာဏ်ဖြင့် ဝက်ဝက်ကွဲအောင် ဖြိုခွဲဖျက်ဆီး၍ရှုတဲ့အခါ သူငါ မထင်, သူငါ မရှိ, သူငါမဟုတ်၊ နာမ်ရုပ်ခမ္မ သခါရတို့၏ မမြဲ-ဆင်းရဲ အစိုးမရသော လက္ခဏာရေးသုံးပါးတို့ကို ကောင်းစွာသိမြင်လာသည်နှင့် တံငါလူသွမ်း မြေကိုဖမ်း၍ စုံစမ်းကြည့်ရှု သုံးခုလည်ရစ် မြေအဖြစ်ကို စင်စစ်သိမြင်သည်ကို နည်းမှီထပ်တူ ဒုတိယယူရမည်။

၃။ ယောဂီပုဂ္ဂိုလ်သည် လောကီသခါရဟူသမျှ၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ဘင်ကိုရှု၍ ဘယတုပဋ္ဌာနဉာဏ် ထက်သန်လျင်လျင် မြဲမြံစွာထင်သည်နှင့် ယခင်တံငါအား မြေလည်ကြားကို ကြောက်အားတကြီး ကြက်သီးတမျှ ဇောခွေးကျသည်ကို တတိယယူရမည်။

၄။ ယောဂီလူခွဲန် ပုဂ္ဂိုလ်မှန်၏ ဉာဏ်မျက်စိ၌ အာဒီနဝါ ထိုအခါနှင့် တံငါလူမိုက် မြေကိုက်မည့် အဖြစ်ကို စိစစ်ထင်မြင် ယခင်တူနည်း ငြီးငွေ့စဉ် အခါမှာ နိဗ္ဗိန္ဒာဉာဏ်နှင့်ယှဉ် လွှတ်ချင်သည့်အမှုကို မုစ္စိတုကမျတာ

လွတ်ရာသောအကြောင်း ထောင်းထောင်းကြဲညက် မြေကို လက်ဖြင့် နှိပ်စက်ပုတ်ခြေ ပင်ပန်းစေလျက် ဦးခေါင်းထက်၌ သွက်သွက်လည်ရစ် မကိုက်နိုင်အောင် အားကုန်ခန်းမှ မြေကြမ်းကိုလွှတ်ပြီး ကုန်းထက်သို့ ပြေးတက်ရပ်နေသကဲ့သို့ ထို့တူပမာ အနာဒိက ဘဝအဟို ရှေးထိုထိုက ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ နိစ္စ-သုခ-အတ္တဟု နှေးညှဲစွဲမှတ် ဤလေးရပ်ကို ထပ်၍ဇာဖန် မဖောက်ပြန်အောင် ခန္ဓာ-အာယတန-ဓာတ် ဥပါဒ်-ဋ္ဌိ-ဘင် အစဉ်မမြဲ ဆင်းရဲအစု အသုဘအစစ် အနှစ်မပါ အကာအတိ ကိုယ်မရှိဟု တိတိကျကျ သိရှိရ၍ လက္ခဏာရေးသုံးတန်ဖြင့် ထပ်မံ၍ အဖန်ဖန်သုံးသပ်သော ယောဂီသူမြတ်၏ ပဋိသန္ဓိဉာဏ် မြဲမြံကြံ့ခိုင် မယိမ်းမယိုင်သည်ကိုပင် အဆိုပါ ဥပမာဖြင့် ကောင်းစွာ ဟပ်၍ ထပ်တူသိမ်းကျုံး နှလုံးသွင်းထားရမည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤလိုဤပုံ နိစ္စ, သုခ, အတ္တ, သုဘ-ဟူသော အခြင်းအရာဖြင့် တဖန် မဖြစ်စေနိုင်သောအခါ ဤပဋိသန္ဓိဉာဏ် ကောင်းစွာဖြစ်ပြီဟု သိမှတ်ပါလေ။

ဤတွင် ပဋိသန္ဓိဉာဏ် ပြီး၏။

သမ္မသနဉာဏ်နှင့် ပဋိသန္ဓိဉာဏ်တို့၏အထူး

သမ္မသနဉာဏ်လဲ ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တလို့ ရှုတာပဲ၊ ပဋိသန္ဓိဉာဏ်လဲ ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တလို့ရှုတာပဲ ဘယ်လိုထူးကြသလဲ ဆိုလျှင် သမ္မသနဉာဏ်သည် တလုံးတခဲတည်းမှတ်ထင်နေသော ဃနအခဲ မပျောက်သေး၊ ဟာလာဟင်းလင်းထင်တဲ့ အာကာသ မပျောက်သေး၍ အပေါင်းအစည်းအားဖြင့်သာ ရှုရသောကြောင့် အနိစ္စ-ဒုက္ခ-အနတ္တကို ခပ်ကျဲကျဲမြင်နိုင်သည်။

ပဋိသန္ဓိဉာဏ်ကား ဥဒယဗ္ဗယဉာဏ် စသော ခြောက်ပါးသော ဉာဏ်တို့ကို လွန်မြောက်၍ တဉာဏ်ထက်တဉာဏ် အားကောင်းလာသောကြောင့်

သိမ်မွေစွာဖြစ်ပျက်နေကြသော ရုပ်နာမ်တို့ကိုပင် မမြဲ,ဆင်းရဲ,အစိုးမရတဲ့ အနိစ္စ-ဒုက္ခ-အနတ္တ သဘောသဘာဝတို့ကို ဘွားဘွားကြီး ထင်ထင်ရှားရှား လျင်မြန်စွာ စိပ်စိပ်မြင်စွမ်းနိုင်ပေသည်။ လိုရင်းမှာ–ကျဲကျဲမြင်နှင့် စိပ်စိပ်မြင်ပဲ ထူးကြသည်ဟု သိမှတ်ပါလေ။

လက္ခဏာဉာဏ် ရင့်သန်လာစေရန်

ထို့ပြင် ဤပဋိသန္ဓေဉာဏ်ကို ဘာကြောင့် ထပ်၍ ရှုရပြန်သနည်းဟု မေးဖွယ်ရာရှိ၏၊ ဖြေဆိုရန်ကား–သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ် သုံးပါးတို့က ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တဟု သိမြင်ကြသော်လည်း ဘယဉာဏ်, အာဒီနဝဉာဏ်,နိဗ္ဗိန္ဒဉာဏ်,မုစ္စိတုကမျတာဉာဏ် အဆိုက်မှာ ဖြစ်ပျက်ရုပ်နာမ်တွေကို ကြောက်မက်ဖွယ်သဘော, အပြစ်မြင်တဲ့သဘော, ငြီးငွေ့နေတဲ့သဘော, ထိုရုပ်နာမ်တို့မှ လွတ်လိုလွတ်ချင်ဖြစ်နေတဲ့သဘော ဤသဘောတရားတွေက တစထက်တစ လွန်ကဲ လွန်ကဲလာဘော့ ထင်နေကျ မြင်နေကျ လက္ခဏာရေး သုံးပါးတို့ဟာ ပျောက်ကွယ်သွားမတတ် အားနည်းအားသေးသွားတယ်၊လက္ခဏာရေးသုံးပါးကောင်းကောင်းလှလှ မထင်မမြင်လျင်လဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ တက်ရောက်နိုင်ဖို့ရာ လွန်စွာ ခဲယဉ်းနေပြန်တယ်။ ထို့ကြောင့် လက္ခဏာရေးသုံးပါး ဉာဏ်အမြင် အားကောင်း အားရှိလာအောင် နောက်ထပ်တဖန် ပွားရပြန်သည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

သန်ဓေရုပကွာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤလိုဤပုံ ပဋိသန္ဓေဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထို ပဋိသန္ဓေဉာဏ်ကိုပင် လေ့လာပွားများရာ၏။ ထိုသို့ လေ့လာပွားများသော ယောဂီပုဂ္ဂိုလ်အား (သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါတိ ဒ္ဋ္ဌကောဋ္ဌိကံ သုညတံ ပဋိဂ္ဂဏှာတိ)နှင့်အညီ ဤသန်ဓေရုပကွာဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် အဆိုပါ ပဋိသန္ဓေဉာဏ်ဖြင့် သန်ဓေရတို့သည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းကုန်

၏ဟု သိမ်းဆည်းခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း ပဋိသန္ဓိဉာဏ်သည် အထူးအားဖြင့် အနတ္တအခြင်းအရာကို သိမ်းဆည်းခြင်းသည် ပြဋ္ဌာန်းကုန်၏။ မှန်၏၊ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းသည်ရှိသော် သစ္စာလေးပါးတို့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ပြည့်စုံ၏၊ အနတ္တအခြင်းအရာဖြင့် မသိမ်းဆည်းသည်ရှိသော် မပြည့်စုံနိုင်ခြင်းဖြစ်၏။

ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းခြင်း၏ မရှိသည်၏အဖြစ်ကြောင့် အလောင်းတော် - အရဟ - သရဘင် ဆရာစသည်တို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကို ပညတ်ဟောကြားသော သာသနာသည် အနိယျာနိက ဖြစ်၍ မဂ်ဖိုလ်ကို မရဟု ဆို၏။

ထို့ကြောင့်-

သဒ်ါရုနံ အနိစ္စာကာရာဒိပဋိဂ္ဂဏှာဝသေန ။ပ။ အနိယျာနိက-မေဝ ဇာတံ-

ဟု ဝိသုဒ္ဓိမဂ်ဋီကာ၌ ပြဆိုထား၏။

မြန်မာပြန်ကား-ပဋိသန္ဓိဉာဏ်ဖြင့် ထင်မြင်ပြီးသော ရုပ်နာမ်တရားတို့သည် အနိစ္စ, ဒုက္ခ အခြင်းအရာစသည်ကို သိမ်းဆည်းခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း ပဋိသန္ဓိဉာဏ်သည် အထူးအားဖြင့် အနတ္တအခြင်းအရာကို သိမ်းဆည်းဆင်ခြင်ခြင်းသာ ပဓာနတည်း။ မှန်၏၊ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းဆင်ခြင်ခြင်း ရှိသည်ရှိသော် သစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် ပြည့်စုံ၏။ ထို-အနတ္တ အခြင်းအရာကို သိမ်းဆည်း ဆင်ခြင်ခြင်း မရှိသည် ရှိသော် သစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် မပြည့်စုံနိုင်ခြင်းဖြစ်၏။

ထိုအနတ္တ အခြင်းအရာကို သိမ်းဆည်းဆင်ခြင်ခြင်း၊ စီးဖြန်းခြင်းမရှိသည်၏ အဖြစ်ကြောင့်သာလျှင် အလောင်းတော်-အရဟ-သရဘင်ရသေ့ ဆရာကြီးစသည်တို့၏ အနိစ္စ-ဒုက္ခ-လက္ခဏာကို ဟောကြား ပညတ်သော အဆုံးအမသြဝါဒသည်လည်း သံသရာဝဋ်ဒုက္ခမှမလွတ်မြောက်နိုင်သည်ကား

ဖြစ်၏-ဟု ဆိုလိုခြင်းဖြစ်သည်။ အနတ္တလက္ခဏာ ကောင်းကောင်းလှလှ ထင်မြင်မှ မင်္ဂိုလ်ကို ရ၏ဟု သိမှတ်ပါလေ။ ။

ဆိုလိုရင်းအဓိပ္ပာယ်ကား–အရက-သရဘင်္ဂရသော့ဆရာကြီးတို့၏ အဆုံးအမသြဝါဒသည် အနိစ္စနှင့် ဒုက္ခကိုသာ ဆုံးမနိုင်၏။ ဝါ၊ ဟောပြောနိုင်၏။ အနတ္တလက္ခဏာကို ထင်မြင်အောင် မဆုံးမ မဟောပြောနိုင်၍ မင်္ဂိုလ်ကို မရကြကုန်။ အကယ်၍သာ ထိုဆရာကြီးတို့သည် အနတ္တလက္ခဏာကို ထင်မြင်အောင် ဟောကြားနိုင်ပါမူကား မင်္ဂိုလ်နိဗ္ဗာန်ကို ရနိုင်မည်ဖြစ်၏။ ထိုအနတ္တကိုကား ပစ္စေကဗုဒ္ဓါလည်း မဟောပြနိုင်၊ မြတ်စွာဘုရားတပါး တည်းသာ ဟောကြားနိုင်သော တရားမျိုးဖြစ်သည်။

ဤလို အနတ္တလက္ခဏာကို ကောင်းကောင်းလှလှ ထင်မြင်မှသာ မင်္ဂိုလ် နိဗ္ဗာန်ကို ရနိုင်-ရောက်နိုင်မည် ဖြစ်၍ ဤ သခါရပေကွာဉာဏ်ဖြင့် အနတ္တလက္ခဏာ ကောင်းကောင်းလှလှ ထင်မြင်အောင် အစွမ်းကုန် အားထုတ်ရမည်-ဟု သိမှတ်ပါလေ ဟောဂိဟပေါင်း သူတော်ကောင်းတို့။

ဆင်ခြင်ပွားများပုံ

ရှေးဦးစွာ–

သဗ္ဗေ သခါရာ သုညာ။သဗ္ဗေသခါရာ သုညာ။သဗ္ဗေ သခါရာ သုညာ။

(ဤကား–ပါဠိလို ဆင်ခြင်ပွားများပုံတည်း)

မြန်မာလို ဆင်ခြင်ပွားများပုံကား–ခပ်သိမ်းညီသုံ အလုံးစုံသော တေဘုမက ရုပ်နာမ်သခါရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံးလုံး ဆိတ်သုဉ်းသော သဘောတရားတွေ့ချည်းပါတကား။ ခပ်သိမ်းညီသုံ အလုံးစုံသော တေဘုမက ရုပ်နာမ်သခါရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံးလုံး ဆိတ်သုဉ်းသော သဘောတရားတွေ့ချည်းပါတကား။ ခပ်သိမ်းညီသုံ အလုံးစုံသော တေဘုမက ရုပ်နာမ်သခါရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံးလုံး ပိတ်သုဉ်းသော သဘောတရားတွေ့ချည်းပါတကား။ ဤလို ဤပုံ ကြိမ်ဖန်များစွာ အခါခါ ဆင်ခြင်ပွားများရမည်ဟု သိမှတ်ပါလေ။

ကျမ်းလာနည်းတည်း။ ဝါ၊ ကျမ်းဂန်နည်းကျကျ ဆရာနည်းရရတည်း။ သို့မှသာ မင်္ဂိုလ်ရမည်ဟု သိမှတ်ပါလေ။

တနည်း ဒ္ဒိကောဋ္ဌိကသုညတနည်းဖြင့် ပွားများပုံ

သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ—

ဟု ဒ္ဒိကောဋ္ဌိကနည်းဖြင့် ပွားများရမည်။

အနက်ကား— ဣဒံ ခန္ဓပဉ္စကံ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားသည်။ အတ္တေန ဝါ၊ ငါ့ကိုယ်ဟူသော အတ္တသဘောမှလည်းကောင်း။အတ္တနိယေန ဝါ၊ ကိုယ်၏ဥစ္စာ သတ္တဝါသင်္ခါရမှလည်းကောင်း။ (ဝါ)သူတပါးဉာတိမိတ္တ ပရိက္ခာရ အခြံအရံဟူသော အတ္တနိယ သဘောမှလည်းကောင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းလေစွဉ်တကား။

တနည်း စတုကောဋ္ဌိကသုညတနည်းဖြင့် ပွားများပုံ

နာဟံ ကုစနိ၊ ကဿစိ ကိဉ္စနတသ္မိံ၊ နစမမ ကုစနိ၊ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ—

ဟု စတုကောဋ္ဌိကသုညတနည်းဖြင့် ပွားများရမည်။

အနက်ကား—အဟံ၊ ငါသည်။ ကုစနိ၊ တစုံတခုသောအရပ်- တစုံတခုသောဥစ္စာလ-တစုံတခုသောဌာန၌။ အဟ္ဟာနံ၊ မိမိကိုယ်ကို။ နပဿာမိ၊ မမြင်။ ကဿစိ၊ တစုံတယောက်သော သူ၏။ ကိဉ္စနတသ္မိံ၊ ဉာတိမိတ္တ ပရိက္ခာရအဖြစ်၌။ နပဿာမိ၊ ဆောင်အပ်သောအဖြစ်ကိုမမြင်။ မမ၊ငါ၏။ အတ္တာနံ၊ ကိုယ်ကို။ ကုစနိ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ နပဿာမိ၊ မမြင်။ ပရဿ၊ ကပါးသောသူ၏။ အတ္တာ၊ ကိုယ်သည်။ မေ၊ ငါ၏။ ကိသ္မိဉ္စိ ကိဉ္စနတံ၊ တစုံတခု ဧကြောင့်ကြအပ်သော အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ နပဿာမိ၊ မမြင်။

ပုတ်ချက်။ ။ဆိုလိုရင်းအဓိပ္ပာယ်ကား ဤသူ, ငါ, ယောကျ်ား, မိန်းမ စသည်ဖြင့် ခေါ်ဆိုရှိနေကြသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့

သည်ကား ငါ့ကိုယ်ဟု ထင်တဲ့အတိုင်း ငါ့ကိုယ်လည်းမဟုတ်၊ သူ့ကိုယ်ဟု ထင်တဲ့အတိုင်း သူ့ကိုယ်လည်း မဟုတ်၊ သူ့ဥစ္စာ ငါ့ဥစ္စာလည်း မဟုတ်၊ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သူမှ မဟုတ်၊ ခေါ်ဆိုရရုံ ပညတ်မျှသာ ဟုတ်၏။ 'အမှန် ကေန်မှာ အဝိဇ္ဇာ တဏှာစသော အကြောင်းကြောင့်ဖြစ်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး အကျိုးတရား အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာသက်သက်မျှသာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤ နာဟံကုစနိ၏ အဓိပ္ပာယ်မှာ လွန်စွာ ရှုပ်ထွေးသည်၊ ဆိုလိုရင်း အဓိပ္ပာယ်ကို သိနိုင်ခဲ့သည်။ မိမိကိုယ် သူတပါးကိုယ်ရယ်လို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ လုံးဝမရှိ၊ မိမိ သူတပါး နှစ်မျိုးလုံးပင် လုံးဝမရှိဖြစ်နေသောကြောင့် မိမိ သူတပါးအတွက်နှင့် ဘာတခုမှ ကြောင့်ကြစိုက်ဖွယ် လုံးဝမရှိကြောင်းကို ပြဆိုခြင်း ဖြစ်သည်။ အမှန်မှာ မိမိ သူတပါးဆိုတဲ့ အတ္တ အတ္တနိယမှ မရှိလုံးလုံး ဆိတ်သုဉ်းနေသော သုညသဘောကို ပြလိုရင်း ဖြစ်သည်ဟု သိမှတ်ပါလေ။

ဆကောဋ္ဌိကသုညတနည်းဖြင့် ပွားများပုံ

စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ၊ အဝိပရိဏာမဓမ္မေန ဝါ။ သောတံ ဃာနံ ဇိဝှါ ကာယော မနောတိ။ ဇရာ မရဏံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိ-ပရိဏာမဓမ္မေန ဝါ–

ဟု ဆကောဋ္ဌိကသုညတနည်းဖြင့် ပွားများရမည်။

အနက်ကား–စက္ခု၊ မျက်စိရုပ်သည်။ အတ္တေန ဝါ၊ အတ္တသဘောမှ လည်းကောင်း။ အတ္တနိယေန ဝါ၊ ငါတို့ မိတ္တ ပရိက္ခာရ ဟူသော အတ္တ-နိယသဘောမှလည်းကောင်း။ နိစ္စေန ဝါ၊ တောင်ထုတ်ကဲ့သို့ မြဲသော အဖြစ်မှ လည်းကောင်း။ ဓုဝေန ဝါ၊ မရွေ့ရှားသော အဖြစ်မှလည်း ကောင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း အမြဲတည်သော အဖြစ်မှလည်း

ကောင်း။ အဝိပရိဏာမမမှန ဝါ၊ အိုခြင်း သေခြင်းဟူသော မဖောက်မပြန်သော သဘောမှလည်းကောင်း။ သုည၊ မရှိလုံးလုံး ဆိတ်သုဉ်း၏။

မှတ်ချက်။ ။သောတံ ဃာနံ စသည်တို့ကိုလည်း ဤစက္ခုန်ည်းကို မှီ၍ ပွားများပါလေ။

အဋ္ဌကောဋ္ဌိကသုညတနည်းဖြင့် ပွားများပုံ

ရူပံ အသာရံ နိသာရံ သာရုပဂတံ နိစ္စသာရေန ဝါ ဓုဝသာရေန ဝါ သုခသာရေန ဝါ အတ္တသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ပ။ယထာ နဋ္ဌော အသာရော နိသာရော သာရုပဂတော။ယထာ ဧရဏ္ဍော ။ပ။ ဥဒုမ္ဗရော။ ယထာ သေတဝဏ္ဏော။ ယထာ ပါရိဆတ္တကော။ ယထာ ဖေဏပိဏ္ဍော။ ယထာ ဥဒကပုဗ္ဗုဠံ။ ယထာ မရီစိကံ။ ယထာ ကဒလိက္ခန္ဓော။ ယထာ မာယာ အသာရာ နိသာရာ သာရုပဂတာ၊ ဧဝမေဝ ရူပံ ။ပ။ ဇရာမရဏံ အသာရံ နိသာရံ သာရုပဂတံ နိစ္စသာရေန ဝါ ဓုဝသာရေန ဝါ သုခသာရေန ဝါ အတ္တသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဂါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ–

ဟု အပြည့်အစုံဆို၍ ရွတ်ဖတ်ရမည်ဟု သိမှတ်ပါလေ။

အနက်ကား— ရူပံ၊ တကိုယ်လုံး တကောင်လုံးရှိ ရုပ်တရားသည်။ အသာရံ၊ အနှစ်အသားမဟုတ်။ နိသာရံ၊ အနှစ်အသားမရှိ အကာအကိသာတည်း။ သာရုပဂတံ၊ အနှစ်အသားမှ ကင်း၏။ နိစ္စသာရေန ဝါ၊ နိစ္စသာရမဟူသော အနှစ်အသားမှလည်းကောင်း။ ဓုဝသာရေန ဝါ၊ အမြဲတည်ခြင်းတည်းဟူသော ဓုဝသာရမှလည်းကောင်း။ သုခသာရေန ဝါ၊ ချမ်းသာခြင်း တည်းဟူသော သုခသာရမှလည်းကောင်း။ အတ္တသာရေန ဝါ၊ အတ္တတည်းဟူသော သာရမှလည်းကောင်း။ နိစ္စေန ဝါ၊ တောင်ထက် ကဲ့သို့ အမြဲ တည်ခြင်းမှ လည်းကောင်း။ ဓုဝေန ဂါ၊ မလွှမ်းမြောင်း မြဲခြင်းမှလည်းကောင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း

ယည်ခြင်းမှလည်းကောင်း။ ဒုတိယမြောက်စာမမမွေနှ ဂါ၊ ဇရာမရဖြစ်ဟူသော မဖောက်ပြန်ခြင်းမှလည်းကောင်း။ သုည၊ မရှိလုံးလုံး ဆိတ်သုဉ်း၏။ပ။ ကိမိဝ၊ ယုံရန်တခု ပုံစံပြု၍ ကန္တုန့်ဉီးရာ ဥပမာကား။ နဋ္ဌော၊ ကျ။ပင်သည်။ အသာရော ယထာ၊ အနှစ်မရှိ အနှစ်မဟုတ်သကဲ့သို့။ နိသာရော ယထာ၊ အနှစ်မရှိသကဲ့သို့။ သာရပဂတော ယထာ၊ အနှစ်ကင်းသကဲ့သို့။ ဇရော်ဟော၊ ကြွက်ဆူပင်သည်။ ဥဒုမ္ဗရော၊ ရေသဖန်းပင်သည်။ သေစ-ဝစ္ဆော၊ ရေခဲတက်ပင်သည်။ ဂါ၊ ကျောက်မဲကူပင်သည်။ ပါရိဆတ္တ-ကော၊ ပင်လယ်ကသစ်ပင်သည်။ ဇဖဏပိဟ္ဍော၊ ရေမြွှာပ်ဆိုင်သည်။ ဥဒကပုပ္ဖဥ္စ၊ ရေဥရေပွက်သည်။ မရိစိကံ၊ တံလျှပ်သည်။ ကဒလိက္ခန္ဓော၊ ငှက်ပျောပင်သည်။ မာယာ၊ မျက်လှည့်အကတ်သည်။ အသာရော ယထာ၊ အနှစ်မဟုတ်သကဲ့သို့။ နိသာရော ယထာ၊ အနှစ်မရှိသကဲ့သို့။ သာရပ-ဂတော ယထာ၊ အနှစ်ကင်းသကဲ့သို့။ ဇေမေဝ၊ ဤအတူသာလျှင်။ ရှုပံ၊ တကိုယ်လုံးရှိနေတဲ့ ရုပ်တရားသည်။ ဇရာမရဏံ၊ ဇရာမရဏသည်။ အသာရံ၊ အနှစ်မဟုတ် ။ပ။ အဝိပရိဏာမဓမ္မေနှ ဂါ၊ ဇရာမရဏဟူသော မဖောက်ပြန်ခြင်းမှသည်းကောင်း။ သုညံ၊ မရှိလုံးလုံး အိုတ်သုဉ်း၏။

မှတ်ချက်။ ။ဤရုပ်အတူ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့၌လည်း အပြည့်အစုံဆို၍ ရှုပွားရမည်ဟု သိမှတ်ပါလေ။

ဤလိုဤပုံ ရှုပွားများဆင်ခြင်မှ သင်္ခါရဥပက္ခာဉာဏ် ရင့်သန်ထက်မာလာမည်။ ၎င်းဉာဏ် မင့်သန် ထက်မာလာမှ အနုတ္တလက္ခဏာကို ထင်မြင်လာမည်။ ၎အနုတ္တလက္ခဏာကို ထေရဝါဒစာတင်မြင်လာမှ သစ္စာလေးပါး တရားတို့ကို ထိုးထွင်းရှိသိသော ပဟ်ာဏ်ဖိုလ်ဉာဏ် ဖြစ်ပေါ်လာနိုင်မည်။ ပိပဿနာဉာဏ်ဆယ်ပါးတို့ဟုင် ဤသင်္ခါရုပေက္ခာဉာဏ် လိုရင်းပေတည်း။

ကောဋ္ဌိကသုညတနည်းဟု ခေါ်ဆိုရပုံ

ဤကောဋ္ဌိကသုညဟုနည်းသည် ဒုကောဋ္ဌိက၊ စတုကောဋ္ဌိက၊ ဆ-ကောဋ္ဌိက၊ အဋ္ဌကောဋ္ဌိက၊ ဒသကောဋ္ဌိက၊ ဒွါဒသကောဋ္ဌိက၊ ဒွေစတ္တာ-လီသကောဋ္ဌိက-ဟု ခုနစ်မျိုးရှိရာ ဒွိ-စတု-ဆ စသည်ဘို့မှာ ၂-၄-၆ စသည်

တို့ကို ဆိုသည်။ ကောင်္ခိဆိုသည်မှာ အဖို့အစွန်းကို ဆိုသည်။ ဥပမာ– အတ္တ-က တခုသောအဖို့အစွန်း၊ အတ္တနိယ-က တစုသောအဖို့အစွန်း၊ ဤအတ္တ-အတ္တနိယအဖို့အစွန်းနှစ်ပါးတို့မှ ဆိတ်သုဉ်းနေသည်ကို 'မရှိနေသည်ကို ကောင်္ခိကသုညတနည်းဟု ဆိုသည်ဟု သိမှတ်ပါလေ။

ရေပွက်ပမာ ရူပ်ခန္ဓာ

ယထာ ပုဗ္ဗုဋ္ဌကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

(ဓမ္မပဒပါဠိ)

အနက်ကား။ ။ပုဗ္ဗုဋ္ဌကံ၊ လျင်စွာဖြစ်၍ လျင်စွာပျက်နေသော ရေပွက်ကို။ ပဿေ ယထာ၊ ပကတိမျက်စိဖြင့်ပင် တပ်တပ်ထင်ထင် တွဲတွဲကြီး မြင်နေရသကဲ့သို့ လည်းကောင်း။ မရီစိကံ၊ နေပူတံလျှပ်ကို။ ပဿေ ယထာ၊တပ်တပ်ထင်ထင် တွဲတွဲကြီးမြင်နေရသကဲ့သို့လည်းကောင်း။ ဧဝံ တထာ၊ ထို့အတူ။ လောကံ၊ ရူပ် နာမ် ခန္ဓာ ဖြစ်ပျက်သော လောကကို။ အဝေက္ခန္တံ၊ ဉာဏ်ဖြင့် သက်၍ အပျက် အပျက်ကိုသာ ဉာဏ်တွေ့ ဉာဏ်မြင် ဖြစ်၍နေသော ပေါဂိုပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သတ္တဝါခပင်း သတ်ဖြတ်ညှဉ်းဆဲ၍နေသော သေမင်းသည်။ နပဿတိ၊ မမြင်နိုင်မတတ်ပြီ။

သေမင်းမမြင်နိုင်တော့ပြီ

အလားတူပင် သေမင်းမမြင်နိုင်ပါဘုရားဆိုလျှင် (အရဟတ္တာဓိဂမေန ပုနဗ္ဘဝါဘာဝကော)ဆိုတဲ့ဦးက နှင့်အညီ သမာဓိရပေကွာဉာဏ် အမြင်သန့်၍ ဉာဏ်စဉ်ဆုံးပြီး အရဟတ္တဖိုလ်(၀၀)ရဟန္တာအဖြစ်ကိုရသဖြင့် တဖန် ဘဝအသစ်၌ မပြုမ်တော့ပဲ အမြဲငြိမ်းခံးနေသောနိဗ္ဗာန်ကို ရောက်သွားသောကြောင့် သေမင်းမမြင်နိုင်တော့ပြီဟု ဓမ္မပဒဋ္ဌကာ၌ ပြဆိုထားသည်။

ဤနည်းဟာ ဟောမင်း မမြင်ဦင်တဲ့ နည်းပဲ။ သေမင်း မမြင်စေလိုလျှင် သေမင်းကိုကြောက်လျှင် ဤနည်းလမ်းကို လိုက်ချဲ့။ ဤနည်းလမ်းကို မလိုက်ပဲနှင့် သေမင်းကိုအရမ်းကြောက်နေတာကတော့ သဘာဝမကျဘူး၊

နည်းလမ်းမျဲ့ ကာဝန်လဲ့ မဟုတ်ဘူး၊ မလိုက်သော သူ၏ တာဝန်သာ ဖြစ်ချေသည်-ဟု သိမှတ်ပါ၊လေ။

သုညဟော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော၊။
အတ္တာနုဒိဋ္ဌိ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နု ပဿတိ။

(စူဠနိဒ္ဒေသ-မောဃရာဇသုတ်-၁၉)

အနက်ကား-မောဃရာဇ၊ မောဃရာဇရဟန်း။ သဒါ၊ နေ့ရောညဉ့်ပါ ချိန်ခါမပြတ်။ သတော၊ သတိရှိသည်ဖြစ်၍။ ဝါ၊ သတိပညာနှင့် ပြည့်စုံသည်ဖြစ်၍။အတ္တာနုဒိဋ္ဌိ ၊ရုပ်နာမ်ခန္ဓာကိုယ်ငါ့ကိုယ်အတ္တဟု ယူမှားသော အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိကို။ ဥဟစ္စ၊ ဝိပဿနာဉာဏ်အမြင်ဖြင့် ပယ်နှုတ်၍။ (ဝါ) ပယ်စွန့်၍။ (ဝါ) ပယ်ခွါ၍။ လောကံ၊ ရုပ်နာမ်ခန္ဓာဟူသော လောကကြီးကို။ သုညတော၊ ပုဂ္ဂလ သတ္တဟူက (ဝါ) နိစ္စ-သုခ-အတ္တ-သုဘ ဟူက မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့် (ဝါ) ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသွားအောင်။ အဝေက္ခဿု၊ စေ့စေ့ငုပူ ဉာဏ်စက္ခုဖြင့် ကြည့်ရှုစမ်းပါလေ၊။ ဧဝံ၊ ဤသို့ကြည့်သည်ရှိသော်။ မစ္စုတရော၊ သေမင်းနိုင်ငံကို လွန်မြောက်နိုင်သည်။ သိယာ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ လောကံ၊ ခန္ဓာလောကကို။ အဝေက္ခန္တံ၊ နိစ္စ-သုခ-အတ္တ- သုဘ-ဟူက မရှိလုံးလုံး ဆိတ်သုဉ်းအောင် ရှုနိုင်သော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ နု ပဿတိ၊ အရဟတ္တမဂ်သို့ ရောက်သဖြင့် (ဝါ) ရဟန္တာအဖြစ်သို့ရောက်သဖြင့် နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီး ငြိမ်းရသောကြောင့် မမြင်နိုင်ကော့ သည်သာလျှင်တည်း။

နိဗ္ဗာန်မှတပါး မည်သည့်ချမ်းသာကိုမှ အလိုမရှိတော့ပြီ

တိဏကဋ္ဌသမံ လောကံ၊ ယဒါ ပညာယ ပဿတိ။
နာညံ ပတ္ထယတေ ကိဉ္စိ၊ အညတြပဠဋ္ဌသန္ဓိယာ။

(စူဠနိဒ္ဒေသပါဠိ၊ ဆဋ္ဌမ္ဗု-၁၀၆)

အနက်ကား–ယော၊ အကြင် အိုး-နာ-သေရေး ဒုက္ခဘေးဇာတ္တနှင့် ရောထွေးနေတဲ့ သံသရာဝဋ်ဆင်းရဲကြီးထဲမှ ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန်ကို လျင်စွာ ရလိုရောက်လိုသော အလိုဆန္ဒ ပြင်းပြလှသော ယောဂီ ပုဂ္ဂိုလ်သည်။ လောကံ၊ ရုပ်နာမ်ခန္ဓာဟူသော လောကကို။ တိဏကဋ္ဌ-သမံ၊ မြက်ခြောက်မြက်ဆွေး, ထင်းခြောက်ထင်းဆွေးနှင့် တူသည်ကို။ (ဝါ) တူနေအောင်။ (ဝါ) မြက်ထင်းဆွေးနှင့် ရုပ်နာမ်ခန္ဓာ တထပ်တည်း တူနေအောင်။ ယဒါ၊ အကြင်အခါကာလ၌။ ဝိပဿနာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ တပ်တပ်ထင်ထင် တဲ့တဲ့ကြီး သိမြင်နေ၏။ တဒါ၊ ထိုအခါကာလ၌။ အပ္ပဋိသန္ဓိယာ၊ တဖန်ပြန်၍ ပဋိသန္ဓေနေရခြင်း မရှိသော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ အညတြ ဌပေတ္ဝာ၊ ချန်ထား၍။ အညံ၊ နိဗ္ဗာန်ချမ်းသာကြီးမှ ကပါးသော။ ကိဉ္စိ၊ တစုံတခုသော လူ, နတ် ချမ်းသာကို။ န ပတ္ထယတေ၊ မစုံမက်, မနှစ်သက်, တောင့်တမှုကို လုံးဝ မပြုတော့ပြီ။

ဤလိုဖြစ်မှုတွေဟာ သခါရုပေက္ခာဉာဏ် မှင့်သန်လာအောင် ပွားများ တဲ့အကျိုးတွေပဲ၊

ဖော်ပြခဲ့ပြီးသော သခါရုပေက္ခာဉာဏ်၏ ရှုနည်းများအတိုင်း မပြတ် မစဲ ထပ်တလဲလဲ နေ့ညမနား မီးပုတ်သောယောကျ်ား ကဲ့အလားသို့ ပွား များသော ယောဂီပုဂ္ဂိုလ်မှန်ပါလျှင် သံသရာတခွင် ခန္ဓာဖစ်ဉ်မှာ မြစ်ရေ ကဲ့သို့ ဖြစ်အစဉ်-ပျက်အစဉ်နှင့်လာခဲ့ကြသော အဆိုပါခန္ဓာငါးပါးရုပ်နာမ် ကရားတို့ကို မှီရှုဖြစ်ပေါ်လာတတ်သော ကြောက်ခြင်း-ယယ၊ နှစ်သက် ခြင်း-နန္ဒီတို့ကို ပယ်ဖျောက်၍ ထိုသခါရတို့ကို ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ် နှင့် မရောမယှက် အလွတ်သက်သက်သာ တသံသရာလုံး စုတိပဋိသန္ဓေ ခြားကာ, ခြားဟာ ချားရဟတ်ပမာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက် မှေးဆေ နေကြသည်ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဥာဏ်သခါရုပေက္ခာ ဉာဏ်ဖြင့် ဂကာင်းစွာ ထိုးထွင်း၍ သိမြင်လာခဲ့ရာ ထိုဖြစ်ပျက်သခါရ တို့ကို ရှေးအခါကလို ငါ့ကိုယ် အတ္တဟု မှတ်ထင်အားဖြင့်လည်းကောင်း၊ ငါဟာ ငါ့ခန္ဓာဟု ကဏ္ဌာအားဖြင့်လည်းကောင်း၊ ငါဟု မာနအားဖြင့်

လည်းကောင်း မယူဆတော့ပဲ။ ဝါ၊ အယူမမှား အယူမလွဲတော့ပဲ တရား မျက်စိလည်နေတာကို ရှင်းရှင်းကြီးပြေပျောက်သွားကာ လျစ်လျူရှုရှိသာ နေလေတော့သည်ဟု ဆို၏။

ဥပမာဆိုသော် (စတ္တဘရိယော ပုရိသော ဝိယ)နှင့်အညီ လူကြီးစုံရာ မျက်နှာစုံညီ လက်ဖက်စား၍ စွန့်ကွာပြီးသော မယားရှိသော လင်ယောကျ်ားသည် ရှေးအခါက လွန်စွာချစ်ခင် ကိုယ့်အသက်ထက်ပင် ချစ်ခင်ကြင်နာ ဆင်းမှာနတ်တူ အိမ်သူမယား ကျင့်မှားယွင်းချွတ် တရားပျက် မယားချောကို သဘောဖောက်ပြား သူတပါးနှင့် ယဉ်ပါးလွန်ကျူး လက်ပူးပွေ့မိ ကိုယ်တိုင်ပင် မြင်သိရသဖြင့် စိစိညက်ကြေ ရိုက်နှက်ထောင်းထု၍ ခါးဝတ်တထည်ကို ဝတ်စေ၍ နှံကွာရှင်းလိုက်ပြီးနောက် သူတယောက်နှင့် ဖောက်ဖောက်ယှင်းယှင်း ဘယ်လိုပင် အကျင့်ကင်းသော်လည်း ချစ်ခြင်း·မုန်းခြင်း အလျင်းပင်မပြု လျစ်လျူရှုနိုင်သကဲ့သို့ ထို့ကူပမာ ရှေးအခါက ဤခန္ဓာနာမ်ရုပ်တို့ကို ငါ့ကိုယ်-ငါ့ဟာ-ငါဟု တစာစာနှင့် ကငါတည်း ငါ၍လာခဲ့သော အလုံးစုံသော တေဘူမက ရုပ်နာမ်သစ္စာရတို့၌ ငါ့ကိုယ်-ငါ့ဥစ္စာဟူသော အတ္တ·အတ္တနိယတို့၏ မရှိလုံးလုံး ဆိတ်သုဉ်းသော၊ ဝါ၊ ဘယ်သူ ဘယ်ဝါမှ မဟုတ်သော အချည်းနှီး ဖြစ်မသော သုညသဘောကို ကိုသစ္စာရပေကွာဉာဏ်ဖြင့် တပ်တပ်ထင်ထင် တွဲ့တွဲ့ကြီးမြင်ရကား အယတုပဌာနဉာဏ်ဖြင့်ပြီးသော ကြောက်မက်ဖွယ် ထင်ခြင်းကိုလည်းကောင်း၊ ဩဘာသ-ပီတိစသော ဥပက္ကိလေသကြောင့် ဖြစ်သော နန္ဒိဟူသော နှစ်သက်ခြင်းကိုလည်းကောင်း ပယ်ဖျောက်စွန့်ခွါ၍ လျစ်လျူရှုခြင်းဖြင့်သာ ဖြစ်၍ တည်နေလေတော့၏။

ဤလိုဤပုံ တည်ရှိနေသော ယောဂိပုဂ္ဂိုလ်အား အလုံးစုံသော ဘဝယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ စိတ်သည် စဉ်းငယ်အနည်းငယ် ရှိုင်းသော ပိန်းကြောဖက်၌ ကျရောက်သော မိုးရေ မိုးပေါက်တို့သည် လျင်စွာလျင်မှာ ကျလျော့ကွဲပျောက်သကဲ့သို့လည်းကောင်း၊ မီးထဲသို့ ပစ်လိုက်သော ကြက်တောင်သည် လျင်မြန်စွာ တွန့်လိမ်သွားသကဲ့သို့ လည်းကောင်း

လျှောက်ပျ တွန့်လိမ်သည်ဖြစ်၍ အလုံးစုံသော တောတူမက သခင်ရတို့၌ လျစ်လျူရှု၍သာလျှင် တည်နေလေတော့သည်။ ထိုအခါ ထိုသခင်ရဟေက္ခာ ဘုရားသည် ကောင်းစွာ ပြီးဆုံးပြီဟု သိမှတ်ပါလေ။

ဤတွင် သခင်ရဟေက္ခာဘုရားပြီး၏။

အနုလောမဘုရားနှင့် ပဋိပဒါဘုရားဒေသနာတိသုဒ္ဓိ ဖြစ်ပုံ

ဒီသာကာကုပမာ

ဤသခင်ရဟေက္ခာဘုရားသည် ရင့်သန်အားရှိသောအခါ အနုလောမဘုရား အခြေမှန်၍ နိဗ္ဗာန်ကို သန္ဓိအားဖြင့်။ ဝါ၊ ငြိမ်းအေးသောအားဖြင့် သိမြင်နိုင်သည်ရှိသော် ပင်လယ်ရေပြင်၌ ခုတ်မောင်း သွားလာနေသော သင်္ဘောသားတို့သည် ဖမ်းယူခဲ့သော ဒီသာကာကမည်သော ကျီးငှက်ကို ကြိုးဖြင့် လွှတ်လိုက်သည်ရှိသော် ထိုကျီးငှက်သည် ကမ်းကို ပမြင်သေးသမျှ ကာလပတ်လုံး ပြန်ကာပြန်ကာ သင်္ဘောလင်းယင်တိုင်၌သာ ရပ်နားလာ၍ တဘက်ကမ်းကို မြင်တဲ့အခါ ပြန်ရှိမလာတော့ပဲ ကမ်းရိုးတန်းအရပ်သို့သာ တရိုတ်တည်းပျံသွားသကဲ့သို့ ထိုတူပမာ ဤသခင်ရဟေက္ခာဘုရားသည်လည်း ခပ်သိမ်းသော ပုဂ္ဂိုလ်နာမ်သခင်ရတို့ကို အာရုံမပြုတော့ပဲ ထို ရုပ်နာမ်သခင်ရတို့ကို ဟစ်ကန့်စွန့်လွှတ်လိုက်ပြီးလျှင် ငြိမ်းအေးသော နိဗ္ဗာန်ကို အနုလောမဘုရား၊ ဂေါတြဘုရား၊ မဂ်ဘုရား၊ ဖိုလ်ဘုရားဖြင့် နိုဂ္ဂုဟ်ကို ပြေးဝင်လေတော့သည်။

အထိုဂါ သခင်ရဟေက္ခာဘုရား မရင့်သန်သေးလျှင် နိဗ္ဗာန်ကို ငြိမ်းအေးသောအားဖြင့် မမြင်နိုင်သေးသမျှ ကာလပတ်လုံး ကိုသခင်ရဟေက္ခာဘုရား ဖြစ်နေဟန်မှာ ပုနဉ်ဘုရားဆင့်လာတော် ဝါးဂွမ်းဖတ်အလား မှုန်မှုန်ဉာဏ်ဘုရား ပြင်ပျက်ရှိနေကြောင်း အသိရတနာတို့ကို ကိန်းဝှက်ပြီးရှိရှိ အာရုံပြုရှိလျှင်လျှင်ပြီးလျှက်သာ မနုဿနာဘုံးပါဇံ အစွမ်းပြင့်သာ ကြည်နေလေတော့၏။

ဘယညာဏ်မှ စ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်ဟန်ကို ဥပမာ (၁၂) မျိုးဟိုဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖော်ပြထားပါသည်။ သဘောပေါက်အောင် ကြည့်ရှုပါလေ။

ဥပမာ ၁၂-မျိုး

ဝဂ္ဂုလိ ကဏ္ဍသပ္ပေါ စ၊ ဃဏံ ဂေါ ယက္ခို ဒါရုကော။
ခုဒ္ဒံ ပိပါသံ သိတုဏှံ၊ အန္ဓကာရံ ဝိသေန စ။

(ဝိသုဒ္ဓိမဂ်-ဒု-၃၀၁)

မြန်မာပြန်ကား–(၁) လင်းနို့ဥပမာ၊ (၂) ရေမြေ့ဟောက်ဥပမာ၊ (၃) အိမ်ဥပမာ၊ (၄) နွားဥပမာ၊ (၅) ဘီလူးမဥပမာ၊ (၆)သူငယ်ဥပမာ၊ (၇) အစာမွတ်သိပ်ခြင်းဥပမာ၊ (၈) ရေမွတ်သိပ်ခြင်းဥပမာ၊ (၉)အအေးဥပမာ၊ (၁၀)အပူဥပမာ၊ (၁၁)အမိုက်မှောင်ဥပမာ၊(၁၂) အဆိပ်ဥပမာ၊ (၁၂)မျိုးတည်း။

ဆောင်ပုဒ်လက်ံာ

လင်းနို့, ရေမြေ့၊ တဇတ္ထ အိမ်, နွား၊ ထူးခြားလေစ့၊ ဘီလူးမ, သူငယ်၊ တသွယ် စာငတ်၊ ရေအငတ်နှင့်၊ မှတ်ဖို့ အေး,ပူ၊ အဆိပ်တူနှင့်၊ မှောင်ကွ တဝ၊ နှိုင်းသင့်လှသည်၊ မှတ်ကြ ဆယ့်နှစ်ပါတည်း။

ဥပမာ ၁၂-မျိုးတို့နှင့် တူပုံကား

ထိုဥပမာ ၁၂-မျိုးတို့တွင်–

၁။ လင်းနို့ဥက်ဥပမာဆိုသည်မှာ–လင်းနို့ဥက်သည် ခက်မငါးဖြာရှိသော ပဒေသာမည်စည်ပင်ကြီးသို့တက်၍ တခုသောသစ်ကိုင်း၌ နားနေပြီးလျှင် မိမိလိုလားသော အသီးအပွင့်ကို ရှာဖွေသည်ရှိသော်ဘဲ တစုံတခုသော အသီးအပွင့်ကိုမျှ မရသောကြောင့် ဤ သစ်ကိုင်းကား အသီးအပွင့်မရှိ အချည်းနှီးသာဟုသည်းဟု စွန့်၍ နှစ်ခုမြောက်သစ်ကိုင်း, သုံးခုမြောက်သောသစ်ကိုင်း,

လေးခုမြောက်သောသစ်ကိုင်း, ငါးခုမြောက်သော သစ်ကိုင်းတို့၌ နားနေ၍ ရှာဖွေသော်လည်း ပထမသစ်ကိုင်းနှင့်အတူ တစုံတခုသော အသိုးအပွင့်ကိုမျှ မရ၍ ဤ သစ်ပင်ကား အသိုး အပွင့် မရှိသော သစ်ပင်တည်းဟု အာလယပြတ်ကာ အလယ်ပင်မကြိုးသို့ တက်ပြီးလျှင် သစ်ခက်ကြား၌ ဦးခေါင်းကို ထုတ်ဖော်၍ ကောင်းကင်သို့ ပျံတက်သွားပြီး အသိုး အပွင့်နှင့် ပြည့်စုံသော သစ်ပင်တပင်၌ နားလျက် ချမ်းသာစွာနေလေ၏။ (ဤကား-ဥပမာစကားရပ်တည်း)

ဤဥပမာစကားရပ်၌ အသိုးအပွင့်ကို အလိုရှိသော လင်းနို့ငှက်နှင့် မင်္ဂိုလ်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် တူ၏။ ခက်မငါးဖြာရှိသော သစ်ပင်နှင့် ခန္ဓာငါးပါးတူ၏။ ထိုသစ်ပင်၌ လင်းနို့သည် အစာရှာအံ့ဟု ဝင်သည်နှင့် ခန္ဓာငါးပါး၌ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာရှုသည်တူ၏။ ထို့ လင်းနို့ငှက်သည် ဝင်ပြီး၍ တခုသော သစ်ကိုင်း၌ အသိုးအပွင့်ကို ရှာဖွေသည်ရှိသော် မရ၍ ကျန်သောသစ်ကိုင်းတို့၌လည်း ဤနည်းအတူ ရှာဖွေသည်ရှိသော် မရသည်နှင့် ယောဂီပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို သုံးသပ်ဆင်ခြင်၍ ထိုရူပက္ခန္ဓာ၌ ငါ ငါ၏ဥစ္စာ ဤတိမိတ္တ အခြံအရံစသည်ဖြင့် ယူခြင်းငှာ ခန့်သည်ကို တစုံတရာကို မမြင်၍ ထိုရူပက္ခန္ဓာကို စွန့်၍ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌ သုံးသပ် ဆင်ခြင်သော်လည်း ဤအတူ မမြင်ရသည်နှင့်တူ၏။

ထိုလင်းနို့သည် တစုံတခုသော အသိုးအပွင့်ကို မမြင်ရ၍ ဤသစ်ပင်ကား အသိုးအပွင့်မရှိသော သစ်ပင်တည်းဟု စွန့်၍ လင်းနို့သည် ထို သစ်ပင်၌ တပ်မက်ခြင်း အာလယကို စွန့်သည်နှင့် ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါးတို့၌ အနှစ်သာရကိုကား မမြင်၊ အနိစ္စ-ဒုက္ခ လက္ခဏာ သုံးပါးတို့ကိုသာမြင်၍ ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်၏ မုစ္ဆိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ်-သင်္ခါရုပေက္ခာဉာဏ်တို့ ဖြစ်ပေါ်လာသည်နှင့် တူ၏။ ထို လင်းနို့သည် သစ်ခက်ကြား၌ ကောင်းကင်သို့ ပျံတက်အံ့ဟု ဦးခေါင်းထောင်သည်နှင့် ဂေါတြဘူဉာဏ် ဖြစ်သည် တူ၏။ ကောင်းကင်သို့ ပျံတက်သည်နှင့် မဂ်ဉာဏ်သည် တူ၏။ လင်းနို့သည် အသိုးအပွင့်နှင့် ပြည့်စုံသော

သစ်ပင်၌ နားနေ၍ ချမ်းသာစွာ နေသည်နှင့်ယှဉ်ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မက်ညာဏ် ဖိုလ်ညာဏ်ဖြင့် မျက်မှောက်ပြု၍ နေသည်နှင့် တူ၏။ (ဤကား လင်းနို့ဥပမာတည်း။)

ဆောင်ပုဒ်လက်ံ

လင်းနို့ငှက်သည်၊သစ်မည်စည်ပင်၏၊ငါးမည်ခက်မကြီး၊စာရှာမှီးသော်၊ ပဉ္စင်္သီးမရ၊စွန့်ထအာသာ၊ ဖြောင့်စွာသစ်ခက်၊လျှောက်ကာတက်၍၊ ခေါင်းထွက်ရှုမျှော်၊ မိုးပေါ်ကောင်းကင်၊ လေလျှင်ပုံသွား၊ ပင်တပါး၌၊ ကျနား ပမာ၊ငါးခန္ဓာ၌၊ လက္ခဏာရှု၊ငြိုးငွေ့မှုကြောင့်၊ မုစ္စိတ္တု စ၊ဉာဏ်သုံးတန်၊နှလောမံနှင့်၊ ဂေါတ္တံဘိဘူ၊မဂ်ဖိုလ်ဟူ၍၊ ယှဉ်တူ ဆိုင်ဟပ်ရာသတည်း။

၂။ မြေဟောက်ဥပမာဆိုသည်ကား တံငါသည်ယောကျ်ားသည် ရေ၌ပိုက်ကွန်ကို အုပ်၍ ရေ၌ ငုပ်လျှိုး၍ ငါးကိုရသည်ရှိသော် ပိုက်ကွန်အတွင်း၌ လည်ရေးသုံးတန်ရှိသော ရေမြေ့ဟောက်၏ လည်ပင်းကို ဆုပ်ကိုင်မိလျှင် အလွန်ကြီးသော ငါးကြီးကို ဖမ်းမိပြီဟု ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရေပေါ် သို့ ပေါ်လာသောအခါ လည်ရေးသုံးတန်ရှိသော ရေမြေ့ဟောက်ကိုဖြုန်းကနဲတွေ့မြင်လိုက်လျှင်ဘဝင်စိတ်တုန်လှုပ်၍ဟယ်.... ငမိုက်သားမြေ့ယုတ် ငါးမဟုတ်ပါတကား၊ငါ့-အထင်လွဲမှားခဲ့ပြီ၊ရုတ်ကနဲလွှတ်လိုက်လျှင်ဖြင့် ငါ့အသက်သေတော့မည်ဟု ကိုင်မိသည့်လည်ပင်းကို တင်းတင်းကြီးဆုပ်ကိုင်ပြီးလျှင် ဦးခေါင်းပေါ် ကျော်လွှားကာ အားကုန်လွှင့်ပစ်လိုက်ပြီး ကုန်းပေါ် သို့တက်၍ အမြန်ထွက်ပြေးလေတော့သတည်း။ (ဤကား ဥပမာစကားရပ်တည်း။)

ဤဥပမာစကားရပ်၌ တံငါသည် ယောကျ်ားသည် ရေမြေ့ဟောက်ကို ငါးဟု ထင်မှတ်၍ ဖမ်းမိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သည်နှင့် ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိန္ဒဉာဏ် မရင့်သန်မီ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို သာယာနှစ်သက်ခြင်းသည် တူ၏။ တံငါသည် ယောကျ်ားသည် ရေပေါ် သို့ ပေါ်လာ၍ လည်ရေးသုံးတန်ရှိသော ရေမြေ့ဟောက်ကို တွေ့မြင်သည်နှင့်

ခန္ဓာငါးတန် ရုပ်နှင့်နာမ်၏ လက္ခဏာရေးသုံးပါးကို ထင်မြင်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် ငရုမြွေဟောက်ကို ဖမ်းကိုင်မိတဲ့အခါ အဆိပ်ပြင်းထန်သော မြွေဟောက်ဟုသိ၍ ကြောက်လန့်သည်နှင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ နေ့ညဉ့်မရဲ့ တသဲသဲ နှိပ်စက်နေမှုသာ ပိဋ္ဌနဘဘောကိုမြင်၍ အလွန်ကြောက်လန့်သော ဘယဉာဏ်ဖြစ်ခြင်းသည်တူ၏။ တံငါသည်ယောကျ်ားသည် ယုံမြွေဟောက်သည် ငါ့အား ချမ်းသာမပေးသောဘေးကိုသာ ဖြစ်စေလိမ့်မည်ဟု မြွေဟောက်၌ အပြစ်ကိုရှုခြင်းနှင့် ခန္ဓာငါးတန် ရုပ်နှင့်နာမ်၏ အပြစ်ကိုရှုတတ်သော အာဒီနဝဉာဏ်ဖြစ်ခြင်းသည်တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်၏ အပြစ်ကိုမြင်သဖြင့် ထိုမြွေဟောက်၌ ရွံရှာမုန်းတီး ငြီးငွေ့စက်ဆုပ်ခြင်းဖြစ်သည်နှင့် ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ ရွံရှာမုန်းတီးငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ်ဖြစ်ခြင်းသည်တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကို လွှတ်လိုသော အကြံဖြစ်သည်နှင့် ယောဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှ လွှတ်လိုလွှတ်ချင်မသော မုစ္ဆိတုကမျှဟာဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကို လွှတ်လိုက်၍ လွှတ်ခြင်းအကြောင်းကို ကြံစည်သည်နှင့် ပဋိသင်္ခါဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကိုလွှတ်သည်နှင့် ဂေါတြဘူဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကို လွှတ်ပြီး၍ ကုန်းကောက်သို့ တက်ပြေးသည်နှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် အမြန်တွက်ပြေးပြီး၍ ဘေးမရှိရာအရပ်၌ ချမ်းသာစွာနေသည်နှင့် နိဗ္ဗာန်ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍နေခြင်းသည် တူ၏။(ဤကား ရေမြွေဟောက်ဥပမာတည်း။)

မှတ်ချက်။ ။ဤ၌၌ ကျန်သောဥပမာ ၁၈-မျိုးတို့၏ ဥပမာ-ဥပမေယျကိုကို မပြဆိုပဲ ချန်လှပ်၍ ထားသည်။ အပြည့်အစုံ ကြည့်ရှုလိုပါလျှင် ပိဿဒိမဂ်အဋ္ဌကထာ ဃခ်ါရေကွာဉာဏကထာ၊ ဆဋ္ဌမ စာမျက်နှာ ၃၀၁ မှာ ကြည့်ရှုပါ။

အနုလောမညာဏ်နှင့် ပဋိပဒါညာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤသခ်ါရုပေက္ခာညာဏ် ရင့်သန်ထက်မာလာ၍ လောကုတ္တရာမဂ်ညာဏ် ဖိုလ်ညာဏ်များ ဖြစ်ပေါ်လာရန် ရှေးဖြစ်သော လောကီဝိပဿနာညာဏ် ရှစ်ပါးနှင့်လည်းကောင်း၊ နောက်ဖြစ်သော မဂ်ညာဏ်-ဖိုလ်ညာဏ်-ပစ္စဝေက္ခဏာညာဏ်များနှင့် လည်းကောင်း လျော်ကန်သော အနုလောမညာဏ် ဖြစ်ပေါ်လာ၏။ ဤအနုလောမညာဏ်သည် မဂ္ဂဝီထိ၌ ပါဝင်သော ပရိကံ-ဥပစာ-အနုလုံဇောကိစ္စတပ်သော စိတ်သုံးကြိမ်မျှသာဖြစ်သော တချက်တည်း ဆက်ကာ ဆက်ကာဖြစ်သော ဉာဏ်ပေတည်း။

ဥပမာဆိုသော် မင်း၏အမတ်ကြီးရှစ်ယောက်တို့သည် ရှေးရှေးသော ရာဇသတ်ကျမဲနှင့်အညီ တရားစီရင်ကြ၏။ ထိုအမတ်ကြီးတို့၏ စီရင်ထုံးသည် ရှေးရာဇသတ်ကျမ်းနှင့်လည်းကောင်း၊ မင်းအလိုနှင့်လည်းကောင်း လျော်ညီစွာဖြစ်သကဲ့သို့ ထို့တူပမာ ဤအနုလောမညာဏ်သည်လည်း ဖော်ပြခဲ့ပြီးသော လောကီ ဝိပဿနာညာဏ် ကိုးပါးနှင့် လည်းကောင်း၊ အထက်၌ ဖော်ပြလတ္တံ့သော မဂ်ညာဏ်ဖိုလ်ညာဏ်တို့နှင့် လည်းကောင်း၊ ၎င်းမဂ်ညာဏ်ဖိုလ်ညာဏ်တို့၌ အကျုံးဝင်သော ဗောဓိပက္ခိယတရား ၃၇-ပါး တို့နှင့်လည်းကောင်း လျော်သောညာဏ်ကို အနုလောမညာဏ်ဟု ခေါ်သည်။

ဆိုလိုရင်းမှာ ရှေးဖြစ်သော ရာဇသတ်ကျမ်းနှင့် အောက်ညာဏ် ရှစ်ပါးနှင့်တူသည်။ အမတ်ကြီးတို့စီရင်ထုံးနှင့် အနုလောမညာဏ် တူသည်။ မင်း၏အလိုနှင့် မဂ်တရား-ဖိုလ်တရား-ဗောဓိပက္ခိယတရားများ တူသည်၊ ဆိုလိုရင်းဖြစ်သည်။

ဤတွင် ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ ပြီး၏။

မုစ္ဆိတုကမျတာညာဏ်-ပဋိသင်္ခါညာဏ်-သခ်ါရုပေက္ခာညာဏ်တို့၏ အထူး

ယာဝ မုစ္ဆိတုကမျတာ၊ ယာ စ ပဋိသင်္ခါ၊ ယာ စ သခ်ါရုပေက္ခာ၊
ဣမေ ဓမ္မာ ကေတ္ထာ၊ ဗျဥ္ဇနမေဝ စ နာနံ–

နှင့်အညီ ကျွှမ္ဘီတုကမျတာဉာဏ်-ပဋိသန္ဓိဉာဏ်-သန္ဓိရုပေကွာဉာဏ် သုံးပါး တို့သည် အနု, အရင့်, အယတ်အားဖြင့်သာ ထူးကြသည်။ အားလုံး တူသယောင်ရှိသည်၊ သဒ္ဒါမျှသာ ထူးကြသည်။

ညောင်လေးပင်မြို-တောရကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

နာယကဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

သီလ, သမာဓိ, ပညာ

အဖွင့်ဖြစ်သော

ဝိသုဒ္ဓိမဂ်ဒီပနီ

စမ္မာစရိယ - ဦးထွန်းသိန်း, ဦးဝင်းဖေတို့ ကြပ်မကြည့်ရှု
ပြင်ဆင်ကြသည်။

ဂုဆွေဘာသာပြန်ကျမ်းစာပေနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
သာသနာ-၂၅၂၄။ (၆၀၀-က) ကောဇာ-၁၃၄၂။

မုဠိတုကမျတာဉာဏ်

နိဗ္ဗဒါဉာဏ်ဖြင့် ငြီးငွေ့သော ယောဂီအား ဘုံဘဝသင်္ခါရ တစုံတခုဠ် သော်လည်း ကပ်ငြိခြင်းမရှိ၊ လွတ်ကင်းခြင်းငှာ ထွက်မြောက်ခြင်းငှာ အလိုရှိ၏၊ ထိုအခါ မုဠိတုကမျတာဉာဏ် ဖြစ်သည်မည်၏။

၁။ ဘုံသုံးပါးဠ် အိုဘေး, သေဘေး အကြား ကျင်လည်ရခြင်းသည် ပိုက်ကွန်မိသော ငါး, ဂဠုန်လက်တွင်း နဂါး, မြွေခံတွင်းဘားနှင့် တူလှ၏၊ ချိုင့်လှောင်သော တောကြက်, ကျော့ကွင်းမိသော တောဝက်၊ ကြောင်ခံတွင်းမှ ကြွက်နှင့် တူလှ၏၊ အလမ္ဗာယ်မြွေ အလား, စွန်လက်သည်းကြား စာသူငယ်, ညွှန်အိုင်အလယ် ဆင်ပြောင်နှင့် တူလှ၏၊ လင်ပုပ်ဖမ်းသော လင်း-ရာဟု ခံတွင်း လ, ဗိမာန်, ရန်သူဝိုင်းခံရသော ယောကျ်ားနှင့်တူ၏၊ ဘုံဘဝသင်္ခါရ တို့ဠ် ပျော်ပါးစရာ ကပ်ငြိစရာမရှိ၊ ယခုလွတ်မူ ကောင်းလေစ့....။ ဤသို့ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။

ဤသို့ ထွက်မြောက်လိုခြင်းဖြင့် ပြင်းထန်သောစိတ် ဖြစ်၏။ ။မုဠိတုကမျတာဉာဏ် ပြီး၏။

မုဠိတုကမျတာဉာဏ် ရပြီးသော ယောဂီသည် သင်္ခါရအားလုံးမှ လွတ်မြောက်ခြင်းငှာ ထိုသင်္ခါရတို့ကို တဖန်ပြန်၍ "အနိစ္စံ ပလောကံ" စသည်ဖြင့်

လက္ခဏာရေးသုံးပါး ရှုပြန်၏၊တဖန် သိမ်းဆည်းပြန်၏၊ ထိုအခါ ပဋိသန္ဓိ ဉာဏ်ဖြစ်သည် မည်၏။

အဘယ့်ကြောင့် ပြန်၍ သိမ်းဆည်းသနည်း၊ လွှတ်ကြောင်း ပြည့်စုံစိမ့် သောဌာတည်း၊ ဝါ-လွှတ်ကြောင်းမမြင်သေးသော်ကြောင့်တည်း၊ သင်္ခါရ သန္တတိသည် ကျိုးငှက် (ကိရဒဿီ)ကို ဖမ်းယူပြီးလျှင် သမုဒြာ အလယ်၌ ကမ်းမမြင်သောအခါ လွှတ်လိုက်ကုန်၏၊ ထိုအခါ ကျိုးငှက်သည် ကောင်း ကင်သို့ပုံတက်၍ ကမ်းခြေကိုမြင်လျှင် ကမ်းခြေသို့ တရှိန်တည်း ပုံသွား၏၊ ကမ်းခြေကိုမမြင်လျှင် တရှိန်တည်းပုံလိုလျက် သင်္ခါရလင်းယဉ် တိုင်၌ပင် ပြန်၍နား၏၊ ဤပဋိသန္ဓိဉာဏ်လည်း သမုဒြာကျိုးငှက်နှင့်တူ၏။

တံငါတယောက်သည် ငါးဆောင်းရာတွင် မိသောအကောင်ကို လည် ပင်း၌ဆုပ်လျက် "ငါးကြီးတကောင် ရပြီ"ဟု ဝမ်းမြောက်၏၊ ရေမှဖော် ထုတ်သောအခါ လည်ရေး သုံးတန့်ကိုမြင်၏၊ ထိုအခါ "မြွေ"ဟု သိ၍ ကြောက်၏၊ အပြစ်မြင်၏၊ ဆုပ်ကိုင်ထား သော်လည်း ငြိုးငွေ့၏၊ လွှတ်ပစ် လို၏၊ ဤအခါတွင် လွှတ်ကြောင်းပြည့်စုံအောင် လက်၌ရစ်သော အမြီးကို ကျကျနနဖြေ၍ လက်မောင်းကို မြွောက်၍ ဦးခေါင်းထက်၌ အကြိမ်ကြိမ် ဝင့်၏။

ဤသို့ အားနည်းအောင် ပြုပြီးမှ "သွားလေတော့" ဟု လှွင့်၍ပစ်၏၊ ထိုနောက် ကမ်းသို့တက်၍ "မြွေဘေးမှ လွှတ်ပြီ"ဟု လာလမ်း ပြန်ကြည့်၍ ဘေးကင်းရာ၌ တည်၏။ ။ဤယောဂီလည်း ဘုံသုံးပါး၌ အစစ္စာ မိမိ အတ္တ ဘောကို ရ၍ ဝမ်းမြောက်စွာ လည်ပင်းဆုပ်ခဲ့ပြီ၊ ထိုအတ္တဘောကို သမ္မသန, ဥဒယဗ္ဗယ, ဘင်္ဂဉာဏ်ဖြင့် ခဲ့၍ ဖော်ထုတ်သော အခါ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော လည်ရေးသုံးတန့်ကို မြင်ခဲ့ပြီ၊ ထိုအခါ ဘယဉာဏ်ဖြင့် ကြောက်ခဲ့ပြီ၊ အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ခဲ့ပြီ၊ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ခဲ့ပြီ၊ မုဉ္စိတုကမ္ယတာဉာဏ် ဖြင့် လွှတ်ပစ်လိုခဲ့ပြီ၊ ဤအခါတွင် လွှတ်ကြောင်း ပြည့်စုံအောင် ကျကျနန ပြန်၍ သိမ်းဆည်း၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟုပဋိသန္ဓိဉာဏ်ဖြင့် အကြိမ်ကြိမ် ဝင့်ရလေ၏၊ ဤသို့ ပြုခြင်းဖြင့် နိစ္စ, သုခ, သုဘ, အတ္တအားဖြင့် မထင်နိုင် အောင် သန္တာန်ရှိတို့ အားနည်းသော အခါ သွားလေတော့-ဟု ကောင်း ကောင်းကြီး လွှတ်ပစ်နိုင်လေ၏၊ ဤသို့ လွှတ်ပစ်နိုင်အောင် လွှတ်ကြောင်း ပြည့်စုံစိမ့်သောဌာ ပြန်၍ သိမ်းဆည်းရလေသည်။

မြွေလွှတ်ခြင်းကို ဂေါတြဘူဉာဏ်, လာလမ်းပြန်ကြည့်၍ တည်ကြည်ခြင်း ကို မဂ်ဉာဏ်, ဘေးကင်းရာ၌ တည်ကြည်ခြင်းကို ဖိုလ်ဉာဏ်ဟု သိအပ်၏။

ပဋိသန္ဓေဉာဏ်ပြုပုံကား-

၁။ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အသုဘံ ပဋိကူလဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၂။ ဝေဒနာ အနိစ္စံ ခယဋ္ဌေန....လ.... အနတ္တာ အသာရကဋ္ဌေန။ သညာ....၊ သင်္ခါရာ....၊ ဝိညာဏံ....၊ တူပြီ။

ရူပံ အနိစ္စံ၊ ပလောကံ၊ စလံ၊ ပဘင်္ဂံ၊ အဒ္ဓုဝံ....စသော အခြင်းအရာ လေးဆယ်ဖြင့်လည်း ပြန်၍သုံးသပ်ရသည်။

အနိစ္စ-ဟု နှလုံးသွင်းလျှင် နိမိတ္တဟူသော သင်္ခါရနိမိတ်ကို သိ၍ ပဋိသန္ဓေဉာဏ်ဖြစ်သည်၊ ဒုက္ခ-ဟု နှလုံးသွင်းလျှင် ပဝတ္တ-ဟူသော ဘဝဖြစ်ခြင်းကို သိ၍ ပဋိသန္ဓေဉာဏ်ဖြစ်သည်၊ အနတ္တ-ဟု နှလုံးသွင်းလျှင် နိမိတ္တ, ပဝတ္တ-နှစ်ပါးစုံကို သိ၍ ပဋိသန္ဓေဉာဏ် ဖြစ်သည်။ ။ပဋိသန္ဓေဉာဏ်ပြီး၏။

ပဋိပဒါဉာဏ်အဿနဝိသုဒ္ဓိ

တတိယပိုင်း-သင်္ခါရ, အနု-ဉာဏ်နှစ်ပါး

ပဋိသန္ဓေဉာဏ် ရပြီးသော ယောဂီသည် အနိစ္စ, ဒုက္ခထင်သော်လည်း အနတ္တမထင်- သုညမမြင်လျှင် သစ္စာလေးပါး မသိနိုင်၊ အနတ္တခိုင်မြဲစွာ ထင်အောင် ဒိဋ္ဌ, စုတ, ဆ, အဋ္ဌ, ဒဿ, ဒ္ဝါဒသ, ဒွေစတ္တာလီသ-အဘို့ ၇-ပါး ဖြင့် သိမ်းဆည်းရသည်၊ ပဋိသန္ဓေဉာဏ် ရှုဖန်များလတ်သော် ကြောက်ခြင်း နှစ်သက်ခြင်းကို ပယ်၍ သင်္ခါရတို့၌ လျစ်လျူရှုနိုင်၏၊ ငါဟူ၍ငင်း, ငါ့စွာဟူ၍ငင်း ယူစရာမမြင်၊ ထိုအခါ သင်္ခါရပေကွာဉာဏ် ဖြစ်သည် မည်၏။

မယားချစ်ကို ပြောရမရ- လော်မာလှသောကြောင့် စွန့်ပစ်ပြီးသူနှင့် တူ၏၊ စွန့်ပစ်ပြီးနောက် ဘယ်လိုနေနေ အမျက်မထွက်ဘဲ လျစ်လျူရှုနိုင်၏၊ သင်္ခါရပေကွာဉာဏ်ရသော ယောဂီလည်း ဘုံဘဝသင်္ခါရအားလုံး၌ စုံမက်ခြင်း မစုံမက်ခြင်းမရှိ၊ လျစ်လျူရှုနိုင်၏၊ စိတ်သည် ကြာရွက်ရေပေါက်ကဲ့သို့ တွန့်လိပ်၏၊ အမဲရွတ် မီးလောင်, ကြက်တောင် မီးဖုတ်သကဲ့သို့ ခွေလိပ်ကာ တွန့်ကုပ်၏၊ သင်္ခါရတို့၌ လျစ်လျူရှုခြင်းဖြင့် သော်၎င်း, စက်ဆုပ်ခြင်းဖြင့် သော်၎င်း တည်လေ၏။

ဤဉာဏ်သည် အားစွမ်းရှိလျှင် နိဗ္ဗာန်ချမ်းသာ မြင်၍ သင်္ခါရ၌ ဖြစ်ခြင်းကို လှတ်၍ အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်တက်၍ နိဗ္ဗာန်သို့ တရှိန်တည်း ပြေးဝင်၏၊ နိဗ္ဗာန်ကို မမြင်လျှင် သင်္ခါရကိုပင် သုံးသပ်ခြင်းဖြင့် သမုဒြာဌက် လင်းယဉ်တိုင်ပြန်၍ နားပုံနှင့်တူ၏။

ဤဉာဏ်သည် ရှေးဉာဏ်နှစ်ပါးနှင့် အနက်တူ၏၊ ဖြစ်ပုံမျှပြားသည်၊ အစဉ်ပြိုးငွေ့၍ လှုတ်လိုသောကြောင့် မုဉ်းတုကမျှတာ, အလယ်၌ လှုတ်ကြောင်းပြုသောကြောင့် ပဋိသန္ဓေါ, အဆုံး၌ လျစ်လျူရှုသောကြောင့် သန္ဓေါရုပေကွာအမည် သုံးခုရသည်၊ သန္ဓေါရုပေကွာ ဉာဏ်ရပြီးသော ယောဂီ၏ ဝိပဿနာသည် သန္ဓေါရုပေကွာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်-ဟု သုံးမျိုးပြား၏၊ (ဝါ-ဤဉာဏ် သုံးပါးသည် တပါးသော ဉာဏ်ရှိသူနှင့်မစပ်။) ဤသုံးမျိုးလုံးသည် လောကီဉာဏ် ထိပ်ဆုံးဖြစ်၍ သိခါပတ္တလည်း မည်၏၊ မဂ်သို့ ရောက်အောင် သွားသောကြောင့် ဝုဋ္ဌာနဂါမိနီလည်း မည်၏။

ဤဉာဏ်ဖြစ်အောင် အဘို့ ၇-ပါးဖြင့် သိမ်းဆည်းသော အခါ ရှေးဦးစွာ ယခင် ပဋိသန္ဓေါဉာဏ်ဖြင့် မြင်သော သန္ဓေါရတို့ကို အတ္တမူဆိတ်ကုန်၏၊ နိစ္စသာရမှ ဆိတ်ကုန်၏-ဟု ဖန်ဖန်သိမ်းဆည်းပြီးမှ နှစ်ခုသော အဘို့ဖြင့် သိမ်းဆည်းရသည်။

နှစ်ဘို့သိမ်းဆည်းပုံကား-

၁။ သုညမိဒံ အတ္တေနဝါ၊ အတ္တနိယေနဝါ။ ။ကွဒံ၊ ဤသန္ဓေါရသဘောသည်။ အတ္တေနဝါ၊ ကိုယ်မှငင်း။ အတ္တနိယေနဝါ၊ မိမိဥစ္စာ သဘ္ဘဝါသန္ဓေါရမှငင်း။ သုညံ၊ ဆိတ်၏။

တဖန် ခိုင်မြဲအောင် လေးဘို့သုံးသပ်ရသည်-

(၁) နာဟံ ကွစနိ၊ (၂) နကဿစိ ကိဉ္စနတသ္မိံ။
(၃) နစပရော ကွစနိ၊ (၄) နမမ ကိဉ္စနတသ္မိံ။

ကွစနိ၊ တစုံတခုသော နေရာဌာန, အချိန်ကာလ တွင်းပသဘော တရား၌။ အဟံ၊ ငါဟုဆိုစရာ ကိုယ်သည်။ နှ၊ မရှိ။ ။ကဿစိ၊ တပါးသော သူ၏။ ကိဉ္စနတသ္မိံ၊ ကြောင့်ကြဘွယ်အဖြစ်၌။ ဥပနေတဗ္ဗော၊ သိအပ်သော။ ကဿစိ၊ တစုံတယောက်၏ သားမြေး မိဘ စသည်ဆိုစရာ ငါဟူသော ကိုယ်သည်။ ကွစနိ၊ နှ။ ။ကွစနိ၊ ပရောစ၊ သူတပါး-ဟု ဆိုစရာ ကိုယ်သည်လည်း။ နှ။ မမ၊ ငါ၏။ ကိဉ္စနဓာသ္မိံ၊ ဥပနေတဗ္ဗော၊ မမ၊ ငါ၏ သားမြေး မိဘ စသည် ဆိုစရာ သူတပါးဟူသော ကိုယ်သည်။ ကွစနိ၊ နှ။ (အနက်ပေးရာ၌ ဖော်ဆိုနိုင်သော ဉာဏ်ရှိ,မရှိ-သိရလတ္တံ့။

ဤသို့မြင်လျှင် ခြောက်ဘို့သုံးသပ်ရသည်။

၁။ ရူပံ သုညံ-အတ္တေနဝါ၊ အတ္တနိယေနဝါ၊ နိစ္စေနဝါ၊ ဓုဝေနဝါ၊ သဿတေနဝါ၊ အဝိပရိဏာမဓမ္မေနဝါ။

ထိုသခ်ိၤရုပေက္ခာဉာဏ်သည်ကား၊ ကေတ္တုနည်း အလိုအားဖြင့်၊ ပရိကံသို့ မဆိုက်။ ပရိကံသည်လည်း၊ ဥပစာသို့ မဆိုက်။ ဥပစာ သည်လည်း၊ အနုလုံသို့မဆိုက်။ အနုလုံသည်လည်း၊ ဂေါတြဘူသို့မဆိုက်၊ ဂေါတြဘူ သည်လည်း၊ မဂ်သို့ မဆိုက်။ ဤသို့ မဂ်သို့ မဆိုက်သော၊ ထိုသခ်ိၤရုပေက္ခာဉာဏ် သည်ကား၊ မဆိုက်သော မဂ်ဖြင့်၊ ယခု လက်ရှိ၊ မိမိ အတ္တဘောခ်၊ မဆိုက်မရောက်သော-ဒုရေနိဗ္ဗာန်ကို၊ မျက်မှောက် မပြု သော အလိုအားဖြင့်၊ ပတ္တေမမြင်သည် မည်၏။ ဤသို့မ ့်မမြင်သည် ရှိသော်၊ အဖန်တလဲလဲ၊ ဘဝအသ ်ကမလပ်၊ ယခုထက်တိုင် အစဉ် မပြတ် စပ်သော၊ သခ်ိၤရ အာရုံရှိသည်ဖြစ်၍ သာလျှင်နေ၏။ ဤသို့နေ သော၊ ထိုသခ်ိၤရုပေက္ခာ ဉာဏ်သည်ကား၊ ဓနိုးစကောခ်၊ မနုိ့ညက်ကို ဆင့်သကဲ့သို့၊ တဖွါးဖွါး။ ဖါတ်အပ်သော ဝါဂွမ်းဖိုင်ကို၊ ဖါတ်သကဲ့သို့၊ တဖွါးဖွါး။ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်၊ သခ်ိၤရကို သိမ်းဆည်း ဆင်ခြင်၍၊ ကြောက်ချင်း မုံးချင်းကိုလည်း၊ ပယ်စွန့်၍။ ချစ် နှစ်သက်ချင်းကိုလည်း၊ ပယ်စွန့်၍။ သခ်ိၤရကိုရွေးချယ် စိစစ်ရာခ်၊ အညီအမျှဖြစ်၍ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ ဤသုံးပါးသော အနုပဿနာအလိုအားဖြင့်တည်၏။ တည်ပုံကား။ ရံခါ၊ အနိစ္စဟု နှလုံးသွင်းသောယောဂိပုဂ္ဂိုလ်အား၊ သခ်ိၤရတရား၊ ကုန်သော အားဖြင့်ထင်ရှား၏။ ရံခါ၊ ဒုက္ခဟုနှလုံးသွင်းသောယောဂိပုဂ္ဂိုလ်အား၊ သခ်ိၤရတရား၊ ဘေးအားဖြင့်ထင်ရှား၏။ ရံခါ၊ အနတ္တဟုနှလုံးသွင်းသော ယောဂိပုဂ္ဂိုလ်အား၊ သခ်ိၤရတရား၊ ဆိတ်သောအားဖြင့်ထင်ရှား၏။

တံ ပနေတံ သစေ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သခ်ိၤရ ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ။ နောစေ နိဗ္ဗာနံ သန္တတော ပဿတိ၊ ပုနပ္ပုနံ သခ်ိၤရာရမ္မဏမေဝ ဟုတွာ ပဝတ္တတိ။ ပ။ တယိဒံ သုပ္ပဂ္ဂေါဒ္ဓံ ဝဋ္ဋမာနံ ဝိယ နိပ္ပဋိတကပ္ပါသံ ဝိဟဒ္ဓမာနံ ဝိယ နာနုပ္ပကာရတော သခ်ိၤရေ ပရိဂ္ဂဟေတွာ၊ ဘယဉ္စ နန္ဒိဉ္စ ပဟာယ သခ်ိၤရဝိစိနနေ မတ္တာတွံ ဟုတွာ တိဝိဓာနုပဿနာ ဝသေန တိဋ္ဌတိ။ ပ။ အနိစ္စတော မနသိကရောတော ခယတော သခ်ိၤရာ ဥပဒဟန္တိ။ ဒုက္ခတော မနသိကရောတော ဘယတော သခ်ိၤရာ ဥပဒဟန္တိ။ အနတ္တတော မနသိကရောတော သုညတော သခ်ိၤရာ ဥပဒဟန္တိ။

တံပနေတံ- တံပနဇတံသဒိါရုပေက္ခာညာဏံ၊ထိုသဒိါရုပေက္ခာညာဏ် သည်ကား။ သန္တိပဒံ၊ ငြိမ်းဇေးသောသဘော၊ မိမိအတ္တဘောဒု၊ မဂ်ဖြင့် ဆိုက်ရောက်သော။နိဗ္ဗာနံ၊သန္တိကေနိဗ္ဗာန်ကို။ သန္တံတော၊ငြိမ်းဇေးသဟု။ သစေပသဿတိ၊အကယ်၍တွေ့မြင်သည်ဖြစ်အံ့။ ဇဝံသတိ၊ ဤသို့တွေ့မြင် သည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံသော။ သဒိါရေပဝတ္တံ၊ သဒိါရေ-ပဝတ္တကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်သို့သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ နိဗ္ဗာနံ၊ ဒုရေနိဗ္ဗာန်ကို။ သန္တံတော၊ ငြိမ်းဇေးသဟု။ နောစေ ပဿတိ၊ အကယ်၍မတွေ့မမြင်သည်ဖြစ်အံ့။ ဇဝံသတိ၊ဤသို့မတွေ့မမြင် သည်ရှိသော်။ပုနပ္ပုနံ၊အဖန်တလဲလဲ။သဒိါရောရေမ္ဟကမေဝ၊သဒိါရေအာရုံ ရှိသည်သာလျှင်။ ဟုတွာ၊ဖြစ်၍။ပဝတ္တတိ၊ ဖြစ်၏။ပ။ တယိဒံတံဇ္ဈံသဒိါ ရုပေက္ခာညာဏံ၊ထိုသဒိါရုပေက္ခာညာဏ်သည်ကား။သုပ္ပဂ္ဂေ၊မနုဿကော ဒု။ ပဋိ၊ မုန့်ညက်ကို။ ဝဋ္ဋယမာနံဝိယ၊ ဆင့်သကဲ့သို့။ နိပ္ပဋိကပ္ပါသံ၊ ဖါဘ်အပ်သောဝါဂွမ်းစိုင်ကို။ ဝိဟဉ္ဇမာနံဝိယ၊ ဖါတ်သကဲ့သို့။နာနပ္ပကာ ရတော၊ အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့်။ သဒိါရေ၊ သဒိါရတ္ထိကို။ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းဆင်ခြင်၍။ဘာသဒ္ဓု၊ ကြောက် ချင်း မုံးချင်းကိုလည်း။ပဟာယ၊ ပယ်စွန့်၍။ နန္ဒီဒ္ဓု၊ ချစ်နှစ်သက်ချင်းကို လည်း။ပဟာယ၊ ပယ်စွန့်၍။ သဒိါရဝိစိနနေ၊ သဒိါရကိုရွေးချယ်စိစစ် ရာဒု။ မဏ္ဍာတွံ၊အညီအမျှသည်။ ဟုတွာ၊ဖြစ်၍။တိဝိဓာနုပဿနာဝသေန၊ သုံးပါးသောအနုပဿနာအလိုအားဖြင့်။ တိဒ္ဓတိ၊ တည်၏။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂိပုဂ္ဂိုလ်အား။ သဒိါရာ၊ သဒိါရတ္ထိသည်။ခယတော၊ ကုန်သဟု။ဥပဒဟန္တိ၊ ထင်ကုန် ၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂိ ပုဂ္ဂိုလ်အား။ သဒိါရာ၊ သဒိါရတ္ထိသည်။ ဘယတော၊ ဘေးဟု။ ဥပဒ ဟန္တိ၊ ထင်ကုန်၏။ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊နှလုံး သွင်းသော ယောဂိပုဂ္ဂိုလ်အား။သဒိါရာ၊သဒိါရတ္ထိသည်။သုညတော၊ ဆိတ်သဟု။ ဥပဒဟန္တိ၊ ထင်ကုန်၏။

ဇဝံ အဓိဂတသဒိါရုပေက္ခဿ ပန ဇ္ဈမဿ ကုလပုတ္တဿ ဝိပဿနာ သိခါပတ္တာ ဝုဋ္ဌာနဂါမိနီ ဟောတိ။ဝုဋ္ဌာနံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ။

၎ဝံ၊ ဤသို့။ အဓိဂတသခ်ိဳရုပေက္ခသပန၊ ရအပ်ပြီးသော သခ်ိဳရုပေက္ခာဉာဏ် ရှိသော။ ဇာမသကုလပုတ္တသ၊ ဤအမျိုးကောင်းသား၊ ဤအမျိုးကောင်း သမီး၏။ ဝိပဿနာ၊ ဝိပဿနာသည်။ သိခါပတ္တာ၊ အထွဋ်အထိပ်သို့ရောက်သည်၊ဟုတ္တာ၊ဖြစ်၍။ ဝဋ္ဋာနုဂါမိနိ၊ဝဋ္ဋာနုဂါမိနိ ဝိပဿနာမည်သည်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋာနုံ၊မဂ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဇာတိ၊ ထို့ကြောင့်။ဝဋ္ဋာနုဂါမိနိ၊ ဝဋ္ဋာနုဂါမိနိဝိပဿနာမည်၏။

သခ်ိဳရုပေက္ခာဉာဏ်သည်ကား၊ ဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ဒုက္ခာပဋိပဒါဒိပ္ပါဘိညာ၊ သုခါပဋိပဒါဒန္ဓာဘိညာ၊ သုခါပဋိပဒါဒိပ္ပါဘိညာအားဖြင့် ၄–ပါး။ ထို ၄-ပါးတို့တွင်၊ အစမှ၊ မဂ်ကိုရချင်းဌာ၊ ကိလေသာကို ပယ်ခွါသည်ရှိသော်၊ ဆင်းရဲသဖြင့်၊ ကိလေသာကို ပယ်ခွါချင်းဌာ၊ စွမ်းနိုင်သည်ဖြစ်၍၊အကျင့်၏ဆင်းရဲချင်းကြောင့်၊ဒုက္ခာပဋိပဒါ။ကိလေသာကို ပယ်ခွါ၍၊ ဝိပဿနာပရိဝါသ်ကို၊ မဂ်ထင်ရှား ဖြစ်ပေါ်လာအောင်၊ နှေးစွာပြုသည်ဖြစ်၍၊ အသိ၏ နှေးချင်းကြောင့်-ဒန္ဓာဘိညာ။ ဤအဂ်ါ ၂–ပါးနှင့်ပြည့်စုံသော၊ သခ်ိဳရုပေက္ခာဉာဏ်သည်ကား။ ဒုက္ခာပဋိပဒါဒန္ဓာဘိညာ မည်၏။ ။အစမှ၊ မဂ်ကိုရချင်းဌာ၊ ကိလေသာကို ပယ်ခွါသည်ရှိသော်၊ဆင်းရဲသဖြင့်၊ကိလေသာကိုပယ်ခွါချင်းဌာစွမ်းနိုင်သည်ဖြစ်၍၊ အကျင့်၏ဆင်းရဲချင်းကြောင့်-ဒုက္ခာပဋိပဒါ။ကိလေသာကို ပယ်ခွါ၍၊ဝိပဿနာပရိဝါသ်ကို၊မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊လျင်စွာပြုသည်ဖြစ်၍၊ အသိ၏လျင်ချင်းကြောင့်-ခိပ္ပါဘိညာ။ ဤအဂ်ါ ၂-ပါး နှင့်ပြည့်စုံသော၊ သခ်ိဳရုပေက္ခာဉာဏ်သည်ကား၊ ဒုက္ခာပဋိပဒါခိပ္ပါဘိညာမည်၏။ ။အစမှ၊ မဂ်ကိုရချင်းဌာ၊ ကိလေသာကိုပယ်ခွါသည်ရှိသော်၊ချမ်းသာသဖြင့်၊ ကိလေသာကို ပယ်ခွါချင်းဌာ၊ စွမ်းနိုင်သည် ဖြစ်၍၊ အကျင့်၏ ချမ်းသာချင်းကြောင့်-သုခါပဋိပဒါ။ ကိလေသာကိုပယ်ခွါ၍၊ ဝိပဿနာပရိဝါသ်ကို၊ မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊ နှေးစွာပြုသည်ဖြစ်၍၊ အသိ၏ နှေးချင်းကြောင့်–ဒန္ဓာဘိညာ။ ဤအဂ်ါ ၂-ပါးနှင့်ပြည့်စုံသော၊ သခ်ိဳရုပေက္ခာဉာဏ်သည်ကား၊ သုခါပဋိပဒါဒန္ဓာဘိညာ မည်၏။ ။အစမှ၊ မဂ်ကိုရချင်းဌာ၊ ကိလေသာကို ပယ်ခွါသည် ရှိသော်၊ချမ်းသာသဖြင့်၊ကိလေသာကိုပယ်ခွါချင်းဌာ၊စွမ်းနိုင်သည်ဖြစ်၍အကျင့်၏ချမ်းသာချင်းကြောင့်-သုခါပဋိပဒါ။ကိလေသာကိုပယ်ခွါ၍၊ဝိပဿနာပရိဝါသ်ကို၊ မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊ လျင်စွာပြုသည်ဖြစ်၍၊

ဇဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ။ ဇူမေဟိ ဆဟိ ဌာနေဟိ ပရိသုဒ္ဓံ စိတ္တံ ပရိယောဒါတံ ဇကတ္တာဂတံ ဟောတိ။

အတိတာနုဓာဝနံ၊ အတိတ်သို့ ပြေးသွားသော။ စိတ္တံ၊ စိတ်သည်။ ဝိဇက္ခေပါနုပတိတံ၊ ပျံလွှင့်ရောက်၍။ တံ၊ ထိုအတိတ်ကို။ ဝိဝဇ္ဇယိတ္တာ၊ ကြဉ်ချင်းကြောင့်။ဇကေဋ္ဌာနေ၊ ပစ္စုပ္ပန်ကာလ၊မချစ်မမုံးဟူ၍-တခုသော ဌာနဒွ်။ သမာဒဟတိ၊ တည်၏။ ဇဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံလွှင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အနာဂတပ္ပဒိကခ်ိနံ၊ အနာဂတ်ကိုအလိုရှိသော။ စိတ္တံ၊ စိတ်သည်။ ဂိကမ္ဘိတံ၊ တုန်လှုပ်၏။ တံ၊ ထိုအနာဂတ်ကို။ဝိဝဇ္ဇယိတ္တာ၊ ကြဉ်ချင်းကြောင့်။ တတ္ထေဝ၊ထိုပစ္စုပ္ပန်ကာလ၊ မချစ်မမုံးဟူ၍၊တခုသောဌာနဒွ်။ အဓိမောစေတိ၊ နှလုံးသွင်း၏။ ဇဝမ္ပိ၊ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံလွှင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ လီနံ၊ တွန့်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာ နုပတိတံ၊ ပျင်းရောက်၍။ တံ၊ ထိုတွန့်သည်ကို။ ပဂ္ဂဏှိတ္တာ၊ အားပေးချီးမြှောက်၊ ထောက်ပင့် ချင်းကြောင့်။ ကောသဇ္ဇံ၊ ကောသဇ္ဇကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဇဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံလွှင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အတိပဂ္ဂဟိတံ၊ အားတက် လွန်းသော။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ပျံလွှင့်ရောက်၍။ တံ၊ ထိုအားတက်လွန်းသည်ကို။ဝိနိဂ္ဂဏှိတ္တာ၊ နှိပ်ချင်းကြောင့်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဇဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံလွှင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အဘိဏာတံ၊ ညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ဧဂဂါနုပတိတံ၊ ရာဂ ဖြစ်ရာ ကျ၏။ တံ၊ ထိုညွတ်လွန်းသည်ကို။ သမ္မဇာနော၊ ဆင်ခြင်သည်။ ဟုတ္တာ၊ဖြစ်ချင်းကြောင့်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဇဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ပျံလွှင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အပဏာတံ၊ မညွတ် လွန်းသော။စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ ဒေါသဖြစ်ရာကျ၏။ တံ၊ ထိုမညွတ်လွန်းသည်ကို။ သမ္မဇာနော၊ ဆင်ခြင်သည်။ ဟုတ္တာ၊ ဖြစ်ချင်းကြောင့်။ဗျာပါဒံ၊ ဒေါသကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဇဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊စိတ်သည်။ ဝိက္ခေပံ၊ ပျံလွှင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ ဇူမေဟိ ဆဟိဌာနေဟိ၊ ဤ ၆-ပါးသောဌာနတို့ဖြင့်။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။

စိတ္တံ၊ စိတ်သည်။ ပရိယောဒါတံ၊ ပြိုးပြိုးပြက်၊ တလက်လက် ဖြူစင်သည်ဖြစ်၍။ ဇကတ္တုဂတံ၊ ကိလေသာ အဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ကတမံ တံ ဇကတ္တံ။ ဝယလက္ခဏူပဋ္ဌာနေကတ္တံ။ ဝယလက္ခဏူပဋ္ဌာနေကတ္တန္တု ဝိပသဿကာနံ။

တံဇကတ္တံ၊ ထို ဇကတ္တ သည်ကား။ ကတမံ၊ အဘယ်နည်း။ ဝယလက္ခဏူပဋ္ဌာနံ၊ အပျက် လက္ခဏာ ထင်ချင်းသည်ကား။ ဇကတ္တံ၊ ဇကတ္တတည်း။ ဝယလက္ခဏူပဋ္ဌာနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ကတမေသာနံ၊ အဘယ် ပုဂ္ဂိုလ်တို့၏။ ဇကတ္တံ၊ ဇကတ္တနည်း။ ဝယလက္ခဏူပဋ္ဌာနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ဝိပသဿကာနံ၊ ဝိပသနာကိုအားထုတ်ကုန်သော ယောဂိပုဂ္ဂိုလ်တို့၏။ ဇကတ္တံ၊ ဇကတ္တတည်း။

ဝယ လက္ခဏူ ပဋ္ဌာနေကတ္တ၊ တခုသော ဤဌာနဖြင့်၊ ကိလေသာ အဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော၊ မချစ်မမုန်းဟု-ရှုသော နောက်စိတ်သည်ကား၊ နောက်ရှုက်ဝိတ်ပင်သော နိဝရဏ၊ ကိလေသာ အညစ်အကြေးမှ၊ မစင်ကြယ် သေးသေ်လည်း။ အခြားမဲ့ပြု၊ မချစ်မမုန်းဟု-ဆင်ခြင်သော ဇွေစိတ်၏၊ ပရိကံလာသော အလိုအားဖြင့်၊ မချစ်မမုန်းဟုရှုသော နောက်စိတ်၏-ဥပ္ပါဒက္ခဏ၊ အကျင့်၏ စင်ကြယ်ချင်းသို့ပြေးဝင်သည်လည်းဖြစ်၏။ တတြမစ္ဆတ္တု ပေကွာ၏ ကိစ္စအလိုအားဖြင့်၊ မချစ် မမုန်းဟုရှုသောနောက်စိတ်၏-ဌိတိက္ခဏ၊ ဥပေက္ခာကို ပွါးသည်လည်းဖြစ်၏။ ဉာဏ်၏ ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ မချစ် မမုန်းဟုရှုသောနောက်စိတ်၏-ဘင်္ဂက္ခဏ၊ ဘာဝနာပြီးဆုံးသည်လည်းဖြစ်၏။

ဇာမိနာ ဇကေန ဌာနေန ဇကတ္တဂတံ စိတ္တံ ပဋိပဒါဝိသုဒ္ဓိ ပက္ခန္ဒတ္တေဝ ဟောတိ ဥပေက္ခာ နုဗြူဟိတတ္တာ။ ဉာဏေန စ သမ္ပဟံသိတံ။

ဇာမိနာဇကေနဌာနေန။ ဝယလက္ခဏူပဋ္ဌာနေ ကတ္တ၊ တခုသော ဤဌာနဖြင့်။ ဇကတ္တဂတံ၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော။ စိတ္တံ၊ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒတ္တေဝ၊ အကျင့်၏

စင်ကြယ်ချင်းသို့ ပြေးဝင် သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပေက္ခာ နုဖြူဟိတ္ထ၊ ဥပေက္ခာကိုပွါးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဉာဏေနစ ဉာဏသ္သ ကိစ္စနိပ္ပတ္တိဝသေန၊ ဉာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်။ သမ္မဟံသိတ္ထ၊ ဘာဝနာပြီးဆုံးသည်လည်း။ ဟောတိ၊ ဖြစ်၏။

သခ်ါရုပေက္ခာဉာဏသ္သ ကော အာဒိ။ ကိ ံမဏ္ဍော။ကိ ံ ပရိယောသာနံ။ သခ်ါရုပေက္ခာဉာဏသ္သ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ ဥပေက္ခာနုဖြူဟနာ မဏ္ဍော။ သမ္မဟံသနာ ပရိယောသာနံ။

သခ်ါရုပေက္ခာဉာဏသ္သ၊ သခ်ါရုပေက္ခာဉာဏ်၏။ ကော၊ အဘယ် သည်ကား။ အာဒိ၊ အစနည်း။ ကိ ံ၊ အဘယ် သည်ကား။ မဏ္ဍော၊ အလယ်နည်း။ ကိ ံ၊ အဘယ်သည်ကား။ ပရိယောသာနံ၊ အဆုံးနည်း။ သခ်ါရုပေက္ခာ ဉာဏသ္သ၊ သခ်ါရုပေက္ခာ ဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ ဥပေက္ခာ နုဖြူဟနာ၊ ဥပေက္ခာကို ပွါးချင်းသည်ကား။ မဏ္ဍော၊ အလယ်တည်း။ သမ္မဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။

သခ်ါရုပေက္ခာဉာဏသ္သ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ အာဒိသ္သ ကတိလက္ခဏာနိ။ အာဒိသ္သ တိဏိ လက္ခဏာနိ။

သခ်ါရုပေက္ခာဉာဏသ္သ၊ သခ်ါရုပေက္ခာဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။အာဒိသ္သ၊အစ၏။ လက္ခဏာနိ၊ လက္ခဏာ တို့သည်ကား။ ကတိ၊ အဘယ်မျှ တို့နည်း။ အာဒိသ္သ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တိဏိ၊ သုံးပါးတို့တည်း။

စိတ်ညစ်ကြေးတာက-ကိလေသော။ အာရုံမထင်၊ မြွေးရှက်ဝိတ်ပင် တာက-နိဝရဏ။ နိဝရဏဟုဆိုအပ်သော၊ အကြင်ကိလေသာအပေါင်း က၊မချစ်မမုန်းဟုရှုသောနောက်စိတ်၏၊ရှုခွင့်ပျက်ကွက်၊အနှောင့်-အရှက် အဝိတ်-အပင်။ နှောင့်ရှက်ဝိတ်ပင်သောနိဝရဏ၊ ထိုကိလေသာအညစ် အကြေးမှ၊ အခြားမဲ့ပြု၊ မချစ်မမုန်းဟု-ဆင်ခြင်သောရှေ့စိတ်၊ စင်ကြယ် တာကလည်း—လက္ခဏာတပါး။ ။စင်ကြယ်သည်၏ အဖြစ်ကြောင့်၊ အခြားမဲ့ပြု၊ မချစ်မမုန်းဟု—ဆင်ခြင်သောရှေ့စိတ်၊ မဖြစ်မသမထနိမိတ် သို့ရောက်ထာကလည်း—လက္ခဏာတပါး။ ။ယုတ်သော အတို့အစု၊

လွန်သောအတိုအစု နှစ်ခုတိုသို့၊ မရောက်ချင်းကြောင့်-မဖြစ်မ။ အနုသယ-ပရိယုဋ္ဌာန်-ဘဝတဖန်-ခန္ဓာနာမ်ရုပ်-ခြုံသော နိဗ္ဗာန် အထူးနှင့်တကွ၊ ဆန့်ကျင်ဘက်ဖြစ်သော နိဝရဏ၊ ကိလေသာ အကုသိုလ် တရားတို့၏၊ ငြိမ်းချင်းကြောင့်-သမထ။ ယောဂိပုဂ္ဂိုလ်၏၊ မဂ်-ဖိုလ်-နိဗ္ဗာန်၊ သုံးတန်သောသုခ၊ ရသောအထူးတို့၏၊ အကြောင်း ဖြစ်ချင်းကြောင့်—နိမိတ္တ။ ဤမဖြစ်မသမထနိမိတ်မည်သည်ကား။ ယုတ်သောအတိုအစု၊ လွန်သောအတိုအစု၊ နှစ်ခုတိုသို့၊ မရောက်စေရ၊ အညီအမျှဖြစ်သော၊ မချစ်မမုန်းဟုရှုသောနောက်စိတ်၏၊ သဘောတိအင်္ဂါ၊ ဝိပဿနာ သမာဓိသာတည်း။ ဤဝိပဿနာသမာဓိဖြင့်၊ တည်သည်၏အဖြစ်သို့၊ ရောက်ကတည်းက။ နို့ချို-နို့ချဉ်၊ အစဉ်သဖြင့်၊တဆင့်ထက်တဆင့်၊ ရင့်ကျက်သောနို့ချဉ်ကို။ ထိုနို့ချိုကဲ့ပင်၊ နို့ချဉ်ဆိုရသော၊ တစဉ်တည်းရင့်ကျက်သောနည်းဖြင့်။ ထို—မချစ်မမုန်းဟု—ရှုသောနောက်စိတ်၏၊ အခြားမဲ့ပြု၊ မချစ်မမုန်းဟု—ဆင်ခြင်သော ရှေ့စိတ်၊ မဖြစ်မသမထ နိမိတ်သို့ ရောက်သည် မည်၏။ ရောက်သည်၏အဖြစ်ကြောင့်၊ ထိုမဖြစ်မသမထနိမိတ်သို့၊ ပြေးဝင်သည်မည်၏။ဤသို့ မချစ်မမုန်းဟု-ရှုသောနောက်စိတ်၏၊ အခြားမဲ့ပြု၊ မချစ်မမုန်းဟု-ဆင်ခြင်သောရှေ့စိတ်၊ မဖြစ်မသမထနိမိတ်သို့၊ ပြေးဝင်တာကလည်း-လက္ခဏာတပါး။

> ယော တသ ပရိဗန္ဓော၊ တတော စိတ္တံ ဝိသုဇ္ဈတိ။ ဝိသုဒ္ဓတ္တာ စိတ္တံ မစ္ဆိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။ ယဉ္စ ပရိဗန္ဓတော စိတ္တံ ဝိသုဇ္ဈတိ။ ယဉ္စ ဝိသုဒ္ဓတ္တာ စိတ္တံ မစ္ဆိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ယဉ္စ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။

ယောနိဝရဏသခ်ါတော ကိလေသဂဏော၊ နိဝရဏဟုဆိုအပ်သော အကြောင်ကိလေသာ အပေါင်းသည်ကား။ တသ၊ ထိုစိတ်၏။ ပရိဗန္ဓော၊ အနှောင့်-အရှက်-အပိတ်-အပင်တည်း။ တတော၊ ထိုနှောင့်ရှက်ပိတ်ပင်သောနိဝရဏ၊ ကိလေသာအညစ်အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မစ္ဆိမံသမထနိမိတ္တံ၊ မဖြစ်မသမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။

တတ္ထ၊ ထိုမင္ဂြိမသမထနိမိတ်သို့။ ပက္ခန္ဓတိ၊ ပြေးဝင်၏။ ပဂိဗ္ဓတော၊ နှောင့်ရှက်-ပိတ်ပင်သောနိဝရဏ၊ ကိလေသာအညစ်အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ယဒ္ဓဝိသုဒ္ဓတိ၊ အကြင် စင်ကြယ်တာကလည်း--လက္ခဏာတပါး။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မင္ဂြိမံသမထနိမိတ္တံ၊ မင္ဂြိမသမထနိမိတ်သို့။ ယဒ္ဓပဋိပဇ္ဇတိ၊ အကြင် ရောက်ထာကလည်း-လက္ခဏာတပါး။ ပဋိပန္နတ္တာ၊ရောက်သည်၏အဖြစ်ကြောင့်။စိတ္တံ၊စိတ်သည်။ တတ္ထ၊ထိုမင္ဂြိမသမထနိမိတ်သို့။ ယဒ္ဓပက္ခန္ဓတိ၊ အကြင်ပြေးဝင်တာကလည်း-လက္ခဏာတပါး။

သဒ္ဓါရုပေက္ခာဉာဏာသ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ အာဒိသဒ္ဒေါ ဣမာနိ တီဏိ လက္ခဏာနိ။

သဒ္ဓါရုပေက္ခာဉာဏာသ၊ သဒ္ဓါရုပေက္ခာဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ အာဒိသဒ္ဒေါ၊အစ၏။ လက္ခဏာနိ၊ လက္ခဏာ တို့သည်ကား။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။

တေန ဝုစ္စတိ သဒ္ဓါရုပေက္ခာဉာဏံ အာဒိကလျာဏဉ္စေဝ ဟောတိ တိလက္ခဏာသမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ သဒ္ဓါရုပေက္ခာဉာဏံ၊ သဒ္ဓါရုပေက္ခာဉာဏ်သည်။ အာဒိကလျာဏဉ္စေဝ၊ အစ၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။တိလက္ခဏာသမ္ပန္နဉ္စ၊ သုံးပါးသောလက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

သဒ္ဓါရုပေက္ခာ ဉာဏာသ ဥပေက္ခာ နုဗြူဟနာ မဇ္ဈေ။ မဇ္ဈာသ ကတိ လက္ခဏာနိ။ မဇ္ဈာသ တိဏိ လက္ခဏာနိ။

သဒ္ဓါရုပေက္ခာဉာဏာသ၊ သဒ္ဓါရုပေက္ခာဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈာသ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။ မဇ္ဈာသ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တိဏိ၊ သုံးပါးတို့တည်း။

နှောင့်ရှက် ပိတ်ပင်သော နီဝရဏာ၊ ကိလေသာ အညစ် အကြေးမှ၊ စင်ကြယ်သော စိတ်ကို၊ သုဒ်သင်္ဂဉ်းလင်းဘွယ် မရှိသည်၏အဖြစ် ကြောင့်၊ စင်ကြယ်စေရန်၊ တဖန်သုဒ်သင်္ဂဉ်းလင်းချင်း၌၊ကြောင့်ကြမှု မပြု၊ စင်ကြယ်သောစိတ်ကို၊ အညစ်အကြေးမရှိပြီဟု၊အညီအညွတ်ပြု၊ လျစ်လျူ။ ရှုတာကလည်း-လက္ခဏာတပါး။ ။ယုတ်သော အဘို့ အစု၊ လွန်သောအဘို့အစု၊ နှစ်ခုတို့သို့ မရောက်စေရ၊ အညီအမျှ သမထသို့ ရောက်သည်၏ အဖြစ်ကြောင့်၊ သမထသို့ ရောက်သောစိတ်ကို၊ တဖန် အညီ အမျှတပါး၊ တည်ထားချင်း၌၊ ကြောင့်ကြမှုမပြု၊ သမထသို့ ရောက်သောစိတ်ကို၊ မယုတ်မလွန်ပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူ။ ရှုတာကလည်း၊ လက္ခဏာတပါး၊ အနုသယ-ပရိယုဋ္ဌာန်-ဘဝတဖန်-ခန္ဓာ နာမ်ရုပ်–ခြုံငြိမ်းသော ခဏာ၊ သမထသို့၊ ရောက်သည်၏ အဖြစ်ကြောင့် သာလျှင်လည်း၊ ရံခါမငြိမ်း၊ ကိမ်း ယှဉ်ယောနှော၊ ဆက်ဆံသော ကိလေသာကို၊ ပယ်စွန့်၍၊ ကိလေသာ အဖော်ကင်း၊ တကိုယ်တည်းချင်း ထင်သောစိတ်ကို၊ တဖန်ကိလေသာ အဖော်ကင်း၊ တကိုယ်တည်းချင်း၊ ထင်စေချင်း၌၊ ကြောင့်ကြမှုမပြု၊ ကိလေသာ အဖော်ကင်း၊ တကိုယ်တည်းချင်း ထင်သောစိတ်ကို၊ အဖော်မရှိပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူ။ ရှုတာကလည်း-လက္ခဏာတပါး။

> ဝိသဒ္ဓံ စိတ္တံ အစ္ဆုံ ပေက္ခတိ၊သမထပဋိပ္ပန္နံ အစ္ဆုံ ပေက္ခတိ၊ ဇကော်ုပဋ္ဌာနံ အစ္ဆုံ ပေက္ခတိ။ယဉ္စ ဝိသဒ္ဓံ စိတ္တံ အစ္ဆုံ ပေက္ခတိ၊ ယဉ္စ သမထပဋိပ္ပန္နံ အစ္ဆုံ ပေက္ခတိ၊ ယဉ္စ ဇကော်ုပဋ္ဌာနံ အစ္ဆုံ ပေက္ခတိ။

ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ အစ္ဆုံ ပေက္ခတိ၊ လျစ်လျူ။ ရှု၏။ သမထပဋိပ္ပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ အစ္ဆုံ ပေက္ခတိ၊ လျစ်လျူ။ရှု၏။ ဇကော်ုပဋ္ဌာနံ၊ ကိလေသာ အဖော်ကင်း၊ တကိုယ်တည်းချင်း ထင်သော။ စိတ္တံ၊ စိတ်ကို။ အစ္ဆုံ ပေက္ခတိ၊ လျစ်လျူ။ရှု၏။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အစ္ဆုံ ပေက္ခတိ၊ အကြောင်လျစ်လျူ။ ရှုတာကလည်း-လက္ခဏာတပါး။ သမထ ပဋိပ္ပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအစ္ဆုံ ပေက္ခတိ၊ အကြောင်လျစ်လျူ။ ရှုတာကလည်း-လက္ခဏာ တပါး။ ဇကော်ုပဋ္ဌာနံ၊

ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အစ္ဆေ၊ ပေကွတိ၊အကြောင်းလျှစ်လျူ။ရှုတာကလည်း-လက္ခဏာတပါး။

သခိါရုပေက္ခာဉာဏသ ဉပေက္ခာနုဗြူဟနာ မဇ္ဈေ။
မစ္ဆာသ ဇှမာနိ တိကိ လက္ခဏာနိ။

သခိါရုပေက္ခာ ဉာဏသ၊ သခိါရုပေက္ခာဉာဏ်၏။ ဉပေက္ခာနုဗြူဟနာ၊ ဉပေက္ခာကိုပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မစ္ဆာသ၊ အလယ်၏။လက္ခဏာနိ၊လက္ခဏာတို့သည်ကား။ဇှမာနိတိကိ၊ ဤသုံးပါးတို့တည်း။

တေန ဝုစ္စတိ သခိါရုပေက္ခာဉာဏံ မဇ္ဈေကလျာဏုပေက္ခာ ဟောတိ တိလက္ခဏသမ္မန္နာဂတ။

တေန၊ ထို့ကြောင့်။ သခိါရုပေက္ခာဉာဏံ၊ သခိါရုပေက္ခာဉာဏ်သည်။ မဇ္ဈေကလျာဏုပေက္ခာ၊ အလယ်၏ ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏၊ တိလက္ခဏသမ္မန္နာဂတ၊ သုံးပါးသော လက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇှတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်၊ အမည်ခံသော၊ သခိါရုပေက္ခာဉာဏ်တဘက်ကမ်းရောက်သော၊ ယောဂိပုဂ္ဂိုလ်၏၊ သခိါရုပေက္ခာဉာဏ်၊ ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညိအညွတ် ရှုမြဲနေပုံ။ ကိလေသာကို ပယ်ပုံ-ကိလေသာကို ပယ်သော ကိစ္စနှင့် ပြည့်စုံပုံ။ ဘာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ။ ဘာဝနာဖြူစင်ပုံ-ဘာဝနာညစ်ကြေးပုံ။ ဘာဝနာပြီးဆုံးပုံ-ဘာဝနာ မပြီးဆုံးပုံ။ အလုံးစုံကို၊ **အသေအချာမှတ်ဘို့ရာကား။**

ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်၊ အမည်ခံသော၊ သခိါရုပေက္ခာဉာဏ်နှင့်၊ပြည့်စုံသော ယောဂိပုဂ္ဂိုလ် ဟူသည်ကား၊ ယုတ်လည်း မယုတ်-လွန်လည်းမလွန်၊ အညိအမျိုရိယထောက်ပင့်သော အတိုင်းဖြစ်သော၊ ဝိပဿနာစိတ်ကို၊ တတြဲမစ္ဆတ္တုပေက္ခာအလိအားဖြင့်၊ ကောင်းစွာ အညိအညွတ်ရှုမြဲသာနေ၏။

ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ရှုပုံ-အညိအညွတ်ရှုမြဲနေပုံကား။

ဥပလက္ခဏာနည်းဖြင့် ပြသော သခိါရဋ္ဌ၊ ငါဟူ၍ မျှလည်းမယူ သူဟူ၍မျှလည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မမုန်း။ ဤသို့ မချစ်မမုန်း

ဟုရှုသောဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံတပြိုတည်း ပယ်လွှတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမစ္ဆရိယတို့ပေကွာ အလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍သာနေ၏၊ အညီအညွတ်ရှု၍ နေသောကာလ၊ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာပညာရွှေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အား ရှေးရှုထင်အောင်၊ ရှေ့ကာလက၊ ဆောင်၍ပြသော၊ ပါဠိဟာရိယပညာ၊ ကိလေသာကို ပယ်သောကိစ္စမရှိသောအလို၊ ဝိပဿနာပညာနှင့်၊ အသိလက္ခဏာ တူသောအလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကို ပယ်သောကိစ္စ၊ လွန်လည်းလွန်၏၊ ကိလေသာကိုပယ်လည်းပယ်၏။ ဝိပဿနာပညာရွှေ၊ ဘာဝနာချိန်ကျလည်းကျ၏။

တထာပဂ္ဂဟိတံ စိတ္တံ သာရုကံ အစ္ဆုပေက္ခတိ ဥပေက္ခာဝသေန။ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်-လွန်လည်းမလွန်၊ အညီအမျှ၊ ဝီရိယ ထောက်ပင့်သော အတိုင်းဖြစ်သော။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာဝသေန၊ တတြမစ္ဆရိယတို့ပေကွာ အလိုအားဖြင့်။ သာရုကံ၊ ကောင်းစွာ။ အစ္ဆုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဠိဟာရိယ ပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာ ပညိန္ဒြေသံ။ အဓိမတ္တံ၊ ကိလေသာကိုပယ်သောကိစ္စလွန်သည်။ ဟောတိ၊ ဖြစ်၏။

ကိလေသာကိုပယ်ပုံ-ကိလေသာကို ပယ်သော ကိစ္စနှင့်ပြည့်စုံပုံ-

ဝိပဿနာပညိန္ဒြေဘာဝနာချိန်ကျပုံကား။

ဥပလက္ခဏာနည်းဖြင့်ပြသောသခိါရဒွ၊ ငါဟူ၍မျှလည်းမယူ၊ သူဟူ၍မျှလည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မမုန်း။ ဤသို့ မချစ်မမုန်းဟုရှုသော ဉာဏ်အစဉ်၊ အလိုလို ထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်း မလွတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမစ္ဆရိယတို့ပေကွာ အလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍နေသောကာလ၊ ဝိပဿနာစိတ်-ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်-ကိလေသာကလွတ်မှ၊ မင်္ဂလာဆိုက်သော သခိါရုပေက္ခာဉာဏ်၏၊ အာဂမနီယဌာန၊ ဝိပဿနာပရိဝါသ်မှလည်းထ၊ လေးပါးသော အမည်ကိုလည်းရ၊ မင်္ဂဇင်္ဃားဖြစ်ပေါ်လာရာဌာနသို့ လည်းကျ။ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာ

ပညာနှင့်၊ ဘာဝနာချိန်ကျ၏။ ဝိပဿနာပညာနှင့်၊ ဘာဝနာချိန်ကျမှ၊ ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညာနှင့်၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အားရှေ့ရှုထင်အောင်၊ ရှေးကာလက၊ ဆောင်၍ပြသော၊ ပါဠိဟာရိယပညာ၊ ကိလေသာကို ပယ်သော ကိစ္စမရှိသော အလို၊ ဝိပဿနာပညာနှင့်၊ အသိလက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ကိလေသာကိုပယ်သောကိစ္စလွန်လည်းလွန်၏။ ကိလေသာကိုပယ်လည်းပယ်၏။ ဝိပဿနာပညာနှင့်၊ ဘာဝနာချိန်ကျလည်းကျ၏။

ဥပေက္ခာဝသေန နာနတ္တ ကိလေသေဟိ စိတ္တံ ဝိမုစ္စတိ။
ဝိမောက္ခဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ နာနတ္တ ကိလေသေဟိ၊ အထူးထူးသော ကိလေသာတို့မှ။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်သောအလိုအားဖြင့်။ ပညာဝသေန၊ ပါဠိဟာရိယ ပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာပညာဖြစ်သည်။ အဓိမတ္တံ၊ကိလေသာကိုပယ်သောကိစ္စ လွန်သည်။ ဟောတိ၊ ဖြစ်၏။

စာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ-**ဘာဝနာပြီးဆုံးပုံကား။**

ဥပလက္ခဏာနည်းဖြင့် ပြသောသဒ်ဂါရုဠှ၊ ငါဟူ၍မျှလည်းမယူ၊ သူဟူ၍မျှလည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မမုန်း။ ဤသို့ မချစ်မမုန်းဟုရှုသောဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပ်မိုတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ကောင်းစွာအညီအညွတ်ရှု၍နေသောကာလ။ ဝိပဿနာစိတ်၊ ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး၊ဇွန်အွေအားဖြင့် ၅-ပါး။ထို ၇-ပါးသေးတရားတို့သည်၊ကိလေသာမှလွတ်သောကိစ္စ၊တူကြကုန်၏။ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသော အနက်သဘောကြောင့်၊ ယောဂိပုဂ္ဂိုလ်၏ ဉာဏ်အား၊ လေးပါးသော ဘာဝနာတို့သည်၊ ပြည့်စုံချင်းသို့ရောက်ကြကုန်၏။

ဝိမုတ္တာတ္တာ တေ ဓမ္မာ ၎ကရသာ ဟောန္တိ၊ ၎ကရသဋ္ဌေန ဘာဝနာ။

ဝိမုတ္တာတ္တာ၊ ကိလေသာ၌ လွတ်သည်၏ အဖြစ်ကြောင့်။ တေဓမ္မာ၊ ထို ၇-ပါးသောတရားတို့သည်။ ၎ကရသာ၊ ကိလေသာမှ လွတ်သော ကိစ္စတူကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ၎ကရသဋ္ဌေန၊ ကိလေသာမှ လွတ်သော ကိစ္စ တူကြသောအနက်သဘောကြောင့်။ ယောဂိနော၊ ယောဂိပုဂ္ဂိုလ်၏။ ဉာဏာသ၊ ဉာဏ်အား။ ဘာဝနာ၊ လေးပါးသော ဘာဝနာတို့သည်။ ပါရိပူရိ'၊ ပြည့်စုံချင်းသို့။ ဂန္ထန္တိ၊ ရောက်ကြကုန်၏။

သခိါရုပေက္ခာဉာဏသ သမ္မာဒံသနာပရိယောသာနံ။ ပရိယောသာနသ ကတိ လက္ခဏာနိ။ ပရိယောသာနသ စတ္တာရိ လက္ခဏာနိ။

သခိါရုပေက္ခာဉာဏသ၊ သခိါရုပေက္ခာဉာဏ်၏။ သမ္မာဒံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ပရိယောသာနံ၊အဆုံးတည်း။ပရိယောသာနသ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာနသ၊အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ စတ္တာရိ၊ လေးပါးတို့တည်း။ ကတမာနိစတ္တာရိ၊ အဘယ်လေးပါးတို့နည်း။

ဝိပဿနာစိတ္တုပ္ပါဒိဒ္ဓိပါသော၊ သမာဓိ-ပညာ ၂-ပါးတို့တွင်၊ သမာဓိက-ပရိယုဋ္ဌာန်ကိလေသာကိုငြိမ်းသောကိစ္စ-သမထ။ ပညာက-အနုသယကိလေသာကိုပယ်သောကိစ္စ-ဝိပဿနာ။ ဤသမထ-ဤဝိပဿနာတရား ၂-ပါးတို့၏၊တပါးသည်တပါးကိုမလွန်ကြသော အနက်သဘောကလည်း-ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ။ဝိပဿနာစိတ္တုပ္ပါဒိဒ္ဓိပါသော၊ ဆန္ဒန္ဒြေ ၅-ပါးတို့တွင်၊ သဒ္ဓိန္ဒြေက-အသဒ္ဓိယကိလေသာမှလွတ်သောကိစ္စ။ ဝီရိယိန္ဒြေက-ကောသဇ္ဇကိလေသာမှလွတ်သောကိစ္စ။ သတိန္ဒြေက-ပမာဒကိလေသာမှလွတ်သောကိစ္စ။ သမာဓိန္ဒြေက-ဝိက္ခေပကိလေသာမှလွတ်သောကိစ္စ။ပညိန္ဒြေက-မောဟကိလေသာမှလွတ်သောကိစ္စ။ ဤသို့ ဆန္ဒန္ဒြေ ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသောအနက်သဘောကလည်း-ဘာဝနာ ပြီးဆုံးသောလက္ခဏာတပါး။ ။ဝိပဿနာစိတ္တုပ္ပါဒိဒ္ဓိပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး။

ဣန္ဒြေအားဖြင့် ၅-ပါး။ထို၇-ပါးသောတရားတို့၏၊ကိုယ်စိကိုယ်ငါ၊ကိလေသာမှ လွတ်သောကိစ္စ တူမျှအောင်၊ ဝိရိယ ရွက်ဆောင်သော အနက် သဘောကလည်း-ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ။ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဣန္ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့၏၊ ဥပါဒ်ခဏကို-ဌိခဏာက။ ဌိခဏကို ဘင်ခဏာက၊ အလေ့အလာတွင်သော အလိုအားဖြင့်၊ မှိုင်သော အနက် သဘောကလည်း—ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။

တတ္ထ ဇာတံနံ ဓမ္မာနံ အနတိဝတ္တနဋ္ဌေန သမ္မဟံသနာ။ ဣန္ဒြိယာနံ ဧကရသဋ္ဌေန သမ္မဟံသနာ။ တဒုပဂဝိရိယဝါဟာနဋ္ဌေန သမ္မဟံသနာ။ အာသေဝနဋ္ဌေန သမ္မဟံသနာ။

တတ္ထ၊ ထိုဝိပဿနာ စိတ္တုပ္ပါဒ်၌။ ဇာတာနံ၊ ဖြစ်ကြ ကုန်သော။ ဓမ္မာနံ၊ သမာဓိပညာတရား ၂-ပါးတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါး သည်တပါးကို၊ မလွန်သော အနက် သဘောကြောင့်လည်း။ သမ္မဟံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ဣန္ဒြိယာနံ၊ ဣန္ဒြေ ၅-ပါး တို့၏။ ဧကရသဋ္ဌေန၊ ကိလေသာမှလွတ်သောကိစ္စ တူကြသောအနက် သဘောကြောင့်လည်း။ သမ္မဟံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာ တပါး။ တဒုပဂ ဝိရိယဝါဟနဋ္ဌေန၊ ထို ၇-ပါးသော တရား တို့၏၊ ကိုယ်စိကိုယ်ငါ၊ ကိလေသာမှ လွတ်သော ကိစ္စတူမျှအောင်၊ ဝိရိယ ရွက်ဆောင်သော၊ အနက် သဘောကြောင့်လည်း။ သမ္မဟံ သနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ အာသေဝနဋ္ဌေန၊ မှိုင်သော အနက် သဘောကြောင့်လည်း။ သမ္မဟံသနာ၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာတပါး။

သခ်ိါရုပေက္ခာ ဉာဏသ သမ္မဟံသနာ ပရိယောသာနံ၊ ပရိယောသာနသ ဣမာနိ စတ္တာရိ လက္ခဏာနိ။

သခ်ိါရုပေက္ခာဉာဏသ၊ သခ်ိါရုပေက္ခာဉာဏ်၏။ သမ္မဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိ ယောသာနသ၊ အဆုံး၏။လက္ခဏာနိ၊လက္ခဏာတို့သည်ကား။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

တေန၊ ဝုစ္စတိ သခိါရုပေက္ခာဉာဏံ ပရိယောသာနကထျာ ဏာဠွေဝ ဟောတိ စတုလက္ခဏာ သမ္မန္နဳစ္စ။

တေန၊ ထို့ကြောင့်။ သခိါရုပေက္ခာ ဉာဏ်၊ သခိါရုပေက္ခာဉာဏ်သည်။ ပရိယောသာနကထျာဏာဠွေဝ၊ အဆုံး၏ ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုလက္ခဏာ သမ္မန္နဳစ္စ၊ လေးပါးသော လက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘာဝနာဖြိုစင်ပုံ-ဘာဝနာညစ်ကြေးပုံကား။

ထို ၄-ပါးသော ဘာဝနာ တို့တွင်၊ တပါး တပါးသော ဘာဝနာသည်ကား၊ သံကိလေသ ဘာဝနာ-ဝေါဒါန ဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသဘာဝနာမည်၏။ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ ဇာန်နှင့် ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသ ဘာဝနာ မည်၏။ ဇာန်နှင့် ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါန ဘာဝနာ မည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ ဝိရိယ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသ ဘာဝနာ မည်၏။ ဝိရိယ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါန ဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သော ကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသဘာဝနာ မည်၏။ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါနဘာဝနာမည်၏။

သံကိလေသ ဝေါဒါနေသူတို သမာဓိပညာနံ သမရသ တာယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ။ တထာသေသေသုပိ။

သံကိလေသ ဝေါဒါနေသူတိ၊ သံကိလေသ ဝေါဒါနေသု ဟူသည်ကား။သမာဓိပညာနံ၊ သမာဓိပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှ လွတ်သောကိစ္စတူမျှသည်၏ အဖြစ်ကို။ အကရဏံ၊ မပြုချင်းသည်ကား။ဘာဝနာယ၊ ဘာဝနာ၏။သံကိလေသော၊ ညစ်ကြေးချင်းတည်း။သမာဓိပညာနံ၊သမာဓိပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ တူမျှသည်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်းသည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ဝေါဒါနံ၊ဖြူစင်ချင်းတည်း။သေသသုဒ္ဓိ၊ အကြွင်းတို့ရှင်လည်း။ တထာ၊ ထို့အတူတည်း။

ဘာဝနာပြီးဆုံးပုံ—ဘာဝနာမပြီးဆုံးပုံကား။

ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ ၂-ပါးတို့တွင်၊ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသ ဘာဝနာ၌၊ ထိုထိုအပြစ်ကို။ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါန ဘာဝနာ၌၊ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ ဝိပဿနာ မရှုမီ-မရှုမီ၊ ရှေးအတိုကာလက၊ ပါဒိဟာရိယဉာဏ်ဖြင့်— ဥပလက္ခဏာနည်းဖြင့် ပြဿသဒ္ဓိရှိ၌၊ ငါဟူ၍မျှလည်းမယူ၊ သူဟူ၍မျှလည်းမယူ၊တူမျှသော စိတ်နှလုံး၊ မချစ်မမုန်း။ဤသို့ မချစ်မမုန်းဟု-ရှုသောဉာဏ်အစဉ်၊အလိုလို ထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍နေသောကာလ၊ဝိပဿနာစိတ်၊ ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်—ကိလေသာက လွတ်မှ၊ မဂ်သို့ မဆိုက်သော သဒ္ဓါရှုပေက္ခာဉာဏ်၏၊ အနာဂမနိယဋ္ဌာန၊ ဝိပဿနာပရိဝါသ်မှလည်းမထ၊ လေးပါးသော အမည်ကိုလည်းမရ၊ မဂ်ထင်ရှားဖြစ်ပေါ်လာရာဌာနသို့ လည်းမကျ။ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညာ၌၊ ဘာဝနာချိန်မကျချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ ညစ်ညူးချင်းကြောင့်၊ဘာဝနာပြီးဆုံးချင်းသို့မရောက်ဟု-ရှုကြည့်၍။ဥပလက္ခဏာနည်းဖြင့် ပြဿသဒ္ဓိရှိ၌၊ ငါဟူ၍မျှလည်းမယူ၊သူဟူ၍မျှလည်းမယူ၊တူမျှသောစိတ်နှလုံး၊မချစ်မမုန်း။ ဤသို့မချစ်မမုန်းဟု-ရှုသောဉာဏ်အစဉ်၊အလိုလို ထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ

အညီအညွတ်ရှိ၍နေသောကာလ၊ဝိပဿနာစိတ်၊ ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်-ကိလေသာကလွတ်မှ၊ မင်္ဂလိဆိုက်သော သခ်ါရုပေက္ခာ ဉာဏ်၏ အာဂမနိယဋ္ဌာန၊ ဝိပဿနာပရိဝါသ်မှလည်းထ၊ လေးပါး သောအမည်ကိုလည်းရ၊ မင်္ဂဆင်ရှားဖြစ်ပေါ်လာရာ ဌာနသို့လည်းကျ။ ကိလေသာကိုပယ်သောကိစ္စ၊ဝိပဿနာ ပညာ၌၊ ဘာဝနာချုံကျချင်း သည်ကား၊ ဝေါဒါနဘာဝနာမည်၏။ ဖြူစင်ချင်းကြောင့်၊ဘာဝနာပြီးဆုံး ချင်းသို့ ရောက်၏ဟု– ရှုကြသည်၍။ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသဘာဝနာကိုပယ်ထား၍။ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါန ဘာဝနာကိုသာပြီးစေတတ်သော၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး။ဇွန်အားဖြင့် ၅-ပါး။ထို ၇-ပါးသော တရားတို့၏၊တပါးသည် တပါးကိုမလွန်ချင်း အစရှိသော၊ အကြောင်အခြင်းအရာအားဖြင့်၊ သေးပါးသော အခြင်းအရာ၊ အကြောင်ဘာဝနာတို့သည်ဖြစ်ကြကုန်၏။ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသ ဘာဝနာကို ပယ်ထား၍။ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ ရောက်သော၊ ဝေါဒါနဘာဝနာကို သာပြီးစေတတ်သော၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဇွန်အားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့၏၊ တပါးသည် တပါးကိုမလွန်သော၊ ထိုအခြင်းအရောအားဖြင့်၊ဘာဝနာ၏ပြီးဆုံးချင်းသို့ ရောက်သည်၏အဖြစ်ကြောင့်၊ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟူသည်လည်း၊ ထိုပါဠိဟာရိယ ဉာဏ်ဖြင့်သာလျှင်၊ ဝိပဿနာ မရှုမီ-မရှုမီ၊ ရှေးအတို့ကာလက၊ သုခ်သင်၍ပြီးဆုံးသည်၏အဖြစ်ကြောင့်၊ဤဘာဝနာပြီးဆုံးသောအရာ၌၊ သုခ်သင်၍ပြီးဆုံးချင်းသည်ကား၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်း။ ဤသို့ပင်မဆိုသော်လည်း ဆိုသလို၊ ထိုလေးပါးသော အခြင်းအရာ၊ ဘာဝနာတို့သည်၊ အကြင့်ကြောင့်၊ ပြီးဆုံးကြကုန်၏။ ထို့ကြောင့်၊ ၇-ပါးသော တရားတို့၏၊ တပါးသည်တပါးကို မလွန်ချင်း အစရှိသော၊ ဘာဝနာပြီးဆုံးသော အလိုအားဖြင့်၊ ကိလေသာအညစ်အကြေးမတင်၊စင်ကြယ်ချင်းကိုပြုတတ်သော၊ဉာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းကို၊ သိအပ်၏ဟုဆို။

ဇဝမေတေသု သံကိလေသဝေါဒါနေသု တံတံ အာဒီနဝံ ဒေါသံ အာနိသံသံ ဂဏှံ ပုရေတရံ ပါဠိဟာရိယဉာဏေန

ဒိသွာ ယထာ အညမညာနတိဝတ္တနာဒယော ဟောန္တိ၊တထာ ဘာဝနာယ သမ္မဟံသိတတ္တာ၊ တေနေဝ ဉာဏေန ဝိသေဓိတတ္တာ ဝိသေဓနဥ္ဇတ္ထ သမ္မဟံသနံ တေအာကာရာ ယသ္မာ နိပ္ပန္နာ။ တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိဘာဝသာဓနေန ပရိ ယောဒါပကာသ ဉာဏာသ ကိစ္စနိပ္ပတ္တိဝသေန သမ္မဟံသနာ ဝေဒိတဗ္ဗာ။

ဧဝံ၊ဤသို့။ဧတေသု သံကိလေသဝေါဒါနေသု၊ထိုသံကိလေသဘာဝ နာ-ဝေါဒါနဘာဝနာ ၂-ပါးတို့၌။တံတံ အာဒီနဝံဒေါသံ၊ထိုထိုအပြစ်ကို။ တံတံအာနိသံသံဂဏှံ၊ ထိုထိုအကျိုးဂုဏ်အင်၊အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဋိဟာရိယဉာဏေန၊ ပါဋိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယထာ၊အကြောင်အခြင်းဖြင့်။ အညမညာနတိဝတ္တနာဒယော၊ အချင်းချင်းတပါးသည်တပါးကို မလွန်ချင်းအစရှိကုန်သော။ ယေအာ ကာရာ၊ အကြောင်-လေးပါးသော အခြင်းအရာ၊ ဘာဝနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ၊ ဘာဝနာ၏။ သမ္မဟံသိတတ္တာ၊ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ တေနေဝဉာဏေန၊ ထို ပါဋိဟာရိယဉာဏ်ဖြင့်သာလျှင်။ ဝိသေဓိတတ္တာ၊ သုဓ်သင်၍ ပြီးဆုံး သည်၏အဖြစ်ကြောင့်။ ဇ္ဈတ္တ၊ဤဘာဝနာပြီးဆုံးသောအရာ၌။ ဝိသေဓနံ၊ သုဓ်သင်၍ ပြီးဆုံးချင်းသည်ကား။ သမ္မဟံသနံ၊ ဘာဝနာ၏ပြီးဆုံးချင်း ပင်တည်း။ ဣတိ၊ဤသို့။အဝတ္တမ္ပိ၊ မဆိုသော်လည်း။ဝုတ္တံဝိယ၊ဆိုသလို။ တေအာကာရာ၊ထို ၄-ပါးသောအခြင်းအရာ၊ဘာဝနာတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။နိပ္ပန္နာ၊ပြီးဆုံးကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မာနံ၊ ခန္ဓပါးသောတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ တပါးသည် တပါးကို မလွန်ချင်းအစရှိသော၊ ဘာဝနာ ပြီးဆုံးသော အလိုအားဖြင့်။ ပရိယောဒါပကာသ၊ ကိလေသာအညစ်အကြေးမတင်၊စင်ကြယ်ချင်းကို ပြုတတ်သော။ ဉာဏာသ၊ ဉာဏ်၏။ ကိစ္စနိပ္ပတ္တိဝသေန၊ ကိလေသာကို ပယ်သောကိစ္စပြီးဆုံးသောအလိုအားဖြင့်။ သမ္မဟံသနာ၊ ဘာဝနာ၏ပြီး ဆုံးချင်းကို။ ဝေဒိတဗ္ဗာ၊သိအပ်၏။

ဤသည်ကား။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် အမည်ကို ခံသော၊ သခ်ါရ ပေက္ခာဉာဏ် တဘက်ကမ်း ရောက်သော ယောဂီပုဂ္ဂိုလ်၏၊ သခ်ါရပေက္ခာဉာဏ်၊ ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညီအညွတ်

ရှု၍နေပုံ။ ကိလေသာကိုပယ်ပုံ–ကိလေသာကို ပယ်သောကိစ္စနှင့် ပြည့်စုံပုံ–ဘဝနာကိုပွါးပုံ–ဘဝနာကိုပွါးသောကိစ္စနှင့်ပြည့်စုံပုံ။ ဘဝနာဖြစ်စေပုံ–ဘဝနာညစ်ကြေးပုံ။ ဘဝနာပြီးဆုံးပုံ–ဘဝနာ မပြီးဆုံးပုံ။ အလုံးစုံကို၊ အသေအချာမှတ်ဘို့ရာစကားရပ်၊ ဤတွင်ရွေ့အပြီးသတ်။

MHS000001

အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မာစရိယဓဇဂုရုဝရတေဇောဘိဝံသ

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ်~မြန်မာပြန်

အခြေခံများနှင့် တကွ စိစဉ်သုံးသပ်ခြင်း

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဓမ္မဒေသနာ ပြန့်ပျံရေးအဖွဲ့က
ပုံနှိပ်ထုတ်ဝေသည်။



ဒုတိယအကြိမ်

ဗုဒ္ဓသာသနာ-၂၅၅၆

ဂဃနဏ-၁၃၀၀

ဒုတိယအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ၊ ရန်ကုန်မြို့။

သာသနာ-၂၅၅၆

မုဠိတုကမျတာဉာဏ်ပြဆိုချက်

(၇၅၆) ၄၅။ ထိုမှတပါးသော ဉာဏ်ဖြစ်ပုံကား - ဤနိဗ္ဗဒါဉာဏ်ဖြင့် ငြီးငွေ့လျက် ပျင်းရိလျက် မပျော်မွေ့သော ဤအမျိုးသား၏ စိတ်သည် အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိ ခုနစ်ပါး သတ္တဝါသ ကိုးပါးတို့၌ တည်ကုန်သော (ခဏတိုင်းခဏတိုင်း) မပြတ်ပျက်စီးတတ်ကုန်သော သင်္ခါရတို့တွင် တခုသော သင်္ခါရ၌ သော်လည်း မကပ် မငြိ မတွယ်၊ အလုံးစုံသော သင်္ခါရ တရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိ၏၊ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။ အဘယ် ကဲ့သို့နည်း ဟူမူ....ဥပမာအားဖြင့် ပိုက်ကွန်အတွင်း၌ မိနေသောငါး၊ မြေ၏ ခံတွင်းသို့ ရောက်နေသောဖါး၊ လျှောင်အိမ်ချိုင့်၌ ထည့်ထားသော တောကြွက်၊ ခိုင်မြဲသော ကျောက်ကွင်းဖြင့် ဖွဲ့မိနေသော သမင်၊ မြေအလမ္ဗပါယ်ဆရာ၏ လက်သို့ ရောက်နေသောမြွေ၊ ကြီးစွာသော ညွှန်အိုင်၌ကျရောက်နေသောဆင်၊ [၂၈၉] ဂင်္ဂါမြစ်၏ ခံတွင်းသို့ ရောက်နေသော နဂါးမင်း၊ ရာဟု ခံတွင်းသို့ ဝင်ရောက်နေသောလ၊ ရန်သူတို့ ဝန်းရံထားသော ယောကျ်ား-ဤသို့ အစ ရှိသော ပုဂ္ဂိုလ်တို့သည် ထိုထို အနှောင်အဖွဲ့ ဘေးရန်မှ လွတ်မြောက် လိုကုန်သည်

သာလျှင် ထွက်မြောက်လိုကုန်သည်သာလျှင် ဖြစ်ကုန်သကဲ့သို့ ဤအတူပင် ထို ယောဂီ၏ စိတ်သည် အလုံးစုံသော သန်ဓါရ တရားအပေါင်းမှ လွတ်မြောက် ခြင်းငှာ အလိုရှိ၏ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။ ထိုအခါ၌ ဤဆိုခဲ့သည့် အတိုင်း အလုံးစုံသော သန်ဓါရတို့၌ တွယ်တာခြင်း ကင်းလျက် အလုံးစုံသော သန်ဓါရ တရား အပေါင်းမှ လွတ်ခြင်းငှာ အလိုရှိသော ထို ယောဂီအား **မုဉ္စိတုကမျတာဉာဏ်**သည် ဖြစ်ပေါ်၏။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

ပဋိသန်ဓါနုပဿနာဉာဏ်ပြဆိုချက်

(၇၅၇) ၄၆။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော ဘဝသုံးပါး ယောနိ လေးပါး ဂတိ ငါးပါး ဝိညာဏဌိတိ ခုနစ်ပါး သတ္တဝါသ ကိုးပါး၌ တည်ကုန်သော(ခဏတိုင်း ခဏတိုင်း) မပြတ် ပျက်စီးတတ်ကုန်သော သန်ဓါရ တို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသော ထို ယောဂီသည် အလုံးစုံသော သန်ဓါရ တရား အပေါင်းမှ လွတ်မြောက်ခြင်းငှာ ထိုသန်ဓါရ တရားတို့ကို ပင်လျှင် **ပဋိသန်ဓါနုပဿနာဉာဏ်** ဖြင့် လက္ခဏာသုံးပါး တင်၍ ဤဆို လတံ့သော အခြင်းအရာဖြင့် တဖန် သိမ်းဆည်း၏။

၄၇။ ထိုယောဂီသည် အလုံးစုံသော သန်ဓါရတို့ကို (၁)ပျက်ခြင်းဟူသော အဆုံးကို မလွန်နိုင်သော ကြောင့်၎င်း၊ (၂) အခိုက်အတန့်မျှ တည်သော ကြောင့်၎င်း၊ (၃) ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား အပ်သောကြောင့်၎င်း၊ (၄) အလွန် ပျက်သော ကြောင့်၎င်း၊ (၅) တုန်လှုပ်သော ကြောင့်၎င်း၊ (၆) ပျက်လွယ်သောကြောင့်၎င်း၊ (၇)မခိုင်ခံ့သောကြောင့်၎င်း၊(၈)ဖောက် ပြန်ခြင်း သဘောရှိသော ကြောင့်၎င်း၊ (၉) အနှစ် မရှိသောကြောင့်၎င်း၊ (၁၀)ကြီးပွား စည်ပင်ခြင်း ကင်းသောကြောင့်၎င်း၊ (၁၁)ပေါင်းစု၍ ပြုအပ် သောကြောင့်၎င်း၊ (၁၂) သေခြင်း သဘောရှိသောကြောင့်၎င်း-ဤသို့ အစ ရှိသောအကြောင်းတို့ကြောင့် **မမြဟု** ၍၏။

၄၈။ (၁) မပြတ်နှိပ်စက်သောကြောင့်၎င်း၊ (၂) မခံသာ သောကြောင့် ၎င်း၊ (၃) ဆင်းရဲ၏ တည်ရာ ဝတ္ထုဖြစ်သောကြောင့်၎င်း၊ (၄)စွဲကပ်နေသော

ရောဂါနှင့် တူသော ကြောင့်၎င်း၊(၅)အိုင်းအမာနှင့် တူသော ကြောင့်၎င်း၊ (၆) စူးဝင်နေသော ငြောင့်နှင့် တူသောကြောင့်၎င်း (၇) မကောင်းမှုနှင့် တူသောကြောင့်၎င်း၊ (၈) ဖျားနာမှုနှင့် တူသောကြောင့်၎င်း၊ (၉) ဘေးရန်နှင့် တူသော ကြောင့်၎င်း၊ (၁၀) ဥပဒ္ဒဝေါနှင့် တူသော ကြောင့်၎င်း၊ (၁၁)ဘေးနှင့်တူသောကြောင့်၎င်း၊ (၁၂) ကပ်ငြိသော အနှောက်အယှက်နှင့် တူသောကြောင့်၎င်း၊(၁၃)မစောင့်ရှောက်တတ်သောကြောင့်၎င်း၊(၁၄)ပုန်းအောင်းရာ မဟုတ် သောကြောင့်၎င်း၊ (၁၅) ကိုးကွယ်ရာ မဟုတ်သော ကြောင့်၎င်း၊ (၁၆) အပြစ်အာဒီနဝ ဖြစ်သောကြောင့်၎င်း၊ (၁၇)မကောင်းမှု၏ အမြစ် အရင်း ဖြစ်သောကြောင့်၎င်း၊ (၁၈) သူသတ် ယောကျ်ားနှင့် တူသောကြောင့်၎င်း၊ (၁၉) အာသဝေါ၏ အာရုံ ဖြစ်သောကြောင့်၎င်း၊ (၂၀) သူသတ် သမား-မာရ်တို့၏ သတ်စရာ အစာ ဖြစ်သောကြောင့် ၎င်း၊ (၂၁) ဖြစ်ခြင်း သဘော ရှိသောကြောင့်၎င်း၊ (၂၂)အိုခြင်းသဘော ရှိသော ကြောင့်၎င်း၊ (၂၃) နာခြင်း သဘောရှိသောကြောင့်၎င်း၊ (၂၄) စိုးရိမ်ဖွယ် သဘော ဖြစ်သောကြောင့်၎င်း၊ (၂၅)ငိုကြွေးဖွယ်သဘော ဖြစ်သောကြောင့် ၎င်း၊ (၂၆) ပြင်းစွာ ပူပန်ဖွယ် သဘောဖြစ်သောကြောင့်၎င်း၊ (၂၇) ကိလေသာတို့၏ စွဲမှီရာ အာရုံ သဘော ဖြစ်သောကြောင့်၎င်း-ဤသို့ အစ ရှိသော အကြောင်းတို့ကြောင့် **ဆင်းရဲဟု** ဆို၏။

၄၉။ (၁) မနှစ်မြို့ဖွယ် ဖြစ်သောကြောင့်၎င်း၊ (၂) မကောင်းသော အနှံ့ရှိသောကြောင့်၎င်း၊ (၃)စက်ဆုတ်ဖွယ် ဖြစ်သောကြောင့်၎င်း၊ (၄)နှံ့ရှာဖွယ် ဖြစ်သောကြောင့်၎င်း၊ (၅)တန်းဆာမဆင်ခြင်းဖြင့် တင့်တယ်မှု ပျက်စီးသောကြောင့်၎င်း၊ (၆) အဆင်းမလှသောကြောင့်၎င်း၊ (၇) အလွန်အမြင် ဆိုးသောကြောင့်၎င်း[1]-ဤသို့ အစ ရှိသော အကြောင်းတို့ကြောင့် ဒုက္ခ

မှတ်ချက်

၁- ဗီဘင်္ဂ-ပုဒ်သည် "စက်ဆုပ်ဖွယ်ဟူသောအနက် အရုပ်ဆိုးသည်ဟူသော အနက် အကြည့်တန်သည် ဟူသောအနက်" ဤသို့သောအနက်တို့ကို ဟော၏၊ ဤဥကား ရှေးအနက်မျှားနှင့်လည်း မထပ်စေရန် "အလွန် အမြင်ဆိုးသော"ဟု ပြန်လိုက်သည်။

လက္ခဏာ၏ အခြံအရံ ဖြစ်သော **အာသုဘ-မတင့်တယ်** သော အနေအား ဖြင့် ရှု၏။

၅၀။ (၁) ပြင်ပ သူစိမ်းဖြစ်သောကြောင့်၎င်း၊ (၂) အတ္တမှ ကင်းသော ကြောင့်၎င်း၊ (၃) အချည်းနှီး ဖြစ်သောကြောင့်၎င်း၊ (၄) အတ္တမှဆိတ် သုဉ်းသောကြောင့်၎င်း၊ (၅)ပိုင်ရှင်မရှိသောကြောင့်၎င်း၊(၆)အစိုးမရသော ကြောင့်၎င်း၊ (၇)အလိုအတိုင်း မဖြစ်သောကြောင့်၎င်း-ဤသို့ အစ ရှိသော အကြောင်းတို့ကြောင့် **အတ္တမဟုတ် အတ္တမရှိဟု** ရှု၏။

[၂၉၀] (၇၅၈) ၅၁။ ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သော ဤယောဂီ သည် လက္ခဏာသုံးပါးတင်၍ သခ်ၤါရတို့ကို ရှုအပ်ပြီးဖြစ်လေတော့၏။ ဤ ယောဂီသည် ထိုသခ်ၤါရတို့ကို အဘယ်ကြောင့် ဤသို့ သိမ်းဆည်းသနည်း ဟူမူ....သခ်ၤါရတို့ကို စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေ ခြင်းအကျိုးငှာ သိမ်းဆည်းပေသည်။ ထိုသို့သိမ်းဆည်းရာ၌ အောက်ပါမှာ ဥပမာပေတည်း-

ယောကျ်ားတယောက်သည် "ငါးဖမ်းအုံ"ဟု ကြံ၍ ငါးမြှုံးကို ယူ၍ ရေထဲ၌ ချလျက်ထောင်ထားသ့တတ်၊ ထိုယောကျ်ားသည် မြှုံးဝဖြင့် လက် ကို ချသွင်း၍ ရေထဲ၌ မြွေကို လံ့ပင်း၌ ကိုင်၍ "ငါသည် ငါးကို ဖမ်းမိပြီ" ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏၊ ထိုယောကျ်ားသည် "ကြီးစွာသောငါး ကို ငါ ရပေစ့တကား"ဟု ရေပေါ်သို့ မြှောက်တင်၍ ကြည့်လတ်သော် လည်ရေးသုံးဆင့်ကို မြင်သဖြင့် မြွေဟု သိရသောကြောင့် ကြောက်လန့်လျက် အပြစ်မြင်၍ ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့လျက် လွှတ်လိုသည်ဖြစ်၍ လွှတ်ခြင်း ၏ပြီးစီးကြောင်းနည်းလမ်းကို ပြုလျက် (မြွေရစ်ပတ်ထားသော) လက်ကို အမြီးမှစ၍ ဖြေပြီးလျှင် လက်ရုံးကို မြှောက်၍ ဓဒါင်းပေါ်၌ နှစ်ကြိမ် သုံး ကြိမ်(နှစ်ပတ်သုံးပတ်) ဝှေ့ရမ်းလှည့်ပတ်လျက် မြွေကိုအားနည်းအောင်ပြု၍ "သွားရောဟဲ့ မြွေဆိုး"ဟု စွန့်လွှတ်လိုက်ပြီးလျှင် လျင်မြန်သောအဟုန်ဖြင့် ကန်ဘောင်ရိုးပေါ်သို့ တက်၍ "အချင်းတို့ ကြီးစွာသောမြွေခံတွင်းမှ လွတ် မြောက်ပေပြီတကား"ဟု လာခဲ့ရာလမ်းကို မျှော်ကြည့်လျက် ရပ်တည်နေ လေ၏။

၅၂။ ထိုဥပမာ၌ ငါးဟုထင်မှတ်၍ မြွေကို လည်ပင်း၌ ဆုပ်ကိုင်လျက် ထိုယောကျ်ား၏ အားရဝမ်းမြောက်သောကာလကဲ့သို့ အတ္တဘောခန္ဓာကိုယ်ကိုရ၍ အစကတည်းကပင်လျှင် ဤ ယောဂိ၏ အားရဝမ်းမြောက်ခဲ့သောကာလကို မှတ်အပ်၏။ မြို့ဝမှ မြွေခေါင်းကို ထုတ်ဆောင်၍ လည်ရေးသုံးဆင့်ကို ထိုယောကျ်ား၏မြင်ခြင်းကဲ့သို့ ဤ ယောဂိ၏ ဃနပညတ်ကို ခွဲဖျက်ပြီးလျှင် သန်ဓရတို့၌ လက္ခဏာသုံးပါး ရှုမြင်ခြင်းကို မှတ်အပ်၏။ ထိုယောကျ်ား၏ ကြောက်ခဲ့သောကာလကဲ့သို့ ဤယောဂိ၏ ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သောဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ထိုနောင် (ထိုယောကျ်ား၏) အပြစ်မြင်ခြင်းကဲ့သို့ (ဤယောဂိ၏)အပြစ်မြင်သောအာဒီနဝါနုပဿနာဉာဏ်ကို မှတ်အပ်၏၊ (ထိုယောကျ်ား၏) မြွေကိုဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့ခြင်းကဲ့သို့ (ဤ ယောဂိ၏) ငြီးငွေ့လျက်ရှိသော နိဗ္ဗိဒါနုပဿနာဉာဏ်ကိုမှတ်အပ်၏၊ (ထိုယောကျ်ား၏) မြွေကိုလွှတ်လိုခြင်းကဲ့သို့(ဤ ယောဂိ၏) သန်ဓရတို့ကိုလွှတ်လိုလျက်ဖြစ်သော မုဉ္စိတုကမျတာဉာဏ်ကိုမှတ်အပ်၏၊ လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကို (ထိုယောကျ်ား၏) ပြုခြင်းကဲ့သို့ (ဤယောဂိ၏) တဖန်သိလျက် ရှိသော ပဋိသန်ါနုပဿနာ ဉာဏ်ဖြင့် သန်ဓရတို့၌ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏၊ထိုယောကျ်ားသည် မြွေကိုဝှေ့ရမ်းလှည့်ပတ်လျက် အားနည်းအောင်ပြု၍ ပြန်လှည့်၍မကိုက်နိုင်သည်၏အဖြစ်သို့ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့် လွှတ်လိုက်သကဲ့သို့ ထိုအတူ ဤ ယောဂိသည် လက္ခဏာသုံးပါး တင်ခြင်းဖြင့် သန်ဓရတို့ကို ဝှေ့ရမ်းလှည့်ပတ် (သကဲ့သို့ပြု) လျက်အားနည်းအောင်ပြု၍ မြဲသောအခြင်းအရာ ချမ်းသာသောအခြင်းအရာ တင့်တယ်သော အခြင်းအရာ အတ္တကောင်အခြင်းအရာ အား ဖြင့် တဖန်မထင်ပေါ်နိုင်သည်၏ အဖြစ်သို့ ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့်လွှတ်၏။ ထို့ကြောင့် "လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်းငှါ ဤသို့ သိမ်းဆည်းသည်" ဟု ငါဆိုခဲ့ပေသည်။

(၇၅၉) ၅၃။ ဤမျှ (အားထုတ်ခဲ့သော ဘာဝနာအစီအရင်)ဖြင့် ထိုယောဂိအား ပဋိသန်ါဉာဏ် ဖြစ်ပေါ်ပြီဟု မှတ်အပ်၏။ ယင်းပဋိသန်ါဉာဏ်ကိုရည်၍-

[၂၉၁] "မမြဲဟု နှလုံးသွင်းသော သူအား အဘယ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်သနည်း။ ဆင်းရဲဟု။အတ္တမဟုတ်ဟု နှလုံးသွင်းသော သူအား အဘယ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်သနည်းဟူမူ.... မမြဲဟု နှလုံးသွင်းသော သူအား (သန်ဂရ) နိမိတ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏၊ ဆင်းရဲဟု နှလုံးသွင်းသော သူအား မပြတ်ဖြစ်သော ဘဝအယဉ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏၊ အတ္တမဟုတ်ဟု နှလုံးသွင်းသော သူအား သန်ဂရ နိမိတ်ကိုဂင်း မပြတ်ဖြစ်သော ဘဝအယဉ်ကိုဂင်း တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်၏"ဟု-

ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ(အပ်)၏။

၅၄။ ဤ ပါဠိ၌ **နိမိတ်ကို တဖန်သိ၍** ဟူသည်ကား သန်ဂရ နိမိတ်ကို "မခိုင်မြဲ,အခိုက်အတန့်မျှသာ တည်သည်"ဟု အနိစ္စ လက္ခဏာ၏ အစွမ်းအားဖြင့် သိပြီး၍။ ဆက်၍ ရှင်းပြဦးအံ့-ရှေးဦးစွာ သိပြီး၍ ဉာဏ်သည် နောက်မှ ဖြစ်ပေါ်သည်ကား မဟုတ်ပေ၊ သို့သော်လည်း "စိတ်နှလုံးကိုဂင်း သဘော အာရုံတို့ကိုဂင်း စွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်ပေါ်၏"ဤသို့ အစရှိသောစကားတို့ ကဲ့သို့ ထိုအတူ ပြောရိုးပြောစဉ်၏ အစွမ်းအားဖြင့် ဆိုအပ်ပေသည်'။ တနည်းကား ဧကတ္တနည်း အရအားဖြင့် ရှေးပဋိသန်ဂ ဉာဏ်၏

မှတ်ချက်

၁- ပဋိ-တဖန်+သန်ဂ-သိ၍=ပဋိသန်ဂ-တဖန်သိ၍-ဟု သဒ္ဒါအစဉ် အတိအကျ ပြန်ထားသည်။ ထိုအတိအကျ အနက်သည် ရှေးဉာဏ်တို့ဖြင့် သိခဲ့ပြီးဖြစ်သော်လည်း ဤဉာဏ်ဖြင့် သိပြန်ခြင်းမှာ တဖန်သိခြင်းဖြစ်၍ သင့်လျော်သည် သာတည်း။သို့သော် ဤဉာဏ်တခုတည်း အရာ၌သာ အနက်အဓိပ္ပါယ်ယူလျှင် တဖန်ဟူသော အနက်သည် အကျိုးမရှိတော့ပေ၊ ထို့ကြောင့် အဋ္ဌကထာအဖွင့်၌ ပဋိ-တဖန်ဟူသောအနက်ကိုပယ်၍ ဇာနိတွာ-သိပြီး၍-ဟုသာလျှင် ဖွင့်ပြပေသည်။

၂- "မနောဒွါရနှင့် သဘောအာရုံတို့ကိုစွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်ပေါ်၏"ဟူရာ၌ စွဲမှီခြင်းဟူသော ရှေးကိရိယာနှင့် ဖြစ်ပေါ်ခြင်းဟူသော နောက်ကိရိယာသည် တချိန်တည်း တကာလတည်း ပြိုင်တူ

သိခြင်းကိုဂင်း နောက်ဥာဏ်၏ **ဖြစ်ခြင်း**ကိုဂင်း တပေါင်းတည်း ပြု၍ ဤသို့ဆိုသည်ဟု သိအပ်၏။ဤနည်းဖြင့် ဤမှတပါးသော ပုဒ် ၂-ခုဌ်လည်း အနက်ကို သိအပ်၏။

ပဋိသန်ဓေ နုပဿနာဥာဏ် ပြီး၏။

သန်ဓေရူပကမ္မာဥာဏ်ပြဆိုချက်

(၇၆၀) ၅၅။ ထိုယောဂီသည် ဤ ဆိုခဲ့သည့်အတိုင်း ပဋိသန်ဓေ နုပဿနာဥာဏ်ဖြင့် "အလုံးစုံသော သန်ဓေရတို့သည် (အတ္တမှ)ဆိတ်သုဉ်းကုန်၏" ဟု သိမ်းဆည်း ပြီးလျှင်[၁] တဖန်[၂] "ဤသန်ဓေရ တရား အပေါင်းသည် အတ္တ (အဖြစ်)မှ ၎င်း အတ္တ၏ဥစ္စာ(အဖြစ်)မှဂင်း ဆိတ်သုဉ်း၏"[၃]ဟု အဖို့ နှစ်ပါး

မှတ်ချက်

ပင်ဖြစ်၏၊ သို့သော် လောကဝေါဟာရအားဖြင့် "စွဲမှီ၍ ဖြစ်ပေါ်၏" ဟု ရှေးနောက်ကာလ ကွဲသကဲ့သို့ပင် ပြောဆို၏။ "နိမိတ်ကိုတဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏" ဟူသော ဤဒေသနာဌ်လည်း သိခြင်းဟူသော ရှေးကရိယာနှင့် ဖြစ်ပေါ်ခြင်းဟူသော နောက်ကိရိယာသည် တချိန်တည်း တကာလတည်း ပြိုင်တူပင်ဖြစ်၏၊ သို့သော် လောကဝေါဟာရ အားဖြင့် "သိ၍ ဖြစ်ပေါ်၏" ဟု ရှေးနောက်ကာလ ကွဲသကဲ့သို့ပင် ဟောထားသည်ဟု ဆိုလိုသည်။

၁- တပါးသောပုဒ် ၂-ခုဟူသည်မှာ "ဘဝအယဉ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏" ဟူသောဝါကျနှင့် "သန်ဓေရနိမိတ်ကိုဂင်း ဘဝအယဉ်ကိုဂင်း တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်၏" ဟူသော ဤဝါကျ ၂-ခုတို့ပင် ဖြစ်သည်။

၂-၃- သိမ်းဆည်းပြီးလျှင်တဖန်....သိမ်းဆည်းပြန်၏-ဟု စပ်ပါ။

၄- သန်ဓေရတရားအပေါင်းသည် "သာမိ-ခန္ဓာအိမ်၏ပိုင်ရှင်၊ နိဝါသီ-ခန္ဓာ အိမ်ထဲ၌ အမြဲတည်ရှိနေသူ၊ ကာရက-ပြုလုပ်တတ်သူ၊ ဝေဒက-ခံစားတတ်သူ" ဤသို့စသည်ဖြင့် ဗာလပုထုဇဉ်တို့ စွဲလမ်းထားသော အတ္တ၏ စွမ်းရည်သတ္တိ ဂုဏ်အင်္ဂါမှ ဆိတ်သုဉ်းသောကြောင့် အတ္တကောင်

နှင့်စပ်ဆိုင်သော ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြန်၏။ ထို ယောဂီသည် ဤသို့ သိမ်းဆည်း ခြင်းဖြင့် မိမိဟူသော အတ္တကိုလည်း မမြင် မူ၍သာလျှင်၊ မိမိ၏ အသုံးအဆောင် အခြံအရံအဖြစ်၌ တည်သော တစုံတခုသော သူတပါးကိုလည်း မမြင် မူ၍သာလျှင် တဖန် "အတ္တကောင်ဟု ခေါ်သော ငါသည် အဘယ်မှာမျှ မရှိ၊ တစုံတယောက်၏မျှ ကြောင့်ကြဖွယ်၏ အဖြစ်၌ မရှိ၊ (တစုံတယောက်၏မျှ တစုံတရာမျှ စပ်ဆိုင်သူမဟုတ်)၊ (သူတပါးဟူသော အတ္တကောင်သည်) အဘယ်မှာမျှ မရှိ၊ (ထိုသူတပါးသည်) တစုံတခုသော အကြောင်းကြောင့်မျှ ငါ၏ ကြောင့်ကြဖွယ်၏ အဖြစ်၌ မရှိ၊ (ငါ၏တစုံတရာမျှ စပ်ဆိုင်သူမဟုတ်)" ဟူ၍ ဤ (သုညတာ နုပဿနာ အရာ)၌ ဟောထားသောအဖို့ လေးပါးနှင့်စပ်ဆိုင်သော (အတ္တမှ)ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြန်၏။

မှတ်ချက်

လည်းမယုတ်၊ ထိုသို့သောအတ္တ၏ အစိတ်အပိုင်း အစွမ်းသတ္တိမဟုတ်သောကြောင့် အတ္တ၏ ဥစ္စာလည်းမဟုတ်၊ နှစ်ပါးစုံမှ ဆိတ်သုဉ်းသည်ဟု ဆိုလို၏။

၁- ၂- မမြင်မူ၍သည်သာလျှင် တဖန်....သိမ်းဆည်းပြန်၏-ဟု စပ်ပါ။

၃- ငါသည် တစုံတယောက်၏မျှ ကြောင့်ကြဖွယ်မဟုတ်၊ တစုံတယောက်၏မျှ ကြောင့်ကြဖွယ်ဖြစ်သော ငါကောင်မရှိ-ဟု ဆိုလို၏။

၄- ဤလက်သည်းကွင်းအတွင်းက ပြန်ဆိုချက်မှာ ကိဉ္စနတသ္မိ-၌ တ-အာဂုံယူ၍ ကိဉ္စန+အသ္မိ-ဟု ပုဒ်ဖြတ်ပြီးလျှင် တနည်းပြန်ဆိုသော အနက်ဖြစ်သည်။

၅- ငါ၏ ကြောင့်ကြဖွယ်မဟုတ်၊ ငါ၏ကြောင့်ကြဖွယ်ဖြစ်သော သူတပါးမည်သည်မရှိ-ဟု ဆိုလို၏။

၆- ဤ၌လည်း လက်သည်းကွင်းအတွင်းက ပြန်ဆိုချက်မှာ ကိဉ္စနတတ္ထိ-၌ တ-အာဂုံယူ၍ ကိဉ္စန+အတ္ထိ-ဟု ပုဒ်ဖြတ်ပြီးလျှင် တနည်းပြန်ဆိုချက်ပင်ဖြစ်သည်။

၇- အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ) ဆိတ်သုဉ်းပုံကို ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ စာမျက်နှာ ၂၁၄-၌ ကြည့်ပါ။

၅၆။ အဘယ်သို့နည်းဟူမူ....ဤယောဂိသည် ''**နာဟံကွစနိ-ငါသည် အဘယ်မှာမျှ မရှိ**'' ဟူသောပါဠိအရ တစုံတခုသောအရပ်၌မျှ မိမိကိုယ် (အတ္တ)ကို မမြင်။ ''**ကဿစိ ကိဉ္စနကသ္မိ-တစုံ တယောက်၏မျှ** ကြောင့်ကြဖွယ်၏ အဖြစ်၌မရှိ '' ဟူသော ပါဠိအရ မိမိ၏ကိုယ်ကို တစုံတယောက်သော သူတပါး၏ ကြောင့်ကြဖွယ်၏ အဖြစ်၌ ဆောင်ထားသင့်သည်ကိုမမြင်၊ ညီအစ်ကိုဟု ထင်မှတ်၍ ညီအစ်ကို၏အရာ၌သော်၎င်း သူဖယ်ချင်းမိတ်ဆွေဟု ထင်မှတ်၍ သူငယ်ချင်းမိတ်ဆွေ၏အရာ၌ သော်၎င်း အသုံးအဆောင်ဟု ထင်မှတ်၍ အသုံးအဆောင် အရာ၌သော်၎င်း ဆောင်ထားသင့်သည်ကို မမြင်-ဤကား ဆိုလိုသောအနက်။ ''**နစ မမကွစနိ-ငါ၏**

မှတ်ချက်

၁- ငါသည် အဘယ်မှာမျှ မရှိ-ဟု မြင်လျှင် မိမိကိုယ်ဟု ခေါ်သော အတ္တကောင်ကို တစုံတခုသောအရပ် တစုံတခုသောကာလ တစုံတခုသော တရားထဲ၌မျှ မမြင်တော့သည်သာ၊ သို့ဖြစ်၍ ဤ၌ ဆိုလိုသောအနက်ကို ဖွင့်ပြထားသည်။ သဒ္ဒါနက်အဖွင့်မဟုတ်။

၂- တစုံတယောက်၏မျှ ကြောင့်ကြဖွယ်၏ အဖြစ်၌ မရှိ-ကြောင့်ကြဖွယ် မဟုတ်-ဟု မြင်လျှင် တစုံတယောက်သောသူတပါး၏ ကြောင့်ကြဖွယ် အဖြစ်၌ ဆောင်ထားသင့် မှတ်ယူသင့်သည်ကို မမြင်တော့သည်သာ၊ သို့ဖြစ်၍ ဤ၌လည်း ဆိုလိုသောအနက်ကိုသာ ဖွင့်ပြထားသည်။

၃- မိမိကိုယ်သည် သူတပါး၏ ကြောင့်ကြဖွယ် မဟုတ်ဟုကို ဦးကာ၌ အောက်ပါအတိုင်း အနုသန္ဓေစပ်လျက် ဖွင့်ပြ၏။

''ဤဖန်ဆင်းသူသည် ဗြဟ္မာပေတည်း မဟာဗြဟ္မာပေတည်း ယ္ဟမ်းမိုးနိုင်သူပေတည်း အလွှမ်းမိုးမခံရသူပေတည်း စင်စစ်မြင်သူပေတည်း အလိုအတိုင်းဖြစ်စေနိုင်သူပေတည်း အစိုးရသူပေတည်း ပြုသူပေတည်း ဖန်ဆင်းသူပေတည်း အကြီးဆုံးအမြတ်ဆုံးပေတည်း စီရင်တတ်သူပေတည်း လေ့လာနိုင်နင်းသူပေတည်း ဖြစ်ပြီးဖြစ်ဆဲသတ္တဝါတို့၏ ဖခင်ကြီးပေတည်း'' ဤသို့စသည်ဖြင့် သာသနာအပြင်ပ တပါးသောသူတို့ကြံဆထားသည့်အတိုင်း ဗြဟ္မာ ထာဝရဘုရားစသော တစုံတယောက်၏ ကြောင့်ကြဖွယ်ဖြစ်သော မိမိဟူသော အတ္တကောင်ကို မမြင်-ဟု ပြလိုသောကြောင့် ''တစုံတယောက်မျှ၏'' စသည်ကို မိန့်ဆို၏။

အဘယ်မှာမျှမရှိ''ဟူသော်ငါ၌၌ ''မမ-ငါ၏''ဟူသောပုဒ်ကို ဖယ်ထား၍''**နစ ကွစနိ-အဘယ်မှာမျှမရှိ**''ဟူသောပါဠိ၏ အတ္ထကိုလည်း အဘယ်မှာမျှ [၂၉၂] မမြင်-ဤကား ဆိုလိုသောအနက်။ ယခုအခါ ဖယ်ထားခဲ့သော ''မမ-ငါ၏'' ဟူသောပုဒ်ကို ဆောင်ယူ၍ ''**မမ ကိသ္မိဉ္စိ ကိဉ္စနတ္ထိ**''-ဟူသော ပါဠိအရ သူတပါး၏ ထိုအတ္ထသည် ငါ၏ တစုံတခုသော ကြောင့်ကြဖွယ်၏အဖြစ်၌ ရှိသည်ဟု မမြင်၊ ညီအစ်ကိုဟု ထင်မှတ်၍ မိမိ၏ ညီအစ်ကိုအရာ၌သော့်ငင်း သူငယ်ချင်းမိတ်ဆွေဟု ထင်မှတ်၍ သူငယ်ချင်းမိတ်ဆွေ အရာ၌သော်ငင်း အသုံးအဆောင်ဟု ထင်မှတ်၍ အသုံးအဆောင် အရာ၌သော်ငင်း-ဤသို့ တစုံတခုသောအရာ၌ သူတပါး၏အတ္ထကို ဤ(မိမိ၏)ကြောင့်ကြဖွယ်၏အဖြစ်ဖြင့် ဆောင်သင့်ဆောင်ထိုက်သည်ကို မမြင်-ဤကား ဆိုလိုသောအနက်။ ဤသို့လျှင် ဤယောဂီသည် တစုံတခုသော အရပ် ကာလ တရားထဲ၌ မိမိကိုယ်ဟူသော အတ္ထကို မမြင်သည်သာတည်း။ ထိုမိမိကိုယ်ကို သူတပါး၏ ကြောင့်ကြဖွယ်အဖြစ်၌ ဆောင်သင့်ဆောင်ထိုက်သည်ကိုလည်း မမြင်သည်သာတည်း၊ သူတပါး၏အတ္ထကိုလည်း မမြင်သည်သာတည်း၊ သူတပါး၏ အတ္ထကို မိမိ၏ကြောင့်ကြဖွယ်အဖြစ်၌ ဆောင်သင့်ဆောင်ထိုက်သည်ကိုလည်း မမြင်သည်သာတည်း။ ထို့ကြောင့် ဤယောဂီသည် **အဖို့လေးပါးနှင့် စပ်ဆိုင်သော**(အတ္ထမှ)**ဆိတ်သုဉ်းခြင်း** ကို သိမ်းဆည်း(အပ်)ပြီး ဖြစ်လေ၏။

(၇၆၁) ၅၇။ ဤဆိုခဲ့သည့်အတိုင်း အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္ထမှ) ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်း** ကို သိမ်းဆည်းပြန်၏။ အဘယ်သို့နည်းဟူမူ...မျက်စိသည် အတ္ထ(အဖြစ်)မှ သော်ငင်း အတ္ထ၏ဥစ္စာ

မှတ်ချက်

အထက်ပါဋီကာဖြင့် ''ဤ၌ သူတပါးဟူသည်မှာ ညီအစ်ကိုစသည် မျှသာမဟုတ်၊ ဖန်ဆင်းတတ်သည်ဟု သာသနာအပြင်ပ ပုဂ္ဂိုလ်တို့ ယူဆထားသော ကမ္ဘာ့ပိုင်ရှင် ဘုရားသခင်လည်း ပါဝင်သည်''ဟု သိစေ၏။

(အဖြစ်)မှ သော်၎င်း မြဲခြင်းမှသော်၎င်း ခိုင်ခဲ့ခြင်းမှသော်၎င်း ထာဝရ တည်ရှိခြင်းမှသော်၎င်း မဖောက်ပြန်ခြင်းသဘောမှသော်၎င်း ဆိတ်သုဉ်း၏။ ပ။စိတ်နှလုံးသည် အတွက် (အဖြစ်)မှ သော်၎င်း....ဆိတ်သုဉ်း၏။ အဆင်းတို့ သည် အတွက်(အဖြစ်)မှ သော်၎င်း....ဆိတ်သုဉ်းကုန်၏။ပ။ သဘောအာရုံတို့ သည် အတွက်(အဖြစ်)မှ သော်၎င်း....ဆိတ်သုဉ်းကုန်၏။ မြင်သိမှု-စက္ခုဝိညာဏ် သည်။ပ။ ကြံသိမှု-မနောဝိညာဏ်သည်။ မြင်တွေ့မှု-စက္ခုသမ္ဖဿသည်-ဤသို့ အစရှိသောနည်းဖြင့် အိုခြင်း သေခြင်း-ဇရာမရဏတိုင်အောင် သိမ်းဆည်းပုံ နည်းကို ဆောင်၍ သိအပ်၏။

(၇၆၂) ၅၈။ ဤဆိုခဲ့သည့်အတိုင်း ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **ရှစ်ပါးသောအခြင်းအရာ တို့ဖြင့်** သိမ်းဆည်းပြန်၏။ သိမ်းဆည်းပုံကား....ရုပ်သည် မြဲသောအနှစ် ဟူသော အနှစ်အားဖြင့်၎င်း ခိုင်ခဲ့သော အနှစ်ဟူသော အနှစ်အားဖြင့်၎င်း ချမ်းသာသော အနှစ်ဟူသော အနှစ်အားဖြင့်၎င်း အတ္တကောင် အနှစ်ဟူ သော အနှစ်အားဖြင့်၎င်း မြဲခြင်းဖြင့်၎င်း ခိုင်ခဲ့ခြင်းဖြင့်၎င်း အမြဲတန်း တည်ရှိခြင်းဖြင့်၎င်း မဖေါက်ပြန်ခြင်း သဘောအားဖြင့်၎င်း အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်း၏။ ဝေဒနာသည်။ သညာသည်။သင်္ခါရတို့သည်။ဝိညာဏ် သည်။ မျက်စိသည်။ပ။ အိုခြင်းသေခြင်းသည် မြဲသောအနှစ်ဟူသော အနှစ် အားဖြင့်၎င်း။ပ။ မဖေါက်ပြန်ခြင်းသဘောအားဖြင့်၎င်း အနှစ်မဟုတ် အနှစ် မရှိ အနှစ်ကင်း၏။ ဥပမာအားဖြင့် ကျူသည် အနှစ်မဟုတ် အနှစ်မရှိ အနှစ် ကင်းသကဲ့သို့၎င်း။ကြက်ဆူသည်။ ရေသဖန်းသည်။ ရေခဲတက်ဖြူသည်။ပေါက် ပင်သည်။ ရေမြူပ်စိုင်သည်။ ရေပွက်သည်။ တံလှပ်သည်။ ငှက်ပျောတုံးသည်။ မျက်လှည့်(ပြအပ်သောအရာ)သည် အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသကဲ့ သို့၎င်း ဤအတူပင် ရုပ်သည်။ပ။အိုခြင်း သေခြင်းသည် မြဲသောအနှစ်ဟူသော အနှစ်အားဖြင့်၎င်း။ပ။ မဖေါက်ပြန်ခြင်းသဘောအားဖြင့်၎င်း အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသည်ဟု သိမ်းဆည်း၏။

[၂၉၃] (၇၆၃) ၅၉။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ရှစ်ပါး သော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန်

ဆယ်ပါးသောအခြင်းအရာတို့ဖြင့် သိမ်းဆည်းပြန်၏။ (သိမ်းဆည်းပုံကား) ရုပ်ကို(အနှစ်မှ)ကင်းသည်ဟု ရှု၏။ အချည်းနှီးဟု။ ဆိတ်သုဉ်းသည်ဟု။ အတ္တမဟုတ်ဟု။ အစိုးမရဟု[1]။ အလိုရှိတိုင်းမပြုနိုင်ဟု[2]။ တောင့်တတိုင်းမရနိုင်ဟု[3]။ အလိုအတိုင်းမဖြစ်ဟု။ ပြင်ပသူစိမ်းဟု။ ကင်းဆိတ်သည်ဟု[4]ရှု၏။ ဝေဒနာကို။ပ။ ဝိညာဏ်ကို (အနှစ်မှ) ကင်းသည်ဟု။ပ။ ကင်းဆိတ်သည်ဟု ရှု၏။

မှတ်ချက်

၁- ရုပ်သည် မိမိက အစိုးမရဟူ၍ငင်း မိမိကိုသူတပါးက အစိုးမရဟူ၍ငင်း ဆိုလိုသည်။

၂။ ရေမြုပ်စိုင်ဖြင့် အိုးခွက်စသည်ကို ပြုလိုသူအား ထိုကိစ္စမပြီးသကဲ့သို့ ရုပ်ကိုမြဲစေရန် စသည်ကိုပြုလိုသူအား ထိုကိစ္စမပြီးစီးနိုင်၊ ထို့ကြောင့် အလိုရှိတိုင်းမပြုနိုင်ဟုဆိုသည်။ တနည်းကား မိမိအလိုမျှဖြင့် တစုံတခုသော ပြုလုပ်ခြင်းမျှ မပြီးစီးနိုင်၊ အကြောင်းညီညွတ်မှသာလျှင် ပြုလုပ်ခြင်းပြီးစီးနိုင်သည်၊ထို့ကြောင့်လည်း အလိုရှိတိုင်းမပြုနိုင်ဟု ဆို၏။

၃- "ငါ၏ရုပ်သည် ဤသို့ကောင်းကောင်းချည်းဖြစ်ပါစေ၊ ဤသို့ ဆိုးဆိုးကား မဖြစ်ပါစေလင့်"ဟု တောင့်တ၍ မရနိုင်ဟု ဆိုလို၏။

၄- စာမျက်နှာ ၁၃၅-စာပိုဒ် ၇၁-၌-"အကျိုးဝိပါက်ထဲ၌ အကြောင်းကံသည်မရှိ၊ အကြောင်းကံထဲ၌လည်း အကျိုးဝိပါက်သည်မရှိ၊ ကံနှင့် ဝိပါက်နှစ်ပါးတို့သည် အချင်းချင်းမှ ဆိတ်သုဉ်းကုန်၏၊ သို့သော် အကြောင်းကံနှင့် ကင်းရှိလည်း အကျိုးသည်မဖြစ်နိုင်"ဟု ပြဆိုခဲ့သည့် အတိုင်း ကံနှင့်ဝိပါက်သည် အချင်းချင်းမှ ကင်းဆိတ်နေသကဲ့သို့ ရုပ်သည် မိမိ၏အကြောင်းမှငင်း မိမိ၏အကျိုးမှငင်း ကင်းဆိတ်နေသည်ဟု ဆိုလို၏၊ မှန်ပေ၏-အကျိုးတရားသည် အကြောင်းတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက် မြုံအောင်းလျက် တည်သည်မဟုတ်၊အကြောင်းတရားသည်လည်း အကျိုးတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက် မြုံအောင်းလျက် တည်နေသည်လည်း မဟုတ်ပေ။

(၇၆၄) ၆၀။ ဤဆိုခဲ့သည့်အတိုင်း ဆယ်ပါးသောအခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **တဆယ့် နှစ်ပါးသော အခြင်းအရာတို့ဖြင့်** သိမ်းဆည်းပြန်၏။ သိမ်းဆည်းပုံကား.... ရုပ်သည် သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ လူမဟုတ်၊ လုလင်မဟုတ်၊ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်၊ အတ္တမဟုတ်၊ အတ္တ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်၊ သူတပါး၏ဥစ္စာမဟုတ်၊ တစုံတယောက်၏မျှ ဥစ္စာမဟုတ်။ ဝေဒနာသည်။ပ။ ဝိညာဏ်သည် သတ္တဝါမဟုတ်။ပ။ တစုံတယောက်၏မျှ ဥစ္စာမဟုတ်ဟု ရှု၏။

(၇၆၅) ၆၁။ ဤဆိုခဲ့သည့်အတိုင်း တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် တိရဏပရိညာ၏ အစွမ်း

မှတ်ချက်

၁- ရုပ်သည် လောကဝေါဟာရ ပြောရိုးဆိုစဉ်အားဖြင့် ခေါ်ဝေါ်နေသော သတ္တဝါမဟုတ်ဟူ၍ကား မဆိုလို၊ အဘယ်ကြောင့်နည်းဟူမူ.... ရုပ်သည် ထိုပြောရိုးဆိုစဉ်ဖြစ်သော သတ္တဝါမဟုတ် ဟူသောအနက်သည် အလိုလိုပင် ပြီးစီးထင်ရှားသောကြောင့်ပေတည်း။ မှန်ပေ၏- ရုပ်မျှကို သတ္တဝါဟု လူများက ခေါ်ဝေါ်သည်မဟုတ်ပေ။ အမှန်အားဖြင့်မူကား ရုပ်သည် သာသနာပဗုဒ္ဓါလ်တို့ ကြံဆထားသောအတ္တဟု ခေါ်သော သတ္တဝါမဟုတ်ဟူ၍သာ ဆိုလိုပေသည်။ လူမဟုတ် လုလင်မဟုတ် မိန်းမမဟုတ် ယောကျ်ားမဟုတ် ငါမဟုတ်ဟု ရှုရာတို့၌လည်းနည်းတူပင် အတ္တကောင်မဟုတ်သည်ကိုသာ ဆိုလိုသည်ဟုမှတ်ပါ။

၂- ဤအရာတွင် ဝိသုဒ္ဓိမဂ်၏မှီရာ မူလကျမ်းရင်းဖြစ်သော စူဠနိဒ္ဒေသပါဠိတော်၌ "နကောစိ-တစုံတယောက်မျှမဟုတ်" ဟု ပါဠိရှိ၏၊ သတိပဋ္ဌာနသုတ်အဖွင့်အဋ္ဌကထာတို့၌လည်း ထိုအတူပင် ဤအရာ၌ "နကောစိ-တစုံတယောက်မျှ မဟုတ်" ဟုရှိ၏။ ဤ၌ရှိသော "သူတပါး၏ဥစ္စာမဟုတ်" ဟူသောအနက်သည် အခြားမဲ့၌ ဆိုလတံ့သော "တစုံတယောက်မျှ၏ ဥစ္စာမဟုတ်" ဟူသော ရှုံ့၌ အတွင်းဝင်နေသောကြောင့် "နကောစိ-တစုံတယောက်မျှမဟုတ်" ဟူသောပါဠိသာလျှင် သာ၍သင့်ပေ၏။

အားဖြင့် **လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို** သိမ်းဆည်းပြန်၏။ သိမ်းဆည်းပုံကား....ရုပ်ကို မမြဲဟု ရှု၏။ဆင်းရဲဟု။ ရောဂါဟု။ အိုင်းအမာဟု။ ငြောင့်ဟု။ မကောင်းမှုဟု။ အဖျားအနာဟု။ ပြင်ပသူစိမ်းဟု။ အလွန်ပျက်သည်ဟု။ (၁၀) ဘေးရန်ဟု။ ဥပဒ္ဒဝေါဟု။ ကြောက်ဖွယ်ဘေးဟု။ ငြိကပ်သော အနှောင့်အယှက်ဟု။ တုန်လှုပ်သည်ဟု။ ပျက်သွယ်သည်ဟု! မခိုင်မာဟု။ မစောင့်ရှောက်တတ်ဟု။ ပုန်းအောင်းရာ မဟုတ်ဟု။ ဘေးကို မပယ်သတ်တတ်ဟု။ (၂၀) ကိုးကွယ်ရာ မဟုတ်ဟု။ အတ္တမှ ကင်းသည်ဟု။ အချည်းနှီးဟု။ ဆိတ်သုဉ်းသည်ဟု။ အတ္တမဟုတ်ဟု။ သာယာဖွယ်မဟုတ်ဟု'။ အပြစ်ဟု။ ဖောက်ပြန်ခြင်းသဘောရှိသည်ဟု။ အနှစ်မရှိဟု။ မကောင်းမှု၏ အမြစ်အရင်းဟု။ (၃၀) သတ်တတ်သည်ဟု။ ကြီးပွားစည်ပင်ခြင်း ကင်းသည်ဟု။ အာသဝေါတရားတို့၏ အာရုံဟု။ ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားဟု။ သူသတ်သမား-မာရ်တို့၏ သတ်စရာ အစာဟု။ ဖြစ်ခြင်း သဘော ရှိသည်ဟု။ အိုခြင်း သဘော ရှိသည်ဟု။ နာခြင်း သဘော ရှိသည်ဟု။ သေခြင်းသဘော ရှိသည်ဟု။ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပူပန်ခြင်း သဘော ရှိသည်ဟု။ (၄၀) ဖြစ်ခြင်းအားဖြင့်၊ ချုပ်ခြင်းအားဖြင့်။ သာယာဘွယ် အဿာဒ အားဖြင့်။ အပြစ်

မှတ်ချက်

၁- အနိစ္စတော-ပုဒ်ကို မမြဲသောအားဖြင့်ဟူ၍၎င်း မမြဲသည့်အနေအားဖြင့်ဟူ၍၎င်း မမြဲသောအခြင်းအရာအားဖြင့် ဟူ၍၎င်း-ဤသို့လည်း ပြန်ဆိုသင့်၏၊ သို့သော်လည်း ဤဋ္ဌကား စကားတိုတိုနှင့် ပြီးစေရန် "မမြဲဟု"ဟူ၍ ပြန်ဆိုလိုက်၏။ ဆင်းရဲဟု ရောဂါဟု စသည်တို့ဋ္ဌလည်း ဤနည်းပင်မှတ်ပါ။

၂- "အနဿာဒတော-သာယာဖွယ်မဟုတ်"ဟူသော ဤပုဒ်သည် ပါဠိတော်၌မရှိ၊ ဤပုဒ်နှင့်တကွဆိုလျှင် အခြင်းအရာ လေးဆယ့်နှစ်ပါးမဟုတ်ပဲ လေးဆယ့်သုံးပါးဖြစ်ရာ၏ဟု ဋီကာ၌ဆို၏၊ ထို့ကြောင့် ဤပုဒ်ကို အပိုဟု မှတ်ရာ၏။

အာဒီနဝ အားဖြင့်။ ထွက်မြောက်ခြင်း အားဖြင့် ရှု၏။ ဝေဒနာကို။ ပ။ ဝိညာဏ်ကို မမြဲသော အားဖြင့်။ ပ။ ထွက်မြောက်ခြင်းအားဖြင့် ရှု၏။

၆၂။ မှန်ပေ၏-ရုပ်ကို မမြဲသော အားဖြင့်။ ပ။ ထွက်မြောက်ခြင်း အားဖြင့် ရှုသော သူသည် ခန္ဓာ ငါးပါး ဟူသော လောကကို ဆိတ်သုဉ်း သော အားဖြင့် ရှုသည် မည်၏။ ဝေဒနာကို။ ဝိညာဏ်ကို မမြဲသောအားဖြင့်။ ပ။ ထွက်မြောက်ခြင်း အားဖြင့် ရှုသော သူသည် ခန္ဓာငါးပါး ဟူသော လောကကို ဆိတ်သုဉ်းသော အားဖြင့် ရှုသည် မည်၏။

၆၃။ မောဃရာဇရသေ့၊ သင်သည် အခါခပ်သိမ်း အမှတ်ရသည်ဖြစ်၍ (ခန္ဓာအစရှိသော) လောကကို (အတ္တမှ) ဆိတ်သုဉ်းသောအားဖြင့် ရှုလော့၊ ဤသို့ရှုလျှင် အတ္တသို့အစဉ်လိုက်သော အမြင်မှားကို ပယ်နုတ်၍ သေခြင်းကိုကျော်လွန်နိုင်၏၊ လောကကို ဤသို့ (ဆိတ်သုဉ်းသောအားဖြင့်) ရှုမြင်သောသူကို သေမင်းသည် မတွေ့မမြင် တော့ပြီ-ဟူသော-

ဤစကားကို ဟောတော်မူ၏။

[၂၉၄] (၇၇) ၆၄။ ဤဆိုခဲ့သည်အတိုင်း ဆိတ်သုဉ်းသော အားဖြင့် ရှုလျက် လက္ခဏာသုံးပါးတင်၍ သခ်ါရတို့ကို သိမ်းဆည်းသောယောဂီသည်

မှတ်ချက်

၁-ဤအာဒီနဝအခြင်းအရာမှာ ရှေးဦးဆိုခဲ့ပြီးဖြစ်သော်လည်း(၁)သမုဒယ-ဖြစ်ခြင်း၊ (၂) အတ္ထင်္မ-ချုပ်ခြင်း၊ (၃) အဿာဒ-သာယာဖွယ်၊ (၄) အာဒီနဝ-အပြစ်၊(၅)နိဿရဏ-ထွက်မြောက်ခြင်းဟူသော ဤဒေသနာ အစဉ်အရ ထပ်၍ဆိုထားသည်။ထို့ကြောင့် ၎င်းအာဒီနဝကို ရှေးအာဒီနဝနှင့်ပေါင်း၍ လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ကို ရေတွက်ရာ၏။

၂- ဤဦလည်း အနိစ္စတော-ပုဒ်ကို မမြဲသည့်အနေအားဖြင့် မမြဲသော အခြင်းအရာအားဖြင့် မမြဲဟု ဤသို့လည်း ပြန်ဆိုနိုင်၏။

၃- အတ္တာနုဒိဋ္ဌ-အတ္တသို့အစဉ်လိုက်သော အမြင်မှားဟူသည်မှာ သက္ကာယဒိဋ္ဌပင်တည်း။

ကြောက်ခြင်းကိုဎင်း နှစ်သက်ခြင်းကိုဎင်း ပယ်၍ သန်ါရတို့၌ လျစ်လျူရှု လျက် အလယ်အလတ် သဘောရှိသည်သာလျှင် ဖြစ်လေ၏၊ ငါဟူ၍ဎင်း ငါ၏ဥစ္စာဟူ၍ဎင်း မစွဲလမ်းတော့ပြီ၊ အဘယ်ကဲ့သို့နည်းဟူမူ .... မယားကို စွန့်လွှတ်ပြီးသော ယောကျ်ားကဲ့သို့တည်း။

၆၅။ ဥပမာအားဖြင့် ယောကျ်ားတယောက်အား လိုလားနှစ်သက်အပ် မြတ်နိုးအပ်သော မယားသည် ရှိ၏၊ ထိုယောကျ်ားသည် ထိုမယားဖြစ်သူ နှင့် ခွဲခွါ၍ တမူဟုတ်မျှသော်လည်း နေခြင်းငှါ မစွမ်းနိုင်ရာ၊ ထိုမယား ဖြစ်သူကို အလွန်ပင်မြတ်နိုးရာ၏၊ ထိုယောကျ်ားသည် မယားဖြစ်သော ထို မိန်းမကို တပါးသောယောကျ်ားနှင့် အတူတကွ ရပ်နေသည်ကိုဖြစ်စေ ထိုင် နေသည်ကိုဖြစ်စေ ပြောဆိုနေသည်ကိုဖြစ်စေ ရယ်ရွှင်နေသည်ကိုဖြစ်စေ မြင် လျှင် အမျက်ထွက်လျက် နှလုံးမသာဖြစ်ရာ၏၊ အတိုင်းထက်အလွန် နှလုံး မသာခြင်း စိတ်ဆင်းရဲကို ခံစားရရာ၏။ ထိုယောကျ်ားသည် အခါတပါး၌ မယားဖြစ်သော ထိုမိန်းမ၏ အပြစ်ဒေါသကိုမြင်သောကြောင့် (ထိုမိန်းမမှ) ကင်းလွတ်လိုသည်ဖြစ်၍ ထိုမိန်းမကို ကွာရှင်းစွန့်လွှတ်လိုက်ရာ၏၊ ထိုမိန်းမကို ငါ၏မယားဟူ၍ မမှတ်ယူတော့ဘဲ ရှိလေရာ၏၊ ထိုအခါမှစ၍ ထိုမိန်းမသည် တစုံတယောက်သော ယောကျ်ားနှင့် အတူတကွ တစုံတခုသော အမှုကို ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လည်း အမျက်မထွက်တော့လေရာ၊ နှလုံး မသာခြင်းသို့ မရောက်တော့လေရာ၊ . . စင်စစ်အားဖြင့် လျစ်လျူရှုလျက် အလယ်အလတ်သဘော ရှိသည်သာလျှင် ဖြစ်လေရာ၏၊ ထို့အတူပင် ဤ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သန်ါရတို့မှ လွှတ်မြောက်လိုသည် ဖြစ်၍ ပဋိသန်ါနုပဿနာဖြင့် သန်ါရတို့ကို သိမ်းဆည်းလျက် ငါဟူ၍ဎင်း၊ ငါ၏ ဥစ္စာ ဟူ၍ဎင်း မှတ်ယူဖွယ်ကို မမြင်သောကြောင့် ကြောက်ခြင်းကိုဎင်း၊

မှတ်ချက်

၁-လက်ဖျစ် ၁၀-တွက်သည် ၁-ခဏမည်၏၊ ၁၀-ခဏသည် ၁-လယမည်၏၊ ၁၀-လယသည် ၁-ခဏလယမည်၏၊ ၁၀-ခဏလယသည် ၁-မုဟုတ်မည်၏။ မြန်မာဝေါဟာရအားဖြင့် တအောင့်လောက်, တခဏလောက်ဟု ပြောဆိုလေ့ရှိ၏။

နှစ်သက်ခြင်းကိုဂုဏ် ပယ်စွန့်၍ အလုံးစုံသော သန်ဓါရတို့၌ လျစ်လျူရှုလျက် အလယ်အလတ်သဘော ရှိသည်သာလျှင် ဖြစ်လေတော့၏။

၆၆။ ဤသို့သိလျက် ဤသို့မြင်သော ထိုယောဂီ၏စိတ်သည် သုံးပါးသော ဘဝတို့၌ဂုဏ်း၊ လေးပါးသော ယောနိတို့၌ဂုဏ်း၊ ငါးပါးသော ဂတိတို့၌ဂုဏ်း၊ ခုနစ်ပါးသော ဝိညာဏဌိတိတို့၌ဂုဏ်း၊ ကိုးပါးသောသတ္တဝါသတို့၌ဂုဏ်း တွန့်၏ ရှုံ့၏ ပြန်နစ်၏ ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည် သော်ဂုဏ်း၊ စက်ဆုပ်သည်၏အဖြစ် (စက်ဆုပ်ခြင်း) သည်သော်ဂုဏ်း ကောင်းစွာတည်၏။

ဥပမာအားဖြင့် စဉ်းငယ် ကိုင်းရှိုင်းသော ကြာဖက်ပေါ်၌ ရေပေါက်တို့သည် တွန့်ကုန် ရှုံ့ကုန် ပြန်နစ်ကုန်လျက်ပြန့်၍မသွားကုန်သကဲ့သို့ ထို့အတူပင်လျှင် ။ပ။ တနည်းဥပမာအားဖြင့် မီးထဲ၌ ထည့်လိုက်သော ကြက်တောင်သည်ဂုဏ်း၊ အကြောတုံးသည်ဂုဏ်း တွန့်လျက် ရှုံ့လျက် ပြန်နစ်လျက် ပြန့်၍မသွားသကဲ့သို့ ထို့အတူပင်လျှင် ထိုယောဂီ၏စိတ်သည် သုံးပါးသောဘဝတို့၌ဂုဏ်း ။ပ။ ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည်သော်ဂုဏ်း၊စက်ဆုပ်သည်၏ အဖြစ်သည်သော်ဂုဏ်း ကောင်းစွာတည်၏။ဤသို့ဖြစ်လျှင် ထိုယောဂီအား သန်ဓါရတို့၌ လျစ်လျူရှုသောကြောင့် **သန်ဓါရုပေက္ခာ** မည်သော ဉာဏ်သည် ဖြစ်ပြီဟု သိအပ်၏။

(၇၆၇) ၆၇။ ထိုသန်ဓါရုပေက္ခာမည်သော ဤဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မြင်ငြားအံ့၊(ထိုသို့မြင်လျှင်)အလုံးစုံသော သန်ဓါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်-အငြိမ်းဓာတ် သို့သာလျှင် ပြေးဝင် သွား၏။ နိဗ္ဗာန်- အငြိမ်းဓာတ်ကို

မှတ်ချက်

၁- ထိုထိုသန်ဓါရအာရုံတို့၌ ပျော်မွေ့သည်၏ အစွမ်းအားဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြေးဝင်မသွားဟူ၍ဆိုလိုသည်။

၂- အနုလောမဉာဏ်ကို ဖြစ်စေနိုင်လောက်အောင် ရင့်ကျက်သော သန်ဓါရုပေက္ခာဉာဏ်ကိုပင်လျှင် ''နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် မြင်သည်''ဟု ဆိုလို၏။

[၂၉၅] ငြိမ်းအေးသောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ (ထိုသို့ မမြင်သေးလျှင်) သခ်ါရကိုသာ အာရုံပြုလျက် (ရှုလျက်) အဖန်တလဲလဲ ဖြစ်ပေါ်နေ၏။ (အဘယ်ကဲ့သို့ နည်းဟူမူ) ပင်လယ်ခရီးသည်တို့၏ အရပ်မျက်နှာ ထောက်လှမ်းရေး ကျီးကဲ့သို့တည်း။ တဆင့်စကား ကြားရသည်မှာ.... ပင်လယ်ခရီးသည်ဖြစ်သော့ာ ကုန်သည်တို့သည် ပင်လယ်ကူးသဘော်ကို တက်စီး (၍ ပင်လယ်ခရီးသွား) ကုန်လတ်သော် ဒိသာကာကခဲ့ခေါ် အရပ်မျက်နှာ ထောက်လှမ်းရေးကျီးကို ယူဆောင်သွားကုန် သတတ်၊ ထိုပင်လယ် ခရီးသည်တို့သည် လေမုန်တိုင်း တိုက်လှုံ့သောကြောင့် သဘော်သည် မရောက်ဘူးသော အရပ်တပါးသို့ ပြေးသွားသဖြင့် ကမ်းကိုမမြင်ရ မမှန်းဆနိုင်သောအခါ(ယူဆောင်လာခဲ့သော) အရပ်မျက်နှာ ထောက်လှမ်းရေး ကျီးကို လွှတ်ကုန်၏။ ထိုကျီးသည် လင်းယုန်တိုင်ဖျဉ်းမှ ကောင်းကင်သို့ ပျံတက်ပြီးလျှင် အလုံးစုံသော တူရူအရပ်မျက်နှာတို့ကိုလုံး၊ အထောင့်အရပ်မျက်နှာတို့ကိုလုံး အစဉ်အတိုင်း လှည့်လည်ပျံသွား၍ ကမ်းကိုအကယ်၍ မြင်ငြားအံ့၊ ထိုကမ်းဆီသို့သာ ရှေးရှုလျက် ပျံသွားလေ၏။ ကမ်းကိုမမြင်ရလျှင်မူကား အဖန်တလဲလဲ ပြန်လာပြီးလျှင် လင်းယုန်တိုင်ဖျဉ်း၌ သာလျှင် နားနေ၏၊ ထို့အတူပင် သခ်ါရပေက္ခာဉာဏ်သည် ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ (ထိုသို့မြင်လျှင်) အလုံးစုံသော သခ်ါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်-အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ အကယ်၍ မမြင်သေးငြားအံ့၊ (ထိုသို့ မမြင်သေးလျှင်) သခ်ါရကိုသာ အာရုံပြုလျက် (ရှုလျက်) အဖန်တလဲလဲ ဖြစ်ပေါ်နေ၏။

၆၈။ ထိုသို့ဖြစ်ပေါ်နေသော ဤသခ်ါရပေက္ခာဉာဏ်သည် ဗန်းပေါ်၌ လှိမ့်အပ်ဆင့်အပ်သော မုန့်ညက်ကဲ့သို့ဝင်း[1]၊ ဖတ်အပ်သော အစေ့ထုတ်ပြီး

မှတ်ချက်

၁- မုန့်ညက်ကို ဗန်းဖြင့်ဆင့်သောအခါ ဆင့်လေဆင့်လေ မုန့်ညက်မှုန့်သည် သာ၍ နူးညံ့သိမ်မွေ့သွားလေလေ ဖြစ်သကဲ့သို့ သခ်ါရပေက္ခာသည် ကြာလေ ကြာလေ သာ၍သာ၍ သိမ်မွေ့ သိမ်မွေ့သွားသည်ဟု ဆိုလိုသည်။

ဝါဂွမ်းကဲ့သို့ဂုင်း[၁]၊ အထူးထူးအပြားပြားအားဖြင့် သန်ဂါရတို့ကို သိမ်းဆည်းပြီးလျှင် ကြောက်ခြင်းကိုဂုင်း၊ နှစ်သက်ခြင်းကိုဂုင်း ပယ်စွန့်၍ သန်ဂါရတရားတို့ကို စူးစမ်းခြင်းဥ္စာ အလယ်အလတ် လျစ်လျူသဘောရှိသည်ဖြစ်၍ သုံးပါး အပြားရှိသော အနုပဿနာ၏ အစွမ်းအားဖြင့် တည်၏[၂]။ ဤသို့တည်သော သန်ဂါရပေကွာဉာဏ်သည် **သုံးပါးအပြားရှိသော ဝိမောက္ခမုခအဖြစ်** သို့ရောက်၍ **ခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို** ခွဲခြမ်းဝေဘန်ရန် အကြောင်းဖြစ်ပေ၏။

(၇၆၈) ၆၉။ ထို (ဝိမောက္ခမုခအဖြစ်သို့ ရောက်ခြင်း, အကြောင်းဖြစ်ခြင်းတို့)ဥ္စာ ဤသန်ဂါရပေကွာဉာဏ်သည် သုံးပါးအပြားရှိသော အနုပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် သုံးပါးသော ဣန္ဒြေတို့၏ အကြီးအမှူးဖြစ်ခြင်း (အစိုးရခြင်း)၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိသော ဝိမောက္ခမုခ အဖြစ်သို့ရောက်သည်မည်၏။ ခဲ့၍ပြုရလျှင် သုံးပါးသော အနုပဿနာတို့ကို သုံးပါးသော ဝိမောက္ခမုခတို့ဟူ၍ ဆိုအပ်ကုန်၏။ အဘယ်ကဲ့သို့ ဟောထားသနည်းဟူမူ—

၇၀။ "သုံးပါးကုန်သော ဤဝိမောက္ခမုခတို့သည် လောကမှ ထွက်မြောက်ရန် အလို့ငှာ ဖြစ်ကုန်၏၊ အလုံးစုံသော သန်ဂါရတို့ကို (ဖြစ်ခြင်း ပျက်ခြင်းဟူသော) အပိုင်းအခြားနှင့် နယ်ဆုံးအကန့်အသတ်

မှတ်ချက်

၁- ဝါကိုဖတ်သောအခါ ဖတ်လေဖတ်လေ ဝါဂွမ်းသည် သာ၍ သိမ်မွေ့သွားလေလေ ဖြစ်သကဲ့သို့ သန်ဂါရပေကွာသည် ကြာလေ ကြာလေ သာ၍သာ၍ သိမ်မွေ့သိမ်မွေ့သွားသည်ဟု ဆိုလိုသည်။

၂- အနုပဿနာခုနစ်ပါး မဟာဝိပဿနာ တဆယ့်ရှစ်ပါး- ဤသို့စသည်ဖြင့် အကျယ်ဝေဘန်၍ ပြထားသော်လည်း ၎င်းတို့သည် အနိစ္စာနုပဿနာ အစရှိသော သုံးပါးသော အနုပဿနာတို့ဥ္စာသာလျှင် အတွင်းဝင်၏၊ ထို့ကြောင့် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာသည် ထိုအနိစ္စာနုပဿနာ အစရှိသော သုံးပါးသော အနုပဿနာတို့၏အစွမ်းအားဖြင့်သာလျှင် တည်သည်ဟု ဋီကာဥ္စာ ဆို၏။

အားဖြင့် ရှုခြင်းငှာ (ရှုရန်အလို့ငှာ) ၎င်း အနိမိတ္တ မည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာဝင်း ဖြစ်ကုန်၏၊ အလုံးစုံသော သင်္ခါရတို့၌ စိတ်ကိုကောင်းစွာ ထက်စေခြင်းငှာ (ထက်စေရန် အလို့ငှာ)၎င်း အပ္ပဏိဟိတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာဝင်း ဖြစ်ကုန်၏၊ အလုံးစုံသော တရားတို့ကို ပြင်ပသူစိမ်းအနေအားဖြင့် ကောင်းစွာ အဖန်တလဲလဲ ရှုရန်အလို့ငှာ၎င်း သုညတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာဝင်း ဖြစ်ကုန်၏၊ ဤသုံးပါးသော ဝိမောက္ခမုခတို့သည် လောကမှ ထွက်မြောက်ရန် အလို့ငှာ ဖြစ်ကုန်၏"ဟု--

ဟောထားပေ၏။

၇၁။ ထိုပါဠိ၌ **ပရိစ္ဆေဒ ပရိဝဋ္ဋုပစ္ဆေဒ- အပိုင်းအခြားနှင့် နယ်ဆုံး အကန့်အသတ်အားဖြင့်** ဟူသည်ကား ဖြစ်ခြင်းပျက်ခြင်း၏ အစွန်းအားဖြင့် အပိုင်းအခြားအားဖြင့်၎င်း၊ နယ်ဆုံး အကန့်အသတ်အားဖြင့်၎င်း၊ အနိစ္စာနုပဿနာသည် "ဖြစ်ခြင်းမှ ရှေး၌ (မဖြစ်မီကာလက) သင်္ခါရတို့သည် မရှိကုန်သေး"ဟု ပိုင်းခြား၍ ထိုသင်္ခါရတို့၏ (ပြီးစီးခြင်းဟူသော) အလားအလာကို အစဉ်လိုက်၍ ဆင်ခြင်လျက် "ပျက်ခြင်းမှ နောက်သို့ မသွားကုန်၊ ဤပျက်ခြင်း၌သာလျှင် ကွယ်ပျောက်ကုန်၏"ဟု နယ်ဆုံး အကန့်အသတ်အားဖြင့် အဖန်တလဲလဲ ရှု၏။ **မနောသမုဏ္ဍ**

မှတ်ချက်

၁- အစွန်းအားဖြင့်ဟူသော ဝိသေသနဖြင့် အပိုင်းအခြား ဟူသည်မှာ ဖြစ်ခြင်းပျက်ခြင်းပင် ဖြစ်သည်ဟူ၍၎င်း နယ်ဆုံး အကန့်အသတ်ဟူသည်မှာလည်း ဖြစ်ခြင်းပျက်ခြင်းပင် ဖြစ်သည်ဟူ၍၎င်း သိစေ၏။

၂- ဤဝါကျတွင် "ဖြစ်ခြင်းမှရှေး၌ မရှိကုန်သေးဟု ပိုင်းခြား၍" ဟူသော စကားဖြင့် "အပိုင်းအခြား ဟူသည်မှာ ဖြစ်ခြင်းပင်" ဟူ၍၎င်း, "ပျက်ခြင်းမှ နောက်သို့ မသွားကုန်" ဤသို့အစရှိသော စကားဖြင့် "နယ်ဆုံး အကန့်အသတ်ဟူသည်မှာ ပျက်ခြင်းပင်ဖြစ်သည်" ဟူ၍၎င်း ယူသင့်သကဲ့သို့ ရှိ၏။

ဇနတာယ-စိတ်နှလုံးကို ကောင်းစွာ ထက်စေခြင်းငှာ ဟူသည်ကား [၂၉၆] စိတ်ကိုထိတ်လန့်စေသည်၏အဖြစ် (ထိတ်လန့်စေရန်)အလို့ငှာ။ မှန်ပေ၏- ဒုက္ခာနုပဿနာဖြင့် သန်ါရတို့၌ စိတ်ကိုထိတ်လန့်စေ၏။ **ပြင်ပသူစိမ်းအနေအားဖြင့် ကောင်းစွာ အဖန်တလဲလဲ ရှုရန်အလို့ငှာ** ဟူသည်ကား ငါမဟုတ် ငါ၏ဥစ္စာမဟုတ်ဟု ဤသို့ အတ္တမဟုတ်သောအားဖြင့် ကောင်းစွာ အဖန်တလဲလဲ ရှုရန်အလို့ငှာ။ ဤသို့လျှင် ဤသုံးပါးသော ပုဒ်တို့ကို အနိစ္စာနုပဿနာ စသည်တို့၏အစွမ်းအားဖြင့် ဟောထားသည်ဟု သိအပ်ကုန်၏။ ထို့ကြောင့်ပင်လျှင် ထိုပါဠိ၏ အခြားမဲ့၌ ပြဿနာတို့ကို ဖြေရာတွင်—

> "မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သန်ါရတို့သည် ကုန်သောအားဖြင့် ထင်ကုန်၏။ဆင်းရဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သန်ါရတို့သည် ကြောက်ဖွယ်ဘေးအားဖြင့် ထင်ကုန်၏။ အတ္တမဟုတ်သော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သန်ါရတို့သည် ဆိတ်သုဉ်းသောအားဖြင့် ထင်ကုန်၏"ဟု-

ဟော(အပ်)ပေ၏။

(၇၆၉) ၇၂။ (အနိစ္စာနုပဿနာ အစရှိသော) ဤအနုပဿနာတို့သည် အကြင်ဝိမောက္ခတို့၏ အဝင်ဝ မုခ် မည်ကုန်၏။ ထိုဝိမောက္ခတို့ကား အဘယ်သည်တို့နည်းဟူမူ....အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ သုညတဝိမောက္ခ ဟူသော ဤသုံးပါးတို့ပေတည်း။ မှန်ပေ၏-

> "မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူသည် ယုံကြည်ဆုံးဖြတ်မှု-အဓိမောက္ခအဖြစ် များသည်ဖြစ်၍ အနိမိတ္တမည်သော ဝိမောက္ခကိုရ၏။ ဆင်းရဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူသည် ငြိမ်းအေးခြင်း-ပဿဒ္ဓိအဖြစ် များသည်ဖြစ်၍ အပ္ပဏိဟိတ ဝိမောက္ခကိုရ၏။ အတ္တမဟုတ်သော အခြင်းအရာအား

ဖြင့် နှလုံးသွင်းသော သူသည် ဉာဏ်ပညာအဖြစ် များသည်ဖြစ်၍ သုညတဝိမောက္ခကို ရ၏”ဟူသော-

ဤစကားကို ဟောတော်မူ(အပ်)၏။

၇၃။ ဤပါဠိဌ် **အနိမိတ္တဝိဓေမောက္ခ** ဟူသည်ကား နိမိတ်ကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယမဂ်တည်း။ ထိုအရိယမဂ်သည် အနိမိတ္တမည်သော နိဗ္ဗာန်ခေတ်၌ ဖြစ်သောကြောင့် **အနိမိတ္တ**မည်၏၊ ကိလေသာတို့မှ လွတ်မြောက်သောကြောင့် **ဝိမောက္ခ**လည်း မည်၏။ ဤနည်းဖြင့်ပင်လျှင် တောင့်တမှု တဏှာကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် **အပ္ပဏိဟိတ** မည်၏။ အတ္တမှ ဆိတ်သုဉ်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် **သုညတ**မည်၏ဟူ၍ သိအပ်၏။

(၇၇၀) ၇၄။ အဘိဓမ္မာဋ္ဌကား၂ “အကြင်အခါ၌၃ မိစ္ဆာအယူတို့ကို ပယ်ခြင်းငှာ၄ ပဌမဘုံအဆင့်သို့ ရောက်ခြင်းငှာ၅ ဝဋ်ဆင်းရဲမှထွက်သွားသော ဝဋ်ဆင်းရဲကို ဖျက်ဆီးလျက် နိဗ္ဗာန်သို့သွားသော လောကုတ္တရာစျာန်ကိုဖြစ်စေ၏၊ ဝတ္ထုကာမ ကိလေသကာမတို့မှ ကင်းဆိတ်၍သာလျှင် အပ္ပဏိဟိတမည်သော ပဌမစျာန်သို့ ဆိုက်ရောက်၍နေ၏။ပ။ သုညတမည်သော ပဌမစျာန်သို့ ဆိုက်ရောက်၍နေ၏”ဟု ဤသို့ ဝိမောက္ခနှစ်ပါးကိုသာလျှင် ဟော(အပ်)၏၊ ထိုဝိမောက္ခနှစ်ပါးကိုသာ ဟောသည်မှာ မုခုံအားဖြင့် ဝိပဿနာဟူသော မဂ်၏လာခဲ့ရာအကြောင်းကို ရည်၍ ဟောခြင်းဖြစ်ပေသည်။

မှတ်ချက်

၁- တောင့်တမှု တဏှာကင်းသော အခြင်းအရာ ဟူသည်မှာ နိဗ္ဗာန်၌ တောင့်တဖွယ်တဏှာ ဖြစ်ဖွယ်မရှိသော အခြင်းအရာကို ဆိုလိုသည်။

၂- အဘိဓမ္မာဋ္ဌကား.....ဝိမောက္ခနှစ်ပါးကိုသာလျှင် ဟောအပ်၏- ဟု စပ်ပါ။

၃- အကြင်အခါ၌ ....ဖြစ်စေ၏-ဟုစပ်ပါ။

၄-၅-ပယ်ခြင်းငှာငှင်း....ရောက်ခြင်းငှာငှင်း .... လောကုတ္တရာ စျာန်ကိုဖြစ်စေ၏-ဟု စပ်ပါ။

၇၅။ မှန်ပေ၏-ပဋိသမ္ဘိဒါမဂ်၌ ဝိပဿနာဉာဏ်ကို-

၇၆။ "**အနိစ္စာနုပဿနာဉာဏ်သည်** မြဲသောအခြင်းအရာ အားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ** မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသောအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ** မည်၏။ **အနတ္တာနုပဿနာဉာဏ်သည်** အတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် [၂၉၇] **သုညတဝိမောက္ခ** မည်၏"ဟု ဤသို့ မြဲမြံစွာနှလုံးသွင်းခြင်းကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် "**သုညတဝိမောက္ခ**" ဟူ၍ဆိုင်း,

အနိစ္စာနုပဿနာဉာဏ်သည် မြဲသောအခြင်းအရာ အားဖြင့်(ထင်သော)သန္ဓါရုံမိတ်ကို စွန့်လွှတ်သောကြောင့် **အနိမိတ္တ ဝိမောက္ခ** မည်၏။ **ဒုက္ခာနုပဿနာဉာဏ်**သည် ချမ်းသာအားဖြင့် (ထင်သော) သန္ဓါရုံမိတ်ကို စွန့်လွှတ်သောကြောင့်။ **အနတ္တာနုပဿနာဉာဏ်**သည် အတ္တအားဖြင့် (ထင်သော) သန္ဓါရုံမိတ်ကို စွန့်လွှတ်သောကြောင့် **အနိမိတ္တဝိမောက္ခ** မည်၏"ဟု ဤသို့ သန္ဓါရုံမိတ်ကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် "**အနိမိတ္တဝိမောက္ခ**ဟူ၍ဆိုင်း"

အနိစ္စာနုပဿနာဉာဏ်သည် မြဲသောအခြင်းအရာအားဖြင့် တောင့်တမှု - တဏှာကို စွန့်လွှတ်သောကြောင့် **အပ္ပဏိဟိတ ဝိမောက္ခ** မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသော အခြင်းအရာအားဖြင့် တောင့်တမှုကို စွန့်လွှတ်သောကြောင့် **အနတ္တာနုပဿနာဉာဏ်သည်** အတ္တ အခြင်းအရာ အားဖြင့်

မှတ်ချက်

၁- ဝိပဿနာဉာဏ်ကို.... သုညတဝိမောက္ခဟူ၍ဆိုင်း .... အနိမိတ္တဝိမောက္ခ ဟူ၍ဆိုင်း.... အပ္ပဏိဟိတ ဝိမောက္ခဟူ၍ဆိုင်း ဟောထားသည်ကား မှန်ပေ၏-ဟုစပ်ပါ။

တောင့်တမှုကို စွန့်လွှတ်သောကြောင့် **အပွဏိဟိတဝိမောက္ခ** မည်၏''ဟု ဤသို့ တောင့်တမှု-တဏှာကို စွန့်လွှတ်သည်၏အစွမ်းအားဖြင့် **အပွဏိဟိတဝိမောက္ခ** ဟူ၍ဂုဏ်း''

ဟောထားသည်ကား မှန်ပေ၏၊ သို့သော်လည်း ထိုဝိပဿနာဉာဏ်သည် သင်္ခါရနိမိတ်ကို မပယ်စွန့်သောကြောင့် မုချအားဖြင့် အနိမိတ္တမမည်ပေ။ မုချအားဖြင့်မူကား သုညတနှင့် အပွဏိဟိတသာလျှင်မည်ပေ၏။ လာခဲ့ရာ အကြောင်းဖြစ်သော ဝိပဿနာ၏အစွမ်းအားဖြင့် အရိယာမဂ်ခဏ၌ ထို သုညတ အပွဏိဟိတ မည်သော ဝိပဿနာ၏ ဝိမောက္ခအမည်ကို ထုတ်ပြထားလေသည်။ ထို့ကြောင့် အပွဏိဟိတနှင့် သုညတဟူသော ဝိမောက္ခနှစ်ပါးကိုသာလျှင် အဘိဓမ္မာ၌ ဟောထားသည်ဟု သိအပ်၏။ ဤသည်ကား ဤအရာ၌ဝိမောက္ခကို ပြဆိုချက်တည်း။

(၇၇၁) ၇၇။ ''ခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို ခွဲခြမ်းဝေဘန်ရန် အကြောင်းဖြစ်၏''ဟု ဆိုခဲ့သောစကား၌ (၁) သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ (၂) သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ (၃) ကာယသက္ခိပုဂ္ဂိုလ်၊ (၄) ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊ (၅) ဓမ္မာနုသာရီပုဂ္ဂိုလ်၊ (၆) ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၊ (၇) ပညာဝိမုတ္တပုဂ္ဂိုလ် ဟူသော ဤခုနစ်ပါးတို့သည် ခုနစ်မျိုးသော အရိယပုဂ္ဂိုလ်တို့မည်ကုန်၏။ ထိုခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို ခွဲခြမ်းဝေဘန်ရန် ဤသင်္ခါရ ပေကွဉာဉာဏ်သည် အကြောင်းဖြစ်ပေ၏။

(၇၇၂) ၇၈။ ခွဲ၍ပြရလျှင် အကြင်ပုဂ္ဂိုလ်သည် မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ယုံကြည်ဆုံးဖြတ်ခြင်း အဓိမောက္ခအဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေကိုရ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ (ယုံကြည်မှုသဒ္ဓါသို့ အစဉ်လိုက်သော) **သဒ္ဓါနုသာရီပုဂ္ဂိုလ်** မည်၏၊ ကြွင်းသောမဂ်ဖိုလ်ခဏ ခုနစ်ဌာနတို့၌ (ယုံကြည်မှုသဒ္ဓါဖြင့် လွတ်မြောက်သော) **သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်** မည်၏။

မှတ်ချက်

၁– ဝိပဿနာဉာဏ်သည် သင်္ခါရတရားကိုအာရုံပြုလျက် ရှုလျက်သာလျှင် ဖြစ်၏၊ ထို့ကြောင့် သင်္ခါရနိမိတ်ကို မပယ်စွန့်ဟု ဆိုသည်။

(၇၇၃) ၇၉။ အကြင်ပုဂ္ဂိုလ်သည်ကား ဆင်းရဲ အခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းအေးခြင်း-ပဿဒ္ဓိအဖြစ်များလျက် လွန်ကဲသော သမာဓိန္ဒြေကို ရ၏၊ ထိုပုဂ္ဂိုလ်သည် အလုံးစုံ(သော မင်္ဂိုလ်ခဏ ရှစ်ဌာန)တို့၌ (နာမကာယဖြင့် မျက်မှောက်ပြုသော) **ကာယသက္ခိပုဂ္ဂိုလ်** မည်၏။

၈၀။ အရှုပစ္စာန်ကိုရောက်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပါမူကား (ထိုပုဂ္ဂိုလ်သည် နှစ်ပါးသော အဖို့ဖြင့်လွတ်မြောက်သော) **ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်** မည်၏။

[၂၉၈] (၇၇၄) ၈၁။ အကြင်ပုဂ္ဂိုလ်သည်ကား အနတ္တအခြင်းအရာ အားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသော ပညိန္ဒြေကို ရ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ (ပညာသို့အစဉ်လိုက်သော) **ဓမ္မာနုသာရီပုဂ္ဂိုလ်** မည်၏။ (အလယ်ပိုင်းဖိုလ်မင်္ဂ) ခြောက်ချက်သော ဌာနတို့၌ (နိဗ္ဗာန်ကိုမြင်သည်၏အဆုံး အခြားမဲ့၌ ရောက်သော) **နိဗ္ဗိဗ္ဗတ္တပုဂ္ဂိုလ်** မည်၏။ အရဟတ္တဖိုလ်ခဏ၌ (ပညာဖြင့် လွတ်မြောက်သော) **ပညာဝိမုတ္တပုဂ္ဂိုလ်** မည်၏။

(၇၇၅) ၈၂။ မှန်ပေ၏-"မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေလွန်ကဲသောကြောင့် သောတာပတ္တိမဂ်ကိုရ၏၊ ထို့ကြောင့်သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏"ဟူသောစကားကိုဂုင်း၊

ထိုမှတပါး "မမြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေလွန်ကဲသောကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု (အပ်)၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ဆိုအပ်၏" ဤသို့အစရှိသော-

စကားကိုဂုင်း ဟောတော်မူ (အပ်) ၏။

(၇၇၆) ၈၃။ ထိုမှတပါး ဟောထားသေးသည်မှာလည်း အောက်ပါအတိုင်းပင်တည်း-

ယုံကြည်လျက် လွတ်မြောက်၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တာမည်၏။ တွေ့ထိရသော အရူပစျာန်တို့၏ အခြားမဲ့၌ မျက်မှောက်ပြု၏၊ ထို့ကြောင့် ကာယသက္ခိမည်၏။ နိဗ္ဗာန်ကို မြင်သည်၏ အခြားမဲ့၌ ရောက်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တာမည်၏။ ယုံကြည်လျက် လွတ်မြောက်၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တာမည်၏။ စျာန်အတွေ့ကို ရှေးဦးစွာ တွေ့၏၊ ထိုမှနောက်၌ ချုပ်ရာနိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထို့ကြောင့် ကာယသက္ခိမည်၏။ သခ်ၤါရတို့သည်ဆင်းရဲတို့တည်း သခ်ၤါရတို့၏ ချုပ်ခြင်းသည် ချမ်းသာတည်း ဟု ပညာဖြင့် သိအပ်မြင်အပ် ထင်ရှားသိအပ် မျက်မှောက်ပြုအပ် တွေ့ထိအပ်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တာမည်၏။ ဤကားပါဠိ။

(၇၇၇) ၈၄။ ဆိုခဲ့ပြီးမှတပါးသော လေးပုဒ်တို့၌ ယုံကြည်မှုသဒ္ဓါသို့ အစဉ်လိုက်၏၊ တနည်းကား ယုံကြည်မှုသဒ္ဓါတရားဖြင့် အစဉ်လိုက်တတ်သွားတတ်၏၊ ထို့ကြောင့် **သဒ္ဓါနုသာရီ** မည်၏။ ထိုအတူ ပညာဟုဆိုအပ်သော တရားသို့အစဉ်လိုက်၏၊ တနည်းကား ပညာဟူသော တရားဖြင့် သွားတတ်၏၊ ထို့ကြောင့် **ဓမ္မာနုသာရီ** မည်၏။ အရူပစျာန်နှင့် အရိယာမဂ်ဟူသော နှစ်ပါးသောအဖို့ဖြင့် လွတ်မြောက်၏၊ ထို့ကြောင့် **ဥဘတောဘာဂဝိမုတ္တ** မည်၏။ သိလျက်လွတ်မြောက်၏၊ ထို့ကြောင့် **ပညာဝိမုတ္တ** မည်၏ ဟု ဤသို့သဒ္ဓါ၏ (ဖြစ်ပေါ်လာကြောင်း) အနက်ကို သိအပ်၏။ သခ်ၤါရုပေက္ခာဉာဏ်တည်း။

(၇၇၈) ၈၅။ ထိုသို့သဘောရှိသော သခ်ၤါရုပေက္ခာဉာဏ်သည်ရှေးဉာဏ်နှစ်ပါးနှင့် အနက်တရားကိုယ် အရအားဖြင့် ဟူ၏။ထို့ကြောင့် ရှေးဆရာတို့သည်-

"ဤသခ်ၤါရုပေက္ခာဉာဏ်သည် တပါးတည်းဖြစ်လျက် သုံးပါးသော အမည်တို့ကို ရ၏။

[၂၉၉] အောက်ပိုင်း၌ မုဠိတုကမျှတာဉာဏ်မည်ခဲ့၏၊ အလယ်ပိုင်း၌ ပဋိသန်ါနုပဿနာဉာဏ် မည်ခဲ့၏၊ အဆုံးပိုင်း၌ ခေါင်ထိပ်သို့ရောက်သော သန်ါရုပေက္ခာဉာဏ်မည်၏'' ဟု-

မိန့်ဆိုကုန်၏။

(၇၇၉) ၈၆။ ပဋိသမ္ဘိဒါမဂ်ပါဠိ၌လည်း အောက်ပါအတိုင်း ဟောတော်မူ၏။

အဘယ်သို့လျှင် စွန့်လွှတ်လို၍ တဖန်ရှုသို၍ ကောင်းစွာတည်သောပညာသည် သန်ါရုပေက္ခာဉာဏ်မည်သနည်း- ဖြစ်ပေါ်ခြင်းကို စွန့်လွှတ်လို၍ တဖန်ရှုသို၍ ကောင်းစွာတည်သော ပညာသည် သန်ါရတို့ကို လျစ်လျူရှုသော သန်ါရုပေက္ခာဉာဏ်မည်၏။ ဖြစ်ပွားခြင်းကို။ပ။ သန်ါရနိမိတ်ကို။ပ။ ပြင်းစွာပူပန်ခြင်းကို စွန့်လွှတ်လို၍ တဖန်ရှုသို၍ ကောင်းစွာတည်သောပညာသည် သန်ါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု။ပ။ ကြောက်ဖွယ်ဘေးဟု။ပ။ အစာနှင့်တကွ ဖြစ်သည်ဟု။ပ။ ဖြစ်ပေါ်ခြင်းသည် သန်ါရတို့ဟု။ပ။ ပြင်းစွာပူပန်ခြင်းသည် သန်ါရတို့ဟု (ထင်မြင်လျက်) စွန့်လွှတ်လို၍ တဖန်ရှုသို၍ ကောင်းစွာတည်သောပညာသည် သန်ါရုပေက္ခာဉာဏ်မည်၏''ဟု-

ဟောတော်မူ(အပ်)၏။

(၇၈၀) ၈၇။ ထိုပါဠိတော်၌ စွန့်လွှတ်လိုသည်လည်း ဟုတ်၏၊ ၎င်းသည် တဖန်ရှုသိသည်လည်း ဟုတ်၏၊ ကောင်းစွာ တည်သည်လည်း ဟုတ်၏၊ ဤသုံးပါးသော အကြောင်းကြောင့် **စွန့်လွှတ်လို၍ တဖန်ရှုသို၍**

မှတ်ချက်

၁- ထိုပါဠိတော်၌....ကောင်းစွာ တည်သည်မည်၏....စွန့်လွှတ် လိုသည်၏ အဖြစ်မည်၏....တဖန်ရှုသိသည်မည်၏၊....ကောင်းစွာတည်သောပညာမည်၏- ဟု စပ်ပါ။

ကောင်းစွာတည်သည် မည်၏။ ဤသို့လျှင် ရှေးအဖို့၌ နိဗ္ဗဒါ ဉာဏ်ဖြင့် ငြိုးငွေ့သော ယောဂီ၏ ဖြစ်ပေါ်ခြင်း စသည်တို့ကို စွန့်လွှတ် လိုခြင်းသည် **မုဉ္စိတုကမျတာ**-စွန့်လွှတ်လိုသည်၏ အဖြစ်မည်၏။ စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်း နည်းလမ်းကို ပြုခြင်းငှာ အလယ်၌ တဖန် ရှုသိခြင်းသည် **ပဋိသင်္ခါ**-တဖန် ရှုသိသည်မည်၏။ စွန့်လွှတ်ပြီး၍ အဆုံး၌ လျစ်လျူရှုခြင်းသည် **သန္တိဋ္ဌနာ**-ကောင်းစွာတည်သော ပညာမည်၏။ ယင်းသို့ ကောင်းစွာတည်သော ပညာကို ရည်၍ "ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ ထိုသင်္ခါရတို့ကို လျစ်လျူရှုသောကြောင့် သင်္ခါရုပေက္ခာ မည်၏" ဤသို့ စသည်ကို မိန့်ဆိုအပ်ပေသည်။ ဤသို့လျှင် ဤဉာဏ် သုံးပါးသည် တပါးတည်းသော ဉာဏ်သာ ဖြစ်ပေ၏။

(၇၀၁) ၈၈။ တနည်းအားဖြင့်လည်း ဤ ဆိုလတံ့သော ပါဠိဖြင့် ဤဉာဏ်သုံးပါးကို တပါးတည်းသာ ဟူ၍ သိအပ်၏။ ထို သာဓက ပါဠိကား အောက်ပါအတိုင်းပင်တည်း-

> "မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာ သင်္ခါရုပေက္ခာ ဟူသော ဤ တရားတို့သည် အနက် တရားကိုယ် အရအားဖြင့် တူကုန်၏၊ အမည်သဒ္ဒါမျှသာလျှင် ထူး၏"၊ ဤကား ပါဠိ။

(၇၀၂) ၈၉။ ဤဆိုခဲ့သည့်အတိုင်း သင်္ခါရုပေက္ခာဉာဏ်ကို ရပြီးသော ဤအမျိုးသား၏ ဝိပဿနာသည် ခေါင်ထိပ်သို့ ရောက်သည်ဖြစ်၍ **ဝုဋ္ဌာန ဂါမိနီ** မည်ပေ၏။ ခေါင်ထိပ်သို့ ရောက်သော ဝိပဿနာ ဟူ၍ရင်း ဝုဋ္ဌာန ဂါမိနီ ဟူ၍ရင်း (ခေါ်သော) ဤ အမည်သည် သင်္ခါရုပေက္ခာ အစရှိသော ဉာဏ်သုံးပါး၏ အမည်ပေတည်း။ ထိုသုံးပါးသော ဉာဏ်သည် ခေါင်ထိပ်

မှတ်ချက်

၁- ငြီးငွေ့သောယောဂီ၏ .. စွန့်လွှတ်လိုခြင်းသည်... တဖန်ရှုသိခြင်းသည်.... လျစ်လျူရှုခြင်းသည်-ဟု စပ်ပါ။

၂- ဉာဏ်သုံးပါးဟူသည်ကား (၁) ခေါင်ထိပ်သို့ ရောက်သောသင်္ခါရုပေက္ခာဉာဏ်၊ (၂) အနုလောမဉာဏ်၊ (၃) ဂေါတြဘူဉာဏ်တို့ပင် ဖြစ်သည်။

ဟူသော မြတ်သည်၏ အဖြစ်သို့ ရောက်သောကြောင့် **သိခါပတ္တ-ခေါင်ထိပ်သို့ရောက်သည်**မည်၏။ထိုသော မင်္ဂသို့ သွားရောက်တတ်သောကြောင့် **ဂုဇ္ဇာနဂါမိနီ-ထိသော မင်္ဂသို့ သွားရောက်သည်** မည်၏။ ဗဟိဒ္ဓ နိမိတ် ခေါ် အပြင်ပအာရုံဖြစ်သော နှလုံးသွင်းအပ် ရှုအပ်သော အာရုံဝတ္ထုမှုရင်း အဇ္ဈတ္တပဝတ္တ ခေါ် ကိလေသာအယဉ် ခန္ဓာ အယဉ်မှုရင်း ထမြောက်သွားသောကြောင့် အရိယာမင်္ဂကို **ဂုဇ္ဇာန-ထ**သည်ဟု ခေါ်ဆို အပ်၏၊ ထိုထိသော အရိယာမင်္ဂသို့ သွားရောက်တတ်သောကြောင့် **ဂုဇ္ဇာန-ဂါမိနီ-ထိသော အရိယာမင်္ဂသို့ သွားရောက်သော ဝိပဿနာ** မည်၏၊ အရိယာမင်္ဂနှင့် တကွ ဆက်စပ်၏-ဤသည်ကား (အရိယာမင်္ဂသို့ သွားရောက်သည် ဟူသော စကား၏) ဆိုလိုရင်း အနက်တည်း။

(၇၇၃) ၉၀။ ထိုစကားရပ်၌ဤကဲ့သို့ဆိုလတံ့သည်ကား နှလုံးသွင်းခြင်းနှင့် ထခြင်းတို့ကို ထင်ရှားစေခြင်းငှာ ခေါင်းစဉ် မာတိကာတည်း....အဇ္ဈတ္တ-ကိုယ်တွင်း တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍)၂ အဇ္ဈတ္တ-ကိုယ်တွင်း တရားမှ ထ၏၊ အဇ္ဈတ္တ-ကိုယ်တွင်း တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍)

မှတ်ချက်

၁- သခ်ါရအာရုံဝတ္ထုကို မရှုတော့ဘဲ နိဗ္ဗာန်ကို အာရုံပြုသွားခြင်းသည် ဗဟိဒ္ဓနိမိတ်ခေါ်အပြင်ပ အာရုံမှ ထသည်မည်၏။ ကိလေသာ အယဉ် ဝိပါက်ခန္ဓာအယဉ်တို့ မဖြစ်နိုင်သောအခြေအနေသို့ ရောက်သွားခြင်း သည် အဇ္ဈတ္တပဝတ္တမှ ထသည်မည်၏။ ရောဂါပျောက်ကင်းသည်ကို ရောဂါမှ ထသည်-ဟု ပြောဆိုခြင်းမျိုးပင် ဖြစ်သည်။

၂- ဝိပဿနာစ၍ရှုခြင်းကို "အဘိနိဝေသ-ရှေးဦးစွာနှလုံးသွင်းခြင်း" ဟု ခေါ်သည်၊ ထို့ကြောင့် "အဘိနိဝိသိတွာ-ရှေးဦးစွာနှလုံးသွင်း၍" ဟူသည်မှာ "ရှေးဦးစွာရှု၍" ဟူသောစကားနှင့် အရတူ၏။ ထို့ကြောင့် "နှလုံးသွင်း၍" ဟူသောပုဒ်အစား "ရှု၍"ဟူသောပုဒ်ကို လဲလှယ်၍ သုံးနိုင်ကြောင်း သိစေရန် ဤ၌ လက်သည်းကွင်းနှင့်(ရှု၍)ဟု ပြထားသည်။ ဤ၌ အဘိနိဝေသ-ရှေးဦးစွာ နှလုံးသွင်းခြင်း-ရှေးဦးစွာရှုခြင်း ဟူသည်မှာလည်း နာမရူပပရိစ္ဆေဒအရာ၌ ရှုခြင်းပင် ဖြစ်သည်ဟု ဋီကာ၌ ပြဆိုထား၏။

ဗဟိဒ္ဓ-အပြင်ပ တရားမှ [၃၀၀] ထ၏။ ဗဟိဒ္ဓ-အပြင်ပတရား၌ ရှေးဦးစွာ နှလုံးသွင်း၍(ရှု၍) ဗဟိဒ္ဓ-အပြင်ပ တရားမှ ထ၏။ ဗဟိဒ္ဓ-အပြင်ပ တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) အဇ္ဈတ္တ-ကိုယ်တွင်းတရားမှ ထ၏။ ရုပ်၌ ရှေးဦးစွာ ရှု၍ ရုပ်မှ ထ၏၊ ရုပ်၌ ရှေးဦးစွာ ရှု၍ နာမ်မှ ထ၏၊ နာမ်၌ ရှေးဦးစွာ ရှု၍ နာမ်မှ ထ၏။ နာမ်၌ ရှေးဦးစွာ ရှု၍ ရုပ်မှ ထ၏။ ခန္ဓာငါးပါးတို့မှ ကပြိုင်နက် ထ၏။ အနိစ္စအခြင်းအရာအားဖြင့် ရှေးဦးစွာ ရှု၍ အနိစ္စအခြင်းအရာအားဖြင့် ထ၏၊ အနိစ္စ အခြင်းအရာ အားဖြင့် ရှေးဦးစွာ ရှု၍ ဒုက္ခ အခြင်းအရာ အားဖြင့် ထ၏၊ အနတ္တ အခြင်းအရာ အားဖြင့် ထ၏၊ ဒုက္ခ အခြင်းအရာ အားဖြင့် ရှေးဦးစွာ ရှု၍ ဒုက္ခအခြင်းအရာ အားဖြင့်။ အနိစ္စ အခြင်းအရာ အားဖြင့်။ အနတ္တ အခြင်းအရာ အားဖြင့် ထ၏။ အနတ္တ အခြင်းအရာ အားဖြင့် ရှေးဦးစွာ ရှု၍ အနတ္တ အခြင်းအရာ အားဖြင့်။အနိစ္စ အခြင်းအရာ အားဖြင့်။ ဒုက္ခ အခြင်းအရာ အားဖြင့် ထ၏။

(၇၇၄) ဧဝ။ အဘယ်သို့နည်း ဟူမူ....ဤသာသနာတော်၌ အခြို့သော ယောဂီသည် အစပဌမကပင်လျှင် အဇ္ဈတ္တ-ကိုယ်တွင်း သန်ဓရတို့၌ နှလုံးသွင်း၏ (ရှု၏)၊ နှလုံးသွင်းပြီးလျှင် ထိုသန်ဓရတို့ကို (မှန်စွာ) ရှုမြင်၏။ သို့သော်လည်း သက်သက် ကိုယ်တွင်း တရားကို ရှုမြင်ရုံမျှဖြင့်သာလျှင် မဂ်(ဟူသော) ထခြင်းသည် မဖြစ်သေး၊ ဗဟိဒ္ဓ-အပြင်ပ တရားကိုလည်း ရှုမြင် အပ်သည်သာတည်း။ ထို့ကြောင့် သူတပါး၏ ခန္ဓာတို့ကိုငင်း အနုပါဒိန္န ခေါ်သော

မှတ်ချက်

၁- ဤအရာ၌ကား အနိစ္စအခြင်းအရာအားဖြင့် ဟု ဆိုထားသောကြောင့် "အဘိနိဝိသိတွာ-ရှေးဦးစွာနှလုံးသွင်း၍ - ရှေးဦးစွာရှု၍" ဟူသော စကားဖြင့် သမ္မသနဉာဏ်အရာစသည်၌ ရှုခြင်းကိုပင် "အဘိနိဝေသ-ရှေးဦးစွာနှလုံးသွင်းခြင်း ရှေးဦးစွာရှုခြင်း" ဟု ယူအပ်၏။

၂- အန-မဟုတ်+ဥပါဒိန္န-ငါကောင် သတ္တဝါကောင်ဟု ထင်မှတ်စွဲလမ်းအပ်သော ရုပ်နာမ် သန်ဓရအပေါင်း= အနုပါဒိန္န-ငါကောင် သတ္တဝါကောင်ဟု မထင်မှတ် မစွဲလမ်းအပ်သော အသက်မဲ့ ဗဟိဒ္ဓရုပ် သန်ဓရအပေါင်း။

သက်မဲ့ သခ်ၤါရတို့ကိုၾင္း အဲနိစ္ဘ ဒုကၡ အနတ္တဟု ရွု၏။ ထိုယောဂိသည် ရံခါ၌ အဇ္ဈတ္တကို ရွု၏၊ရံခါ၌ ဗဟိဒ္ဓကို ရွု၏၊ဤသို့ရွုမြင်သော ထိုယောဂိ၏ ဝိပဿနာသည် အဇ္ဈတ္တကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွား၏။ ဤယောဂိသည် အဇ္ဈတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ ရွု၍ အဇ္ဈတ္တ-ကိုယ်တွင်းတရားမှ ထသည်မည်၏။

အကယ်၍ ထိုယောဂိ၏ ဝိပဿနာသည် ဗဟိဒ္ဓ တရားကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွားငြားအံ့၊ ဤ ယောဂိသည် အဇ္ဈတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ ရွု၍ ဗဟိဒ္ဓ-အပြင်ပတရားမှ ထသည် မည်၏။ဗဟိဒ္ဓ-၌ ရှေးဦးစွာ ရွု၍ ဗဟိဒ္ဓမှၾင်း အဇ္ဈတ္တမှၾင်း ထရာဒ်လည်း ဤနည်းပင်တည်း။

(၇၇) ၉၂။ ထိုမှတပါးသော ယောဂိသည် အစပဌမကပင်လျင် ရုပ်၌ နှလုံးသွင်း၏၊ နှလုံးသွင်းပြီး၍ ဘူတရုပ်အပေါင်းကိုၾင်း ဥပါဒါရုပ်အပေါင်းကိုၾင်း အပေါင်းအစုပြု၍ ရွု၏။ သို့သော်လည်း ရုပ်သက်သက်ကို ရွုမြင်ရုံမျှဖြင့်သာလျင် (မဂ်ဟူသော) ထခြင်းသည် မဖြစ်သေး၊ နာမ်ကိုလည်း ရွုအပ်သည်သာတည်း။ ထို့ကြောင့် ထိုရုပ်ကို အာရုံပြုလျက် ဖြစ်သော ဝေဒနာကိုၾင်း သညာကိုၾင်း သခ်ၤါရကိုၾင်း ဝိညာဏ်ကိုၾင်း "ဤသည်ကား နာမ်တည်း"ဟု နာမ်ကို ရွု၏။ ထိုယောဂိသည် ရံခါ၌ ရုပ်ကို သုံးသပ်၏၊ ရံခါ၌ နာမ်ကို သုံးသပ်၏။ ဤသို့ သုံးသပ်သော ထိုယောဂိ၏ ဝိပဿနာသည် ရုပ်ကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွား၏၊ ဤယောဂိသည် ရုပ်၌ ရှေးဦးစွာ ရွု၍ ရုပ်မှ ထသည် မည်၏။

အကယ်၍ ထိုယောဂိ၏ ဝိပဿနာသည် နာမ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွားငြားအံ့၊ ဤယောဂိသည် ရုပ်၌ ရှေးဦးစွာ ရွု၍ နာမ်မှ ထသည် မည်၏။ နာမ်၌ ရှေးဦးစွာ ရွု၍ နာမ်မှၾင်း ရုပ်မှၾင်း ထရာဒ်လည်း ဤနည်းပင်တည်း။

(၇၈) ၉၃။ "အမှတ်မရှိ တစုံတခုသော အကြောင်တရားသည် ဖြစ်ခြင်း သဘောရှိ၏၊ ထို တရား အလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏"ဟု ဤသို့ ရှေးဦးစွာ နှလုံးသွင်းပြီးလျင် ဤအတူပင် (မဂ်ဖြင့်) ထသော ကာလ၌ မူကား ခန္ဓာငါးပါးတို့မှ တပြိုင်နက် ထသည် မည်၏။

[၃၀၁] (၇၇) ၉၄။ တဦးသော ယောဂီသည် အစပဌမက ပင်လျှင် သခ်ါရတရားတို့ကို အနိစ္စ အခြင်းအရာ အားဖြင့် သုံးသပ်၏။ သို့သော်လည်း အနိစ္စ အခြင်းအရာ အားဖြင့် သုံးသပ်ရုံမျှဖြင့်သာလျှင်(မဂ်ဟူသော) ထခြင်းသည် မဖြစ်သေး၊ ဒုက္ခ အခြင်းအရာ အားဖြင့်ဂင်း အနတ္တ အခြင်း အရာ အားဖြင့်ဂင်း သုံးသပ်အပ်သည်သာတည်း။ ထို့ကြောင့် ဒုက္ခ အခြင်းအရာ အားဖြင့်ဂင်း အနတ္တ အခြင်းအရာ အားဖြင့်ဂင်း သုံးသပ်၏။ ဤသို့ ကျင့်သော ထိုယောဂီအား အနိစ္စ အခြင်းအရာ အားဖြင့် သုံးသပ်ခိုက်၌ (မဂ်ဟူသော)ထခြင်းသည် ဖြစ်၏၊ ဤယောဂီသည် အနိစ္စ အခြင်းအရာ အားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ အနိစ္စ အခြင်းအရာ အားဖြင့် ထသည် မည်၏။

အကယ်၍ ထိုယောဂီအား ဒုက္ခ အခြင်းအရာအားဖြင့်၊ အနတ္တ အခြင်းအရာ အားဖြင့် သုံးသပ်ခိုက်၌ (မဂ်ဟူသော) ထခြင်းသည် ဖြစ်ငြားအံ့၊ ဤယောဂီသည် အနိစ္စ အခြင်းအရာ အားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ ဒုက္ခ အခြင်းအရာ အားဖြင့်။ အနတ္တ အခြင်းအရာ အားဖြင့် ထသည် မည်၏။ ဒုက္ခ အခြင်းအရာ အားဖြင့် အနတ္တ အခြင်းအရာ အားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ ကြွင်းသော အခြင်းအရာ အားဖြင့် ထခြင်းတို့၌ ဤနည်းပင်တည်း။

(၇၈) ၉၅။ ဤ ပုဂ္ဂိုလ် တို့တွင် အကြင် ပုဂ္ဂိုလ်သည်လည်း အနိစ္စ အခြင်းအရာ အားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏၊ အကြင် ပုဂ္ဂိုလ်သည်လည်း ဒုက္ခ အခြင်းအရာ အားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏၊ အကြင် ပုဂ္ဂိုလ်သည်လည်း အနတ္တ အခြင်းအရာ အားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏၊ (မဂ်ဖြင့်) ထသော ကာလ၌ မူကား အနိစ္စ အခြင်းအရာ အားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် အဓိမောက္ခအဖြစ်များကုန်၏၊ လွန်ကဲသော သဒ္ဓိန္ဒြေကို ရကုန်၏၊အနိမိတ္တ ဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏၊ သောတာပတ္တိ မဂ်ခဏ၌ သဒ္ဓါနုသာရီ မည်ကုန်၏၊ ခုနစ်ပါးသော (အထက် မဂ်ဖိုလ်ခဏ) အရာဌာနတို့၌ သဒ္ဓါဝိမုတ္တ မည်ကုန်၏။

၉၆။ အကယ်၍ ဒုက္ခ အခြင်းအရာ အားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထို ပုဂ္ဂိုလ်တို့သည် ပဿဒ္ဓိ အဖြစ်များကုန်၏၊ လွန်ကဲသော သမာဓိန္ဒြေကို ရကုန်၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်မြောက် ကုန်၏၊

အလုံးစုံ (သော မင်ဖိုလ် ခဏ္ဍစ်ဌာန)တို့၌ ကာယသက္ခိမည်ကုန်၏။ အထူးကား ဒုက္ခ အခြင်းအရာ အားဖြင့် ထသော ဤ ပုဂ္ဂိုလ်တို့တွင် အကြင် ပုဂ္ဂိုလ်အား အရူပစျာန်ဟူသော အခြေခံ ပါဒကစျာန်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ္ဍ၌ ဥဘတောဘာဂဝိမုတ္တမည်၏။

၉၇။ သို့မဟုတ် ထိုသုံးဦးသော ပုဂ္ဂိုလ်တို့အား အနတ္တအခြင်းအရာအား ဖြင့် ထခြင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် ပညာ အဖြစ်များကုန်၏၊ လွန်ကဲသော ပညိန္ဒြေကို ရကုန်၏၊ သုညတ ဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏၊ သောတာပတ္တိမဂ်ခဏ္ဍ၌ ဓမ္မာနုသာရီမည် ကုန်၏၊ (အလယ် ဖိုလ် မဂ်) ခြောက်ချက်သောဌာနတို့၌ ဒိဋ္ဌိပ္ပတ္တမည်ကုန်၏၊ အရဟတ္တဖိုလ်ခဏ္ဍ၌ ပညာဝိမုတ္တမည်ကုန်၏။

(၇၀၉) ၉၈။ ယခုအခါ ရွှေဥာဏ် နောက်ဥာဏ်တို့နှင့် တကွ ဤဝုဋ္ဌာန ဂါမိနီဝိပဿနာ ထင်ရှားပေါ်စေရန် တဆယ့်နှစ်ခုသော ဥပမာတို့ကို သိအပ်ကုန်၏။အောက်ပါဂါထာမှာ ၎င်းဥပမာတို့၏အကျဉ်းချုပ်ခေါင်းစဉ်တည်း-

လင်းနို့ မြွေဟောက် (မီးတောက်)[၁] အိမ်ဝယ်၊
နွားဘီလူးမ (လမ်းမှ)[၂] သူငယ်၊
ဆာလောင် ရေတော် အေးလတ် ပူတယ်၊
အမှောင်(ဖုံး နောက်ဆုံး)[၂] အဆိပ်နှယ်။

ဤဥပမာတို့ကို ဘယဉာဏ်မှစ၍ အမှတ်မရှိ တပါးပါးသောဉာဏ်၌ တည်၍ ဆောင်ပြခြင်းငှာ သင့်လျော်၏။ သို့သော် ဤ(ဝုဋ္ဌာနဂါမိနီ)အရာ၌

မှတ်ချက်

၁- (မီးတောက်)(လမ်းမှ) ဤပုဒ်များမှာ နောက်၌ပြလတ္တံ့သော အကျယ် အဖွင့်မှယူ၍ ရှစ်လုံးဘွဲ့ အပိုဒ်ပြည့်စေရန် ဖြည့်စွက်ပြထားသော ပုဒ် များဖြစ်သည်။

၂- (ဖုံး နောက်ဆုံး) ဤကွင်းအတွင်းရှိ စကားလုံးများမှာလည်းရှစ်လုံးပိုဒ် ပြည့်စေရန် အလျော်အားဖြင့် ဖြည့်စွက်ချက် ဖြစ်သည်။

ဆောင်ပြလိုက်လျှင် ဘယဉာဏ်မှစ၍ ဖိုလ်ဉာဏ်တိုင်အောင် အလုံးစုံပင် ထင်ရှားပေါ်၏၊ ထို့ကြောင့် ဤအရာ၌သာလျှင် ဆောင်ပြသင့်သည်ဟု (ဝိသုဒ္ဓိကထာ၌)မိန့်ဆိုထား၏။

[၃၀၂] (၇၉၀) ၉၉။ **လင်းနို့** ဟူရာ၌ လင်းနို့တကောင်သည် "ဤသစ်ပင်၌ ပန်းဖြစ်စေ အသီးဖြစ်စေ ရလိမ့်မည်"ဟု မျှော်လင့်၍ ကိုင်းငါးခုရှိသော သစ်မည်စည်ပင်၌ နား၍ ကိုင်းတခုကို သုံးသပ်စူးစမ်း၍ ထိုကိုင်း၌ ယူလောက် သုံးလောက်သော တစုံတခုသောပန်းကိုလည်း အသီးကိုလည်း မတွေ့မမြင်ပဲရှိသတတ်၊ ပဌမကိုင်းကိုကဲ့သို့ ဒုတိယကိုင်းကိုလည်း တတိယကိုင်းကိုလည်း စတုတ္ထကိုင်းကိုလည်း၊ ပဉ္စမကိုင်းကိုလည်း သုံးသပ်စူးစမ်း၍ မတွေ့မမြင်ပဲရှိသတတ်။ ထိုလင်းနို့သည် "ဤသစ်ပင်ကား အသီးမရှိစွတကား၊ ဤအပင်၌ ယူလောက်သုံးလောက်သော တစုံတခုသော အသီးအပွင့်မျှမရှိ"ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်၍ ဖြောင့်မတ်သော ခေါင်ကိုင်းဖြင့် တက်၍ သစ်ခက်ခွကြားဖြင့် ဥးခေါင်းကို ထုတ်ဖော်၍ အထက်သို့ မျှော်ကြည့်လျက် ကောင်းကင်၌ ပျံတက်သွားပြီးလျှင် အခြားတပါးသော အသီးရှိသော သစ်ပင်၌ နားလေ၏။

၁၀၀။ ထိုဥပမာ၌ လင်းနို့ကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏၊ ကိုင်းငါးခုရှိသော သစ်မည်စည်ပင်ကဲ့သို့ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို မှတ်အပ်ကုန်၏၊ ထိုသစ်ပင်၌ လင်းနို့၏နားခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၌ နှလုံးသွင်းခြင်းကို မှတ်အပ်၏၊ ထိုလင်းနို့၏ တခုတခုသောကိုင်းကို သုံးသပ်စူးစမ်း၍ ယူလောက်သုံးလောက်သော တစုံတခုကိုမျှ မမြင်မူ၍ ကြွင်းသောကိုင်းကို သုံးသပ်စူးစမ်းခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ရူပက္ခန္ဓာကို သုံးသပ်၍ ထိုရူပက္ခန္ဓာ၌ ယူလောက်သော တစုံတခုကိုမျှ မမြင်မူ၍ ကြွင်းသောခန္ဓာသုံးသပ်ခြင်းကို မှတ်အပ်၏၊ ထိုလင်းနို့၏ "ဤသစ်ပင်သည် အသီးမရှိစွတကား"ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်ခြင်းကဲ့သို့ ငါးပါးသောခန္ဓာတို့၌ အနိစ္စလက္ခဏာစသည်ကို မြင်သည်၏ အစွမ်းအား

ဖြင့် ငြီးငွေ့သော ယောဂိပုဂ္ဂိုလ်၏ စွန့်လွှတ်လိုသော မဉ္ဇိတုကမျတာ အစရှိသော ဉာဏ်သုံးပါးကို မှတ်အပ်၏၊ ထိုလင်းနို့၏ ဖြောင့်မတ်သော ခေါင်ကိုင်းဖြင့် အထက်သို့တက်ခြင်းကဲ့သို့ ယောဂိ၏ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ဥခေါင်းကို ထုတ်ဖော်၍ အထက်ကို မျော်ကြည့်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ ကောင်းကင်၌ ပျံသွားခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ အခြားတပါးသော အသီးရှိသော သစ်ပင်၌ နားခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

(၇၉၁) ၁၀၁။ **မြွေဟောက်ဥပမာ**ကို ပဋိသန္ဓေဉာဏ်၌ ဆိုခဲ့ပြီးသာလျှင် ဖြစ်၏။ အထူးကား ဥပမာနှုန်းနှောရာတွင် ဤအရာ၌မြွေကိုလွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လွှတ်ပြီး၍ လာခဲ့ရာလမ်းကို ကြည့်ရှုလျက် ရပ်တည်ခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ သွားပြီး၍ ဘေးကင်းရာအရပ်၌ တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏–ဤသည်ကား အထူးတည်း။

(၇၉၂) ၁၀၂။ **အိမ်**ဟူရာ၌ အိမ့်ရှင်သည် ညနေချမ်း၌ အစာစားပြီးလျှင် အိပ်ရာသို့ဝင်၍ အိပ်ပျော်နေလတ်သော် အိမ်ကို မီးလောင်သတတ်၊ ထိုအိမ့်ရှင်သည် နိုးလတ်သော် မီးကိုမြင်၍ကြောက်လန့်လျက် "မီးအလောင်မခံရပဲ ထွက်သွားနိုင်လျှင် ကောင်းလေစွတကား" ဟု ကြည့်ရှုလတ်သော် ထွက်ပေါက်လမ်းကိုမြင်၍ ထွက်သွားပြီးလျှင် ဘေးမဲ့ရာအရပ်သို့ လျင်သောအဟုန်ဖြင့် ပြေးသွား၍ တည်နေလေသတတ်။ ထိုဥပမာ၌ အစာစားပြီးလျှင် အိပ်ရာသို့ဝင်၍ အိမ့်ရှင်၏ အိပ်ပျော်နေခြင်းကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာငါးပါး၌ "ငါ ငါ့ဥစ္စာ" ဟု ယူခြင်းကို မှတ်အပ်၏။ အိပ်ရာမှနိုးလတ်သော် မီးကိုမြင်၍ ကြောက်လန့်သော ကာလကဲ့သို့ မှန်ကန်သော အကျင့်ကို ကျင့်လျက် လက္ခဏာသုံးပါးကိုမြင်၍ ဘေးအာဒီနဝဖြင့်ထင်သော ဘယဉာဏ်ကို မှတ်အပ်၏၊ ထွက်ပေါက်လမ်းကို ကြည့်ရှုခြင်းကဲ့သို့ [၃၀၃] မဉ္ဇိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ ထွက်ပေါက်လမ်းကို မြင်ခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ထွက်သွားခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လျင်

သောအဟုန်ဖြင့် ပြေးသွားခြင်းကဲ့သို့ မင်ဉာဏ်ကို မှတ်အပ်၏၊ ဘေးမဲ့ရာ အရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

(၇၉၃) ၁၀၃။ **နွား** ဟူရာ၌ ညှဉ်အဖို့၌ အိပ်ပျော်နေစဉ် လယ်သမား တယောက်၏ နွားတို့သည် ခြံကိုချိုးဖောက်၍ ပြေးလေကုန်သတတ်၊ ထိုလယ် သမားသည် မိုးသောက်ချိန်၌ ထိုခြံသို့သွား၍ ကြည့်ရှုလတ်သော် ထိုနွားတို့ ၏ ထွက်ပြေးသည်၏ အဖြစ်ကို သိ၍ ခြေရာခံလျက် လိုက်လတ်သော် မင်း၏ နွားတို့ကို တွေ့မြင်လေသတတ်၊ထိုမင်း၏နွားတို့ကို "ငါ၏နွားတို့" ဟု ထင်မှတ် ၍ဆောင်ယူလာလတ်သော် မိုးလင်းသောအခါ၌ "ဤနွားတို့သည် ငါ၏နွား မဟုတ်ကုန်၊မင်း၏နွားတို့တည်း" ဟု သိ၍ "ဤသူသည် ခိုးသူတည်း" ဟု ငါ့ကို ဖမ်းယူ၍ မင်းချင်းယောကျ်ားတို့သည် အကျိုးမဲ့ပျက်စီးအောင်မပြုကြသေးမီ ထွက်ပြေးအံ့" ဟု ကြောက်လန့်လျက် နွားတို့ကို စွန့်ပစ်ထားခဲ့၍ လျင်သော အဟုန်ဖြင့် ပြေး၍ ဘေးမဲ့ရာအရပ်၌ တည်နေလေသတတ်။ ထိုဥပမာ၌ မင်း၏နွားတို့ကို "ငါ၏နွားတို့" ဟု မှတ်ယူခြင်းကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာ တို့ကို "ငါ ငါ့စွာ" ဟု မှတ်ယူခြင်းကို မှတ်အပ်၏၊ မိုးလင်းသောအခါ၌ "မင်း၏နွားတို့" ဟု သိခြင်းကဲ့သို့ လက္ခဏာသုံးပါး၏ အစွမ်းအားဖြင့် ခန္ဓာ တို့ကို "အနိစ္စ ဒုက္ခ အနတ္တတရားတို့" ဟု ယောဂီ၏ သိခြင်းကို မှတ်အပ်၏၊ ကြောက်လန့်သောကာလကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ နွားတို့ ကို စွန့်လွှတ်၍ သွားလိုသည်၏အဖြစ်ကဲ့သို့ မုဉ္ဇိတုကမျတာဉာဏ်ကို မှတ်အပ် ၏၊ နွားတို့ကို စွန့်လွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ ပြေးခြင်း ကဲ့သို့ မဂ်ကို မှတ်အပ်၏၊ ပြေး၍ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ် ကို မှတ်အပ်၏။

(၇၉၄) ၁၀၄။ **ဘီလူးမ** ဟူရာ၌ ယောကျ်ားတယောက်သည် ဘီလူး မနှင့်တကွ ပေါင်းသင်းနေထိုင်ခြင်းကို ပြုသတတ်၊ ထိုဘီလူးမသည် ညှဉ် အချိန်၌ "ဤလူသားသည် အိပ်ပျော်လေပြီ" ဟု ထင်၍ သူသေကောင် စွန့်ရာ သုသာန်သို့ သွား၍ လူသားကို စား၏။ ထိုယောကျ်ားသည် "ဤ မိန်းမ အဘယ်သို့ သွားသနည်း" ဟု အစဉ်လိုက်၍ စူးစမ်းလတ်သော် လူသား စားနေသည်ကို မြင်၍ ထိုဘီလူးမ၏ လူသားမဟုတ်သည်၏ အဖြစ်ကို သိ၍

"ငါ့ကို မစားသေးမီ ပြေးအံ့" ဟု ကြောက်လန့်လျက် လျင်သောအဟုန်ဖြင့် ပြေး၍ ဘေးမဲ့ရာ အရပ်၌ တည်နေလေသတတ်။ ထိုဥပမာ၌ ဘီလူးမနှင့် တကွ ပေါင်းသင်းနေထိုင်ခြင်းကဲ့သို့ ခန္ဓာတို့ကို "ငါ ငါ့စွာ" ဟု ယူခြင်းကို မှတ်အပ်၏၊ သုသာန်၌ လူသားစားနေသည်ကို မြင်၍ "ဤမိန်းမကား ဘီလူးမတည်း" ဟု သိခြင်းကဲ့သို့ ခန္ဓာတို့၏ လက္ခဏာသုံးပါးကိုမြင်၍ အနိစ္စ စသည်၏ အဖြစ်ကို သိခြင်းကို မှတ်အပ်၏၊ ကြောက်လန့်သော ကာလကဲ့သို့ ဘေးအားဖြင့်ထင်သော ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ပြေးခြင်းငှာ အလိုရှိသည်၏အဖြစ်ကဲ့သို့ မုဉ္ဇတုကမျတာဉာဏ်ကို မှတ်အပ်၏၊ သုသာန်အရပ်ကို စွန့်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လျင်သောအဟုန်ဖြင့် ပြေးခြင်းကဲ့သို့ မဂ်ကို မှတ်အပ်၏၊ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ကို မှတ်အပ်၏။

(၇၉၅) ၁၀၅။ **သူငယ်**ဟူရာ၌ သား၌ အချစ်ကြီးသော မိန်းမတယောက်သည် ရှိသတတ်၊ ထိုမိန်းမသည် ပြာသာဒ်ထက်၌ ထိုင်နေလျက်ပင် လျှင် လမ်းမထဲ၌ ကလေးငိုသံကို ကြား၍ "ငါ့၏သားကို တစုံတယောက် သောသူက နှိပ်စက်လေသလော" ဟု ထင်၍ လျင်သောအဟုန်ဖြင့် သွားပြီး လျှင် "မိမိ၏သား" ဟူသော အမှတ်ဖြင့် သူတပါး၏သားကို ကောက်ယူလေသတတ်။ထိုမိန်းမသည် "ဤသူငယ်ကား သူတပါး၏သားတည်း" ဟု သိ၍ ထိတ်လန့်လျက် ထိုမှ ဤမှ [၃၀၄] ကြည့်ရှုပြီးလျှင် "ဤမိန်းမသည်ကလေး သူခိုးမတည်းဟု ငါ့ကို တစုံတယောက်သောသူသည် မစွပ်စွဲမပြောဆိုပါစေလင့်" ဟု သူငယ်ကို ထိုအရပ်၌သာလျှင်ချထားခဲ့၍ တဖန်လျင်သောအဟုန်ဖြင့် ပြာသာဒ်သို့တက်၍ ထိုင်နေလေသတတ်။ ထိုဥပမာ၌ "မိမိ၏သား" ဟူသော အမှတ်ဖြင့် သူတပါး၏သားကိုယူခြင်းကဲ့သို့ "ငါ ငါ့စွာ" ဟု ခန္ဓာငါးပါးကို ယူခြင်းကို မှတ်အပ်၏၊ "ဤသူငယ်ကား သူတပါး၏သားတည်း" ဟု သိခြင်းကဲ့သို့ လက္ခဏာသုံးပါး၏ အစွမ်းအားဖြင့် "ငါမဟုတ်၊ ငါ့စွာမဟုတ်" ဟု သိခြင်းကို မှတ်အပ်၏၊ ထိတ်လန့်ခြင်းကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ထိုမှ ဤမှ ကြည့်ရှုခြင်းကဲ့သို့ မုဉ္ဇတုကမျတာဉာဏ်ကို မှတ်အပ်၏၊ ထိုလမ်းမ၌ သာလျှင် သူငယ်ကိုချထားခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ချထားပြီး၍ လမ်းမထဲ၌ တည်သောကာလကဲ့သို့ ဂေါတြဘူဉာဏ်ကို

မှတ်အပ်၏၊ ပြသာဒ်သို့ တက်ခြင်းကဲ့သို့ မဂ်ကိုမှတ်အပ်၏၊ တက်ပြီး၍ ထိုင်နေခြင်းကဲ့သို့ ဖိုလ်ကိုမှတ်အပ်၏။

(၇၉၆) ၁၀၆။ **"ဆာလောင် ရေတ် အေးလတ် ပူတယ်၊ အမှောင် (မုံး နောက်ဆုံး) အဆိပ်နှယ်"** ဟူသော ဤဥပမာခြောက်ခုတို့ကိုကား ဝဋ္ဌာနဂါမိနီ ဝိပဿနာဌ္ဌ တည်သောယောဂီ၏ လောကုတ္တရာတရားသို့ ရှေးရှုညွှတ်ကိုင်းရှိုင်းသည်၏ အဖြစ်ကို ပြခြင်းငှာဆိုထားပေသည်။ ခဲ့၍ပြရလျှင်....**ဆာလောင်ခြင်းဖြင့်** နှိပ်စက်(အပ်)သည်ဖြစ်၍ အလွန်ဆာသော ယောကျ်ားသည် ကောင်းသော အရသာရှိသော ဘောဇဉ်ကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ္ဌဆင်းရဲ တည်းဟူသော ဆာလောင်ခြင်းဖြင့် နှိပ်စက်(အပ်)သော ဤယောဂီသည် သေခြင်းကင်းသည့် အမြိုက်အရသာရှိသော ကာယဂတာ သတိဟူသော ဘောဇဉ်ကို တောင့်တ၏။

၁၀၇။ **ရေတ်သော** ယောကျ်ားသည် အလွန်ခြောက်တပ်သော လည်ချောင်းခံတွင်းရှိသည်ဖြစ်၍ များစွာသော အစိတ်အပိုင်း အဆောက်အဦ (အဆာ) ရှိသော ဖျော်ရေကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ္ဌဆင်းရဲဟူသော ရေတ်ခြင်းဖြင့် နှိပ်စက်(အပ်)သော ဤယောဂီသည် အင်္ဂါရုစ်ပါးရှိသော အရိယာမဂ်ဖျော်ရေကို တောင့်တ၏။

၁၀၈။ **အေး**ဖြင့် ထိပါးနှိပ်စက် (အပ်)သော ပုဂ္ဂိုလ်သည် အပူကို တောင့်တသကဲ့သို့ ထိုအတူပင်လျှင် သံသရာဝဋ္ဌဆင်းရဲ၌ တဏှာအစေးတည်းဟူသော အစေးဖြင့် ထိပါးနှိပ်စက် (အပ်)သော ဤယောဂီသည် ကိလေသာကို ပူလောင်စေတတ်သော အရိယာမဂ်တည်းဟူသော မီးကို တောင့်တ၏။

၁၀၉။ **အပူ**ဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အအေးကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် သံသရာဝဋ္ဌဆင်းရဲ၌ တဆယ့်တပါးသော မီးအပူဖြင့် ပူလောင်(အပ်)သော ဤယောဂီသည် ဓာဆယ့်တပါးသော မီးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

၁၁၀။ **အမိုက်မှောင်**ဖြင့် ဖုံးလွှမ်းနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အရောင်အလင်းကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ဖြင့် မြေးယှက် ဖုံးလွှမ်း(အပ်)သော ဤယောဂီသည် ဉာဏ်အရောင်အလင်းရှိသော အရိယာမဂ်ဘာဝနာကို တောင့်တ၏။

၁၁၁။ **အဆိပ်**ဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အဆိပ်ကို ပယ်ဖျောက်တတ်သောဆေးကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် ကိလေသာအဆိပ်ဖြင့် ထိပါးနှိပ်စက်(အပ်)သော ဤယောဂီသည် ကိလေသာအဆိပ်ကို ချေဖျောက်ပယ်ဖျက်တတ်သော အမြိုက်ဆေးဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

၁၁၂။ ထို့ကြောင့် "ဤသို့သိလျက် ဤသို့မြင်သော [၃၀၅] ထိုယောဂီ၏ စိတ်သည် သုံးပါးသော ဘဝတို့၌ငင်း ။ပ။ ကိုးပါးသော သတ္တဝါသတို့၌ငင်း တွန့်၏ ရှုံ့၏ ပြန်နှစ်၏ ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည် သော်ငင်း စက်ဆုပ်သည့် အဖြစ်သည်သော်ငင်း ကောင်းစွာ တည်၏။ ဥပမာအားဖြင့် စဉ်းငယ်ကိုင်းသော ပဒုမ္မာကြာဖက်ပေါ်၌" ဤသို့အစရှိသည်ကို ငါဆိုခဲ့ပေသည်။ ဆိုပုံအလုံးစုံကို ရှေး၌ ဆိုထားသော နည်းဖြင့်ပင်လျှင် သိအပ်၏။

(၇၉၇) ၁၁၃။ ဤမျှ (အားထုတ်ခဲ့သော ဘာဝနာအစီအရင်)ဖြင့် ဤယောဂီသည် စိတ်ကို တွန့်ဆုတ်အောင်ပြုလျက် ကျင့်သော **ပတိလီနစရ ပုဂ္ဂိုလ်**မည်ပေ၏။ ယင်း ပတိလီနစရပုဂ္ဂိုလ်ကို ရည်၍ အောက်ပါဂါထာကို ဟောတော်မူ၏-

> "အကြင်ရဟန်းသည် (ဆိတ်ငြိမ်သော နေရာကို ချဉ်းကပ်လျက် စိတ်ကို တွန့်ဆုတ်အောင်ပြုလျက် ကျင့်သည်ဖြစ်၍)' မိမိ၏ကိုယ်ဟူသော အတ္တဘောကို သုံးပါးသောဘဝ၌ (တဖန် ဖြစ်သောအား

မှတ်ချက်

၁- ဤလက်သည်းကွင်းအတွင်းရှိ စာသားမှာ မြန်မာစကား အနက်အဓိပ္ပါယ် ချောမောပြေပြစ်စေရန် နိယတ်ဝါကျမှ ယူ၍ ဖော်ပြထားသောစကား ဖြစ်သည်။

ဖြင့်)[၃] မပြရာ၊ ဆိတ်ငြိမ်သော နေရာကို ချဉ်းကပ်မှီဝဲလျက် (ထိုထို အာရုံမှ စိတ်ကို)[၂] တွန့်ဆုတ်အောင်ပြုလျက် ကျင့်သော ထိုရဟန်း၏ ထိုသို့တဖန် ဖြစ်စေသောအားဖြင့် မပြခြင်းကို သင့်လျော်ပေသည်ဟု မိန့်ဆိုကုန်၏''

၁၁၄။ ဤဆိုခဲ့သည့်အတိုင်း ဤသခ်ါရပေကွာဉာဏ်သည် ယောဂီ၏ ပတိလီနစရပုဂ္ဂိုလ်၏အဖြစ်ကို ကိန်းသေ သတ်မှတ်ပြီးလျှင် ထိုပြင် အရိယာမဂ်၏ လည်း ဗောဇ္ဈင်အထူး မဂ္ဂင်အထူး စျာနင်အထူး ပဋိပဒါအထူး ဝိမောက္ခ အထူးကို ကိန်းသေသတ်မှတ်၏၊ခွဲ၍ပြရလျှင်....အချို့မထေရ်တို့သည် ''ဗောဇ္ဈင် မဂ္ဂင်စျာနင်တို့၏ အထူးကို ပါဒကစျာန်က ကိန်းသေသတ်မှတ်သည်'' ဟု ဆိုကုန်၏၊ အချို့မထေရ်တို့သည် ''ဝိပဿနာ၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့က ကိန်းသေသတ်မှတ်ကြသည်'' ဟု ဆိုကုန်၏။ အချို့မထေရ်တို့သည် ''ပုဂ္ဂိုလ်၏ အလို အဇ္ဈာသယက ကိန်းသေသတ်မှတ်သည်'' ဟု ဆိုကုန်၏။ ထိုသုံးပါးလုံးသော မထေရ်တို့၏ ဝါဒတို့၌ ဤပုဗ္ဗဘာဂ ဝိပဿနာက ကိန်းသေသတ်မှတ်သည်သာဟု သိအပ်၏။

(၇၉၀) ၁၁၅။ ထို(သို့သတ်မှတ်ရာ)၌ ဤ ဆိုလတ္တံ့သည်ကား အစဉ်အတိုင်း ပြဆိုချက်တည်း.... သုက္ခဝိပဿက ပုဂ္ဂိုလ်အား ဖြစ်ပေါ်လာသော မဂ်သည်၎င်း, စျာန်သမာပတ်ရသော ပုဂ္ဂိုလ်အား စျာန်ကို အခြေခံမပြုမူ၍ ဖြစ်ပေါ်သောမဂ်သည်၎င်း, ပဌမစျာန်ကို အခြေခံပြု၍ ပြိုးပြမ်းသော (ပကိဏ္ဏက) သခ်ါရတို့ကို[၃] သုံးသပ်၍ ဖြစ်စေ(အပ်)သော မဂ်သည်၎င်း

မှတ်ချက်

၁- ဤလက်သည်းကွင်းအတွင်းရှိ စကားမှာ ဋီကာအဖွင့် ဖြစ်သည်။

၂- ဤလက်သည်းကွင်းအတွင်းရှိ စကားမှာ သုတ္တန်ပါတ်အဋ္ဌကထာအဖွင့် ဖြစ်သည်။

၃- ''ပြိုးပြမ်းသော (ပကိဏ္ဏက) သခ်ါရတို့ကို ဟူသည်ကား အခြေခံပြု၍ ဝင်စားသောစျာန်မှ တပါးသော ရူပ်နာမ်သခ်ါရတို့ကို ဟု ဆိုလို၏- ဤသို့ မဟာဋီကာ၌ ဖွင့်ပြသောကြောင့် ပါဒကစျာန်ရှိသောပုဂ္ဂိုလ်မှာ ပါဒကစျာန်မှတပါးသော ရူပ်နာမ်သခ်ါရတို့ကို ရှုလျှင် ပြိုးပြမ်းသော

ဝိပဿနာဟူသော ကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့် ပဌမစျာန်နှင့် ယှဉ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ အလုံးစုံသောမဂ်တို့၌ ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး စျာနင်ငါးပါးတို့ ဖြစ်ကုန်၏။ မှန်ပေ၏- ထိုမဂ်တို့၏ ရှေးအဖို့ ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သည်၎င်း၊ ဥပေက္ခာသဟဂုတ် သည်၎င်း ဖြစ်ခဲ့၍ (မဂ်ဖြင့်) ထသောကာလ၌ သန်ဓိရုပေက္ခာ အဖြစ်သို့ ရောက်လတ်သော် သောမနဿသဟဂုတ်သာလျှင် ဖြစ်၏။

၁၁၆။ ပဋ္ဌကနည်း၌ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သော မဂ်တို့၌ အစဉ်အတိုင်းစျာန်သည် အင်္ဂါလေးပါး ရှိသည်၎င်း၊ အင်္ဂါသုံးပါး ရှိသည်၎င်း၊ အင်္ဂါနှစ်ပါး ရှိသည်၎င်း ဖြစ်၏။ အလုံးစုံသော မဂ်တို့၌ ခုနစ်ပါးသော မဂ္ဂင်တို့ ဖြစ်ကုန်၏။ စတုတ္ထစျာန်မဂ်၌ ခြောက်ပါးသော ဗောဇ္ဈင်တို့ ဖြစ်ကုန်၏။ ဤအထူးသည် ပါဒကစျာန်ဟူသော ကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့်၎င်း၊ ဝိပဿနာဟူသော ကိန်းသေသတ်မှတ်ကြောင်း နိယမဖြင့်၎င်း ဖြစ်ပေသည်။ မှန်ပေ၏- ထိုမဂ်တို့၏ ရှေးအဖို့ဖြစ်သော ဝိပဿနာသည်လည်း သောမနဿသဟဂုတ်သည်၎င်း၊ ဥပေက္ခာသဟဂုတ်သည်၎င်း ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်ကား သောမနဿသဟဂုတ်သည်သာလျှင် ဖြစ်၏။

[၃၀၆] ၁၁၇။ ပဋ္ဌမစျာန်ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သော မဂ်၌ကား ဥပေက္ခာနှင့် ဧကဂ္ဂတာ၏အစွမ်းအားဖြင့် စျာနင်နှစ်ပါး ဗောဇ္ဈင် ခြောက်ပါး မဂ္ဂင်ခုနစ်ပါးတို့ ဖြစ်ကုန်၏။ ဤအထူးသည်လည်း နိယမနှစ်ပါး လုံး၏ အစွမ်းအားဖြင့် ဖြစ်၏။ မှန်ပေ၏- ဤနည်း၌ ရှေးအဖို့ဖြစ်သော ဝိပဿနာသည် သောမနဿ သဟဂုတ်သော်၎င်း၊ ဥပေက္ခာသဟဂုတ်သော် ၎င်း ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား ဥပေက္ခာသဟဂုတ် သာလျှင်

မှတ်ချက်

(ပကိဏ္ဏက) သန်ဓိရတို့ကို ရှုသည်မည်၏၊ ထိုအတူပင် စျာန်မရှိသော ပုဂ္ဂိုလ်မှာ မိမိသန္တာန်၌ဖြစ်ပေါ်သောမြင်မှု-ကြားမှုစသော သန်ဓိရတို့ကိုရှုခြင်းသည် ပြိုးပြမ်းသော (ပကိဏ္ဏက) သန်ဓိရတို့ကို ရှုခြင်းပင်မည်၏ဟု မှတ်အပ်၏။

ဗုဒ္ဓဘာသာ ၃၆၇-၃၉

ဖြစ်၏။ အရှုပစျာန်တို့ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သော မဂ်၌လည်း ဤနည်းပင်တည်း၊ ဤသို့လျှင် ပါဒကစျာန်မှထ၍ အမှတ်မရှိ တစုံတခုသော သန်ါရတို့ကို သုံးသပ်၍ ဖြစ်စေ(အပ်)သော မဂ်အား နီးသောအရပ်၌ ထခဲ့သော သမာပတ်က မိမိနှင့်တူသည်၏ အဖြစ်ကို ပြု၏၊ အဘယ်ကဲ့သို့နည်းဟူမူ- မြေ၏အဆင်းက ဖွတ်၏အဆင်းအား မိမိနှင့်တူသည်၏ အဖြစ်ကို ပြုသကဲ့သို့တည်း။

(၇၉၉) ၁၁၈။ ဒုတိယမထေရ်၏ ဝါဒ၌ကား အကြင်အကြင်သမာပတ်မှ ထပြီးလျှင် အကြင်အကြင်သမာပတ်တရားတို့ကို သုံးသပ်၍ မဂ်ကိုဖြစ်စေငြားအံ့၊ ထိုမဂ်သည် ထိုထိုသုံးသပ်(အပ်)သော စျာန်နှင့်တူသည်သာလျှင် ဖြစ်၏၊ ထိုမထေရ်၏ ဝါဒ၌လည်း ဝိပဿနာဖြင့် ကိန်းသေသတ်မှတ်ခြင်းကို ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏။

(၈၀၀) ၁၁၉။ တတိယမထေရ်၏ ဝါဒ၌ကား မိမိ မိမိ၏ အလိုအဇ္ဈာသယအားလျော်စွာ အကြင်အကြင်စျာန်ကို အခြေခံပြုပြီးလျှင် အကြင်အကြင်စျာန်တရားတို့ကို သုံးသပ်၍ မဂ်ကိုဖြစ်စေငြားအံ့၊ ထိုမဂ်သည် ထိုထိုအလိုရှိအပ်သောစျာန်နှင့် တူသည်သာလျှင် ဖြစ်၏။ သို့သော် အခြေခံပါဒကစျာန်နှင့်သော်ငင်း သုံးသပ်သော သမ္မသိတစျာန်နှင့်သော်ငင်း ကင်း၍ အလိုအဇ္ဈာသယမျှဖြင့်သာလျှင် ထိုအလိုရှိသောစျာန်နှင့် တူသည်၏ အဖြစ်သည် မပြီးစီးပေ။ ထိုအလိုအဇ္ဈာသယအားလျော်စွာ ဖြစ်သည်ဟူသော ဤအနက်ကို **နန္ဒကောဝါဒသုတ်**ဖြင့် ပြအပ်၏။ဤမထေရ်၏ဝါဒ၌လည်း ဝိပဿနာ

မှတ်ချက်

၁- မဂ်၏-ဟု သမ္မန်အနက်ပင်ဖြစ်သော်လည်း မြန်မာစကား ချောစေရန် မဂ်အား-ဟု ပြန်ဆိုထားသည်၊ ထိုမဂ်ကို အနီးဖြစ်သော ပါဒကစျာန်သမာပတ်က မိမိနှင့်စျာန်အင်္ဂါတူစေသည်ဟု ဆိုလို၏။

၂- အနီးကာလ၌ ထခဲ့သောစျာန် သမာပတ်ကို နီးသောအရပ်၌ ထခဲ့သော သမာပတ်ဟု ဆိုထားသည်၊ အရိယာမဂ်သို့ရောက်ခါနီး ရှေးအဖို့က နောက်ဆုံး ဝင်စားခဲ့သော ပါဒကစျာန်သမာပတ်ကို ဆိုသည်။

ဖြင့် ကိန်းသေ သတ်မှတ်ခြင်းကို ဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင် သိအပ်၏။ ဤသို့လျှင် သန်ဂါရုပေက္ခာက ဗောဇ္ဈင် မဂ္ဂင် စျာနင်တို့ကို ကိန်းသေ သတ်မှတ်သည်ဟု သိအပ်၏။

(၈၀၁) ၁၂၀။ ထိုမှတပါး အကယ်၍ ဤ(သန်ဂါရုပေက္ခာ)သည် အစပိုင်း၌ ကိလေသာတို့ကို ပယ်ခွါသည် ရှိသော်ဘဲ ဆင်းရဲပင်ပန်းစွာ လုံ့လနှင့် တကွ ဖြစ်လျက် အားထုတ်မှုနှင့် တကွ ဖြစ်လျက် ပယ်ခွါခြင်းငှာ စွမ်းနိုင်ခဲ့ငြားအံ့၊ (ဒုက္ခပဋိပဒါ) ခဲယဉ်းသော အကျင့်မည်၏။ (ထိုမှ) ပြန်သော အားဖြင့် (သုခပဋိပဒါ) လွယ်ကူသော အကျင့်မည်၏။ ထိုမှတပါး ကိလေသာတို့ကို ပယ်ခွါပြီးလျှင် ဝိပဿနာ ဟူသော ပရိဝါသ် ရှိသော် မဂ်၏

မှတ်ချက်

၁- ကလာပသမ္မသနညာဏ်၏အဆုံး၌ ဥဒယဗ္ဗယညာဏ်ဖြစ်သောအခါ ဖြစ်ပေါ်လာသော ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသကို သုံးကြိမ်တိုင်တိုင် ရှု၍ ပယ်ခွါရခြင်းဖြင့် ဆင်းရဲပင်ပန်းသည်ဟုဆိုသော ဝါရကို ဒုက္ခာပဋိပဒါဟု ရှေးဆရာတို့ နှစ်သက်ကြကြောင်းကို ဆရာတို့ကဆိုကုန်၏၊ သို့သော်လည်း အဋ္ဌကထာ၌ "ဝိပဿနာညာဏ်သည် ထက်မြက်ရဲရင့်ကြည်လင်လျက် ဆောင်သွားလတ်သော် ဖြစ်ပေါ်လာသော ဝိပဿနာ၌ ငြိကပ်တွယ်တာမှု နိကန္တိကို ဆင်းရဲငြီးငြင်စွာနှင့် ပင်ပန်းလျက် ကုန်စေသည်" ဟူ၍ဆိုထားသောကြောင့် ရှေးအဖို့၌ မုဉ္ဇတုကမျတာစသည်၏ အဖြစ်ဖြင့်ဖြစ်သော သန်ဂါရုပေက္ခာသည် မိမိ၏ ဆန့်ကျင်ဘက်ကိလေသာတို့ကို ခဲယဉ်းငြီးငြင်စွာဖြင့် ပယ်ခွါရသည်ရှိသော် ဒုက္ခပဋိပဒါအဖို့၌သာလျှင်တည်၏-ဟု မဟာဋီကာ၌ မိန့်ဆိုသောကြောင့် မုဉ္ဇတုကမျတာညာဏ် ပဋိသန်ဂါဉာဏ်အခိုက်အတန့်၌ ခဲခဲယဉ်းယဉ်း ရှုမှတ်ခဲ့ရလျှင် ထိုသို့သော သန်ဂါရုပေက္ခာကိုလည်း ဒုက္ခပဋိပဒါဟူ၍သာ မှတ်အပ်၏။

၂- အလိုရှိအပ်သော မဂ်ဟူသောဌာနသို့ မကပ်ရောက် သေးမူ၍ ဤဝိပဿနာ၌သာလျှင် ကြိုတင်၍နေ၏ မဂ်နှင့်ကင်းလျက်နေ၏၊ ဤသို့ကြိုတင်၍ မဂ်နှင့်ကင်းလျက်နေရာဖြစ်သောကြောင့် ဝိပဿနာသည် ပရိဝါသ-ပရိဝါသ်မည်၏ ဟု ပြဆိုသော ဋီကာနှင့်အညီ သန်ဂါ

ဖြစ်ပေါ်ခြင်းကို ဖြေးဖြေးပြုသည်ရှိသော်(ဒန္ဓာဘိညာ)နှေးသော အဘိညာ မည်၏။ (ထိုမှ) ပြန်သော အားဖြင့် (ခိပ္ပါဘိညာ) လျင်သော အဘိညာ မည်၏။ ဤသို့လျှင် သခ်ါရုပေကွာသည် (မဂ်၏) လာခဲ့ရာ အကြောင်း၏ အရာ၌ တည်၍ မိမိနှင့်ဆိုင်သော မဂ်အား အမည်ကို ပေး၏။ ထို့ကြောင့် မဂ်သည် လေးပါးသော အမည်တို့ကို ရ၏။

[၃၀၇] ၁၂၀။ ထိုသို့ သဘောရှိသော (ရောက်ကြောင်း အကျင့်ဖြစ်သော) ဤပဋိပဒါသည် အချို့သော ရဟန်းအား အသီးအသီး ကဲ့ပြား၏။

မှတ်ချက်

ရုပေကွာဉာဏ်ဖြစ်ပေါ်နေပါလျက် မဂ်ဉာဏ်သို့ မဆိုက်ရောက်သေးပဲ သခ်ါရုပေကွာသာလျှင် ကြာမြင့်စွာဖြစ်နေသည်ကို ဝိပဿနာပရိဝါသ် နေသည်ဟု မှတ်အပ်၏။

၁- သခ်ါရုပေကွာဖြစ်ပြီးမှ အရိယာမဂ်ဖြစ်ပေါ်ရသောကြောင့် ၎င်းအရိယာမဂ်ကို သခ်ါရုပေကွာမှလာသည်ဖြစ်သည်ဟု ဆိုရ၏၊ သခ်ါရုပေကွာကိုလည်း ထိုမဂ်၏လာခဲ့ရာအကြောင်းဟု ဆိုရ၏။ ထိုသခ်ါရုပေကွာသည် ဒုက္ခာပဋိပဒါဒန္ဓာဘိညာဖြစ်လျှင် မိမိမှဆက်၍ဖြစ်သော အရိယာမဂ်အား ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဟူသော မိမိအမည်ကိုပေး၏၊ ထိုသခ်ါရုပေကွာသည် ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာဖြစ်လျှင်လည်း မိမိမှဆက်၍ဖြစ်သောမဂ်အား ထိုမိမိ၏အမည်ကို ပေး၏၊ ထိုသခ်ါရုပေကွာသည် သုခါပဋိပဒါဒန္ဓာဘိညာဖြစ်လျှင်လည်း မိမိမှဆက်၍ဖြစ်သော မဂ်အား ထိုမိမိ၏အမည်ကိုပေး၏၊ ထိုသခ်ါရုပေကွာသည် သုခါပဋိပဒါ ခိပ္ပါဘိညာဖြစ်လျှင် မိမိမှဆက်၍ဖြစ်သောမဂ်အား သုခါပဋိပဒါခိပ္ပါဘိညာဟူသော မိမိ၏အမည်ကိုပေး၏။ ထို့ကြောင့် "မဂ်သည်လေးပါးသောအမည်တို့ကိုရ၏။" ဟု ဆိုသည်။ သခ်ါရုပေကွာ ဟူသောမိမိမှဆက်၍ဖြစ်သောမဂ်ကို ဝိသုဒ္ဓိမဂ်စာကိုယ်၌ "မိမိ၏မဂ်" ဟု ဆိုထား၏၊ ဤမြန်မာပြန်၌ကား နားလည်လွယ်စေရန် "မိမိနှင့် ဆိုင်သောမဂ်" ဟု ပြန်ဆိုထားသည်။

၂- "ဤပဋိပဒါသည်" ဟူသော စကားဖြင့် ပဋိပဒါနှင့်အဘိညာ နှစ်ပါးလုံးကို ယူအပ်၏၊ အဘိညာသည်လည်း အချို့ ရဟန်းအား ကဲ့ပြား၍ အချို့ရဟန်းအား မကဲ့ပြားဟု ဆိုလို၏။

အချို့သော ရဟန်းအား မင်္ဂလေးပါးလုံးတို့၌လည်း မကွဲမပြား တပါးတည်း သာလျှင် ဖြစ်၏။ မြတ်စွာဘုရားတို့မှာမူကား မင်္ဂလေးပါးလုံးပင် သုခပဋိပဒါ-ချမ်းသာသော အကျင့်ရှိကုန်၍ ခိပ္ပါဘိညာ-လျင်သော အဘိညာရှိကုန်သည်သာလျှင် ဖြစ်လေကုန်၏။အရှင်သာရိပုတြာမှာလည်း ထိုအတူပင်တည်း။ အရှင်မဟာ မောဂ္ဂလာန်မှာမူကား ပဌမမင်္ဂသည် သုခပဋိပဒါ-လွယ်ကူသော အကျင့်ရှိ၍ ခိပ္ပါဘိညာ-လျင်သော အဘိညာရှိ၏။ အထက် မင်္ဂသုံးပါးတို့သည် ဒုက္ခပဋိပဒါ-ခဲယဉ်းသော အကျင့်ရှိကုန်၍ ခိပ္ပါဘိညာ-လျင်သော အဘိညာရှိကုန်၏။ ပဋိပဒါ ကဲ့သို့ပင် ထိုအတူ အဓိပတိတို့သည်လည်း အချို့သော ရဟန်းမှာ လေးပါးသော မင်္ဂတို့၌ အသီးအသီး ကဲ့ပြားကုန်၏။ အချို့သော ရဟန်းမှာ မင်္ဂလေးပါးလုံးတို့၌ မကွဲမပြား တပါးတည်းသာ ဖြစ်၏။ ဤသို့လျှင် သဒ်္ဓါရုပေက္ခာသည် ပဋိပဒါ အထူးကို ကိန်းသေ သတ်မှတ်၏။ ထိုမှတပါး ဝိမောက္ခ အထူးကို ကိန်းသေ သတ်မှတ်ပုံမှာ ရှေးဦး ဆိုခဲ့ပြီးသာလျှင်ဖြစ်၏။

(၈၁) ၁၂၂။ တနည်းအားဖြင့်လည်း မင်္ဂမည်သည်ကား မိမိ၏ သဘော (**သ ရ သ**) အားဖြင့်၎င်း ဆန့်ကျင်ဘက် အားဖြင့်၎င်း မိမိ၏ ဂုဏ် အားဖြင့်၎င်း အာရုံအားဖြင့်၎င်း လာခဲ့ရာ အကြောင်း(အာဂုံ) အားဖြင့်၎င်း-ဤသို့ ငါးပါးသော အကြောင်းတို့ဖြင့် အမည်ကိုရ၏။ ခဲ့၍ ပြရလျှင်-သဒ်္ဓါရုပေက္ခာသည် သဒ်္ဓါရတို့ကို အနိစ္စ အခြင်းအရာ အားဖြင့် သုံးသပ်၍ ထငြားအံ့၊ **အနိမိတ္တ ဝိမောက္ခ**ဖြင့် လွတ်မြောက်၏[၂]။ ဒုက္ခ အခြင်းအရာ အားဖြင့် သုံးသပ်၍ထငြားအံ့၊**အပ္ပဏိဟိတ ဝိမောက္ခ**ဖြင့် လွတ်မြောက်၏။ အနတ္တ အခြင်းအရာ အားဖြင့် သုံးသပ်၍ ထငြားအံ့၊**သုညတ ဝိမောက္ခ**ဖြင့်

မှတ်ချက်

၁- သဒ်္ဓါရုပေက္ခာက အနိစ္စအခြင်းအရာ အားဖြင့် သုံးသပ်သည်၏ အခြားမဲ့၌ အရိယာမင်္ဂ ဖြစ်ပေါ်ငြားအံ့ဟု ဆိုလို၏။

၂- အနိမိတ္တ ဝိမောက္ခ မည်သော မင်္ဂဖြင့် လွတ်မြောက်၏၊ ထိုမင်္ဂသည် အနိမိတ္တ ဝိမောက္ခ မည်၏ဟု ဆိုလို၏။ နောက်အပိုဒ် တို့၌လည်း နည်းတူပင်။

လွတ်မြောက်၏။ ဤသည်ကား(နိမိတ်စသည် ကင်းသော) မိမိ၏ သဘော အားဖြင့် ရသော အမည်တည်း။

၁၂၃။ ထိုမှတပါး ဤမင်္ဂသည် အနိစ္စာနုပဿနာဖြင့် သန္ဓိရတို့၏ ဃနပညတ် အစိုင်အခဲကို ဖျက်ခဲ့၍ မြဲသည့်ပုံဟန်-နိစ္စနိမိတ်, ခိုင်ခံ့သည့်ပုံဟန်-ဓုဝနိမိတ်, အမြဲတန်းတည်ရှိသည့်ပုံဟန်-သဿတနိမိတ်တို့ကို ပယ်စွန့်၍ လာခဲ့၏၊ ထို့ကြောင့် **အနိမိတ္တ**မည်၏။ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခွါ၍ စိတ်ညှတ်ထားခြင်း တောင့်တခြင်းကို ခြောက်သွေ့စေ၍ လာခဲ့သောကြောင့် **အပ္ပဏိဟိတ** မည်၏။ အနတ္တာ နုပဿနာဖြင့် အတ္တကောင် ဟူသောအမှတ် သတ္တဝါ ဟူသောအမှတ် ပုဂ္ဂိုလ် ဟူသောအမှတ်သညာကို ပယ်စွန့်၍ သန္ဓိရတို့ကို ဆိတ်သုဉ်းသော အားဖြင့် မြင်သောကြောင့် **သုညတ**မည်၏။ဤသည်ကား (နိမိတ်စသည်တို့၏)ဆန့်ကျင်ဘက်အားဖြင့် ရသောအမည်တည်း။

၁၂၄။ ထိုမှ တပါး ဤမင်္ဂသည် ရာဂ စသည်တို့မှ ဆိတ်သုဉ်းသော ကြောင့် **သုညတ** မည်၏။ ရှုပနိမိတ် စသည်တို့၏ငင်း ရာဂနိမိတ် စသည်တို့ ၏ငင်း မရှိခြင်းကြောင့် **အနိမိတ္တ** မည်၏။ရာဂ ပဏိဓိ စသည်တို့၏၂ မရှိခြင်း ကြောင့် အပ္ပဏိဟိတ မည်၏။ ဤသည်ကား မိမိ၏ ဂုဏ်အားဖြင့် ရသော အမည်တည်း။

၁၂၅။ ထိုသို့ သဘောရှိသော ဤ မင်္ဂသည် ဆိတ်သုဉ်းသော နိမိတ် လည်း ကင်းသော တောင့်တမှုလည်း ကင်းသော နိဗ္ဗာန်ကို အာရုံပြုတတ်၏၊ ထို့ကြောင့်လည်း ၎င်းမင်္ဂကို **သုညတ** ဟူ၍ငင်း **အနိမိတ္တ** ဟူ၍ငင်း **အပ္ပဏိဟိတ** ဟူ၍ငင်း ခေါ်ဆိုအပ်၏။ ဤသည်ကား ထိုမင်္ဂ၏ အာရုံ အားဖြင့် ရသော အမည်တည်း။

ပုတ်ချက်

၁- ဤ မင်္ဂသည်....ဖျက်ခဲ့၍....ပယ်စွန့်၍ လာခဲ့၏၊ ထို့ကြောင့် အနိမိတ္တ မည်၏ ဟု စပ်ပါ။ နောက်နှစ်ပိုဒ်၌လည်း နည်းတူပင် စပ်ပါ၊

၂- ရာဂပဏိဓိ-တပ်မက်သော ရာဂကို ထားခြင်း-ဖြစ်စေခြင်း။ "စသည်" ဟူသော စကားဖြင့် ဒေါသ ပဏိဓိ,မောဟပဏိဓိတို့ကို ယူအပ်၏။

(၈၀၃) ၁၂၆။ ထိုမှတပါး လာခဲ့ရာ အကြောင်း(အာဂုံ)သည် ဝိပဿနာ ဟူသော လာခဲ့ရာ အကြောင်း,မဂ်ဟူသော လာခဲ့ရာ အကြောင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မဂ်၌ ဝိပဿနာဟူသော လာခဲ့ရာ အကြောင်းကို ရ၏။ ဖိုလ်၌ မဂ်ဟူသော လာခဲ့ရာ အကြောင်းကို ရ၏။ ရပုံကား....အနတ္တာနုပဿနာသည် သုညတ ဝိပဿနာ မည်၏။ သုညတဝိပဿနာ၏ မဂ်သည် **သုညတ**မဂ် မည်၏။ (သုညတ မဂ်၏ ဖိုလ်သည် **သုညတဖိုလ်** မည်၏။) [၂]။ အနိစ္စာနုပဿနာသည် အနိမိတ္တဝိပဿနာ မည်၏၊ [၃၀၈] အနိမိတ္တဝိပဿနာ၏ မဂ်သည် **အနိမိတ္တမဂ်**မည်၏။ ဤအနိမိတ္တဟူသော အမည်ကိုကား အဘိဓမ္မာနည်းအားဖြင့် မရအပ်ပေ။ သုတ္တန်နည်းအားဖြင့် သာလျှင် ရအပ်ပေ၏။ မှန်ပေ၏- ထိုသုတ္တန်၌ ဂေါတြဘူဉာဏ်သည် နိမိတ်ကင်းသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့် အနိမိတ္တ အမည်ရှိသည်ဖြစ်၍ မိမိက မဂ်၏လာခဲ့ရာ အကြောင်း၏ အရာ၌တည်၍ မဂ်အား (အနိမိတ္တဟူသော) အမည်ကို ပေး၏ဟု ဆိုကုန်၏။ ထို့ကြောင့် မဂ်ကို **အနိမိတ္တ**ဟု ဆိုအပ်၏။ "မဂ်ဟူသော လာခဲ့ရာအကြောင်းအားဖြင့် ဖိုလ်သည် **အနိမိတ္တ** မည်၏" ဟူသော အနက်သည်ကား သင့်သည် သာလျှင်တည်း။ ဒုက္ခာနုပဿနာသည် သန်္ခါရတို့၌ တပ်မက်မှု တဏှာကို ခြောက်စေ၍ လာသောကြောင့် အပ္ပဏိဟိတ ဝိပဿနာမည်၏။ အပ္ပဏိဟိတဝိပဿနာ၏ မဂ်သည် အပ္ပဏိဟိတမဂ်မည်၏။ အပ္ပဏိဟိတမဂ်၏ဖိုလ်သည် **အပ္ပဏိဟိတ**ဖိုလ်မည်၏။ ဤသို့လျှင် ဝိပဿနာသည် မိမိ၏အမည်ကို မဂ်အား ပေး၏။ မဂ်သည်

မှတ်ချက်

၁- သုညတ ဝိပဿနာ၏ မဂ်ဟူသည်မှာ သုညတ ဝိပဿနာ၏ အခြားမဲ့၌ ဆက်၍ ဖြစ်ပေါ်သော မဂ်တည်း၊ ၎င်းကို သုညတ ဝိပဿနာနှင့်စပ်ဆိုင်သော မဂ်ဟူ၍လည်း ခေါ်ဆိုအပ်၏။

၂- ဤ လက်သည်းကွင်း အတွင်းရှိ စာပိုဒ်မှာ ယခုလက်ရှိ ဝိသုဒ္ဓိမဂ် စာအုပ်တို့၌ မရှိငြားသော်လည်း စင်စစ် ရှိသင့်သောကြောင့် ဖော်ပြထားသည်။

ဖိုလ်အား ပေး၏။ ဤသည်ကား လာခဲ့ရာအကြောင်း (အာဂုံ)အား ဖြင့် ရသော အမည်တည်း။ ဤသို့လျှင် ဤသင်္ခါရုပေက္ခာသည် ဝိမောက္ခအထူး ကို ကိန်းသေ သတ်မှတ်၏။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

ပါဠိတော်

မင်္ဂလိုလ်နိဒ္ဒေါန်သို့

အမြန်ဆိုက်ရောက်စေနိုင်သော

ဝိပဿနာရှုနည်းကျမ်း

ဒုတိယတွဲ

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား
ရေးသားစီရင်အပ်သည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က
ပုံနှိပ်ထုတ်ဝေသည်။

သတ္တမ ပုံနှိပ်ခြင်း စာအုပ်ရေ (၃၀၀၀)

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၁၃ ကောဇာ ၁၃၇၁ ၁၉၆၉ မေလ

အားထုတ်ပုံ

တပျက်ထဲ ပျက်နေတဲ့ ရုပ် နာမ်တို့မှ မကင်းနိုင်ဟု သဘောကျ သောကြောင့် ဘယ်လို လူ့အဖြစ်မျိုး, ဘယ်လို ယောကျ်ားမိန်းမ အဖြစ်မျိုး, ဘယ်လို မင်းအဖြစ် သူဌေး အဖြစ်မျိုးတွင်မျှ ပျော်မွေ့ ဘွယ်ကို မမြင်ပြီ၊ ငြီးငွေ့ဘွယ် ဟူ၍သာ ထင်မြင်၏။ နတ်ဘုံ မြဟ္မာဘုံတို့ကို စဉ်းစား ကြည့်မိလျှင်လဲ, နည်းတူပင် သဘောကျ သောကြောင့် ငြီးငွေ့ဘွယ် ဟူ၍သာ ထင်မြင်၏။

မုစ္ဆိတုကမျတာဉာဏ်

ငြီးငွေ့သောကြောင့်, မှတ်တိုင်း မှတ်တိုင်းသော စိတ်သည် မှတ်သိရသော ရုပ်နာမ် သဓ်ါရတို့မှ အတင်းရုန်းကန် ဖဲ့ထွက် နေသကဲ့သို့လဲ ထင်ရတတ်၏။ "မြင်မှု ကြားမှု ထိမှု ကြိမှု ထိုင်မှု ထမှု ကွေးမှု ဆန့်မှု ရှုမှတ်မှု စသော သည်ဟာတွေ အလုံးစုံ မရှိတာက ကောင်းတော့တာဘဲ၊ သည်ဟာတွေကို လွတ်ရာ တခြားသို့ စွန့်ပစ် လိုက်ရလျှင် ကောင်းမှာဘဲ၊ သူတို့မရှိရာသို့ ရောက်ချင် ပါဘိတော့ တယ်"ဟု ဤသို့ စသည်ဖြင့် သဓ်ါရတို့မှ လွတ်မြောက်ရန် လိုလားလျက် ကြံစည်မိတတ်၏။ထိုကြံစည်မှုကိုလဲ မလွတ်စေနဲ့၊ မှတ်လိုက်ပါ။ "သည်ရုပ်နာမ်တွေ ကင်းအောင် ဘယ်လို လုပ်ရပါမည်လဲ၊ မှတ်မြဲအတိုင်း မှတ်နေလျှင် မကောင်းတာတွေကို လှန်လှောပြီး ကြည့်နေသလို ဖြစ်နေတာဘဲ၊ မကောင်းတာတွေကိုချည်း တွေ့နေတော့တာဘဲ၊ သူတို့ကို နှလုံးမသွင်းဘဲ မမှတ်ဘဲ နေရတာက ကောင်းမှာ ထင်ပါရဲ့ ဟူ၍လဲ စဉ်းစားမိတတ်၏။ ထိုစဉ်းစားမှုကိုလဲ မှတ်လိုက်ပါ။

တချို့မှာ ထိုသို့စဉ်းစားမိတဲ့ အတိုင်းပင် မမှတ်တော့ဘဲ ရပ်နားနေမိတတ်၏၊ ရပ်နားနေသော်လဲ မြင်မှု ကြားမှု သိမှု ဖောင်းမှု ပိန်မှု ထိုင်မှု ကွေးမှု ဆန့်မှု ကြိမှု စသော နာမ်ရုပ်များက မဖြစ်ဘဲလဲ မနေချေ၊ ဖြစ်မြဲပင် ဖြစ်ပေါ်လျက်သာ ရှိ၏၊ ရှုမှတ်ခဲ့သော ဝိပဿနာ အဟုန်ကြောင့် မထင်ဘဲလဲ မနေချေ၊ ထင်မြဲပင် ထင်ပေါ်လျက်သာ ရှိ၏၊ ထင်ရှားသော ထိုရုပ်နာမ်တို့ကို သိမှုကလဲ အလိုလိုပင် မပြတ် သိလျက် ရှိ၏၊ ထို့ကြောင့်, ဤသို့ ဆင်ခြင်လျက် သဘောကျတတ်၏။"မမှတ်ဘဲ နေသော်လဲ ရုပ်နာမ်တွေက ဖြစ်လဲ ဖြစ်ပေါ်နေတာဘဲ၊ ထင်လဲ ထင်ပေါ်နေတာဘဲ၊ သိမှုကလဲ သူတို့ကို

မပြတ် သိနေတာဘဲ၊ သို့ဖြစ်၍, မမှတ်ဘဲ နေရုံမျှဖြင့် သည်ရုပ်နာမ်တွေမှ မလွတ်နိုင်သေးဘူး၊ သူတို့ကို မစွန့်နိုင်သေးဘူး၊ အစဉ်အတိုင်းမှတ်၍ အနိစ္စ ဒုက္ခ အနတ္တ အဖြစ်ကို ကောင်းကောင်း သိမြင်ပြီးမှ သူတို့ကို ဂရုမစိုက်ဘဲ လစ်လျူ ရှုနိုင်မည်၊ သူတို့ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ သိမြင်ရမည်၊ ထိုအခါ ကျမှ ကောင်းကောင်း ငြိမ်းအေး သွားမည်”ဟူ၍ သဘောကျပြီးလျှင် မှတ်မြဲပင် တဖန် ပြန်၍မှတ်၏။ကိုယ်တိုင် မဆင်ခြင်တတ်သော သူသည်လည်း ဆရာက ဟောပြတဲ့ အတိုင်း သဘောကျ၍ တဖန် မှတ်မြဲပြန်မှတ်၏။

ပဋိသန္ဓေဉာဏ်

ဤသို့ မှတ်မြဲတိုင်း တဖန်မှတ်၍ အရှိန်ကောင်းလာသော အခါ၌ အချုပ်ပုဂ္ဂိုလ်မှာ မခံသာသော ဝေဒနာများကိုလဲ တွေ့ရတတ်သေး၏။ စိတ် မပျက်လင့်၊ ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော စသည်တို့နှင့် အညီ,ဆင်းရဲအစု ရောဂါအစုကဲ့သို့ ထင်ပေါ်စေလျက် ဒုက္ခလက္ခဏာ အထူးထင်ရှားခြင်းပေတည်း၊ လွန်မြောက်သွားအောင် မှတ်ပါလေ။ ဤသို့ လွန်ကဲသော ဒုက္ခဝေဒနာကို မတွေ့ရသော်လဲ အနိစ္စ ဒုက္ခ အနတ္တ အခြင်း အရာ (၄၀)တို့တွင် တပါးပါးသည် ထိုက်သည်အား လျော်စွာ မှတ်ချက်တိုင်း၌ ထင်ရှား၏။ဤသို့ထင်ရှား၍ ပျံ့လွင့်ခြင်းမရှိဘဲ အမှတ်ကောင်းနေသော်လဲ ယောဂီသည်ကား မှတ်သိမှုကို မကောင်းဘူးဟူ၍သာ ထင်တတ်၏၊ အာရုံနှင့် မှတ်စိတ်တို့ ကောင်းကောင်းမကပ်ဘဲ ဝေးနေသည် ဟူ၍လဲ ထင်တတ်၏၊ ရုပ်နာမ်တို့၏ အနိစ္စ,ဒုက္ခ,အနတ္တ သဘောကို ပိုင်ပိုင် နိုင်နိုင် ကြီး သိလိုတဲ့အဘွက် အားမရနိုင်ခြင်းပင်တည်း၊ ဤသို့ အားမရသောကြောင့် အမျိုးမျိုး ပြောင်းလဲ ပြုပြင်မိတတ်၏၊ ထိုင်လျက် မှတ်နေရာမှ မကောင်းဘူးဟု ထင်၍ စင်္ကြံသွားလိုတတ်၏၊ သွားလျက် မှတ်နေရာမှလဲ မကောင်းဘူးဟု ထင်ပြန်၍ ထိုင်လိုတတ်၏၊ တဖန်မကောင်းဘူးဟု ထင်ပြန်၍ လက်, ခြေတို့ကို ပြောင်းရွေ့ပြုပြင်လိုတတ်၏၊ တခြားနေရာသို့ ရွှေ့ပြောင်းလိုတတ်၏၊ လဲလျောင်း လိုတတ်၏။ ဤသို့အမျိုးမျိုး ပြောင်းရွေ့ ပြုပြင်၍ မှတ်

သော်လဲ ဘယ်နေရာ ဘယ်အနေမျိုးတွင်မျှ ကြာရှည်စွာ မတည်တံ့နိုင်၊ ခဏခဏ ပြောင်းလဲရတတ်သည်။ စိတ် မပျက်လင့်၊ ရုပ်နာမ်, သဒ္ဓါရတို့ကို သာယာဘွယ် မရှိသည့်အတိုင်း မှန်ကန်စွာ သိရခြင်း ကြောင့်ဂုဏ်း၊ သဒ္ဓါရုပေက္ခာဉာဏ်ကဲ့သို့ လစ်လျူ မရှုနိုင်သေး သောကြောင့်ဂုဏ်း၊ မှတ်သိမှုက ကောင်းနေပါလျက် မကောင်း ဘူးဟု ထင်ခြင်း အားမရခြင်းမျှသာတည်း။ အပြောင်း အရွေ့ မများစေဘဲ တခုတည်းသော ဇရိယာပုထ်ဖြင့် ကြာမြင့်စွာ မှတ်နိုင်အောင် ကြိုးစားပါ၊ မကြာမီပင် အေးချမ်းစွာ အမှတ် ကောင်း သွားပါလိမ့်မည်။ မလျော့သောလုံ့လဖြင့် မှတ်နေလျှင် စိတ်သည် တစတစနှင့် ကြည်၍ ကြည်၍ လာလိမ့်မည်၊ နောက်ဆုံး၌ ထင် သမျှ သိသမျှနှင့် အားမရခြင်း, ပြုပြင်လိုခြင်းမှာ လုံးဝကင်းငြိမ်း သွားလိမ့်မည်။

သဒ္ဓါရုပေက္ခာဉာဏ်

သဒ္ဓါရတို့ကို ကြောင့်ကြမစိုက်ဘဲ လစ်လျူရှုနိုင်အောင် ဉာဏ် အားပြည့်စုံလာသော အခါ၌ မှတ်စိတ်သည် အလွန်ကြည်လင်၏၊ အလွန် နူးညံ့ သိမ်မွေ့၏၊ သူ့အရှိန်နဲ့သူ အလိုလိုပင် သိလျက် သိလျက် ဖြစ်နေသည်ဟု ထင်ရ၏၊ အလွန် သိမ်မွေ့သော ရုပ်နာမ် အမူအရာ ကလေးများကို သော်လဲ အထူးကြောင့်ကြ မစိုက်ရဘဲ သိလျက် သိလျက် ရှိ၏၊ အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာတမျိုးမျိုး ကိုလဲ အထူးမဆင်ခြင်ရဘဲ ထင်ရှားသိလျက် သိလျက် ရှိ၏။ တကိုယ် လုံး၌ တွေ့ထိမှု ကလေးများကို မှတ်နေလျှင်, ကိုယ်ကောင်ကြီး ပျောက်လျက် တွေ့ထိမှုကလေးများကိုသာ တခုပြီးတခု ကွက်ကနဲ ကွက်ကနဲ သိလျက် ရှိနေတတ်၏။ ဝါဂွမ်းနှင့် တိုထိတိုသကဲ့သို့ သိမှု ကလေးများသည် အလွန် သိမ်မွေ့စွာလဲ ဖြစ်တတ်၏။ တရံတခါ၌ ကိုယ်ထဲမှ တွေ့ထိမှုများစွာ ထင်ပေါ်၍ ချာချာ လည်နေအောင် မှတ်သိမှု လျင်မြန်စွာ ဖြစ်၏။ ကိုယ်ရော စိတ်ပါ အထက်သို့ ရုန်းကြွ နေသလိုလဲ ဖြစ်တတ်၏။ တရံတခါ၌ကား မှတ်နေက အာရုံ အနည်းငယ်သာ ထင်ပေါ်လျက် အေးဆေး ငြိမ်သက်စွာ မှတ်သိ ရ၏။ တရံတခါ၌ ဖောင်းမှု, ပိန်မှု, ထိမှု, ကြားမှု တို့နှင့် တကွ တကိုယ်လုံး ပျောက်၍ စိတ်ကလေး တခုတည်းသာ ဖြစ်ပျက်လျက်

ရှိသည်ကို မှတ်သိရ၏။ ကိုယ်ထဲ၌ သိမ်မွေ့သော ရေမှုန် ရေမွှား ကလေးများဖြင့် ဆွတ်ဖျန်းပေးသကဲ့သို့ ပီတိ ဖြစ်သည်ကိုလဲ တွေ့ရတတ်၏။ ငြိမ်းအေးမှု = ပဿဒ္ဓိ ဖြစ်သည်ကိုလဲ တွေ့ရတတ်၏။ မိုးကောင်းကင်ကဲ့သို့ ကြည်လင်နေသော အလင်းကိုလဲ တွေ့ရတတ်၏။ ဤအတွေ့ထူး အသိထူးများကြောင့် ရှေးကလို အလွန်အကဲ ဝမ်းသာခြင်းကား မဖြစ်တတ်ပေ။ သို့သော်လဲ နှစ်သက်သာယာမှုကား ဖြစ်တတ်၏။ ထို နှစ်သက်မှုကိုလဲ မှတ်လိုက်ပါ၊ ပီတိ,ပဿဒ္ဓိ အလင်းတို့ကိုလဲ မှတ်ပါ၊မှတ်၍မှ မပျောက်လျှင်ကား ၎င်းတို့ကို လစ်လျူရှု၍ ပေါ်ရာ ပေါ်ရာကိုသာ မှတ်သွားပါလေ။

ဤဉာဏ်အရာ၌ အာရုံ ဟူသမျှနှင့် မှတ်သိမှု ဟူသမျှကို "ငါ ကောင်လဲ မဟုတ်၊ ငါကောင်၏ ဥစ္စာလဲ မဟုတ်၊ သူတပါးကောင်လဲ မဟုတ်၊သူတပါး၏ဥစ္စာလဲ မဟုတ်၊ သဒ္ဓါရ သဘောမျှသာ ဟုတ်သည်၊ သဒ္ဓါရ သဘောများက သဒ္ဓါရ သဘောများကို မှတ်သိနေသည်"ဟု ဤသို့ သိမြင် သဘောကျမှုသည် ရှင်းလင်းစွာ ဖြစ်၏။ မှတ်ရတာ အလွန်အရသာရှိသလိုပင် ကောင်းနေသည် ဟူ၍သာ ထင်ရ၏။ မည်မျှ ကြာစေကာမူ မှတ်၍ အားမရနိုင်ဘဲ ရှိတတ်၏။ မညောင်းခြင်း, ထုန် ကျင်ခြင်း, နာခြင်း, ယားခြင်း စသော ဒုက္ခဝေဒနာမျိုးများ လုံးဝကင်းငြိမ်းလျက် ရှိ၏။ ထို့ကြောင့် ဇရိယာပုထ်များလဲ အထူးခိုင်ခဲ့၏၊ ထိုင်လျက် ဖြစ်စေ, လျောင်းလျက် ဖြစ်စေ, ဇရိယာပုထ် တမျိုးတည်းဖြင့် မှတ်နေလျှင် ၂-နာရီ ၃-နာရီ ကြာသော်လဲ ညောင်းညာပင်ပန်းခြင်းမရှိဘဲ အချိန်ကုန်မှန်းမသိ ကုန်သွားတတ်၏၊ တခဏလောက် မှတ်မည်ဟု ကြံ၍ မှတ်နေသော်လဲ ၂-နာရီ ၃-နာရီခန့် ကြာသွားတတ်၏၊ ထို အခါ၌လဲ မူလက အတိုင်းပင် ကိုယ်, ခေါင်း, လက်,ခြေ တည်နေပုံမှာ အမူအရာ မယွင်းမပျက်ဘဲ ရှိ၏။

မုဠိတုကမျတာ, ပဠိသဒ်္ဂါ, သဒ်္ဂါရပေက္ခာဉာဏ်

ဣမိနာ ပန နိဗ္ဗိဒါဉာဏေန ဣမဿ ကုလပုတ္တဿ နိဗ္ဗိန္ဒန္တဿ ဥက္ကဏ္ဌန္တဿ အနဘိရမန္တဿ သမ္ဗဘဝ-ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ ဂတေသု သဘေဒကေသု သင်္ခါရေသု ကေသင်္ခါရေပိ စိတ္တံ နသဇ္ဇတိ နလဂ္ဂတိ နဗဇ္ဈတိ၊ သမ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမံ နိဿရိတုကာမံ ဟောတိ။ အထဿ ဧဝံ သမ္ဗသင်္ခါရေသု ဝိဂတာလယဿ သမ္ဗသင်္ခါရဂတာ မုစ္စိတု-ကာမဿ ဥပ္ပဇ္ဇတိ မုဠိတုကမျတာဉာဏံ။

(ဝိသုဒ္ဓိမဂ် ၂-၂၀၈)

ဣမိနာ ပန နိဗ္ဗိဒါဉာဏေန၊ ဤနိဗ္ဗိဒါ ဉာဏ်ဖြင့်။ နိဗ္ဗိန္ဒန္တဿ ဥက္ကဏ္ဌန္တဿ အနဘိရမန္တဿ၊ ငြီးငွေ့ ပျင်းရိ မပျော်မွေ့သော။ ဣမဿ ကုလပုတ္တဿ၊ ဤအမျိုးသား, အမျိုးသို့အား။ သမ္ဗ ဘဝ-ပေ-သင်္ခါရေသု၊ အလုံးစုံသော ဘဝ ၃-ပါး, ယောနိ ၄-ပါး, ဂတိ ၅-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး, သတ္တာဝါသ ၉-ပါး၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့် သင်္ခါရများစွာတို့တွင်။ ကေသင်္ခါရေပိ၊ တခုသောသင်္ခါရ၌ သော်လဲ။ စိတ်၊ စိတ်သည်။ နသဇ္ဇတိ နလဂ္ဂတိ နဗဇ္ဈတိ၊ မကပ် မငြိ မတွယ်။ သမ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမံ၊ သင်္ခါရ အလုံးစုံမှ လွတ်လို၏။ နိဿရိတုကာမံ ဟောတိ၊ ရှောင်ခွါထွက်သွားလို၏။ အထ၊ ထိုအခါ၌။ သမ္ဗသင်္ခါရေသု ဧဝံ ဝိဂတာ-လယဿ၊ သင်္ခါရအလုံးစုံတို့၌ ဤဆိုခဲ့သောနည်းဖြင့် တွယ်တာမှုကင်းလျက်။ သမ္ဗသ္မာ သင်္ခါရဂတာ ဧဝံ မုစ္စိတုကာမဿ၊ သင်္ခါရ အလုံးစုံမှ ဤဆိုခဲ့သော နည်းဖြင့် လွတ်လိုသော။ အဿ၊ ဤအမျိုးသား, အမျိုးသို့အား။ မုဠိတုကမျတာဉာဏံ ဥပ္ပဇ္ဇတိ၊ မုဠိ-တုကမျတာဉာဏ် ဖြစ်ပေါ်၏။

ဘဝ သုံးပါး ဟူသည်ကား ကာမဘဝ, ရူပဘဝ, အရူပဘဝ, တို့ပေတည်း။ **ယောနိလေးပါး** ဟူသည်ကား အဏ္ဍဇ-ဥမ္မ ပေါက်

ဖွားသော သတ္တဝါမျိုး၊ ဇလာဗုဇ-သူငယ်အိမ်မှ ပေါက်ဖွားသော သတ္တဝါမျိုး၊ သံသေဒဇ-အညှိဉ် ဖြစ်ပွားသော သတ္တဝါမျိုး၊ ဩပပါတိက-အနိုးဉ် ရုတ်တရက် ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံ ဘွားကနဲ ဖြစ်ပေါ်သော သတ္တဝါမျိုး၊ ဤလေးမျိုးတို့ ပေတည်း။ **ဂတိငါးပါး** ဟူသည်ကား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဤငါးပါးတို့ပေတည်း။ **ဝိညာဏဋ္ဌိတိ (၇) ပါး** ဟူသည်ကား လူတို့သည်ငင်း, ကာမာဝစရ နတ်တို့သည်ငင်း အချင်းချင်း ကိုယ်ကာယအားဖြင့်လဲ ထူးခြားကုန်၏။ ပဋိသန္ဓေ သညာအားဖြင့်လဲ ထူးခြားကုန်၏၊ လူ အချင်းချင်း နတ် အချင်းချင်း မတူကြကုန်။ ထို့ကြောင့်, နာနတ္တကာယ-နာနတ္တသညီ မည်ကုန်၏။ (၁)။ ။ ပဌမဈာန်ဗြဟ္မာတို့သည်ငင်း,အပါယ်သတ္တဝါတို့သည်ငင်း,အချင်းချင်း ကိုယ်ထူးခြား၍ သညာတူသောကြောင့် နာနတ္တကာယ-ဧကတ္တသညီ မည်ကုန်၏ (၂)။ ။ဒုတိယဈာန် ဗြဟ္မာတို့သည် အချင်းချင်း ကိုယ်တူ၍ သညာထူးခြားသောကြောင့် ဧကတ္တ-ကာယ-နာနတ္တသညီ မည်ကုန်၏ (၃)။ ။တတိယဈာန်ဗြဟ္မာ တို့သည်ငင်း, ဝေဟပ္ဖိုလ်ဗြဟ္မာ တို့သည်ငင်း, အချင်းချင်း ကိုယ်, သညာ, နှစ်မျိုးလုံးတူသောကြောင့် ဧကတ္တကာယ-ဧကတ္တသညီ မည်ကုန်၏ (၄) ။ ။ သုဒ္ဓါဝါသ ဗြဟ္မာတို့လဲ ဤစတုတ္ထ-ဝိညာဏဋ္ဌိတိ၌ ဝင်သင့်ကုန်၏။ ။အာကာသာနဉ္စာယတနဗြဟ္မာ တို့သည် အာကာသာနဉ္စာယတနသညီ မည်ကုန်၏။ (၅)။ ။ ဝိညာဏဉ္စာယတနဗြဟ္မာတို့သည် ဝိညာဏဉ္စာယတနသညီ မည် ကုန်၏ (၆)။ ။အာကိဉ္စညာယတန ဗြဟ္မာတို့သည် အာကိဉ္စ-ညာယတနသညီ မည်ကုန်၏ (၇)။ ၍ (၇) ပါးတို့ပေတည်း။ ငင်း (၇) ပါးတို့၌ အသညသတ်နှင့် နေဝသညာတို့ကို ထည့်လျှင် သတ္တဝါတို့၏ နေရာ **သတ္တာဝါသ ၉-ပါး** ဖြစ်ကုန်၏။ ယောဂီ ပုဂ္ဂိုလ်၏ အသိဉာဏ်သည်ကား လွေလာ မှတ်သား နာကြားဘူး သမျှ၌သာ ဆင်ခြင်လျက် ကျက်စား နိုင်ပေသည်၊ မမှတ်သားဘူး သော အမည်ဖြင့်ကား ကိလေသာလဲ မဖြစ်နိုင်၊ ဉာဏ်လဲ မဖြစ်နိုင် သည်သာတည်း။ သို့သော်လဲ အယုတ်ဆုံးအားဖြင့် ဘဝသုံးမျိုး၌ ငြိးငွေ့မှု ဉာဏ်ဖြစ်လျှင်ပင် ဝိပဿနာ ပြည့်စုံတော့သည်သာ

တည်း။ အဘယ့်ကြောင့်နည်း ဟူမူ····ယောနိ ဂတိ စသော အမည်တို့မှာ ထိုဘဝသုံးမျိုး၏ ပရိယာယ် ဝေါဟာရ အမည်ထူး မျှသာ ဖြစ်သောကြောင့်ပေတည်း။

တနေရာရာ၌ အပြစ်မြင်၍ မပျော်မမွေ့ ငြီးငွေ့ ပျင်းရိသော သူအား ထိုနေရာမှ ထွက်ခွါ သွားလိုခြင်း, ထိုနေရာကို စွန့်လွှတ် လိုခြင်းသည် ဖြစ်မြဲ ဓမ္မတာပေတည်း။ ထို့ကြောင့် မှတ်ရတဲ့အာရုံ သဒ်ါရနှင့် မှတ်မှု ဝိပဿနာ သဒ်ါရတို့၌ ကြောက်ဖွယ်ထင်လျက် အပြစ်မြင်ပြီး၍ ငြီးငွေ့မှု = နိဗ္ဗိဒါဉာဏ် ထက်သန်စွာ ဖြစ်လျက် ရှိသော ယောဂိအား မှတ်ရတဲ့ အာရုံသဒ်ါရ, မှတ်မှု ဝိပဿနာ သဒ်ါရတို့မှငင်း၊ ဆင်ခြင်မိသော ဘဝ ယောနိ ဂတိစသော သဒ်ါရ တို့မှငင်း၊ လွှတ်မြောက်လိုခြင်း = ထိုသဒ်ါရတို့ကို စွန့်လွှတ်လိုခြင်း သဘောသည် မကြာမီပင် ဖြစ်ပေါ်၏။ ၌ လွှတ်မြောက်လို, စွန့်လွှတ်လိုသော သဘောသည် **မုဉ္စိတုကမျတာဉာဏ်ပေတည်း**။ ထို အခါ၌ ယောဂိသည် သွားမှု ထိုင်မှု အိပ်မှု ကွေးမှု ဆန့်မှု စသော ကိုယ်အမူအရာ ဟူသမျှကိုငင်း၊ မြင်မှု ကြားမှု ထိမှု ကြံစည်မှု ရှုမှတ်မှု စသော စိတ်အမူအရာ ဟူသမျှကိုငင်း၊ လူ့ အဖြစ်, နတ် အဖြစ်, ယောက်ျား မိန်းမ အဖြစ်, ဗြဟ္မာ အဖြစ် စသော ဘဝ ဟူသမျှကိုငင်း၊ လွှတ်ရာ တခြားသို့ စွန့်သာ စွန့်ပစ်လိုတော့၏၊ ငင်းတို့မှ လွှတ်ကင်းရာသို့သာ ရောက်လိုတော့၏။ ထို့ကြောင့်ပင်, အခွါ ပုဂ္ဂိုလ်သည် "နှလုံး မသွင်းဘဲ မမှတ်ဘဲ နေရတာက ကောင်းမှာလေလား"ဟု ဆင်ခြင်မိတတ်ပေသည်၊ ထိုသို့ ဆင်ခြင် မိတဲ့ အတိုင်းလဲ မမှတ်တော့ဘဲ ရပ်နား နေမိတတ်ပေသည်။

ပဋိသန်ဓိဉာဏ်။ ။သော ဧဝံ သဗ္ဗ ဘဝ ယောနိ ဂတိ ဋ္ဌိတိ နိဝါသ ဂတေဟိ သ-ဘေဒကေဟိ သဒ်ါရေဟိ မုစ္စိတုကာမော သဗ္ဗသ္မာ သဒ်ါရဂတာ မုစ္စိတုံ ပုန တေ ဧဝ သဒ်ါရေ ပဋိသန်ါနုပဿနာဉာဏေန တိလက္ခဏံ အာရော-ပေတွာ ပရိဂ္ဂဏှာတိ။ (ဝိသုဒ္ဓိမဂ် ၂-၂ ဂ၉)

သဗ္ဗ ဘဝ-ပေ-သဒ်ါရေဟိ၊ အလုံးစုံသော ဘဝ ယောနိ ဂတိ ဋ္ဌိတိ သတ္တာဝါသတို့၌ တည်ကုန်သော ပျက်စီးခြင်း ရှိသည့်

သခ်ၤရတို့မွ။ ဧဝံ မုစ္စိတုကာမေၚ၊ ဤသို့ဆိုခဲ့သည့်အတိုင်းပင် လွတ်မြောက်လိုသော။ သော၊ ထိုအမျိုးသား အမျိုးသီး ယောဂီသည်။ သဗ္ဗသ္မာ သခ်ၤရဂတာ မုစ္စိတုံ၊ သခ်ၤရအလုံးစုံမှ လွတ်မြောက်ရန်။ တေ ဧဝ သခ်ၤရေ၊ မှတ်သိအပ်ပြီးသော ထိုသခ်ၤရမျိုးတို့ကို ပင်လျင်။ ပဋိသခ်ၤနုပဿနာဉာဏေန၊ တဖန်ရှုမှု = ပဋိသခ်ၤာဉာဏ် ဖြင့်။ တိလက္ခဏံ အာရောပေတွာ၊ လက္ခဏာ ၃-ပါးကို တင်၍။ ပုန ပရိဂ္ဂဏှာတိ၊ တဖန် သိမ်းဆည်းရှုမှတ်၏။

သခ်ၤရတရားတို့၌ နိစ္စ သုခ အတ္တ ဟု စွဲလမ်းမှု လုံးဝကင်းလျင် သခ်ၤရငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဆိုက်ရောက်၏။ ထိုသို့သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် မပြုရသေးမီ၌လဲ ထိုသခ်ၤရတို့နှင့်စပ်၍ စိုးရိမ်ကြောင့်ကြခြင်း, စိတ်ဆင်းရဲခြင်း မရှိပြီဖြစ်၍၊ ထိုသခ်ၤရတို့မှ လွတ်လဲ လွတ်မြောက်၏၊ ပရိနိဗ္ဗာန် စံပြီးသောအခါ၌ ထိုသခ်ၤရတို့မှ လွတ်မြောက်သည်မှာကား ဆိုဘွယ်ပင် မရှိပြီ။ ထို့ကြောင့်, သခ်ၤရတို့မှ လွတ်လိုလျင် တခြားတပါးကို ပြုရန်မလို၊ ထိုသခ်ၤရတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တ ဟု နိုင်နင်းစွာ သိမြင်၍ လျစ်လျူရှုနိုင်အောင် မှတ်မြဲပင် မပြတ် မှတ်ဘို့သာ လိုပေသည်။ သို့ဖြစ်၍ မုဋ္ဌိတုကမျတာဉာဏ်၏ အစွမ်းကြောင့် သခ်ၤရတို့မှ လွတ်လိုသော ယောဂီသည် ဖြစ်ပျက်တိုင်းသော ထိုသခ်ၤရတို့ကိုပင် တဖန်ဆက်၍ မှတ်မြဲ မှတ်ရပေသည်။ ဤသို့ တဖန်မှတ်သော အခါ၌ အနိစ္စ အခြင်းအရာ(၁၀)ပါး၊ ဒုက္ခ အခြင်းအရာ(၂၅)ပါး၊ အနတ္တအခြင်းအရာ(၅)ပါး၊ ဤ အခြင်းအရာ(၄၀)တို့တွင် တပါးပါးကို မှတ်ချက်တိုင်း၌ ထိုက်သည်အားလျော်စွာ ထင်ရှားသိလျက် ရှိ၏။ အကျဉ်းအားဖြင့်ကား အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ဟူသော ဤလက္ခဏာ ၃-ပါးတို့တွင် ထိုက်သည့်အားလျော်စွာ တပါးပါးကို မှတ်ချက်တိုင်း၌ ထင်ရှားသိလျက် ရှိ၏။ ဤ အသိ အမြင်သည် တဖန်ရှုမှု = တဖန်သိမြင်မှု ဖြစ်သောကြောင့် ပဋိသခ်ၤာဉာဏ် မည်၏။

အနိစ္စအခြင်းအရာများ။ ။ယောဂီသည် တရံတခါ မှတ်ချက်၌ ရပ်နေခ သခ်ၤရတို့ကို အနိစ္စန်တိက =

အဆုံးကို မလွန်နိုင်ဘူး = ဆုံးသွားတာချည်းဘဲ = ကုန်သွားတာ ချည်းဘဲဟူ၍ သိမြင်သဘောကျ၏(က)။ တရံတခါ၌ **တာဝကာလိက** = အခိုက်အတန့်မျှ တည်တာဘဲ = တခဏကလေး တည် တာဘဲ ဟူ၍ သိမြင်သဘောကျ၏(ခ)။ တရံတခါ၌ **ဥဒယဝယပရိဏာမ** = ဖြစ်မှုပျက်မှုဖြင့် ပိုင်းခြားအပ်သည် = အစနှင့် အဆုံး ၌ ၂-ခုတို့၏အကြားမှာဘဲ ရှိသည် = ပေါ်ပြီးတော့ ပျောက် သွားသည် = မဖြစ်မီကလဲ မရှိသေး, ပျက်သွားတဲ့ နောက်မှာလဲ မရှိတော့ဘူး, သူတို့နှစ်ခု၏ အလယ်မှာသာ ရှိသည် ဟူ၍ သိမြင် သဘောကျ၏(ဂ)။ ရံခါ၌ **အနိစ္စ** = မမြဲဟု သိ၏(ဃ)။ ။ရံခါ၌ **ပလောက** = အိုရ နာရ သေရနှင့် အကြီးအကျယ် ပျက်စီးတတ် သည်ဟု သိ၏။ သဲကမ်းပါးများ ပြို၍ ပြို၍ သွားသကဲ့သို့ငင်း, စက္ကူကို ဆုတ်ပစ်သောအခါ၌ ထင်ရှားစွာ စုတ်ပြတ်၍ စုတ်ပြတ်၍ သွားသကဲ့သို့ငင်း, မီးကို ရေဖြင့် ငြိမ်းသတ်သောအခါ၌ ဟုန်းကန် ဟုန်းကန် ငြိမ်းငြိမ်း သွားသကဲ့သို့ငင်း, မီးခိုးကို လေတိုက်သော အခါ၌ လွင့်၍ လွင့်၍ ပျောက်ပျက် သွားသကဲ့သို့ငင်း, မှတ်ခိုက် မှတ်ခိုက်မှာပင် မှတ်ရတဲ့အာရုံ၏ အကြီးအကျယ် ပျက်စီးခြင်းကို သိမြင်ခြင်းသည်လည်း ၌ ပလောကာနုပဿနာ၌ ဝင်သင့် ၏(၂)။ ။ရံခါ၌ **စလ** = အိုလိုက် နာလိုက် သေလိုက်နဲ့ မတည် တံ့ဘဲ တလှုပ်ထဲ လှုပ်ရှားနေသည် ဟု သိ၏။ ပေါ်လိုက် ပျောက် လိုက်နဲ့ တပျက်ထဲ ပျက်နေသည်ကိုသာ မှတ်ချက်တိုင်း၌ တွေ့ရ၍ "ဘာမျှ မခိုင်ခံ့ မတည်တံ့ပါတကား၊ တလှုပ်ထဲ လှုပ်ရှားနေတာ ချည်းပါတကား"ဟု သိမြင်ခြင်းကိုလဲ စလာနုပဿနာဝင် ဟူ၍ ဆိုသင့်၏(၃)။ ။ရံခါ၌ **ပဘင်္ဂ** = အလွန်ပျက်လွယ်သည် = မမှတ်မီကပင် ပျောက်ပျောက်သွားနှင့်သည် ဟု သိ၏(၄)။ ။ ရံခါ၌ **အဒ္ဓုဝ** = ဘယ်အချိန်မဆို ပျက်တတ်၍ မခိုင်မြဲဘူး ဟု သိ၏(၅)။ ။ရံခါ၌ **ဝိပရိဏာမဓမ္မ** = ပကတိ ပင်ကိုရင်းအတိုင်း မတည်ဘဲ အိုလျက် သေလျက် ပြောင်းလဲဖောက်ပြန်တတ်သည် = ဖြစ်စကနှင့် မတူဘဲ ရင့်ရော်ပျက်စီးလျက် ပြောင်းလဲဖောက်ပြန် သွားသည်ဟု သိ၏ (၆)။ ။ရံခါ၌ **အသာရက** = ခိုင်မာတဲ့ အနှစ်မရှိဟု သိ၏(၇)။ ။ရံခါ၌ **ဝိဘဝ** = စည်ပင် ကြီးပွါးခြင်း

မရှိဟု သိ၏။ (အဓိပ္ပါယ်ကား···· သန္တာတိဃန မကွဲမီက "သစ်စေ့မှ အပင်၊ ယင်းအပင်မှ အညွှန့်အရွက် အခက်များဖြစ်လျက် တခုတည်းအနေဖြင့် စည်ပင်ကြီးပွါးသလိုပင် ဤကိုယ်နှင့် ဤစိတ်သည် ငယ်ငယ်ကလေးဘဝကထဲက ရှိခဲ့သည်၊ တဖြေးဖြေး စည်ပင်ကြီးပွါးလျက် ယခုထက်တိုင် တည်မြဲ တည်ရှိနေသည်"ဟု ထင်ခဲ့၏၊ သန္တာတိဃန ကွဲပြီးသော ယခုမူကား ထိုကဲ့သို့ မထင်တော့ပြီ၊ ရှေးရှေး ကိုယ်စိတ် အမူအရာကတခြား+နောက်နောက် အမူအရာက တခြား၊ ရှေးရှေး အမူအရာသည် နောက်နောက် အမူအရာအဖြစ်သို့ မရောက်ဘဲ ကုန်ပျက် ကုန်ပျက် သွားသည်၊ နောက်နောက်အမူအရာလဲ ရှေးရှေး အမူအရာထဲမှ ထွက်ပေါ်လာသည် မဟုတ်၊ တခုခုသော ရုပ် နာမ်ကပင် တခြားတပါးသော ရုပ်နာမ်ဖြစ်လျက် စည်ပင်ကြီးပွါးခြင်း မရှိဟု သိမြင်၏။ ဤသို့ သိပုံကိုသာ ဆိုလိုပေသည်။ အကြောင်း ရုပ်နာမ်ကြောင့် အကျိုး ရုပ်နာမ် မဖြစ်ပွါးဟူ၍ကား မဆိုလိုပေ)(ဂ)။ ။ရံခါ၌ သန်တ = ကံ စိတ် ဥတု အာဟာရစသော ဆိုင်ရာ အကြောင်းများက ညီညွတ်၍ ပြုအပ်သည် = အကြောင်းညီညွတ်၍ ဖြစ်ပေါ်သည်ဟု သိ၏ (ဓ)။ ။တရံတခါ မှတ်ချက်၌ **မရဏမမ္မ** = သေတတ်ပျက်တတ်သည်ဟု သိမြင် သဘောကျ၏(၁၀)။ ဤသည်တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော **အနိစ္စအခြင်းအရာ(၁၀)ပါး**တို့ပေတည်း။

ထိုတွင် အနိစ္စစသော ၁၀-ပုဒ်တို့သည်သာလျှင် ပဋိသန္ဓိဒါမဂ်၌ အနိစ္စ အခြင်းအရာအဖြစ်ဖြင့် အစဉ်အတိုင်း ဟောအပ်သော ပုဒ်တို့ပေတည်း။ (က-ခ-ဂ) အမှတ်တို့ဖြင့် ပြထားသော အစသုံးပုဒ်သည်ကား အဋ္ဌကထာ၌ ပြအပ်သော ပုဒ်များပေတည်း။ တိသုံးပုဒ်ကို အနိစ္စပုဒ်၌ ထည့်သွင်း၍ **အနိစ္စအခြင်းအရာ(၁၀)ပါး**ကို ရေတွက် မှတ်သားအပ်၏။ ဒုက္ခ အနတ္တ အခြင်းအရာတို့၌လဲ အစအစ သုံးပုဒ်ကို နည်းတူပင် သိပါလေ။

ဒုက္ခအခြင်းအရာများ။ ။ယောဂီသည် တရံတခါ မှတ်ချက်၌ ရုပ်နာမ် သမ္မိရတို့ကို **အဘိက္ခဏ သမ္မဒ္ဓိပီဠန** =

ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်နေသည် = ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ် နှိပ်စက်နေသည်ဟု သိမြင်သဘောကျ၏ (က)။ ရံခါ၌ ဒုက္ခမ = မခံသာဘူးဟု သိ၏ (ခ)။ ရံခါ၌ ဒုက္ခဝတ္ထု = ဆင်းရဲအမျိုးမျိုး၏ တည်ရာ ဖြစ်ပေါ်ရာဘဝဟု သိ၏(ဂ)။ ရံခါ၌ ဒုက္ခ = ဆင်းရဲဟု သိ၏၊ မကောင်းဘူးဟု သိ၏ (ဃ)။ ။ရံခါ၌ ရောဂ = အမြစ်ပြတ် မပျောက်နိုင်ဘဲ တရှောင်ရှောင် ဖြစ်နေတဲ့ ရောဂါနှင့် တူသည်၊ မူလရင်း ရောဂါနှင့် တူသည်ဟု သိ၏ (၂)။ ။ရံခါ၌ ဂဏ္ဍ = အဖုးအလုံး ပေါက်လာသော အနာစိမ်းနှင့် တူသည်ဟု သိ၏။ (မခံသာခြင်း မမြဲခြင်း ဖောက်ပြန်ခြင်းဟူသော နာကျင်ကိုက်ခဲမှုနှင့် ယှဉ်တွဲနေသောကြောင့်လဲ အနာစိမ်းနှင့် တူသည်၊ မှတ်သိရတဲ့ ရုပ်နာမ်သည် ဖြစ်ပေါ်ပြီးလျှင် ခဏမျှသာ တည်၍ ပျက်သွားသောကြောင့်လဲ အဖုးအလုံး ပေါ်ပြီးလျှင် မှဲရင့်၍ ပြည်ပေါက်သွားတဲ့ အနာနှင့် တူသည်၊ သနံရည် ပြည်ပုပ်နှင့်တူသော ကိလေသာတို့ကို ယိုထွက်ဖြစ်ပွါးစေတတ်သောကြောင့်လဲ အနာနှင့် တူသည်–ဟူလို။) (၃)။ ။ရံခါ၌ သလ္လ = စူးဝင်နေတဲ့ မြှားငြောင့်နှင့် တူသည်ဟု သိ၏။ (မခံသာအောင် နှိပ်စက်တတ်သောကြောင့်၎င်း၊ ကိုယ်ထဲ စိတ်ထဲမှာ အတွင်းဝင်လျက် ထိုးဆွနှိပ်စက်တတ်သောကြောင့်၎င်း၊ ပယ်နုတ်ပစ်ရန် ခဲယဉ်းသောကြောင့်၎င်း၊ စူးဝင်နေတဲ့ မြှားငြောင့်နှင့် တူသည်ဟူလို) (၄)။ ။ရံခါ၌ အဃ = မကောင်းမှုလိုပင် မကောင်းတဲ့တရားဟု သိ၏။ (အရိယာတို့ ကဲ့ရဲ့အပ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည်၊ အကျိုးစီးပွါးမဲ့ကို ဖြစ်စေတတ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည်၊ မကောင်းမှုအမျိုးမျိုး၏ ဖြစ်ရာတည်ရာဖြစ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည် ဟူလို။) (၅)။ ။ရံခါ၌ အဃမူလ = မကောင်းမှုအမျိုးမျိုး၏ အကြောင်းရင်းဘဝဟု သိ၏ (၆)။ ။ရံခါ၌ အာဗာဓ = အနာရောဂါနှင့် တူသည်၊ အနာရောဂါ အစုအဝေးကြီးဘဝဟု သိ၏ (ကိုယ့်အလိုအတိုင်း လွတ်လပ်ခွင့် မရအောင် နှိပ်စက်တတ်သောကြောင့်၎င်း၊ နာဖျား မကျန်းမာမှုအမျိုးမျိုးကို ဖြစ်စေတတ်တဲ့ အနီးဆုံး အကြောင်းဖြစ်သောကြောင့်၎င်း၊ အနာရောဂါနှင့် တူသည် ဟူလို။) (၇)။ ။ရံခါ၌

ဤတိ = ဉာတိဗျသန စသော ပျက်စီးခြင်း များစွာတို့ကို ဖြစ်စေတတ်သောကြောင့် ဆိုက်ရောက်လာတဲ့ ဘေးရန် နှင့် တူသည်ဟု သိ၏ (၈)။ ။ ရံခါ၌ ဥပဒ္ဒဝ = ကြီးမားစွာသော အကျိုးမဲ့တို့ကို အသိမပေးဘဲ ဖြစ်စေတတ်သောကြောင့် ရုတ်တရက် ကပ်ရောက်၍ နိပ်စက်မှု ဥပဒ္ဒဝေါနှင့် တူသည်၊ မင်းဒဏ် စသည်တို့၏ တည်ရာ ဖြစ်သောကြောင့် မင်းစသော လူနိုင်တို့၏ ညှဉ်းဆဲမှု ဥပဒ္ဒဝေါနှင့် တူသည်ဟု သိ၏ (၉)။ ။ ရံခါ၌ ဘယ = ကြောက်စရာကောင်းသည်ဟု သိ၏(ကြောက်ဖွယ် ဘေးအမျိုးမျိုး တို့၏ ဖြစ်ပွါးရာ ဘေးတွင်းနှင့် တူသောကြောင့်ဂုဏ်း၊ ဆင်းရဲငြိမ်းရာ ဖြစ်၍ သက်သာရာ အစစ်ဖြစ်သော နိဗ္ဗာန်မှ ပြောင်းပြန်ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ဂုဏ်း၊ ကြောက်စရာ ကောင်းသည်ဟူလို။) (၁၀)။ ။ ရံခါ၌ ဥပသဂ္ဂ = ဆွေမျိုးတို့၏ ပျက်စီးခြင်း စသော ပြင်ပက အကျိုးမဲ့, ရောဂါဆိုး စသော အတွင်းက အကျိုးမဲ့တို့နှင့် ပူးတွဲနေသည်, စပ်ဆိုင်နေသည်၊ ရာဂ စသော အပြစ်တို့နှင့် ပူးတွဲနေသည်၊ ရက္ခိုသ်ဘီလူးမ ဥစ္စာစောင့်မ စသော နတ်ဆိုးများ၏ ဖြားယောင်းမှုကြောင့် ဖြစ်သော အကျိုးမဲ့လိုပင် လက်ခံချင်ဘွယ် မကောင်းတဲ့ အတွက် အမှောင့်ပယောဂပူးကပ် နိပ်စက်မှုနှင့် တူသည်ဟု သိ၏ (၁၁)။ ။ ရံခါ၌ အတာဏ = ဆင်းရဲဘေးရန် မရောက်အောင် မစောင့်ရှောက် မကာကွယ်တတ်ဟု သိ၏ (၁၂)။ ။ ရံခါ၌ အလေဏ = ဆင်းရဲ ဘေးရန်မှ ပုန်းအောင်းရာ မဟုတ်ဟု သိ၏ (၁၃)။ ။ ရံခါ၌ အသရဏ = ဆင်းရဲ ဘေးရန်ကို မပယ် မသတ်တတ်သောကြောင့် အားထားကိုးကွယ်ရာ မဟုတ်ဟု သိ၏ (၁၄)။ ။ (ဘယ်လောက် မွန်မြတ်တဲ့ ရုပ်နာမ် ဖြစ်စေကာမူ ဆင်းရဲဘေးရန်တို့ကို မငြိမ်းစေနိုင်။ ထို့ကြောင့် ရုပ်နာမ် သင်္ခါရ ဟူသမျှသည် တာဏ, လေဏ, သရဏ မဟုတ်၊ ဆင်းရဲဘေးရန် ကင်းလိုသောသူကို စောင့်လဲ မစောင့်ရှောက်တတ်၊ ဆင်းရဲဘေးရန် ကင်းလိုသောသူအား လုံခြုံစေသော ပုန်းအောင်းရာလဲ မဟုတ်၊ အားကိုးရာလဲ မဟုတ်ဟု ဆိုလို၏။) ရံခါ၌ အာဒီနဝ = မပြတ် ဖြစ်ပေါ်နေတဲ့ ဆင်းရဲမျှသာ ဖြစ်သောကြောင့် အပြစ် အစုမျှသာ၊ မမြဲ ဆင်းရဲ ဖောက်ပြန်တတ်သော

ကြောင့် အပြစ်ရှိသည်၊ အလွန်နုံချာ နုတ်စုတ်သည်ဟု သိ၏ (၁၅)။ ။ ရံခါ၌ **ဝဓက** = သူတို့ပျက်တိုင်း သေနိုင်သောကြောင့် သူသတ်သွား တွေဘဲဟု သိ၏ (၁၆)။ ။ ရံခါ၌ **သာသဝ** = အာသဝေါတို့၏ အာရုံအထောက်အပံ့ဘဲဟု သိ၏ (၁၇)။ ။ ရံခါ၌ **မာရာမိသ** = သေခြင်းတရား၏ သတ်စရာဘဲ, ကိလေသာ၏ အစာဘဲဟု သိ၏ (၁၈)။ ။ ရံခါ၌ **ဇာတိဓမ္မ** = ဖြစ်ခြင်းသဘော ရှိသည်, ဖြစ်တတ်သည်ဟု သိ၏ (၁၉)။ ။ ရံခါ၌ **ဇရာဓမ္မ** = အိုရင့်ဆွေးမြည့် တတ်သည်ဟု သိ၏ (၂၀)။ ။ ရံခါ၌ **ဗျာဓိဓမ္မ** = နာဖျားတတ်သည်ဟု သိ၏ (၂၁)။ ။ ရံခါ၌ **သောကဓမ္မ** = စိုးရိမ် ပူဆွေးခြင်းကို ဖြစ်စေတတ်သည်, စိုးရိမ် ပူဆွေးစရာဘဲဟု သိ၏ (၂၂)။ ။ ရံခါ၌ **ပရိဒေဝဓမ္မ** = ငိုကြွေးခြင်းကို ဖြစ်စေ တတ်သည်, ငိုကြွေးစရာဘဲဟု သိ၏ (၂၃)။ ။ ရံခါ၌ **ဥပါယာသ-ဓမ္မ** = ပြင်းစွာ ပူပန်ခြင်းကို ဖြစ်စေတတ်သည်, ပြင်းစွာ ပူပန်စရာ ဘဲဟု သိ၏ (၂၄)။ ။ ရံခါ၌ **သံကိလေသိကဓမ္မ** = ပူပန်စေ တတ်တဲ့ ကိလေသာတို့၏ စွဲမှီရာ အာရုံဘဲ, စိတ် အညစ်အကြေး တို့၏ လူးလဲရာဘဲဟု သိမြင် သဘောကျ၏ (၂၅)။ ။ဤသည် တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော **ဒုက္ခ အခြင်း အရာ ၂၅-ပါးတို့ပေတည်း**။

အထူးမှတ်ဘွယ်ကား—အောက် သမ္မသနဉာဏ် ဖြစ်ခိုက်၌ ၎င်း, ဤပဋိသန္ဓိဉာဏ် နုစဉ်၌၎င်း, ကြိုးမား ထင်ရှားစွာ ဖြစ်ပေါ်လာသော မခံသာမှု အမျိုးမျိုးကို မျက်မှောက် တွေ့ရ၍ "ဒုက္ခ-မတော ဒုက္ခဝတ္ထုတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော" စသည်တို့နှင့် အညီ ယောဂီသည် ဒုက္ခအခြင်းအရာ များစွာတို့ကို သိမြင် သဘောကျ တတ်ပေ၏။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ်၌ သမ္မသနဉာဏ်, ပဋိသန္ဓိ-ဉာဏ် ဟူသော ဤနှစ်ဌာနမှာ ဤအခြင်းအရာတို့ကို အကျယ် ပြဆိုသည်ဟု ယူသင့်၏။ အထူးကား သမ္မသနအရာ၌ တမျိုး တည်းသော ဒုက္ခဝေဒနာများကို အပိုင်းအပိုင်း ဖြတ်၍ မသိနိုင်၊

ဤဥဏှာအရာ၌မူ မှတ်တိုင်း မှတ်တိုင်း အပိုင်း အပိုင်းဖြတ်၍ သိ၏၊ ဤကား အထူးတည်း။

အနတ္တ အခြင်းအရာများ။ ။ ယောဂီသည် တရုံတခါ မှတ်ချက်၌ ရုပ်နာမ် သမ်ိုရတို့ကို အဿာမိက = ပိုင်ရှင်မရှိတဲ့ သဘောတရားမျှဘဲဟု သိမြင်သဘောကျ၏(က)။ ။ ရုံခါ၌ အနိဿရ = အစိုးရသူ မဟုတ်တဲ့ သဘောတရားမျှဘဲ, အစိုးမရဘူး ဟု သိ၏ (ခ)။ ။ရုံခါ၌ အ-ဝသဝတ္တိ = အလိုအတိုင်းမဖြစ်တဲ့ သဘောတရားမျှဘဲ, အလိုအတိုင်း မဖြစ်စေနိုင်တဲ့ သဘောတရားမျှဘဲ ဟု သိ၏ (ဂ)။ ။ ရုံခါ၌ အနတ္တ = အစိုးပိုင်တဲ့ ငါကောင်မဟုတ်, အမြဲ တည်နေနိုင်တဲ့ ငါကောင် မဟုတ်, သွားခြင်းမြင်ခြင်း စသည်ကို ပြုလုပ်နိုင်တဲ့ ငါကောင် မဟုတ်, ခံစားတတ်တဲ့ ငါကောင်မဟုတ်, မည်သို့ ဖြစ်စေ ဟု စိမံခန့်ခွဲနိုင်တဲ့ ငါကောင် မဟုတ်, အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင် မဟုတ်, သဘောတရားမျှသာ ဟု သိ၏(ဃ)။ ။ရုံခါ၌ ပရ = ကိုယ့်အလို အတိုင်းလဲ မဖြစ်, မအို, မသေပါစေလင့် ဟု စိမံ ခန့်ခွဲ၍လဲ မရသောကြောင့် သူစိမ်းပြင်ပ တရားဘဲဟု သိ၏(၂)။ ။ ရုံခါ၌ ရိတ္တ = ခိုင်မြဲခြင်းလဲ မရှိ, ချမ်းသာခြင်းလဲ မရှိ, တင့်တယ်ခြင်းလဲ မရှိ, ငါကောင်၏ အဖြစ်လဲ မရှိသောကြောင့် အချည်းနှီး သဘောတရားမျှဘဲ ဟု သိ၏(၃)။ ။ရုံခါ၌ တုစ္ဆ = ဘာအကောင်အထည် ဖြစ်မှု မဟုတ်သေးနုတ်သော သဘောမျှသာ ဖြစ်၍, အသုံးမကျတဲ့ အလကားတရားဘဲ ဟု သိ၏ (၄)။ ။ရုံခါ၌ သုည = ငါကောင်မှ ကင်းဆိတ်သည် ဟု သိ၏ (၅)။ ("အတ္တ-ဟူသည်မှာ ခန္ဓာအိမ်၏ ပိုင်ရှင်ဘဲ၊ ခန္ဓာအိမ်ထဲမှာ အမြဲ တည်ရှိနေသူဘဲ၊ သွားမှု မြင်မှု စသည်ကို ပြုတတ် ပြီးစေတတ်သူဘဲ၊ အကောင်းအဆိုးကို ခံစားတတ်သူဘဲ၊ မည်သို့ ဖြစ်စေဟု စိမံခန့်ခွဲတတ်သူဘဲ၊ ကိုယ့်အလိုအတိုင်း ပြီးစေနိုင်သူဘဲ"ဟူ၍ ကြံဆအပ် ထင်မှတ်အပ် စွဲလမ်း အပ်သော အသက်ကောင်, သတ္တဝါကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်, ငါကောင်မှ ကင်းဆိတ်နေတဲ့ သဘောတရားမျှသာ ဟု

သိမြင်သဘောကျသည်-ဟူလို။) ဤသည်တို့ကား ထိုက်သည်အား လျော်စွာ သိမြင်အပ်သော **အနတ္တ အခြင်းအရာ ငါးပါးတို့ပေတည်း။**

ဤ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ(၄၀)တို့ကို အနိစ္စတော ဒုက္ခတော စသည်ဖြင့် ဟောတော်မူသောကြောင့် **တောလေးဆယ်** ဟု ခေါ်ကြ၏။ ထို အခြင်းအရာတို့ဖြင့် သိသောဉာဏ်(၄၀)ကိုလဲ **ဝိပဿနာလေးဆယ်**ဟု ခေါ်ကြ၏။ ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်, သုတမယဉာဏ် နဲသော သူတို့အား နဲနဲသာ ထင်ပေါ်တတ်ကုန်၏။ ပင်ကိုဉာဏ် ထက်သော သူ, သုတမယဉာဏ် များသော သူတို့အား များစွာ ထင်ပေါ်တတ်ကုန်၏။ အထက်မဂ်တို့၏ ဝိပဿနာအရာ၌ သာ၍ များစွာ, သန့်ရှင်းစွာ ထင်ပေါ်တတ်ကုန်၏။ သို့သော်လဲ, **"ပဋိက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဋိနိဿဂ္ဂါနုပဿီ နိရောဓေ နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ"** ဤသို့ စသော ပဋိသမ္ဘိဒါမဂ်နှင့် အညီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် အခြင်းအရာ တခုခုကို သာလျှင် ကောင်းစွာမြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ်ဖြစ်ပေါ်မြဲဖြစ်သော ကြောင့် "အခြင်းအရာ တခုခုကို ကောင်းစွာ သိမြင် သဘောကျ လျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် **ဝိပဿနာဉာဏ် ပြည့်စုံပြီ**"ဟု ယုံကြည် စိတ်ချအပ်တော့သည်သာတည်း။

ဤပဋိသမ္ဘိဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တခဏ အတွင်း၌ပင် ရင့်သန်တတ်၏။ အချို့မှာကား တနေ့ခန့် ဖြစ်စေ, တည့်ခန့် ဖြစ်စေ, တရက်ခန့် ဖြစ်စေ, ၂-ရက် ၃-ရက်ခန့်ဖြစ်စေ, ကြာမြင့်မှ ရင့်သန် တတ်လေသည်။ ဤဉာဏ်ဖြစ်ပေါ်စ မရင့်သေးမီ၌ အဘိဏှ သမ္မဒ္ဓိဝိဠနတော ဒုက္ခမတော စသည်တို့နှင့် အညီ သမ္မိရတို့၏ သာယာဘွယ်မရှိသည့်, မခံသာသည့် သဘောတို့ကို အထူးထင်ရှားစွာ တွေ့ရခြင်းကြောင့်ဂုဏ်း၊ သမ္မိရပေကွာကဲ့သို့ ညီမျှစွာ မရှုနိုင် သေးသောကြောင့်ဂုဏ်း၊ မှတ်သိမှုက ကောင်းနေပါလျက် 'မကောင်းဘူး' ဟူ၍သာ ထင်တတ်၏၊ အားမရနိုင်ဘဲ ရှိတတ်၏။ ဤဉာဏ် ရင့်သောအခါ၌ကား မှတ်သိမှု အထူးကောင်းလာသည်ဟု ထင်ရ၏။ ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသနှင့် ရောသောဉာဏ်,

ဥပက္ကိလေသမှ လွတ်သော ဉာဏ်အားဖြင့် ၂-ပိုင်း ကွဲသကဲ့သို့၊ ဤပဋိသန္ဓိဉာဏ်၌လဲ မခံသာမှုတို့နှင့် ရောပြွမ်း၍ အားရလောက်အောင် မှတ်သိမှု မကောင်းသေးသော ဉာဏ်, မခံသာမှု ကင်း၍ အားရလောက်အောင် သွက်လက်စွာ မှတ်သိမှု ကောင်းသော ဉာဏ်,အားဖြင့် ၂-ပိုင်း ကွဲပြား၏။ ထို့အတူပင် ဘင်္ဂဉာဏ်၌လဲ ဖွာကျဲကျဲ ဖြစ်၍ အားရလောက်အောင် မကောင်းသေးသော ဉာဏ်, စီးစီးပိုင်ပိုင် မှတ်၍ ကောင်းသော ဉာဏ်, အားဖြင့် ၂-ပိုင်း ပင် ကွဲပြား၏။

သင်္ခါရုပေက္ခာဉာဏ်။ ။ပဋိသန္ဓိဉာဏ် အပြည့်အစုံ ရင့်သန်သော အခါ၌ကား ဖြစ် ပျက်ဆဲ သင်္ခါရအာရုံကို မှတ်မိစေရန်လဲ အထူး ကြောင့်ကြမစိုက်ရပြီ၊ မှတ်မိတိုင်းသော သင်္ခါရအာရုံ၏ အပျက်လက္ခဏာနှင့်, အနိစ္စ ဒုက္ခ အနတ္တ အခြင်း အရာ တပါးပါးကို ထင်ရှားသိရန်လဲ အထူး ကြောင့်ကြမစိုက်ရတော့ပြီ။ **သင်္ခါရုပံ သင်္ခါရေ ဝိပဿန္တိ**-ဟူသည်နှင့်အညီ၊ သူ့အလိုလို ပင် မှတ်သိလျက် မှတ်သိလျက် နေသကဲ့သို့၊ မှတ်သိမှုသည် အရှိန် ကောင်းလျက် ကြာမြင့်စွာ ဖြစ်၏။ မှတ်ချက်တိုင်း၌ အပျက် လက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတပါးပါးကို ရှင်းလင်း ထင်ရှားစွာ သိလျက် သိလျက် ရှိ၏။ ဝိသုဒ္ဓိမဂ်၌ သင်္ခါရုပေက္ခာ ဉာဏ်အရာတွင် ပြအပ်သော ဒ္ဒိကောဠိကရှုပုံ စသည်တို့နှင့် ညီစွာလဲ အသိဉာဏ် ဖြစ်ပေါ်၏။ ရှေးဉာဏ်များ ဖြစ်ခိုက်ကကဲ့သို့၊ သင်္ခါရ တို့၌ အပြစ်မြင်ခြင်း, ငြီးငွေ့ခြင်း, လွတ်လို၍ ဆင်ခြင်ခြင်း, အမှတ် မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမရှိတော့ပြီ၊ သင်္ခါရ ဝတ္ထု ပစ္စည်း တစုံတခု ပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့်ကြမှုလဲ မရှိပြီ၊ ဘယဉာဏ် အလိုအားဖြင့် ကြောက်ရွံ့မှုလဲ မရှိပြီ၊ စိတ်သည် အလွန်ပင် သန့်ရှင်းကြည်လင်၏၊ ဘယတော့ကမှ မတွေ့ကြုံဘူး သော ချမ်းသာကို တွေ့ရသည်ဟု ထင်ရ၏။ သို့သော် ထိုမျှ လောက် ထူးကဲသော စိတ်, ကြည်လင်ချမ်းသာသော စိတ်ကိုလဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ခါစကလို အလွန်အကဲ သာယာခြင်းကား မရှိပေ၊ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲ မဖြစ်ပေ။

ငြိမ်သက် သိမ်မွေ့သော မှတ်သိမှုသည်သာလျှင် အစဉ်မပြတ် တသမတ်တည်း ကြာမြင့်စွာ ဖြစ်လျက် ရှိပေ၏။ ထိုအခါ၌ အထူး ကြောင့်ကြမစိုက်ရတော့ဘဲ သူ့အလိုလိုပင် အစဉ်မပြတ် သိလျက် သိလျက် သိမ်မွေ့စွာ ဖြစ်နေသော အသိဉာဏ်သည် **သခ်ါရုပေက္ခာဉာဏ် ပေတည်း။**

> ဧဝမေဝါယံ သမ္မသခ်ါရေဟိ မုစ္စိတုကာမော ဟုတ္ဝာ ပဋိသခ်ါနုပဿနာယ သခ်ါရေ ပရိဂ္ဂဏှန္တော "အဟံ မမာ"-တိ ဂဟေတဗ္ဗံ အဒိသွာ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သမ္မ-သခ်ါရေသု ဉဒါသိနော ဟောတိ မဇ္ဈတ္တော၊ တသ ဧဝံ ဇာနတော ဧဝံ ပဿတော တီသု ဘဝေသု စတူသု ယောနီသု ပဉ္စသု ဂတီသု သတ္တသု ဝိညာဏဋ္ဌိတီသု နဝသု သတ္တာဝါသေသု စိတ္တံ ပတိလီယတိ ပတိကုဋတိ ပတိ-ဝတ္တတိ နသမ္မသာရိယတိ၊ ဥပေက္ခာ ဝါ ပါဋိကုလျတာ ဝါ သဏ္ဌာတိ။ ဣစ္စသ သခ်ါရုပေက္ခာဉာဏံ နာမ ဥပ္ပန္နံ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၂ ၉၄)

ဧဝမေဝ၊ ကြီးမားသော အပြစ်ကိုတွေ့ရခြင်းကြောင့်၊ အလွန် ချစ်ခင်မြတ်နိုးအပ်သော မယားကို အာလယပြတ် စွန့်ကွာပြီး သည်မှ နောက်ကာလ၌ တစုံတယောက်သော ယောကျ်ားနှင့် တစုံတရာ ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လဲ စိတ်ဆိုးခြင်း, မခံနိုင်ခြင်း, နှလုံးမသာခြင်း မရှိမူ၍၊ အမှတ်မပြု လျစ်လျူရှုသော ယောကျ်ား၏ဖြစ်ပုံနှင့် အတူပင်လျှင်။ (ဥဒါသိနော မဇ္ဈတော-၌ စပ်လေ)။ အယံ၊ ဤယောဂိသည်။ သမ္မသခ်ါရေဟိ မုစ္စိတုကာမော ဟုတ္ဝာ၊ သခ်ါရအလုံးစုံတို့မှ လွတ်လိုသည်ဖြစ်၍။ သခ်ါရေ၊ သခ်ါရတို့ကို။ ပဋိသခ်ါနုပဿနာယ ပရိဂ္ဂဏှန္တော၊ တဖန်ရှုမှု ပဋိသခ်ါဉာဏ်ဖြင့် သိမ်းဆည်းရှုမှတ်လတ်သော်။ အဟံ မမာတိ ဂဟေတဗ္ဗံ အဒိသွာ၊ ငါဘဲ, ငါ့ဥစ္စာဘဲဟု ယူဆထင်မှတ်ဖွယ်ကို မတွေ့ရသောကြောင့်။ ဘယဉ္စ၊ လျစ်လျူမရှုနိုင်ပါက, သခ်ါရဝတ္ထုတို့၏ ပျက်စီးမှုနှင့်စပ်၍ ဖြစ်ပေါ်တတ်သော ကြောက်ရွံ့ စိုးရိမ်ခြင်း, ဘယဉာဏ်အလိုအားဖြင့် ဖြစ်ပေါ်သော ကြောက်ခြင်းကိုဎင်း။ နန္ဒိဉ္စ၊ လျစ်လျူမရှုနိုင်

ပါက, ပြည့်စုံကောင်းစားမှုနှင့်စပ်၍ ဖြစ်ပေါ်တတ်သော အားရ
နှစ်သက်ခြင်း, ရှုမှတ်၍ကောင်းခြင်းကြောင့် ဖြစ်ပေါ်တတ်သော
အားရနှစ်သက်ခြင်းကိုဎင်း။ဝိပဿနာဃယ၊ ပယ်၍။ (အထူး ကြောင့်ကြစိုက်၍
ပယ်ရသည်ကား မဟုတ်ပေ၊ မဖြစ်ပေါ်လာဘဲ အလိုလိုကင်းနေသည်ကိုသာ ဆိုလိုပေသည်။)
သဗ္ဗသင်္ခါရေသု၊ ရှုမှတ်မိ, ဆင်ခြင်မိသော သင်္ခါရအလုံးစုံတို့၌။
ဥဒါသီနော၊ ချစ် ကြောက် ကင်းပ အမျှ သိမှု လျစ်လျူ ရှုသည်။
မဇ္ဈတ္တော၊ ကြောက် ချစ် ကင်းကွယ် အလယ်အလတ် သဘော
ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ ဇာနတော ဧဝံ ပဿတော တဿ၊
ဤသို့ သိမြင်သော ထိုယောဂိအား။ တီသု ဘဝေသု-ပေ-
နဝသု သတ္တာဝါသေသု၊ ဘဝ ၃-ပါး, ယောနိ ၄-ပါး, ဂတိ
၅-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး, သတ္တာဝါသ ၉-ပါးတို့၌။ စိတ်၊
စိတ်သည်။ ပတိလီယတိ၊ ရှောင်ကွယ်သကဲ့သို့တွန့်၏။ပတိကုဋ္ဌတိ၊
ကြို့၏။ ပတိဝတ္တတိ၊ ပြန်ဆုတ်၏။ နသမ္မသာရိယတိ၊ မပြန့်
မသွား[1]။ ဥပေက္ခာ ဝါ၊ အမျှသိမှု လျစ်လျူရှုခြင်းသည်သော်
ဎင်း။ ပါဠိကုလျတာ ဝါ၊ စက်ဆုတ်ဖွယ် မနှစ်သက်ဖွယ်၏ အဖြစ်
သည်သော်ဎင်း။ သဏ္ဌာတိ၊ မှတ်သောစိတ်,ဆင်ခြင်သောစိတ်၌
ကောင်းစွာတည်၏။ ဇုတိ၊ ဤသို့ ဖြစ်လတ်သော်။ အဿ၊ ဤ
ယောဂိအား။ သင်္ခါရုပေက္ခာဉာဏံ နာမ၊ သင်္ခါရုပေက္ခာမည်သော
ဉာဏ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏။

(ဤအရာ၌ ဒိဋ္ဌကောဋ္ဌိက ရှုမြင်ပုံစသည်ကိုလဲ ဗဟုသုတအလို့ငှါ ထုတ်ပြဦးအုံ့။)

ဒိဋ္ဌကောဋ္ဌိက ရှုမြင်ပုံ။ ။ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော
ဇုတိ ပဋိသဉ္ဇိက္ခတိ၊ သုညမိဒံ အတ္တေန ဝါ
အတ္တနိယေန ဝါ တိ—

၁။ နသမ္မသာရိယတိ-ကား ကမ္မကတ္တားပုဒ်တည်း။ ထိုသို့သောကာလ၌ အာရုံများစွာကို ဖြန့်၍ မှတ်လိုသော်လဲ ဖြန့်၍ မရတော့ပြီ၊ သူ့အလိုလိုသာလျှင် အရှိန်ကောင်း၍ မှတ်သိမြဲသာ မှတ်သိလျက် မှတ်သိလျက် ရှိ၏။ ရပ်ဆိုင်း၍,ဘဝစသည်ကို ဆင်ခြင်ကြည့်လျှင်လဲ, ဘယ်လိုချမ်းသာ ကောင်းစားတဲ့ အာရုံပင် ဖြစ်စေကာမူ, စိတ်သည် တွန့်ဆုတ်လေးဖင့်လျက် ရှိ၏၊ မြိန်မြိန်ရှက်ရှက် စိတ်ဝင်စားခြင်း မရှိပြီ။ ကြာမြင့်စွာလဲ မဆင်ခြင်မစဉ်းစားနိုင်၊ မှတ်သိမှုသို့သာလျှင် ပြန်၍ပြန်၍ ရောက်၏၊ ဤသို့သော စိတ်ဖြစ်ပုံကို ဆိုလို၏။

ဤဥပရိပံ အာနေဉ္ဇသပ္ပါယသုတ်စသည်နှင့်အညီ နှစ်ဖို နှစ်စွန်း အားဖြင့် ဆိတ်သည်ဟု ရှုမြင်ပုံကို ဝိသုဒ္ဓိမဂ်၌ ထုတ်ပြ၏။

ထိုပါဠိ၏ အနက်ကား ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ အပရံ၊ တဖန် ရှုမြင်ပုံ တမျိုးကား။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ ဝါ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂိသည်။ ဇာတိ ပဋိသန္ဓိက္ခဏေ၊ ဤသို့ ရှုမြင်၏။ ဇာဒိ၊ ဤနာမ် ရုပ်သည်။ အတ္တောန ဝါ သုညံ၊ အတ္တကောင်၏ အဖြစ် = ငါကောင်၏ အဖြစ်မှလဲ ကင်းဆိတ်၏။ အတ္တနိယေန ဝါ သုညံ၊ ငါကောင်၏ ဥစ္စာ အဖြစ်မှလဲ ကင်းဆိတ်၏။ ဇာတိ၊ ဤသို့ ရှုမြင်၏။ (စက္ခု ခေါ အာနန္ဒ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါတိ ဧေမာဒီသု အတ္တဘာဝေန ဝါ အတ္တနိယဘာဝေန ဝါတိ အတ္ထော။ ။ဣတရထာ ဟိ စက္ခု အတ္တာ ဝါ အတ္တနိယံ ဝါတိ အပ္ပဋိသိဒ္ဓမေဝ သိယာ—ဟူသော ရတနသုတ်အဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာကို မှီ၍ ဘာဝတ္ထနှင့်တကွ အနက်သမ္မန်လိုက်သည်။)

ယောဂိသည် မှတ်ခိုက် ဆင်ခြင်ခိုက်၌ မှတ်မိ ဆင်ခြင်မိတဲ့ ရုပ်နာမ်ကို "အလိုအတိုင်း ပြီးစေနိုင်ခြင်း, အလိုအတိုင်းဖြစ်ခြင်း, ဟူသော ငါကောင်၏ အဖြစ်မှလဲ ကင်းဆိတ်သည် = ငါကောင်လဲ မဟုတ်ဟူ၍ငြား၊ ငါကောင်၏ ဥစ္စာအဖြစ်မှလဲ ကင်းဆိတ်သည် = ငါကောင်နှင့်လဲ မဆိုင်သော သဘောတရားမျှသာဟူ၍ငြား" ထင်မြင်သဘောကျ၏၊ ဤသို့ ထင်မြင်လျှင် ဒွိကောဋိက ရှုမြင်ပုံနှင့် ညီညွတ်ပြီဟု သိအပ်၏။ ဤနှစ်ဖို့တို့တွင် ငါကောင် ရှိသည်ဟု ထင်မှသာလျှင်, ငါကောင်နှင့် ဆိုင်သော ဥစ္စာရှိသည်ဟူ၍လဲ ထင်နိုင်သည်။ ငါကောင်မျှပင် မရှိဟု ထင်မြင်နေလျှင် ကား ငါ၏ဥစ္စာဟု မထင်နိုင်တော့ပြီ။ သို့ဖြစ်၍,ငါကောင် မဟုတ်၊ ငါကောင် မရှိဟု ကောင်းစွာ သိမြင်လျှင် ငါ၏ ဥစ္စာ မဟုတ်၊ ငါ၏ ဥစ္စာမရှိဟု ဒုတိယအဖို့အားဖြင့် ရှုမြင်ခြင်းလဲ ပြီးစီးတော့သည်သာတည်း။

စတုက္ကောဋိက ရှုမြင်ပုံ။ ။ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဇာတိ ပဋိသန္ဓိက္ခဏေ နာဟံ ကွစနိ, ကဿစိ ကိဉ္စနတသ္မိ၊ န စ မမ ကွစနိ, ကိသ္မိဉ္စိ ကိဉ္စန-တတ္ထိတိ—

ဤအာနေဠသပ္ပါယသုတ်စသည်နှင့်အညီ စတုက္ကောဋ္ဌိက ရှုမြင်ပုံကိုလဲ ဝိသုဒ္ဓိမဂ်၌ ထုတ်ပြ၏။

ထိုပါဠိ၏ အနက်ကား····ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ အပရံ၊ တဖန်ရှုမြင်ပုံတမျိုးကား။ အရိယသာဝကော၊ အရိယာသာဝကသည်။ ဝါ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီသည်။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ ရှုမြင်၏။ အဟံ၊ ငါကောင်သည်။ ကွစနိ နာ အသ္မိ၊ ဘယ်အရပ်မှာမျှ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ဘယ်တရားထဲမှာမျှ မရှိ။ အဟံ၊ ငါသည်။ ကဿစိ၊ တစုံတယောက်၏။ ကိဉ္စနတာ-ကိဉ္စနတာယ၊ ကြောင့်ကြဘွယ်၏ အဖြစ်၌။ နာ အသ္မိ၊ ဖြစ်နေသည် မဟုတ်။

(အဓိပ္ပါယတ္ထ ဖွင့်ပြသော ဆိုင်ရာအဋ္ဌကထာ ဋီကာတို့ကိုလည်း၊ ကိဉ္စနံ ဝုစ္စတိ ပလိဗောဓော၊ သော နာ ဟောမိ-ဟူသော တိကင်္ခံတ္တရအဋ္ဌကထာကိုလည်း မှီ၍ သဒ္ဒတ္ထ ကျနစ္စာ ပြန်အပ်သော အနက်ပေတည်း။ ။ကိဉ္စနာတိ ကောစိ အပ္ပမတ္တကော-ဟူသော ပဥ္စင်္ခံတ္တရ အဋ္ဌကထာနှင့်အညီ **ကိဉ္စန-ပုဒ်ကို အ-သာကလျတ္ထနိပါတ်ပုဒ်-ဟူ၍လည်း၊ တသ္မိ-၌ တ-ကို အာဂုံ-ဟူ၍လည်း**၊ ယူ၍ ...“အဟံ၊ ငါသည်။ ကဿစိ၊ တစုံတယောက်၏။ ကိဉ္စန နာ အသ္မိ၊ တစုံတခုမျှ မဖြစ်။ ဘာမျှမဟုတ်၊ ဘာမျှ မဆိုင်”....ဟူသော ဤအနက်ကိုလဲ ယူသင့်သေး၏။)

ပရော စ၊ သူတပါးသည်လည်း။ ကွစနိ နာ အတ္ထိ၊ ဘယ်အရပ်မှာမျှ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ဘယ်တရားထဲမှာမျှ မရှိ။ သော၊ ထိုသူတပါးသည်။ ကိသ္မိဉ္စိ၊ တစုံတခုသော အရာ၌။ မမ ကိဉ္စနတာ-ကိဉ္စနတာယ၊ ငါ၏ ကြောင့်ကြဘွယ် အဖြစ်၌။ နာ အတ္ထိ၊ ရှိသည် မဟုတ် ဖြစ်နေသည် မဟုတ်။

(ပရဿ အတ္တာကို ထည့်၍လည်း၊ မမ-ပုဒ်ကို နောက်အပိုဒ်၌သာ ယှဉ်၍လည်း အဓိပ္ပါယတ္ထ အားဖြင့် ဖွင့်ပြသော အဋ္ဌကထာနှင့် အညီ သဒ္ဒတ္ထ ကျနစ္စာ ယောဇနာ အပ်သော အနက်ပေတည်း။ ။ဤအရာ၌လဲ **ကိဉ္စန–ပုဒ်, တ–အာဂုံ,** ယူ၍.... “သော၊ ထိုသူတပါးသည်။ ကိသ္မိဉ္စိ၊ တစုံတခုသော အကြောင်းကြောင့်မျှ။ မမ ကိဉ္စန၊ ငါ၏ ဥစ္စာ တစုံတရာမျှ=ငါနှင့် တစုံတရာမျှ စပ်ဆိုင်သူသည်။ နာ အတ္ထိ၊ မဖြစ်။ ငါနှင့် ဘာမျှ စပ်ဆိုင်သူ မဟုတ်”....ဟူသော ဤအနက်ကိုလဲ ယူသင့်သေး၏။)

အဓိပ္ပါယ်ကား။ ။ထိုအခါ၌ ယောဂီသည် မှတ်တိုင်း မှတ်တိုင်း ပျက်သွားတဲ့ သဘောမျှကိုသာ တွေ့ရ၏။

အလိုအတိုင်း ပြီးစေနိုင်သော အတ္တကောင် = ငါကောင်ကိုကား မတွေ့ရချေ။ ထို့ကြောင့် "အတ္တကောင် = ငါကောင်သည် ကိုယ်တွင်းမှာလဲ မရှိ၊ ကိုယ်ပမှာလဲ မရှိ၊ ဘယ်အရပ်မှာမျှ မရှိ။ ရှေးကလဲ မရှိ၊ ယခုလဲ မရှိ၊ နောင်လဲ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ရုပ်ထဲမှာလဲ မရှိ၊ နာမ်ထဲမှာလဲ မရှိ၊ သွားမှု ရပ်မှု ထိုင်မှု အိပ်မှု ကွေးမှု ဆန့်မှု စသော ကိုယ်အမူအရာထဲမှာလဲ မရှိ၊ မြင်မှု ကြားမှု ထိသိမှု ကြံမှု စသော စိတ် အမူအရာထဲမှာလဲ မရှိ၊ အကောင်း အဆိုး ခံစားမှု အမျိုးမျိုးထဲမှာလဲ မရှိ၊ မှတ်သားမှု အမျိုးမျိုးထဲမှာလဲ မရှိ၊ အားထုတ်ပြုပြင်မှု အမျိုးမျိုးထဲမှာလဲ မရှိ၊ ဘယ်တရားထဲမှာမျှ ငါကောင် မရှိ" ဟု ပိုင်ပိုင် နိုင်နိုင် သိမြင် သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ ပဌမ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

ထို့ပြင် မှတ်ခိုက်မှာ ဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်၍ ဆင်ခြင်ခိုက်မှာ ဖြစ်စေ, "သည်လို ပျက်နေတဲ့ သဘောမျှသာ ရှိသည်၊ ငါကောင် သတ္တဝါကောင်ကား မရှိဟူ၍ မသိကြတဲ့အတွက် 'ငါ့ အဘဲ့, ငါ့ သားဲ့, ငါ့ အစ်ကိုဲ့, ငါ့ ညီဲ့, ငါ့ တူဲ့' စသည်ဖြင့် သူများက ငါ့အပေါ်မှာ စွဲလမ်းလျက် ကြောင့်ကြစိုက် နေကြပေသည်၊ အမှန်အားဖြင့်မူကား ထိုကဲ့သို့ သူတပါးက ကြောင့်ကြစိုက်ဖွယ် ဖြစ်သော ငါကောင်ကား မရှိပေ" ဟူ၍လဲ သိမြင် သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။

(ကိုဥန-ပုဒ် ယူ၍ အနက်ပြန်ရာ၌ "တစုံတယောက်သော သူတပါး၏ အဘ, သား, အစ်ကို, ညီ, တူ စသည်ဖြစ်သော ငါကောင် ဟူသည်မှာ တစုံတခုမျှ မရှိပါတကား၊ ဘာမျှ မရှိပါတကား၊ သူတပါးနှင့် ငါဟာ ဘာမျှ မစပ် မဆိုင်ပါတကား" ဟု သိမြင်သည်-ဟူ၍ အဓိပ္ပါယ် ယူလေ။) ဒုတိယ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

ထို့ပြင် သူတပါး၏ အဆင်းကို မြင်ခိုက်, အသံကို ကြားခိုက် စသည်၌ မှတ်၍ ဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်ကာ ဆင်ခြင်၍ ဖြစ်စေ ဤသို့ သိမြင်၏။ ပုံကား···· "သူတပါးဟု ခေါ်အပ်သော အတ္တကောင် = သတ္တဝါကောင်သည် ကိုယ်တွင်းမှာလဲ မရှိ၊ ကိုယ်ပမှာလဲ မရှိ၊ ဘယ်အရပ်မှာမျှ မရှိ၊ ရှေးကလဲ မရှိ၊ ယခုလဲ

မရှိ၊ နောင်လဲ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ရှဉ်ထဲမှာလဲ မရှိ၊ နာမ်ထဲမှာလဲ မရှိ၊ မြင်ရတဲ့ အဆင်းထဲမှာလဲ မရှိ၊ ကြားရတဲ့အသံ စသည်ထဲမှာလဲ မရှိ၊ ဘယ်တရားထဲမှာမျှ သူတပါး အကောင် မည်သည် မရှိ"ဟု ပိုင်ပိုင် နိုင်နိုင် သိမြင် သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ တတိယ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

ထို့ပြင် "သည်လို ပျက်နေတဲ့ သဘောမျှသာ ရှိသည်၊ အတ္တ ကောင် သတ္တဝါကောင်ကား မရှိ"ဟူ၍ ရှေးက မသိခဲ့တဲ့အတွက် "ငါ၏ ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော အမိ, အဘ, အစ်ကို, ညီ, သား, သမီး စသော သူတပါး အကောင်အထည်သည် တကယ်ပင် ရှိနေသည်"ဟု ထင်မှတ် ခဲ့မိပေသည်၊ "အမှန်အားဖြင့်မူကား ယခုလို ပျက်နေတဲ့ သဘောမျှသာ ရှိပါတကား၊ ငါ၏ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော သူတပါး အကောင်အထည် မည်သည် ဘာမျှ မရှိပါတကား"ဟူ၍လဲ သိမြင် သဘောကျ၏။ ဤသို့ သိမြင်ခြင်း သည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။

(ကိုဋ္ဌန-ပုဒ် ဟု ယူ၍ အနက်ပြန်ရာ၌ "ငါနှင့်စပ်ဆိုင်သော သူတပါး အကောင် အထည် မည်သည်မှာ ဘယ်အကြောင်းကြောင့်မျှ မရှိ၊ တစုံတရာ အနည်းငယ်မျှ မရှိ"ဟု သိမြင်သည်ကို ယူလေ။) စတုတ္ထ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

အကျဉ်းအားဖြင့်ကား။ ။"အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်လဲ မရှိ၊ သူတပါးကောင်လဲ မရှိ၊ ငါနှင့် ဆိုင်တဲ့ သူတပါးလဲ မရှိ၊ သူတပါးနှင့် ဆိုင်တဲ့ ငါလဲ မရှိ"ဟူ၍ သိမြင်သဘောကျခြင်းသည် လေးပါးသော အဖို့ အစွန်းအားဖြင့် အတ္တကောင်မှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ ဤ အဖို့ လေးပါးတို့ဘွင်လဲ 'ငါကောင် မရှိ'ဟု ပိုင်နိုင်စွာ သိမြင် သဘော ကျခြင်းသည် သာလျှင် လိုရင်းပဓာနပေတည်း။ အဘယ်ကြောင့် နည်း ဟူမူ · မျက်မှောက်သိအားဖြင့် 'ငါကောင် မရှိ'ဟု ပိုင်နိုင် စွာ သိမြင်လျှင် "ငါကောင် မရှိသလိုပင်, သူတပါးကောင်လဲ မရှိ၊ ငါနဲ့ ဆိုင်တဲ့ သူတပါးလဲ မရှိ၊ သူတပါးနဲ့ ဆိုင်တဲ့ ငါလဲ

မရှိ”ဟူ၍ လွယ်ကူစွာပင် ပိုင်းခြား ဆုံးဖြတ်နိုင်သောကြောင့် ပေတည်း။

ဆအာကာရ ရှုမြင်ပုံ။ ။ဆအာကာရ ရှုမြင်ပုံ စသည်ကို နိဒ္ဒေသ ပါဠိတော်မှ ထုတ်ဆောင်၍ ဝိသုဒ္ဓိမဂ်၌ ပြ၏။ ၎င်းတို့ကို ဤကျမ်း၌ ပါဠိ အနက် တွဲလျက် ပြအံ့။

စက္ခု၊ မျက်စိသည်။ အတ္တောန ဝါ သုညံ၊ ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏။ အတ္တနိယေန ဝါ သုညံ၊ ငါ့ဥစ္စာ, ငါပိုင် အဖြစ်မှလဲ ဆိတ်၏။ နိစ္စေန ဝါ သုညံ၊ မြဲသည့် အဖြစ်မှလဲ ဆိတ်၏။ ဓုဝေန ဝါ၊ ခိုင်သည့်အဖြစ်မှလဲ ဆိတ်၏။ သဿတေန ဝါ၊ ထာဝရ ရှိနေသည့် အဖြစ်မှလဲ ဆိတ်၏။ အဝိပရိဏာမဓမ္မေန ဝါ သုညံ၊ မပြောင်းမလဲ ပင်ကိုအတိုင်း တည်မြဲ တည်သည့် အဖြစ်မှလဲ ဆိတ်၏။ ဇုတိ၊ ဤသို့ ရှုမြင်၏။

(ဤကား စက္ခုဒ္ဒါရ၌ ရှုမြင်ပုံပေတည်း၊ ကြွင်းသော ဒွါရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း။)

အဓိပ္ပါယ်ကား။ ။မြင်ခိုက် မြင်ခိုက်၌ မှတ်လျက်၊ “မြင်မှု၏ မှီရာ ဖြစ်သော ကြည်လင်တဲ့ မျက်စိရုပ်သည် အလို အတိုင်းဖြစ်ခြင်း ဟူသော ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏၊ ငါကောင်လဲ မဟုတ်။ငါကောင်၏ အစိတ်အပိုင်း အဖြစ်မှလဲ ဆိတ်၏၊ ငါ့ဥစ္စာလဲ မဟုတ်။ မြဲခြင်းမှလဲ ဆိတ်၏၊ မြဲလဲ မမြဲ။ ခိုင်လဲ မခိုင်။ ထာဝရလဲ ရှိနေသည် မဟုတ်။ ပင်ကိုအတိုင်းလဲ မတည်”ဟု သိမြင်သဘောကျ၏။ ကြားခိုက် စသည်မှာ မှတ်လျက် နားရုပ် စသည်၌ သိမြင်ပုံကိုလဲ နည်းမှီး၍ ခွဲပါလေ။ ဤရှုမြင်ပုံ၌ နိစ္စ ဓုဝ သဿတ အဝိပရိဏာမဓမ္မ ဟူသော ဤလေးပုဒ်တို့သည် ဝေါဟာရ သဒ္ဒါမျှသာ ထူးကုန်၏။ လိုရင်း အနက် အားဖြင့်ကား တူကုန်သည် သာတည်း။ အခြင်းအရာ ဖ-မျိုးဖြင့် အတ္တမှ ဆိတ်သည်ကို ရှုမြင်ပုံ ပြီး၏။

အဒ္ဓအာကာရ ရှုမြင်ပုံ။ ။ရူပံ၊ ရုပ်သည်။ နိစ္စသာရ သာရေန ဝါ၊ မြဲတဲ့အနှစ် ဟူသော အနှစ်အားဖြင့်လဲ။

အသာရံ နိသာရံ သာရာပဂတံ၊ အနှစ်မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ ဓဝသာရ သာရေန ဝါ၊ ခိုင်တဲ့အနှစ် ဟူသော အနှစ်အားဖြင့်လဲ အနှစ် မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ သုခသာရ သာရေန ဝါ၊ ချမ်းသာတဲ့အနှစ်ဟူသော အနှစ်အား ဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှ ကင်း၏။ အတ္တသာရ-သာရေန ဝါ၊ ငါကောင် အနှစ် ဟူသော အနှစ်အားဖြင့်လဲ အနှစ် မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ နိစ္စေန ဝါ၊ မြဲခြင်း အနှစ်အားဖြင့်လဲ အနှစ် မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ ဓုဝေန ဝါ၊ ခိုင်ခြင်း အနှစ်အားဖြင့်လဲ အနှစ် မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ သဿတေန ဝါ၊ ထာဝရရှိခြင်း အနှစ်အား ဖြင့်လဲ အနှစ် မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ အဝိပရိ-ဏာမဓမ္မေန ဝါ၊ ပင်ကိုအတိုင်း တည်တံ့ခြင်း အနှစ်အားဖြင့်လဲ အနှစ် မဟုတ်, အနှစ် မရှိ, အနှစ်မှ ကင်း၏။ ဇာတိ၊ ဤသို့ရှုမြင်၏။

(ဤသည်ကား ရုပ်ခန္ဓာ၌ အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဆိတ်သုဉ်းသည်ကို ရှုမြင်ပုံပေတည်း။ နာမ်ခန္ဓာ ၄-ပါးနှင့် ဒုဂ္ဂရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း။ ဤရှုပုံ၌ နိစ္စသာရ ဓုဝသာရ နိစ္စ ဓုဝ သဿတ အဝိပရိဏာမ ဓမ္မ ဟူသော ဤ ၆-ပုဒ်သည် ဝေါဟာရမျှသာ ထူး၏။)

ဒသအာကာရ ရှုမြင်ပုံ။ ။ရှုပံ၊ ရုပ်ကို။ **ရိတ္တတော** ပသတိ၊ မြဲခြင်း, ကောင်းစားချမ်းသာခြင်း, တင့်တယ်ခြင်း, အစိုးပိုင်ခြင်း,တို့မှ ကင်းဆိတ်သည်ဟု မြင်၏။ **တုစ္ဆတော**၊ မြဲခြင်း, ကောင်းစားချမ်းသာခြင်း, တင့်တယ်ခြင်း, အစိုးပိုင်ခြင်း, ဟူသော အနှစ်အသား မရှိသောကြောင့် အချည်းနှီး အသုံးမကျဟု မြင်၏။ ဝါ၊ ဘာအကောင်အထည် ဒြဗ်မျှမဟုတ် သေးနုတ်ယုတ်ညံ့သော ကြောင့် အလကား သဘောတရားဟု မြင်၏။ **သုညတော**၊ အလို အတိုင်း ပြီးစေနိုင်တဲ့ ငါကောင်အနှစ်မှ ဆိတ်သုဉ်းသည်ဟု မြင်၏။ **အနတ္တတော**၊ အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်မဟုတ်ဟု မြင်၏။ **အနိဿရိယတော**၊ အစိုးမရဟု မြင်၏။ **အကာမ ကာရိယ-တော**၊ အလိုအတိုင်း မပြီးစေနိုင်, အလိုမျှဖြင့် ပြီးစေနိုင်သော အမှုအရာ မရှိ,ဟု မြင်၏။ ။(ရေမြုပ်စိုင်ဖြင့် ခွက်စသည် လုပ်လိုသောသူအား ထိုခွက်စသည် မပြီးစီးနိုင်သကဲ့သို့ ရုပ်တရားကို မြဲအောင် ကောင်းစားချမ်းသာအောင်

တင့်တယ်အောင် ငါကောင်ဖြစ်အောင် ပြုလိုသောသူအား ထိုမြဲမှု ကောင်းစား ချမ်းသာမှု တင့်တယ်မှု ငါကောင်ဖြစ်မှုသည် မပြီးစီးနိုင်ချေ။ထို့ကြောင့် ရုပ်သည် အကာမ ကာရိယ= အလိုရှိတိုင်း မပြုနိုင် မပြီးစေနိုင်ကောင်းသော တရားမည်၏။ တနည်းကား.... ဆိုင်ရာ အကြောင်းမျာ၊ ညီညွတ်မှသာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့် ခြင်း ပူခြင်း အေးခြင်း မျက်စိကြည်ခြင်းစသော ရုပ်အမူအရာ တစုံတခု ဖြစ်ပေါ်နိုင်ပေ သည်။ မိမိ အလိုမျှဖြင့်ကား ထိုသို့သော ရုပ်အမူအရာ တစုံတခုကိုမျှ မဖြစ်ပေါ်စေနိုင်ချေ။ ထို့ကြောင့်လဲ ရုပ်သည် အကာမ ကာရိယ=အလိုမျှဖြင့် ပြီးစေနိုင်တဲ့ အမူအရာ မရှိသော တရားမည်၏။ ဋီကာအဖွင့် အဓိပ္ပါယ်ချည်းပင်။) **။အလဗ္ဘနီယတော၊** သည်လို သာ ဖြစ်ပါစေ, ဟိုလိုတော့ မဖြစ်ပါစေနဲ့ဟု တောင့်တ၍ မရ အပ် မရနိုင်ဟု မြင်၏။ **အဝသဝတ္တနတော၊** အလိုအတိုင်းလဲ မဖြစ်, အလိုအတိုင်းလဲ မဖြစ်စေနိုင်,ဟု မြင်၏။ **ပရတော၊** စိမံခန့်ခွဲ၍ မရ သောကြောင့် သူစိမ်းပြင်ပ တရားဘဲဟု မြင်၏။ **ဝိဝိတ္တတော** ပဿ-တိ၊ အကြောင်းထဲမှာလဲ အကျိုးမရှိ, အကျိုးထဲမှာလဲ အကြောင်း မရှိသောကြောင့် အကြောင်းနှင့် အကျိုး အချင်းချင်းမှ ကင်း ဆိတ်နေသည်ဟု မြင်၏။ ။(ကမ္မာဒိဝိယ,ကာရဏောဟိ ဖလေန စ ဝိဝိတ္တတော၊ န ဟိ ကာရဏေန ဖလံ, ဖလေန ဝါ ကာရဏံ သ ဂဗ္ဘ တိဋ္ဌတိ=ကံနှင့် ဝိပါက်သည် "ကမ္မံ နတ္ထိ ဝိပါကမ်ိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။ အညမည် ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ"ဟု ပြဆိုခဲ့သည့်အတိုင်းပင် အချင်းချင်းမှ ကင်းဆိတ်နေသကဲ့သို့ အကြောင်းတို့မှငင်း၊ အကျိုးမှငင်း အချင်းချင်း ကင်းဆိတ်နေသည်ဟု မြင်၏။ ဤကား အနက်။ မှန်ပေ၏၊ အကျိုးတရားသည် အကြောင်းတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက်, မြို့အောင်းလျက် တည်သည်လဲ မဟုတ်၊ အကြောင်းတရားသည် အကျိုးတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက် မြို့အောင်းလျက် တည်သည်လဲ မဟုတ်ပေ။ ဋီကာဖွင့်ပေတည်း။ အဓိပ္ပါယ် ရှင်းလင်းစေ ရန် (နှာ ဂ၄) ပစ္စယပရိဂ္ဂဟဉာဏ်အရာ၌ ဂါထာ၏ အနက်ကို ပြန်ကြည့်ပါလေ။ ဝေဒနာ သညာ စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း။)

နိဒ္ဒေသပါဠိတော်၌ကား—

အဝိစ ဒဿဟာကာရေဟိ သုညတော လောကံ အဝေက္ခတိ၊ ရူပံ ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော အသာရကတော ဃကတော ဝိဘဝတော အသု-မူလတော သာသဝတော သင်္ခတတော—

ဤသို့ ဒသအာကာရ ရှုမြင်ပုံကို ပြလျက်ရှိ၏။ အဋ္ဌကထာ၌ ပြအပ်သော အာကာရ ၁၀-ပါးတို့တွင် အစ ၄-ပါးသာလျှင်

ဤပါဠိတော်နှင့် ထပ်တူကျသည်၊ နောက် ၆-ပါးသည်ကား သဒ္ဒါအနက် ၂-မျိုးလုံးပင် ကွဲပြားထူးခြားလျက် ရှိ၏။

အထူးမှတ်ဖွယ်။ ။ဤပါဠိတော်ကိုပင် မှီ၍ ဒသအာကာရ ရှုပုံကို ထုတ်ပြသော အဋ္ဌကထာ၌ ပါဠိတော်နှင့် ထပ်တူ မဟုတ်ဘဲ၊ ထူးကွဲသော အာကာရတို့ကို ပြရာတွင် ဤသို့သော အနက်ထူးကို မှတ်သားအပ်၏။ "ပါဠို အဋ္ဌကထာတို့၌ ပြအပ်သော ရှုမြင်ပုံ အခြင်းအရာ ဟူသမျှကို ပြသည့်အတိုင်း ကျက်မှတ်၍ အတိအကျ ရှုနိုင်မှ ကိစ္စပြီးသည်လဲ မဟုတ်ပေ။ ထိုသို့ ကျက်မှတ်၍ အတိအကျရှုရန် ပြသည်လဲ မဟုတ်ပေ။ အမှန်အားဖြင့် သော်ကား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၌ အတွင်းဝင်သော ထိုပြအပ်သည့် အခြင်းအရာတို့တွင် အခြင်းအရာ တပါးပါးဖြင့် ဖြစ်စေ, အခြင်းအရာ များစွာတို့ဖြင့် ဖြစ်စေ, ကောင်းစွာ ထင်မြင်သဘောကျလျှင် ကိစ္စပြီးသည်ချည်းသာတည်း။ ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ ပါရမီဉာဏ်နှင့် အဇ္ဈာသယစသည်အားလျော်စွာ ထင်မြင်ပုံ သိပုံများကို ပြဆိုခြင်းသာလျှင် ဖြစ်ပေသည်"ဟူသော ဤအနက်အထူးကို မြဲမြံစွာ မှတ်သားအပ်၏။

အတိအကျ ကျက်မှတ်၍ ရှုရန် ပြသည်ဟု ယူငြားအံ့၊ သို့ဖြစ်လျှင် ဤအရာ၌ အဋ္ဌကထာနည်းအရ ရှုသောသူအား ပါဠိတော်နည်းအရ အာကာရ ၁၀-ပါးလုံး မစုံလင်သောကြောင့် ကိစ္စမပြီးဘဲ ရှိလေရာ၏။ ထိုသို့ ကိစ္စမပြီးနိုင်ပါက ပါဠိတော်နည်းမှ ထူးခြားသော အာကာရတို့ကို အဋ္ဌကထာ၌ မပြတန်လေရာ။ ယခုမှာ ပြလဲ ပြလျက်ရှိပေ၏။ ထို့ကြောင့် အတိအကျ ကျက်မှတ်၍ ရှုဆင်ခြင်ရန် ပြသော စကားများ မဟုတ်ပေ။ အမှန်အားဖြင့် သော်ကား ရှုမှတ်သော ယောဂီ၏ ဉာဏ်မှာ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်တတ်သော ထင်ပုံ သိမြင်ပုံတို့ကိုသာ ပြသော စကားများ ဖြစ်ပေသည်ဟူ၍ ခိုင်မြဲစွာ မှတ်သားအပ်၏။

ဒွါဒသ အာကာရ ရှုမြင်ပုံ။ ။ရှုပံ၊ ရုပ်သည်။ နံ သတ္တော၊ အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်စသည်ဖြင့် ထင်မှတ် စွဲလမ်းအပ်သော သတ္တဝါ မဟုတ်။ နံ ဇီဝေါ၊

အသက်, လိပ်ပြာကောင် မဟုတ်။ နှ နရော၊ လူကောင် မဟုတ်။ နှ မာဏဝေါ၊ လုလင်ကောင် မဟုတ်။ နှ ဇာတ်ထိ၊ မိန်းမကောင် မဟုတ်။ နှ ပုရိသော၊ ယောကျ်ားကောင် မဟုတ်။ နှ အတ္တာ၊ အစိုးပိုင်သော ငါကောင် မဟုတ်။ နှ အဟံ၊ ငါမဟုတ်။ နှ အတ္တနိယံ၊ ငါကောင်၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ ငါကောင် နှင့် ဘာမျှမဆိုင်။ နှ မမ၊ ငါ၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ ငါနှင့် ဘာမျှ မဆိုင်။ နှ အညဿ၊ သူတပါး၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ သူတပါး နှင့် ဘာမျှမဆိုင်။ (နိဒ္ဒေသ ပါဠိတော်၌ကား ဤ အရာတွင် "နှ ကောစိ-တစုံတယောက်မျှ မဟုတ်" ဟု ရှိ၏။) နှ ကဿစိ၊ တစုံတယောက်၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ တစုံတယောက်နှင့် ဘာမျှ မဆိုင်။ ဇာတိ၊ ဤသို့ ရှုမြင်၏။ ။(ဤသည်ကား ရုပ်၌ ရှုမြင်ပုံတည်း။ ဝေဒနာ သညာ စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း။)

ဤရှုမြင်ပုံ၌၊ နှ အဟံ—တိုင်အောင် ရှေး (၈) ပုဒ်တို့သည် "ဖြစ်ခြင်း ပျက်ခြင်း မရှိဘဲ ခန္ဓာအိမ်ထဲ၌ အမြဲ တည်ရှိနေသည်ဟူ၍ငင်း၊ သွားခြင်း ထိုင်ခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်း စသည်ကို အလိုအတိုင်း ပြီးစေနိုင်သည်ဟူ၍ငင်း၊ ဤသို့ စသည်ဖြင့် ထင်မှတ် စွဲလမ်းအပ်သော"အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်, သတ္တဝါကောင်ကိုသာ ပယ်မြစ်လိုရ၍ ပြအပ်သော ပုဒ်တို့ပေတည်း၊ လောက၌ ပြောဆိုရိုးမျှ ဖြစ်သော သတ္တဝါ စသည်ကိုကား ပယ်မြစ်လိုရ၍ ပြအပ်သည် မဟုတ်ပေ။ နှ အတ္တနိယံ စသော နောက်လေးပုဒ်တို့ဖြင့်လဲ ထိုအတ္တကောင်၏ အစိတ်အပိုင်း မဟုတ်၊ ထိုအတ္တကောင်နှင့် ဘာမျှ မဆိုင်သည်ကိုသာ ပြလိုပေသည်။ လောက၌ ပြောဆိုရိုးမျှ ဖြစ်သော သူ့ဥစ္စာ, ငါ့ဥစ္စာ, သူ့လက်ခြေ, ငါ့လက်ခြေ, သူ့သားသမီး, ငါ့သားသမီး, ဤသို့ စသော ဝေါဟာရကိုကား ပယ်မြစ်လိုသည် မဟုတ်ပေ။

အခုံကို ဤသို့သော အဋ္ဌကထာ စကားများကို တွေ့ရ၍ ဤသို့ ပြောဆိုကြ၏။ ဘုရားဟော ပါဠိတို့၌ သာမိ နိဝါသီ စသည်ဖြင့် စွဲလမ်းအပ်သော အတ္တကိုသာ ပယ်သည်၊ အရှင် ဗုဒ္ဓဃောသ၏

အဋ္ဌကထာဋ္ဌကား လူတို့၏ ပြောဆိုရိုးမျှ ဖြစ်သော မိန်းမ ယောကျ်ားသတ္တဝါ စသည်တို့ကိုလဲ ပယ်မြစ်သည်၊ ထို့ကြောင့်, အဋ္ဌကထာသည် ပါဠိတော်နှင့် မညီဟူ၍ အပြစ်တင်လျက် ပြောဆို ကြကုန်၏။ အဋ္ဌကထာ၏ မှိရာ ဖြစ်သော နိဒ္ဒေသ ပါဠိတော်၏ ရည်ရွယ်ချက်ကို မသိခြင်း, အဋ္ဌကထာ ဆရာ၏ အလိုကို မသိခြင်း, များကြောင့် အပြစ်တင်မှားခြင်း, ပြောဆို မှားခြင်းမျှသာတည်း၊ အမှန်အားဖြင့်သော်ကား အဋ္ဌကထာတို့၌ အနတ္တ အရာတွင် ပြဆိုသော စကား ဟူသမျှသည် သာမိ နိဝါသီ စသည်ဖြင့် စွဲလမ်း အပ်သော ထိုအတ္တကိုသာ ပယ်မြစ်သည့် စကားချည်းသာတည်း။ ထို့ကြောင့်ပင်, ဝိသုဒ္ဓိမဂ် သမ္မသနဉာဏ် အရာ၌.... အသာရကဋ္ဌေ-နာတိ သာမီ နိဝါသီ ကာရကော ဝေဒကော သယံဝသီတိ ဝေံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန။ ။ သာမိ နိဝါသီ ကာရက ဝေဒကာ ဓိဋ္ဌာယက ဝိရဟိတတာယ သုည-တော၊ သယဉ္ဇ အဿာမိဘာဝါဒိတာယ အနတ္တတော....ဟု သေချာစွာပင် ဖွင့်ပြ တော်မူလေပြီ။ ဤအရာ၌လဲ ပါဠိ အဋ္ဌကထာတို့၏ ရည်ရွယ်ချက် အလိုကို သိသော မဟာဋီကာဆရာသည် အောက်ပါအတိုင်း ဖွင့်ပြတော်မူလေပြီ။

> 'ရူပံ နသတ္တော'တိအာဒိသု ယော လောကဝေါ-ဟာရေန သတ္တော၊ ရူပံ သော နဟောတိတိ အယမတ္ထော ဇာ၀ နာဓိပ္ပေတော၊ တဿာဝတ္ထုသိဒ္ဓတ္တာ။ နဟိ လောကော ရူပမတ္တံ 'သတ္တော'တိ ဝေါဟရတိ။ ဗာဟိ-ရကပရိကပ္ပိတော ပန အတ္တာ 'သတ္တော'တိ အဓိပ္ပေတော။ သော ဟိ တေဟိ ရူပါဒိသု သတ္တ ဝိသတ္တတာယ, ပရေ စ သဒ္ဓာပနဋ္ဌေန 'သတ္တော'တိ ဝုစ္စတိ။ ရူပံ သော နဟောတိတိ အတ္ထော။ သုညတာ ပရိဂ္ဂဏှနဋ္ဌေတန္တိ။ သေ နယော 'နဇီဝေါ'တိ အာဒိသုဝိ။ (၂-၄၅၇)

ရူပံ နသတ္တောတိအာဒိသု၊ ရုပ်သည် သတ္တဝါ မဟုတ်၊ ဤသို့ စသော ရူမြင်ပုံတို့၌။ လောကဝေါဟာရေန ယော သတ္တော၊ လူတို့၏ ပြောဆိုရိုး အားဖြင့် အကြင် သတ္တဝါသည် ရှိ၏။ ရူပံ သော နဟောတိတိ၊ ရုပ်သည် ထို ပြောဆိုရိုး သတ္တဝါ မဟုတ် ဟူသော။ အယံ အတ္ထော၊ ဤအနက်ကို။ ဇာ၀ နအဓိပ္ပေတော၊

အတ္တမှ ဆိတ်သည်ကို ရှုမြင်သော ဤအရာ၌ မဆိုလိုအပ်ပေ။ ကသွာ၊ အဘယ်ကြောင့် မဆိုလိုသနည်း ဟူမူ။ တသ အဝုတ္တ-သိဒ္ဓတ္တာ၊ ရုပ်သည် ပြောဆိုရိုး သတ္တဝါမဟုတ် ဟူသော ထို အနက်က၊ မဆိုဘဲပင် အလိုလို ပြီးစီး ထင်ရှား ခြင်းကြောင့်ပေ တည်း။ ဟိ၊ ထင်ရှားသည် မှန်ပေ၏။ ရူပမတ္တံ၊ ရုပ်မျှကို။ သတ္တော-တိ၊ သတ္တဝါဟူ၍။ လောကော နဝေါဟရတိ၊ လူအပေါင်းက ခေါ်ဝေါ် ပြောဆိုသည် မဟုတ်ပေ။ ပန၊ အမှန်အားဖြင့် သော်-ကား။ ဗာဟိရကပရိကပ္ပိတော၊ ဘုရားသာသနာတော်မှ အပြင် ပဋ္ဌ ဖြစ်သော လူတို့က ကြံဆ စွဲလမ်းအပ်သော။ အတ္တာ၊ အသက်, လိပ်ပြာကောင်, ဝိညာဏ်ကောင် ဟူသော အတ္တကောင်ကို။ သတ္တောတိ အဓိပ္ပေတော၊ သတ္တဝါဟု ဆိုလိုပေသည်။ ဟိ၊ မှန်ပေ၏။ ရူပါဒိသု၊ ရုပ် စသည်တို့၌။ သတ္တ ဝိသတ္တတာယ စ၊ ကိုယ်တိုင် ကပ်ငြိတွယ်တာတတ်သောကြောင့်ဌင်း။ ပရေ သဒ္ဓာ-ပနဌေန စ၊ သူတပါးတို့ကို မိမိ၌ ကပ်ငြိတွယ်တာစေတတ်သော ကြောင့်ဌင်း။ သော၊ အသက်, လိပ်ပြာကောင်, ဝိညာဏ်ကောင် ဟု ဆိုအပ်သော ထိုအတ္တကောင်ကို။ သတ္တောတိ၊ သတ္တဝါကောင် ဟူ၍။ တေဟိ ဝုစ္စတိ၊ ထို သာသနာပ လူတို့က ခေါ်ဆိုအပ်၏။ ရူပံ၊ မှတ်ခိုက်မှာပင် ပျက်သွားသည်ဟု သိမြင်အပ်သော ရုပ်သည်။ သော နဟောတိ၊ ထို အတ္တကောင်, သတ္တဝါကောင် မဟုတ်။ ဇာတိ အတ္ထော၊ ဤကား ဆိုလိုရင်း အနက်ပေတည်း။ ဟိ၊ ထိုစကား မှန်ပေ၏။ ဧတံ၊ "ရူပံ နသတ္တော = ရုပ်သည် သတ္တဝါ မဟုတ်ဟူ၍" ဤရှုမြင်ခြင်းသည်။ သုညတာဝရိဂ္ဂဏှနံ၊ အတ္တကောင်, ငါကောင်မှ ဆိတ် သုဉ်းသည်ကို သိမ်းဆည်း သိမြင်သောဉာဏ်ပေတည်း။ ဇာတိ၊ ဤသို့ သိအပ်၏။ နဇီဝေါတိ အာဒိသုပိ၊ အသက်မဟုတ်-ဤသို့ စသော ရှုမြင်ပုံတို့၌လဲ။ ဧသ နယော၊ နသတ္တော-ဌ ပြုပြီးသော ဤနည်းပင်တည်း။ ။ဒွါဒသ အာကာရ ရှုမြင်ပုံ ပြီး၏။

ကထံ မုဋ္ဌိတုကမျတာ ပဋိသန္ဓိ သန္ဓိဌနာ ပညာ သန္ဓိ-ရုပေက္ခာသု ဉာဏံ။ ဥပ္ပါဒံ မုဋ္ဌိတုကမျတာ ပဋိသန္ဓိ သန္ဓိ-

ဌနာ ပညာ သဒ်ါရုပေက္ခာသု ဉာဏံ၊ ပဝတ္တံ၊ နိမိတ္တံ၊ အာယူဟနံ၊ ပဋိသန္ဓိ ံ။ ပေ။ ဥပါယာသံ မုဋ္ဌိတုကမျတာ ပဋိသဒ်ါ သန္တိဌနာ ပညာ သဒ်ါရုပေက္ခာသု ဉာဏံ။

ဥပ္ပါဒေါ ဒုက္ခန္တိ။ ပ။ ဘယန္တိ။ ပ။ သာမိသန္တိ။ ပ။ ဥပ္ပါဒေါ သဒ်ါရာတိ။ ပ။ ဥပါယာသော သဒ်ါရာတိ မုဋ္ဌိတုကမျတာ ပဋိသဒ်ါ သန္တိဌနာ ပညာ သဒ်ါရုပေက္ခာသု ဉာဏံ။ (ဉာဏ် ၃-မျိုးဖြစ်ပုံကို ပြသော ပဋိသမ္ဘိဒါမဂ် ၅၈)

မုဋ္ဌိတုကမျတာ ပဋိသဒ်ါ သန္တိဌနာ ပညာ၊ အစဉ် စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှုမှတ်၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ် အတန်းအားဖြင့် ကောင်းစွာ တည်တံ့သော သိမ္မ ပညာသည်။ သဒ်ါရုပေက္ခာသု ဉာဏံ၊ သဒ်ါရုပေက္ခာဉာဏ် မည်၏။ တံ၊ ထိဉာဏ် သည်။ ကထံ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူ။ ဥပ္ပါဒံ၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းကို။ ဝါ၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းရှိသော သဒ်ါရ အပေါင်းကို။ မုဋ္ဌိတုကမျတာ ပဋိသဒ်ါ သန္တိဌနာ ပညာ၊ အစဉ် စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှု၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူ ရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာ တည်တံ့သော သိမ္မသည်။ သဒ်ါရုပေက္ခာသု ဉာဏံ၊ သဒ်ါရုပေက္ခာဉာဏ် မည်၏။ ပဝတ္တံ၊ မကုန် မဆုံးနိုင်အောင် မပြတ်ဖြစ်နေသော သဒ်ါရအပေါင်းကို။ နိမိတ္တံ၊ အကောင် အထည် ဒြဗ် ရှိသလိုပင် ထင်ပေါ်လျက် ရှိသော သဒ်ါရ အပေါင်းကို။ အာယူဟနံ၊ ချမ်းသာကောင်းစားရန် ရည်သန်၍ အားထုတ်မှု သဒ်ါရ အပေါင်းကို။ ပဋိသန္ဓိ ံ၊ ဆက်စပ်၍ ဖြစ်ပေါ်ခြင်းရှိသော ဘဝသစ် သဒ်ါရ အပေါင်းကို။ ပေ။ ဥပါယာသံ၊ ပြင်းစွာ ပူပန်မှု သဒ်ါရကို။ မုဋ္ဌိတုကမျတာ ပဋိသဒ်ါ သန္တိဌနာ ပညာ၊ အစဉ် စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန်ရှု၍,အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူ ရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာ တည်တံ့သော သိမ္မသည်။ သဒ်ါရုပေက္ခာသု ဉာဏံ၊ သဒ်ါရုပေက္ခာဉာဏ်မည်၏။

ဥပပါဒေါ၊ ဘဝ၌စ၍ ဖြစ်ပေါ်ခြင်းသည်။ ဝါ၊ စ၍ ဖြစ်ခြင်း ရှိသော ယခုဘဝ သဓိရအပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲတည်း။ ဣတိ၊ ဤသို့ သိမြင်၍။ပ။ ဘယန္တိ၊ ကြောက်ဖွယ်ဟု သိမြင်၍။ပ။ သာမိသန္တိ၊ ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာဟူသော အစာနှင့် ရောနှောနေသည်ဟု သိမြင်၍။ပ။ သဓိရာတိ၊ မငြိမ်းအေးသော သဓိရတို့ဟု သိမြင်၍၊ မုဠ္ဆိတုကမျတာ ပဋိသဓိ သန္တိဋ္ဌနာ ပညာ၊ အစဉ် စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန်ရှုမှတ်၍, အဆုံး၌ အထူးကြောင့်ကြမစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ် အတန်းအားဖြင့် ကောင်းစွာ တည်တံ့သော သိမှုပညာသည်။ သဓိရုပေက္ခာသု ဉာဏံ၊ သဓိရုပေက္ခာဉာဏ် မည်၏။

> တတ္ထ မုဠ္ဆိတုကမျတာ စ သာ ပဋိသဓိ စ သန္တိဋ္ဌနာ စာတိ မုဠ္ဆိတုကမျတာ—ပဋိသဓိ—သန္တိဋ္ဌနာ။ ဣတိ ပုဗ္ဗဘာဂေ နိဗ္ဗိဒါဉာဏေန နိဗ္ဗိန္ဒန္တသ ဥပပါဒါဒိနိ ပရိစ္ဆိတုကာမတာ မုဠ္ဆိတုကမျတာ၊ မုဠ္ဆနသ ဥပါယကရဏတ္ထံ မဇ္ဈေ ပဋိသဓိနံ ပဋိသဓိ၊ မုဠ္ဆိတ္ဝာ အဝသာနေ အဇ္ဈုပေက္ခဏာ သန္တိဋ္ဌနာ။
> (ဝိသုဒ္ဓိမဂ် ၂-၂၉၉)

တတ္ထ၊ ထိပဋိသန္တိဒါမဂ် ပါဠိဋ္ဌ်။ မုဠ္ဆိတုကမျတာ စ၊ လွှတ်လိုသော ပညာလဲ ဟုတ်၏။ သာ၊ ထိုပညာသည်။ ပဋိသဓိ စ၊ တဖန်ရှုမှတ်သော ပညာလဲ ဟုတ်၏။ သန္တိဋ္ဌနာ စ၊ ကောင်းစွာ တည်တံ့သော ပညာလဲ ဟုတ်၏။ ဣတိ၊ ဤသုံးပါးသော သတ္တိကြောင့်။ မုဠ္ဆိတုကမျတာ ပဋိသဓိ-သန္တိဋ္ဌနာ၊ မည်၏။ ဣတိ၊ သို့ဖြစ်၍။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ နိဗ္ဗိဒါဉာဏေန နိဗ္ဗိန္ဒန္တသ၊ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သော သူ၏။ ဥပပါဒါဒိနိ၊ ဥပပါဒစသည်ဖြင့် ပြအပ်သော သဓိရတို့ကို။ ဝါ၊ ဥပပါဒ စသည်နှင့် စပ်ဆိုင်သော သဓိရတို့ကို။ ပရိစ္ဆိတုကာမတာ၊စွန့်လွှတ်လိုသည်၏ အဖြစ်သည်။ မုဠ္ဆိတုကမျတာ၊ မည်၏။ ။(ဥပပါဒပဝတ္တာဒိအပဒေသေန ဝုတ္တေ သဓိရေ၊ တပ္ပဋိပက္ခဆန္ဒရာဂပဟာနေန ဝိသဒ္ဓိတုကာမတာ = ဥပပါဒ စသည်ကို စွန့်လို–ဟူရာ၌ ဥပပါဒမျှ ပဝတ္တမျှ စသည်ကိုသာ စွန့်လိုသည်ဟု မယူအပ်၊ ဥပပါဒ ပဝတ္တ စသည်တို့နှင့် စပ်ဆိုင်

သော သခ်ါရတို့ကို စွန့္လိုသည္ဟူ၍သာ ယူအပ္၏။ စြန့္လို-
ဟူသည္မွာလဲ ထိုသခ်ါရတို့နွင့္ စပ္သော နွစ္သက္လိုလားမွ
ကြောင့္ကြစိုက္လိုမွကို စွန့္လိုခြင္းပင္တည္း။ဒိုကာဖွင့္အဓိပ္ပါယ္။ ။
ဤအဋ္ဌကထာ ဒိုကာဖွင့္မ်ားကိုၾကည့္၊ ဥပါဒိစသော ကံပုဒ္ဓနွင့္တကွ
ဟောသော ပါဠိေတာ္ကိုၾကည့္၊ ေထေရာက်၍၊ သကမွကစာတ္ဖြင့္
ျပီးသော မုဥ္ဇတုကမျတာ ပုဒ္ဓကိုသာ ပုဒ္ဓရင္းဟု သိအပ္၏)။ ။
မုဥ္ဇနဿ ဥပါယကရဏတ္ထံ၊ စြန့္လြတ္နိုင္ျခင္း၏ အေၾကာင္းကို
ျပဳျခင္း ျပီးေစျခင္းငွါ။ မဇ္ဈ ပဋိသခ်ိနံ၊ အလယ္၌ တဖန္ ရွမွတ္
ျခင္းသည္။ ပဋိသခ်ိ၊ ဉာဏ္မည္၏။ မုဥ္ဇတွာ၊ စြန့္လြတ္ျပီး၍ ။ ။
အဝသာနေ၊ အဆုံး၌။ အဇ္ဈုပေက္ခဏာ၊ ေၾကာင့္ၾကမိုက္မူ၍၊
အစဥ္ အတန္းအားျဖင့္ သိရုံမွ် သိရုံမွ် ျဖစ္လွ်က္ လွ်စ္လွ်ူရွျခင္း
သည္။ သန္တိဋ္ဌနာ၊ ေကာင္းစြာ တည္တံ့သော ပညာမည္၏။ ။
(ယာဝ နိဗ္ဗာနသမွက္ခန္ဓနာ န ဋ္ဌဟတိ၊ တာဝ ဝိစိနေရ ဥဒါသိ-
နတာယ ဉာဏသ သန္တာနဝေသန ပဝတ္တိ သန္ဓာယာဟ =
ပဋိသခ်ိဉာဏ္ လုံးဝရင့္သန္သည္မွ စ၍ နိဗ္ဗာန္သို ေျပးဝင္သည့္
ေဂါတြဘူ မျဖစ္ေသးမီအတြင္း၌ သခ်ါရတို့ကို စူးစမ္းဆင္ျခင္မွ်ဳ
ေသာ္လဲ အထူးေၾကာင့္ၾကမိုက္ေတာ့ဘဲ သိရုံ သိရုံမွ် လွ်စ္လွ်ူ
ရွလွ်က္ အစဥ္ အတန္းလိုက္အားျဖင့္ တသမတ္တည္း ကြာျမင့္စြာ
အသိဉာဏ္ ျဖစ္ေပၚေနျခင္းကို ရည္၍ "အဇ္ဈုပေက္ခဏာ သန္တိ-
ဋ္ဌနာ"ဟု အဋ္ဌကထာ၌ မိန့္ဆိုသည္-ဟူလို။)

ဤဉာဏ္ ၃-ပါးသည္ အစ, အလယ္, အဆုံး,၊ အနု, အလတ္,
အရင့္အားျဖင့္ သာလွ်င္ ကွဲျပား၏။ အာရုံနွင့္ မွတ္သိမွုတို့ကို
သခ်ါရသေဘာမွ်ဟု သိျမင္သေဘာကြဲျခင္း လက္ခဏာအားျဖင့္
ကား တမူိုးတည္းေသာ ဉာဏ္သာတည္း။ ထို့ေၾကာင့္, ပဋိသမ္ဘိဒါ
မဂ္မွာပင္ အာဂတ္ပါကိုလဲ ဟာေတာ္မူေပသည္။

၁။ နိရုတ္လယဘာဝပ္ပတ္တိယာ အေပက္ခာဝိသဇ္ဇနဝေသန ဝိဿဇ္ဇိတ္ဟု-ဒိုကာဖွင့္။ ပဋိသခ်ါ
ဉာဏ္ ရင့္သန္လွ်င္ သခ်ါရတို့၌ ရွေးကလို ငဲ့ကြက္တယ္တာမူ, ေၾကာင့္ၾကစိုက္လိုမွသည္
မရွိေတာ့ျပီ၊ ကင္းေပ်ာက္လေ၏၊ ဤသို့ ငဲ့ကြက္မွကင္းခြင္းသည္ပင္ ငဲ့ကြက္မွကိုၾကည့္,
ငဲ့ကြက္မွ၏မွီရာ သခ်ါရတို့ကိုၾကည့္, ပယ္စြန့္ျခင္းမည္၏။

ယာ စ မုဠိတုကမျတာ၊ ယာ စ ပဋိသန်ါနုပဿနာ၊ ယာ စ သန်ါရုပေက္ခာ၊ ဇူမေ ဓမ္မာ ကေတ္ထာ၊ ဗျဥ္ဇနမေဝ နာနံ။ (၂၅၉)

ယာ စ မုဠိတုကမျတာ၊ အကြင် မုဠိတုကမျတာဉာဏ်သည်၎င်း။ ယာ စ ပဋိသန်ါနုပဿနာ၊ အကြင်ပဋိသန်ါဉာဏ်သည်၎င်း။ ယာ စ သန်ါရုပေက္ခာ၊ အကြင် သန်ါရုပေက္ခာဉာဏ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဇူမေ ဓမ္မာ၊ ဤဉာဏ်တို့သည်။ ကေတ္ထာ၊ တူသော သဘောတရားကိုယ် ရှိကုန်၏။ ဗျဥ္ဇနမေဝ၊ အမည်သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူးခြား၏။

သဘောအားဖြင့် ဉာဏ်တမျိုးတည်း ဖြစ်သောကြောင့်ပင်လျှင် အချို့ပုဂ္ဂိုလ်မှာ မုဠိတုကမျတာ,ပဋိသန်ါဉာဏ်များဖြစ်ပေါ်ပြီးလျှင် မကြာမီ တခဏအတွင်းမှာသော်လဲ သန်ါရုပေက္ခာဉာဏ်ဖြစ်ပေါ်တတ်ပေသည်။ ဤသန်ါရုပေက္ခာဉာဏ်သို့ ရောက်သော အခါ၌ကား အချို့ပုဂ္ဂိုလ်မှာသာလျှင် အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ်များ လျင်မြန်စွာ ဖြစ်ပေါ်တတ်ပေသည်။ အချို့ပုဂ္ဂိုလ်မှာကား သန်ါရုပေက္ခာဉာဏ်သည်သာလျှင် အထူး ကောင်းချည်တလဲ့, မှန်မှန် ကောင်းချည်တလဲ့အားဖြင့် ကြာမြင့်စွာလဲ ဖြစ်နေတတ်သေး၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူ၏။

ဧဝမေဝ သစေ သန်ါရုပေက္ခာဉာဏံ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သန်ါရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ၊ နော စေ ပဿတိ၊ ပုနပ္ပုနံ သန်ါရာရမ္မဏမေဝ ဟုတွာ ပဝတ္တတိ။ တဒိဒံ သုပ္ပဂ္ဂေ ဝိဋ္ဌဝဋ္ဋိယမာနံ ဝိယ, နိပ္ပဋ္ဌိတကပ္ပါသံ ဝိဟဋ္ဌိယမာနံ ဝိယ, နာနာပုကာရတော သန်ါရေ ပရိဂ္ဂဟေတွာ ဘယဥ္စ နန်ဒဥ္စ ပဟာယ သန်ါရဝိစိနနေ မဇ္ဈတ္တံ ဟုတွာ တိဝိဓာနုပဿနာ ဝသေန တိဋ္ဌတိ။ (၂-၂၉၅)

ဧဝမေဝ၊ (ရှေးခေတ်ကာလက ပင်လယ်ခရီးသွား သင်္ဘောသားတို့သည် နီးသော ပင်လယ်ကမ်းကို မမှန်းဆနိုင်သော အခါ

၌ နီးသော ကျွန်း ကမ်းကို စုံစမ်းရန် ကျီးငှက်ကို သင်္ဘောမှ လွှတ်လိုက်လျှင် ထိုကျီးသည် ကမ်းကို တွေ့မြင်ပါက ထိုကမ်းဆီသို့ သာလျှင် ပျံသွားလေသည်၊ ကမ်းကို မမြင်ပါက ထိုသင်္ဘောသို့ သာလျှင် ပြန်ပြန်ကပ်သည်-ဟူသော) ဤဥပမာ အတူပင်လျှင်။ သမ်ိဳရပေကွာဉာဏ်၊ သမ်ိဳရပေကွာဉာဏ်သည်။ သန္တိပဒံ၊ ရုပ် နာမ်သမ်ိဳရတို့ ငြိမ်းသည့်ပြင် မဂ် ဖိုလ်ဉာဏ်ဖြင့် ရောက်လဲ ရောက် အပ်သော။ ဝါ၊ သမ်ိဳရလဲ ငြိမ်း, ရောက်လဲ ရောက်ထိုက်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တံတော၊ သမ်ိဳရ ငြိမ်းပြတ်သော အခြင်း အရာဖြင့်။ သစေ ပဿတိ၊ အကယ်၍ မြင်နိုင်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ မြင်နိုင်လျှင်။ သဗ္ဗံ၊ အလုံးစုံသော။ သမ်ိဳရပဝတ္ထံ၊ မပြတ်မစဲ တဖြစ်ထဲ ဖြစ်နေသော သမ်ိဳရအယဉ်ဟူသော အာရုံကို။ ဝိဿဇ္ဇေ-တွာ၊ စွန့်လွှတ်၍။ နိဗ္ဗာနမေဝ၊ သမ်ိဳရငြိမ်းသော နိဗ္ဗာန်အာရုံသို့ သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်သွားလေ၏။ (နိဗ္ဗာန်အာရုံထဲသို့၊ ဝါ၊ သမ်ိဳရ ငြိမ်းခြင်း- သမ်ိဳရကင်းပြတ်သွားခြင်းသဘောထဲသို့ ပြေးဝင်သွားသလိုပင် စိတ်ဖြစ်သွား သည်-ဟူလို)။ ။နော စေ ပဿတိ၊ သမ်ိဳရငြိမ်းသော နိဗ္ဗာန်ကို သမ်ိဳရငြိမ်းသည့် အနေအားဖြင့် မမြင်နိုင်သေးငြားအံ့။ ဧဝံ သတိ၊ ဤသို့ မမြင်နိုင်သေးလျှင်။ သမ်ိဳရာရမ္မဏမေဝ ဟုတွာ၊ ဖြစ်ပျက်သော သမ်ိဳရကိုသာ အာရုံပြုလျက်=မှတ်သိလျက် ဖြစ်၍။ ပုနပ္ပုနံ ပဝတ္တတိ၊ အဖန်ဖန် ဖြစ်ပေါ်၏။ တဒိဒံ၊ ထိုသမ်ိဳရပေကွာဉာဏ်သည်။ ဝဋ္ဋိယမာနံ ဝိဋ္ဌံ ဝိယ၊ ဝိုင်းအပ်, ဆင့်အပ်သော မုံမှန့်သည် ဝိုင်းလေ,ဆင့်လေ သာ၍ သာ၍ သိမ်မွေနူးညံ့လေသကဲ့သို့ငင်း။ ဝိဟဋ္ဌိယမာနံ နိပ္ပဋိတကပ္ပါသံ ဝိယ၊ ဖတ်အပ်သော (အစွေ့ထုတ် ပြီး ဝါ)ဝွန်းသည် ဖတ်လေ ဖတ်လေ သာ၍ သာ၍ သိမ်မွေနူးညံ့ လေသကဲ့သို့ငင်း။ ဟုတွာ၊ ဖြစ်၍။ ။ဤဥပမာနှစ်ခုဖြင့် ရှုမှတ်ဖန် များလေ လေ ဉာဏ်သည် သာ၍ သာ၍ ထက်မြက်သိမ်မွေသွားလေလေ ဖြစ်သည်ကို ပြ၏)။ ။ သမ်ိဳရေ၊ မှတ်ခိုက် မှတ်ခိုက်မှာပင် ပျက်ပျက်သွားသော သမ်ိဳရတို့ကို။ နာနာပ္ပကာရတော ပရိဂ္ဂဟေတွာ၊ အမျိုးမျိုးသော အပြား အားဖြင့် သိမ်းဆည်းမှတ်သိ၍။ ဘယဉ္စ၊ ကာမအာရုံဝတ္ထု၏ ပျက်စီးမှုနှင့်စပ်၍ ကြောက်ရွံစိုးရိမ်ခြင်း, ဘယဉာဏ်အလိုအားဖြင့် ကြောက်ခြင်းကိုငင်း။ နန္ဒိဉ္စ၊ ကာမအာရုံဝတ္ထု၏ ပြည့်စုံမှုနှင့်စပ်၍

အားရနှစ်သက်ခြင်း, မှတ်သိမှု ကောင်းခြင်းကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်းကိုဎင်း။ ပဟာယ၊ ပယ်စွန့်လွှန်မြောက်၍။ သခ်ါရဝိစိနနေ-သခ်ါရဝိစိနနေပိ၊ သခ်ါရတို့ကို စူးစမ်းမှတ်သိမှုဌ်ဒလဲ။ မစ္ဆတ္တံ ဟုတ္တာ၊ အထူးလဲ ကြောင့်ကြ မစိုက်, လုံးဝလဲ ကြောင့်ကြစိုက်မှု မကင်းသဖြင့် အလယ်အလတ် ညီမျှသော သဘောရှိသည်ဖြစ်၍ ။ တိဝိဓာနုပဿနာဝသေန၊ အနိစ္စ ဒုက္ခ အနတ္တာ နုပဿနာ ဟူသော အနုပဿနာ ၃-ပါးတို့၏ အလို အားဖြင့်။ တိဋ္ဌတ်၊ တည်လေ၏။

၍ အဋ္ဌကထာ၌ သခ်ါရုပေက္ခာဉာဏ်က နိဗ္ဗာန်ကို မြင်နိုင်သည်ဟု ဆိုသည်မှာ အနုလောမဉာဏ် ဖြစ်ပေါ်နိုင်လောက်အောင် ဝုဋ္ဌာနဂါမိနီ အဖြစ်ဖြင့် ထက်သန်စွာ ဖြစ်သည်ကို ရည်၍ ဆိုပေသည်။ ဎင်းဉာဏ်ကပင် နိဗ္ဗာန်သို့ ပြေးဝင်သွားသည်ဟု ဆိုပြန်သည်မှာလဲ အနုလောမ, ဂေါတြဘူဉာဏ်များနှင့် တကွ တပေါင်းတည်း တဉာဏ်တည်းပြု၍ ကောက္ကနည်းဖြင့် ဆိုပေသည်။ အဖြောင့်အားဖြင့်ကား သခ်ါရုပေက္ခာ ဉာဏ်သည် အကြိမ်များစွာ ဖြစ်ပြီး၍ အထူးထက်မြက် သန့်ရှင်း ရဲရင့်စွာ ဖြစ်လျက် ခေါင်ထိပ်သို့ ရောက်လျှင် အနုလောမဉာဏ်ကို ဖြစ်စေ၏။ ထို အနုလောမဉာဏ်၏ အဟုန်ကြောင့် ဂေါတြဘူဉာဏ် ဖြစ်ပေါ်လျက် နိဗ္ဗာန်ကိုမြင်သည်၊ ထိုနိဗ္ဗာန် အာရုံထဲသို့လဲ ပြေးဝင်သွားသည်ဟု ဆိုလိုပေ၏၊ အောက်ပါမှာ မဟာဋီကာပေတည်း။

တိက္ခ-ဝိသဒ-သူရဘာဝေန သခ်ါရေသု အဇ္ဈုပေက္ခ-
ဏော သိဇ္ဈမာနေ တံ သခ်ါရုပေက္ခာဉာဏံ အနေကဝါရံ

၁။ ပဝိစယဿ သိခါပတ္တတာယ သခ်ါရေသု ဝိယ တေသံ ဝိစိနနေပိ ဉဒါသိနံ ဟုတ္တာ-သခ်ါရုပေက္ခာဉာဏ် ထက်သန် အားပြည့်နေသော အခါ၌ စူးစမ်း ရှုမှတ်မှုက ခေါင်ထိပ်သို့ ရောက်နေပြီ ဖြစ်သောကြောင့် အထူးကြောင့်ကြ မစိုက်ရတော့ဘဲ မှတ်သိစရာ သခ်ါရ အာရုံများကလဲ အလိုလိုပင် ထင်ပေါ်လျက် ထင်ပေါ်လျက် ရှိ၏၊ ဎင်းတို့ကို စူးစမ်း မှတ်သိမှုကလဲ အလိုလိုပင် ဖြစ်လျက် ဖြစ်လျက် ရှိ၏၊ သိစရာ အာရုံများကလဲ အလိုလို ထင်ပေါ်၍ သိမှုကလဲ သူ့အရှိန်နဲ့သူ အလိုလိုပင် ဖြစ်နေသည်ဟု ထင်ရ၏။ ထို့ကြောင့်, "သခ်ါရတို့၌ အထူးကြောင့်ကြ မစိုက်ရဘဲ ကြောက်ချစ်ကင်းပလျက် ညီမျှစွာ ရှုနိုင်သကဲ့သို့" ထိုသခ်ါရတို့၏ ပျက်မှု မမြဲမှု စသည်ကို သိရန်လဲ အထူးကြောင့်ကြ မစိုက်ရတော့ဘဲ ညီမျှစွာရှုနိုင်သည်ဟု ဆိုလို၏-ဋီကာ။

ပဝတ္တမာနံ ပရိပါကံ ဂမနေန အနုလောမညာဏဿ ပစ္စ-
ယဘာဝံ ဂစ္ဆန္တံ "နိဗ္ဗာနံ သန္တံတော ပဿတိ နာမ"။
တထာဘူတဉ္စ "သခ်ါရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ
ပက္ခန္ဒတိ နာမ"။ တယိဒံ ဒ္ဝဓ ညာဏံ အနုလောမ ဂေါတြ-
ဘုညာဏေဟိ သဒ္ဓိံ ကေတ္တံ နေတွာ ဝုတ္တံ ကေတ္တနယ-
ဝသေန။ (၂-၄၅၉)

တိက္ခ-ဝိသဒ-သူရဘာဝေန၊ ထက်မြက် သန့်ရှင်း ရဲရင့်သည်၏ အဖြစ်ဖြင့်။ သခ်ါရသေု အစ္ဆုပေက္ခဏော သိဒ္ဓုမာနေ၊ အာရုံသခ်ါရ, ဝိပဿနာသခ်ါရတို့၌ အထူးကြောင့်ကြ မစိုက်ရဘဲ ကြောက်ချစ်ကင်းပ ညီမျှစွာ ရှုမှု ပြီးစီး ပြည့်စုံလတ်သော်။ တံ သခ်ါရုပေက္ခာ-ဉာဏံ၊ ထို သခ်ါရုပေက္ခာ ဉာဏ်သည်။ အနေကဝါရံ ပဝတ္တမာနံ၊ အကြိမ်များစွာ ဖြစ်ပေါ်လျက်။ ပရိပါကံဂမနေန၊ လုံးဝ ရင့်ကျက်ခြင်းသို့ ရောက်သဖြင့်။ အနုလောမညာဏဿ ပစ္စယဘာဝံ ဂစ္ဆန္တံ၊ အနုလောမဉာဏ်အား ကျေးဇူးပြုတတ်သော အကြောင်းအဖြစ်သို့ ရောက်လတ်သော်။ နိဗ္ဗာနံ သန္တံတော ပဿတိ နာမ၊ နိဗ္ဗာန်ကို သခ်ါရငြိမ်းသော အခြင်းအရာဖြင့် မြင်သည် မည်၏။ စ၊ သည်မျှသာ မကသေး။ တထာဘူတံ၊ ထိုသို့သော ဉာဏ်သည်။ သခ်ါရပ္ပ-ဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ နာမ၊ မပြတ်ဖြစ်နေသော သခ်ါရ အယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင် သွားသည်လဲ မည်၏။ တယိဒံ ဉာဏံ၊ ထို သခ်ါရုပေက္ခာ ဉာဏ်ကို။ ဒ္ဝဓ၊ ၌ အရာ၌။ အနုလောမဂေါတြဘုညာဏေဟိ သဒ္ဓိံ ကေတ္တံ နေတွာ၊ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့နှင့် တကွ တဉာဏ်တည်း အဖြစ်သို့ ဆောင်၍။ ကေတ္တနယဝသေန ဝုတ္တံ၊ ကေတ္တနည်း အလိုအားဖြင့် ဆိုအပ်ပေ၏။

မုဒ္ဓိတုကမျတာ, ပဋိသခ်ါ, သခ်ါရုပေက္ခာဉာဏ် ပြီး၏။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ပြေးဝင်သည့် ဝိပဿနာဉာဏ်များ

- အနုလောမဉာဏ်
- ဂေါတြဘူဉာဏ်
- မဂ်ဉာဏ်
- ဖိုလ်ဉာဏ်
- ပစ္စဝေက္ခဏာဉာဏ်

အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ်

ပြဆိုခဲ့သည့် အတိုင်း အနုလောမဉာဏ်ကို ဖြစ်ပေါ်စေနိုင် လောက်အောင် သမ်မိရုပေကွာဉာဏ် အပြည့်အစုံ ရင့်ကျက်သော အခါ၌ အဓိမောက္ခသဒ္ဓါသည် အထူး အားကောင်း၏၊ ဤသဒ္ဓါ ၏ အစွမ်းကြောင့်, မှတ်သိသော စိတ်သည် အလွန်ကြည်လင်၏။ ထို့ပြင်, မယုတ်မလွန် ညီမျှသော အားထုတ်မှု ဝီရိယသည်လည်း မြဲမြံစွာ ဖြစ်၏။ အမှတ်ရမှု သတိသည်လည်း ကောင်းစွာ ထင်၏။ စိတ်သည်လည်း မှတ်အပ်သော အာရုံ၌ ကောင်းစွာ စူးစိုက် တည်ကြည်၏။ သိမှု သမ်မိရုပေကွာဉာဏ်သည်လည်း အထူး ထက်မြက် သန့်ရှင်းစွာ ဖြစ်၏။ ထို့ကြောင့် "မှတ်သိမှုသည် အထူး ပင် သွက်လက် ထင်ရှားလျက် ကောင်းလာသည်၊ တိုးတက်လာ သည်"ဟု ထင်ရှား သိရ၏။

ထိုအခါ၌, ဖြစ် ပျက်ဆဲ ရုပ်နာမ် သမ်မိရ တခုခုကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ ၃-မျိုးတို့တွင် တမျိုးတည်းသော အခြင်း အရာ အားဖြင့်သာလျှင် ရှုမြင်လျက် အနည်းဆုံးအားဖြင့် သဒိသာ-နုပဿနာ ဝိထိ ၂-ကြိမ် ၃-ကြိမ် ဖြစ်ပေါ်၏။ ဖြစ်ပုံကား····ထို နှစ်ကြိမ် သုံးကြိမ်တို့တွင် ပဌမ အကြိမ်၌ အနိစ္စ ဟု ရှုမြင်လျက် ဖြစ်လျှင်၊ ဒုတိယ တတိယ အကြိမ်တို့၌လဲ အနိစ္စ ဟူ၍သာ ရှုမြင်လျက် ဖြစ်၏။ သို့မဟုတ်, ပဌမ အကြိမ်၌ ဒုက္ခ ဟု ရှုမြင်လျက် ဖြစ်လျှင်၊ ဒုတိယ တတိယ အကြိမ်တို့၌လဲ ဒုက္ခ ဟူ၍သာ ရှုမြင်လျက် ဖြစ်၏။ သို့ မဟုတ်, ပဌမ အကြိမ်၌ အနတ္တ ဟု ရှုမြင်လျက် ဖြစ်လျှင်၊ ဒုတိယ တတိယ အကြိမ်တို့၌လဲ အနတ္တ ဟူ၍သာ ရှုမြင်လျက် ဖြစ်၏။ ဤသို့ တမျိုးတည်းသော အခြင်းအရာ အားဖြင့်သာ သိမြင်လျက်၊ ရှုမှတ်မှု ၂-ကြိမ်၊ ၃-ကြိမ် ဖြစ်သည် ဟု ဆိုလို၏။ အနိစ္စ အခြင်းအရာ ဟူရာ၌ ပြခဲ့ပြီးသော အနိစ္စ အခြင်းအရာ (၁၀)ပါးတို့တွင် တပါး ပါးကို ယူအပ်၏၊ ဒုက္ခ, အနတ္တ အခြင်းအရာ ဟူရာတို့၌လဲ ပြခဲ့ ပြီးသော ဒုက္ခ အခြင်းအရာ (၂၅)ပါး၊ အနတ္တ အခြင်းအရာ (၅)ပါးတို့တွင် တပါးပါးကို ယူအပ်၏။

ဝုဋ္ဌာနဂါမိနိဝိပဿနာ

နောက်ဆုံး ဖြစ်သော ဤ သဒိသာနုပဿနာ ဝိထိ ၂-ကြိမ် ၃-ကြိမ်တို့၌ ပါဝင်သော သင်္ခါရုပေက္ခာသည် ခေါင်ထိပ်သို့ ရောက်သောကြောင့် **သိခါပတ္တသင်္ခါရုပေက္ခာလဲ** မည်၏။ မဂ်နှင့်ဆက်စပ်လျက် မဂ်သို့ ရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီဝိပဿနာလဲ** မည်၏။ မဂ်သည် ဝိပဿနာ၏ အာရုံဖြစ်သော သင်္ခါရနိမိတ်ကို အာရုံမပြု၊ ထို့ကြောင့်, နိမိတ္တမှလဲ ထမြောက်၏။ ဖြစ်ထိုက်သော ဆိုင်ရာ ဆိုင်ရာ ကိလေသာ ကံဝိပါက် ဟူသော ပဝတ္တကိုလဲ တဖန် မဖြစ်စေဘဲ ငြိမ်းစေတတ်၏။ ထို့ကြောင့်, ပဝတ္တမှလဲ ထမြောက်၏။ ဤ နိမိတ္တ ပဝတ္တနှစ်မျိုးလုံးမှ ထမြောက်သောကြောင့် မဂ်သည် ဝုဋ္ဌာန မည်၏။ ခေါင်ထိပ် သင်္ခါရုပေက္ခာ, အနုလောမ, ဂေါတြဘူ, ဟူသော ဤဉာဏ် ၃-ပါးသည် ဝုဋ္ဌာန မည်သော **မဂ်**နှင့်တဆက်တည်း တစပ်တည်းဖြစ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ** = မဂ်သို့ ဆိုက်ရောက်သော ဝိပဿနာမည်၏၊ ထို့ကြောင့်, အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ဤသို့ မိန့်ဆို၏။

> ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။
>
> ယဒိ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။ ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ။ ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမ။

အနက်ကား သိလွယ်၏၊ လိုရင်းကို နုတ်၍ ပြအံ့။ အနုလောမဉာဏ်နှင့်, ခေါင်ထိပ် သင်္ခါရုပေက္ခာကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ခေါ်သည်ဟု ပဌမ စကားဖြင့် ပြ၏။ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာက အနတ္တဟု ရှုငြားအံ့–ဟူသော စကားဖြင့် သဒိသာနုပဿနာ ဖြစ်သည်ကို ပြ၏။ သင်္ခါရုပေက္ခာကလဲ အနတ္တဟု ရှုသည်၊ အနုလောမဉာဏ်ကလဲ အနတ္တဟု ရှုသည် ဟူ၍ ဆိုလိုပေသည်။ အနိစ္စ

ဟု ရှုငြားအံ့, ဒုက္ခဟု ရှုငြားအံ့, ဟူသော စကားတို့ဖြင့်လဲ နည်းတူပင် ပြ၏။ လေးလေး နက်နက် ခဲ့ဉီးစားကြည့်ပါငလေ။

> သိခါပတ္တာဝိပဿနာတိ ဝါ ဝုဋ္ဌာနဂါမိနီတိ ဝါ သခ်ါရုပေက္ခာဒိဉာဏတ္တယသေဝ ဧတံ နာမံ။ သာ ဟိ သိခံ ဥတ္တမဘာဝံ ပတ္တာတ္တာ သိခါပတ္တာ၊ ဝုဋ္ဌာနံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနံ ဝုစ္စတိ ဗဟိဒ္ဓါနိမိတ္တာဘူတတော အဘိနိဝိဒ္ဓဝတ္ထုတော စေဝ, အစ္ဆတ္တာပဝတ္တာတော စ ဝုဋ္ဌာနတော မဂ္ဂေါ, တံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ၊ မဂ္ဂေန သဒ္ဓိံ ဃဋိယတီတိ အတ္ထော။ (ဝိသုဒ္ဓိမဂ် ၂-၂၉၉)

သိခါပတ္တာဝိပဿနာတိ ဝါ၊ သိခါပတ္တာဝိပဿနာ ဟူ၍ဂုဏ်း။ ဝုဋ္ဌာနဂါမိနီတိ ဝါ၊ ဝုဋ္ဌာနဂါမိနီ ဟူ၍ဂုဏ်း။ ဧတံ နာမံ၊ ဤအမည် ၂-ခုသည်။ သခ်ါရုပေက္ခာဒိဉာဏတ္တယသေဝ၊ သခ်ါရုပေက္ခာ, အနုလောမ, ဂေါတြဘူ, ဟူသော ဉာဏ် ၃-ပါး၏ သာလျှင် အမည်ပေတည်း။ ။ (သခ်ါရုပေက္ခာ အနုလောမ ဂေါတြဘုသည်တဿ ဉာဏတ္တယဿ-ဋီကာဖွင့်)။ ။ ဟိ၊ မှန်ပေ၏။ သာ၊ ထိုသုံးပါးသော ဝိပဿနာသည်။ ဥတ္တမဘာဝံ၊ မြင့်မြတ်သည်၏ အဖြစ်ဟူသော။ သိခံ၊ အထွဋ္ဌ အထိပ်သို့။ ပတ္တတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ သိခါပတ္တာ၊ သိခါပတ္တမည်၏။ ဝုဋ္ဌာနံ ဂစ္ဆတီတိ၊ ဝုဋ္ဌာနသို့ သွားတတ် = ဆိုက်ရောက်တတ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီ၊ မည်၏။ ဗဟိဒ္ဓါနိမိတ္တာဘူတတော၊ ရှုအပ်သည်ဖြစ်၍ ဗဟိဒ္ဓအရာ၌ တည်သော၊ ဝိပဿနာ၏ အာရုံနိမိတ်လဲ ဖြစ်၍ ဖြစ်သော။ အဘိနိဝိဒ္ဓဝတ္ထုတော စေဝ၊ နှလုံးသွင်းအပ် ရှုမှတ်အပ်သော ကိုယ်တွင်း, ကိုယ်ပ သခ်ါရဝတ္ထုမှ၄ဉီး[1]။ အစ္ဆတ္တာပဝတ္တာတော စ၊ မိမိသန္တာန်၌ ဖြစ်ထိုက်သော ကိလေသာ အယဉ်, ဝိပါက်ခန္ဓာ အယဉ်,မှ၄ဉီး။ ဝုဋ္ဌာနတော၊ အာရုံမပြုခြင်း, တဖန်မဖြစ်စေခြင်း

၁။ ဤ၌ ဗဟိဒ္ဓကား သူတပါးသန္တာန်, အနိဿိယဗဟိဒ္ဓ,တို့ကိုသာ ဆိုလိုသည် မဟုတ်ပေ၊ ဝိပဿနာဉာဏ်ဖြင့်၊ ပရ=သူစိမ်း ပြင်ပ တရားဟူ၍သာ ရှုမြင်အပ်သောကြောင့် မိမိ၏ကိုယ်တွင်းက တရားမျှားလဲ ဝိပဿနာ၏အာရုံဖြစ်လျှင် ဗဟိဒ္ဓချည်းသာတည်း။ ဋီကာဖွင့်ကို ကြည့်ပါလေဦး။

တို့ အလိုအားဖြင့် ထမြောက်တတ်သောကြောင့်[1]။ မင်္ဂဝါ၊ မင်္ဂကို။ ဝုဋ္ဌာနံ၊ ဝုဋ္ဌာနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ ဂစ္ဆတိတိ၊ ထို ဝုဋ္ဌာန မည်သော မင်္ဂသို့ သွားတတ် = ဆိုက်ရောက်တတ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီ၊ မည်၏။ မင်္ဂေန သဒ္ဓိံ ဃဋ္ဋိယတိ၊ မင်္ဂနှင့်တကွ ဆက်စပ်၏။ ဇုတိ အဘ္ဘော၊ ဤကား ဝုဋ္ဌာနံ ဂစ္ဆတိ-၏ အနက်တည်း၂။

ဝုဋ္ဌာနဂါမိနိဝိပဿနာဌ္ဌ အပါအဝင်ဖြစ်သော ဤ သိခါပတ္တ-သခ်ါရုပေက္ခာ = သဒိသာနုပဿနာကို ဝိထိစိတ် အစဉ်အားဖြင့် ဤသို့ ပိုင်းခြားမှတ်သားရာ၏။ စလနဘဝင် ၂-ကြိမ်၊ မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ မဟာကုသိုလ ဉာဏသမ္ပယုတ်ဇော(၇)ကြိမ်၊ ထိုနောင် ဘဝင်စိတ်များ။ ဤအစဉ်ဖြင့် ၂-ကြိမ်၊ ၃-ကြိမ် ဆက်၍ ဖြစ်သည်ဟု မှတ်သားအပ်၏။ ဤအရာ၌ "တိလက္ခဏာရမ္မဏိက (ဗလ၀)ဝိပဿနာယ တဒါရမ္မဏံ နု လဗ္ဘတိ၊ ဝုဋ္ဌာနဂါမိနိယာ ဗလ၀ဝိပဿနာယ တဒါရမ္မဏံ နု လဗ္ဘတိ" ဟူသော ဝိဘင်း အဋ္ဌကထာနှင့်အညီ ဗလ၀ဝိပဿနာ ဇောနောင် တဒါရုံ မဖြစ်ဟု မှတ်အပ်၏။

ဤသဒိသာနုပဿနာဝိထိ ၂-ကြိမ်၊ ၃-ကြိမ်တို့တွင် နောက်ဆုံးအကြိမ်၌ သတ္တမဇောနောင် ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်ပြီးလျှင် ထိုအခိုက်၌ ဖြစ်ပျက်ဆဲ နာမ်တရား တခုခုကိုဖြစ်စေ, ရုပ်တရားတခုခုကိုဖြစ်စေ, ရှေး အခြားမဲ့ ၂-ဝိထိ၊ ၃-ဝိထိအတွင်းက အာရုံပြုခဲ့သည့် နည်းတူပင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့တွင် တပါးပါး၏ အလိုအားဖြင့် ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေါ်၏။ ထိုစိတ်၏ အခြားမဲ့၌ ယင်းနာမ်ရုပ် တခုခု

၁။ ဝုဋ္ဌဟနဋ္ဌေ နေသံ အာရမ္မဏာကရဏံ အာယတိံ အနုပ္ပတ္တိဓမ္မတာပါဒနဋ္ဌေ= ထမြောက် ဟူသည်မှာ သခ်ါရတို့ကို အာရုံမပြုခြင်း, ကိလေသာ ဝိပါက်ခန္ဓာတို့ကို နောင်ကာလ၌ မဖြစ်ခြင်းသဘောရှိသည့် အဖြစ်သို့ ရောက်စေခြင်း, ပင်တည်း- ဋီကာဖွင့်။ အနာပျောက်ကင်းသောသူကို အနာမှ ထမြောက်သည်ဟု ခေါ်ဆိုသကဲ့သို့ သခ်ါရအာရုံ, ကိလေသာ, ဝိပါက်,တို့မှ ကင်းငြိမ်းသွားသည်ကိုပင် ၎င်းတို့မှ ထမြောက်သည်ဟု ဆိုပေသည်၊ ပါဠိဝေါဟာရ အထူးပေတည်း။

၂။ ဤဝိသုဒ္ဓိမဂ်၌ ဂေါတြဘူကိုလဲ ဝုဋ္ဌာနဂါမိနီဟု ဆို၏။ သဒိသာနုပဿနာ အရာ၌ကား ၎င်းကို ဝုဋ္ဌာနဂါမိနီ၌ သွင်း၍ မယူအပ်။

ကိုပင်လျှင် "ရှေး အခြားမဲ့ ၂-ဝိထိ, ၃-ဝိထိ အတွင်းက ရှုမြင်ပုံနှင့် တူစွာပင်"ရှုမြင်လျက် ဝိပဿနာဇောစိတ် ၃-ကြိမ် ဖြစ်ပေါ်၏။ ထို ၃-ကြိမ်သော ဇောတို့တွင် ပဌမဇောသည် **ပရိကံ မည်၏၊** ဒုတိယ ဇောသည် **ဥပစာမည်၏၊** တတိယဇောသည် **အနုလုံမည်၏။** ပရိကံ= ပရိကမ္မ = အဆင်သင့်ဖြစ်စေရန် ကြိုတင်၍ ပြုလင့်သော ဇော၊ ဥပစာ = ဥပစာရ = မဂ်အပွနာ၏အနီး(ရောက်လုနီး)၌ ကပ်၍ ဖြစ်သော ဇော၊ အနုလုံ=အနုလောမ = ဥဒယဗ္ဗယဉာဏ်စသော ရှေးအဖို့ ဉာဏ်များနှင့်ငင်း, မဂ်စိတ္တုပ္ပါဒ်၌ ပါဝင်သော နောက် အဖို့ ဗောဓိပက္ခိယတရားများနှင့်ငင်း, လျော်စွာဖြစ်သော ဇောဟု ဆိုလို၏။ ဤသည်တို့ကား ထိုဇော ၃-ခုတို့၏ သီးခြားအမည်တို့ ပေတည်း။ သီးခြား မခွဲဘဲ ခေါ်လိုလျှင်ကား ထိုဇော ၃-ခုလုံးကို **အာသေဝနဇော** ဟူ၍လဲ ခေါ်အပ်၏၊ ပရိကံဇောဟူ၍လဲ ခေါ်အပ်၏။ **ဥပစာဇော**ဟူ၍လဲ ခေါ်အပ်၏။ **အနုလုံဇော** ဟူ၍လဲ ခေါ်အပ်၏။ ဤအနုလုံ ဇော ၃-ခု၌ ပါဝင်သော အသိအမြင်သည် **အနုလောမဉာဏ်မည်၏။** အာဝဇ္ဇန်းနှင့်တကွ ဤအနုလုံဇော ၃-ခု သည် ယောဂိပုဂ္ဂိုလ်အား မှတ်သိမှု တကြိမ်တည်းကဲ့သို့သာ ဖြစ်လျက် ထင်ရှားပေသည်၊ အသီးအသီး ၃-ကြိမ် ကွဲပြားလျက်ကား မထင်ရှားပေ။ ဥပမာ....ရှေးအဖို့က 'မြင်တယ်, ကြားတယ်'စသည်ဖြင့် မှတ်သိရာ၌ တကြိမ် တကြိမ်တွင် အာဝဇ္ဇန်းနှင့် ဇော(၇)ကြိမ်တို့သည် အသီး အသီး မကွဲပြားမူ၍ မှတ်သိမှု တချက်တည်းသာ ဖြစ်လျက် ထင်ရှားကုန်သကဲ့သို့ပင်တည်း။

ဝိပဿနာဇော (၇)ကြိမ်, သဒိသာနုပဿနာဝိထိ ၂-ကြိမ်, ၃-ကြိမ်ဟု ဆိုရာ၌ မိုရာသာဓကတို့မှာ အောက်ပါ အဋ္ဌကထာ ဋီကာတို့ပေတည်း။

> တသ္မာ ဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတီတိ သဒ္ဓါရုပေကွာ သဒ္ဓါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတိ၊ ဘဝင်္ဂါနန္တရံ သဒ္ဓါရုပေကွာ-ယ ကတနယေနေဝ သဒ္ဓါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ အာရမ္မဏံ ကုရုမာနံ ဥပ္ပဇ္ဇတိ မနောဒ္ဓါ-

ရာဝဇ္ဇနံ၊ တတော ဘဝင်္ဂံ အာဝဇ္ဇေတ္ဝာ ဥပ္ပန္နဿ တဿ ကြိယစိတ္တဿာနန္တရံ အဝိစိကံ သန္တတိ မနုပ္ပဗန္ဓမာနံ တထေဝ သဒ္ဒါရေ အာရမ္မဏံ ကတ္ဝာ ဥပ္ပဇ္ဇတိ ပဌမဇဝန-စိတ္တံ၊ ယံ ပရိကမ္မန္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၀၈)

တဿ၊ ထိုယောဂီအား။ ဇာဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတီတိ၊ ယခု ပင် မဂ်ဖြစ်တော့မည် ရှိသောအခါ၌။ သဒ္ဒါရုပေက္ခာ၊ သည်။ သဒ္ဒါရေ၊ သဒ္ဒါရတို့ကို။ အနိစ္စာတိ ဝါ၊ မမြဲကုန်ဟူ၍ဖြစ်စေ။ ဒုက္ခာတိ ဝါ၊ ဆင်းရဲတို့ဟူ၍ဖြစ်စေ။ အနတ္တာတိ ဝါ၊ အတ္တ မဟုတ်ကုန်ဟူ၍ဖြစ်စေ။ သမ္မသိတ္ဝာ၊ သုံးသပ်၍။ ဘဝင်္ဂံ ဩတရတိ၊ ဘဝင်သို့ သက်၏။ ဘဝင်္ဂါနန္တရံ၊ ဘဝင်၏ အခြားမဲ့၌။ သဒ္ဒါရုပေက္ခာယ ကတနယေနေဝ သဒ္ဒါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ အာရမ္မဏံ ကုရုမာနံ၊ သဒ္ဒါရုပေက္ခာက ပြုအပ်ပြီးသော နည်းဖြင့်သာလျှင် သဒ္ဒါရတို့ကို မမြဲကုန်ဟု ဖြစ်စေ,ဆင်းရဲတို့ဟု ဖြစ်စေ, အတ္တ မဟုတ်ကုန်ဟု ဖြစ်စေ, အာရုံပြုလျက်။ မနောဒ္ဒါရာဝဇ္ဇနံ ဥပ္ပဇ္ဇတိ၊ မနောဒ္ဒါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်၏။ တတော၊ ထို အာဝဇ္ဇန်းမှ နောက်၌။ ဘဝင်္ဂံ အာဝဇ္ဇေတ္ဝာ ဥပ္ပန္နဿ၊ ဘဝင်ကို နစ်စေလျက် ဖြစ်ပေါ်သော။ တဿ ကြိယစိတ္တဿ၊ ထို အာဝဇ္ဇန်းကြိယာစိတ်၏။ အနန္တရံ၊ အခြားမဲ့၌။ သန္တတိံ၊ စိတ်အစဉ်ကို။ အဝိစိကံ အနုပ္ပဗန္ဓမာနံ၊ အခြားအပြတ်မရှိအောင် ဆက်စပ်လျက်။ **တထေဝ၊ ရှေး ၂-ဝိထိ၊ ၃-ဝိထိ အတွင်းက သဒ္ဒါရုပေက္ခာ၏ ထို့ရှုမြင်ပုံအတူသာလျှင်။** သဒ္ဒါရေ အာရမ္မဏံ ကတ္ဝာ၊ သဒ္ဒါရတို့ကို အာရုံပြု ရှုမြင်လျက်။ ပဌမဇဝနစိတ္တံ ဥပ္ပဇ္ဇတိ၊ ပဌမဇောစိတ် ဖြစ်ပေါ်၏။ ယံ၊ ယင်း ပဌမဇောစိတ်ကို။ ပရိကမ္မန္တိ၊ ပရိကံဟူ၍။ ဝုစ္စတိ၊ ခေါ်အပ်၏။

အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတ္ဝာ ဘဝင်္ဂံ ဩတရတိတိ အနိစ္စာဒိသု ကေနာကာရေန သမ္မသန္တီ သတ္တက္ခတ္တုံ ပဝတ္တိတ္ဝာ ဘိဇ္ဇန္တီ ဘဝင်္ဂံ ဩတိဏ္ဏာ နာမ ဟောတိ၊ တတော ပရံ ဘဝင်္ဂသဝါရောတိ ကတ္ဝာ။

တထေဝါ တိ ယထာ အတိတာသု **ဒုတ္တိ ဇဝနဝိထိသု** သဒ်္ဓါရုပေက္ခာ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သဒ်္ဓါရေ အာရမ္မဏမကာသိ၊ တထေဝ။

(မဟာဋီကာ ၂-၄၇၉)

အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတ္ဝာ ဘဝင်္ဂံ သြတရတီတိ၊ ဟူသည်ကား။ အနိစ္စာဒီသု၊ အနိစ္စအခြင်း အရာစသည်တို့တွင်။ ကောန အာကာရေန၊ တမျိုးတည်းသော အခြင်းအရာအားဖြင့်။ သမ္မသန်၊ သုံးသပ်လျက်။ ။(ဤအဖုံးဖြင့် အနိစ္စာတိ ဝါ စသည်၌ ဝါ-သဒ္ဒါကို သမုစ္စယတ္ထဇောတကမဟုတ်၊ ဝိကပ္ပနတ္ထဇောတကဟု သိစေ၏)။ ။**သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။** ပဝတ္တိတ္ဝာ၊ ဖြစ်ပေါ်ပြီး၍။ ဘိဇ္ဇန်၊ ပျက်လတ်သော်။ ဝါ၊ ပျက်သော သဒ်္ဓါရုပေက္ခာသည်။ ဘဝင်္ဂံ သြတိဏ္ဏာ နာမ ဟောတိ၊ ဘဝင်သို့ သက်သည် မည်၏။ (သဒ်္ဓါရုပေက္ခာ ပျက်ပြီးသည်မှ နောက်၌ ဘဝင် ဖြစ်သည်ကိုပင် သဒ်္ဓါရုပေက္ခာက ဘဝင် ဖြစ်သွားသကဲ့သို့ ကေတ္တနည်းအရဖြင့် အဘေဒပြု၍ ဆိုသည်၊ မုချစကား မဟုတ်ဟူလို။ အဘယ့်ကြောင့် ဇောနောင် တဒါရုံကို မဆိုဘဲ၊ ဘဝင်ကိုသာ ဆိုပါသနည်းဟူသော ဤ အမေးကို တတော်ပရံ စသည်ဖြင့် ဖြေ၏)။ ။ တတော၊ ဝုဋ္ဌာနဂါမိနိဗလဝ ဝိပဿနာ ဖြစ်သော ထိုသဒ်္ဓါရုပေက္ခာ ဇောမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂသ ဝါရော၊ ဘဝင်၏ အလှည့်ပေတည်း။ ဇုတိ ကတ္ဝာ၊ ဤသို့ နှလုံးသွင်းမှုကို ပြု၍ ဆိုတော်မူပေသည်။ ။ **တထေဝါတိ၊** တထေဝ-ဟူသည်ကား။ အတိတာသု၊ လွန်ကုန်ပြီးသော။ **ဒုတ္တိ-ဇဝနဝိထီသု၊ ၂-ခု ၃-ခုသော ဇောဝိထိ = ဇောအစဉ်တို့၌။** (ပရိယာ-ပန္နာ၊ အတွင်းဝင်သော။) သဒ်္ဓါရုပေက္ခာ၊ သဒ်္ဓါရုပေက္ခာသည်။ သဒ်္ဓါရေ၊ သဒ်္ဓါရတို့ကို။ အနိစ္စာတိ ဝါ၊ မမြဲကုန်ဟူ၍ ဖြစ်စေ။ ဒုက္ခာတိ ဝါ၊ ဆင်းရဲတို့ဟူ၍ ဖြစ်စေ။ အနတ္တာတိ ဝါ၊ အတ္တ မဟုတ်ကုန်ဟူ၍ ဖြစ်စေ။ အာရမ္မဏံ အကာသိ ယထာ၊ အာရုံပြု မှတ်ရှုဘိသကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။

ဒုတ္တိံသကို ပြင်ဆင်ချက်။ ။ယခုကာလ မြန်မာမူဋ္ဌကာဝါဒီ စာအုပ် တို့၌ **ဒုတ္တိ**၏ အရာတွင် **ဒုတ္တိ**ံသ-ဟု နိဂ္ဂဟိတ်, သ-အက္ခရာ, အပိတို့နှင့် တကွ ချတ်ယွင်း ပျက်စီးလျက် ရှိ၏။ ထိုပါဠိပျက်ကိုပင် အမှန်ဟု ယူဆပြီးလျှင်၊ "သမာပတ်

ရှစ်ပါးကို ပဋိပဒါ, အဘိညာတို့ဖြင့် မြောက်ပွါးခြင်း စသည်ဖြင့် ရအပ်သော သမ္မိရုပေက္ခာ ၃၂-မျိုးသည်ပင် ထိုဒွတ္တိံသ၏ အရ ဖြစ်သည်"ဟူ၍လဲ ကြံဆလျက် ဆိုဆုံးဖြတ်ကုန်၏။ သို့သော်လဲ **ဇဝနဝီထီသု**–ဟူသော ဝိသေသျသန္နိယျ ပုဒ်နှင့်သာ ဆိုင်သော **ထိုသန်း့ာ ဝိသေသနပုဒ်သည်** ဇောဝိထိတို့၏ အရေအတွက် သန်း့ာ ကိုသာ ပြနိုင်ပေသည်၊ သမ္မိရုပေက္ခာတို့၏ အမျိုးအစား အရေ အတွက်ကိုကား မပြနိုင်ပေ။ ထို့ကြောင့်, ထိုသို့ ကြံဆအပ်သော သမ္မိရုပေက္ခာ ၃၂-မျိုးသည် **ဇဝနဝီထီသု**–ဟူသော ဋီကာ၏အရ အဓိပ္ပေတတ္ထ = လိုအပ်သော သန္နိယျ အနက် မဟုတ်သည် သာတည်း။ ထို့ပြင်, သဒ်သာနုပဿနာ ဝိထိ ၃၂-ခု ဟူ၍လဲ ဆိုကြ၏။ ထိုစကားသည်လည်း အလုံးစုံသော အဋ္ဌကထာ ဋီကာတို့၌ သဒ်သာနုပဿနာဝိထိ ၃၂-ကြိမ်တိတိ ဖြစ်ကြောင်းကို ပြသော ထောက်ထားဘွယ် သာဓက လုံးဝမရှိသည့်ပြင် စတုတ္ထဈာန် အဖွင့်၌ ပြထားသော အောက်ပါ မဟာဋီကာနှင့်ပင် မညီသော ကြောင့် မသင့်သေးသည်သာတည်း။

> တာဒိသာယ အာသေဝနာယ ဇာတိယာတ္တာ, "ယထာ မဂ္ဂဝိထိတော ပုဗ္ဗေ ဒ္ဝေ တယော ဇဝနဝါရာ သဒ်သာ-နုပဿနာဝ ပဝတ္တန္တိ" ဧဝမိဓာပိ အပုနာဝါရတော ပုဗ္ဗေ ဒ္ဝေ တယော ဇဝနဝါရာ ဥပေက္ခာသဟဂတာဝ ပဝတ္တန္တိတိ ဝဒန္တိ။ (မဟာဋီ ၁-၁၉၁၊ သာရတ္ထဋီ ၁-၃၇၁)

တာဒိသာယ၊ ထိုသို့ သဘောရှိသော။ အာသေဝနာယ၊ အဖန်ဖန် မှီဝဲစေခြင်း ထုံစေခြင်း၏။ ဝါ၊ ထုံစေခြင်းကို။ ဇာတိ-တ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ မဂ္ဂဝိထိတော၊ မဂ်ဝိထိမှ။ ပုဗ္ဗေ၊ ရှေး၌။ သဒ်သာနုပဿနာ ဇဝ၊ တူသော အခြင်းအရာအားဖြင့် ရှုသောကြောင့် သဒ်သာနုပဿနာချည်းသာ ဖြစ်ကုန်သော။ ဒ္ဝေ တယော ဇဝနဝါရာ၊ နှစ်ခု သုံးခု ကုန်သော ဇောအလှည့် ဝိထိဝါရတို့သည်။ ပဝတ္တန္တိ ယထာ၊ တစပ်တည်း ဖြစ်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇာဓာပိ၊ ဤမဟဂ္ဂုတ် ဥပေက္ခာဈာန် အရာ၌လဲ။ အပုနာဝါရတော၊ ဥပေက္ခာသဟဂုတ် အပုနာဈာန်

အလှည့် ဝိထိဝါရမ္ဘ။ ပုဗ္ဗေ၊ ရွေးဦး။ ဥပေက္ခာသဟဂတာ ဇဝ၊ ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်ကုန်သော။ ဒွေ တယော ဇဝန-ဝါရာ၊ နှစ်ခု သုံးခုကုန်သော ဥပစာရစျာန် ဇော အလှည့် ဝိထိဝါရတို့သည်။ ပဝတ္တန္တိ၊ တစပ်တည်း ဖြစ်ကုန်၏။ ဇူတိ၊ ဤသို့။ ဝဒန္တိ၊ ဆရာတို့ ဆိုကြကုန်၏။

ရှင်းလင်း ဆုံးဖြတ်ချက်။ ။အထက်ပါ ဋီကာတွင် ဇဝမိဇဝိ-ပေ-ပဝတ္တန္တိ ဟူသော ဥပမေယျ သာဓကစကားသည်သာလျှင် အာစရိယ ဝါဒပေတည်း။ ၎င်းဝါဒကို တာဒိသာယ အာသေဝနာယ ဇုန္ဆိတမ္ဘတ္တာ ဟူသော စကားဖြင့် အကြောင်းပြု၍၊ "ယထာ မဂ္ဂဝိထိတော ပုဗ္ဗေ ဒွေ တယော ဇဝန-ဝါရာ သဒိသာနုပဿနာဝ ပဝတ္တန္တိ" ဟူသော ဥပမာန သာဓကစကားဖြင့် နှိုင်းဆ၍ ယုံကြည်စေ၏၊ ခိုင်မြဲစေ၏။ သို့ဖြစ်၍, ဤ ဥပမာန သာဓကစကားသည်ကား အာစရိယဝါဒ မဟုတ်၊ ဋီကာဆရာနှင့်တကွ အလုံးစုံသော ဆရာတို့ သဘောတူ ဝန်ခံအပ်သော သမာန ဝါဒသာတည်း။ ဤသမာနဝါဒ ပကွဲ၌ ဒွေ တယော = နှစ်ဝါရ သုံးဝါရ ဟူ၍သာ ရှိပေသည်။ ဒွတ္တိံသ = ၃၂-ဝါရ ဟူ၍ကား မရှိပေ။ ထို့ပြင်, ဒွေ တယော ဟူသောပါဠိကို စာ ရေးကူးရာ၌ မှားယွင်းခဲ့သည် ဟူ၍လဲ ဆိုဘွယ် မရှိပေ။ အဘယ့်ကြောင့်နည်း ဟူမူ····ဒွတ္တိံသ ပုဒ်နှင့် ဒွေ တယော ပါဠိတို့မှာ ဆင်တူ ရိုးမှား မဟုတ်သည့်ပြင်, ၂-ဝိထိ၊ ၃-ဝိထိ ဆိုလျှင် အာသေဝန ဖြစ်ရန် လုံလောက်နေခြင်းကြောင့် ပင်တည်း။ သို့ဖြစ်၍, ဤ သမာနဝါဒ ဥပမာနပကွနှင့် နှီးနှော တိုက်ဆိုင် ကြည့်လျှင် ဤအရာ၌ ဒွတ္တိံသ ဟူသော ပါဠိမှာ အဆက်ဆက် ရေးကူးရာ၌ နိဂ္ဂဟိတ်နှင့် သ-အက္ခရာပိုလွန်လျက် ရေးမှားထားသော ပမာဒလေခသာ ဖြစ်ထိုက်ကြောင်းလဲ ထင်ရှား၏၊ ဒွတ္တိ-ဟူသော ပါဠိသာလျှင် ဋီကာဆရာ ရေးခဲ့ရင်း မူလပါဠိမှန် ဖြစ်ကြောင်းလဲ ထင်ရှားလှပေ၏။ သိဟိုဠ်မူ ဋီကာပါဠိ၌လဲ ဒွတ္တိ-ဟူ၍ပင် ရှိ၏။ ထို့ကြောင့်, ဒွတ္တိ ဇဝနဝိထိသု၊ ၂-ခု ၃-ခုသော ဇောဝိထိ ဇောအစဉ်တို့၌ ဟူ၍ ပြခဲ့သော ပါဠိ အနက်ကိုသာ၊ ပါဠိမှန် အနက်မှန်ဟု ယုံမှားမရှိ မှတ်ပါလေကုန်။

ဂေါတြဘူဥာဏ်

အနုလောမဉာဏ်၏ အခြားမဲ့၌ မှတ်သိအပ်ဆဲ သဒ္ဓါရ အာရုံကို စွန့်လွှတ်၍ သဒ္ဓါရချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူ ဇောစိတ် ဖြစ်ပေါ်၏၊ ဤဇောစိတ်နှင့် ယှဉ်သော သိမှုသည် ဂေါတြဘူဉာဏ်မည်၏။ ဤအရာ၌ အာရုံပြုသည်ဟု ဆိုသော်လဲ ရှေးအဖို့က စိတ်များလို အာရုံ၏ အပြင်မှနေ၍ သိခြင်းမျိုး မဟုတ်ပေ။ သဒ္ဓါရအာရုံမှ လွှတ်ကျ၍ သဒ္ဓါရ ကင်းဆိတ် ချုပ်ငြိမ်းသော သဘောထဲသို့ ပြေးဝင် သွားသလိုပင် သိခြင်းပေတည်း။ ထို့ကြောင့်, ပဋိသန္ဓိဒါမဂ်၌.....ဥပ္ပါဒ် အဘိဘုယျိတ္တာ အနုပ္ပါဒ် ပက္ခန္ဒတိတိ ဂေါတြဘု၊ ဗဟိဒ္ဓါသဒ္ဓါရနိမိတ္တံ အဘိဘုယျိတ္တာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု-စသည်ဖြင့် ဟောတော်မူ၏။

ဥပ္ပါဒ် အဘိဘုယျိတ္တာ၊ ဖြစ်ခြင်းရှိသော သဒ္ဓါရအာရုံကို လွှမ်းမိုးလွန်မြောက်၍။ အနုပ္ပါဒ် ပက္ခန္ဒတိတိ၊ ဖြစ်ခြင်းကင်းသော သဘောထဲသို့ ပြေးဝင် သွားတတ်သောကြောင့်။ ဂေါတြဘု၊ ဂေါတြဘူ မည်၏။ ဗဟိဒ္ဓါသဒ္ဓါရနိမိတ္တံ အဘိဘုယျိတ္တာ၊ သူစိမ်း ပြင်ပ တရားအနေဖြင့် ရှုမြင်အပ်သောကြောင့် ဗဟိဒ္ဓ အရာ၌ တည်သော သဒ္ဓါရအာရုံကို လွှမ်းမိုး လွန်မြောက်၍။ နိရောဓံ၊ သဒ္ဓါရ ချုပ်ခြင်း သဘောဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန် အာရုံထဲသို့။ ပက္ခန္ဒတိတိ၊ ပြေးဝင် သွားတတ်သောကြောင့်။ ဂေါတြဘု၊ ဂေါတြဘူ မည်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်

ဂေါတြဘူစိတ်၏ အခြားမဲ့၌လဲ နိဗ္ဗာန်ကိုပင် မျက်မှောက်သိမြင် အာရုံ ပြုလျက် မဂ်ဇောစိတ် တကြိမ် ဖြစ်ပေါ်၏။ ဤ မဂ်စိတ်နှင့် ယှဉ်သော သိမှုသည် **မဂ်ဉာဏ်ပေတည်း၊ ဉာဏဒဿန ဝိသုဒ္ဓိလဲမည်၏။** မဂ်၏ အခြားမဲ့၌လဲ နိဗ္ဗာန်ကိုပင် အာရုံ ပြုလျက် ဖိုလ်စိတ် ၂-ကြိမ် ဖြစ်ပေါ်၏။ တိကွဝညာ ပုဂ္ဂိုလ် ဖြစ်လျှင်ကား ရှေးအဖို့က အနုလုံဇော ၂-ကြိမ်သာဖြစ်ခဲ့၍ မဂ်၏အခြားမဲ့၌ ဤ ဖိုလ်စိတ်သည် ၃-ကြိမ် ဖြစ်ပေါ်၏။ ဖလသမာပတ် ဝင်စားသောအခါ၌ကား ဤ

ဖိုလ်ဇောစိတ်သည် အဝိုင်းအခြား မရှိ အကြိမ် များစွာလဲ ဖြစ်နိုင်၏။ ဤဖိုလ်စိတ်များနှင့် ယှဉ်သော သိမှုသည် **ဖိုလ်ဉာဏ် မည်**၏။ ဤမဂ်ဖိုလ်တို့၏ အာရုံပြုပုံသည်လည်း အပြင်မှ နေ၍ အာရုံ ပြုသကဲ့သို့ မဟုတ်ပေ၊ သခါရ ကင်းဆိတ် ချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက် နေရသလိုပင် သိခြင်း ပေတည်း။ ထို့ကြောင့်,မဂ်ဖိုလ် တရားတို့ကို "**အပ္ပနာ** = နိဗ္ဗာန်သို့ ရောက်သော တရား, နိဗ္ဗာန် အာရုံထဲ၌ ဝင်ရောက် နေသလိုပင် ဖြစ်သော တရား"ဟု ခေါ်ဆိုပေသည်။ ဖိုလ်စိတ် ၂-ကြိမ်, ၃-ကြိမ်မှ နောက်၌ ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်လေ၏။ ထို့နောင်, ဆင်ခြင် စဉ်းစားမှု = ပစ္စဝေက္ခဏာစိတ်များ ဖြစ်ပေါ်ကုန်၏။

မဂ်ဝိထိ၌ နိဗ္ဗာန်ကိုချည်း အာရုံပြုလျက် ဖြစ်ပေါ်ကြသော ဤဝေါတြဘူ မဂ်ဖိုလ်တို့၏ ဖြစ်ရာ ကာလသည် တခဏ ကလေးမျှသာ တည်း။ ထို့ကြောင့်,ထိုစိတ် ၃-မျိုးသည် ယောဂိပုဂ္ဂိုလ်အား အဝိုင်း အဝိုင်း အကန့် အကန့် ပြတ်ခြားလျက်ကား မထင်ရှားတတ်ပေ၊ ဖြစ်ပေါ်ပုံအားဖြင့် သာလျှင် ထင်ရှားတတ်ပေသည်။ ထင်ရှားပုံကား···· မှတ်သိအပ်ဆဲ သခါရအာရုံနှင့်, မှတ်သိမှု သခါရတို့မှ လွတ်၍၊ သခါရချုပ်ငြိမ်းသော သဘောသို့ ရှေးဦးစွာ ကျရောက်သွားပုံလဲ ထင်ရှားပေ၏။ ထို သခါရချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက်နေရသကဲ့သို့၊ တခဏမျှ တည်နေပုံလဲ ထင်ရှားပေ၏။ ထို သခါရ ချုပ်ငြိမ်းသော သဘော၌ ရောက်နေရာမှ ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဖြစ်လာပုံလဲ "အိပ်ပျော်ရာမှ နိုးလာသကဲ့သို့ငင်း၊ ရေထဲမှ ဘွားကနဲ ပေါ်လာသကဲ့သို့ငင်း" ထင်ရှားပေ၏။ ထို့ကြောင့်, သုတရှိသူဖြစ်လျှင် "သခါရချုပ်ငြိမ်းရာသို့ ရှေးဦးစွာ ကျရောက်သွားသော သဘောကို ဝေါတြဘူဟူ၍ငင်း၊ သခါရ အာရုံ ချုပ်ငြိမ်းကင်းဆိတ်လျက် တခဏမျှ တည်တံ့သော အလယ်ပိုင်း သဘောကို မဂ်ဟူ၍ငင်း၊ ဆင်ခြင်မှု မဖြစ်မီက သခါရအာရုံ ချုပ်ငြိမ်းနေသော နောက်ဆုံးပိုင်း သဘောကို ဖိုလ် ဟူ၍ငင်း" ပိုင်းခြား ဆုံးဖြတ်နိုင်ရာ၏။ ဤသို့သော ဖြစ်ပုံကို နားလည်စေရန် ဝိသုဒ္ဓိမဂ်၌ ဥပမာနှင့်တကွ အောက်ပါအတိုင်း ပြတော်မူ၏။

ယထာ ဟိ မဟာမာတိကံ လဿိတ္ထာ ပရတိရေ ပတိ-
ဋ္ဌာတုကာမော ပုရိသော ဝေဂေန ဓာဝိတ္ထာ, မာတိကာယ
သြရိမတိရေ ရုက္ခသာခါယ ဗန္ဓိတ္ထာ သြလမ္ဗိတံ ရဇ္ဇုံ ဝါ
ယဋ္ဌိံ ဝါ ဂဟေတ္ထာ ဥလ္လဿိတ္ထာ, ပရတိရ-နိန္ဒ-ပေါဏ-
ပဿာရကာယော ဟုတ္ထာ ပရတိရဿ ဥပရိဘာဂံ ပတ္ထော
တံ မုဉ္စိတ္ထာ, ဝေဓမာနော ပရတိရေ ပတိတ္ထာ သဏိကံ
ပတိဋ္ဌာတိ၊ ဧဝမေဝါယံ ယောဂါဝစရောပိ ဘဝ-ယောနိ-
ဂတိ-ဌိတိနိဝါသာနံ ပရတိရဘူတေ နိဗ္ဗာနေ ပတိဋ္ဌာတု-
ကာမော ဥဒယဗ္ဗယာနုပဿနာဒိနာ ဝေဂေန ဓာဝိတ္ထာ,
အတ္တဘာဝ-ရုက္ခသာခါယ ဗန္ဓိတ္ထာ သြလမ္ဗိတံ ရူပရဇ္ဇုံ ဝါ
ဝေဒနာဒိသု အညတရဒဏ္ဍံ ဝါ အနိစ္စန္တိ ဝါ ဒုက္ခန္တိ ဝါ
အနတ္တာတိ ဝါ အနုလောမာဝဇ္ဇနေန ဂဟေတ္ထာ, တံ
အမုဉ္စမာနော ဝဋ္ဌမေန အနုလောမစိတ္တေန ဥလ္လဿိတ္ထာ,
ဒုတိယေန "ပရတိရ-နိန္ဒ-ပေါဏ-ပဿာရကာယော ဝိယ"
နိဗ္ဗာန-နိန္ဒ-ပေါဏ-ပဿာရမာနသော ဟုတ္ထာ, တတိယေန
"ပရတိရဿ ဥပရိဘာဂံ ပတ္ထော ဝိယ" ဇာဒါနိ ပတ္တဗ္ဗဿ
နိဗ္ဗာနဿ အာသန္နော ဟုတ္ထာ, တဿ စိတ္တဿ နိရောဓေန
တံ သဓိရာရမ္မဏံ မုဉ္စိတ္ထာ, ဂေါတြဘုစိတ္တေန ဝိသဓိရေ
ပရတိရဘူတေ နိဗ္ဗာနေ ပတတိ။ ဧကာရမ္မဏေ ပန
အလဒ္ဓါသေဝနတာယ "ဝေဓမာနော သော ပုရိသော
ဝိယ" နာ တာဝ သုပ္ပတိဋ္ဌိတော ဟောတိ။ တတော
မဂ္ဂဉ္စဏေန ပတိဋ္ဌာတိ။ (၂-၃၁၃)

မြန်မာပြန်။ ။အတော်အတန်ကြီးသော ရေမြောင်းငယ်ကို ခုန်
ကျော်၍ ဟိဘက်ကမ်း၌ တည်လိုသော ယောကျ်ား
သည် လျင်သော အဟုန်ဖြင့် (ရှစ်လှမ်းခန့်) ပြေးသွားပြီးလျှင် ရေ
မြောင်း၏ သည်ဘက်ကမ်းမှာရှိသော သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍
တွဲလဲချထားသော ကြိုးကိုဖြစ်စေ, ဒုတ်ကိုဖြစ်စေ, ဆွဲကိုင်ပြီးလျှင်
ခုန်လွှား၍ ဟိဘက်ကမ်းဆီသို့ ညွတ် ကိုင်း ရှိုင်းသောကိုယ်ရှိလျက်
ဟိဘက်ကမ်းပေါ်သို့ ရောက်လျှင် ဆွဲကိုင်ထားသည့် ထိုကြိုး ဒုတ်

ကို လက်လွှတ်လိုက်၍ ဟိုဘက်ကမ်း၌ တုန်တုန်ရီရီ ဖြစ်လျက် ကျသွားပြီးလျှင် တဖြေးဖြေး(အားယူကာ)တည်တံ့သွားသကဲ့သို့ ဤအတူပင်၊ ဘဝ ယောနိ ဂတိ ဌိတိ နိဝါသတို့၏ ဟိုဘက်ကမ်း သဖွယ်ဖြစ်သော နိဗ္ဗာန်၌ တည်လိုသော ဤယောဂိသည်လည်း ဥဒယဗ္ဗယဉာဏ်စသော ဉာဏ်ရှစ်ပါးအဟုန်ဖြင့် ပြေးသွားပြီးလျှင် မိမိကိုယ်တည်းဟူသော သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလဲချထား သည်နှင့်တူသော ရုပ်တည်းဟူသော ကြိုးကိုဖြစ်စေ, ဝေဒနာ စသည်တို့တွင် တပါးပါးသော နာမ်တည်းဟူသော ဒုတ်ချောင်း ကိုဖြစ်စေ, အနုလောမဉာဏ်၏ ရွှေသွား အာဝဇ္ဇန်းစိတ်ဖြင့် "အနိစ္စ ဟူ၍သော်၎င်း၊ ဒုက္ခ ဟူ၍သော်၎င်း၊ အနတ္တ ဟူ၍သော် ၎င်း" ဆင်ခြင် ဆွဲကိုင်ပြီးလျှင်၊ ယင်းအာရုံကို မလွတ်ဘဲသာလျှင် ပဌမ အနုလုံစိတ်ဖြင့် ခုန်လွှား၍၊ (ပရိကံဇော ဖြစ်သည်ဟု ဆိုလို၏) "ဟို ဘက်ကမ်းဆီသို့ ညွတ် ကိုင်း ရှိုင်းသော ကိုယ် ရှိသည်နှင့် တူစွာပင်" ဒုတိယ အနုလုံစိတ်ဖြင့် နိဗ္ဗာန်ဆီသို့ ညွတ် ကိုင်း ရှိုင်းသော စိတ်ရှိလျက် "ဟိုဘက်ကမ်းပေါ်သို့ ရောက်သည်နှင့် တူစွာပင်" တတိယ အနုလုံစိတ်ဖြင့် ယခုပင် ရောက်ရတော့မည် ဖြစ်သော နိဗ္ဗာန်နှင့် နီးကပ်သည်ဖြစ်၍၊ ထိုစိတ်ချုပ်သည်နှင့်တပြိုင်နက် ထို (စိတ်ချုပ်သည့် အလိုအားဖြင့်) သိအပ်ဆဲပင်ဖြစ်သော ထိုသင်္ခါရ အာရုံကို စွန့်လွှတ်လိုက်ပြီးလျှင် သင်္ခါရကင်း၍၊ ဟိုဘက်ကမ်း သဖွယ်ဖြစ်သော နိဗ္ဗာန်၌ ဂေါတြဘူ စိတ်ဖြင့် ကျသွားလေ၏။ သို့သော်လဲ တမျိုးတည်းသော နိဗ္ဗာန် အာရုံ၌ မှိုဝပ်စေခြင်း ထုံစေခြင်းကို မရသေးသောကြောင့် "တုန်တုန် ရီရီ ဖြစ်နေသော ထိုယောဂျားလိုပင်" ကောင်းစွာကား မတည်တံ့သေးပေ။ ထို နောင် မဂ်ဉာဏ်ဖြင့် မတုန်မလှုပ် ကောင်းစွာ တည်တံ့လေ၏။ (မြန်မာပြန်)

ဤ အဋ္ဌကထာ၌ ပြအပ်သော ဥပမာ ဥပမေယျသည် ယောဂီ တို့အား ဖြစ်ပေါ်ပုံနှင့် အလွန်ပင် ဆီဆိုင်ပါပေ၏။ ဥပမာနှင့်

၁။ ဥပစာ ဇောဖြင့် သင်္ခါရတို့၌ ကပ်ငြိမှု သာ၍ကင်းသွားသောကြောင့်၎င်း၊ နိဗ္ဗာန်သို့ ရောက်ရန် သာ၍နီးကပ်သွားသောကြောင့်၎င်း၊ ဤသို့ ဆိုပေသည်၊ ထိုအခိုက်၌ကား နိဗ္ဗာန်ကို အာရုံမပြုသေး။

ဥပမေယျကို စပ်ဟပ်၍ အထပ်ထပ် စဉ်းစား ကြည့်ရှုပါလေ။ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာမာလုက္ယပုတ္တသုတ် (၉၉) နဝဂ်ုတ္တရပါဠိတော် မဟာဝဂ်, ပဉ္စမသုတ် (၂၂၀) စသည်တို့၌ မဂ်ဉာဏ်ဖြစ်ပုံကို အောက်ပါအတိုင်း ဟောတော်မူ၏။

> ဣဓာနန္ဒ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သော "ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ" တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတိ။ သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ၊ သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတ္ဝာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ "တံ သန္တံ တံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိဗ္ဗာနန္တိ။

အာနန္ဒ၊ အာနန္ဒာ။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝိစ္စေဝ ကာမေဟိ၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ် တရားတို့မှ ကင်းဆိတ်၍ သာလျှင်။ သဝိတက္ကံ၊ ကြံမှုလဲ ရှိသော။ သဝိစာရံ၊ ဆင်ခြင်မှုလဲ ရှိသော။ ဝိဝေကဇံ ပီတိသုခံ၊ နိဝရဏ ကင်းဆိတ်မှကြောင့် ဖြစ်ပေါ်သည့် အားရနှစ်သိမ့်မှု, စိတ်ချမ်းသာမှုလဲ ရှိသော။ ပဌမံ ဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ရောက်လျက် ဝင်စားလျက် နေ၏။ တတ္ထ၊ ထိုပဌမဈာန် ဖြစ်ဆဲခဏ၌။ ယဒေဝ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ အကြင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည်သာလျှင်။ ဟောတိ၊ ဖြစ်ပေါ်၏။ ဝါ၊ ရှိ၏။ တေ ဓမ္မေ၊ ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တရားတို့ကို။ သော၊ ထိုရဟန်းသည်။ အနိစ္စတော သမနုပဿတိ၊ မမြဟု ရှုမြင်၏။ ဒုက္ခတော၊ ဆင်းရဲဟု ရှုမြင်၏။

ရောဂတော၊ အမြစ်ပြတ် မပျောက်နိုင်သည့် ယာပျရောဂါနှင့် တူသည်ဟု ရှုမြင်၏။ ဝါ၊ မူလရင်း ရောဂါနှင့်တူသည်ဟု ရှုမြင်၏။ ဂဏ္ဍတော၊ အိုင်းအမာ အနာစိမ်းနှင့်တူသည်ဟု ရှုမြင်၏။ သလ္လ-တော၊ စူးဝင်နေသော မြား ငြောင့်နှင့် တူသည်ဟု ရှုမြင်၏။ အဃတော၊ အကျိုးမဲ့ကို ဖြစ်စေတတ်သော မကောင်းမှု လိုပင် မကောင်းသော ဝဏ်းဟု ရှုမြင်၏။ အာဗာဓတော၊ နာဖျားမှုလို ပင် နှိပ်စက်တတ်သည်ဟု ရှုမြင်၏။ ပရတော၊ သူစိမ်းပြင်ပ တရား ဟု ရှုမြင်၏။ ပလောကတော၊ ဖရိုဖရဲ ပြိုကွဲ ယွင်းဖောက် လွင့် ပျောက် ပျက်စီးသွားသည်ဟု ရှုမြင်၏။ သုညတော၊ ပိုင်ရှင် ငါကောင်မှ ကင်းဆိတ် နေသည်ဟု ရှုမြင်၏။ အနတ္တတော သမနုပဿတိ၊ အစိုးပိုင်သူ ငါကောင်မဟုတ်ဟု ရှုမြင်၏။ သော၊ ထိုသို့ ရှုမြင်သော ရဟန်းသည်။ စိတ္တံ၊ စိတ်ကို။ တေဟိ ဓမ္မေဟိ၊ ရှုမြင်အပ်သော ထို ခန္ဓာ ရုပ် နာမ် တရားတို့မှ။ ပဋိဝါပေတိ၊ ဆုတ် နစ်စေ၏[1]။ သော၊ ထိုရဟန်းသည်။ စိတ္တံ၊ စိတ်ကို။ တေဟိ ဓမ္မေဟိ ပဋိဝါပေဘွာ၊ ရှုမြင်အပ်သော ထိုခန္ဓာ ရုပ်နာမ်တရားတို့မှ ဆုတ် နစ်စေ၍။ အမတာယ ဓာတုယာ၊ သေခြင်း ပျက်ခြင်းကင်းသော နိဗ္ဗာန်ဓာတ်၌။ ဝါ၊ နိဗ္ဗာန်ဓာတ်သို့။ စိတ္တံ၊ စိတ်ကို။ ဥပသံဟရတိ၊ ဆောင်ပို့သွင်းထား၏။ ကထံ၊ အဘယ်သို့ ဆောင်ပို့သွင်းထား သနည်းဟူမူကား။ သဗ္ဗသင်္ခါရသမထော၊ သင်္ခါရအလုံးစုံ၏ ငြိမ်း ရာလဲ ဖြစ်သော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ ဥပဓိအလုံးစုံကို စွန့်လွှတ် ရာလဲ ဖြစ်သော။ တဏှာက္ခယော၊ တဏှာကုန်ရာလဲဖြစ်သော။

၁။ နိပ္ပန္နဝသေန နိဝတ္တေတိ=ကိစ္စ ပြီးစီးသည့်အလိုအားဖြင့် ဆုတ်နစ်စေ၏- အဂ်ုတ္တရ အဋ္ဌကထာအဖွင့်။ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာ ရှုမှု ကိစ္စပြီးသည့်ဖြစ်၍ ဂေါတြဘူ စိတ် ဖြစ်ပေါ်လျက် ထိုသင်္ခါရ အာရုံမှ ဆုတ်နစ် ဖဲခွါသွားသည်ကိုပင် "ယောဂီရဟန်းက ဆုတ်နစ်စေသည်"ဟု ဆိုလိုပေသည်။ ပဋိသံဟရတိ မောစေတိ အပနေတိ-ပြန်၍ ရုပ်သိမ်း၏။ လွှတ်စေ၏။ ဖဲခွါစေ၏။ (ပဏ္ဏာသ အဋ္ဌကထာဖွင့်)။ ။ပဋိသံဟရတီတိ တပ္ပဋိဗန္ဓဆန္ဒရာဂါဒိ-ဥပက္ကိလေသ ဝိက္ခမ္ဘနေန ဝိပဿနာစိတ္တံ ပဋိသံဟရတိ(ၵင်း၏ဋီကာ) မရှမိသောသင်္ခါရတို့၌ ဆန္ဒရာဂ စသည်တို့ ဖြစ်နိုင်ကုန်၏။ ရှမိသော သင်္ခါရတို့၌ကား မဖြစ်နိုင်ကုန်။ သို့ဖြစ်၍ ရှုတိုင်း ရှုတိုင်း အနုလုံတိုင်အောင်သော ဝိပဿနာစိတ်ကို ဆန္ဒရာဂ စသည်မှၵင်း၊ သူတို့၏ အာရုံဖြစ်သော သင်္ခါရတို့မှၵင်း၊ ယောဂီရဟန်းက ရုပ်သိမ်းနေသည် မည်၏၊ လွှတ်စေသည် မည်၏၊ ဖဲခွါစေသည် မည်၏-ဟူလို။ အဋ္ဌကထာဖွင့်အတိုင်း အနက်အဓိပ္ပါယ်က သာ၍ ရှင်း လင်းဖြောင့်မတ်သည်ဟု ထင်မိပေ၏။

ဝိရာဂေါ၊ တပ်မက်မှု ပြယ်ရာလဲ ဖြစ်သော။ နိရောဓော၊ သမ်ိဳရတို့၏ ချုပ်ကွယ်ရာလဲ ဖြစ်သော။ ယဒိဒံ နိမ္မာနံ၊ သမ်ိဳရငြိမ်းမှုဟူသော အကြောင်နိမ္မာန်သည်။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤသမ်ိဳရငြိမ်းမှု နိမ္မာန်သည်။ သန္တံ၊ ငြိမ်သက်၏။ တေံ၊ ဤသမ်ိဳရငြိမ်းမှု နိမ္မာန်သည်။ ပဏီတံ၊ မရောင့်ရဲနိုင်အောင် ကောင်း၍ မွန်မြတ်၏။ ဇာတိ၊ ဤသို့ ဆောင်ပိုသွင်းထား၏။

မဂ်စိတ်ဖြစ်ခိုက်၌ "တေံ သန္တံ တေံ ပဏီတံ"ဟု အထူးဆင်ခြင် ရွတ်ဆိုနေသည်ကား မဟုတ်ပေ။ သမ်ိဳရချုပ်ငြိမ်း ကင်းပြတ်သော သဘောကို "ဝင်ရောက်လျက် တွေ့သိရသလိုပင်" ငြိမ်သက်ကောင်းမြတ်သည့် အနေအားဖြင့် မျက်မှောက်တွေ့သိလျက် ဖြစ်ရုံမျှသာတည်း။ "သမ်ိဳရ ချုပ်ငြိမ်းကင်းပြတ်သော သဘောက ငြိမ်သက်ပေသည်၊ မွန်မြတ်ပေသည်၊ ကောင်းပါပေသည်"ဟု ဤသို့သော အသိမျိုးသည်ကား ပြန်၍ ဆင်ခြင်မှု ပစ္စဝေက္ခဏာကာလ၌သာလျှင် ထင်ရှားဖြစ်ပေါ်ပေသည်။ အောက်ပါမှာ ပဏ္ဏာသအဋ္ဌကထာပေတည်း။

> မဂ္ဂစိတ္တံ နိမ္မာနံ အာရမ္မဏကရဏဝသေနေဝ။ တေံ သန္တံ တေံ ပဏီတန္တိ နဧဝံ ဝဒတိ၊ ဇာမိနာ ပန အာကာရေန တံ ပဋိဝိဇ္ဈန္တော တတ္ထ စိတ္တံ ဥပသံဟရတိ။
>
> (မ-ဋ္ဌ ၃-၁၀၃)

နိမ္မာနံ အာရမ္မဏကရဏဝသေနေဝ၊ နိမ္မာန်ကို အာရုံပြုသည့် အလိုအားဖြင့်သာလျှင်။ မဂ္ဂစိတ္တံ ဥပသံဟရတိ၊ မဂ်စိတ်ကို ဆောင်ပိုသွင်းထားသည် မည်၏။ ။(နိမ္မာန်ကို အာရုံပြုလျက် မဂ်စိတ်ဖြစ်ပေါ်သည်ကိုပင် "နိမ္မာန်သို့ စိတ်ကို ဆောင်ပို့သည်"ဟု ဆိုသည်-ဟူလို)။ ။တေံ သန္တံ တေံ ပဏီတန္တိ၊ ဤနိမ္မာန်က ငြိမ်သက်ပေသည်၊ ဤနိမ္မာန်က ကောင်းမွန်ပေသည် ဟူ၍။ နဧဝံ၊ ဤသို့ကား။ န ဝဒတိ၊ မဂ်စိတ်ဖြစ်ခိုက်၌ ရွတ်ဆိုနေသည် မဟုတ်ပေ။ ပန၊ ထိုသို့ပင် မဆိုငြားသော်လဲ။ ဇာမိနာ အာကာရေန၊ ငြိမ်သက်ကောင်းမွန်သော ဤအခြင်းအရာအားဖြင့်။ တံ၊ ထိုနိမ္မာန်ကို။ ပဋိဝိဇ္ဈန္တော၊ တွဲတွဲ

မျက်မှောက် ထွင်းဖောက် သိမြင်သောသူသည်။ တတ္ထ စိတ္တံ ဥပ-သံဟရတိ၊ ထိုနိမ္မာန်သို့ စိတ်ကို ဆောင်ပို့သည် မည်၏။

ပဋိသန္ဓိဒါမဂ်၌ အနိစ္စအာကာရ ၁၀-ပါး၊ ဒုက္ခအာကာရ ၂၅-ပါး၊ အနတ္တအာကာရ ၅-ပါးဟူသော ဤအခြင်းအရာ(၄၀) တို့တွင် တပါးပါး၏ အလိုအားဖြင့် ရှုမြင်လျက် အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင် ထိုအခြင်းအရာ၏ ပြောင်းပြန်ဆန့်ကျင်ဘက်အား ဖြင့် နိမ္မာန်ကို သိမြင်လျက် မဂ်ဉာဏ်ဖြစ်ပုံကို အပိုဒ် (၄၀)တို့ဖြင့် ဝေဘန်၍ ဟောတော်မူ၏။ ထိုအပိုဒ် ၄၀-တို့မှ ၆-ပိုဒ်မျှကိုသာ လျှင် ထုတ်ဆောင်၍ ဤ၌ ပြပါအံ့။

> ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓေ နိစ္စံ နိမ္မာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၁)

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ပဿန္တော၊ မြင်ဆဲသောသူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ အနု-လောမိကံ ခန္တိံ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန္နံ ခန္ဓာနံ နိရောဓေ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ နိစ္စံ နိမ္မာနန္တိ၊ မြဲသော နိမ္မာန်တည်းဟု။ ပဿန္တော၊ မြင်ဆဲသော သူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ဤပါဠိ၌ 'ပဉ္စက္ခန္ဓေ'ဟု သာမညအားဖြင့် တပေါင်းတည်း ဟောအပ်သော စကားသည် **သမ္မသင်္ဂါဟိက** = ပုဂ္ဂိုလ်အမျိုးမျိုးတို့ ရှုမြင်အပ်သော ခန္ဓာအလုံးစုံတို့ကို ပေါင်းရုံး၍ ပြသော စကား မျှသာတည်း။ ခန္ဓာ ငါးပါးလုံးကို တပေါင်းတည်း တပြိုင်နက် ရှုမြင်သည် ဟူ၍ကား မဆိုလိုပေ။ အမှန်အားဖြင့်သော်ကား ခန္ဓာ ငါးပါးထဲက တပါးပါးသော ခန္ဓာ, တပါးပါးသော ရုပ်တရား, တပါးပါးသော နာမ်တရား ကိုသာလျှင် မျက်မှောက် ရှုမြင်လျက် အနုလောမဉာဏ် ဖြစ်သည်ဟူ၍သာ ပြဆိုလိုပေသည်။ ထို့ကြောင့်ပင်, ထုတ်ပြခဲ့သော ဝိသုဒ္ဓိမဂ်၌ **ရူပရူံ ဝါ ဝေဒနာဒီသု**

အညတရဒဏ္ဍံ ဝါ-ဟူသောပါဠိဖြင့်၊ "ရုပ်ကိုသာ ဖြစ်စေ, ဝေဒနာသညာ သင်္ခါရ ဝိညာဏ်တို့တွင် တပါးပါးသော နာမ်ကိုသာ ဖြစ်စေ, ရှုမြင်လျက်၊ အနုလောမဉာဏ်ဖြစ်ကြောင်းကို" ပြဆိုလေပြီ။ ထို့ပြင်, များစွာသော အဋ္ဌကထာတို့၌လဲ၊ **ရူပါ ဝုဋ္ဌာတိ, အရူပါ ဝုဋ္ဌာတိ-**ဟူသော ပါဠိတို့ဖြင့် ရုပ်ကိုရှုသော အနုလောမဉာဏ်, နာမ်ကိုရှုသော အနုလောမဉာဏ်တို့၏ နောက်အခြားမဲ့၌ ဂေါတြဘူ, မဂ်ဉာဏ်တို့ ဖြစ်ပေါ်ကြောင်းကိုသာ ပြဆိုလေသည်၊ ရုပ်နာမ်အလုံးစုံကို တပေါင်းတည်း ရှုသောဉာဏ်၏ အခြားမဲ့၌ ဂေါတြဘူ, မဂ်ဉာဏ် ဖြစ်ကြောင်းကိုကား မုချအားဖြင့် မပြဆိုချေ။ ကေပ္ပ-ဟာရေန ပဏ္ဍိတ ခန္ဓေဟိ ဝုဋ္ဌာတိ ဟူသော စကားသည်လည်း နိပ္ပရိယာယ=မုချစကား မဟုတ်ပေ။ ဉာဏ်ထူးကဲသော ပုဂ္ဂိုလ်အား တထိုင်အတွင်း, တခဏအတွင်း၌ လျင်မြန်စွာ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ဖြစ်သည်ကိုသာ ရည်၍ ဆိုအပ်သော သန္ဓာယဘာသိတ = ပရိယာယ် စကားမျှသာတည်း။ ဤအနက်ကို မဟာဋီကာ၌ "အညထာ ဧကေနေဝ လောကိယစိတ္တေန ပဏ္ဍန်း ခန္ဓာနံ ပရိဂ္ဂဟ ပရိဇာနနာဒိနံ အသမ္ဘဝတော၊ န ဟိ သ-နိဒဿန-သပ္ပဋိဃာဒိ ဧကေဏ္ဍ အာရမ္မဏံ ကာတုံ သက္ကာ"ဟု ဗျတိရေက အကြောင်းနှင့် တကွ ဖွင့်ပြတော်မူလေပြီ။

သို့ဖြစ်၍ ဤပဋိသန္ဓိဒါမဂ် ပါဠိ၌ ဆိုလိုရင်းအဓိပ္ပါယ်ကို ဤသို့သိအပ်၏။ ဖြစ်ပျက်ဆဲ ရုပ်နာမ်ခန္ဓာ တပါးပါးကို မမြဟု ရှုမြင်လျက် အနုလောမဉာဏ် ဖြစ်ပေါ်သည်။ ထိုဉာဏ်၏ အခြားမဲ့၌ ထိုမမြသော ရုပ်နာမ် ဟူသမျှ၏ ချုပ်ငြိမ်း ကင်းဆိတ်သော သဘောကို မြဲသည့် အနေအားဖြင့် မျက်မှောက် သိမြင်လျက် ဂေါတြဘူနှင့် တကွ မဂ်ဉာဏ် ဖြစ်ပေါ်သည်ဟူသော ဤအဓိပ္ပါယ်ကို သိအပ်၏။ ဝိပဿနာဉာဏ် ဖြစ်ခိုက်၌ မှတ်သိရတဲ့ ရုပ်နာမ်၏ အစ, အဆုံး = အဖြစ်, အပျက်ကို မျက်မှောက် တွေ့ရ၍ မမြဟု သိသာ ထင်ရှား၏။ နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူ, မဂ်, ဖိုလ် အခိုက်၌ကား အဖြစ် အပျက်ကို မတွေ့ရပြီ၊ သင်္ခါရ ချုပ်ငြိမ်း ကင်းဆိတ်သော သဘောမျှသာ ထင်ရှားတော့၏။ ထို့ကြောင့်,

နိဗ္ဗာန်သဘောကို ဖြစ်ခြင်း, ပျက်ခြင်း မရှိဘဲ မြဲသည့် အနေအား ဖြင့် သိမြင်နိုင်ပေသည်။ နောက် အပိုဒ်တို့၌လဲ အနုလောမဉာဏ်, မဂ်ဉာဏ် ဖြစ်ပေါ်ပုံကို နည်းတူပင် သိပါလေ။

ပဉ္စက္ခန္ဓေ ပလောကတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။ ပဉ္စန်္ဓံ ခန္ဓာနံ နိရောဓေ အပလောက-ဓမ္မော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၂)

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ပလောကတော၊ အထင် အရှား ပျက်သည် == အကြီးအကျယ် ပျက်သည်ဟု။ ပဿန္တော၊ မြင်လျက်။ အနုလောမိကံ ခန္တိ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန်္ဓံ ခန္ဓာနံ နိရောဓေ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ် ခြင်းသည်။ အပလောကဓမ္မော နိဗ္ဗာနန္တိ၊ ပျက်ခြင်း သဘော မရှိသော နိဗ္ဗာန် = ပျက်ခြင်း ကင်းသော နိဗ္ဗာန်တည်းဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။ ပဉ္စန်္ဓံ ခန္ဓာနံ နိရောဓေ သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၁)

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ဒုက္ခတော ပဿန္တော၊ ဆင်းရဲဟု မြင်လျက်။ အနုလောမိကံ ခန္တိ ပဋိလဘတိ၊ အနု-လောမဉာဏ်ကို ရ၏။ ပဉ္စန်္ဓံ ခန္ဓာနံ နိရောဓေ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ သုခံ နိဗ္ဗာနန္တိ၊ ချမ်းသာသော နိဗ္ဗာန်တည်းဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ ဩက္က-မတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ပဉ္စက္ခန္ဓေ ဘယတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။ ပဉ္စန်္ဓံ ခန္ဓာနံ နိရောဓေ အဘယံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၂)

ပဉ္စကၠန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ဘယတော ပဿန္တော၊ ကြောက်ဖွယ် ဘေး ဟု မြင်လျက်။ အနုလောမိကံ ခန္တိ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန်း ခန္ဓာနံ နိရောဓေ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ အဘယံ နိဗ္ဗာနန္တိ၊ ဘေးကင်းသော နိဗ္ဗာန် ဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ သြက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ပဉ္စကၠန္ဓေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။ ပဉ္စန်း ခန္ဓာနံ နိရောဓေ ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။ (၄၁၃)

ပဉ္စကၠန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ အနတ္တတော၊ အစိုးပိုင်သူ ငါကောင် မဟုတ်တဲ့ သဘောတရားမျှ ဟု။ ပဿန္တော၊ မြင်လျက်။ အနုလောမိကံ ခန္တိ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန်း ခန္ဓာနံ နိရောဓေ။ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ ပရမတ္ထံ နိဗ္ဗာနန္တိ၊ အလွန်မြင့်မြတ်သော သဘော နိဗ္ဗာန်တည်း ဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ သြက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

(ပြောင်းပြန် သိမြင်လျက် မဂ်ဉာဏ် ဖြစ်သည်ဟု ရှေးဠီ ဆိုခဲ့သည်မှာ ယေဘုယျ သာတည်း။ ဤအနတ္တတော အပိုဒ်၌ ပရမတ္ထံ နိဗ္ဗာနံဟု ပြောင်းပြန် မဟုတ်ဘဲ ဟောသကဲ့သို့၊ ပရတော အပိုဒ်၌ အပရပစ္စယံ နိဗ္ဗာနံ=တပါးသော အကြောင်း မရှိသော နိဗ္ဗာန် ဟူ၍ဌင်း။ သုညတော အပိုဒ်၌ ပရမသုညံ နိဗ္ဗာနံ=သဒ်္ဓါရတို့မှ အလွန် ဆိတ်သုဉ်းသော နိဗ္ဗာန်ဟူ၍ ဌင်း ပြောင်းပြန် မဟုတ်ဘဲလဲ ဟောသေး၏။)

ပဉ္စကၠန္ဓေ တုစ္ဆတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။ ပဉ္စန်း ခန္ဓာနံ နိရောဓေ အတုစ္ဆံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။ (၄၁၃)

ပဉ္စကၠန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ တုစ္ဆတော၊ အချည်းနှီး အသုံးမကျ အဘိုးမတန်သော သဘောမျှဟု။ ပဿန္တော၊ မြင်ဆဲသော သူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ အနုလောမိကံ ခန္တိ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန်း ခန္ဓာနံ နိရောဓေ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ အတုစ္ဆံ နိဗ္ဗာနန္တိ၊

အချည်းနှီးနှင့် ဆန့်ကျင်, အသုံးဝင် အဘိုးတန်, မြင့်မြတ်သော နိဗ္ဗာန်ဟု။ ပဿန္တော၊ မြင်ဆဲသော သူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

၍ ပါဠို ဖဲ-ပိုဒ်တို့တွင် ပဌမ ၂-ပိုဒ်သည် အနုလောမဉာဏ်ဖြင့် အနိစ္စလက္ခဏာကို မြင်၍ အနိမိတ္တမဂ် ဖြစ်ပုံကို ပြ၏။ ဒုတိယ ၂-ပိုဒ်သည် ဒုက္ခလက္ခဏာကို မြင်၍ အပ္ပဏိဟိတမဂ် ဖြစ်ပုံကို ပြ၏။ တတိယ ၂-ပိုဒ်သည် အနတ္တလက္ခဏာကို မြင်၍ သုညတမဂ် ဖြစ်ပုံကို ပြ၏။ ကြွင်းသော ပါဠို ၃၄-ပိုဒ်တို့ကို ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ၌ ကြည့်ရှု၍ မှတ်သားပါလေ။ အကျဉ်းအားဖြင့် သိလိုလျင်ကား ပဋိသမ္ဘိဒ်ဉာဏ်အရာ၌ ပြခဲ့သော အခြင်းအရာ လေးဆယ်ကို ကြည့်ရှုပါလေ။ ထိုလေးဆယ်သည် အနုလောမဉာဏ်ဖြင့် သိမြင်အပ်သော အခြင်းအရာများ ဖြစ်ပေသည်။

မိလိန္ဒပဉ္ဉာ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ် ဖိုလ် ဖြစ်ပုံကို အောက်ပါအတိုင်း ဟောကြားတော်မူ၏။

> တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ပဝတ္တံ သမတိက္ကမိတ္တာ အပ္ပဝတ္တံ ဩက္ကမတိ၊ အပ္ပဝတ္တ မနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိတိ ဝုစ္စတိ။ (၃၁၁)

အပရာပရံ၊ အဆင့်ဆင့်။ မနသိကရောတော၊ နှလုံးသွင်း ရှုမှတ်စဉ်။ ဝါ၊ နှလုံးသွင်း ရှုမှတ်သော။ တဿ၊ ထိုယောဂီ၏။ တံ စိတ္တံ၊ ထိုနှလုံးသွင်း ရှုမှတ်သော စိတ်သည်။ ပဝတ္တံ၊ မကုန် မဆုံးနိုင်အောင် မပြတ်ဖြစ်နေသော ရုပ်နာမ် အယဉ်ကို။ သမတိက္ကမိတ္တာ၊ လွန်မြောက်၍။ အပ္ပဝတ္တံ၊ မပြတ် ဖြစ်နေသော ရုပ်နာမ် အယဉ်မှ ပြောင်းပြန် ဆန့်ကျင်သော သဘောသို့။ ဝါ၊ ဖြစ်ပေါ်မှု ကင်းသော သဘောသို့။ ဩက္ကမတိ၊ သက်ရောက်၏။ မဟာရာဇ၊ မြတ်သော မိလိန္ဒမင်းကြီး။ သမ္မာပဋိပန္နော၊ နည်းလမ်း မှန်စွာ ကျင့်သည် ဖြစ်၍။ အပ္ပဝတ္တံ အနုပ္ပတ္တော၊ ဖြစ်မှု ကင်းသည့် သဘောသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ကို။ နိဗ္ဗာနံသစ္ဆိကရောတိတိ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုသည် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

တသွင်သွင် မပြတ် စီးနေသော မြစ်ရေ အယဉ်ကို ကြည့်ရှုနေရ သကဲ့သို့ ဝိပဿနာဉာဏ်ဖြစ်ဆဲ၌ တခုပြီးတခု မကုန်ဆုံးနိုင်အောင် ဖြစ် ပျက်လျက် ထင်ရှားနေသော ရုပ် နာမ်အယဉ်ကို အဆင့်ဆင့် နှလုံးသွင်း ရှုကြဲ့ည့် မှတ်သိလျက် ရှိ၏။ ထိုသို့ မှတ်သိနေဆဲမှာပင်, အထူး သွက်လက် ထင်ရှားစွာသော ဝုဋ္ဌာနဂါမိနီ အသိများ ဖြစ်ပေါ်ပြီးလျှင် ယောဂီ၏ စိတ်သည် မှတ်သိနေကျဖြစ်သော ရုပ်နာမ် အယဉ်ကို နှလုံးမသွင်းမိတော့ဘဲ ထို မပြတ်ဖြစ်နေတဲ့ ရုပ် နာမ် အယဉ်မှ ပြောင်းပြန်ဆန့်ကျင်သော သဘောထဲသို့ ဝင်သွားသလိုပင် ကျရောက်သွား၏။ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ် အယဉ်မှ ပြောင်းပြန်ဆန့်ကျင်သော သဘောဟူသည်မှာ မပြတ် ဖြစ်နေသော ရုပ်နာမ်အာရုံနှင့်, မှတ်သိမှုတို့၏ ချုပ်ငြိမ်းခြင်း ကင်းဆိတ်ခြင်းပင်တည်း။ ကျရောက်သွားသော စိတ်ဟူသည်မှာ လဲ ဂေါတြဘူစိတ်, မဂ်စိတ်, ဖိုလ်စိတ်,ပင်တည်း။ ဤသို့ ကျရောက် သွားလျှင် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်မည်၏-ဟူလို။

များစွာသော သုတ်ပါဠိတော်တို့၌ မဂ်ဉာဏ်ဖြစ်ပုံကို "ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ"ဟု ဟော တော်မူ၏။ (ဒီ ၁-၁၀၂-စသည်)

သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိသော။ ဝါ၊ ဖြစ်ပေါ်တတ်သော။ ယံ ကိဉ္စိ၊ အကြင် အမှတ်မရှိ တစုံတခုသော တရားသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထို ဖြစ်ပေါ်သမျှ တရားအလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်ကွယ်ခြင်း သဘောရှိ၏။ ဝါ၊ ချုပ်ကွယ်သည်ချည်းပင်တည်း။ ဇုတိ၊ ဤသို့ သိမြင်သော အခြင်းအရာဖြင့်။ ဓမ္မစက္ခုံ၊ မဂ် အသိအမြင် တည်းဟူသော ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်လေ၏။

မဂ်ဖြစ်ဆဲခဏ၌ "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ကွယ်ခြင်း သဘောရှိသည်"ဟူ၍ နှလုံးသွင်း ဆင်ခြင်မိသည်ကား မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား ဖြစ်ခြင်းသဘောရှိသော သင်္ခါရအလုံးစုံတို့၏ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်ကို

မျက်မှောက်သိရုံမျှသာ ဖြစ်ပေသည်။ သို့သော်, မဂ်ခဏ္ဍ ထိုသို့ သိလျက် ဖြစ်ခြင်းကြောင့် ဆင်ခြင်ခိုက် ပစ္စဝေက္ခဏာခဏ္ဍ "အာရုံနှင့်, မှတ်သိမှု ဝိပဿနာ, တည်းဟူသော ဖြစ်ပေါ်တတ်တဲ့ သဒ်ါရအလုံးစုံတို့၏ ချုပ်ငြိမ်း ကင်းဆိတ်ရာသို့ ရောက်သွားသည်" ဟူ၍လဲ သိနိုင်၏။ "အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်သော အခါ၌ ဖြစ်ပေါ်တတ်တဲ့ သဒ်ါရအလုံးစုံ ချုပ်ငြိမ်းကင်းဆိတ်သည်" ဟူ၍လဲ သိမြင်သဘောကျနိုင်၏၊ ထို့ပြင်, "ဖြစ်ပေါ်သမျှ သဒ်ါရ အလုံးစုံသည် ချုပ်ပျက် ကွယ်ပျောက်သည်ချည်းပင်" ဟူ၍လဲ သိမြင်နိုင်ပေ၏။ ထို့ကြောင့်ပင်, မဂ်ဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ဆင်ခြင်ပြီးသည့်နောက်၌ မှတ်မြဲ ဆက်၍ မှတ်လျှင် အဖြစ်အပျက်ကို သိမြင်သော ဉဒယဗ္ဗယဉာဏ်၌ တည်ပေသည်။ အောက်ပါမှာ ထိုပါဠိ၏ အဖွင့်အဋ္ဌကထာပေတည်း။

> ဓမ္မစက္ခုန္တိ ဣဒ္ဓ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော။ တဿ ဥပ္ပတ္တိ အာကာရဒဿနတ္ထံ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မ"န္တိ အာဟ၊ တဉ္စိ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန ဧဝံ သဗ္ဗသဒ်ံတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။
>
> (ဒီ-ဋ္ဌ ၁-၂၄၈-စသည်)

ဓမ္မစက္ခုန္တိ၊ ဓမ္မစက္ခုံ-ဟူသော ပုဒ်ဖြင့်။ ဣဒ္ဓ၊ ဤအမ္ဘဋ္ဌသုတ်၌။ သောတာပတ္တိမဂ္ဂေါ၊ သောတာပတ္တိမဂ်ကို။ အဓိပ္ပေတော၊ ဆိုလို အပ်၏။ ။(မြဟ္မာယုသုတ်၌ အောက်မဂ်သုံးပါးကို, ရာဟုလောဝါဒသုတ်၌ မဂ်လေးပါး လုံးကို ဓမ္မစက္ခုဟု ဟောသေး၏)။ ။တဿ၊ ထိုမဂ်၏။ ဥပ္ပတ္တိအာကာရ-ဒဿနတ္ထံ၊ ဖြစ်ပုံအခြင်းအရာကို ပြခြင်းငှါ။ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ၊ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ။(မဂ်သည် အသခ်္ခတတရားကိုသာ အာရုံပြု၏၊ သခ်္ခတကိုကား အာရုံမပြု၊ သို့ဖြစ်ပါလျက် "ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓဓမ္မံ" ဟု သိမြင်လျက်၊ မဂ်ဖြစ်ကြောင်းကို အဘယ့်ကြောင့် ဆိုပါသနည်းဟူသော ဤအမေးကို တဋ္ဌ-စသော ဝါကျဖြင့် ဖြေ၏)။ ။ ဟိ၊ ဥပ္ပတ္တိ အာကာရဒဿနတ္ထံ-ဟု ဆိုရခြင်း၏ အကြောင်းကား။ တံ၊ ထို မဂ်ဉာဏ်သည်။ နိရောဓံ၊ သဒ်ါရအလုံးစုံ၏ ချုပ်ငြိမ်းကင်းဆိတ်ရာ ဖြစ်သော နိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ကိစ္စဝသေန၊

မတွေ့မဝေ သိခြင်းကိစ္စ ပြီးသည့်အလိုအားဖြင့်။ သဗ္ဗသခ်ိတံ၊ အလုံးစုံသော သခ်ါရတရားကို။ ဧဝံ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မံ-ဟု သိသော ဤအခြင်းအရာဖြင့်။ ပဋိဝိဇ္ဈန်၊ တဲ့တဲ့ ထွင်းပေါက် သိမှပြီးမြောက်လျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေ၏။

အထူးသတိပြုဘွယ်။ ။မဂ္ဂဝိထိ ကျပုံကို ပြဆိုခြင်းမှာ အဋ္ဌကထာတို့၌ဌင်း, ဤကျမ်း၌ဌင်း, ဗဟုသုတ အလို့ငှါ သာတည်း၊ တဝိထိအတွင်း၌ အာရုံ တူသော စိတ်အကြိမ်များကို မည်ရွေ့ မည်မျှ ဖြစ်သည်ဟု အသီးအသီး ပိုင်းခြား ရေတွက်၍ ပစ္စက္ခအားဖြင့် သိရန်ကား မဖြစ်နိုင်ပေ။ ထို့ကြောင့် မဂ္ဂဝိထိ ဖြစ်စဉ်၌ မည်သည့် ဇောစိတ်က မည်မျှ ဖြစ်သနည်း စသည်ဖြင့် မစီစစ်အပ်ပြီ။ ရှေးအဖို့က အနုလောမဉာဏ် တိုင်အောင် ဝိပဿနာ ဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ် လာခဲ့ပုံကိုဌင်း, ထူးခြားသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ ဖြစ်ပုံကိုဌင်း, အနုလုံဟု ခေါ်သော နောက်ဆုံး မှတ်သိမှု၏ အခြားမဲ့၌ နိဗ္ဗာန် အာရုံသို့ အလိုလို ကူးပြောင်းကျရောက်သွားပုံကိုဌင်း, ထို့နောင် ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဖြစ်ပေါ်လာပုံကိုဌင်း, ထို့နောင် မှတ်မြဲ မှတ်လျက် ဥဒယဗ္ဗယဉာဏ် အဆင့်၌ တည်ပုံကိုဌင်း, ဤအချက်များကိုသာလျှင် အထူး အလေးပြု၍ ပါဠိ အဋ္ဌကထာတို့နှင့် ညီသည်, မညီသည်ကို စဉ်းစား နှိုင်းချိန် အပ်ပေသည်။

အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ် ပြီး၏။

ပစ္စဝေက္ခဏာဉာဏ်

မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်ပြီးသော ပုဂ္ဂိုလ်သည် မိမိ ရောက်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ရှေးဦးစွာ ပြန်၍ ဆင်ခြင်မိ၏။ သုတရှိသူ ဖြစ်လျှင်ကား ပယ်ပြီး ကင်းပြီးသော ကိလေသာ, မပယ်ရသေး မကင်း သေးသော ကိလေသာ တို့ကိုလဲ ဆက်လက်၍ စဉ်းစား ဆင်ခြင်မိတတ်သေး၏။ ဤဆင်ခြင်မှုတို့၌ ပါဝင်သော အသိဉာဏ်သည် **ပစ္စဝေက္ခဏာဉာဏ်** မည်၏။ အောက်ပါမှာ အကျဉ်းချုပ် မှတ်သားရန် အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ဂါထာပေတည်း။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟိနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါန ဝါ။

ပဏ္ဍိတော၊ နိဗ္ဗာန်ကို မျက်မှောက် သိပြီးသော ပညာရှိသည်။ မဂ္ဂဉ္စ၊ ရှေးအဖို့က မှတ်သိခဲ့သော ဝိပဿနာ မဂ်နှင့် တကွ သမ်္ဗါရ ချုပ်ငြိမ်း ကင်းဆိတ်ရာသို့ ဆိုက်ရောက် သွားသော အရိယာမဂ် တရားကိုဂုဏ်း။ ဖလဉ္စ၊ မဂ်၏ အခြေးမဲ့၌ အလားတူ ဆက်၍ ဖြစ်ပေါ်သော ဖိုလ်တရားကိုဂုဏ်း။ နိဗ္ဗာနဉ္စ၊ သမ်္ဗါရအားလုံး ဆိတ်သုဉ်း ချုပ်ငြိမ်းရာ ငြိမ်သက်စွာသော နိဗ္ဗာန် တရားကိုဂုဏ်း။ ပစ္စ-ဝေက္ခတိ၊ ပြန်၍ ဆင်ခြင်၏။ ဟိနေ- ပဟီနေ၊ ပယ်အပ်ကုန်ပြီး ကင်းကုန်ပြီးသော။ ကိလေသေ စ၊ ကိလေသာတို့ကိုဂုဏ်း။ သေသေ စ၊ ကြွင်းကျန်သေးသော ကိလေသာတို့ကိုဂုဏ်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်မိသည်လဲ ရှိ၏။ န ပစ္စဝေက္ခတိ ဝါ၊ မဆင်ခြင်မိသည်လဲ ရှိ၏။

မဂ်ကို ဆင်ခြင်မှု,ဖိုလ်ကို ဆင်ခြင်မှု,နိဗ္ဗာန်ကိုဆင်ခြင်မှုဟူသော ဤ ပစ္စဝေက္ခဏာ ၃-မျိုးသည် ကောန်ပင် ဖြစ်ပေါ်မြဲတည်း။ ပယ်ပြီး ကိလေသာကို ဆင်ခြင်မှု, မပယ်ရသေးသော ကိလေသာကို ဆင်ခြင်မှု,ဟူသော ဤပစ္စဝေက္ခဏာ ၂-မျိုးသည်ကား ဖြစ်ပေါ်သည်လဲ ရှိ၏။ မဖြစ်ပေါ်သည်လဲ ရှိ၏။ ကောန် ဖြစ်မြဲကား မဟုတ်၊ အနေကန်

သာတည်း။မည်သည့် မဂ်က မည်သည့် ကိလေသာတို့ကို ပယ်သတ်သည်ဟု မှတ်သားဘူးသော သူမှာသာ ဖြစ်တတ်သည်၊ မမှတ်သားဘူးသော သူမှာကား မဖြစ်တတ်ဘဲလဲ ရှိတတ်သည်ဟူ၍ ဆိုလို၏။ များစွာသော အဋ္ဌကထာကြီးတို့၌လဲ ဤအတိုင်းသာ ပြဆိုကုန်၏။ အချို့သော ပစ္စဝေက္ခဏာများ မဖြစ်ဘဲရှိတတ်သည်ကို အောက်ပါ မူလပဏ္ဏာသ စူဠဒုက္ခက္ခန္ဓသုတ် ပါဠိ အဋ္ဌကထာတို့ဖြင့် သိအပ်၏။

> တဿ မယ္ဟံ ဘန္တေ ဧဝံ ဟောတိ၊ ကောသု နာမ မေ ဓမ္မော အစ္ဆရိယော အပ္ပဟီနော၊ ယေန မေ ဧကဒါ လောဘမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တီတိ။ သော ဧဝံ ခေါ တေ မဟာနာမ ဓမ္မော အစ္ဆရိယော အပ္ပဟီနော။ (ပါဠိ ၁၂၆)

ဘန္တေ၊ မြတ်စွာဘုရား။ တဿ မယ်၊ လောဘ,ဒေါသ,မောဟတို့က စိတ်ကို လွှမ်းမိုးလျက်ရှိသော ထိုအကျွန်ုပ်အား။ ဧဝံ၊ ဤသို့ ယုံမှားတွေးတောခြင်းသည်။ ဟောတိ၊ ဖြစ်ပါသည် အရှင်ဘုရား။ ကိန္တိ၊ အဘယ်သို့ ဖြစ်ပါသနည်းဟူမူ။ ယေန၊ မပယ်ရသေးသော အကြင်ကိလေသာတရားကြောင့်။ ဧကဒါ၊ တစုံတခါ၌။ လောဘမ္မာပိ၊ လောဘတရားတို့သည်လည်း။ မေ၊ ငါ၏။ စိတ္တံ၊ ကြည်လင်သောစိတ်ကို။ ပရိယာဒါယ၊ ကုန်ပျောက်စေလျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဒေါသမ္မာပိ-ပေ-တိဋ္ဌန္တိ၊ ဒေါသတရားတို့ကလဲ ကြည်လင်သော စိတ်ကို ကုန်ပျောက်စေလျက် တည်ကုန်၏။ မောဟမ္မာပိ-ပေ-တိဋ္ဌန္တိ၊ မောဟတရားတို့ကလဲ ကြည်လင်သော စိတ်ကို ကုန်ပျောက်စေလျက် တည်ကုန်၏။ မေ အစ္ဆရိယော၊ ငါ၏ ကိုယ်တွင်းသန္တာန်၌။ အပ္ပဟီနော၊ မပယ်ရသေးသော။ သော ဓမ္မော၊ ထိုကိလေသာတရားသည်။ ကောနာမ၊ အဘယ်တရားပေနည်း။ ဧဝံ ဟော၊တိ၊ ဤသို့ ယုံမှားတွေးတောခြင်း ဖြစ်ပါသည် အရှင်ဘုရား။ ဧတိ၊ ဤသို့ မေးမြန်းလျှောက်ထား၏။ မဟာနာမ၊ မဟာနာမ်မင်း။ တေ အစ္ဆရိယော၊

သင်၏ ကိုယ်တွင်းသန္တာန်၌။ အပြဟိနော၊ မပယ်ရသေးသော တရားသည်။ သော ဧဝ ခေါ ဓမ္မော၊ ကြည်လင်သော စိတ်ကို ကုန်ပျောက်စေသော ထိုလောဘ, ဒေါသ, မောဟ တရားပင် တည်း။ ဤသို့စသည်ဖြင့် မြတ်စွာဘုရားက ဖြေကြား ဟောပြ တော်မူ၏။

ပစ္စဝေက္ခဏာ ၁-ပါးတည်းလဲ ဖြစ်ကြောင်း

"အယံ ကိရ ရာဇာ သကဒါဂါမိမဂ္ဂေန လောဘ-ဒေါသမောဟာ နိရဝသေသာ ပဟီယန္တီ"တိ သညီ အဟောသိ၊ အယံ "အပြဟိနံ မေ အတ္ထိ"တိပိ ဇာနာတိ၊ အပြဟိနကံ ဥပါဒါယ ပဟီနကံ ပုန ပန္ဆတောဝါဝတ္ထု-တိတိ သညီ ဟောတိ။ အရိယသာဝကဿ ဧဝံ သန္တေ-ဟော ဥပ္ပဇ္ဇတိတိ၊ အာမ ဥပ္ပဇ္ဇတိ၊ ကသ္မာ… ပဏ္ဏတ္တိ-ယာ အကောဝိဒတ္တာ။ "အယံ ကိလေသော အသုကမဂ္ဂ-ဝဇ္ဈော"တိ ဣမိဿာ ပဏ္ဏတ္တိယာ အကောဝိဒဿ ဟိ အရိယသာဝကဿာပိ ဧဝံ ဟောတိ။ ကိံ တဿ ပစ္စ-ဝေက္ခဏာ နတ္ထိတိ။ အတ္ထိ၊ သာ ပန နေ သမ္မေသံ ပရိ-ပုဏ္ဏာ ဟောတိ၊ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စ-ဝေက္ခတိ၊ ဧကော အဝသိဋ္ဌကိလေသမေဝ၊ ဧကော မဂ္ဂ-မေဝ၊ ဧကော ဖလမေဝ၊ ဧကော နိဗ္ဗာနမေဝ။ ဣမာသု ပဉ္စသု ပစ္စဝေက္ခဏာသု ဧကာ ဝါ ဒွေ ဝါ နော လဒ္ဓုံ နဝတ္ထန္တိ။ (အဋ္ဌကထာ ၁-၃၆၆)

အယံ ရာဇာ၊ သကဒါဂါမိဖြစ်သော ဤမဟာနာမ်မင်းသည်။ သကဒါဂါမိမဂ္ဂေန လောဘဒေါသမောဟာ နိရဝသေသာ ပဟီယန္တီတိ သညီ၊ လောဘ, ဒေါသ, မောဟတို့ကို သကဒါဂါမိ မဂ်က အကြွင်းမဲ့ ပယ်အပ်ကုန်၏ဟု အမှတ်ရှိသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ အယံ၊ ဤမင်းသည်။ အပြဟိနံ မေ အတ္ထိတိ-ပိ၊ ငါ့မှာ မပယ်ရသေးသော ကိလေသာရှိသေးသည် ဟူ၍လဲ။ ဇာနာတိ၊ သိ၏။ အပြဟိနကံ ဥပါဒါယ၊ မပယ်ရသေးသည်ကို စွဲမှီ၍။ ပဟီနကံ၊ ပယ်အပ်ပြီးသော ကိလေသာသည်။ ပုန ပန္ဆ-

တောဝါဝတ္တတိတိ သည်၊ တဖန် နောက်ကာလ၌ လည်၍ဖြစ်သည် = ပြန်ဖြစ်သည်ဟု အမှတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အရိယသာဝကဿ၊ အရိယာသာဝကအား။ ဧဝံ သန္တေဟော၊ ဤသို့သော ယုံမှားခြင်းသည်။ ဥပပဇ္ဇတိတိ၊ ဖြစ်တတ်ပါသေးသလော ဟူမူ။ အာမ ဥပပဇ္ဇတိ၊ ဖြစ်တတ်သည် မှန်ပေ၏။ ကသ္မာ၊ အဘယ့်ကြောင့် ဖြစ်ပါသနည်းဟူမူ။ ပဏ္ဏတ္တိယာ အကောဝိဒတ္တာ၊ ဒေသနာပညတ်၌ မကျွမ်းကျင် နားမလည်ခြင်းကြောင့် ပေတည်း။ ဟိ၊ ခဲ့၍ ပြဦးအံ့။ အယံ ကိလေသော အသုကမဂ္ဂဝဇ္ဈောတိ ဇာမိဿာ ပဏ္ဏတ္တိယာ အကောဝိဒဿ၊ ဤကိလေသာကို ဤမည်သော မဂ်က သတ်အပ်သည်ဟူသော ဤဒေသနာပညတ်၌ နားမလည်သော။ အရိယသာဝကဿာပိ၊ အရိယာသာဝကအား သော်လဲ။ ဧဝံ၊ ဤသို့သော ယုံမှားသည်။ ဟောတိ၊ ဖြစ်တတ်၏။ တဿ၊ ထိုအရိယာသာဝကအား။ ပစ္စဝေက္ခဏာ၊ ဆင်ခြင်မှု ပစ္စဝေက္ခဏာသည်။ နတ္ထိ ကိန္တိ၊ မရှိသလောဟူမူ။ အတ္ထိ၊ ရှိပေ၏။ ပန၊ သို့သော်လဲ။ သာ၊ ထိုပစ္စဝေက္ခဏာသည်။ သမ္မေသံ၊ အလုံးစုံသော အရိယာတို့အား။ ပရိပုဏ္ဏာ နု ဟောတိ၊ ပြည့်စုံသည်ချည်း မဟုတ်ပေ။ ဟိ၊ မပြည့်စုံပုံကို ပြအံ့။ ဧကော၊ တဦးသော အရိယာသည်။ ပဟီနကိလေသမေဝ၊ ပယ်အပ်ပြီး ကိလေသာကို သာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ။(ဤ၌ ဧဝ-သဒ္ဒါဖြင့် ကြွင်းသောလေးဌာနကို မဆင်ခြင်ဟု ပြ၏။ နောက်အပိုဒ်တို့၌လဲ နည်းတူပင်တည်း)။ ။ ဧကော၊ တဦးသော အရိယာသည်။ အဝသိဋ္ဌကိလေသမေဝ၊ ကြွင်းသော ကိလေသာကိုသာလျှင် ဆင်ခြင်၏။ ဧကော၊ တဦးသော အရိယာသည်။ မဂ္ဂမေဝ၊ မဂ်ကိုသာလျှင် ဆင်ခြင်၏။ ဧကော၊ တဦးသော အရိယာသည်။ ဖလမေဝ၊ ဖိုလ်ကိုသာလျှင် ဆင်ခြင်၏။ ဧကော၊ တဦးသော အရိယာသည်။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင် ဆင်ခြင်၏။ ဇာမာသု ပဇာသု ပစ္စဝေက္ခဏာသု၊ ဤငါးပါးသော ပစ္စဝေက္ခဏာတို့တွင်။ ဧကော ဝါ၊ တပါး ဖြစ်စေ။ ဒွေ ဝါ၊ နှစ်ပါးတို့ ဖြစ်စေ။ (ဝန္နန်-၏ ကတ္တားတို့ပေတည်း)။ နော လဒ္ဓုံ နဝန္နန်၊ မရခြင်းငှါ မဖြစ်ကုန်၊ ရခြင်းငှါသာလျှင် ဖြစ်ကုန်၏။ ။
(ပစ္စဝေက္ခဏာ တပါး ဖြစ်စေ, နှစ်ပါး ဖြစ်စေ, ကောန် မုချ ဖြစ်ရမည်ဟု ဆိုလို၏။)

တပါးသော အဋ္ဌကထာတို့၌ "မင်, ဖိုလ်, နိဗ္ဗာန်တို့ကို ကောန်ဆင်ခြင်သည်။ ပယ်ပြီး မပယ်သေးသော ကိလေသာတို့ကိုကား အနောကန်သာ ဆင်ခြင်သည်"ဟူ၍ တညီတညွတ်းသာလျှင် မိန့်ဆိုကုန်၏။ ဤပဏ္ဏာသ အဋ္ဌကထာ၌ကား ပစ္စဝေက္ခဏာ တပါးတည်းသာ ဖြစ်ခြင်းကိုလဲ ပြဆို၏။ ထို့ကြောင့်, တပါးသော အဋ္ဌကထာတို့မှ ထူးခြား၏။ သို့သော်လဲ, ပစ္စဝေက္ခဏာ တပါးတည်းသာ ဖြစ်သော အရိယာရှိသည်, မရှိသည်ကို မှန်ကန်စွာ ဆုံးဖြတ်ခြင်းသည် သာမန် ပုဂ္ဂိုလ်၏ အရာ မဟုတ်ပေ။ တသာသနာလုံးရှိ အရိယာ ဟူသမျှ၏ စိတ် ဖြစ်ပုံကို အကုန်အစင် သိမြင်နိုင်သော ပုဂ္ဂိုလ်မြတ်တို့၏ အရာသာလျှင် ဖြစ်ပေသည်။ သို့ဖြစ်၍, ဤပဏ္ဏာသအဋ္ဌကထာ စကားကိုလဲ ရိုသေစွာ မှတ်သားအပ်သည်သာတည်း။

ပယ်အပ်သော ကိလေသာ

ဤအရာ၌ ပဏ္ဏတ္တိကောဝိဒ ဖြစ်ခြင်း အကျိုးငှါ မင် လေးပါးတို့က ထိုက်သည်အား လျော်စွာ ပယ်အပ် ငြိမ်းစေအပ်သော ကိလေသာတို့ကို သိသာရုံမျှ အကျဉ်းအားဖြင့် ပိုင်းခြား၍ ပြဦးအံ့။

> သံယောဇနေသု တာဝ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော အပါယဂမနီယာ စ ကာမရာဂ-ပဋိဃာတိ ဧတေ ပဉ္စ ဓမ္မာ ပဌမညာဏဝတ္ထာ၊ သေသာ ကာမရာဂပဋိဃာ သြဠာရိကာ ဒုတိယညာဏဝတ္ထာ၊ သုခုမာ တတိယညာဏဝတ္ထာ၊ ရူပရာဂါဒယော ပဉ္စပိ စတုတ္ထ-ညာဏဝတ္ထာ ဧဝ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၅)

သံယောဇဉ် ၁၀-ပါးထဲက သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, အပါယ်သို့ လားစေနိုင်သော ကာမရာဂနှင့် ပဋိဃဟူသော ဤသံယောဇဉ် ငါးပါးကို ပဌမမဂ်က ပယ်၏။ အပါယ်သို့ မလားစေနိုင်သော ကာမရာဂနှင့် ပဋိဃတို့တွင်ကား ရုန်းရင်းကြမ်းတမ်းသော ကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ်က ပယ်၏။ သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃတို့ကို တတိယမဂ်က ပယ်၏။

ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ,အဝိဇ္ဇာ ဟူသော ဤသံယောဇဉ် ငါးပါးတို့ကို အရဟတ္တမဂ်က သာလျှင် ပယ်၏။

မှာထားချက်။ ။ပါဠိဠ္ဍ ဧ၀-သဒ္ဒါ, မြန်မာဠ္ဍ သာလျှင်-သဒ္ဒါတို့ဖြင့် မကန့်သတ်မူ၍ အထက်မဂ်က ပယ်သည်ဟု ဆိုရာ၌ "ထိုကိလေသာ၏ အပါယဂမနီယ အဖို့ကို ပဌမမဂ်က ပယ်သည်၊ အပါယဂမနီယ မဟုတ်သည့် ကြမ်းတမ်းသော အဖို့ကို ဒုတိယမဂ်က ပယ်သည်၊ သိမ်မွေ့သော အဖို့ကို တတိယမဂ်က ပယ်သည်။ ဤသို့ပယ်သင့်သော အဖို့ကို အောက်အောက် မဂ်များကလဲ ပယ်ပြီးသာ ဖြစ်သည်"ဟု သိပါလေ။

> ကိလေသေသု ဒိဋ္ဌိဝိစိကိစ္ဆာ ပဌမညာဏဝတ္ထုာ၊ ဒေါသော တတိယညာဏဝတ္ထုာ၊ လောဘ မောဟ မာန ထိန-ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပါနိ စတုတ္ထညာဏဝတ္ထုာနိ။
>
> (ဝိသုဒ္ဓိမဂ် ၂-၃၂၅)

ကိလေသာ ၁၀-ပါးထဲက ဒိဋ္ဌိနှင့်, ဝိစိကိစ္ဆာကို ပဌမမဂ်က ပယ်၏။ ဒေါသကို တတိယမဂ်က ပယ်၏။ လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ကို အရဟတ္တမဂ်က ပယ်၏။

(ဤဠ္ဍ ဧ၀-သဒ္ဒါ, သာလျှင်-သဒ္ဒါတို့ဖြင့် မကန့်သတ်သောကြောင့်, ဒေါသ၏ အပါယဂမနီယအဖို့၊ ရုန့်ရင်းသော အဖို့တို့ကို၊ ပဌမ,ဒုတိယ မဂ်တို့က ပယ်သည်၊ လောဘ, မောဟစသော ကိလေသာ ခုနစ်ပါးတို့၏ အပါယဂနီယအဖို့၊ ရုန့်ရင်းသောအဖို့၊ ကာမနှင့်ဆိုင်သော သိမ်မွေ့သော အဖို့တို့ကို အောက်မဂ် ၃-ပါးတို့က ပယ်သည်ဟု သိအပ်၏။ နောက်အပိုဒ်တို့၌လဲ နည်းတူပင် သိပါလေ။)

> မိဿတ္ထေသု မိဿာဒိဋ္ဌိ မုသာဝါဒေါ မိဿာကမ္မန္တော မိဿာအာဇီဝေါတိ ဧကမေ ပဌမညာဏဝတ္ထုာ။ မိဿာသင်္ကပ္ပေါ ဝိသုဏဝါစာ ဖရုသဝါစာတိ ဧကမေ တတိယညာဏဝတ္ထုာ။ စေတနာယေဝ စေတ္ထ ဝါစာတိ ဧဝဒိတဗ္ဗာ။ သမ္မပလာပ-မိဿာဝါယာမ သတိ သမာဓိ ဝိမုတ္တိ ညာဏာနိ စတုတ္ထ-ညာဏဝတ္ထုာနိ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၅)

မိဆ္ဆတ္တေသု၊ မိဆ္ဆာဒိဋ္ဌိ, မိဆ္ဆာသင်္ကပ္ပ, မိဆ္ဆာဝါစာ, မိဆ္ဆာကမ္မန္တ, မိဆ္ဆာအာဇီဝ, မိဆ္ဆာဝါယာမ, မိဆ္ဆာသတိ, မိဆ္ဆာသမာဓိ, မိဆ္ဆာဉာဏ်, မိဆ္ဆာဝိမုတ္တိဟူသော မိဆ္ဆတ္တတရား ၁၀-ပါးတို့တွင်။ မိဆ္ဆာဒိဋ္ဌိ မုသာဝါဒေါ မိဆ္ဆာကမ္မန္တော မိဆ္ဆာအာဇီဝေါ-တိ ဋီကမေ၊ မိဆ္ဆာဒိဋ္ဌိ, မိဆ္ဆာဝါစာထဲက မုသာဝါဒ, မိဆ္ဆာကမ္မန္တ, မိဆ္ဆာအာဇီဝ,ဟူသော ဤတရားတို့ကို။ ပဌမဉာဏဝဂ္ဂါ၊ ပဌမမဂ်ဉာဏ်က သတ်အပ်ကုန်၏။ မိဆ္ဆာသင်္ကပ္ပေါ ပိသုဏဝါစာ ဖရုသဝါစာ-တိ ဋီကမေ၊ မိဆ္ဆာသင်္ကပ္ပ, မိဆ္ဆာဝါစာထဲက ပိသုဏဝါစာ, ဖရုသဝါစာ,ဟူသော ဤတရားတို့ကို။ တတိယဉာဏဝဂ္ဂါ၊ တတိယမဂ်ဉာဏ်က သတ်အပ်ကုန်၏။ စ၊ ရှေးစကားဦး ထင်မှားဘွယ်ကို ပယ်လိုက်ဦးအံ့။ ထို၊ ဤ မိဆ္ဆာဝါစာ,ပိသုဏဝါစာ,ဖရုသဝါစာ, ဟူရာ၌။ စေတနာယေဝ၊ အကျိုးမဲ့ဖြစ်အောင် ပြောလိုသော စေတနာကိုသာလျှင်။ ဝါစာတိ၊ စကားဟူ၍။ ဝေဒိတမ္မာ၊ သိအပ်၏။

(ပြောဆိုသော စကားသံသည်ပင်လျှင် မုချအားဖြင့် ဝါစာမည်၏၊ သို့သော်လဲ, ထိုစကားသံ ရုပ် ဝါစာသည်ကား မဂ်က ပယ်အပ်သော ပဟာတမ္မတရား မဟုတ်ပေ၊ ထိုစကားသံကို ဖြစ်စေသော အကုသိုလ်စေတနာသည်သာလျှင် ပဟာတမ္မတရား ဟုတ်ပေသည်။ သို့ဖြစ်၍ ဤအရာ၌ ဤအကုသိုလ်စေတနာကို သာလျှင် မိဆ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာ,ဟု ဆိုသည်။ ဤစေတနာကိုသာလျှင် မဂ်က ပယ်သည်၊ သက်သက်သော စကားသံကိုကား မိဆ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာဟု မဆိုလို၊ ၎င်းစကားသံ သက်သက်ကို မဂ်ကလဲ ပယ်သည် မဟုတ်ဟု ဆိုလို၏။ သို့သော်လဲ, စေတနာမရှိလျှင် ထိုစေတနာနှင့် ဆိုင်သော ပြောဆိုမှုလဲ အများအားဖြင့် ကင်းငြိမ်းတတ်ပေ၏။ အရှင် ပိလိန္ဒဝစ္ဆမထေရ်ကဲ့သို့သော အချို့ပုဂ္ဂိုလ် အနည်းငယ်မှသာလျှင် အကုသိုလ်စိတ် စေတနာ မပါဘဲ ဝါသနာအလျောက် ပြောဆိုမှု ဖြစ်တတ်ပေသည်။)

သမ္မပလာပ မိစ္ဆာဝါယာမ သတိ သမာဓိ ဝိမုတ္တိ ဉာဏာနိ၊ မိစ္ဆာဝါစာထဲက သမ္မပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့ကို။ စတုတ္ထဉာဏ-ဝစ္ဆာနိ၊ အရဟတ္တမဂ်ဉာဏ်က သတ်အဝ်ကုန်၏။

ဤမိစ္ဆတ္တ(၁၀)ပါးတို့တွင် ဝစီဒုစ္စရိုက် ၄-ပါး အကုသိုလ် စေတနာသည် မိစ္ဆာဝါစာမည်၏။ ကာယဒုစ္စရိုက် ၃-ပါး အကုသိုလ် စေတနာသည် မိစ္ဆာကမ္မန္တ မည်၏။ အသက်မွေးမှုနှင့် ဆိုင်သော ကာယ, ဝစီ, ဒုစ္စရိုက်(၇)ပါး အကုသိုလ်စေတနာသည် မိစ္ဆာအာဇီဝ မည်၏။ သား မယား၊ကို သတိရခြင်း, ပျော်ပါး ခံစားခဲ့ဘူးသည်ကို သတိရခြင်း, ရန်ဖြစ်ခဲ့ဘူးသည်ကို သတိရခြင်း, စသည်ဖြင့် လောကီအာရုံ ဝတ္ထု အမှု ကိစ္စများကို တဖန် သတိရ အောက်မေ့သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည် မိစ္ဆာသတိ မည်၏။ မကောင်းမှု အရာတို့၌ ပြီးစီးကြောင်း နည်းလမ်းကို ကြံသည်၏အစွမ်းဖြင့် မကောင်းမှုကို ပြုလုပ်ပြီးလျှင် ထိုပြုပုံကိုပင် ကောင်းပေစွဟု ပြန်လည် ဆင်ခြင်လျက်ဖြစ်သော မောဟသည် မိစ္ဆာဉာဏ်မည်၏။ ကိလေသာမှ မလွတ်သေးပါဘဲလျက်၊ လွတ်ပြီဟု ထင်ခြင်းသည်ဌာန်း, ကိလေသာမှ မလွတ်သော တရားကိုပင်၊ လွတ်သော တရားထူးဟု ထင်ခြင်းသည်ဌာန်း, မိစ္ဆာဝိမုတ္တိမည်၏။ တရားကိုယ်အားဖြင့် လောဘမူ စိတ္တုပ္ပါဒ်ပင်တည်း။ အပါယဂမနီယ ဖြစ်သော ဤ မိစ္ဆာဝိမုတ္တိကို ပဌမ မဂ်က ပယ်၏။ အပါယဂမ-နီယ မဟုတ်သော သြဠာရိက, သုခုမ, ကာမရာဂဆိုင်ရာ မိစ္ဆာဝိမုတ္တိ တို့ကို ဒုတိယ, တတိယ မဂ်တို့က ပယ်ကုန်၏။ ဘဝရာဂ ဆိုင်ရာ မိစ္ဆာဝိမုတ္တိကို အရဟတ္တမဂ်က ပယ်၏။ ကြွင်းသော မိစ္ဆတ္တတို့၏ တရားကိုယ်များမှာ ထင်ရှားကုန်၏။

> လောကဓမ္မေသု ပဋိဃော တတိယဉာဏဝဇ္ဈော။ အနု-နယော စတုတ္ထဉာဏဝဇ္ဈော၊ ယသေ စ ပသံသာယ စ အနုနယော တတိယဉာဏဝဇ္ဈောတိ ဧကေ။
>
> (ဝိသုဒ္ဓိမဂ် ၂-၃၂၅)

လောကဓံ ရှစ်ပါးထဲက လာဘ်မရခြင်း, အခြွေအရံ နဲပါး ပျက်စီးခြင်း, ဆင်းရဲခြင်း, အကဲ့ရဲ့ခံရခြင်းတို့ကြောင့် ဖြစ်တတ်သော ဒေါသကို အနာဂါမိမဂ်က ပယ်၏။ လာဘ်ရခြင်း, အခြွေအရံများခြင်း, ကိုယ်စိတ်ချမ်းသာခြင်း, ချီးမွမ်းခံရခြင်းတို့ကြောင့် ဖြစ်တတ်သော သာယာမှု လောဘကို အရဟတ္တ မဂ်က ပယ်၏။ ကောဝါဒ အရ အားဖြင့် အခြွေအရံ များခြင်း, ချီးမွမ်းခံရခြင်းတို့၌ သာယာမှု လောဘကို တတိယ မဂ်က ပယ်သည်ဟု မှတ်ရာ၏။ (စာအုပ်တို့၌ကား ဤ ကောဝါဒ အရာမှာလဲ စတုတ္ထဉာဏဝတ္ထော ဟူ၍ပင် ရှိ၏။ ထိုပါဠိ အရ အားဖြင့် သမာနဝါဒမှ ထူးခြားသော အနက်ကို မရနိုင်။ ထို့ကြောင့် ဤအရာ၌ တတိယဉာဏဝတ္ထော ကိုသာလျှင် မူလရင်းပါဠိမှန်ဟု မှတ်ရာ၏။)

ကျောင်းတိုက် ပရိဝုဏ် ကျောင်းဆောင် ကျောင်းခန်းစသော မိမိ နေထိုင်ရာ အရပ်၌ တပါးသော ပုဂ္ဂိုလ် လာရောက် နေထိုင်မည်ကို သည်းမခံနိုင်ခြင်း, မလိုလားခြင်း, လာရောက် နေထိုင်သဲ့ ပုဂ္ဂိုလ်ကိုလဲ တခြားသို့ သွားစေလိုခြင်း, များသည် **အာဝါသမစ္ဆရိယ** မည်၏။ သို့သော်, ရန်ဖြစ်တတ်သူ အစရှိသော ဆိုးသွမ်းသော ပုဂ္ဂိုလ်၏ လာရောက် နေထိုင်ခြင်းကို မလိုလား ခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။

(ဘဏ္ဍနကာရကာဒီနံ ပန တတ္ထ ဝါသံ အနိစ္ဆတော အာဝါသမစ္ဆရိယံ နာမ နဟောတိ။ အဋ္ဌသာလိနီ။)

အလုပ် အကျွေး ဒါယကာ, ဒါယိကာမ, ဆွေမျိုး စသော ခင်မင် ရင်းနှီးသော ပုဂ္ဂိုလ်များထံသို့ တပါးသော ပုဂ္ဂိုလ် ချဉ်းကပ်ဝင်ရောက်သည်ကို သည်းမခံနိုင်ခြင်း, မလိုလားခြင်းသည် **ကုလ-မစ္ဆရိယမည်**၏။သို့သော်,ယုတ်မာ ဆိုးသွမ်းသောပုဂ္ဂိုလ်၏ ချဉ်းကပ်ဝင်ရောက်ခြင်းကို မလိုလားခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။ (ပါပပုဂ္ဂလဿ ပန ဥပသင်္ကမနံ အနိစ္ဆန္တောပိ မစ္ဆရိနာမ န ဟောတိ-ဎင်းပင်။)

ပစ္စည်းများကို မိမိသာ ရလို၍ သူတပါးအား မရစေလိုခြင်းသည် **လာဘ မစ္ဆရိယ မည်**၏။ သို့သော်, သဒ္ဓါဒေယျ ဝိနိပါတန စသည်ဖြင့် ပစ္စည်းတို့ကို အကျိုးမဲ့ ပျက်စီးစေသော ပုဂ္ဂိုလ်အား ဎင်း, ပစ္စည်း ပေါများ ပြည့်စုံလျှင် သူတပါးကို လွှမ်းမိုးနှိပ်စက်ခြင်း စသည်ဖြင့် မတော်မသင့်ပြုမည့် ပုဂ္ဂိုလ်အား ဎင်း, မရစေလို

ခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။ ထို့ပြင် မိမိမှာ အသင့် ရရှိပြီးသော ပစ္စည်းကို ပေးလှူသင့်သော သီလဝန္တ သီတင်းသုံးဘော်တို့အား မပေး မလှူနိုင်ခြင်း သည်လည်း ဤလာဘ မစ္ဆရိယပင် တည်း။ သို့သော် အလွန်ခင်မင် မြတ်နိုးအပ်သော ဝတ္ထု၊ကို မပေး မလှူနိုင်ခြင်းမှာ မစ္ဆရိယကြောင့် မဟုတ်ဘဲ လောဘ ကြောင့်လဲ ဖြစ်နိုင်သေး၏။ "မိမိပစ္စည်းကို သူတပါးပိုင်ဆိုင်သုံးစွဲမည်၌ သည်း မခံနိုင်ခြင်းသည် မစ္ဆရိယ၏ လက္ခဏာပေတည်း။ မိမိပစ္စည်းကို မစွန့်လွှတ်နိုင်အောင် ခင်မင်တွယ်တာခြင်းသည်ကား လောဘ၏ လက္ခဏာပေတည်း"။ ဤအထူးကိုလဲ သိအပ်၏။ ထို့ပြင်, မလွဲမရှောင်သာအောင် တကယ် အသုံးကျနေသော ဝတ္ထု ဖြစ်၍ မစွန့်နိုင်ခြင်းမှာ ပဋိသန္ဓေ ဉာဏ်ကြောင့်လဲ ဖြစ်နိုင် သေး၏။ အခက်း(၄) သံယောဇဉ်ကို သိပုံအရာ၌ ပြန်၍ ကြည့်ပါလေဦး။

သူတပါး၏ အဆင်း လှပခြင်း, အကျင့် ကောင်းခြင်း, စသော ဂုဏ်ကို မပြောစေလိုခြင်း, မကြားမနာလိုခြင်းသည်ဌင်း, မိမိမှာ ရှိသော ဂုဏ်များနှင့် သူတပါးအား မပြည့်စုံစေလိုခြင်းသည်ဌင်း, **ဝဏ္ဏမစ္ဆရိယ** မည်၏။ သို့သော်, မဟုတ်မမှန်သော ဂုဏ်ဖြင့် ချီးမွမ်းစကားကို မပြော စေလိုခြင်း, မကြား မနာ လိုခြင်း သည်ကား မစ္ဆရိယ မဟုတ်ပေ။

မိမိ တတ်သိသော တရားကျမ်းဂန်ကို သူတပါးအား မတတ် မသိစေလိုခြင်းသည် **ဓမ္မမစ္ဆရိယမည်**၏။ သို့သော် စိတ်သဘောထား မဖြောင့်မတ်သောသူအား မတတ် မသိ စေလို ခြင်းသည်ကား မစ္ဆရိယမဟုတ်ပေ။ ဤ ငါးပါးသော မစ္ဆရိယ တို့ကို သောတာပတ္တိမဂ်ကပယ်၏။ **မစ္ဆရိယာနိ ပဌမဉာဏဝဋ္ဌာနိ**။(ဝိသုဒ္ဓိမဂ် ၂-၃၂၅)

> ဝိပလ္လာသေသု အနိစ္စေ နိစ္စန္တိ အနတ္တာနိ အတ္တာတိ စ သညာစိတ္တဒိဋ္ဌိဝိပလ္လာသာ, ဒုက္ခေ သုခန္တိ အသုဘေ သုဘန္တိ ဒိဋ္ဌိဝိပလ္လာသေစ၊တိ ဇုမေ ပဌမဉာဏဝဋ္ဌာ။ အသုဘေ သုဘန္တိ သညာစိတ္တဝိပလ္လာသာ တတိယ-ဉာဏဝဋ္ဌာ။ ဒုက္ခေ သုခန္တိ သညာ စိတ္တဝိပလ္လာသာ စတုတ္ထဉာဏဝဋ္ဌာ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၆)

ဝိပလ္လာသ ၁၂-ပါးထဲက မမြဲတဲ့ ရုပ်နာမ်၌ မြဲသည်ဟု အမှတ်မှား,အသိမှား,အယူမှား,၃-ပါး၊ ငါကောင်မဟုတ်တဲ့ ရုပ်နာမ်၌ ငါကောင်ဟု အမှတ်မှား, အသိမှား, အယူမှား, ၃-ပါး၊ ဆင်းရဲတဲ့ ရုပ်နာမ်၌ ချမ်းသာဟု အယူမှားမှု ၁-ပါး၊ မတင့်တယ်တဲ့ ရုပ်တရား၌ တင့်တယ်သည်ဟု အယူမှားမှု ၁-ပါး၊ ဤဝိပလ္လာသ ရှစ်ပါးကို ပဌမမဂ်က ပယ်၏။ မတင့်တယ်တဲ့ ရုပ်တရား၌ တင့်တယ်သည်ဟု အမှတ်မှား, အသိမှား, ဟူသော ဤဝိပလ္လာသ နှစ်ပါးကို တတိယမဂ်က ပယ်၏။ ဆင်းရဲတဲ့ ရုပ်နာမ်၌ ချမ်းသာဟု အမှတ်မှား, အသိမှား, ဟူသော ဤဝိပလ္လာသနှစ်ပါးကို အရဟတ္တမဂ်က ပယ်၏။

သောတာပန် သကဒါဂါမ်တို့မှာ မိမိ၏ကိုယ်ခန္ဓာ,သူတပါး၏ကိုယ်ခန္ဓာတို့၌ "တင့်တယ်သည်၊ချမ်းသာ ကောင်းစားသည်"ဟု ထင်မှတ်မှားမှု သညာဝိပလ္လာသနှင့်, သိမှားမှု စိတ္တဝိပလ္လာသတို့ မကင်းကြသေး၊ ထို့ကြောင့် ကာမဂုဏ် အာရုံဝတ္ထုများနှင့် ခံစားမွေ့လျော် ရွှင်ပျော်နိုင်ကြလေသည်။ သို့သော်လဲ "တကယ်ပင် တင့်တယ်သည်၊ တကယ်ပင် ချမ်းသာသည်"ဟူ၍ မြဲမြံစွာ စွဲလမ်းယူဆမှားသော ဒိဋ္ဌိဝိပလ္လာသ တရားသည်ကား မရှိတော့ပြီ၊ ထို့ကြောင့် စဉ်းစား ဆင်ခြင်ကြည့်သောအခါ၌ "တင့်တယ် ချမ်းသာသည်"ဟု ခေါ်လောက်သော အရာကို မတွေ့မြင်ရတဲ့ ရှိပေသည်။ အနာဂါမ်မှာလဲ "ချမ်းသာ ကောင်းစား သည်"ဟု ထင်မှတ်မှားမှု သညာဝိပလ္လာသ, သိမှားမှု စိတ္တဝိပလ္လာသတို့ မကင်းကြသေး၊ ထို့ကြောင့် မိမိ၏ကိုယ်ခန္ဓာ၌ ခင်မင် တွယ်တာလျက် ရူပဘဝ, အရူပဘဝတို့၌ ပျော်မွေ့နိုင်ကြ လေသည်။

တရားစီရင် ဆုံးဖြတ်ခြင်း,ပစ္စည်းဝေဘန်ခြင်း,ချီးမွမ်းကဲ့ရဲ့ခြင်း, ဆုံးမခြင်း, ချီးမြှောက်ခြင်း စသည်တို့ကို ပြုသောအခါ၌ ချစ်သူဘက်သို့ လိုက်၍ မတရားပြုခြင်းသည် ဆန္ဒာဂတိမည်၏။ မုန်းသူဘက်ကို နှိပ်၍ မတရားပြုခြင်းသည် ဒေါသာဂတိမည်၏။ မသိနားမလည်သဖြင့် မှားယွင်း၍ မတရားပြုခြင်းသည် မောဟာဂတိမည်၏။ ကြောက်သူဘက်သို့ လိုက်၍ မတရားပြုခြင်းသည် ဘယာ

ဂတိမည်၏။ ဤအဂတိ ၄-ပါးကို သောတာပတ္တိမဂ်က ပယ်၏။ အဂတိ ပဌမဉာဏဝတ္ထုဝဏ္ဏနာ။ (ဝိသုဒ္ဓိမဂ်)

ကာမာသဝနှင့် ဘဝါသဝတို့ကို သုတ္တန်နည်းအရအားဖြင့် ဤသို့ ပိုင်းခြားမှတ်သားရာ၏။ ငါးပါးသော ကာမဂုဏ် အာရုံဝတ္ထုတို့၌ လိုချင် တပ်မက် နှစ်သက်သာယာမှု လောဘသည် ကာမာသဝမည်၏။ ရူပဘဝ,အရူပဘဝ,ရူပဈာန်,အရူပဈာန်တို့၌ နှစ်သက်သာယာမှု လောဘသည်ဎင်း, သဿတဒိဋ္ဌိနှင့် တကွဖြစ်သော လောဘသည်ဎင်း, လူ နတ် နဂါး ဂဠုန်အဖြစ်၊ မိန်းမယောကျ်ားအဖြစ်စသော ကာမဘဝ၌ တောင့်တသာယာမှု လောဘသည်ဎင်း, ဘဝါသဝမည်၏။ ဤကား သုတ္တန်နည်းအရအားဖြင့် ပိုင်းခြားပုံတည်း။ အဘိဓမ္မာနည်းအရအားဖြင့်မူကား “ဘဝါသဝေါ စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တ လောဘသဟဂတစိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ” ဟူသော ဓမ္မသင်္ဂဏိပါဠိ, “ရူပါရူပသဒ္ဒါတေ ကမ္မတော ဥပပတ္တိတော စ ဒုဝိဓေ ဘဝေ အာသဝေါ ဘဝါသဝေါ” ဟူသော အဋ္ဌသာလိနီတို့နှင့်အညီ ရူပဘဝ, အရူပဘဝ, ရူပဈာန်, အရူပဈာန်တို့၌ နှစ်သက်သာယာလျက်ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ် လောဘသည်သာလျှင် ဘဝါသဝမည်၏။ အနာဂါမ်၏ သန္တာန်၌သော်လဲ ရှိ၍ အရဟတ္တမဂ်ဖြင့် ပယ်အပ်သော ဘဝရာဂပင်တည်း။

“ကာမာသဝေါ အဋ္ဌသု လောဘသဟဂတစိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ” ဟူသော ဓမ္မသင်္ဂဏိပါဠိ, “ပဉ္စကာမဂုဏိကရာဂေါတိ ဥက္ကဋ္ဌဝသေန ဝုတ္တံ ဘဝါသဝံ ဌပေတွာ သဗ္ဗော လောဘော ကာမာသဝေါတိ ယုတ္တံ သိယာ”ဟူသော မူလဋီကာ, “တတ္ထ ကာမဘဝပတ္ထနာယ တာဝ ကာမာသဝဘာဝေါ ဟောတု၊ ရူပါရူပဘဝေသု သဿတာဘိနိဝေသသဟဂတရာဂဿ ကထန္တိ? သောပိ ယထာ ဝုတ္တဝိသယေ ကာမနဝသေန ပဝတ္တိတော ကာမာသဝေါယေဝ နာမ၊ သဗ္ဗေပိ ဟိ တေဘူမကာ ဓမ္မာ ကမနီယဋ္ဌေန ကာမာတိ။ န စေတ္ထ အနိဋ္ဌပ္ပသင်္ဂေါ၊ ဒိဋ္ဌိဝိပ္ပယုတ္တလောဘဿ ဘဝါသဝဘာဝေန ဝိသုံ ဥဒ္ဓဋတ္တာ။ အဝဿဉ္စေတမေဝံ ဝိညာတဗ္ဗံ၊

ဇုတရထာ ရူပါရူပဘဝေသု ဥစ္ဆေဒ ဒိဋ္ဌိသဟဂတဿာပိ လော-
ဘဿ ဘဝါသဝဘာဝေါ အာပဇ္ဇေယျာတိ” ဟူသော အနုဋီကာ
တို့နှင့်အညီ,

ထိုဘဝါသဝမှ ကြွင်းသော လောဘဟူသမျှသည် ကာမာ
သဝ ချည်းသာတည်း။ ဒိဋ္ဌိသည် ဒိဋ္ဌာသဝ မည်၏။ မောဟသည်
အဝိဇ္ဇာသဝ မည်၏။ ဤ အာသဝေါတရားလေးပါးတို့တွင် ဒိဋ္ဌာ-
သဝကို ပဌမမဂ်က ပယ်၏၊ ကာမာသဝကို တတိယမဂ်က ပယ်၏၊
ဘဝါသဝ, အဝိဇ္ဇာသဝတို့ကို အရဟတ္တမဂ်က ပယ်၏။

အာသဝေသု ဒိဋ္ဌာသဝေါ ပဌမဉာဏဝဇ္ဈော၊ ကာ-
မာသဝေါ တတိယဉာဏဝဇ္ဈော၊ ဇုတရေ ဒွေ စတုတ္ထ-
ဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၆)

နိဝရဏ ငါးပါးထဲက ဝိစိကိစ္ဆာကို ပဌမမဂ်က ပယ်၏၊
သုတ္တန်နည်းအရဖြစ်သော ဥဂ္ဂဟ ကာမစ္ဆန္ဒနှင့်, ဗျာပါဒ, ကုက္ကုစ္စ
တို့ကို တတိယမဂ်က ပယ်၏။ ထိန, မိဒ္ဓ, ဥဒ္ဓစ္စတို့ကို အရဟတ္တ-
မဂ်က ပယ်၏။ အဘိဓမ္မာဋ္ဌကား ရူပရာဂ, အရူပရာဂတို့ကိုလဲ
ကာမစ္ဆန္ဒဟု ဟောတော်မူ၏။ အဘိဓမ္မာနည်းအရ ထိုကာမစ္ဆန္ဒ
ကိုကား အရဟတ္တမဂ်က အကြွင်းမဲ့ ပယ်၏။

ဗုဒ္ဓသာသနာတော်၏အနှစ်သာရဖြစ်သော သီလ, သမာဓိ, ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသည့်

ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
နိဗ္ဗာန်လမ်းမကြီး

တတိယတွဲ

ဒေါက်တာမင်းတင်မွန်
ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတတိယတွဲကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြထားသည့်
နှစ်သုံးဆယ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များပါရှိသည့်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူတို့၏လက်စွဲ

• ၆ မုဠ္ဍတုကမျတာညာဏ်ကို ပြဆိုခြင်း

နိဗ္ဗိဒါဉာဏ်ဖြင့် အလုံးစုံသောသင်္ခါရတို့၌ ငြီးငွေ့, ပျင်းရိလျက် မပျော်မွေ့သော ယောဂီ၏စိတ်သည် အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တဝါသတို့၌တည်ကုန်သော ခဏမစဲ မပြတ်ပျက်စီးတတ်ကုန်သောသင်္ခါရတို့တွင် တစ်ခုသောသင်္ခါရ၌သော်လည်း မကပ်, မငြို, မတွယ်တာဘဲ အလုံးစုံသောသင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိ၏။ ထွက်မြောက်ခြင်းငှာအလိုရှိ၏။ ထိုသို့အလုံးစုံသော သင်္ခါရတို့၌ တွယ်တာခြင်းကင်းလျက် အလုံးစုံသော သင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ, ထွက်မြောက်ခြင်းငှာ အလိုရှိသောဉာဏ်သည် ''မုဠ္ဍတုကမျတာဉာဏ်'' မည်၏။

ဥပမာသော်ကား – ပိုက်ကွန်၌မိနေသောငါး၊ မြွေခံတွင်းသို့ရောက်နေသောဖား၊ လျှောင်အိမ်ထဲ၌ရှိသောတောကြွက်၊ ခိုင်မြဲသောကျောက်ကွင်းဖြင့်ဖွဲ့မိနေသောသမင်၊ အလမ္ဘာယ်ဆရာလက်တွင်းသို့ရောက်နေသောမြွေ၊ ညွှန်နစ်နေသောဆင်၊ ဂဠုန်ခံတွင်းသို့သက်ဆင်းရသည့် နဂါး၊ ရာဟုခံတွင်းသို့ဝင်ရောက်နေသည့်လ၊ ရန်သူတို့ဝန်းရံထားသောယောဂျာစသည်တို့သည် အနှောင်အဖွဲ့ဘေးရန်အသီးသီးမှ လွတ်မြောက်လို, ထွက်မြောက်လိုကြသကဲ့သို့ ထိုယောဂီ၏စိတ်သည် အလုံးစုံသောသင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ, ထွက်မြောက်ခြင်းငှာ အလိုရှိ၏။ ထိုအခါ၌ အလုံးစုံသောသင်္ခါရတို့၌ တွယ်တာခြင်းကင်းလျက် အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်ခြင်းငှာအလိုရှိသော ထိုယောဂီအား **မုဠ္ဍတုကမျာတာဉာဏ်** သည်ဖြစ်၏။

မှတ်ချက် – ဘင်္ဂါနုပဿနာဉာဏ်, ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဠ္ဍတုကမျတာဉာဏ်တို့သည် ရုပ်နာမ်သင်္ခါရတို့၏အပျက်သဘောသက်သက်ကို အာရုံပြုလျက် ရှုမှတ်နေသည့်ဉာဏ်များ ဖြစ်ကြ၏။

• ၇ ပဋိသင်္ခါနုပဿနာဉာဏ်ကို ပြဆိုခြင်း

အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌တည်ရှိကြသော ခဏမစဲမပြတ်ပျက်စီးတတ်ကုန်သောသင်္ခါရအပေါင်းမှ လွတ်မြောက်လိုသောယောဂီသည်

အလုံးစုံသောသခ်ၤရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ ထိုသခ်ၤရတို့ကိုပင်လျှင် လက္ခဏာသုံးပါးတင်၍ တစ်ဖန်သိမ်းဆည်း၏။

ထိုသို့တစ်ဖန်သိမ်းဆည်းသောဉာဏ်သည် ပဋိသခ်ၤနုပဿနာဉာဏ်မည်၏။

• ပဋိသခ်ၤနုပဿနာဉာဏ်ဖြင့် သိမ်းဆည်းပုံ

ယောဂီသည် သခ်ၤရတရားတို့၏ပျက်ခြင်းကို အာရုံယူ၍ အကျဉ်းအားဖြင့် တစ်ဖန်လက္ခဏာသုံးပါးတင်ရှု၏။ အကျယ်အားဖြင့်မူ အနိစ္စအခြင်းအရာ ၁၄ ပါး၊ ဒုက္ခအခြင်းအရာ ၂၈ ပါး၊ အသုဘအခြင်းအရာ ၉ ပါး၊ အနတ္တအခြင်းအရာ ၉ ပါးတို့ဖြင့် ဝိပဿနာရှု၏။ ဤသို့ ဝိပဿနာရှုခြင်းကို **ပဋိသခ်ၤနုပဿနာ**ဟုခေါ်၏။

• အနိစ္စအခြင်းအရာ ၁၄ ပါး

ယောဂီသည် အလုံးစုံသောသခ်ၤရတရားတို့ကို –

(၁) ပျက်ခြင်းဟူသောအဆုံးကို မလွန်နိုင်သောကြောင့်လည်းကောင်း၊
(၂) အခိုက်အတန့်မျှတည်သောကြောင့်လည်းကောင်း၊
(၃) ဖြစ်ခြင်းပျက်ခြင်းဖြင့် ပိုင်ခြားအပ်သောကြောင့်လည်းကောင်း၊
(၄) အလွန်ပျက်သောကြောင့်လည်းကောင်း၊
(၅) တုန်လှုပ်သောကြောင့်လည်းကောင်း၊
(၆) ပျက်လွယ်သောကြောင့်လည်းကောင်း၊
(၇) မခိုင်ခံ့သောကြောင့်လည်းကောင်း၊
(၈) ဖောက်ပြန်ခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၉) အနှစ်မရှိသောကြောင့်လည်းကောင်း၊
(၁၀) ကြီးပွားစည်ပင်ခြင်းကင်းသောကြောင့်လည်းကောင်း၊
(၁၁) ပေါင်းစု၍ပြုအပ်သောကြောင့်လည်းကောင်း၊
(၁၂) သေခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၁၃) ဥပါဒ်နှင့်ဆင်တူသောအစနှင့် အဆုံးရှိသောကြောင့်လည်းကောင်း၊
(၁၄) နိစ္စ၏သဘောကို ပယ်ခြင်းကြောင့်လည်းကောင်း၊
အထက်ပါအကြောင်းအသီးသီးကြောင့် အနိစ္စ–မမြဲဟုရှု၏။

• ဒုက္ခအခြင်းအရာ ၂၈ ပါး

(၁) မပြတ်နှိပ်စက်သောကြောင့်လည်းကောင်း၊
(၂) မခံသာသောကြောင့်လည်းကောင်း၊
(၃) ဆင်းရဲခြင်း၏တည်ရာထွာဖြစ်သောကြောင့်လည်းကောင်း၊
(၄) စွဲကပ်နေသောရောဂါနှင့်တူသောကြောင့်လည်းကောင်း၊
(၅) အိုင်းအမာနှင့်တူသောကြောင့်လည်းကောင်း၊
(၆) စူးဝင်နေသောငြောင့်နှင့်တူသောကြောင့်လည်းကောင်း၊
(၇) မကောင်းမှုနှင့်တူသောကြောင့်လည်းကောင်း၊
(၈) ဖျားနာမှုနှင့်တူသောကြောင့်လည်းကောင်း၊

(၉) ဘေးရန်နှင့်တူသောကြောင့်လည်းကောင်း၊
(၁၀) ဥပဒ္ဒဝေါနှင့်တူသောကြောင့်လည်းကောင်း၊
(၁၁) ဘေးနှင့်တူသောကြောင့်လည်းကောင်း၊
(၁၂) ကပ်ငြိသောအနှောင့်အယှက်နှင့်တူသောကြောင့်လည်းကောင်း၊
(၁၃) မစောင့်ရှောက်တတ်သောကြောင့်လည်းကောင်း၊
(၁၄) ပုန်းအောင်းရာမဟုတ်သောကြောင့်လည်းကောင်း၊
(၁၅) ကိုးကွယ်ရာမဟုတ်သောကြောင့်လည်းကောင်း၊
(၁၆) အပြစ်အာဒီနဝဖြစ်သောကြောင့်လည်းကောင်း၊
(၁၇) မကောင်းမှု၏အမြစ်အရင်းဖြစ်သောကြောင့်လည်းကောင်း၊
(၁၈) သူသတ်ယောကျ်ားနှင့်တူသောကြောင့်လည်းကောင်း၊
(၁၉) အာသဝေါတရားတို့၏အာရုံဖြစ်သောကြောင့်လည်းကောင်း၊
(၂၀) သူသတ်သမား–မာရ်တို့၏သတ်စရာအစာဖြစ်သောကြောင့်၎င်း၊
(၂၁) ဖြစ်ခြင်းဇာတိသဘောရှိသောကြောင့်လည်းကောင်း၊
(၂၂) အိုခြင်းဇရာသဘောရှိသောကြောင့်လည်းကောင်း၊
(၂၃) နာခြင်းဗျာဓိသဘောရှိသောကြောင့်လည်းကောင်း၊
(၂၄) စိုးရိမ်ခြင်းသောကသဘောရှိသောကြောင့်လည်းကောင်း၊
(၂၅) ငိုကြွေးခြင်း(ပရိဒေဝ)သဘောရှိသောကြောင့်လည်းကောင်း၊
(၂၆) ပြင်းစွာပူပန်ခြင်း(ဥပါယာသ)သဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၇) ကိလေသာတို့၏စွဲမှီရာအာရုံသဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၈) ချမ်းသာသုခကိုပယ်ခြင်းကြောင့်လည်းကောင်း၊
အထက်ပါအကြောင်းတို့ကြောင့် ဒုက္ခ–ဆင်းရဲဟုရှု၏။။

• အသုဘအခြင်းအရာ ၉ ပါး

(၁) မနှစ်မြို့ဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၂) မကောင်းသောအနံ့ရှိသောကြောင့်လည်းကောင်း၊
(၃) စက်ဆုပ်ဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၄) ရွံရှာဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၅) တန်ဆာမဆင်ခြင်းဖြင့် တင့်တယ်မှုပျက်စီးသောကြောင့်လည်းကောင်း၊
(၆) အဆင်းမလှသောကြောင့်လည်းကောင်း၊
(၇) အလွန်အမြင်ဆိုးသောကြောင့်လည်းကောင်း၊
(၈) မစင်ကြယ်သည့်အဖြစ်ကြောင့်လည်းကောင်း၊
(၉) စိတ်နှလုံးကိုမတိုးပွားစေတတ်သောကြောင့်လည်းကောင်း၊
အထက်ပါအကြောင်းတို့ကြောင့် အသုဘ–မတင့်တယ်ရွံစရာဟုရှု၏။။

• အနတ္တအခြင်းအရာ ၉ ပါး

(၁) ပြင်ပသူစိမ်းဖြစ်သောကြောင့်လည်းကောင်း၊

(၂) အတ္တမှကင်းသောကြောင့်လည်းကောင်း၊
(၃) အချည်းနှီးဖြစ်သောကြောင့်လည်းကောင်း၊
(၄) အတ္တမှဆိတ်သုဉ်းခြင်းကြောင့်လည်းကောင်း၊
(၅) ပိုင်ရှင်မရှိသောကြောင့်လည်းကောင်း၊
(၆) အစိုးမရသောကြောင့်လည်းကောင်း၊
(၇) အလိုအတိုင်းမဖြစ်သောကြောင့်လည်းကောင်း၊
(၈) ရှေ့ဆောင်အကြီးအကဲမဖြစ်သောကြောင့်လည်းကောင်း၊
(၉) အတ္တကိုပယ်ခြင်းကြောင့်လည်းကောင်း၊
အထက်ပါအကြောင်းတို့ကြောင့် အနတ္တ–အတ္တမဟုတ်ဟု ရှု၏၊
ဤဆိုခဲ့သည့်အတိုင်း ယောဂီသည် သခါရတို့ကို လက္ခဏာသုံးပါးတင်၍ရှုပြီးဖြစ်လေ၏။

- **သခါရတို့ကို တစ်ဖန်သိမ်းဆည်းခြင်း၏အကျိုးနှင့် မြွေဥပမာ**

သခါရတို့ကို အဘယ့်ကြောင့်တစ်ဖန်သိမ်းဆည်းရသနည်းဟူမူ သခါရတို့ကို စွန့်လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်းအကျိုးငှာ တစ်ဖန်သိမ်းဆည်းခြင်းဖြစ်ပေ၏။

ထိုသို့သိမ်းဆည်းရာ၌ **ဥပမာကား** တံငါယောက်ျားသည် ငါးဖမ်းရန် ငါးမြို့ကိုရောထဲ၌ ချ၍ထောင်ထား၏။ ခဏကြာလျှင် တံငါသည် မြို့ဝအတွင်းလက်သွင်း၍ နှိက်ကြည့်ရာ မြွေ၏လည်ပင်းကို ဆုပ်ကိုင်မိရာ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။

မြွေကိုမြို့မှဆွဲထုတ်၍ ရေပေါ်သို့မြှောက်တင်ရာတွင် မြွေဦးခေါင်းနှင့် လည်ရေးသုံးဆင့်ကို မြင်သဖြင့် ရေမြွေဟောက်မှန်းသိ၍ ကြောက်လန့်သွား၏။ ရေမြွေဟောက်သည် အဆိပ်ရှိ၍ ပေါက်လျှင် သေမည်ကိုသိသဖြင့် မြွေ၌ဘေးအန္တရာယ်နှင့်အပြစ်ကို မြင်လာ၏။ အပြစ်မြင်၍ ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့လျက် မြွေဘေးရန်မှလွတ်မြောက်လို၏။ မြွေအပေါက်မခံရရန် လွတ်မြောက်ရန်နည်းလမ်းကိုကြံစည်၍ လက်ကိုမြွေရစ်ပတ်ထားသည်ကို အမြီးမှစ၍ ဖြေပြီးလျှင် လက်ရုံးကိုမြှောက်၍ ခေါင်းပေါ်၌ နှစ်ကြိမ်သုံးကြိမ်ဝှေ့ရမ်းလှည့်ပတ်၏။ မြွေကို အားနည်းအောင်ပြုပြီးလျှင် အဝေးသို့လွှင့်ပစ်လိုက်၏။ စွန့်လွှတ်ပြီးလျှင် လျင်မြန်စွာ ကုန်းပေါ်သို့ ပြေးတက်၏။

''အချင်းတို့ = မြွေအပေါက်ခံရမည့်ဘေးက ငါလွတ်မြောက်ပေပြီတကား'' ဟုကြွေးကြော်၍ လာခဲ့ရာလမ်းကို မျှော်ကြည့်လျက် ရပ်တည်နေလေ၏။

ဤဥပမာ၌ (၁) ငါးဖမ်းမိပြီအထင်နှင့် မြွေ၏လည်ပင်းကို ဆုပ်ကိုင်မိသောတံငါ၏ ဝမ်းမြောက်ခြင်းသည် ယောဂီပုဂ္ဂိုလ်က ခန္ဓာကိုယ်အတ္တဘောကို အစကတည်းက ရရှိထားသည့်အတွက် **ဝမ်းမြောက်ခြင်း**နှင့်တူ၏။

(၂) တံငါက မြွေကို မြို့ဝမှဆွဲထုတ်၍ လည်ရေးသုံးဆင့်ကိုမြင်ခြင်းသည် ယောဂီပုဂ္ဂိုလ်က ဃနပညတ်ကိုဖြိုခွဲပြီးလျှင် သခါရတို့၌ **လက္ခဏာသုံးပါးကိုရှုမြင်ခြင်း**နှင့်တူ၏။

(၃) တံငါသည် ရေမြွေဟောက်မှန်းသိ၍ ဘေးအန္တရာယ်ကိုမြင်၍ ကြောက်လန့်ခြင်းသည်

ယောဂီက အလုံးစုံသောသခါရတို့၏ ခဏမစဲပျက်စီးနေခြင်းကိုမြင်၍ သခါရတို့က ကြောက်ဖွယ်ဘေးအဖြစ်ထင်လာသော **ဘယတုပဋ္ဌာနဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၄) ရေမွေ့ဟောက်၌အဆိပ်ရှိ၍ ပါက်လျှင်သေနိုင်သည်ကိုသိသဖြင့် မွေ့၌အပြစ်မြင်လာခြင်းသည် ယောဂီပုဂ္ဂိုလ်က သခါရတရားတို့၌ အပြစ်မြင်လာသော **အာဒီနဝဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၅) အပြစ်မြင်၍ မွေ့ဆုပ်ကိုင်ထားရခြင်းကို တံငါကငြိုးငွေ့သကဲ့သို့ ယောဂီသည်သခါရတရားတို့၌ အပြစ်ကိုမြင်သဖြင့် ငြီးငွေ့ကာ **နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၆) တံငါသည် ဘေးအန္တရာယ်မှလွတ်မြောက်ရန် မွေ့ကိုလွှင့်ပစ်လိုခြင်းသည် ယောဂီက သခါရတရားတို့၏အနှောင်အဖွဲ့မှ လွတ်မြောက်လိုသဖြင့် **မုဉ္စိတုကမျတာဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၇) တံငါသည် မွေ့ကိုလွှင့်ပစ်ရန် ကိစ္စပြီးစီးကြောင်းနည်းလမ်းကို ဆောင်ရွက်ခြင်းသည် ယောဂီပုဂ္ဂိုလ်က သခါရတရားတို့ကို တဖန်သိမ်းဆည်းသဖြင့် **ပဋိသခါနုပဿနာဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၈) တံငါသည် မွေ့ကိုဝှေ့ရမ်းလှည့်ပတ်လျက် အားနည်းအောင်ပြုကာ ပြန်လှည့်မကိုက်နိုင်အောင်ပြုပြီးနောက် ကောင်းစွာလွှတ်ခြင်းဖြင့်လွှတ်လိုက်ခြင်းသည် ယောဂီပုဂ္ဂိုလ်က လက္ခဏာသုံးပါးတင်ခြင်းဖြင့် သခါရတို့ကို ဝှေ့ရမ်းလှည့်ပတ်သကဲ့သို့ပြုလျက် အားနည်းအောင်ပြုကာ မြဲသောအခြင်းအရာ, ချမ်းသာသောအခြင်းအရာ, တင့်တယ်သည့်အခြင်းအရာ, အတ္တကောင်အခြင်းအရာအားဖြင့် တစ်ဖန်မထင်ပေါ်နိုင်သည့်အဖြစ်သို့ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့် လွှတ်သည်နှင့်တူ၏။

ဤမျှသောဘာဝနာအစီအရင်ဖြင့် အားထုတ်ခဲ့သောယောဂီ၌ ပဋိသခါဉာဏ်ဖြစ်ပေါ်ပြီဟုမှတ်အပ်၏

ပဋိသင်္ခါဒါမဂ်၌ဟောပြောချက်

(၁) အနိစ္စ–မမြဲဟု နှလုံးသွင်းသောသူအား သခါရနိမိတ်(နိမိတ္တ)ကို တစ်ဖန်သိ၍ ပဋိသခါဉာဏ်သည် ဖြစ်ပေါ်၏။

(၂) ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သောဘဝအယဉ်(ပတ္တ)ကို တစ်ဖန်သိ၍ ပဋိသခါဉာဏ်သည်ဖြစ်ပေါ်၏။

(၃) အနတ္တ–အတ္တမဟုတ်ဟုနှလုံးသွင်းသောသူအား သခါရနိမိတ်ကိုလည်းကောင်း၊ မပြတ်ဖြစ်သောဘဝအယဉ်ကိုလည်းကောင်း၊ တစ်ဖန်သိ၍ ပဋိသခါဉာဏ်သည်ဖြစ်ပေါ်၏။

မှတ်ချက် – ''**သခါရနိမိတ်ကို တစ်ဖန်သိ၍**''ဟူသည်ကား သခါရနိမိတ်ကို ''မခိုင်မြဲ, အခိုက်အတန့်မျှသာတည်သည်''ဟု အနိစ္စလက္ခဏာ၏အစွမ်းအားဖြင့်သိပြီး၍ ဉာဏ်သည်နောက်မှဖြစ်သည်ကား မဟုတ်ပေ။ ''မနောဒ္ဓါရကိုလည်းကောင်း၊ သဘောတရားအာရုံကိုလည်းကောင်း၊ စွဲမှီ၍ မနောဝိညာဏ်ဖြစ်ပေါ်၏'' စသည့်စကားကဲ့သို့ ပြောရိုးပြောစဉ်၏အစွမ်းအားဖြင့် ဆိုထားခြင်းဖြစ်၏။

တစ်နည်းကား ရှေးပဋိသခါဉာဏ်၏သိခြင်းနှင့် နောက်ဉာဏ်၏ဖြစ်ခြင်းတို့ကို ကောက်

နည်းအရ တစ်ပေါင်းတည်းပြု၍ ဆိုထားခြင်းဖြစ်သည်ဟုမှတ်အပ်၏။

• ၈ သခ်ၤါရပေက္ခာဉာဏ်ကို ပြဆိုခြင်း

၁။ အဖို့နှစ်ပါးဖြင့် သိမ်းဆည်းခြင်း

ယောဂီပုဂ္ဂိုလ်သည် ပဋိသခ်ၤါနုပဿနာဉာဏ်ဖြင့် ''အလုံးစုံသောသခ်ၤါရတရားတို့သည် အတ္တမှဆိတ်သုဉ်းကုန်၏'' ဟု သိမ်းဆည်းပြီးလျှင် တစ်ဖန် ''ဤသခ်ၤါရတရားအပေါင်းသည် အတ္တအဖြစ်မှလည်းကောင်း၊ အတ္တနိယ–အတ္တ၏ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏''ဟု အဖို့နှစ်ပါးနှင့်သက်ဆိုင်သော ဆိတ်သုဉ်းခြင်း (ဒွိကောဋိက–သုညတ)ကို သိမ်းဆည်းပြန်၏။

ဤသို့သိမ်းဆည်းခြင်းကို '**ဒွိကောဋိက–သုညတာနုပဿနာ**'ဟုခေါ်၏။

အကျိုးကား မိမိဟူသောအတ္တကို မမြင်ရတော့၊ မိမိ၏အသုံးအဆောင်အခြံအရံအဖြစ်၌ တည်သောသူတစ်ပါးကိုလည်း မမြင်ရတော့၊ ထို့ကြောင့် ဤအဖို့နှစ်ပါးမှဆိတ်သုဉ်းသည်ကို သိရ၏။

၂။ အဖို့လေးပါးဖြင့် သိမ်းဆည်းခြင်း

(၁) အတ္တကောင်ဟူသောငါသည် အဘယ်မှာမျှ မရှိ၊

(၂) တစ်စုံတစ်ယောက်၏မျှ ကြောင့်ကြဖွယ်ဖြစ်သော ငါကောင်မရှိ၊

(၃) သူတစ်ပါးဟူသောအတ္တကောင်သည် အဘယ်မှာမျှမရှိ၊

(၄) ငါ၏ကြောင့်ကြဖွယ်ဖြစ်သော သူတစ်ပါးမည်သည်မရှိ၊

ဤအဖို့လေးပါးနှင့်စပ်ဆိုင်သော အတ္တမှဆိတ်သုဉ်းခြင်းကို ယောဂီသည် ''အနတ္တ, အနတ္တ''ဟု အဖန်ဖန်ရွှမှတ်၍ တစ်ဖန်သိမ်းဆည်းပြန်၏၊ ဤသို့သိမ်းဆည်းခြင်းကို '**စတုကောဋိက–သုညတာနုပဿနာ**'ဟုခေါ်၏။

အကျိုးကား တစ်စုံတစ်ခုသောအရပ်တွင်မျှ မိမိကိုယ်(အတ္တ)ကို မမြင်၊ မိမိ၏ကိုယ်ကို တစ်စုံတစ်ယောက်သောသူတစ်ပါး၏ကြောင့်ကြဖွယ်အဖြစ်၌ ဆောင်ထားသည်ကို မမြင်၊ သူတစ်ပါး၏အတ္တကိုလည်း အဘယ်မှာမျှ မမြင်၊ ငါ၏ကြောင့်ကြဖွယ်အဖြစ်၌ သူတစ်ပါး အတ္တရှိသည်ဟုလည်း မမြင်ရချေ။

ဤသို့လျှင် ယောဂီသည် တစ်စုံတစ်ခုသောအရပ်, ကာလ, တရားထဲ၌ မိမိကိုယ်ဟူသော အတ္တကိုမမြင်သည်သာတည်း။ မိမိကိုယ်ကို သူတစ်ပါး၏ကြောင့်ကြဖွယ်အဖြစ် ဆောင်သင့် ဆောင်ထိုက်သည်ကိုလည်း မမြင်သည်သာတည်း။ သူတစ်ပါး၏အတ္တကိုလည်း မမြင်သည်သာ တည်း။ သူတစ်ပါး၏အတ္တကို မိမိ၏ကြောင့်ကြဖွယ်အဖြစ် ဆောင်သင့်ဆောင်ထိုက်သည် ကိုလည်း မမြင်သည်သာတည်း။ ထို့ကြောင့် ယောဂီသည် အဖို့လေးပါးနှင့်စပ်ဆိုင်သော အတ္တမှဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးဖြစ်လေ၏။

၃။ အခြင်းအရာ ၆ ပါးဖြင့် သိမ်းဆည်းခြင်း

မျက်စိသည် (၁) အတ္တမှဆိတ်သုဉ်း၏၊ (၂) အတ္တ၏ဥစ္စာအဖြစ်မှဆိတ်သုဉ်း၏။

(၃) မြဲခြင်း (နိစ္စ) မှဆိတ်သုဉ်း၏၊ (၄) ခိုင်ခံ့ခြင်း (ဓုဝ) မှဆိတ်သုဉ်း၏။

(၅) ထာဝရတည်ရှိခြင်း(သဿတ)မှဆိတ်သုဉ်း၏၊

(၆) မဖောက်ပြန်ခြင်း (အဝိပရိဏာမ)သဘောမှဆိတ်သုဉ်း၏။

တစ်ဖန် စိတ်နှလုံးသည်။ ပ ။ အဆင်းသည်။ ပ ။ သဘောအာရုံသည်။ ပ ။ မြင်သိစိတ်–စက္ခုဝိညာဏ်သည်။ ပ ။ ကြံသိစိတ်–မနောဝိညာဏ်သည်။ ပ ။ မြင်တွေ့မှု–စက္ခုသမ္ဖဿသည်။ ပ ။ ဤသို့စသည်ဖြင့် အိုခြင်း, သေခြင်း – ဇရာမရဏတိုင်အောင်သိမ်းဆည်း၏။

၄။ အခြင်းအရာ ၈ ပါးဖြင့် သိမ်းဆည်းခြင်း

ရုပ်သည် (၁) မြဲသောအနှစ်ဟူသော နိစ္စအနှစ်သာရအားဖြင့် အနှစ်မဟုတ်၊အနှစ်မရှိ၊ အနှစ်ကင်း၏၊

(၂) ခိုင်ခဲ့သောအနှစ်ဟူသော ဓုဝအနှစ်သာရအားဖြင့်လည်းကောင်း၊

(၃) ချမ်းသာသောအနှစ်ဟူသော သုခအနှစ်သာရအားဖြင့်လည်းကောင်း၊

(၄) အတ္တကောင်အနှစ်ဟူသော အတ္တအနှစ်သာရအားဖြင့်လည်းကောင်း၊

(၅) မြဲခြင်းဖြင့်လည်းကောင်း၊ (၆) ခိုင်ခဲ့ခြင်းဖြင့်လည်းကောင်း၊

(၇) အမြဲတန်းတည်ရှိခြင်းဖြင့်လည်းကောင်း၊

(၈) မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ မျက်စိသည် ။ ပ ။ အိုခြင်းသေခြင်းသည် မြဲသောအနှစ်ဟူသော နိစ္စအနှစ်သာရအားဖြင့်လည်းကောင်း ။ ပ ။ မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။

ဥပမာအားဖြင့် ကျူသည် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။ ကြက်ဆူသည်။ ရေသဖန်းသည်။ ရေခဲတက်ဖြူသည်။ ပေါက်ပင်သည်။ ရေမြှုပ်စိုင်သည်။ ရေပွက်သည်။ တံလျှပ်သည်။ ငှက်ပျောတုံးသည်။ မျက်လှည့်ပြသောအရာသည် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။ ဤအတူပင် ရုပ်သည်။ ပ ။ အိုခြင်းသေခြင်းသည် မြဲသောအနှစ်–နိစ္စအနှစ်သာရအားဖြင့်လည်းကောင်း။ ပ ။ မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏ဟုသိမ်းဆည်း၏။

၅။ အခြင်းအရာ ၁၀ ပါးဖြင့် သိမ်းဆည်းခြင်း

သိမ်းဆည်းပုံကား – ယောဂီသည် တစ်ဖန်ရုပ်ကို

(၁) အနှစ်မှကင်းသည်ဟု ရှု၏၊ (၂) အချည်းနှီးဟု ရှု၏၊

(၃) ဆိတ်သုဉ်းသည်ဟု ရှု၏၊ (၄) အတ္တမဟုတ်ဟု ရှု၏၊

(၅) အစိုးမရဟု ရှု၏၊ (၆) အလိုအတိုင်းမပြုနိုင်ဟု ရှု၏၊

(၇) တောင့်တတိုင်းမရဟု ရှု၏၊ (၈) အလိုအတိုင်းမဖြစ်ဟု ရှု၏၊

(၉) ပြင်ပသူစိမ်းဟု ရှု၏၊ (၁၀) ကင်းဆိတ်သည်ဟု ရှု၏။

ဤနည်းအတူ ဝေဒနာသည် ။ ပ ။ အိုခြင်းသေခြင်း ဇရာမရဏာသည် အနှစ်မှကင်းသည်ဟု ရှု၏။ (ပ) ။ ကင်းဆိတ်သည်ဟု ရှု၏။

၆။ အခြင်းအရာ ၁၂ ပါးဖြင့် သိမ်းဆည်းခြင်း

သိမ်းဆည်းပုံကား – ယောဂီသည် တစ်ဖန်ရုပ်သည်

(၁) သတ္တဝါမဟုတ်၊ (၂) အသက်မဟုတ်၊ (၃) လူမဟုတ်၊
(၄) လုလင်မဟုတ်၊ (၅) မိန်းမမဟုတ်၊ (၆) ယောကျ်ားမဟုတ်၊
(၇) အတ္တမဟုတ်၊ (၈) အတ္တ၏ဥစ္စာမဟုတ်၊ (၉) ငါမဟုတ်၊
(၁၀) ငါ၏ဥစ္စာမဟုတ်၊ (၁၁) သူတစ်ပါး၏ဥစ္စာမဟုတ်၊
(၁၂) တစ်စုံတစ်ယောက်၏မျှ ဥစ္စာမဟုတ်။

ဤအတူပင် ဝေဒနာသည်။ ပ ။ အိုခြင်းသေခြင်း–ဇရာမရဏာသည် သတ္တဝါမဟုတ်။ ပ ။ တစ်စုံတစ်ယောက်၏မျှ ဥစ္စာမဟုတ်ဟုရှု၏။

ရ။ အခြင်းအရာ ၄၂ ပါးဖြင့် သိမ်းဆည်းခြင်း

သခါရတို့ကို အခြင်းအရာ ၁၂ ပါးဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တစ်ဖန် တီရဏပရိညာ၏အစွမ်းအားဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြန်၏။

သိမ်းဆည်းပုံကား ရုပ်ကို –

(၁) မမြဲဟုရှု၏၊ (၂) ဆင်းရဲဟု ရှု၏၊ (၃) ရောဂါဟု ရှု၏၊
(၄) အိုင်းအမာဟု ရှု၏၊ (၅) ငြောင့်ဟု ရှု၏၊ (၆) မကောင်းမှုဟု ရှု၏၊
(၇) အဖျားအနာဟု ရှု၏၊ (၈) ပြင်ပသူစိမ်းဟု ရှု၏၊ (၉) အလွန်ပျက်သည်ဟု ရှု၏၊
(၁၀) ဘေးရန်ဟု ရှု၏၊ (၁၁) ဥပဒ္ဒဝေါဟု ရှု၏၊ (၁၂) ကြောက်ဖွယ်ဘေးဟု ရှု၏၊
(၁၃) ငြိကပ်သောအနှောင့်အယှက်ဟု ရှု၏၊ (၁၄) တုန်လှုပ်သည်ဟု ရှု၏၊
(၁၅) ပျက်လွယ်သည်ဟု ရှု၏၊ (၁၆) မခိုင်မာဟု ရှု၏၊
(၁၇) မစောင့်ရှောက်တတ်ဟု ရှု၏၊ (၁၈) ပုန်းအောင်းရာမဟုတ်ဟု ရှု၏။
(၁၉) ဘေးကိုမပယ်သတ်တတ်ဟု ရှု၏၊ (၂၀) ကိုးကွယ်ရာမဟုတ်ဟု ရှု၏၊
(၂၁) အတ္တမှကင်းသည်ဟု ရှု၏၊ (၂၂) အချည်းနှီးဟု ရှု၏၊
(၂၃) ဆိတ်သုဉ်းသည်ဟု ရှု၏၊ (၂၄) အတ္တမဟုတ်ဟု ရှု၏၊
(၂၅) သာယာဖွယ်မဟုတ်ဟု ရှု၏၊ (၂၆) အပြစ်ဟု ရှု၏၊
(၂၇) ဖောက်ပြန်ခြင်းသဘောရှိသည်ဟု ရှု၏၊ (၂၈) အနှစ်မရှိဟု ရှု၏၊
(၂၉) မကောင်းမှု၏အမြစ်အရင်းဟု ရှု၏၊ (၃၀) သတ်တတ်သည်ဟု ရှု၏၊
(၃၁) ကြီးပွားစည်ပင်ခြင်းကင်းသည်ဟုရှု၏၊ (၃၂) အာသဝေါတရားတို့၏အာရုံဟု ရှု၏၊
(၃၃) ပေါင်းစု၍ပြုအပ်သောသခါရတရားဟု ရှု၏၊
(၃၄) သူသတ်သမား – မာရ်တို့၏ သတ်စရာအစာဟုရှု၏၊
(၃၅) ဖြစ်ခြင်း (ဇာတိ) သဘောရှိသည်ဟု ရှု၏၊ (၃၆) အိုခြင်း (ဇရာ)သဘောရှိသည်ဟု ရှု၏။၊ (၃၇) နာခြင်း (ဗျာဓိ)သဘောရှိသည်ဟု ရှု၏၊ (၃၈) သေခြင်း (မရဏ)သဘောရှိသည်ဟု ရှု၏၊ (၃၉) စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, ပြင်းစွာပူပန်ခြင်းသဘောရှိသည်ဟု ရှု၏၊ (၄၀) ဖြစ်ခြင်းအားဖြင့် ရှု၏၊ (၄၁) ချုပ်ခြင်းအားဖြင့် ရှု၏၊ (၄၂) သာယာဖွယ်အသာဒအားဖြင့်။ အပြစ်အာဒီနဝအားဖြင့်။ ထွက်မြောက်ခြင်းအားဖြင့် ရှု၏၊

ဝေဒနာကို။ (ပ) ။ ဝိညာဏ်ကို မမြဲသောအားဖြင့်။ ပ ။ ထွက်မြောက်ခြင်းအားဖြင့်ရှု၏။

• **လောကကို သုညဆိုက်အောင် ရှုခြင်း**

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါးဌ ရုပ်ကို မမြဲဟု ရှု၏။ ပ ။ ထွက်မြောက်ခြင်းအားဖြင့် ရှု၏။ ပ ။ ဝိညာဏ်ကို မမြဲဟုရှု၏။ ပ ။ ထွက်မြောက်ခြင်းအားဖြင့် ရှု၏။ ဤသို့ ရှုခြင်းသည် ခန္ဓာငါးပါးတည်းဟူသောလောကကို ဆိတ်သုဉ်းသောအားဖြင့်ရှုသည် မည်၏၊ လောကကို သုညဆိုက်အောင် (သုညတာနုပဿနာ) ရှုသည်မည်၏။

မောဃရာဇရသေ့အား မြတ်စွာဘုရားမိန့်ကြားပုံ

*''မောဃရာဇရသေ့ – သင်သည် နေ့ညမပြတ် အခါခပ်သိမ်းအမှတ်ရသည်ဖြစ်၍ ခန္ဓာငါးပါးဟူသောလောကကို အတ္တမှဆိတ်သုဉ်းသောအားဖြင့်ရှုလော့၊ ဤသို့ရှုလျှင် အတ္တသို့ အစဉ်လိုက်သောအမြင်မှား (အတ္တာနုဒိဋ္ဌိ=သက္ကာယဒိဋ္ဌိ)ကို ပယ်နုတ်၍ သေခြင်းကို ကျော်လွန်နိုင်၏။ လောကကို ဤသို့ရှုမြင်သောသူကို **သေမင်းသည် မတွေ့မမြင်နိုင်တော့ပြီ။**''*

• **သင်္ခါရပေကွာဉာဏ်ဖြစ်ခြင်း**

ဤဆိုခဲ့သည့်အတိုင်း သင်္ခါရတရားတို့၏အတ္တမှဆိတ်သုဉ်းခြင်းသဘော (ဝါ) သုညတသဘောကို ဉာဏ်ဖြင့်ပိုင်းခြားလျက် လက္ခဏာရေးသုံးပါးတင်၍ သင်္ခါရတို့ကိုရှုပွား သိမ်းဆည်းသော ယောဂီသည် ကြောက်ခြင်း(ဘယ)ကိုလည်းကောင်း၊ နှစ်သက်ခြင်း (နန္ဒိ) ကိုလည်းကောင်း ပယ်၍ သင်္ခါရတို့ကိုလျစ်လျူရှုလျက် အလယ်အလတ်သဘောရှိသည် သာလျှင် ဖြစ်လေတော့၏။

ဥပမာသော်ကား ယောက်ျားတစ်ယောက်တွင် အလွန်လှပ၍ အလွန်ချစ်မြတ်နိုးဖွယ်ကောင်းသောဇနီးမယားရှိ၏။ အမျိုးသားသည် ဇနီးကို အိမ်မှာထား၍ ပြင်ပတွင်အလုပ်ကြိုးစားလုပ်ကိုင်ကာ ဇနီးကိုကျွေးမွေးပြုစု၏။ အလွန်လှပသောဤအမျိုးသမီးကို အခြားယောက်ျားများမြင်တွေ့သောအခါ လက်ဆောင်ပန္နာများဆက်သပြီး ချစ်ရေးဆိုလာကြ၏။ ကြာသော် အမျိုးသမီးသည် အခြားယောက်ျားတစ်ဦးနှင့်ဖောက်ပြားသည်ကို ခင်ပွန်းကကြားသိ၍ ခင်ပွန်းကအလွန်စိတ်မကောင်းဖြစ်ကာ ဇနီးအားမိမိအပေါ်သစ္စာရှိရန် တောင်းပန်၏။ တောင်းပန်သော်လည်း ဇနီးက ဆက်လက်၍ဖောက်ပြားနေသဖြင့် စိတ်ဆင်းရဲသည့်ဒဏ်ကို သည်းမခံနိုင်တော့သဖြင့် ဇနီးအဖြစ်မှ အပြီးအပိုင်ကွာရှင်းလိုက်၏။

ထို့နောက်တွင် ထိုအမျိုးသမီးက အခြားယောက်ျားနှင့်ဖောက်ပြန်နေသည်ကို ကြားသိရသော်လည်း ခင်ပွန်းဟောင်းယောက်ျားတွင် စိတ်ဆိုးခြင်း, စိတ်မချမ်းသာခြင်း မဖြစ်တော့ပေ။ ထိုအမျိုးသမီးကို စွန့်လွှတ်လိုက်ပြီဖြစ်၍ မိမိနှင့်မသက်ဆိုင်တော့သဖြင့် ဥပေက္ခာပြု၍ လျစ်လျူရှုကာ အလယ်အလတ်သဘော၌ တည်နေနိုင်၏။

ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသောသင်္ခါရတို့မှ လွတ်မြောက်လိုသည်ဖြစ်၍ ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရတို့ကို သိမ်းဆည်းပြီးလျက် ငါဟူ၍ ငါ၏ဥစ္စာဟူ၍ မှတ်ယူဖွယ်ရာကို မမြင်သောကြောင့် ကြောက်ရွံခြင်းနှင့်နှစ်သက်ခြင်းတို့ကို ပယ်စွန့်လျက် သင်္ခါရတို့ကို လျစ်လျူရှုကာ အလယ်အလတ်သဘောရှိသည်သာ ဖြစ်လေတော့၏။

ထိုအခါ ကြာဖက်ပေါ်၌ ရေပေါက်တို့ တွန့်, ရုံ့၍ ပြန့်မသွားကုန်သကဲ့သို့၊ မီးထဲ၌ထည့်လိုက်သောကြက်တောင် သို့မဟုတ် အကြောတုံးသည် တွန့်, ရုံ့၍ပြန့်မသွားသကဲ့သို့၊ ယောဂီ၏စိတ်သည် ၃၁ ဘုံ၌ ပြန့်၍မသွား၊ လျစ်လျူရှုကာ ကောင်းစွာတည်နေ၏။ ဤသို့ဖြစ်လျှင် သခၤါရတို့ကိုလျစ်လျူရှုသော **သခၤါရပေက္ခာဉာဏ်သည် ယောဂီ၌ဖြစ်ပေါ်ပြီဟု** သိအပ်၏။

- **သခၤါရပေက္ခာဉာဏ်သည် ဒိသာကာကနှင့်တူပုံ**

သခၤါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မြင်ငြားအံ့၊ ထိုသို့မြင်လျှင် အလုံးစုံသောသခၤါရအယဉ်ကိုစွန့်လွှတ်၍ နိဗ္ဗာန်အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မမြင်သေးငြားအံ့၊ ထိုသို့မမြင်သေးလျှင် သခၤါရကိုသာအာရုံပြုလျက် အဖန်တလဲလဲဖြစ်ပေါ်နေ၏။

အဘယ်သို့နည်းဟူမူ ရှေးအခါက ပင်လယ်ကူးသင်္ဘောသားတို့သည် ခရီးထွက်သည့်အခါ **ဒိသာကာက**ခေါ် အရပ်မျက်နှာထောက်လှမ်းရေး ကျီးကန်းအချို့ကို ဆောင်ယူသွားကြ၏။ လေမုန်တိုင်းတိုက်လွှင့်သဖြင့် သင်္ဘောသည် မရောက်ဖူးသောအရပ်သို့ပြေးသွားလျှင် ကမ်းကိုမမြင်ရ, မမှန်းဆနိုင်သည့်အခါ ကျီးတစ်ကောင်ကို လွှတ်လိုက်၏။ ထိုကျီးသည် ကောင်းကင်သို့ပျံတက်ပြီးလျှင် အလုံးစုံသောအရပ်မျက်နှာသို့ လှည့်လည်ပျံသန်းကာ ကမ်းကိုမမြင်ရလျှင် သင်္ဘောဆီသို့ အကြိမ်ကြိမ်ပျံလာပြီး လင်းယဉ်တိုင်ဖျား၌ နားနေ၏။ ကမ်းကိုမြင်တွေ့သည့်အခါ၌ကား ကမ်းဆီသို့သာ ပျံသွားလေ၏။

ထိုသို့ဖြစ်ပေါ်နေသော သခၤါရုပေက္ခာဉာဏ်သည် ဗန်းပေါ်၌ လှိမ့်အပ်ဆင့်အပ်သော မုန့်ညက်ကဲ့သို့လည်းကောင်း၊ ဖတ်အပ်သောအစေ့ထုတ်ပြီး ဝါဂွမ်းကဲ့သို့လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြစ်၍ အထူးထူးအပြားပြားသောနည်းဖြင့် သခၤါရတို့ကို သိမ်းဆည်းပြီးလျှင် ကြောက်ခြင်း(ဘယ)နှင့် နှစ်သက်ခြင်း(နန္ဒိ)တို့ကို ပယ်စွန့်၍ သခၤါရတရားတို့ကို စူးစမ်းခြင်း၌ အလယ်အလတ်လျစ်လျူသဘောရှိသည်ဖြစ်လျက် အနုပဿနာသုံးပါး၏အစွမ်းအားဖြင့် တည်၏။ ဤသို့တည်သောသခၤါရုပေက္ခာဉာဏ်သည် **သုံးပါးအပြားရှိသော ဝိမောက္ခမုခ** အဖြစ်သို့ရောက်၍ **ရ မျိုးသော အရိယာပုဂ္ဂိုလ်**တို့ကို ခွဲခြမ်းဝေဖန်ရန် အကြောင်းဖြစ်ပေ၏။

မှတ်ချက် – မုန့်ညက်ကို ဗန်းဖြင့်ဆင့်သောအခါ ဆင့်လေဆင့်လေ မုန့်ညက်သည် သာ၍နူးညံ့သိမ်မွေ့လေလေဖြစ်သကဲ့သို့၊ ဝါကိုဖတ်သောအခါ ဖတ်လေဖတ်လေ ဝါဂွမ်းသည် သာ၍သိမ်မွေ့လေလေဖြစ်သကဲ့သို့၊ သခၤါရုပေက္ခာဉာဏ်သည် ကြာလေကြာလေ သာ၍သိမ်မွေလေလေ သာ၍ထက်မြက်လာလေလေ ဖြစ်ပေ၏။

- **ဝိမောက္ခမုခ ၃ ပါး**

သခၤါရုပေက္ခာဉာဏ်သည် အနုပဿနာသုံးပါး၏အစွမ်းအားဖြင့်ဖြစ်ခြင်းကြောင့် သုံးပါးသောကွန္ဒြေတို့၏အကြီးအမှူးဖြစ်ခြင်းအစွမ်းအားဖြင့် သုံးပါးအပြားရှိသော ဝိမောက္ခအဖြစ်သို့ရောက်သည်မည်၏။ ခဲ့၍ပြရလျှင် **အနုပဿနာသုံးပါးတို့ကို ဝိမောက္ခမုခသုံးပါးဟု ဆိုအပ်၏။**

ပဋိသန္ဓိဒါမဂ်၌ ဟောကြားထားသည်ကား –

''သုံးပါးကုန်သော ဝိမောက္ခတို့သည် လောကမှထွက်မြောက်ရန်အလို့ငှာ ဖြစ်ကုန်၏၊ ထို့အပြင်–

(၁) အလုံးစုံသောသခါရတို့ကို ဖြစ်ခြင်းပျက်ခြင်းဟူသောအပိုင်းအခြားနှင့် နယ်ဆုံးအကန့်အသတ်အားဖြင့် ရှုခြင်းငှာ၊ အနိမိတ္တမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်ပြေးဝင်ရန်အလို့ငှာ ဖြစ်ကုန်၏။

(၂) အလုံးစုံသောသခါရတို့၌ စိတ်ကိုကောင်းစွာထက်စေခြင်းငှာ၊ အပ္ပဏိဟိတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်ပြေးဝင်ရန်အလို့ငှာ ဖြစ်ကုန်၏။

(၃) အလုံးစုံသောသခါရတို့ကို ပြင်ပသူစိမ်းအနေအားဖြင့် ကောင်းစွာအဖန်တလဲလဲရှုရန်အလို့ငှာ၊ သုညတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်ပြေးဝင်ရန်အလို့ငှာ ဖြစ်ကုန်၏

ထို့ကြောင့် ဝိမောက္ခမုခသုံးပါးတို့သည် လောကမှထွက်မြောက်ရန်အလို့ငှာ ဖြစ်ကုန်၏။ အနိစ္စာနုပဿနာသည် အနိမိတ္တဝိမောက္ခမုခဖြစ်၏၊ ဒုက္ခာနုပဿနာသည် အပ္ပဏိဟိတဝိမောက္ခမုခဖြစ်၏၊ အနတ္တာနုပဿနာသည် သုညတဝိမောက္ခမုခဖြစ်၏။ ဝိမောက္ခမုခဟူသည် ထွက်မြောက်ရန် ဝင်ရောက်ရန် တံခါးမုခ်ဖြစ်၏။

''မမြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သခါရတို့သည် ကုန်သောအားဖြင့် ထင်ကုန်၏။ ဆင်းရဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သခါရတို့သည် ကြောက်ဖွယ်အားဖြင့် ထင်ကုန်၏။ အတ္တမဟုတ်သောအားဖြင့် နှလုံးသွင်းသောသူအား သခါရတို့သည် ဆိတ်သုဉ်းသောအားဖြင့် ထင်ကုန်၏''ဟု ဟောတော်မူ၏။

• ဝိမောက္ခ ၃ ပါး

ကိလေသာတို့မှ လွတ်မြောက်ခြင်းသည် ဝိမောက္ခမည်၏၊ ဝိမောက္ခသည် နိဗ္ဗာန်ပင်တည်း။ ပဋိသန္ဓိဒါမဂ်၌ ဟောတော်မူသည်မှာ –

(၁) အနိစ္စအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ယုံကြည်ဆုံးဖြတ်မှု–အဓိမောက္ခအဖြစ်များသောကြောင့် အနိမိတ္တမည်သော ဝိမောက္ခကိုရ၏၊ အနိမိတ္တဝိမောက္ခဟူသည်ကား နိမိတ်ကင်းသောအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော အရိယာမဂ်တည်း။ ထိုအရိယာမဂ်သည် အနိမိတ္တမည်သော နိဗ္ဗာန်ဓာတ်၌ဖြစ်သောကြောင့် အနိမိတ္တမည်၏။

(၂) ဒုက္ခအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ငြိမ်းအေးခြင်း–ပဿဒ္ဓိအဖြစ်များသောကြောင့် အပ္ပဏိဟိတဝိမောက္ခကိုရ၏။ တောင့်တမှုတဏှာကင်းသောအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သောအရိယာမဂ်သည် အပ္ပဏိဟိတမည်၏။

(၃) အနတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ဉာဏ်ပညာအဖြစ်များသောကြောင့် သုညတဝိမောက္ခကိုရ၏။ အတ္တမှဆိတ်သုဉ်းသောအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် သုညတမည်၏။

• အဘိဓမ္မာဌ္ဌ ဝိမောက္ခ ၂ ပါး၊ သုတ္တန်ဌ္ဌ ဝိမောက္ခ ၃ ပါးဟောခြင်းအကြောင်း

အဘိဓမ္မာဌ္ဌ သုညတဝိမောက္ခနှင့် အပ္ပဏိဟိတဝိမောက္ခဟူ၍ ဝိမောက္ခနှစ်ပါးကိုသာ ဟော၏။ အကြောင်းမှာ ဇောန်မုချအားဖြင့် ဝိပဿနာဟူသည့် မဂ်၏လားရာလမ်းကြောင်းကိုရည်ရွယ်၍ ဟောသောကြောင့်ဖြစ်၏။ ဝိပဿနာဉာဏ်သည် သခါရနိမိတ်ကိုမစွန့်ခြင်းကြောင့် မုချအားဖြင့် 'အနိမိတ္တ–နိမိတ်မရှိ'ဟု မမည်ပေ။ သုညတနှင့်အပ္ပဏိဟိတသာလျှင် မည်ပေ၏။ သို့အတွက် သုညတဝိမောက္ခနှင့် အပ္ပဏိဟိတဝိမောက္ခဟူသော ဝိမောက္ခ ၂ ပါးကိုသာ အဘိဓမ္မာဌ္ဌ ဟောခြင်းဖြစ်၏။

ပဋိသမ္ဘိဒါမဂ်စသည့် သုတ္တန်ဒေသနာဌ္ဌကား အနိမိတ္တ, အပ္ပဏိဟိတ, သုညတဟူ၍ ဝိမောက္ခသုံးပါးကို ဟောတော်မူ၏။ ဝိပဿနာဉာဏ်သည် သခါရနိမိတ်ကို မပယ်စွန့်သောကြောင့် မုချအားဖြင့် အနိမိတ္တမမည်ပေ။ သို့သော် နိစ္စနိမိတ်, သုခနိမိတ်, အတ္တနိမိတ်များကို ပယ်စွန့်သောကြောင့် ပရိယာယ်အားဖြင့် အနိမိတ္တအမည်ရခြင်းဖြစ်သည်။

• ပဋိသမ္ဘိဒါမဂ်ဌ္ဌ ဝိပဿနာဉာဏ် ၃ ပါးက ဝိမောက္ခ ၃ ပါးအမည်ရပုံ

(၁) အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခ မည်၏။

ဒုက္ခာနုပဿနာဉာဏ်သည် သုခအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခမည်၏။

အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခမည်၏။

(၂) အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအခြင်းအရာအားဖြင့်ထင်သော သခါရနိမိတ်ကို စွန့်လွှတ်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။

ဒုက္ခာနုပဿနာဉာဏ်သည် သုခအားဖြင့်ထင်သော သခါရနိမိတ်ကို ပယ်စွန့်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။

အနတ္တာနုပဿနာဉာဏ်သည် အတ္တအားဖြင့်ထင်သော သခါရနိမိတ်ကို ပယ်စွန့်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။

(၃) အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို ပယ်စွန့်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။

ဒုက္ခာနုပဿနာဉာဏ်သည် သုခအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို ပယ်စွန့်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။

အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို ပယ်စွန့်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။

• အရိယာပုဂ္ဂိုလ် ၈ မျိုး

သခါရုပေက္ခာဉာဏ်သည် အရိယာ ၈ မျိုးကို ခွဲခြမ်းဝေဖန်ရန်အကြောင်းဖြစ်၏။

(၁) **သဒ္ဓါနုသာရီပုဂ္ဂိုလ်** – ရုပ်နာမ်ကို အနိစ္စအခြင်းအရာဖြင့် နှလုံးသွင်းသဖြင့် ယုံကြည်ဆုံးဖြတ်ခြင်း အဓိမောက္ခအဖြစ်များလျက် လွန်ကဲသောသဒ္ဓါဇွန်ရှိသည့်ပုဂ္ဂိုလ်

သည် သောတာဃတ္တိမဂ်ခဏာ၌ ယုံကြည်မှုသဒ္ဓါသို့အစဉ်လိုက်သော **သဒ္ဓါနုသာရီပုဂ္ဂိုလ်** မည်၏။

(၂) **သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်** – အနိစ္စအခြင်းအရာကိုနှလုံးသွင်းသဖြင့် ယုံကြည်ဆုံးဖြတ်ခြင်း –အဓိမောက္ခအဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေရှိသည့် ပုဂ္ဂိုလ်သည် ကြွင်းသည့် မဂ်ဖိုလ်ခဏ ၇ ဌာနတို့၌ ယုံကြည်မှုသဒ္ဓါဖြင့်လွတ်မြောက်သော **သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်**မည်၏။

(၃) **ကာယသက္ခိပုဂ္ဂိုလ်** – ဒုက္ခအခြင်းအရာကိုနှလုံးသွင်းသဖြင့် ငြိမ်းအေးခြင်း–ပဿဒ္ဓိအဖြစ်များလျက် လွန်ကဲသောသမာဓိန္ဒြေရှိသည့် ပုဂ္ဂိုလ်သည် အလုံးစုံသောမဂ်ဖိုလ်ခဏ ရှစ်ဌာနတို့၌ နာမကာယဖြင့်မျက်မှောက်ပြုသော (တစ်နည်း–ဈာန်အတွေ့ကိုဦးစွာရောက်ပြီး ထို့နောက်၌ နိဗ္ဗာန်ကိုမျက်မှောက်ပြုသော) **ကာယသက္ခိပုဂ္ဂိုလ်**မည်၏။

(၄) **ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်** – အရူပဈာန်ကိုရောက်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပါမူကား ထိုပုဂ္ဂိုလ်သည် နှစ်ပါးသောအဖို့ဖြင့်လွတ်မြောက်သော **ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်**မည်၏။

(၅) **ဓမ္မာနုသာရီပုဂ္ဂိုလ်** – အနတ္တအခြင်းအရာကိုနှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက်လွန်ကဲသောပညိန္ဒြေရှိသည့်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏာ၌ ပညာသို့အစဉ်လိုက်သော **ဓမ္မာနုသာရီပုဂ္ဂိုလ်**မည်၏။

(၆) **ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်** – အနတ္တအခြင်းအရာကို နှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညိန္ဒြေရှိသည့်ပုဂ္ဂိုလ်သည် အလယ်ပိုင်းဖိုလ်မဂ် ၆ ချက်သော ဌာနတို့၌ နိဗ္ဗာန်ကိုမြင်သည့်အဆုံးအခြားမဲ့၌ရောက်သော **ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်**မည်၏။

(၇) **ပညာဝိမုတ္တပုဂ္ဂိုလ်** – အနတ္တအခြင်းအရာကို နှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက်လွန်ကဲသောပညိန္ဒြေရှိသည့်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏာ၌ ပညာဖြင့်လွတ်မြောက်သော **ပညာဝိမုတ္တပုဂ္ဂိုလ်**မည်၏။

• **အမည်သုံးမျိုးရသော သခ်ါရပေက္ခာဉာဏ်**

သခ်ါရပေက္ခာဉာဏ်သည် မုဉ္စိတုကမျတာဉာဏ်နှင့် ပဋိသခ်ါနုပဿနာဉာဏ်ဟူသော ဉာဏ်နှစ်ပါးနှင့် အနက်တရားကိုယ်တူ၏၊ သဒ္ဒါမျှသာထူး၏။

ထို့ကြောင့် **ရှေးဆရာတို့က** ''သခ်ါရုပေက္ခာဉာဏ်သည် တစ်ပါးတည်းဖြစ်လျက် သုံးပါးသောအမည်တို့ကိုရ၏၊ အောက်ပိုင်း၌ မုဉ္စိတုကမျတာမည်ခဲ့၏၊ အလယ်ပိုင်း၌ ပဋိသခ်ါနုပဿနာဉာဏ်မည်ခဲ့၏။ အဆုံးပိုင်း၌ ခေါင်ထိပ်သို့ရောက်သော သခ်ါရုပေက္ခာဉာဏ်မည်၏'' ဟုဆိုကုန်၏။

ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသည်မှာ ''ဖြစ်ပေါ်ခြင်း(ဥပ္ပါဒ)စသည်ကိုစွန့်လွှတ်လို၍ တစ်ဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သခ်ါရတို့ကိုလျစ်လျူရှုသည့် သခ်ါရုပေက္ခာဉာဏ်မည်၏။

''ဖြစ်ပွားခြင်းကို။ ပ ။ သခ်ါရနိမိတ်ကို ။ ပ ။ ပြင်းစွာပူပန်ခြင်းကိုစွန့်လွှတ်လို၍ တစ်ဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သခ်ါရုပေက္ခာမည်၏။

''ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု။ ပ ။ ကြောက်ဖွယ်ဘေးဟု။ ပ ။ အစာနှင့် တကွဖြစ်သည်ဟု။ ပ ။ ပြင်းစွာပူပန်ခြင်းသည် သခါရတို့ဟု ထင်မြင်လျက် စွန့်လွှတ်လို၍ တစ်ဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သခါရုပေက္ခာဉာဏ်မည်၏''

''ဤတွင် ရှေ့အဖို့၌ နိဗ္ဗိဒါဉာဏ်ဖြင့်ငြီးငွေ့သောယောဂီသည် ဖြစ်ပေါ်ခြင်းစသည်ကို စွန့်လွှတ်လိုခြင်းသည် မုဉ္စိတုကမျတာ–စွန့်လွှတ်လိုသည်မည်၏။ စွန့်လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကိုပြုခြင်းငှာ အလယ်၌ တစ်ဖန်ရှုသိခြင်းသည် **ပဋိသင်္ခါ**–တစ်ဖန်ရှုသိသည်မည်၏။

စွန့်လွှတ်ပြီး၍ အဆုံး၌လျစ်လျူရှုခြင်းသည် **သန္ဋိဋ္ဌနာ**–ကောင်းစွာတည်သောပညာမည်၏။ ထိုကောင်းစွာတည်သောပညာကို ရည်၍ ''ဖြစ်ပေါ်ခြင်းသည် သခါရတို့တည်း၊ ထိုသခါရတို့ကို လျစ်လျူရှုသောကြောင့် သခါရုပေက္ခာမည်၏''

• ဝုဋ္ဌာနဂါမိနီဝိပဿနာ

သခါရုပေက္ခာဉာဏ်ကိုရပြီးသော ယောဂီ၏ဝိပဿနာသည် ခေါင်ထိပ်သို့ရောက်သောကြောင့် ဝုဋ္ဌာနဂါမိနီ မည်၏။ 'ခေါင်ထိပ်သို့ရောက်သောဝိပဿနာ' (ဝါ) 'ဝုဋ္ဌာနဂါမိနီ' ဟူသောအမည်သည် (၁) ခေါင်ထိပ်သို့ရောက်သော သခါရုပေက္ခာဉာဏ် (၂) အနုလောမဉာဏ် (၃) ဂေါတြဘူဉာဏ်ဟူသည့် ဉာဏ်သုံးပါတို့၏အမည်ပေတည်း။

ဤဉာဏ်သုံးပါးသည် ခေါင်ထိပ်ဟူသောမြတ်သည့်အဖြစ်သို့ ရောက်သောကြောင့် **သိခါပတ္တ** (ခေါင်ထိပ်သို့ရောက်သည်) မည်၏။ **ဝုဋ္ဌာန** (ထသောမဂ်) အမည်ရသောအရိယာမဂ်သို့ သွားရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ** (ထသောမဂ်သို့သွားရောက်သည်) မည်၏။

ဝုဋ္ဌာနဂါမိနီမည်ပုံ

ဗဟိဒ္ဓနိမိတ်ခေါ် ပြင်ပအာရုံဖြစ်သော နှလုံးသွင်းအပ်, ရှုအပ်သည့်အာရုံထွာမှလည်းကောင်း၊ အဇ္ဈတ္တပထွာခေါ် ကိလေသာအယဉ်, ခန္ဓာအယဉ်မှလည်းကောင်း၊ ထမြောက်သွားသောကြောင့် အရိယာမဂ်ကို '**ဝုဋ္ဌာန** = ထသည်' ဟုခေါ်ဆိုအပ်၏။ ထိုထသောအရိယမဂ်သို့သွားရောက်တတ်သောကြောင့် '**ဝုဋ္ဌာနဂါမိနီ** = ထသောအရိယာမဂ်သို့ သွားရောက်သည့် ဝိပဿနာ' ဟုမည်လေ၏။

မှတ်ချက် – '**ထမြောက်သွားသောကြောင့်**' ဟူသည်မှာ သခါရအာရုံကိုမရှုတော့ဘဲ နိဗ္ဗာန်ကိုအာရုံပြုသွားခြင်းသည် ပြင်ပအာရုံမှ ထသည်မည်၏။ ကိလေသာအယဉ်, ဝိပါက်ခန္ဓာအယဉ်တို့ မဖြစ်နိုင်သောအခြေအနေသို့ရောက်သွားခြင်းသည် အဇ္ဈတ္တပထွာမှ ထသည်မည်၏။ ရောဂါပျောက်ကင်းသည်ကို ရောဂါမှထသည်ဟု ပြောဆိုသကဲ့သို့တည်း။

• အဘိနိဝေသ–ဝုဋ္ဌာန အမျိုးမျိုး

အဘိနိဝေသ–စွဲစွဲမြဲမြဲနှလုံးသွင်းခြင်းနှင့် ဝုဋ္ဌာန–ထခြင်းတို့ကို ထင်ရှားစေခြင်းငှာ ခေါင်းစဉ်မာတိကာကို ဖော်ပြပါအံ့။

(၁) အဇ္ဈတ္တကိုနှလုံးသွင်း၍ အဇ္ဈတ္တမှထခြင်း

ဤသာသနာတော်၌ အချို့သောယောဂီသည် အစကနဦး၌ ကိုယ်တွင်းသခါရဖြစ်သည့် အဇ္ဈတ္တခန္ဓာငါးပါးကို နှလုံးသွင်း၏ (ရှု၏)၊ နှလုံးသွင်းပြီးလျှင် ကိုယ်တွင်းသခါရတို့ကို

မှန်စွာရှုမြင်၏။ သို့သော် ခန္ဓာကိုယ်တွင်းတရားသက်သက်ကို ရှုမြင်ရုံမျှဖြင့် အရိယာမဂ် ဟူသောထခြင်းသည် မဖြစ်သေး။ ဗဟိဒ္ဓ–ပြင်ပတရားများကိုလည်း ရှုမြင်အပ်သည်သာတည်း။

ထို့ကြောင့် သူတစ်ပါးတို့၏ခန္ဓာငါးပါးနှင့် အနုပါဒိန္နခေါ်သက်မဲ့သခါရတို့ကိုလည်း အနိစ္စ, ဒုက္ခ, အနတ္တဟုရှု၏။ ထိုယောဂီသည် ရံခါအဇ္ဈတ္တကိုရှု၏၊ ရံခါ ဗဟိဒ္ဓကိုရှု၏။ ဤသို့ရှုမြင်သောထိုယောဂီ၏ ဝိပဿနာသည် အဇ္ဈတ္တကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့် ဆက်စပ်သွား၏။ ဤယောဂီသည် အဇ္ဈတ္တကိုနှလုံးသွင်း၍ အဇ္ဈတ္တမှထသည်မည်၏။

(၂) အဇ္ဈတ္တကိုနှလုံးသွင်း၍ ဗဟိဒ္ဓမှထခြင်း

အကယ်၍ ထိုယောဂီ၏ဝိပဿနာသည် အဇ္ဈတ္တ–ကိုယ်တွင်းတရား၌ ရှေးဦးစွာရှု၍ ဗဟိဒ္ဓကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် အဇ္ဈတ္တ–ကိုယ်တွင်းတရားကို ရှေးဦးစွာရှု၍ ဗဟိဒ္ဓ–ပြင်ပတရားမှထသည်မည်၏။

(၃)(၄) ဗဟိဒ္ဓ၌ရှေးဦးစွာရှု၍ ဗဟိဒ္ဓမှထခြင်းနှင့် ဗဟိဒ္ဓ၌ရှေးဦးစွာရှု၍ အဇ္ဈတ္တမှထခြင်းတို့သည် အထက်ပါနည်းကိုမှီ၍သိအပ်၏။

(၅) ရုပ်တရားကိုနှလုံးသွင်း၍ ရုပ်တရားမှထခြင်း

ယောဂီတစ်ဦးသည် အစကနဦး၌ ရုပ်၌ နှလုံးသွင်း၏၊ နှလုံးသွင်းပြီးသော် ဘူတရုပ်အပေါင်းနှင့် ဥပါဒါရုပ်အပေါင်းကို အပေါင်းအစုပြု၍ ရှု၏။ သို့သော် ရုပ်သက်သက်ကို ရှုရုံမျှနှင့် မဂ်ဟူသောထခြင်းသည် မဖြစ်သေး၊ နာမ်ကိုလည်းရှုအပ်သည်သာတည်း။ ထို့ကြောင့် ထိုရုပ်ကို အာရုံပြုလျက်ဖြစ်သော ဝေဒနာကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သခါရကိုလည်းကောင်း၊ ဝိညာဏ်ကိုလည်းကောင်း၊ ''ဤသည်ကား နာမ်တည်း''ဟုရှု၏။

ထိုယောဂီသည် ရံခါရုပ်ကိုသုံးသပ်၏၊ ရံခါနာမ်ကိုသုံးသပ်၏။ ဤသို့သုံးသပ်သော ယောဂီ၏ ဝိပဿနာသည် ရုပ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်ဆက်စပ်သွား၏၊ ဤယောဂီသည် ရုပ်၌ ရှေးဦးစွာရှု၍ ရုပ်မှထသည်မည်၏။

(၆) အကယ်၍ ထိုယောဂီ၏ဝိပဿနာသည် နာမ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့် ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် ရုပ်၌ရှေးဦးစွာရှု၍ နာမ်မှထသည်မည်၏။

(၇,၈) နာမ်၌ရှေးဦးစွာရှု၍ နာမ်မှထခြင်း၊ နာမ်၌ရှေးဦးစွာရှု၍ ရုပ်မှထခြင်းတို့သည် ဤနည်းအတိုင်းပင်တည်း။

(၉) ခန္ဓာငါးပါးတို့မှ တစ်ပြိုင်နက်ထခြင်း

''အမှတ်မရှိ တစ်စုံတစ်ခုသောအကြောင်တရားသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုတရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏''ဟု ရှေးဦးစွာနှလုံးသွင်းပြီးလျှင် ဤအတူပင်လျှင် နှလုံးသွင်းလျက် မဂ်ဖြင့်ထသောကာလ၌မူကား ခန္ဓာငါးပါးတို့မှ တစ်ပြိုင်နက်ထသည်မည်၏။

(၁၀) အနိစ္စဖြင့်နှလုံးသွင်း၍ အနိစ္စဖြင့်ထခြင်း

ယောဂီတစ်ဦးသည် အစကနဦးကပင်လျှင် သခါရတရားတို့ကို အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်၏။ သို့သော် အနိစ္စအခြင်းအရာသက်သက်ဖြင့် သုံးသပ်ရုံမျှဖြင့် မဂ်ဟူသောထခြင်းသည်မဖြစ်သေး။ ဒုက္ခအခြင်းအရာအားဖြင့်လည်းကောင်း၊ အနတ္တအခြင်းအရာအားဖြင့်လည်းကောင်း သုံးသပ်၏။ ဤသို့ကျင့်သောယောဂီအား အနိစ္စအခြင်းအရာအားဖြင့်

သုံးသပ်ခိုက်၌ မဂ်ဟူသော ထခြင်းသည်ဖြစ်၏။ ဤယောဂီသည် အနိစ္စအခြင်းအရာအား ဖြင့် ရှေးဦးစွာနှလုံးသွင်း၍ အနိစ္စအခြင်းအရာအားဖြင့် ထသည်မည်၏။

(၁၁, ၁၂) အနိစ္စဖြင့်နှလုံးသွင်း၍ ဒုက္ခဖြင့်ထခြင်း, အနတ္တဖြင့်ထခြင်း

အကယ်၍ ထိုယောဂီသည် အနိစ္စအခြင်းအရာဖြင့် ရှေးဦးစွာနှလုံးသွင်း၍ ဒုက္ခအခြင်းအရာ အားဖြင့်သုံးသပ်ခိုက်၌ မဂ်ဟူသောထခြင်းဖြစ်လျှင် အနိစ္စဖြင့်နှလုံးသွင်း၍ ဒုက္ခဖြင့်ထသည် မည်၏။ သို့မဟုတ် အနတ္တအခြင်းအရာအားဖြင့် သုံးသပ်ခိုက်၌ မဂ်ဖြစ်လျှင် အနိစ္စဖြင့် နှလုံးသွင်း၍ အနတ္တဖြင့်ထသည်မည်၏။

မှတ်ချက် – ဒုက္ခအခြင်းအရာအားဖြင့်, အနတ္တအခြင်းအရာအားဖြင့် ရှေးဦးစွာနှလုံးသွင်း ၍ကြွင်းသောအခြင်းအရာအားဖြင့်ထခြင်းတို့၌လည်း ဤနည်းပင်တည်း။

• အရိယာပုဂ္ဂိုလ်အမျိုးမျိုးဖြစ်ပုံ

(၁) ယောဂီတစ်ဦးသည် အနိစ္စအခြင်းအရာဖြင့် ရှေးဦးစွာနှလုံးသွင်း၏၊ သို့မဟုတ် ဒုက္ခ အခြင်းအရာဖြင့် ရှေးဦးစွာနှလုံးသွင်း၏။ သို့မဟုတ် အနတ္တအခြင်းအရာအားဖြင့် နှလုံး သွင်း၏။မဂ်ဖြင့်ထသောကာလ၌ကား**အနိစ္စအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့။**

ထိုပုဂ္ဂိုလ်သည် အဓိမောက္ခအဖြစ်များ၏၊ သဒ္ဓိန္ဒြေလွန်ကဲ၏၊ အနိမိတ္တဝိမောက္ခဖြင့်လွတ် မြောက်၏၊ သောတာပတ္တိဖိုလ်ခဏ၌ **သဒ္ဓါနုသာရီအရိယာ**မည်၏၊ ခုနစ်ပါးသောအထက်မဂ် ဖိုလ်ခဏတို့၌ **သဒ္ဓါဝိမုတ္တအရိယာ**မည်၏။

(၂) အကယ်၍ အထက်ပါယောဂီသည် **ဒုက္ခအခြင်းအရာအားဖြင့်ထခြင်းသည်ဖြစ်ငြားအံ့၊**

ထိုပုဂ္ဂိုလ်သည် ပဿဒ္ဓိအဖြစ်များ၏၊ သမာဓိန္ဒြေလွန်ကဲ၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်မြောက်၏၊ အလုံးစုံသောမဂ်ဖိုလ်ခဏ ရှစ်ဌာနတို့၌ **ကာယသက္ခိအရိယာ**မည်၏။

အထူးကား – ဒုက္ခအခြင်းအရာအားဖြင့်ထသောပုဂ္ဂိုလ်သည် အရူပစျာန်ဟူသော အခြေခံ ပါဒကစျာန်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ၌ **ဥဘတောဘာဂဝိမုတ္တအရိယာ**မည်၏။

(၃) သို့တည်းမဟုတ် အထက်ပါယောဂီသည် **အနတ္တအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊**

ထိုပုဂ္ဂိုလ်သည် ပညာအဖြစ်များ၏၊ ပညိန္ဒြေလွန်ကဲ၏၊ သုညတဝိမောက္ခဖြင့် လွတ်မြောက် ၏၊ သောတာပတ္တိမဂ်ခဏ၌ **ဓမ္မာနုသာရီအရိယာ**မည်၏၊ အလယ်မဂ်ဖိုလ် ၆ ချက်သော ဌာနတို့၌ **ဒိဋ္ဌိပ္ပတ္တအရိယာ**မည်၏၊ အရဟတ္တဖိုလ်ခဏ၌ **ပညာဝိမုတ္တအရိယာ**မည်၏။

၁၀၆၆၄

ဝိသုဒ္ဓိ ၇-ပါး
မင်းကွန်းသွား

မင်းကွန်းဆရာတော်ဘုရား

ဟောကြားတော်မူသည်



ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရား

မုဠိတုကမျတာဥာဏ်

"လွတ်လိုပုံ"

အပျက်မြင်သောကြောင့်-လွတ်လို၏
လွတ်လိုတာက-မုဠိတုကမျတာဥာဏ်
အပျက်ဆိုတာက-ရုပ်နာမ်ဘဲ
လွတ်လိုတာက-ယောဂီဉာဏ်ဘဲ

"လွတ်ခြင်းလက္ခဏာ"

ယောနိ၄-ပါးကိုလဲ-တပါးမှသူမခင်
ကိုယ်စိတ်၂-ပါးမှလဲ
အပျက်များလို့-လွတ်ချင်
မြင်တုန်းပျက်လို့လဲ-လွတ်လိုချင်
ကြားတုန်းပျက်လို့လဲ-လွတ်လိုချင်
နံတုန်းပျက်လို့လဲ-လွတ်လိုချင်
စားတုန်းပျက်လို့လဲ-လွတ်လိုချင်

ထိတုန်းပျက်လို့လဲ-လွတ်လိုချင်
သိတုန်းပျက်လို့လဲ-လွတ်လိုချင်
မုဆိုတုကမျတာဥဿကိုပြီး၏။

ပဋိသန္ဓါဥာဏ်

"ဆင်ခြင်ပုံ"

အပျက်မြင်သောကြောင့်-ဆင်ခြင်၏
ဆင်ခြင်တာက-ပဋိသန္ဓါဉာဏ်
အပျက်ဆိုတာက-ရုပ်နာမ်ဘဲ
ဆင်ခြင်တာက-ပဋိသန္ဓါဉာဏ်ဘဲ

ဤပဋိသန္ဓါဉာဏ်အရာ၌၊ အနိစ္စတော အစရှိသော တော လေးဆယ်တို့ကို အဋ္ဌကထာဆရာမြတ်တို့ ဖွင့်ဆိုတော်မူအပ်သည် နှင့်အညီ၊ အနိစ္စတရား၁၀-ပါး၊ ဒုက္ခတရား၂၅-ပါး၊ အသုဘ တရား၇-ပါး၊ အနတ္တတရား၅-ပါးတို့ကို ထုတ်ဖော်၍ ပြဆိုပေအံ့။

"ထင်ချက်"

အနိစ္စထင်ချက်-တရားဆယ်ပါး
ဒုက္ခထင်ချက်-တရား-၂၅
အသုဘထင်ချက်-တရား၇-ပါး
အနတ္တထင်ချက်-တရား၅-ပါး

"အနိစ္စ ၁၀-ပါး"

အနိစ္စဆိုတာကလဲ-အနိစ္စတရား
ပလောကဆိုတာကလဲ-အနိစ္စတရား
စလဆိုတာကလဲ-အနိစ္စတရား
ပဘင်္ဂဆိုတာကလဲ-အနိစ္စတရား
အဓုဝဆိုတာကလဲ-အနိစ္စတရား
ဝိပရိဏာမဆိုတာကလဲ-အနိစ္စတရား
အသာရကဆိုတာကလဲ-အနိစ္စတရား
ဝိဘဝဆိုတာကလဲ-အနိစ္စတရား
သင်္ခတဆိုတာကလဲ-အနိစ္စတရား
မရဏဆိုတာကလဲ-အနိစ္စတရား
အားလုံးပေါင်းတော့-အနိစ္စထင်ချက်
တရား ၁၀-ပါး

"ဒုက္ခမည်သူနည်း"

ဒုက္ခဆိုတာက-ဘယ်တရား
ဖြစ်တဲ့သဘောကလဲ-ဒုက္ခတရား
တည်တဲ့သဘောကလဲ-ဒုက္ခတရား
ပျက်တဲ့သဘောကလဲ-ဒုက္ခတရား
ကိုယ်,စိတ်ဆင်းရဲတဲ့သဘောကလဲ-ဒုက္ခတရား
သေတဲ့သဘောကလဲ-ဒုက္ခတရား

ရုပ်နာမ်တို့၏ဥပါဒ်,ဌိ,ဘင်,သဒ်တ
သဘောကလဲ-ဒုက္ခတရား
အနုလောမ ပဋိစ္စသမုပ္ပါဒ်သဘောကလဲ
ဒုက္ခတရား
အားလုံးပေါင်းတော့လဲ ၇-ပါး

"သညာ ၄-ပါး"

နိစ္စသညာ-ကိလေသာ၊
အဝိဇ္ဇာတရားကို-မြဲတယ်ဆို။
သုခသညာ-ကိလေသာ၊
တဏှာတရားကို-ချမ်းသာဆို။
သုဘသညာ-ကိလေသာ၊
တဏှာတရားကို-တင့်တယ်ဆို။
အတ္တသညာ-ကိုလေသာ၊
ဒိဋ္ဌိတရားကို-ကိုယ့်ကိုယ်ဆို။

"ဒုက္ခ ၂၅-ခု"

ဒုက္ခဆိုတာကလဲ-ဒုက္ခတရား
ရောဂဆိုတာကလဲ-ဒုက္ခတရား
ဂဏ္ဍဆိုတာကလဲ-ဒုက္ခတရား
သလ္လဆိုတာကလဲ-ဒုက္ခတရား
အဃဆိုတာကလဲ-ဒုက္ခတရား
အာဗာဓဆိုတာကလဲ-ဒုက္ခတရား

ဤတိဆိုတာကလဲ-ဒုက္ခတရား
ဥပဒ္ဒဝဆိုတာကလဲ-ဒုက္ခတရား
ဘယဆိုတာကလဲ-ဒုက္ခတရား
ဥပသဂ္ဂဆိုတာကလဲ-ဒုက္ခတရား
အတာဏဆိုတာကလဲ-ဒုက္ခတရား
အလေဏဆိုတာကလဲ-ဒုက္ခတရား
အသရဏဆိုတာကလဲ-ဒုက္ခတရား
အာဒီနဝဆိုတာကလဲ-ဒုက္ခတရား
အဃမူလဆိုတာကလဲ-ဒုက္ခတရား
ဝဓကဆိုတာကလဲ-ဒုက္ခတရား
သာသဝဆိုတာကလဲ-ဒုက္ခတရား
မာရာမိသဆိုတာကလဲ-ဒုက္ခတရား
ဇာတိဓမ္မဆိုတာကလဲ-ဒုက္ခတရား
ဇရာဓမ္မဆိုတာကလဲ-ဒုက္ခတရား
ဗျာဓိဓမ္မဆိုတာကလဲ-ဒုက္ခတရား
သောကဓမ္မဆိုတာကလဲ-ဒုက္ခတရား
ပရိဒေဝဓမ္မဆိုတာကလဲ-ဒုက္ခတရား
ဥပါယာသဓမ္မဆိုတာကလဲ-ဒုက္ခတရား
သံကိလေသိကဓမ္မဆိုတာကလဲ-ဒုက္ခတရား
အားလုံးပေါင်းတော့- ဒုက္ခ ၂၅

“အသုဘ ၇-ပါး”

အဇ္ဈတ္တဆိုတာကလဲ-အသုဘတရား

ဒုဂ္ဂန္ဓဆိုတာကလဲ-အသုဘတရား
ဧကုဏ္ဍဆိုတာကလဲ-အသုဘတရား
ပဋိကူလဆိုတာကလဲ-အသုဘတရား
အမဏ္ဍနဆိုတာကလဲ-အသုဘတရား
ဝိရူပဆိုတာကလဲ-အသုဘတရား
ဝိဂစ္ဆဆိုတာကလဲ-အသုဘတရား
အားလုံးပေါင်းတော့-အသုဘ ၇-ပါး

"အနတ္တ ၅-ပါး"

ပရဆိုတာကလဲ-အနတ္တတရား
ရိတ္တဆိုတာကလဲ-အနတ္တတရား
တုစ္ဆဆိုတာကလဲ-အနတ္တတရား
သုညဆိုတာကလဲ-အနတ္တတရား
အနတ္တဆိုတာကလဲ-အနတ္တတရား
အားလုံးပေါင်းတော့-အနတ္တငါးပါး

"ဆင်ခြင်မှုလက္ခဏာ"

ဘုံသုံးပါးကိုလဲ-တပါးမှမလိုချင်
အပျက်တွေ့မျှားလို့လဲ-စိတ်ထားကဆင်ခြင်
မြဲတာကိုလဲ-ဘာတခုမှသူမမြင်
ချမ်းသာတာကိုလဲ-ဘာတခုမှသူမမြင်

တင့်တယ်တာကိုလဲ-ဘာဘာခုမှသူမမြင်
အစိုးရတာကိုလဲ-ဘာဘာခုမှသူမမြင်

"ဥပမာဖြင့်ပြခြင်း"

ရေနေငါးကိုလဲ-ဘမ်းယူမယ်သူပြင်
ငါးဘမ်းတဲ့ဆောင်းကိုလဲ-ချောင်းဝဋ်ချစဉ်
မိလေမြေ့ဆိုး-ငါးမျိုးထင်
ဆောင်းဝန္ဒိုက်သွင်း-လည်ပင်းတွင်
ဆုပ်ကိုင်ဆဲမှာလဲ-ငါးကြီးဘဲသူထင်
ရေပေါ်ရောက်တော့မှ-
မြေ့ဟောက်ကိုမြင်
အမယ်လေးမြေ့ကြီး-ကြက်သီးထစဉ်
ကြောက်စိတ်ဖြစ်လျှင်-အပြစ်ကိုမြင်
ငြီးငွေ့လျက်ပင်-လွတ်လိုချင်
လွတ်ကြောင်းကိုပင်-သူဆင်ခြင်
မြေ့အမြီးကပင်-ပြန်ဖြေစဉ်
လက်၂-ချောင်းကိုပင်-ခေါင်းပေါ်တင်
သုံးပတ်အစဉ်-ရမ်းမွှေ့လျှင်
ပြန်ကိုက်ဘို့ပင်-သူမမြင်
သွားလေမြေ့ဆိုး-ဒုက္ခမျိုး
လွတ်ပြီးကမ်းပေါ်-ပြေးတက်သော်

ပြေးလာစဉ်လမ်း-ရှုကြည့်မှန်း
ဘေးဘျမ်းအစဉ်-လွတ်တာမြင်
ပဋိသန္ဓေဉာဏ်ပြီး၏။

သန္ဓေရုပေကွာဉာဏ်

"လောကကိုပြခြင်း"

လောကဆိုတာက-သုံးခုပြား
သတ္တလောကကလဲ့-တခုတပါး
ဩကာသလောကကလဲ-တခုတပါး
သန်္ခါရလောကကလဲ-တခုတပါး
သတ္တဝါအပေါင်းကို-သတ္တဆို
တည်ရာဘုံအပေါင်းကို-ဩကာသဆို
၂-ပါးစုံအပေါင်းကို-သန်္ခါရဆို

"သန်္ခါရကိုပြခြင်း"

သန်္ခါရဆိုတာကလဲ ၂-ခုပြား
သတ္တသန်္ခါရကလဲ-တခုတပါး
သုည်သန်္ခါရကလဲ-တခုတပါး
ပုဂ္ဂိုလ်အပေါင်းကို-သတ္တသန်္ခါရဆို

"တိတ္ထိတို့၏အကြံ"

နိစ္စလဲ-သူ့ကိုဆို

သုခလဲ-သူ့ကိုဆို
အတ္တလဲ-သူ့ကိုဆို

"အတ္တကိုပြခြင်း"

အတ္တဆိုတာကလဲ၊ ၂-ခုပြား
အဇ္ဈတ္တဆိုတာကလဲ-တခုတပါး
ဗဟိဒ္ဓဆိုတာကလဲ-တခုတပါး
အဇ္ဈတ္တကို-အတ္တဆို
ဗဟိဒ္ဓကို-အတ္တနိယဆို

"တနည်းအတ္တ"

အတ္တဆိုတာကလဲ၊ ၂-ခုပြား
သကအတ္တဆိုတာကလဲ-တခုတပါး
ပရအတ္တကလဲ-တခုတပါး
မိမိကိုယ်ကို-သကအတ္တဆို
သူတပါးကိုယ်ကို-ပရအတ္တဆို

"အတ္တနိယ"

အတ္တနိယဆိုတာကလဲ၊ ၂-ခုပြား
သကအတ္တနိယဆိုတာကလဲ-တခုတပါး
ပရအတ္တနိယဆိုတာကလဲ-တခုတပါး
မိမိဥစ္စာကို-သကအတ္တနိယဆို
သူတပါးဥစ္စာကို-ပရအတ္တနိယဆို

"သုည သန်ဂရကို ပြခြင်း"

သုညဆိုတာကလဲ ၂-ခုပြား
ပရမတ္ထသုညကလဲ-တခုတပါး
သင်္ခရသုညကလဲ-တခုတပါး
နိဗ္ဗာန်သည် ပရမတ်တရား
ခန္ဓာငါးမှဆိတ်သောကြောင့်၊ ပရမတ္ထသုညဆို။
ခန္ဓာငါးသည်၊သတ္တသင်္ခရမှ
ဆိတ်သောကြောင့်၊သင်္ခရသုညဆို။

"သန်ဂရူပေကွာဥာဏ်"

"အညီအညွတ်ရှုပုံ"

အပျက်မြင်သောကြောင့်-အညီအညွတ်ရှု
အညီအညွတ်ရှုတာက-သန်ဂရူပေကွာဥာဏ်
အပျက်ဆိုတာက-ရုပ်နာမ်ဘဲ
အညီအညွတ်ရှုတာက-
သင်္ခရူပေကွာဥာဏ်ဘဲ

"သတိနှင့်အတ္တပယ်ပုံ"

ချစ်သားမောဃ-မောင်ရာဇ
ထင်သောသတိနှင့်လဲ-အတ္တပယ်
လောကတရား-သုဉ်းဆိတ်ငြား
သေမင်းလွန်လို့လဲ-မမြင်နိုင်ဘူယ်
ရုပ်အနိစ္စ-ရှုမြင်က၊

လောကမှာလဲ-သူဉ်းဆိတ်တယ်
ဝေဒနာအနိစ္စ-ရှုမြင်က
လောကမှာလဲ-သူဉ်းဆိတ်တယ်
သညာအနိစ္စ-ရှုမြင်က
လောကမှာလဲ-သူဉ်းဆိတ်တယ်
သင်္ခါရအနိစ္စ-ရှုမြင်က
လောကမှာလဲ-သူဉ်းဆိတ်တယ်
ဝိညာဏ်အနိစ္စ-ရှုမြင်က
လောကမှာလဲ-သူဉ်းဆိတ်တယ်
ကြာဘက်ပေါ် ရောက်-မိုးဃ်းရေပေါက်
လျှောကျဆင်းလို့လဲ-သန့်ရှင်းတယ်
ကြက်တောင်ကြာညှင်း-မီးမြှိုက်သွင်း
တွန့်လိပ်ခြင်းဖြင့်လဲ-ကောက်ကွေ့တယ်
သုံးပါးဖြစ်ခြင်း-ဝဋ်ဘုံတွင်း
စိတ်ရင်းဟာကလဲ-မငြိတွယ်ဘွယ်
ဗန်းဆန်ကောတွင်း-မုံ့ညက်သွင်း
ဆင့်လေခြင်းနှင့်လဲ-တူလှတယ်
ဝါဘတ်ခြင်းတွင်း-လေးကိုသွင်း
ဘတ်နေခြင်းနှင့်လဲ-တူလှတယ်
ရုပ်နာမ်၂-ကွင်း-အာရုံရင်း
သိမ့်မွေ့ခြင်းကလဲ-ထပ်တူဟယ်
နိဗ္ဗာန်အေးခြင်း-အာရုံတွင်း

ကျဆင်းပြန်မှလဲ-လွတ်မြောက်တယ်
နိဗ္ဗာန်အေးခြင်း-အာရုံတွင်း
မကျဆင်းပြန်ကလဲ-ရုပ်နာမ်တွယ်

"လွတ်ခြင်းလွတ်ပေါက် ပြည့်စုံပုံ"
"အနိစ္စ"

နှလုံးသွင်းအနိစ္စ-ကုန်ထင်က
နိမိတ်ကင်းတာမှလဲ-ထွက်ပေါက်ဟယ်
ကိလေသာတရားမှလဲ-လွတ်မြောက်တယ်
အဆုံးအဖြတ်မျှားလို့လဲ-ယုံကြည်ဘွယ်

"ဒုက္ခ"

နှလုံးသွင်းဒုက္ခ-ဘေးထင်က
တောင့်တကင်းတာမှလဲ-ထွက်ပေါက်ဟယ်
ကိလေသာတရားမှလဲ-လွတ်မြောက်တယ်
အငြိမ်းမျှားလို့လဲ-တည်ကြည်ဘွယ်

"အနတ္တ"

နှလုံးသွင်းအနတ္တ-ကင်းဆိတ်က
နှလုံးသွင်းကင်းတာမှလဲ-ထွက်ပေါက်ဟယ်
ကိလေသာတရားမှလဲ-လွတ်မြောက်တယ်
အသိမျှားလို့လဲ-အသိဉာဏ်ကျယ်

“ပယ်နိုင်သောကိလေသာ”

ဖြစ်ပြီးကိလေသာကိုလဲ-မပယ်နိုင်ပေ
ဖြစ်ဆဲကိလေသာကိုလဲ-မပယ်နိုင်ပေ
ဖြစ်လတံ့ကိလေသာကိုလဲ-မပယ်နိုင်ပေ
ဖြစ်ခွင့်ကိလေသာကိုတော့- ပယ်နိုင်သလေ

“ဖြစ်ခွင့်”

ဖြစ်ခွင့်ဆိုတာကလဲ-ဖြစ်စမဟုတ်
ဖြစ်ခွင့်ဆိုတာကလဲ-ဖြစ်လယ်မဟုတ်
ဖြစ်ခွင့်ဆိုတာကလဲ-ဖြစ်ဆုံးမဟုတ်
ဖြစ်ခွင့်ဆိုတာက-ဖြစ်ခွင့်ဟုတ်

“ဖြစ်ခွင့် ၃-မျိုး”

အဟောင်းဖြစ်ခွင့်ကိုတော့-မဂ်ဉာဏ်နှင့်ဖြုတ်
အသစ်ဖြစ်ခွင့်ကိုတော့-ဝိပဿနာနှင့်အုပ်
တပတ်ရစ်ဖြစ်ခွင့်ကတော့-ဒေသနာသရုပ်

“ဝဋ္ဌာနက ၂မိနီ ၃-မျိုး”

အာရုံငါးမှလဲ-ထတဲ့တဏှာ
ဥာဏ်အစားဖြင့်လဲ-သင်္ခါရုပေကွာ
ဒေသနာက-ပြတဲ့နာမည်ဟာ
နာနတ္တ-နာနတ္တသိတာ
ဝေဒနာတရားမှလဲ-ထတဲ့တဏှာ

ဉာဏ်အစေးအိုးဖြင့်လဲ-အနုလောမာ
ဒေသနာက-ပြတဲ့နာမည်ဟာ
ကေတ္တ-ကေတ္တသိတာ
တမ္မာယတရားမှလဲ-ထတဲ့တဏှာ
ဉာဏ်အစေးအိုးဖြင့်လဲ-ဂေါတြဘူသာ
ဒေသနာက-ပြတဲ့နာမည်ဟာ
(အတမ္မာ)အတမ္မယတာ။

လက်သည်းကွင်းဖြင့် ပြသော (အတမ္မာ)ကား- သဒ္ဒါကျမ်းအလို ပဒပူရဏာ၊အလင်္ကာကျမ်းအလို ပဒါလင်္ကာရဆို၏။

"သန်ါရုပေက္ခာဉာဏ်အစေ-မဂ်ဉာဏ်တိုင်အောင် ပြခြင်း"

မြင်တုန်းပျက်မှု-လျစ်လျူရှု
ကြားတုန်းပျက်မှု-လျစ်လျူရှု
နံတုန်းပျက်မှု-လျစ်လျူရှု
စားတုန်းပျက်မှု-လျစ်လျူရှု
ထိတုန်းပျက်မှု-လျစ်လျူရှု
မြင်ပျက်သုံးချက်-ဆင့်ခါတက်
လေးအပျက်ကုန်-ငါးအစုံချုပ်
၆+၄၄်+၇-အကျိုးဖြစ်။ ။(မန္ဒ)

ဤစကား၌-မြင်ပျက်သုံးပျက်အနက် နောက်ဆုံးအပျက်ကား ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ ဝိပဿနာ စိတ္တုပ္ပါဒ်အာရုံ အဆုံးဖြစ်၏။ လေးအပျက်ကုန်သည် ဆိုသည်ကား ဂေါတြဘူဉာဏ်ကို

ရည်ညွှန်းထားသောကြောင့် ရုပ်နာမ်ကုန်ခြင်း, ချုပ်ခြင်းမျှသာ ဖြစ်၏။ကိလေသာကား- မချုပ်သေးဘဲဖြစ်သောကြောင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ အာရုံထဲသို့လည်း သူမဝင်၊ ဉာဏဒဿန ဝိသုဒ္ဓိအာရုံသို့လည်း မရောက်နိုင်၊ သုဒ္ဓိ ၂-ပါးတို့၏ အကြားဌာ ဖြစ်၍၊သုဒ္ဓိမခေါ်ဝေါ်လောက်သော စစ်ချက်ဖြစ်၏။ ငါးအစုံ ချုပ်ဟူသော စစ်ချက်, ၆+နှင့်+၇ အကျိုးဖြစ်ဟူသော စစ်ချက် တို့သည်ကား ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

"ပရိကံဇော စသည်ကိုပြခြင်း"

ပရိကံဇောကလဲ-ရုပ်နာမ်မသေ
ဥပစာဇောကလဲ-ရုပ်နာမ်မသေ
အနုလုံဇောကလဲ-ရုပ်နာမ်မသေ
ဂေါတြဘူဇောကျတော့-ရုပ်နာမ်သေ
(ကိလေသာမသေ)
မဂ်ဇောကျမှ ၂-ပါးစုံသေ

သန်ဓိရုပေကွာဥဃ် ပြီး၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

ဝိပဿနာဉာဏ်စဉ် (၁၆)ပါးကို
ပဌာန်းပစ္စည်းများဖြင့် ရှုမှတ်ပုံ

မုဠိတုကမျတာဉာဏ်၊ ပဋိသခ်ီဉာဏ်၊
သခ်ီရုပေက္ခာဉာဏ် နှင့်

ပုရေဇာတပစ္စည်း၊ သဟဇာတပစ္စည်း၊
ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း

ဥဇ္ဈာစဉ်(၁၆)ပါးကို ပဋ္ဌာန်းပစ္စည်းများဖြင့် ရှုမှတ်ပုံ

မုဠ္ဍတုကမျတာဥဇ္ဈာ

ပဋိသန္ဓိဥဇ္ဈာ

သန္ဓိရုပေကဋ္ဌာဥဇ္ဈာတို့ကို ပုရေဇာတပစ္စည်းဖြင့်ရှုမှတ်ပုံ။

ရှေ့ကဥဇ္ဈာစဉ်တရား- ဘင်္ဂဥဇ္ဈာအထိကို ပုရေဇာတပစ္စည်းမှ "ဖောဋ္ဌဗ္ဗာယတနံ ကာယ ဝိညာဏ ဓါတုယာ၊ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော"

ဖြင့်ရှုမှတ်ခဲ့ပြီးဖြစ်ပါသည်။ ဝိပဿနာဥဇ္ဈာအဆင့်ဆင့်ကို နာမရူပပရိစ္ဆေဒဥဇ္ဈာမှ ဘင်္ဂဥဇ္ဈာအထိ ရုပ်အာရုံအကြောင်းကြောင့် နာမ်ဓမ္မာရုံ၊ ရုပ်ဓမ္မာရုံ အကျိုးတို့ကို ရှုမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဘယဉ္ဈာမှ သန္ဓိရုပေကဋ္ဌာဥဇ္ဈာအထိ နာမ်ဓမ္မအာရုံအကြောင်းကြောင့် နာမ်ဓမ္မ အကျိုးတို့ပြောင်းလဲဖြစ်ပေါ်ပုံကို ရှုမှတ်နေခြင်းဖြစ်ပါသည်။

"မနောဝိညာဏ ဓါတုယာ တံသမ္ပယုတ္ထကာနဉ္စ ဓမ္မာနံ၊ ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော" ဖြင့် ရှုမှတ်မည်ဖြစ်ပါသည်။

မုဠ္ဍတုကမျတာဥဇ္ဈာ၊ ပဋိသန္ဓိဥဇ္ဈာ၊ သန္ဓိရုပေကဋ္ဌာဥဇ္ဈာ (၃)မျိုးတို့သည် အဓိပ္ပါယ် တူ၊ သဒ္ဒါကွဲသာဖြစ်ပါသည်။

(၁) မုဠ္ဍတုကမျတာဥဇ္ဈာတွင် နိဗ္ဗဒါဥဇ္ဈာကို အာရုံထား၍ သန္ဓိရတို့ကို မုန်းငြီးငွေ့လျှက် မပြတ် မစဲရှုမှတ်သောအခါ၊ သန္ဓိရဒုက္ခများမှ ချက်ခြင်းလွတ်မြောက်လိုခြင်း၊ ထွက်မြောက် လွတ်မြောက်လို ခြင်းဥဇ္ဈာတို့ ဖြစ်ပေါ်လာရပေသည်။ အာရမ္မဏပုရေဇာတရှုမှတ်ပုံမှာ -

မနောဝိညာဏဓါတုယာ = အကြောင်း = သန္ဓိရတို့ကို ငြီးငွေ့စရာဟု ရှုမြင်သောအခါ၊
= (စိတ္တာ နုပဿနာ)

တံသမ္ပယုတ္တကာနဉ္စ = အကျိုး = မုန်းငြီးငွေ့မှုဟုမြင်၍ အတူတကွဖြစ်သော
စိတ် စေတသိတ်တို့မှ

ဓမ္မာနံ = လွတ်ထွက်လိုသောစိတ်စေတသိတ်တို့သည်
= (ဓမ္မာနုပဿနာ)

ကိဉ္စိကာလေ = ပဝတ္တိကာလတွင်

ပုရေဇာတ ပစ္စယေန = ရှေ့ကဖြစ်နှင့်သောစိတ်အာရုံကြောင့်

ပစ္စယောတိ = နောက်မှအကျိုးစိတ်တို့ဖြစ်ကုန်၏။

(၂) မုဠိတုကမျတာဉာဏ်တွင် သဟဇာတ ပစ္စည်းဖြင့် ရှုမှတ်ပုံ သဟဇာတပစ္စည်းမှ -

စတ္တာရောဓန္ဓာ အရူပိနော = စိတ္တာနုပသနာ (အကြောင်း)
= ဝိဉာဏ်ဖြစ်သောသခ်ါရတို့ကို ပျင်းမုန်း ငြီးငွေ့
လျှက်မပြတ်မစဲ ရှုမှတ်သောကြောင့်

အညံမညံ = (အကျိုး) သခ်ါရ၊ သညာ၊ ဝေဒနာဖြစ်သော
လွတ်ထွက်လိုသောစေတနာသည်၊ အချင်းချင်း
ဖြစ်၍

သဟဇာတ ပစ္စယေန = အတူတကွဖြစ်ခြင်းသတ္တိဖြင့်၊

ပစ္စယော = ကျေးဇူးပြုသည်ဖြစ်၏။

(၃) မုဠိတုကမျတာဉာဏ်တွင် ဟေတုပစ္စည်းဖြင့် ရှုမှတ်ပုံ။

ဟေတုပစ္စည်းမှ-

ဟေတူ = စိတ္တာနုပသနာ (အကြောင်း)
= ဒေါသဖြစ်သော ပျင်းမုန်းငြီးငွေ့လျှက်မပြတ်မစဲရှုမှတ်သောကြောင့်

ဟေတုသမွယုတ္တကာနံ= ပျင်းမုန်းငြီးငွေ့မှုနှင့်အတူတကွဖြစ်သော

ဇမ္မာနဉ္စ = (အကျိုး) စိတ်စေတသိတ်ဖြစ်သည့်၊ လွတ်ထွက်လိုသောစိတ်
တို့သည်၎င်း

တံသမုဋ္ဌာနာနံရူပါနဉ္စ = လွတ်ထွက်လိုသော စိတ်တွဇရုပ်၊ ကမ္မဇရုပ်တို့သည်၎င်း။

ဟေတုပစ္စယေန ပစ္စယော = အမြစ်သဖွယ် သတ္တိဖြင့် ကျေးဇူးပြုပေ၏။

(၄) မုဠိတုကမျတာဉာဏ်တွင် အာရမ္မဏပစ္စည်းဖြင့် ရှုမှတ်ပုံ

အာရမ္မဏ5ပစ္စည်းမှ-

ယံ ယံ ဓမ္မာ အရဟ္တ = ပျင်းမုန်းငြီးငွေ့လျှက် မပြတ်မစဲရှုမှတ်သော(အကြောင်း)ကြောင့်
= စိတ္တာနုပသနာ။

ယေယေ ဓမ္မာ စိတ္တစေတသိကာဓမ္မာ = လွတ်ထွက်လိုသောစိတ်စေသသိတ်(အကျိုး)တို့သည်

ဥပ္ပဇ္ဇန္တိ = ဖြစ်ကြကုန်၏။

အာရမ္မဏပစ္စယေနပစ္စယော = အာရုံဟူသောသတ္တိဖြင့် အကျိုးပြုသည်။

ပဋိသခ်ါဉာဏ်ကိုပဋ္ဌာန်းပစ္စည်းများဖြင့်ရှုမှတ်ပုံ။

ပဋိသန္ဓိဉာဏ်ကာလတွင် ယောဂီတို့သည် ဘဝ(၃)ပါးတို့ကို လွတ်လပ်ထွက်မြောက်ရန်အတွက် သင်္ခါရတို့ကို တဖန်ထပ်မံ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တော(၄၀)တို့ဖြင့် စိပ်စိပ်မျှင်မျှင် မပြတ်မစဲရှုမှတ်ခြင်းဖြင့် သင်္ခါရတို့အား နည်းစေခြင်းဖြစ်ပါသည်။ နာမ်မှ နာမ်ရုပ်တို့ကို ရှုမှတ်ခြင်းဖြစ်ပါသည်။

(၁) ပဋိသန္ဓိဉာဏ်ကို ပုရေဇာတပစ္စည်းဖြင့်ရှုမှတ်ပုံ။

ပဋိသန္ဓိဉာဏ်တွင် အာရုံထားရမည်မှာ မုဉ္ဇတုကမျတာဉာဏ်ပင် ဖြစ်သည်။ တောဘူမက သင်္ခါရတို့၌ ပျော်ပိုက်တပ်စွန်း၊ စွဲလန်းနှစ်သက် ငဲ့ကွက် တွယ်တာခြင်းမထင်၊ အပြစ်အမုန်းရှုမြင်၍ လွတ်လပ်ထွက်မြောက်ချင်သော စိတ်ပင်ဖြစ်၏။ ထိုသို့မပြတ်မစဲ ရှုမှတ် သောအခါ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တော (၄၀)သဘောတို့ဖြင့် ဃန မြွေးယှက် တခဲနက်ကို ဝက်ဝက်ကွဲအောင် ဖြိုခွဲဖျက်ဆီးခြင်းဖြင့် ဖြစ်နေကျ သင်္ခါရတို့ အား နည်း ပျောက်ပျက်သွားပါက အသစ်တဓါတ်သို့ နီးကပ်လာပြီဖြစ်ပေ၏။

လွတ်ထွက်မြောက်ချင်သောစိတ် → တော(၄၀)ရှု → သင်္ခါရတို့အားနည်း

မနောဝိညာဏဓါတုယာ = (စတ္တာနုပဿနာ) = (အကြောင်း)

= သင်္ခါရတို့လွတ်ထွက်လိုသောစိတ်ရှုမြင်သောကြောင့်

တံသမ္ပယုတ္တကာနဉ္စ = (အကျိုး) =လွတ်ထွက်လိုသောစိတ်နှင့်အတူတကွ ဖြစ်ကြသော။

ဓမ္မာနံ = တော(၄၀)ရှုမှတ်၍ အားပျော့အားနည်းသင်္ခါရစိတ်တို့သည်

ကိဉ္စိကာလေ = ပဝတ္တိကာလတွင်

(အာရမ္မဏ)ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သောစိတ်အာရုံကြောင့်

ပစ္စယောတိ = နောက်မှအကျိုးစိတ်တို့ဖြစ်ကုန်၏။

(၂) ပဋိသန္ဓိညာဏ်တွင် - သဟဇာတပစ္စည်းဖြင့် ရှုမှတ်ပုံ။

သဟဇာတပစ္စည်းမှ -

စတ္တာရောခန္ဓာအရူပိနော = စိတ္တာနုပဿနာ(အကြောင်း)

= ဝိညာဉ်ဖြစ်သော သင်္ခါရတို့ကိုလွတ်ထွက်မြောက်လိုလျှက်

မပြတ်မစဲရှုမှတ်သောကြောင့် -

အညံမညံ = (အကျိုး)၊ သင်္ခါရ၊ သညာ၊ ဝေဒနာဖြစ်သော

သင်္ခါရအားပျော့အားနည်းမှုသည် အချင်းချင်းဖြစ်၍

သဟဇာတပစ္စယေန = အတူတကွဖြစ်ခြင်းသတ္တိဖြင့်၊

ပစ္စယော = ကျေးဇူးပြုသည်ဖြစ်၏။

(၃) ပဋိသန္ဓိဉာဏ်တွင် - ဟေတုပစ္စည်းဖြင့်ရှုမှတ်ပုံ။

ဟေတုပစ္စည်းမှ-

ဟေတူ = စိတ္တာနုပသဿနာ။ (အကြောင်း)

= ဒေါသအန္ဓယ်ဖြစ်သော - သန္ဓိရတို့ကိုလွတ်ထွက်မြောက်လိုလျှက် မပြတ်မစဲ ရှုမှတ်သောကြောင့်၊

ဟေတုသမ္မယုတ္တကာနံ = သန္ဓိရတို့လွတ်မြောက်လိုသောစိတ်နှင့် အတူဖြစ်သော၊

ဓမ္မာနဉ္စ = (အကျိုး) ။ တဖန်ပြန်ရှု၍ သန္ဓိရ အားပျော့အားနည်းစိတ်တို့သည်ငင်း၊

တံသမုဋ္ဌာနာနံရူပါနဉ္စ = အားနည်းအားပျော့သွားသော စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့သည်ငင်း

ဟေတုပစ္စေယေနပစ္စယော = အမြစ်သဖွယ်သတ္တိဖြင့် ကျေးဇူးပြုပေ၏။

(၄) ပဋိသန္ဓိဉာဏ်တွင် အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။

အာရမ္မဏပစ္စည်းမှ -

ယံယံဓမ္မာအာရဗ္ဘ = စိတ္တာနုပသဿနာ။ (အကြောင်း)

ဒေါသအန္ဓယ်ဖြစ်သောသန္ဓိရတို့ကို လွတ်ထွက်မြောက်လိုလျှက် မပြတ်မစဲ ရှုမှတ်သောကြောင့်

ယေယေဓမ္မာစိတ္တစေတသိကာဓမ္မာ = အားနည်းအားပျော့သော သန္ဓိရစိတ်စေတသိတ် တို့သည်၊ (အကျိုး)။

ဥပ္ပဇ္ဇန္တိ = ဖြစ်ကြကုန်၏

အာရမ္မဏပစ္စယေနပစ္စယော = အာရုံဟူသောသတ္တိဖြင့် အကျိုးပြုသည်ဖြစ်၏။

သန္ဓိရုပေက္ခာဉာဏ်ကာလတွင် ယောဂီတို့သည် ပဋိသန္ဓိဉာဏ်အားရှိလာသောအခါ အနိစ္စနက္ခ အနတ္တ တော(၄၀)ရှုမှတ်မှု၏ အာသေဝနသဘောကြောင့် ဖြစ်ပေါ်သမျှ သန္ဓိရတို့ မှာ အားနည်းကြုံလှိုသွားပြီဖြစ်၏။ သန္ဓိရတို့သည် ချစ်ကြောက်ကင်းကွယ်အလယ်အလတ် သဘော သာဖြစ်ပေတော့သည်။

အာရုံသန္ဓိရ၊ ဝိပဿနာသန္ဓိရတို့၌အထူးကြောင့်ကြ မစိုက်ရဘဲ၊ ချစ်ကြောက်ကင်းပ ညီမျှမှတ်ပြီးစီးပြည့်စုံလတ်သော် မပြတ်ဖြစ်နေသော သန္ဓိရအယဉ်ကို စွန့်လွှတ်ပေ၏။ ထိုသို့ အပြီးအပြန်ဖြင့် သန္ဓိရတို့ကို စွန့်လွှတ်နိုင်ရန် သန္ဓိရုပေက္ခာဉာဏ်ကို ရှုမှတ်ရ၏။

(၁) သန္ဓိရုပေက္ခာဉာဏ်ကို ပုရေဇာတပစ္စည်းဖြင့် ရှုမှတ်ပုံ

သန္ဓိရုပေက္ခာဉာဏ်တွင် အာရုံထားရမည်မှာ ပဋိသန္ဓိဉာဏ်ဖြစ်ပေသည်။ အင်အားချိနဲ့ နေသော သန္ဓိရတို့ကို ချစ်ကြောက်ကင်းပ အလယ်အလတ်ကျအောင် အနတ္တသဘောများ

ပါဝင်လျက်ရှုမှတ်ခြင်း ဖြစ်ပါသည်။ သမာဓိကြီးမား၍ ရှုမှတ်မှုပြည့်စုံပါက သခ်ါရ အယဉ် ဖြစ်သွားမည်ဖြစ်ပါသည်။

သခ်ါရတို့ကို တဖန်ရှု၍ အားနည်းမှု → အနတ္တ (၆)စုံရှု → သခ်ါရအယဉ်ကိုစွန့်လွှတ်။

မနောဝိညာဏဓါတုယ = စိတ္တာနုပဿနာ = အကြောင်း

= အားနည်းအားပျော့ သခ်ါရတို့ကိုမပြတ်မစဲရှုမှတ်သောကြောင့်

တံသမ္ပယုတ္တကာနဉ္စ = (အကျိုး) = အားနည်းသော စိတ်နှင့်အတူတကွ ဖြစ်ကြသော

ဓမ္မာနံ = အနတ္တတရားများရှုမှတ်၍ ချစ်ကြောက်ကင်းပ ညီမျှသောသခ်ါရစိတ် တို့သည်။

ကိဉ္စိကာလေ = ပဝတ္တိကာလတွင်

(အာရမ္မဏ) ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော စိတ်အာရုံကြောင့်

ပစ္စယောတိ = နောက်မှအကျိုးစိတ်တို့ဖြစ်ကြကုန်၏။

(၂) သခ်ါရပေက္ခာဉာဏ်တွင် သဟဇာတပစ္စည်းဖြင့်ရှုမှတ်ပုံ

- သဟဇာတ ပစ္စည်းမှ -

စတ္တာရောခန္ဓာအရူပိနော = စိတ္တာနုပဿနာ။ (အကြောင်း)

= ဝိညာဏ်ဖြစ်သောသခ်ါရတို့ အားနည်းအားပျော့စေလျက် မပြတ်ရှုမှတ်သောကြောင့်

အညံမညံ = (အကျိုး) သခ်ါရ၊ သညာ၊ ဝေဒနာဖြစ်သောချစ်ကြောက် ကင်းပညီမျှသော သခ်ါရတို့သည်

သဟဇာတပစ္စယေန = အတူတကွဖြစ်ခြင်းသတ္တိဖြင့်

ပစ္စယော = ကျေးဇူးပြုသည်ဖြစ်၏။

(၃) သခ်ါရပေက္ခာဉာဏ်တွင် - ဟေတုပစ္စည်းဖြင့်ရှုမှတ်ပုံ

- ဟေတုပစ္စည်းမှ -

ဟေတူ = စိတ္တာနုပဿနာ။ (အကြောင်း)

= ဒေါသအန္တယ်ဖြစ်သော အားနည်းအားပျော့ သခ်ါရတို့ကို၊ မပြတ်ရှုမှတ်သောကြောင့်

ဟေတုသမ္ပယုတ္တကာနံ = အားနည်းအားပျော့သခ်ါတို့နှင့်တကွ အတူဖြစ်သော

ဓမ္မာနဥ္စ = (အကျိုး)။ ချစ်ကြောက်ကင်းပညီမျှသော သခ်ါရအယဉ်တို့
သည်၎င်း
ဟေတုပစ္စယေန ပစ္စယော = အမြစ်သဖွယ်သတ္တိဖြင့် ကျေးဇူးပြုပေ၏။

(၄) သခ်ါရပေက္ခာညာဏ်တွင် အာရမ္မဏပစ္စည်းဖြင့်ရှုမှတ်ပုံ။
ယံ ယံ ဓမ္မာ အာရဗ္ဘ = စိတ္တာ နုပဿနာ။ (အကြောင်း)။
= ဒေါသအနွယ်ဖြစ်သော အားနည်းအားပျော့ သခ်ါရတို့ကို
မပြတ် မစဲရှုမှတ်သောကြောင့်
ယေ ယေဓမ္မာစိတ္တစေတသိကဓမ္မာ = ချစ်ကြောက်ကင်းပညီမျှသော သခ်ါရစိတ်စေတသိတ်
တို့သည်၊ (အကျိုး)
ဥပ္ပဇ္ဇန္တိ = ဖြစ်ကြကုန်၏။
အာရမ္မဏပစ္စယေန ပစ္စယော = အာရုံဟူသော သတ္တိဖြင့်အကျိုးပြုသည်ဖြစ်၏။
မှတ်ချက်။ ။
အထက်ဖော်ပြပါ ပဋ္ဌာန်းပစ္စည်း (၄)ခုကိုသာဖော်ပြရခြင်းမှာ၊
(၁) ပုရေဇာတပစ္စည်းမှာ - ကာယနုပဿနာကို ထင်ရှားစေခြင်း။
(၂) သဟဇာတပစ္စည်းမှာ - ဝေဒနာ နုပဿနာကို ထင်ရှားစေခြင်း။
(၃) ဟေတုပစ္စည်းမှာ - စိတ္တာနုပဿနာကို ထင်ရှားစေခြင်း။
(၄) အာရမ္မဏပစ္စည်းမှာ - ဓမ္မနုပဿနာကို ထင်ရှားစေခြင်း။
တို့ကို ကိုယ်စားပြုနေ၍ဖြစ်ပါသည်။
ယောဂီတို့၏ ဗီဇသန်ရာ ပဋ္ဌာန်းပစ္စည်းတို့ဖြင့် လဲလှယ်ရှုမှတ်နိုင်ကြပါသည်။
ဘယဉာဏ်၏ အထက်ပိုင်းဉာဏ်များတွင်၊ နာမ်မှနာမ်ကိုရှုမှတ်ခြင်းဖြစ်ပါသည်။

မုဉ္စိတုကမျတာဉာဏ်၊ ပဋိသခ်ါဉာဏ်နှင့် သခ်ါရပေက္ခာညာတို့ရှုမှတ်ဆဲကာလတွင်၊ ပီတိ၊ သုခဖြစ်သော စျာန်အင်္ဂါများပယ်ပြီးဖြစ်၍ နန္ဒီရာဂတို့ပယ်ပြီးဖြစ်ရာ ဆက်လက်၍ ဒေါသအနွယ် အကြောက်တရားဖြင့် ပယ်ဖျက်နေခြင်းဖြစ်ပါသည်။ ပယ်ဖျက်ခြင်းနှင့် သခ်ါရတို့ ချစ်ကြောက်ကင်းပညီမျှစေရန် ဖြစ်ပါသည်။

ယခုဖော်ပြပါ ဉာဏ်(၃)ပါးတွင် ပဋ္ဌာန်းပစ္စည်းကောက်နှုတ်တင်ပြထားချက်များမှာ မှတ်စုများ ရေးမှတ်တင်ပြသူ၏ (စာအုပ်များမှအလွတ်) ဆင်ခြင်ဉာဏ်သာဖြစ်၍ မိန့်မှတ် ညွှန်ပြနိုင်ကြပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးတုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

သစ္စာလေးပါးတရားတော်

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

သခ်ၤတဒုက္ခမှ အသခ်ၤတနိဗ္ဗာန်ပေါ်လာပုံ

(၅-၂-၆၁)

ဒကာ ဒကာမတို့ သခ်ၤတ, တရားကို ပဋိစ္စသမုပ္ပါဒ် တရားနှင့် သခ်ၤတ, တရားဟာ အတူတူပဲဆိုတာကို ယနေ့ ရှင်းပြမယ် (မှန်ပါ့ ဘုရား)၊ အဲဒီတော့ ဒီမနေ့က ပြောခဲ့တဲ့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြီးဟာ ဝေဒနာကွန္ဓာ ကိုယ်ကြီးလို့ ပြောလိုက်တယ်၊ ဝေဒနာကွန္ဓာဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ၊ ဝေဒနာချည်းဖြစ်တယ်လို့ ဘယ်အခါကာလမှ မယူပါနဲ့ (မှန်ပါ့)၊ ခန္ဓာငါးပါးဟာ တည်ဆဲကာလမှာ တပေါင်းတည်း ဖြစ်တယ်လို့ ယူကြစမ်း ပါ (မှန်ပါ့ ဘုရား)။

ခန္ဓာငါးပါးပေါင်းပြီးဖြစ်တယ်

ဝေဒနာဟာ ဝေဒနာချည်းဖြစ်သလား ကျန်တဲ့လေး ပါးနဲ့ ပေါင်းနေသလား (ပေါင်းနေပါတယ်)၊ ဒကာ ဒကာမတို့ ဝေဒနာဟာ ဝေဒနာချည်းဖြစ်သလား ကျန်တဲ့ လေးပါးနဲ့ ပေါင်းနေသလား (ကျန်တဲ့ လေးပါးနဲ့ ပေါင်း နေပါတယ် ဘုရား)၊ ကျန်တဲ့လေးပါးနဲ့ ပေါင်းနေတယ်ဆိုတာ သေသေချာချာ မှတ်ပါ (မှန်ပါ ဘုရား)။

အဲဒီတော့ ကျန်တဲ့လေးပါးနဲ့ ပေါင်းပြီး သကာလ နေတော့ ပြောတော့သာ ဝေဒနာကွန္ဓာ လို့ဆိုတာတဲ့ အားလုံး ခန္ဓာငါးပါးပေါင်းပြီး သကာလ ဖြစ်တယ်လို့ ဒကာ ဒကာမတွေ အားလုံး မှတ်ထားပါနော် (မှန်ပါ)၊ ကောင်းပြီ ဒါဖြင့် ဒီခန္ဓာငါးပါးသည် ဘယ်ကလာသတုံးလို့ မေးတဲ့ အခါကျတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ ကံ, စိတ်၊ ဥတု၊ အာဟာရ ကြောင့် ရုပ်တရား လာတယ်ဆိုတာ သိကြမှာ ပဲ၊ အာရုံဒွါရကြောင့် နာမ်တရားလာတယ်ဆိုတာ မသိကြ သေးဘူးလား (သိကြပါတယ် ဘုရား)။

အကြောင်းတွေက ပြုပြင်လို့ပေါ်လာတာ

ကောင်းပြီ ဒါဖြင့် ဒီခန္ဓာငါးပါးသည် အကြောင်း ကင်းပြီးပေါ်သလား၊ အကြောင်းတွေက ပြုပြင်လို့ ပေါ် သလားဆိုတာ စဉ်းစားပါ (အကြောင်းတွေက ပြုပြင်လို့ ပေါ်တာပါ)၊ အကြောင်း

တွေက ပြုပြင်လို့ ပေါ်လာတယ် ဆိုတာ သဘောကျပလား (ကျပါတယ်)၊ ကောင်းပြီ အကြောင်းတွေက ပြုပြင်လို့ ပေါ်လာတော့ ဤဟာသည်ကား လို့ ဆိုလို့ရှိရင် သခ်ၤတ တရားလို့ မှတ်လိုက်စမ်းပါ။

ဒီခန္ဓာငါးပါးကို ဘာတရားခေါ်ကြမယ် (သခ်ၤတ တရားပါ ဘုရား)၊ သခ်ၤတ တရားလို့ သေသေချာချာ မှတ်ပါ။ ဘယ့်နှယ်ကြောင့် သူ့ကို သခ်ၤတ တရားလို့ ဆိုရသတုံး ဆိုတော့ သူက ပြုပြင်လို့ ပေါ်နေတဲ့ တရားကိုး (မှန်ပါ့)။ ဒကာ ဒကာတို့ ဘယ့်နှယ်ဆိုကြမယ် (ပြုပြင်လို့ ပေါ်နေတဲ့ တရားပါ)၊ ဒါဖြင့်ပြုပြင်လို့ ပေါ်လာတဲ့တုရားဟာ ပြုပြင်တဲ့ သတ္တိကုန်ရင် ဘာဖြစ်မယ် ထင်ကြသလဲ (ပျက်သွားပါတယ် ဘုရား)။

ပျက်စီးသွားတယ်၊ ပြုပြင်တဲ့ သတ္တိကုန်ရင် (ပျက်စီးသွားပါတယ်)၊ ပျက်စီးသွားမယ်ဆိုတော့သော် တို့ခန္ဓာငါးပါးကြီးဟာ ကံကပြုပြင်, စိတ်ကပြုပြင်, ဥတုက ပြုပြင်, အာဟာရကပြုပြင်, အာရုံဒွါရကပြုပြင်၊ ပြုပြင်လို့ ခန္ဓာငါးပါး ရှုပ်, နာမ်နှစ်ပါးပေါ်နေတယ်၊ ပြုပြင်တဲ့တရား အရှိန်အစော်အာနုဘော်သတ္တိကုန်ဆုံးမယ် ဆိုလို့ရှိရင် ဒကာ ဒကာမတွေ ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ (မရှိတော့ ပါ ဘုရား)၊ ပျက်စီးသွားမယ်။

ဒါဖြင့် ကျုပ်တို့ခန္ဓာကိုယ်ကြီးဟာ ပြုပြင်လိုက်၊ ပြုပြင်လို့ပေါ်လာလိုက်၊ အရှိန်အစော်ကုန်လို့ ပျက်စီးလိုက်၊ ခန္ဓာငါးပါးကြီးဟာဖြင့် ဒကာ ဒကာမတို့ ဝေဒနာလဲ အတူတူ ပဲ၊ ကျန်တဲ့ခန္ဓာတွေလဲ အတူတူပဲ၊ ပြုပြင်လိုက်၊ ပြုပြင်လို့ ပေါ်လာလိုက်၊ အကြောင်းတရားကုန်သွားလိုက်၊ ပျက်စီးလိုက် ဆိုရင်လွဲပါ့မလား (မလွဲပါ ဘုရား)၊ ရှင်းကြပလား (မှန်ပါ ဘုရား)၊ ခန္ဓာငါးပါးသည် ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်အခါ ကာလမှမြဲလိမ့်မယ်၊ ခိုင်လိမ့်မယ်၊ တည်တံ့ လိမ့်မယ်ဆိုတဲ့ဥစ္စာ ပြောစရာအချက်, အလက်, အကွက် ပါ, ပါရဲ့လား (မပါ ပါ ဘုရား)။

ပြုပြင်လို့ပေါ်လာတဲ့ သခ်ၤတ တရား

ဘာပြုလို့တုံး ဆိုလို့ရှိရင် ပြုပြင်လို့ပေါ်လာတဲ့ သခ်ၤတ တရားလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)၊ ဘယ်လိုမှတ်ကြမယ် (ပြုပြင်လို့ ပေါ်လာတဲ့သခ်ၤတ တရားပါ)၊ ပြုပြင်လို့ပေါ်လာတဲ့ သခ်ၤတ တရားဖြစ်တော့ ပြုပြင်တဲ့ အရှိန်အစော်လဲ ကုန်ပါရော ပျက်စီးခြင်းသို့ ရောက် ပါရော ဆိုလို့ရှိရင် သဘောကျပလား (ကျပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ဘာတရားလို့ ခေါ်ကြမယ် (သန်တ တရားပါ)၊ သန်တ တရားလို့ ခေါ်ဖြစ်အောင် ခေါ်ကြပါ ဒကာ ဒကာမတို့ (မှန်ပါ့)၊ သန်တ တရားလို့ ခေါ်ဖြစ်အောင် ခေါ်လိုက်တဲ့ အခါကျတော့ ရှင်းသွားတယ်၊

သြော် သန်တ တရားဆိုတာ ပြုပြင်မှ ပေါ်တဲ့တရား၊ သန်တ တရားဆိုတာ ဘာဆိုကြမယ် (ပြုပြင်မှ ပေါ်တဲ့ တရားပါ ဘုရား)၊ ပြုပြင်မှ ပေါ်တဲ့တရားကို ဘာတရားလို့ ခေါ်ကြမယ် (သန်တ တရားပါ ဘုရား)။

ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်တာ

ဒါဖြင့် ဒကာ ဒကာမတို့ ရှေးတုန်းက ပြုပြင်လို့ ပေါ် ပြီးပြုပြင်တဲ့ တရားက အကြောင်းတွေ သိမ်းလိုက်တဲ့ အခါကျတော့ သန်တ ခန္ဓာကြီးဟာ ပျက်စီးခြင်းသို့ ရောက်ပါ တယ် (ရောက်ပါတယ် ဘုရား)၊ ဒီလိုရောက်လာတာ ဘယ်လောက်ကြာပြီလဲလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ (မရေတွက်နိုင်ပါ ဘုရား)၊ မရေတွက်နိုင်ဘူးဆိုတဲ့ အဖြေတွေ အများကြီးထွက်မယ် (ထွက်ပါတယ် ဘုရား)၊

ကိုင်း ဒကာ ဒကာမတို့ ကံကပြုပြင်လိုက်၊ စိတ်က ပြုပြင် လိုက်၊ ဥတုက ပြုပြင်လိုက်တော့ ဒီခန္ဓာငါးပါးကြီးဟာ ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဘုရား)။

သူ့ကို ဘာတရားခေါ်ကြမလဲ (သန်တ တရားပါ)၊ သန်တ တရားသူပြုပြင်တဲ့ အကြောင်းတွေက သတ္တိတွေက ကုန်သွားတဲ့အခါကျတော့ ခန္ဓာငါးပါးကြီး ဘာလုပ်ကြမယ် (ပျက်စီးပါတယ် ဘုရား)၊ ပျက်စီး သွားတယ်ဆိုတာ ဦးခင်မောင် ကျေနပ်ပလား (ကျေနပ် ပါပြီ)၊ ဒါဖြင့် သူ့ကို ဘာတရားခေါ်ကြမယ် (သန်တ တရားပါ ဘုရား)။

သြော် ဒါဖြင့် ကျုပ်တို့ သန်တနယ်ထဲ နေရတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)၊ ဘယ်ထဲမှာ နေကြရတယ် (သန်တနယ်ထဲ နေကြရ ပါတယ်)၊ သန်တနယ်ထဲ နေရတယ်ဆိုတာ ဒကာ ဒကာမတို့ သဘောကျပလား (ကျပါပြီ)၊ ဒါဖြင့် သန်တနယ်ထဲ နေလို့ရှိရင် ဖြစ်လိုက်, ပျက်လိုက် ဆိုတာ သေချာပလား (သေချာပါတယ် ဘုရား)၊ သန်တနယ်ထဲနေရင် (ဖြစ်လိုက်, ပျက်လိုက်ပါ ဘုရား)။

ခဏ ခဏ ဖြစ်ပျက်နေတဲ့ ခန္ဓာ

သန်တနယ်ထဲနေရင် (ဖြစ်လိုက်, ပျက်လိုက်)၊ ဖြစ်လိုက်, ပျက်လိုက်နဲ့ နေရတော့မယ် ဆိုလို့ရှိရင် ဒကာ ဒကာမတွေက သြော် ဒီခန္ဓာကြီး ရ, ထားတာ ကောင်းကောင်း မနေရ၊ ခဏ ခဏ ပျက်နေတဲ့ ခန္ဓာကြီးပါကလား ဆိုလို့ရှိရင် လွဲသေးသလား (မလွဲပါ ဘုရား)၊

ဘယ့်နယ်ကြောင့် ခဏခဏဖြစ်၊ ခဏ ခဏပျက်ပါလိမ့်မတုံးလို့ သူ့ကို မေးကြည့်ပြန်တော့ သူက သခ်ၤတ တရားလို့ အစီအရင်ခံပါ လိမ့်မယ်၊ သခ်ၤတ တရားလို့ အစီအရင်မခံဘူးလား (ခံပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သခ်ၤတဓမ္မဆိုတာ ဒီဥစ္စာပါပဲ။ ပြုပြင်နိုင်မှ ဖြစ်ပေါ်တဲ့ တရားကို ဘာတရား ခေါ်ကြမယ် (သခ်ၤတ တရားပါ)၊ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ သခ်ၤတ ဒုက္ခ၊ သခ်ၤါရဒုက္ခ အတူတူပါပဲ၊ ဒီခန္ဓာကြီး ရမှ ထားကတည်းကိုက ဒကာ ဒကာမတို့ အစားနဲ့ ပြုပြင်ရတာ ကတစ်မျိုး၊ အဝတ်နဲ့ ပြုပြင်ရတာက တစ်မျိုး၊ ကံနဲ့ ပြုပြင် ရတာကကော (ပါ, ပါတယ် ဘုရား)။

အာဟာရနဲ့ ပြုပြင်ရတာကော (ပါ, ပါတယ်)။ အာရုံဒွါရနဲ့ ပြုပြင်ပေးနေရတာကော (ပါ, ပါတယ်)၊ ဒါဖြင့် ဒီထဲမှာ ခဏ ခဏ တစ်နေ့မှ မပြုပြင်ရတဲ့အချိန် မရှိ၊ တစ်နာရီ တစ်စက္ကန့်မှ မနား မနေ ပြုပြင်နေရတဲ့ အချိန် ချည်းပဲလို့ ဆိုလို့ရှိရင်လွဲပါ့မလား (မလွဲပါ ဘုရား)။

ဒါဖြင့် ဘာတရားပါလိမ့် (သခ်ၤတ တရားပါ)၊ ဒကာ ဒကာမတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီး ရထားတာကဖြင့် ပြုပြင်ပြီး သကာလ နေရတာပဲ၊ ဘာပြုလို့ ထပ်ပြန်တလဲလဲ ပြုပြင်နေရသလဲလို့ ဆရာဘုန်းကြီးကမေးလို့ရှိရင် ပျက်, ပျက် သွားလို့၊ ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ (ပျက်, ပျက် သွားလို့ပါ ဘုရား)။

ပျက်, ပျက်သွားတော့ မပြုပြင်ရင်လဲ အစားထိုးစရာ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီးကို ဘာ တရားလို့ ခေါ်ကြမလဲ (သခ်ၤတ တရားလို့ ပါတယ် ဘုရား)။

သခ်ၤတဆိုတာ ဖြစ်ပျက်မှုရှိတယ်

အဲ သခ်ၤတ ဆိုတာတော့ ဖြစ်မှု ပျက်မှုရှိတယ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား)၊ ဦးခင်မောင် ဘာခေါ်ကြမယ် (ဖြစ်မှု ပျက်မှုပါ ဘုရား)၊ ကိုမြရွှေ ဘာခေါ်မယ် (ဖြစ်မှု ပျက်မှုပါ ဘုရား)၊ ဖြစ်မှု ပျက်မှု ဆိုရင် ပြုပြင်လိုက် ရင် ဖြစ်တာပဲ၊ မပြုပြင်လိုက်ရင် (မဖြစ်ပါ ဘုရား)၊ ပြုပြင်လိုက်ရင် ဖြစ်တယ်၊ မပြုပြင်လိုက်ရင် (မဖြစ်ပါ ဘုရား)။

ဒါဖြင့် ကျုပ်တို့ ခန္ဓာငါးပါးကြီးကို ဘာတရားခေါ်ကြ မလဲ (သခ်ၤတ တရားပါ ဘုရား)၊ သခ်ၤတ တရား ခေါ်ကြတော့ သြော် ခန္ဓာကိုယ်ကြီးဟာ ပြုပြင်နိုင်မှဖြစ်ပေါ်ကြတဲ့ သခ်ၤတ တရားတွေ ပါကလားလို့ ယနေ့သေသေချာချာ မှတ်ထားပါ (မှန်လှပါ ဘုရား)။

ပဋိစ္စသမုပ္ပန္နတရား

အဲဒီတော့ ဒီသန်တ တရားကိုပဲ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပန္န တရားလို့လဲ ဆိုပါ ဦးခင်မောင်ရ (မှန်လှပါ ဘုရား)၊ ပဋိစ္စသမုပ္ပန္န တရားလို့ဆိုလိုက်စမ်းပါ (မှန်ပါ့)၊ ဘာပြုလို့တုံး၊ ဟေတု အကြောင်းတွေက ပြုပြင်တော့ ဒါဟာ အကျိုးတရားမဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် ပေါ်လာတဲ့ အကျိုးခန္ဓာကြီး ဆိုရင်လည်း လွဲပါ့မလား (မလွဲပါ ဘုရား)။

ဒါဖြင့် သူ့ကို သန်တ တရားလို့ကော ဆိုလို့လည်းဆိုပါ တော့၊ ပဋိစ္စသမုပ္ပန္နတရားလို့လဲ မဆိုနိုင်ဘူးလား (ဆိုနိုင် ပါတယ် ဘုရား)။

ဒါဖြင့် သန်တ တရားလို့လည်းဆိုနိုင်၊ ပဋိစ္စသမုပ္ပန္နတရား လို့လဲဆိုနိုင်တယ်ဆိုတာကော သဘောကျပလား (ကျပါ ပြီ)၊ ဒါဖြင့် ဒကာ ဒကာမတွေ သန္ဓာန်ပေါ်လာတဲ့ ဥပမာ ဒီထဲမှာ ဝေဒနာ ပါတယ်၊ ဝေဒနာက မကုန်သေးလို့ ဝေဒနာ ပစ္စယာတဏှာ ဆိုပြန်တော့ ဝေဒနာက မပြုပြင်ဘဲနဲ့ တဏှာ ပေါ်ပါ့မလား (မပေါ်ပါ ဘုရား)။

ဒါဖြင့် ဒီတဏှာကိုလည်း ဘာတရားခေါ်မလဲ (သန်တ, တရားပါ)၊ သန်တ, တရားပဲ ခေါ်ရလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ ဘုရား)။

တဏှာပြီး ဥပါဒါန် ဆိုတာကော တဏှာက ပြုပြင်လို့ ဥပါဒါန်ဖြစ်လာသောကြောင့် သူ့ကို ဘာခေါ်ကြမလဲ (ပဋိစ္စသမုပ္ပန္နတရား)၊ သန်တ တရား, ပဋိစ္စသမုပ္ပန္နတရား၊ စေတနာဆိုအတည့်ပဲ (မှန်ပါ့)၊ မတည့်ဘူးလား (တည့်ပါတယ်)၊ ဥပဒါနပစ္စယာ ကမ္မဘဝေါ ဆိုတာကော (သန်တ တရားပါ ဘုရား)။

အင်း သန်တ တရား, ပဋိစ္စသမုပ္ပန္နတရားလို့ အားလုံးတရားနာတဲ့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီတရားတွေဟာ ပြုပြင်လိုက်, ပျက်လိုက်, ပြုပြင်လိုက်, ပျက်လိုက်၊ ပြုပြင်တဲ့ တရားကလည်း ပြုပြင်လိုက် ပျက်စီးသွားလိုက် ပြုပြင်လိုက် ပျက်စီးသွားလိုက်ဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ခန္ဓာကြီးမှာ ဖြစ်ပျက်မှုပဲရှိတယ်

ဒါကြောင့် ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာရှိပါလိမ့် မတုံးလို့ မေးကြပါစို့နော်၊ ဒကာ ဒကာမတွေ ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာရှိပါလိမ့်မတုံးလို့ မေးကြတဲ့အခါကျမှ ပြုပြင်တုံး

ပေါ်တာပဲ၊ ပြုပြင်တဲ့ အချိန်ပေါ်၊ ပေါ်တဲ့အချိန် ပျက်စီးတာပဲဆိုတော့ ဒီခန္ဓာကြီးမှာ ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ် (မှန်ပါ)၊ ဘယ်လိုမှတ်ကြမလဲ (ဖြစ်မှုနဲ့ပျက်မှုပဲ ရှိပါတယ် ဘုရား)။

ခန္ဓာကိုယ်၏ စွမ်းရည်သတ္တိပြောစမ်းပါ

ဒီ ခန္ဓာကိုယ်ကြီး၏ စွမ်းရည်သတ္တိ ပြောစမ်းပါ၊ ဒကာ ဒကာမတွေ ဘယ်လိုပြောကြမလဲ (ဖြစ်မှုပျက်မှုပဲ ရှိပါတယ်ဘုရား)၊ ဖြစ်မှုနဲ့ပျက်မှုပဲရှိတယ်ဆိုတာ သဘောကျပလား (ကျပါပြီ ဘုရား)။

သြော် ဒါဖြင့် ဒကာ ဒကာမတို့ တစ်သံသရာလုံး မှာ ကျုပ်တို့သည် ဖြစ်, ပျက်နဲ့ပဲ၊ ဖြစ်လိုက် ပျက်လိုက်၊ အင်း မွေးလိုက် သေလိုက်, ဆိုကြပါစို့၊ မြန်မာလို ပြန်တော့ နော် (မှန်ပါ့)၊ မွေးလိုက် သေလိုက်နဲ့ အချိန်ကုန်လာကြတယ် ဆိုတာဟာ မရှင်းကြသေးဘူးလား (ရှင်းပါပြီဘုရား)၊ အနားကော ရှိခဲ့ရဲ့လား (မရှိပါ ဘုရား)။

မွေးလိုက် (သေလိုက်ပါ ဘုရား)။ မွေးလိုက် (သေလိုက်ပါ ဘုရား)။

မွေးလိုက် သေလိုက်ပဲ ခင်ဗျားတို့ကျုပ်တို့ နေခဲ့ရပါ တယ်ဆိုတာ ဒကာ ဒကာမတွေ ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။

ဒါဖြင့် ဒီဇာတ်ကို ခင်ဗျားတို့ ဘာဖြစ်လို့ မသိမ်းချင်ပါ လိမ့်မလဲ၊ မွေးလိုက်, သေလိုက်၊ မွေးလိုက်, သေလိုက်၊ မွေးလို့ရှိရင်လည်း မသေဘဲနဲ့ ခိုင်မြဲနေလို့ရှိရင်လဲ တော်သေးရဲ့၊ အခုတော့ မွေးလိုက်, သေလိုက်၊ ဖြစ်လိုက်, ပျက်လိုက်၊ မွေးလိုက်, သေလိုက်၊ ဖြစ်လိုက် ပျက်လိုက်ဆိုတဲ့ဥစ္စာ ဦးခင်မောင်တို့ ကိုမြရွှေတို့ ဘယ်အခါကာလမှ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတွေမကြည့်ဖူးတာနဲ့ မွေးလိုက်, သေလိုက်ကို မတွေ့ဘူး (မှန်လှပါ ဘုရား)၊ သဘောကျ ပလား (ကျပါပြီ)။

ဝိပဿနာဉာဏ်နဲ့ ကြည့်ရင်

ဘယ်အခါကာလမှ ဝိပဿနာဉာဏ်နဲ့ မကြည့်ဖူး တော့ ဘာတွေ့သတုံး (မွေးလိုက်, သေလိုက်)၊ မွေးလိုက်, သေလိုက်တွေ့ကြရဲ့လား (မတွေ့ပါ ဘုရား)။

သြော် မွေးလိုက်, သေလိုက် မတွေ့တာသည် ဒကာ ဒကာမတို့ ဒါဖြင့် သန်တဒုက္ခ မသိဘူးပေါ့ (မှန်ပါ့)၊ ဒါ ဘာဆိုကြမယ် (သန်တဒုက္ခ မသိဘူး, ပါ ဘုရား)။

အဲ သန်တဒုက္ခကို ဒကာ ဒကာမတွေက မတွေ့ ဖူးတော့ သန်တဒုက္ခကို တွေ့ဖူးမှသာလျှင် အသန်တ ဆိုတာ ကြိုက်မယ်၊ သန်တဒုက္ခတွေ့ဖူးမှ အသန်တ နိဗ္ဗာန်ကို ကြိုက် မယ် (မှန်ပါ့)၊ ရှင်းပလား (မှန်ပါ့)၊ သန်တဒုက္ခတွေ့ဖူးမှ ဘာကြိုက်မယ် (အသန်တ နိဗ္ဗာန်ကိုကြိုက် ပါမယ် ဘုရား)။

ဒါကြောင့် ယနေ့ တ ရားစ, ကတည်းက ဦးခင်မောင်တို့ ဒကာသစ်တို့ ကိုမြရွှေတို့ သခ်ၤတက စ၍ ပြောတယ် (မှန်လှပါ ဘုရား)။

သခ်ၤတက စ, ပြောလာတာ ခင်ဗျားတို့ သခ်ၤတ အကြောင်း ကောင်းကောင်း မသိတဲ့ အခါ ကျတော့ သြော် ကိုယ့်ခန္ဓာကိုယ်ကြီးဟာ ခဏ ခဏ ဖြစ်ပေါ်လိုက်၊ ခဏ ခဏ ပျက်စီးလိုက်၊ ခဏ ခဏ ဖြစ်ပေါ်လိုက်၊ ခဏ ခဏ ပျက်စီး လိုက်ကို မသိအောင် အဝိဇ္ဇာက ဖုံးထားတဲ့အခါကျတော့ ဦးခင်မောင် သိသေးရဲ့လား (မသိပါ ဘုရား)။

ခန္ဓာကို အကောင်းထင်မှာစိုးလို့

မသိတော့ ဒီခန္ဓာကြီးဟာ တစ်နေ့ကြည့်လိုက်လည်း အကောင်း တစ်နေ့ကြည့်လိုက်လည်း အကောင်းပဲလို့ ဒီလို ထင်နေမှာစိုးတဲ့အတွက် သခ်ၤတကို ယနေ့ရှင်းပြတယ် (မှန်လှပါ ဘုရား)၊ သဘောကျပလား (ကျပါပြီ)၊ ဘာရှင်းပါလိမ့် (သခ်ၤတကိုရှင်းပါတယ် ဘုရား)။

ဒါဖြင့် ဒီတရားပွဲတစ်ပွဲလုံး တရားဟောတဲ့ ပုဂ္ဂိုလ် ရော၊ တရားနာတဲ့ ဒကာ ဒကာမတွေရော ဘာတရားတွေတုံး မေးကြရင် ဘယ့်နယ်ပြောကြမလဲ (သခ်ၤတ တရားတွေ ပါ ဘုရား)။

သခ်ၤတ တရားတွေဆိုတော့ မျှော် ဟုတ်ပြီ၊ ဒါဖြင့် ယနေ့ဖြင့် သခ်ၤတ သဘောသိပြီ၊ ဖြစ်လိုက် ပျက်လိုက်, မွေးလိုက်, သေလိုက်၊ ဖြစ်လိုက်, ပျက်လိုက်, မွေးလိုက်, သေလိုက် ဒီခန္ဓာကြီးအကြောင်း ကောင်းကောင်း မသိသေး ဘူးလား (သိပါတယ် ဘုရား)။

သခ်ၤတ တရားမို့ဖြစ်ပျက်

တဏှာ ကလေးကလည်း ဖြစ်ပြီး ပျက်လိုက်သေးတယ်။ ဝေဒနာ ကလေးကလဲ ဖြစ်ပြီး ပျက်သွားတော့ သခ်ၤတ တရားမို့ ဖြစ်ပျက်ပဲ မနေဘူးလား (နေပါတယ် ဘုရား)၊ ဝေဒနာ နောက်က လိုက်လာတဲ့ တဏှာကလေးကကော (ဖြစ်, ပျက်ပါပဲ ဘုရား)၊ သခ်ၤတ တရားမို့ ဖြစ်, ပျက်တယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

တဏှာနောက်က လိုက်လာတဲ့ ဥပါဒါန်ကလေးက ကော ဘယ်လိုဆိုကြမလဲ (ဖြစ်, ပျက်ပါပဲ)၊ သခ်ၤတ တရားမို့ ဖြစ်, ပျက်ပါပဲ၊ ဥပါဒါန်နောက်ကလာတဲ့ ကံကလေး ကကော (ဖြစ်, ပျက်ပါပဲ ဘုရား)။

သြော် ဒါဖြင့် ကျုပ်တို့ သန္တာန်မှာရှိတဲ့ တရား ဟူသရွေ့ သခ်ၤတ တရား ဖြစ်, ပျက်ချည်းပဲလို့ မှတ်လိုက်စမ်း ပါ (မှန်ပါ့)၊ ရှင်းပြီနော် (ရှင်းပါပြီ)၊ ကျုပ်တို့ သန္တာန် ဖြစ်တဲ့ တရားဟူသရွေ့ ဘယ့်နယ်

ဆိုကြပါ့မယ် (သခ်ၤတ တရားချည်းပဲ)၊ သခ်ၤတ တရားမို့ ဘယ်မှာ လမ်းဆုံးပါလိမ့် (ဖြစ်ပျက်မှာ ဆုံးပါတယ် ဘုရား)။

ဖြစ်မှု ပျက်မှုမှာ လမ်းဆုံးတယ်လို့ ရှင်းရှင်းလင်းလင်း မှတ်ထားလိုက်စမ်းပါ ဒကာ ဒကာမ တို့နော် (မှန်ပါ့)၊ သခ်ၤတ တရားဟာ ဘယ်မှာလမ်းဆုံးပါလိမ့် (ဖြစ်မှု၊ ပျက်မှုမှာ လမ်းဆုံး ပါတယ်)၊ ဖြစ်မှု ပျက်မှုမှာ လမ်းဆုံးတယ် ဆိုတာ ဒကာ ဒကာမတွေ သဘောကျပလား (ကျပါပြီ ဘုရား)။

အိမ်ကျတော့ ဉာဏ်ကလေးနဲ့ကြည့်စမ်းပါ

ကောင်းပြီ ဒါက ဒကာ ဒကာမတို့ ဘုန်းကြီးများက ဟောရတာက သခ်ၤတတရားမို့ ဖြစ်ပါ တယ်, ပျက်ပါတယ်ဆိုတာ အခု တရားပွဲထဲမှာ ပြောနေငြားသော်လည်း အိမ်ကျတဲ့ အခါကျတော့ ဉာဏ်ကလေးနဲ့ ကြည့်စမ်းပါနော် (မှန်ပါ ဘုရား)၊ အိမ်ကျတော့ ဉာဏ်ကလေးနဲ့ ကြည့်စမ်း ပါ၊ ဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ခန္ဓာကိုယ် , ထဲက ဟိုနေရာကလည်း ရွ ရွရွ၊ ဒီနေရာ ကလည်း ရွရွ ရွ၊ ဟိုနေရာက ယားသလိုလို၊ ဒီနေရာက ယံသလိုလို၊ မလာပေ ဘူးလား (လာပါတယ် ဘုရား)။

အဲဒါကလေးတွေက ဘာကလေးတွေလို့ ခင်ဗျား တို့ ထင်ကြမလဲ (ဖြစ်မှု ပျက်မှုပါ ဘုရား)၊ အင်း သခ်ၤတ တရားမို့ သူတို့သည် ပေါ်လိုက် ပျက်လိုက်၊ ပေါ်လိုက်, ပျက်လိုက်၊ ဒီလိုမနေပေဘူးလား (နေပါ တယ် ဘုရား)၊ အဲဒါ ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာဖြင့် ပေါ်လိုက် ပျက်လိုက်နဲ့ သခ်ၤတ တရားနဲ့ပဲ အချိန် ကုန်ရမယ်ဆိုတာ သဘောကျပလား (ကျပါပြီ ဘုရား)။

ခန္ဓာရတဲ့ ပုဂ္ဂိုလ်သည် သခ်ၤတ ခန္ဓာကိုယ်ကြီး ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ မွေးလိုက် သေလိုက်၊ မွေးလိုက်, သေလိုက်နဲ့ လမ်းဆုံးရမယ်ဆိုတာ ကျေကျေနပ်နပ် သဘော ကျပလား (ကျပါပြီ)။

ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်

ဒါဖြင့် ခင်ဗျားတို့ ဒီအထဲမှာပဲ ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ သြော် ဒုက္ခသစ္စာနဲ့ ပျော်နေတယ်လို့ ဆိုကြပါစို့ (မှန်ပါ့)၊ ဒီအထဲ ပျော်နေတဲ့ ပုဂ္ဂိုလ်များ (ဒုက္ခသစ္စာနဲ့ ပျော်နေပါတယ်)။

ဖြစ်တဲ့တရားကလည်း သခ်ၤတ တရား၊ ပျက်တဲ့တရား ကလဲ သခ်ၤတ တရားပဲ၊ ပြုပြင်နိုင်မှ ပေါ်လာတဲ့တရား၊ မပြုပြင်ရင် ပျက်တဲ့တရားဆိုတော့ ခင်ဗျားတို့သည် သခ်ၤတ တရားထဲမှာ ပျော်နေတယ် (၀ါ) ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်လို့ဆိုကြပါစို့ (မှန်လှပါ ဘုရား)၊ သဘော ကျပလား

(ကျပါပြီ)၊ ဘာနဲ့ပျော်နေသလဲ (ဒုက္ခ သစ္စာနဲ့ပျော်နေပါတယ်)၊ ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်ဆို တာ ကျေနပ်ပလား (ကျေနပ်ပါပြီ)၊ သန်တ တရားဟာ ဖြစ်လိုက် ပျက်လိုက် မနေဘူးလား (နေပါတယ် ဘုရား)။

ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဖြစ်တာလည်း ဒကာ ဒကာမတွေ ဟောပြီးသား ဖြစ်နေတယ်၊ ဖြစ်ရတာလည်း ပျက်မလို့ ဖြစ်လာတာ (မှန်ပါ့)၊ တော်တော်ကြာကျတော့ ဒီပျက်, မလို့ဖြစ်လာတော့ ပျက်လည်းမသွားဘူးလား (ပျက်ပါတယ်)၊ သဘောပါပလား (ပါ, ပါပြီ)၊ ဖြစ်လိုက် ပြီးတော့ ဘာဖြစ်သွား ပြန်သတုံး (ပျက်သွားပါတယ် ဘုရား)။

ဒါဖြင့် သူ့ကို ဘာတရားခေါ်ကြမယ် (သန်တ တရားပါ ဘုရား)၊ ဒါဖြင့် "သဗ္ဗေသန်ါရာ ဒုက္ခာ" ဆိုတော့ သူဟာ ဒုက္ခသစ္စာ မဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ဘာဖြစ် သွားပါလိမ့် (ဒုက္ခသစ္စာ ဖြစ်သွား ပါတယ်)၊ ဒုက္ခသစ္စာ ဖြစ်သွားတော့ ဒကာ ဒကာမတွေ ပျော်နေတာ ဘယ့်နှယ် ကြောင့် ပျော်ပါ လိမ့်မတုံး ဆိုတော့ သန်တလည်း မသိ။ သန်တဟာ ဒုက္ခသစ္စာပဲလို့ကော ဦးခင်မောင်တို့က ဉာဏ်ဝင် သေးရဲ့လား (မဝင်ပါ ဘုရား)။

ဉာဏ်မဝင်တော့, မသိပျော် ပျော်နေတယ်

ဉာဏ်မဝင်တော့ကို တဲ့ ဒကာ ဒကာမတို့ မသိ ပျော်, ပျော်နေတယ်လို့ ဆိုကြပါစို့ (မှန်လှပါ)၊ ဘယ့်နှယ် ဆိုကြမယ် (မသိပျော်, ပျော်နေပါတယ် ဘုရား)၊ ဘာ မသိတာပါလိမ့် (ဒုက္ခလို့ မသိတာပါ ဘုရား)၊ သန်တ တရားလို့လည်း မသိဘူး၊ ဒီသန်တ တရားသည် ဒုက္ခသစ္စာ – ပါပဲလို့ကော (မသိပါ ဘုရား)။

သြော် ဒါဖြင့် ဒကာ ဒကာမတို့ သေရင်း ပျော်နေ တာပဲလို့ ဆိုရင်တော့ လွဲပါ့မလား (မလွဲပါ ဘုရား)၊ မွေးရင်းပျော်နေတာပဲဆိုရင်ကော (မလွဲပါ ဘုရား)၊ မွေးလိုက်, သေလိုက်အပေါ်မှာ ပျော်နေ တာပဲ ဆိုရင်ကော (မလွဲပါ ဘုရား)။

ဒါဖြင့် ဦးခင်မောင်တို့ ကာသစ်တို့ ကိုမြရွှေတို့ စဉ်းစားတာပေါ့၊ သြော် သေရင်း , ပျော်နေ တာပါ ကလား၊ သန်တ မမြင်ဘဲနဲ့ မီးတွေ မမြင်ဘဲနဲ့ ပျော်နေတာပါ ကလားဆိုရင် လွဲပါ့မလား (မလွဲ ပါ ဘုရား)။

ဒါကြောင့် အိမ်ပြန်တဲ့အခါမှာ ဒကာ ဒကာမတို့ ခန္ဓာ ကိုယ်ကို စောင့်ပြီး သကာလ ကြည့်စမ်း ပါ၊ ဆရာဘုန်းကြီးက ဟောလိုက်တယ်၊ ဘုရားက ဟောလိုက်တယ်၊ သန်တ ဓမ္မာ လို့ ဟောလိုက် တယ်။

အဲဒီ သန်တ တရား ဟုတ်, မဟုတ်၊ ပေါ်လိုက်, ပျက်လိုက်မှ ဟုတ်ပါရဲ့လားလို့ အိမ်ကျရင် ပြန်ကြည့်ကြပါနော် (မှန်ပါ့)၊ ပြန်ကြည့်တဲ့အခါကျတော့ ခန္ဓာက သန်တ သဘောဖြစ်နေသောကြောင့် ဦးခင်မောင်ဘာပဲပြောမယ် ထင်သလဲ၊ သန်တ လက္ခဏာပဲပြောမယ် (မှန်လှပါ ဘုရား)။

ဉာဏ်နားကလေးနဲ့ ထောင်ကြည့်စမ်းပါ

ဒကာ ဒကာမတွေ ဘာပြမယ်ထင်သလဲ (သန်တ လက္ခဏာပဲ ပြပါတယ် ဘုရား)၊ သန်တ သဘောရှိလည်း ဘာပြောမယ်ထင်တုံး၊ ဖြစ်ပျက် ပြောမယ်၊ သန်တ လက္ခဏာ ပဲ မပြောပေဘူးလား (ပြောပါတယ် ဘုရား)၊ အဲဒီလို ပြောတာကို ဒကာ ဒကာမတွေက ဉာဏ်နားကလေးနဲ့ ထောင်ကြည့်စမ်းပါ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

သန်တ လက္ခဏာတွေကို သူမပြောပေဘူးလား (ပြောပါတယ်)၊ ပြောတာကို ဘာနဲ့ ထောင်ကြည့်ရမယ် (ဉာဏ်နားနဲ့ထောင်ကြည့်ရပါမယ်)၊ ဉာဏ်နားနဲ့ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ထောင်ကြည့်လိုက်တဲ့ အခါကျတော့မှ သြော် ဒါဖြင့် တို့ဟာ သန်တ နယ်ထဲ ရှိပါသေးကလား (မှန်ပါ့)၊ ဘယ်နယ်ထဲရှိသတုံး (သန်တ နယ်ထဲ ရှိပါ တယ် ဘုရား)။

သန်တ နယ်ထဲ ရှိပါသေးကလားဆိုတာ ဉာဏ်ထဲမှာ စိုက်ကြည့်တဲ့ ပုဂ္ဂိုလ်ကျတော့ တွေ့လည်း တွေ့ပြီ ဆိုတော့ မပြော ပေဘူးလား (ပြောပါတယ် ဘုရား)။

ထိုင်နေရင်းလည်း ဖြစ်လိုက်ပျက်လိုက်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လို လုပ်ကြမယ်၊ သန်တ နယ်ထဲမှာဖြင့် ဖြစ်ပြီး ပျက်တာမှ တစ်ပါး ဘာရှိသေးသတုံး (ဘာမှမရှိပါ ဘုရား)။

ဒါဖြင့် သန်တ နယ်ထဲနေသရွေ့ ကာလပတ်လုံးဖြင့် ခိုင်ပါစေတော့၊ မြဲပါစေတော့၊ တည်တံ့ပါစေတော့ ဆိုတဲ့ သဘောတွေ ရပါ့မလား (မရပါ ဘုရား)၊ ဖြစ်လိုက် ပျက်လိုက်ပဲ နေရမယ် မဟုတ်လား (နေရပါမယ်)၊ ထိုင်နေရင်းလည်း ဖြစ်လိုက်ပျက်လိုက်ပဲ၊ သွားနေရင်းလည်း (ဖြစ်လိုက် ပျက်လိုက်) ရပ်နေရင်းလည်း (ဖြစ်လိုက် ပျက်လိုက်ပါပိ ဘုရား)။

အေး ဒါကြောင့် ဖြစ်လိုက် ပျက်လိုက်ချည်းပဲ အချိန်တွေက အကုန် ကုန်ပြီး သကာလ ဖြစ်ပျက်နဲ့ပဲ အချိန် ကုန်နေရတော့ နောက်တစ်ခါ ခန္ဓာဆုတောင်းလိုက်ပြန်တော့ ခန္ဓာရလာတာပဲ (မှန်ပါ့)၊ သန်တ ခန္ဓာကြီးပဲ ရပြန်တယ် ဦးခင်မောင်ရ (မှန်ပါ့ ဘုရား)၊ ဘာရပြန်သတုံး (သန်တ ခန္ဓာကြီးပဲရပြန်ပါတယ်)၊

ရပြန်တော့ ဘာတွေများ ကျုပ်တို့အနေနဲ့ ပိုင်ပိုင်ဆိုင်ဆိုင် ရပါလိမ့်မတုံး ဆိုတော့ ဖြစ်ပျက်ပဲ ပြန်ရတယ်၊ သဘောကျပလား (မှန်ပါ ဘုရား)၊ ဖြစ်ပျက်ပဲ ပြန်မရဘူးလား (ရပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဆုတောင်းတာသည် ဒကာ ဒကာမ တို့ ဖြစ်ပြီးပျက်တဲ့ဒုက္ခ ရ, ရပါလို၏ တောင်းတာနဲ့ ထူးသေးသလား (မထူးပါ ဘုရား)၊ လူဖြစ်ရပါလို၏ ဆိုတော့ ဖြစ်ပျက် သန်တဒုက္ခ ရ ရပါလို၏ သဘောကျ ပလား (မှန်ပါ့)၊ နတ်ဖြစ်ရပါလို၏ ဆိုရင်ကော (သန်တဒုက္ခ ရ, ရပါလို၏)၊ ဖြစ်ပျက် သန်တဒုက္ခ ရရပါလို ၏။ ဗြဟ္မာဖြစ်ရပါလို၏ ဆိုရင်ကော (ဖြစ်ပျက် သန်တ ဒုက္ခ ရရပါလို၏)။

ဆုတောင်းယူတာရှုးလို့

ဒါဖြင့် ဦးခင်မောင်တို့၊ ကိုမြရွှေတို့ စဉ်းစားပါ။ ဒုက္ခသစ္စာ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်ဟာ ရှုးလို့လား၊ မရှုးလို့လား အကဲခတ်ကြည့်စမ်း (ရှုးလို့ပါ ဘုရား)၊ ပေါ်ကြပလား ဒကာ ဒကာမတို့ (ပေါ်ပါပြီ ဘုရား)။

ဒုက္ခသစ္စာ ဆုတောင်းယူတာ သန်တဒုက္ခ ဆုတောင်း ယူတဲ့ပုဂ္ဂိုလ်များ ရှုး, မရှုး အကဲခတ်ကြည့်စမ်း (ရှုးပါ တယ် ဘုရား)၊ ပုထုဇ္ဇနော ဥမ္မတ္တကော ဆိုတာ သဘောကျ ပလား (ကျပါပြီ)၊ အန္ဓပုထုဇဉ် အကန်း ဆိုတာကော သဘောကျပလား (ကျပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် အခုတရားတစ်ပွဲလုံး တရားနာ နေတဲ့ပုဂ္ဂိုလ်တွေ များပါတယ်၊ ဘာခန္ဓာတွေပါလိမ့် (သန်တခန္ဓာ တွေပါ ဘုရား)၊ သန်တခန္ဓာ သဘောကျပြီနော် (မှန်ပါ့)၊ သန်တခန္ဓာဆိုတာ ဘာပါလိမ့် (ဖြစ်ပျက် ပါ ဘုရား)၊ ဖြစ်ပြီးပျက်နေတဲ့ တရားတွေပဲရှိတယ် (မှန်ပါ့)၊ ခိုင်တဲ့ မြဲတဲ့တရား ဒီအထဲမှာ ပါသေးသလား (မပါ, ပါ ဘုရား)၊ ဘယ်တရားတွေသာ ရှိပါလိမ့် (ဖြစ်ပြီး ပျက်တဲ့တရားပဲ ရှိပါတယ် ဘုရား)၊ ဖြစ်ပြီးပျက်တဲ့ တရားမှ တစ်ပါးဘာရှိသေးသလဲ (ဘာမှမရှိပါ ဘုရား)၊ အကြိမ်ပေါင်းများစွာ ဖြစ်ပျက် နေတယ် ဆိုတာကော မသေချာဘူး လား (သေချာပါတယ် ဘုရား)။

သန်တသိမှ အသန်တကူးပါ

အဲဒါဖြင့် သေချာတော့မှ တို့သည်ကား လို့ဆိုလို့ရှိရင် သန်တသိမှ ဘုန်းကြီးက ဒကာ ဒကာမတို့ အသန်တဆိုတာ ကူးကြပါလို့ ပြောရဲတယ် (မှန်လှပါ ဘုရား)၊ သန်တမှ လည်လည် ပတ်ပတ် ဘုန်းကြီးက ပြောလို့ ဒကာ ဒကာမတွေက နားမဝင်ကြသေးဘူး ဆိုရင် သန်တပဲ ပြောနေရမယ် (မှန်ပါ့)၊ သဘောကျပလား (ကျပါ ပြီ ဘုရား)။

သန်တမှ သဘောမကျလို့ရှိရင် အသန်တနိဗ္ဗာန်ကို ဒကာ ဒကာမတို့ ဘယ်သူသွားချင်မလဲ (မှန်လှပါ)၊ သွားချင်ပါ့မလား (မသွားချင်ပါ ဘုရား)၊ သန်တဒုက္ခကိုမှ နားမလည်တဲ့ ပုဂ္ဂိုလ်များသည် အသန်တဓာတ်နိဗ္ဗာန်မြတ်ကို ဘယ်လိုရောက်ချင်စိတ်ဟာ ဘယ်လိုကူးကူး မပေါ်ဘူး (မှန်လှပါ ဘုရား)၊ ဦးခင်မောင် ပေါ်ပါ့မလား (မပေါ်ပါ ဘုရား)၊ ကိုမြရွှေပေါ်ပါ့မလား (မပေါ်ပါ ဘုရား)၊ ဘာသိမှတုံး ဒါဖြင့် (သန်တသိမှပါ ဘုရား)၊ သန်တဒုက္ခ သိမှ အသန်တသုခကို ကြိုက်မယ် (မှန်ပါ့)၊ အသန်တ ဆိုတာ နိဗ္ဗာန်၊ သုခက ချမ်းသာကိုခေါ်တာ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သွားချင်တဲ့ ပုဂ္ဂိုလ် ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်သွားချင်တဲ့ ပုဂ္ဂိုလ် ဟူသရွေ့ သည် ဒီအတိုင်းသွားလို့ ဖြစ်သလား တဲ့၊ သန်တက ဆင်းပြီး သွားရမှာလားဆိုတာ ယနေ့ တရားပွဲမှာ ရှင်းရှင်းလင်းလင်း ပြောမယ် (မှန်လှပါ ဘုရား)။

သန်တမမြင်ရင် နိဗ္ဗာန်မရောက်

သန်တ မမြင်တဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မရောက်လို့ မှတ် (မှန်ပါ ဘုရား)၊ ဘယ်လိုမှတ်ကြမယ် (သန်တ မမြင်တဲ့ပုဂ္ဂိုလ်ဘယ်တော့မှ မရောက်ပါ)၊ သန်တ ဒုက္ခမမြင် တဲ့ ပုဂ္ဂိုလ် ဘယ်တော့မှ အသန်တ ဆိုတဲ့ နိဗ္ဗာန်ဘက်ကို , (မရောက်ပါ ဘုရား)၊ ရောက်နိုင်ပါ့မလား (မရောက်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ နိဗ္ဗာန်ကို ကွေကွင်း သွားခဲ့သလို အခြားပုဂ္ဂိုလ်သတ္တဝါတွေလည်း အများကြီး ကျန်ရစ် တယ်ဆိုတာ မေးရင် ခင်ဗျားတို့ ရှင်းလောက်ပါပြီ (မှန်ပါ ဘုရား)၊ သန်တဒုက္ခကို မသိတဲ့ပုဂ္ဂိုလ် ဟူသရွေ့ သည် နိဗ္ဗာန်ကို မရောက်၊ အများကြီး ကျန်ရစ်လိမ့်မယ်ဆိုတာ ဆုံးဖြတ်ချက်ကို ချပါ (မှန်လှပါ ဘုရား)၊ ရှင်းပြီနော် (ရှင်းပါပြီ)၊ သန်တဒုက္ခမှ မမြင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ဆိုကြပါမယ် (အကုန် ကျန်ရစ်ပါလိမ့်မယ် ဘုရား)။

ဘုရားအဆူဆူက တရားမဟောလို့လား

အကုန် ကျန်ရစ်လိမ့်မယ်ဆိုတာ ကျုပ်တို့ ဘုရား အဆူဆူသည် တရားမဟောလို့ ကျန်ရစ်တာလား၊ ကျုပ်တို့ ကိုယ်တိုင်ဉာဏ်နဲ့ သန်တဒုက္ခကို ဘုရားဟောတဲ့အတိုင်း မမြင်လို့ ကျန်ရစ်တာလားဆိုတာ သေသေချာချာ စဉ်းစားပါ (မမြင်လို့ ကျန်ရစ်တာပါ ဘုရား)၊ မမြင်လို့ ကျန်ရစ်တယ်လို့ ဒီဒကာ ဒကာမတွေ ဝန်ခံနိုင်ကြပါ့မလား (ခံနိုင် ပါတယ် ဘုရား)။

ဒါဖြင့် ဒီဘဝလဲ ဆရာဘုန်းကြီးက ဟောပြန်တာပဲ၊ သန်တဒုက္ခကို မြင်အောင်ကြည့်ပါ (မှန်ပါ့)၊ ဟောပြီ, ဦးခင်မောင်ရဲ့ (မှန်လှပါ)၊ မဟောရပေဘူးလား (ဟောရပါတယ် ဘုရား)၊ ဒီဟာတွေ

မမြင်ဘူး ဆိုလို့ရှိရင်တော့ သုံးဆယ့်တစ်ဘုံအတွင်း အိုဘေး, နာဘေး, သေဘေးနဲ့ပဲ ကျန်ရစ်ပေတော့ (မှန်ပါ့)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

ငွေတွေ၊ ရွှေတွေ၊ ဘာတွေအမျိုးမျိုးအဖုံဖုံတွေနဲ့ နေရစ်ခဲ့ကြပေတော့၊ ဘာကြောင့်တုံး ဆိုတော့ ကိုယ့်သန်တ ကိုယ်မမြင်တော့ အသန်တ ကိုယ့်ဉာဏ်နဲ့ ကြိုက်ပါ့မလား (မကြိုက်ပါ ဘုရား)။

ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးရမယ်

ဒါဖြင့် သန်တဒုက္ခမမြင်တဲ့ ပုဂ္ဂိုလ်များသည် အသန်တသုခကို ဘယ်နည်းနဲ့ ကြိုက်ကြမယ် (မကြိုက် ပါ ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သန်တဒုက္ခဖြစ်အောင် ဝိပဿနာဉာဏ်နဲ့ ကြည့်ရမယ်၊ ရှင်းကြပလား (ရှင်းပါပြီ)၊ သန်တဒုက္ခမြင်အောင် (ဝိပဿနာဉာဏ်နဲ့ ကြည့်ရပါမယ်)၊ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးရမယ်၊ နားမလည်ရင် နားလည်အောင်ထောင်ပါ ဒကာ ဒကာမတို့၊ ဒီဟာ အင်မတန် အရေးကြီးနေတယ် (မှန်ပါ့ ဘုရား)၊ ဒကာတွေ ဘက်က စဉ်းစားမိကြရဲ့မဟုတ်လား (စဉ်းစားမိ ပါတယ် ဘုရား)။

သန်တ မမြင်တဲ့ပုဂ္ဂိုလ်ဟာ အသန်တဓိကန်ရောက် လိမ့်မယ်လို့ ကိုမြရွှေတို့ မယုံနဲ့ (မရောပါ ဘုရား)၊ ရောက်ချင်တဲ့စိတ်ကော ပေါ်ပါ့မလား (မပေါ်ပါ ဘုရား)။

ရောက်ချင်တဲ့စိတ်လည်း ပေါ်မှာမဟုတ်ဘူး၊ ရလဲရမှာ မဟုတ်ဘူးဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ကေန်ပဲလို့ ဆုံးဖြတ် ချက်ချစမ်းပါ (မှန်ပါ့ ဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် မောင်ထွန်းအောင်တို့ ဘာကိုမြင်အောင် ကြည့်ရမယ် (သန်တဒုက္ခကို မြင်အောင် ကြည့်ရပါမယ်) သန်တဒုက္ခကို မြင်အောင်ကြည့်ရမယ်၊ သန်တမြင်ရင် ဒုက္ခက ပါလာတာပဲ (မှန်ပါ့)၊ ဖြစ်တာ ပျက်တာ သန်တ မဟုတ်လား (မှန်လှပါ)၊ အဲဒီ အဖြစ်အပျက်ဟာ ဒုက္ခ သစ္စာပဲ၊ သဘော ပါကြပလား (ပါ, ပါပြီ ဘုရား)။

ဖြစ်ပျက်ဟာ ဘာတရားပါလိမ့်

ဒါဖြင့် ဖြစ်ပျက်ဟာ ဘာတရားပါလိမ့် (သန်တ တရားပါ ဘုရား)၊ သန်တ တရားပဲ၊ သစ္စာ ဖွဲ့လိုက်တော့ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒုက္ခသစ္စာပဲ ဆိုတာ သေချာပလား (သေချာပါတယ် ဘုရား)။

ဒါဖြင့် ဒီသန်တဒုက္ခကိုမှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာစိုက်လိုက်လို့ မသိသေးဘူးဆိုရင် ဖြင့် ဒီပုဂ္ဂိုလ်ဟာ အသန်တ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဦးခင်မောင်

ဘယ်တော့မှ မယုံနဲ့ (မှန်ပါ့ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊ ဒါကို တရားစစ် တရားမှန်လို့ သေသေ ချာချာ မှတ်စမ်းပါ (မှန်ပါ ဘုရား)၊ ဘယ်လိုမှတ် ကြမယ် (တရားစစ် တရားမှန်ပါ ဘုရား)။

တရားစစ် တရားမှန်ပဲ သခ်ါရဒုက္ခကို မမြင်ဘဲနဲ့ ဒကာသစ်ရေ၊ အသခ်ံတ နိဗ္ဗာန်ဘက်ကို သူပြေးချင်ပါတယ် ဆိုတဲ့ ဥစ္စာဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ ဘုရား)၊ သဘော ပါကြလား (ပါ, ပါပြီ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့၊ တရားစ, ကတည်းက ခပ်နက်နက်ပဲ နေတယ်၊ မပျင်းကြနဲ့ တော်တော် အရေးကြီးတယ်လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ ဘုရား)၊ သခ်ံတ မမြင်တဲ့ပုဂ္ဂိုလ်ဟာ အသခ်ံတ နိဗ္ဗာန်ကို မည်သည့်နည်းနှင့် မကြိုက်ဘူးဆိုတာတော့ သဘောကျ ပလား (ကျပါပြီ ဘုရား)။

ခန္ဓာကိုယ်ဟာ သခ်ံတဒုက္ခ

ကဲ ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ သခ်ံတက ဘယ်သူပါလိမ့်မတုံးဆိုတော့ ခင်ဗျာတို့ ခန္ဓာကိုယ် (မှန်ပါ ဘုရား)၊ သဘောကျပလား (ကျပါပြီ)၊ သခ်ံတဒုက္ခက အားလုံး ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ဆိုရင် လွဲပါ့မလား (မလွဲပါ ဘုရား)၊ အဲဒါကို ဉာဏ်နဲ့ကြည့်ရမယ် (မှန်ပါ့)၊ ဉာဏ်နဲ့ ကြည့်တော့မှ ဒီသခ်ံတ ဒုက္ခသစ္စာဆိုတဲ့ ဒုက္ခ သစ္စာကို ခန္ဓာကိုယ်ထဲမှာ ကိုယ့်ဉာဏ်က မတွေ့ပေဘူးလား (တွေ့ပါတယ် ဘုရား)။

တွေ့လာတဲ့ အခါကျတော့မှ သြော် မိမိဖြစ်နေတဲ့ ခန္ဓာကြီးဟာ အဖြစ်ဆိုးကြီးပါလားဆိုတာ ပေါ်သင့် မပေါ်သင့် (ပေါ်သင့်ပါတယ် ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီအဖြစ်ဆိုးကြီး မြင်တော့မှ အင်း ဒီဝဋ်ကျွတ်မှ ကောင်းမှာပဲဆိုတာ လာလိမ့်မယ်နော် (မှန်လှပါ ဘုရား)၊ ဒီဝဋ် မကျွတ်ရင် ကောင်းနိုင်ပါ့မလား (မကောင်းနိုင်ပါ ဘုရား)၊ အဲဒါတွေကို ဒကာ ဒကာမတွေက ဒီအကြောင်း ဆရာပြောရုံနဲ့လည်း တရားနာရုံနဲ့လည်း မသိသေးဘူးလို့ မှတ်လိုက်စမ်း ပါ (မှန်ပါ)၊ ဘယ်လိုပါလိမ့် (ဆရာပြောရုံနဲ့လည်း မသိသေးပါ ဘုရား)၊ ခန္ဓာမြင်အောင် စိုက်ပြီး ကြည့်မှ ပြီးကြမယ် (မှန်ပါ့ ဘုရား)၊ သဘော ပါကြပလား (ပါ, ပါတယ်)၊ ဘာလုပ်ရမယ် (ခန္ဓာမြင် အောင် စိုက်ကြည့်ရပါမယ် ဘုရား)။

ခန္ဓာမြင်အောင် စိုက်ပြီးကြည့်တဲ့အခါကျတော့မှ သြော် သခ်ံတ ဒုက္ခတွေပါကလား၊ ဖြစ်ပျက် နေတာမှ တစ်ပါး ဘာမှမရှိတော့ပါကလား ဆိုတော့မှ ကိုယ့်ခန္ဓာကြီးဟာ အရတော်လေစွလား၊

အရဆိုးလေစွလား၊ ဆုံးဖြတ်ချက် ချပေးစမ်း (အရဆိုးလေစွပါ ဘုရား)၊ အရဆိုးလေစွလို့ မလာဘူးလား (လာပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် အရဆိုးလေစွဆိုတဲ့ စိတ် ကလေး, ဉာဏ်ကလေး ဦးခင်မောင် ပေါ်လာမှ အသန်တ ဘက်ကျမှ ကောင်းတာပဲဆိုတာ ဖြစ်အောင်ပြောင်းယူ (မှန်လှပါ)၊ နို့မို့ရင် ပြောင်းပါ့မလား (မပြောင်းပါ ဘုရား)။

အဲဒါ ဒကာ ဒကာမတွေ အခုတရားပွဲလာတာ နာရီဝက်ဆိုသလိုပဲတဲ့ နီးပါပြီ၊ နာရီဝက်တောင် နည်းနည်း ကျော်သွားပါပြီ၊ ဒီတစ်လုံးကိုပဲ ပြောနေတယ်၊ သန်တ မမြင်ဘဲ အသန်တ ဆိုတဲ့ နိဗ္ဗာန် မရဘူးလို့ ရှင်းပလား (ရှင်းပါပြီ)၊ သန်တဒုက္ခကိုမမြင်ရင် (အသန်တနိဗ္ဗာန်ကိုမရပါ)၊ အသန်တနိဗ္ဗာန် (မရပါ ဘုရား)၊ မရနိုင်ဘူး ဒကာ ဒကာမတို့။

ခန္ဓာကိုယ်ထဲ ဉာဏ်နဲ့ကြည့်စမ်းပါ

အဲဒါကြောင့် မပျင်းမရိဘဲနဲ့ တရားကိုတော့ သြော် ကြည့်နည်းက ဒီလိုကြည့်ရမှာပါကလား (မှန်ပါ့)၊ ကျင့်နည်းက ဒီနည်းပဲ ကျင့်ရမယ်နော် (မှန်ပါ့)၊ ခန္ဓာ ကိုယ်ထဲဉာဏ်နဲ့ ကြည့်စမ်းပါ၊ ဖျတ်ဖျတ်နဲ့ ဘာလုပ်နေတာ တုံး မေးစမ်း၊ ခန္ဓာကိုယ်ထဲမှာ (ဖြစ်ပျက် သန်တဒုက္ခတွေ ဖြစ်နေတာပါ ဘုရား)။

ဖြစ်ပျက် သန်တဒုက္ခတွေက ကျုပ်တို့ ရဲ့ ဉာဏ်ကို ပြောနေတာမဟုတ်လား (မှန်ပါ့)၊ ဘာတွေများပြောနေသလဲ (ဖြစ်ပျက်တွေပြောနေပါတယ်)၊ ကျုပ်တို့ဟာ သန်တ တွေဗျလို့ ခန္ဓာကိုယ်ကြီးက မပြောဘူးလား (ပြောပါတယ် ဘုရား)။

အဲဒီလို ခန္ဓာကိုယ်က ပြောတာကို ဉာဏ်က ကြည့်ပေးရမယ်နော် (မှန်ပါ့ ဘုရား)၊ မကြည့်တတ်တဲ့ ပုဂ္ဂိုလ်ကို ခန္ဓာကမပြောပါဘူး (မှန်ပါ့ ဘုရား)၊ ကြည့်တတ် တဲ့ ပုဂ္ဂိုလ်ကျတော့ (ပြောပါတယ် ဘုရား)။

ခန္ဓာကပြောလာတာ ယုံလိုက်စမ်းပါ

ခန္ဓာက ပြောလာတဲ့အခါကျတော့မှ သူ ပြောတာကို ခင်ဗျားတို့က သူများပြော မဟုတ် သောကြောင့် အယုံကြီး ယုံလိုက်စမ်းပါလို့ ဘုန်းကြီးက သတိပေးလိုက်ပါတယ် (မှန်လှပါ၊) သူများ ပြောတာလား၊ ခန္ဓာက ပြောတာလား (ခန္ဓာကပြောတာပါ ဘုရား)။

အဲ ခန္ဓာကပြောတာကိုမှ အယုံကြီးယုံလိုက်တဲ့ အခါကျတော့မှ မျှော် တို့သည်ကားလို့ဆိုရင် ဘယ်သူနဲ့ အတူတူ နေရပါလိမ့်မတုံးဆိုတော့ သန်တဒုက္ခသစ္စာကြီးနဲ့ အတူတူ နေရတယ်ဆိုတာ ပေါ်မလာဘူးလား (ပေါ်လာ ပါတယ် ဘုရား)၊ အဲဒါ များများကြည့်ပေးရမယ်၊ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဘာကို များများကြည့်ရမယ် (သန်တ ဒုက္ခကို များများကြည့်ရပါမယ်)၊ သန်တဒုက္ခကို များများ ကြည့်ရမယ်ဆိုသဖြင့် ဒကာ, ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ သန်တဒုက္ခမှတစ်ပါး၊ ဒီပြင် ဘာများ ရှိသေးသလဲ (မရှိပါ ဘုရား)၊ ဘာမှ မရှိဘူးဆိုတာ သေချာပလား (သေချာ ပါပြီ ဘုရား)။

အဲဒီတော့ သေချာအောင် သြော် သန်တဒုက္ခမှ တစ်ပါး ဘာမှ မရှိပါကလား၊ သန်တဒုက္ခ အစုအပုံတွေသာ ရှိနေပါကလားလို့ ကြည့်ပေးစမ်းပါ (မှန်ပါ့)၊ သဘောကျ ပလား (ကျပါပြီ ဘုရား)။

ကိုင်း အဲဒီ သန်တ တွေကြည့်လို့ ခင်ဗျားတို့က ခန္ဓာကိုယ်ထဲမှာ မြင်ပြီ၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေး ပေါ်လာလိုက်၊ သန်တ ဒုက္ခစိတ်ကလေးကလည်း ပေါ်လာ လိုက်၊ ပျက်, ပျက်သွား ပြန်တော့ ဘာပါလိမ့် (သန်တ ဒုက္ခပါ ဘုရား)၊ အင်း ရုပ်ကလေးက ပေါ်လာတာ ကြည့်လိုက် ပြန်တော့လဲ (သန်တ ဒုက္ခပါ ဘုရား)။

ဝိပဿနာရှုနည်း သင်နေတာ

နို့ ဒါဖြင့် ဒကာ ဒကာမတွေ ဘာတွေချည်း ကြည့်နေရသလဲ (သန်တဒုက္ခတွေပါ ဘုရား)၊ အဲ သန်တဒုက္ခတွေချည်း ဦးခင်မောင်တို့က တွေ့ကြပါလိမ့်မနော် (မှန်လှပါဘုရား)၊ ဒါဟာ ဘာသင်နေ တာတုံးလို့ ဒကာဒကာမတွေက မမေးပါနဲ့၊ ဝိပဿနာရှုနည်းသင်နေတာလို့ မှတ်လိုက်စမ်းပါ (မှန်လှ ပါဘုရား)၊ ရှင်းပြီနော် (ရှင်းပါပြီ)၊ ဒါ ဘာသင်နေတာလဲ (ဝိပဿနာရှုနည်း သင်နေတာပါ ဘုရား)။

ခန္ဓာကိုယ်ကို စိုက်သာကြည့်၊ လိုက်ပြီးတော့ ကြည့်ရင် ခန္ဓာကိုယ်က နာသလိုလို၊ ယားသလို လို စိတ်တွေ အမျိုးမျိုး ပေါ်ပြီးပျောက်, ပျောက်သွားတာတွေ၊ အင်း ရုပ်တွေ အမျိုးမျိုးပေါ် ပြီး ဖောက်ပြန်သွားတာတွေ မပြောပေဘူးလား၊ ပြောမလား (ပြောပါတယ် ဘုရား)၊

အဲ ဘာဒုက္ခတွေ လို့ သူကပြောသလဲ (သန်တဒုက္ခတွေပါ ဘုရား)၊ သန်တ တွေလို့ ဘယ်သူက ပြောပါလိမ့် (ခန္ဓာကပြောပါတယ်ဘုရား)၊ ခန္ဓာကပြောတယ် (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ချင်ရင် အရိယာ မျက်လုံး တပ်ပေးရလိမ့်မယ် ဦးခင်မောင်၊ နိဗ္ဗာန်ရောက်ချင်ရင် (အရိယာမျက်လုံးတပ်ပေးရပါမယ်)၊ အဲ သန်တ ဒုက္ခကို မြင်တဲ့ မျက်လုံးကို ခင်ဗျားတို့ကို ဆရာဘုန်းကြီးက တပ်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

အရိယာမျက်လုံး တပ်ပေးတဲ့နေ့

ဒါဟာ အရိယာမျက်လုံး တပ်ပေးတဲ့နေ့ပဲ (မှန်ပါ့ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊ နိဗ္ဗာန် ရောက်ချင်ရင် ဘာတပ်ပေးရမယ် (အရိယာမျက်လုံး တပ်ပေးရပါမယ်)၊ အရိယာမျက်လုံး တပ်ပေး ရမယ်ဆိုတာကော သေချာပလား (သေချာပါပြီ ဘုရား)။

ခင်ဗျားတို့ ပင်ကိုမျက်လုံးနဲ့တော့ဖြင့် လှတာရယ်၊ အရုပ်ဆိုးတာရယ်၊ အကျည်းတန်တာရယ် ဦးခင်မောင် ဒါပဲ မြင်မယ် (မှန်ပါ)၊ သခ်ၤတ ဒုက္ခကိုတော့ (မမြင်ပါ ဘုရား)၊ မမြင်နိုင်ဘူးဆိုတာ သေချာကြပလား (သေချာ ပါပြီ ဘုရား)။

အဲဒီတော့ ယနေ့သည် ဘယ့်နှယ်ကြောင့် ဆရာ ဘုန်းကြီး ဒီဥစ္စာ ဟောရပါလိမ့်မတုံးလို့ ခင်ဗျားတို့က မေးချင် မေးကြလိမ့်မယ်နော် (မှန်လှပါ)၊ ခင်ဗျားတို့ စိတ်က သခ်ၤတ ဒုက္ခမြင်လို့ ရှိရင်ဖြင့် ဘုန်းကြီးက အသခ်ၤတဘက် ခင်ဗျားတို့ စိတ်ပြေးလိမ့်မယ်ဆိုတာ သေသေချာချာ ဟော ထားပါတယ် (မှန်ပါ့)၊

သခ်ၤတ ဒုက္ခမြင်ရင် (အသခ်ၤတဘက် ပြေးလိမ့်မယ်)၊ အသခ်ၤတဘက်ကို ခင်ဗျားတို့ ဉာဏ်ပြေး တော့မယ် (မှန်ပါ့)၊ သခ်ၤတဒုက္ခမြင်တဲ့ ဉာဏ်သည် နောက်ဆုံးပိတ် ဘယ်ဘက် ပြေးမယ် ထင်သတုံး (အသခ်ၤတဘက် ပြေးပါ တယ် ဘုရား)။

အဲ ဝိပဿနာနှစ်လုံးတည်းနဲ့ ပြီးပါတယ်။ ဒီနေ့ ဟောတဲ့တရားမှာ ပထမရှေးဦးစွာ သခ်ၤတဒုက္ခ မြင်ဖို့ (မှန်ပါ့)၊ ပထမ ဦးစွာ ဘာမြင်ရမယ် (သခ်ၤတဒုက္ခမြင်ရ ပါမယ် ဘုရား)။

သခ်ၤတဒုက္ခမြင်ရမယ်၊ အဲဒီ သခ်ၤတဒုက္ခမြင်ဖန်များ လာပြီဆိုမှဖြင့် ဒုက္ခအစစ်ပဲလို့ ဝေဖန်နိုင် ပြီးလာတဲ့အခါကျလို့ ရှိရင် ဒကာသစ် ဉာဏ်ဘယ်ဘက်ပြေးသွားလိမ့်မယ် ထင်သတုံး (အသခ်ၤတ ဘက်ပါ ဘုရား)၊ အသခ်ၤတ သုခဘက် ပြေးလိမ့်မယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)။

နာမရူပ ပရိစ္ဆေဒကျမ်း

အဲဒီတော့ ဒါဟာ တဲ့၊ ဒကာ ဒကာမတို့ ဒါ နာမရူပ ပရိစ္ဆေဒကျမ်းက လာတယ်လို့ မှတ်ထား လိုက်စမ်းနော် (မှန်ပါ)။

**ဓနေတာနုတ္တရံ မဂ္ဂ၊

မာသေဝန ဝိသေသတော။

ကဋ္ဌ သံဃဋ္ဌနာ ဇာတာ၊

အစ္စိဓူမာဝ ဘာသုရံ။

(နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာ၊ ဒွါဒသမ ပရိစ္ဆေဒဂါထာ အမှတ်-၁၇၇၈။)

ဆိုတဲ့ ပါဠိဂါထာဟာ နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာတယ်လို့ မှတ်လိုက်စမ်းပါ။

အဲဒီတော့ကွာ – နိဗ္ဗာန်ကူးဖို့ နိဗ္ဗာန်ဘက်ကို ရောက်သွားတဲ့ဉာဏ်၊ နိဗ္ဗာန်ဘက်ကို ကူးသွားတဲ့ ဉာဏ်ဟာ ဘယ်လိုမြင်လို့ ဘယ်လိုများ ကူးသွားပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ ဒကာ ဒကာမတို့ သိတဲ့အတိုင်း တဲ့၊ သန်တဒုက္ခ မြင်တဲ့ဉာဏ် ရင့်လာလို့ရှိရင် ဒီဉာဏ်သည် သန်တ ဒုက္ခဘက်မှ အသန်တဘက်သို့ ကူးသွားတယ်၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကဲ ခင်ဗျားတို့ သိတဒုက္ခ မြင်တဲ့ဉာဏ် ရင့်သွားရင် ဒီဉာဏ် ဘယ်သွားမယ်ထင်တုံး (အသန်တဘက် သွား ပါတယ်)။

ဒါဖြင့် ဝိပဿနာဉာဏ်ပြီးတော့ မဂ်ဉာဏ်လာတာပဲ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)၊ ဝိပဿနာဉာဏ်ပြီးတော့ (မဂ်ဉာဏ် လာပါတယ် ဘုရား)။

ဒါဖြင့် သန်တဒုက္ခတွေကို မြင်နေပြီ၊ အားလုံး ဒကာ ဒကာမတွေကို ရှုခိုင်းလို့ မြင်ကြပါပြီ၊ ထိုသို့ မြင်ပြီး သကာလ နေရုံမတ္တနဲ့ ဖျက်ဆို ဒကာ ဒကာမတို့ သန်တဒုက္ခ တွေကို မတွေ့တော့ဘူး (မှန်ပါ ဘုရား)၊ သန်တဒုက္ခ တွေကို မတွေ့တော့ အလျင်က သန်တဒုက္ခတွေ မြင်တဲ့ဉာဏ် ဖျတ်ခနဲ မနေဘူးလား (နေပါတယ် ဘုရား)၊ ဒီရှုနေတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ဒီဉာဏ် ဘယ်ဘက် သွားပါလိမ့် နောက်ကျတော့ ဒီဉာဏ်ဘယ်ဘက်သွားပါလိမ့်မလဲ လို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ သန်တဒုက္ခ မရှိတဲ့ဘက် ကျုပ်တို့ရှုနေတဲ့ဉာဏ်က သွားပါတယ် (မှန်ပါ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊ ပထမဉာဏ်သည် ဘယ်ဘက်မှာနေသတုံး (သန်တ ဘက်မှာနေပါတယ် ဘုရား)။

အေး ဉာဏ်သည် ဒကာ ဒကာမတွေ ရှင်းရှင်း လင်းလင်း မှတ်လိုက်စမ်း၊ ပထမ သန်တ ဒုက္ခဘက်မှာ ယခု ရှိနေတယ် (မှန်လှပါ ဘုရား)၊ ဖြစ်ပျက်မှု ဖြစ်ပျက် ဖြစ်ပျက်၊ ဖြစ်ပျက်ဒုက္ခ သစ္စာထဲ သူ မရှိဘူးလား (ရှိပါတယ်)၊ နောက်တော့ ဦးခင်မောင်ရေ ဒီဉာဏ် ဘယ်ဘက်ကူးသွား သလဲ (အသန်တဘက် ကူးသွားပါတယ် ဘုရား)။

နိဗ္ဗာန်ဘက်ကို သူ့ဟာသူကူးသွားတယ်

အသန်တသုခဘက် ကူးသွားတယ်ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်တွေ အကုန်လွတ်သွားတယ် (မှန်လှပါ ဘုရား)၊ ရှုရင်းမတွန့် ဒီဉာဏ်သည် ဖြစ်ပျက်တွေ ဘယ့်နှယ် (လွတ် သွားပါတယ်)၊ လွတ်သွားပြီး သကာလ သြော် ခိုင်မြဲတဲ့ နိဗ္ဗာန်ဘက်ကို သူ့ဟာသူ ကူးသွားတယ် (မှန်ပါ ဘုရား)။

ဒကာ ဒကာမတို့ သူများပေးလို့ရသလား၊ သူ့ဟာသူ ဉာဏ်တက်ပြီး ကူးသွားတာလား (သူ့ဟာသူ ဉာဏ်တက် ပြီးကူးသွားတာပါ ဘုရား)။

ဒါ သေသေချာချာ မှတ်ပါ၊ အလုပ်တရားမှာ နှစ်လုံးတည်းနဲ့ ပြီးအောင်လုပ် (မှန်လှပါ)၊ ဟောနေတယ် ဒကာ ဒကာမတွေ အလုပ်တရားမှာ နှစ်မျိုးတည်းရှိပါတယ်၊ ပထမရှုနေတဲ့ ဝိပဿနာ ဉာဏ်သည် ဒကာ ဒကာမတို့ သန်တ ဒုက္ခဘက်ကို အမြဲလှည့်နေတာပဲ (မှန်လှပါ ဘုရား)။

ပထမရှုနေတဲ့ဉာဏ်သည် ဘယ်ဘက်လှည့်နေသတုံး၊ (သန်တဒုက္ခဘက်လှည့်နေပါတယ်)၊ သန်တဒုက္ခဘက် လှည့်နေတာပဲဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒါ သန်တဒုက္ခဘက် လှည့်နေတယ်ဆိုတာ ဖြစ်ပျက်အနိစ္စဘက် လှည့်နေတယ်ဆိုတာ ဟုတ်တာပဲ (မှန်ပါ့)၊ ဖြစ်ပျက်ဒုက္ခဘက် လှည့်နေတယ်ဆိုရင်ကော (ဟုတ်ပါတယ်)၊ ဖြစ်ပျက် အနတ္တဘက် လှည့်နေတယ်ဆိုရင်ကော (ဟုတ်ပါတယ် ဘုရား)။

အဲဒီ လှည့်ရာကနေပြီး သကာလ ဒီဉာဏ်တွေ အရ ရှုနေတဲ့ ဉာဏ်တွေက ဒါက သန်တ ဒုက္ခ တွေ ထားပါတော့၊ ဒီဘက်ကဟာတွေ (မှန်ပါ့)၊ ဒီသန်တ ဒုက္ခတွေကို တစ်ခု ပေါ်လိုက် တစ်ခု ပျက် လိုက်နဲ့ လိုက်လိုက်, လိုက်လိုက်ပြီး သကာလ သွားတဲ့အခါကျတော့ သန်တဒုက္ခတွေကို ဒီဉာဏ် တွေက မမြင်ပေဘူးလား (မြင်ပါတယ် ဘုရား)။

အသန်တသုခဘက် လှည့်သွားတယ်

အဲ မြင်ရာကနေပြီး သကာလ နောက်ဒီဉာဏ်က ဘယ်ဘက် လှည့်သွားသတုံးလို့ မေးရင် ဘယ့်နှယ်ကြမယ် (အသန်တ သုခဘက် လှည့်သွားပါတယ်)၊ ဟော သန်တ ဒုက္ခတွေ ချုပ်တဲ့ဘက် လှည့်သွားပါတယ်၊ သန်တ ဒုက္ခတွေ အကုန်ချုပ်တော့ အသန်တ သုခလို့ ဦးခင်မောင် ဆိုလိုက်စမ်း (မှန်လှပါ ဘုရား)၊ ဘယ်လို ဆိုကြမယ် (အသန်တသုခပါ ဘုရား)၊ အသန်တသုခ ဆိုတာ ဒကာ ဒကာမတို့ အသန်တနိဗ္ဗာန်၊ ရှင်းပလား (ရှင်းပါပြီ)၊

အသန်တဆိုတာ ဦးခင်မောင် ရှင်းပလား (ရှင်းပါပြီ ဘုရား)၊ နောက်က ဒကာ ဒကာမတွေ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီဉာဏ်ဟာ အခု ဒါက ဒကာ ဒကာမတွေ ခန္ဓာအစဉ်တုံးကြီးဆိုလိုက်ပါ၊ ပထမတော့ ဖြင့် ခန္ဓာပဲ ဘုန်းကြီးက အရှုခိုင်းတာပဲ၊ ပထမတော့ ဘာရှုခိုင်းပါလိမ့် (ခန္ဓာပဲအရှုခိုင်းပါတယ် ဘုရား)၊ ခန္ဓာရှုတော့ ခင်ဗျားတို့က ဘာတွေတွေ့ပါလိမ့် (ဖြစ်ပျက်တွေ တွေ့ပါတယ် ဘုရား)၊ သန်တ ဒုက္ခတွေ မတွေ့ဘူးလား (တွေ့ပါတယ် ဘုရား)။

အဲ သန်တ ဒုက္ခတွေ့လို့ သန်တ ဒုက္ခတွေ တွေ့တဲ့ ဉာဏ်တွေသည် ဒကာသစ် ရင့်သွားတယ် (မှန်ပါ့)၊ သန်တဒုက္ခတွေ့တဲ့ ဉာဏ်သည် ရင့်မလာဘူးလား (လာပါတယ်ဘုရား)၊ ရှုဖန်များရင် ရင့်လာတာပေါ့ဗျာ (မှန်ပါ)။

ရှုဖန်များတဲ့အခါကျတော့ ဒီကဒုက္ခ၊ ဒီကဉာဏ်၊ အင်း ဒီက သန်တဒုက္ခ၊ ဒီက မြင်တတ်တဲ့ တရား၊ ဒီလိုချည်း မြင်မနေပေဘူးလား (မြင်ပါတယ်ဘုရား)၊ မြင်လာတော့ ကြာတော့ မြင်ဖန် များလာတဲ့ အခါ ဦးခင်မောင် ဒီမြင်တဲ့ဉာဏ် ဟာ နုသွားမလား, ရင့်သွားမလား (ရင့်လာပါတယ် ဘုရား)။

မြင်ပါများလို့ရင့်လာတာ

ဒါက ခင်ဗျားတို့ ပါရမီရှိလို့ ရင့်လာတာလား သန်တ ဒုက္ခမြင်ဖန်များလို့ ရင့်လာတာလား (သန်တဒုက္ခ မြင်ဖန်များလို့ ရင့်လာတာပါ ဘုရား)၊ သန်တဒုက္ခ မြင်ဖန်များလို့ ရင့်လာတာဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲ သန်တဒုက္ခသည် မြင်ဖန်များလို့ ရင့်လာတဲ့ အခါကျတော့ သြော် ဒီဥစ္စာ သန်တ ဒုက္ခမှ တစ်ပါး ဘာမှ မရှိပါကလား၊ မိမိခန္ဓာကိုယ်ထဲမှာ ဒီဒဋ္ဌိတို့ ဘာတို့တောင် ခံနေ စရာ မလိုတော့ပါဘူး၊ အင်း ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ သန်တဒုက္ခတွေသာ ဧကန်ရှိ, တကယ်ရှိနေပါ ကလား လို့ ဉာဏ်ထဲမှာ ဆုံးဖြတ်ချက် မကျပေဘူးလား (ကျပါတယ် ဘုရား)။

အင်း ဉာဏ်နဲ့ဆုံးဖြတ်ချက်ချလို့ သန်တဒုက္ခ မြင်ဖန်များလာပြီဆိုမှဖြင့် ဒကာ ဒကာမတို့ တဲ့၊ ဒီဉာဏ်သည်တဲ့၊ သန်တ ဒုက္ခဘက်ကို မလှည့်တော့ဘူး (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)၊ သန်တ ဒုက္ခချုပ်တဲ့ဘက် လှည့်သွားတယ် (မှန်ပါ့ဘုရား)၊ ဘယ်ဘက် လှည့်သွားပါလိမ့် (သန်တ ဒုက္ခချုပ်တဲ့ ဘက် လှည့်သွားပါ တယ်)၊ သန်တဒုက္ခ ချုပ်တဲ့ဘက် လှည့်သွားတယ် (မှန်လှပါ ဘုရား)။

ကဲ ဒါဖြင့် ပထမဉာဏ်ဟာ ဘယ်ဘက် လှည့် သတုံး (သခ်ံတ ဒုက္ခဘက် လှည့်ပါတယ် ဘုရား)၊ နောက် ရင့်လာတဲ့ဉာဏ် ဘယ်ဘက်လှည့်သတုံး (သခ်ံတ ချုပ်တဲ့ ဘက် လှည့်ပါတယ် ဘုရား)၊ ဒါပဲ ဒါပဲ၊ ဒကာ ဒကာမတို့ ဘုရား ပွင့်လည်း ဒါဟောမှာပဲ (မှန်ပါ့ ဘုရား)။

ဒီအမွေပဲ ပေးနေတယ်

ဘုရားပွင့်လည်း ဒါဟောမှာပဲ၊ ဘုရားကလည်း ဒါကို ဟောလို့ ဘုန်းကြီးကလည်း အမွေရလို့ ဒကာ ဒကာမတွေ ဒါပဲ ဒီအမွေပဲ ပေးနေတယ် (မှန်လှပါ)၊ သဘောကျပြီနော် (ကျပါပြီ ဘုရား)။

ပထမဉာဏ်သည် ဒကာ ဒကာမတွေ ဘယ်ဘက် လှည့်နေသတုံး (သခ်ံတဒုက္ခဘက် လှည့်နေပါတယ် ဘုရား)၊ နောက်ဒီဉာဏ်ရင့်လာရင် ဘယ်ဘက်လှည့်မယ် ထင်သတုံး (သခ်ံတ ချုပ်တဲ့ဘက် လှည့်ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီဖြူဖြူကလေးက အသခ်ံတ နိဗ္ဗာန် ထားလိုက်၊ ဟိုဘက်က သခ်ံတဒုက္ခ တွေက ခန္ဓာကြီး ထားပါတော့နော် (မှန်ပါ)၊ ဒီဘက်က ဘာပါလိမ့် (သခ်ံတ ဒုက္ခ)၊ ဒီဘက်က အသခ်ံတ ဓာတ် နိဗ္ဗာန်ပေါ့ဗျ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒီက ရှုတဲ့ဉာဏ်က ဒကာ ဒကာမတွေက ပထမ ရှေးဦးစွာ သခ်ံတဒုက္ခတွေချည်း ရှုနေရမယ်၊ ဝေဒနာပေါ်လည်း ဖြစ်ပျက်ရှုနေ၊ စိတ်ပေါ်ကော (ဖြစ်ပျက်ရှုရပါမယ်)၊ ရုပ်တွေပေါ်နေရင် (ဖြစ်ပျက်ရှုနေရပါမယ် ဘုရား)။

ဉာဏ်သည်ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်

အဲဒီတော့ ဒကာ ဒကာမတို့ ဒီဖြစ်ပျက်တွေ မြင်ရာကနေပြီး သကာလ မှ ဒီဉာဏ်သည် ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ် (မှန်ပါ့)၊ ဒီဘက်လှည့်တယ်၊ ရှုရင်း မတ္တန့်ကော ဒကာ ဒကာမတို့ ဘယ်လှည့်သွားသလဲ (ရှုရင်းမတ္တ လှည့်သွားပါမယ် ဘုရား)။

ရှုရင်းမတ္တန့် လှည့်သွားတော့ကို ဒီခန္ဓာကြီးက မရှိလို့ လှည့်သွားတာလား ဉာဏ်တက်လို့ လှည့်သွား တာလား မေးဖို့ လိုလာတယ် (မှန်ပါ့)၊ မလိုဘူးလား (လိုပါ တယ်)၊ အဲဒါဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာတဲ့ နိဗ္ဗာန်ဆိုတဲ့ ခန္ဓာ မရတဲ့ နိဗ္ဗာန်မှ မရောက်သေးတဲ့ဥစ္စာ ခန္ဓာကတော့ ရှိနေတာပဲ (မှန်လှပါ ဘုရား)၊ ခန္ဓာဖြစ်ပျက် ကတော့ ရှိရမယ် (ရှိပါတယ်)၊ ဉာဏ်ကသာ ဒီဘက်လှည့်တာ (မှန်ပါ့ ဘုရား)။

ဒါကို သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့ (မှန်ပါ့ ဘုရား)၊ ဦးခင်မောင် ဒီတစ်လုံး သိပ်အရေးကြီးပါတယ် (မှန်ပါ့)၊ ဒီခန္ဓာကြီးကတော့ ဘယ့်နှယ်တုံး (ရှိပါတယ် ဘုရား)၊ ရှိရင်းမတ္တန့် ဘယ်လှည့် သွားသတုံး (အသန်တ ဘက်လှည့်ပါတယ်)၊ ဒီခန္ဓာမရှိတဲ့ အသန်တဘက် လှည့်မသွား ဘူးလား (သွားပါတယ် ဘုရား)။

သန်တဒုက္ခကို နာနာရှုပေးပါ

ဒါဖြင့် ဒကာ ဒကာမတို့ သြော် နိဗ္ဗာန်ရောက် ချင်တဲ့ပုဂ္ဂိုလ်များဟာ ဘာကို နာနာ အလုပ် လုပ်ရမှာတုံးဆိုတဲ့ မေးခွန်းဟာဖြင့် ယနေ့ ပြောမယ်လို့ အောက်မေ့ပါတယ် (မှန်ပါ့ ဘုရား)၊ ဘာကို နာနာလုပ်ရမလဲ (သန်တဒုက္ခ နာနာရှုရပါမယ်)၊ သန်တဒုက္ခကို နာနာ ရှုပေးရမှာပဲ (မှန်ပါ့ ဘုရား)၊ သဘောကျပလား (မှန်ပါ့ ဘုရား)၊ ဖြစ်ပျက်ကို (နာနာရှုရပါမယ် ဘုရား)။

ဖြစ်ပျက်ကို နာနာရှုလို့ ဒီဉာဏ်ဟာ ရင့်ခြင်းမက, ရင့်လာပြီဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဒီဉာဏ်သည် သန်တ ဘက်ကနေပြီး အသန်တဘက်ကို ကိုယ့်ဟာကိုယ် ကူးသွား မယ် (မှန်ပါ့ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊ သန်တ ဘက်က (အသန်တဘက် ကူးပါမယ်)၊ အသန်တဘက် ကို ကိုယ့်ဟာ ကိုယ် ကူးသွားမယ်နော် (မှန်ပါ့ ဘုရား)။

ကဲ ဒကာ ဒကာမတို့ ဒါဖြင့် ဒါဟာ နိဗ္ဗာန်မြင်တယ်လို့ ဆိုလို့ရှိရင်ကော သဘောကျပလား (ကျပါပြီ)၊

ကောင်းပြီ သေမှ မြင်ရမှာလား၊ ရှုရင်းမတ္တန့် ကူးသွားတာ မြင်ရမှာလား (ရှုရင်းမတ္တန့် ကူးသွား တာ မြင်ရမှာပါဘုရား)။

မဂ္ဂင်ရှစ်ပါးလာဖြစ်တယ်

ရှုရင်းမတ္တန့် ကူးသွားတာ မြင်ရမယ်ဆိုတော့ ဒီဉစ္စာဟာ သေသေချာချာ မဂ္ဂင်ရှစ်ပါး လာဖြစ် တယ်လို့ ဒကာ ဒကာမတွေ ဆုံးဖြတ်ချက် ချတာပေါ့ဗျာ (မှန်ပါ့)၊ ကူးသွားလို့ရှိရင် မဂ္ဂင် ရှစ်ပါး ဖြစ်တယ် (မှန်ပါ့)၊ မကူးသေးရင် မဂ္ဂင်ငါးပါးပဲရှိနေ တယ်မှတ် (မှန်ပါ့ ဘုရား)၊ မကူးသေးရင် (မဂ္ဂင်ငါးပါး ရှိနေပါတယ်)၊ ကူးသွားရင် (မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်)။

ဒါဖြင့် ခန္ဓာကြီးရှိလျက်နဲ့ ကူးသွားတာလား၊ ခန္ဓာတွေ ပျောက်ပြီးတော့ ကူးသွားတာလားလို့ မေးတော့ ခန္ဓာကတော့ ဘေးကနေကြည့် ရှိတာပဲ (မှန်ပါ့ ဘုရား)၊ သဘောကျ ပလား (ကျပါပြီ)၊ ခန္ဓာကတော့ (ရှိပါတယ် ဘုရား)။

ဉာဏ်ကကူးသွားတာ

ကိုယ့်ခန္ဓာကတော့ ဘေးကနေကြည့် ရှိနေတာပဲ ရှိပင် ရှိသော်လည်း ဉာဏ်က ကူးသွားတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)၊ ဘယ်လိုမှတ်ကြမယ် (ဉာဏ်က ကူးသွားတာပါ ဘုရား)၊ ဉာဏ်က ကူးသွားလို့ သေသေချာချာ မှတ်ပါ။

အခုတရားဟာ ဒကာ ဒကာမတို့ နာရီသုံးမတ် လောက်သာ ရှိသွားသေးတယ်၊ ဒကာသစ် လိုရင်းက ဒီနှစ်လုံး တည်းသာ ပြောနေတာ (မှန်လှပါဘုရား)၊ ဘယ်နှစ်လုံး ပြောနေတာပါလိမ့် (နှစ်လုံးတည်းပြောနေတာပါ ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ ဩော် သူများ ပြောသံကြားတွေကို မယုံကြည်ပါနဲ့နော် (မှန်ပါ့ ဘုရား)၊ နိဗ္ဗာန်ဆိုတာအဝေးကြီးက၊ လွယ်လွယ်နဲ့ရတာ မဟုတ်ဘူးက၊ ဒီလိုမဆိုလိုက်ပါနဲ့နော် (မှန်ပါ့)၊ သခ်ၤတဒုက္ခသာ ခင်ဗျားတို့က ဖြစ်ပျက်တွေကိုသာ ခပ်များများ ရှုပေးပါ၊ ဒကာ ဒကာမ တို့နော် (မှန်ပါ့ဘုရား)။

ဘာကို ဖြိုင်ဖြိုင်ကြည့်ရမလဲ (သခ်ၤတဒုက္ခပါ)၊ သခ်ၤတဒုက္ခကိုသာ ဖြိုင်ဖြိုင်ကြည့်ပေးပါ၊ သခ်ၤတဖြိုင်ဖြိုင် ကြည့်ပေးလို့ရှိရင် ဒီဉာဏ်သည် သခ်ၤတကျော်ပြီး သကာလ အသခ်ၤတသုခဆိုတဲ့ နိဗ္ဗာန်ဘက် ကူးမလား, မကူးဘူးလား (ကူးပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝေးကြီးလား၊ အနီး ကလေးလားဆိုတော့ အို သခ်ၤတ မဆုံးလို့ အသခ်ၤတ မတွေ့သေးတာ (မှန်လှပါ ဘုရား)၊ သဘောကျပလား (ကျပါပြီ ဘုရား)၊ အသခ်ၤတမြင်တာ အပါးမဝသေးလို့ (ဝါ) အကြိမ် မများသေးလို့ အသခ်ၤတဘက် မကူးတာ (မှန်လှ ပါ ဘုရား)၊ နို့မို့ရင် ဒီဉာဏ်ကူးပါတယ် (မှန်လှပါ ဘုရား)၊ သဘောပါပလား (ပါ, ပါပြီ ဘုရား)။

ဖြစ်ပျက်ကိုသာ ဉာဏ်နဲ့တက်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်လိုချင်ရင် ဘာကိုမဲပြီး ရှုရမလဲဆိုတာကော အဖြေထွက်ပလား (ထွက်ပါပြီ ဘုရား)၊ ဘာကို မဲရှုရမလဲ (သခ်ၤတဒုက္ခကို မဲရှုရပါမယ် ဘုရား)။

ဩော် သခ်ၤတ ဒုက္ခဆိုတာ ဘုန်းကြီးပြောနေကျ။ ဒကာ ဒကာမတွေ နားရည်ဝလို့ သိနေကြပြီ ဖြစ်တဲ့ ဖြစ်ပျက်ပါပဲ (မှန်ပါ့ဘုရား)၊ ရှင်းပြီနော် (မှန်ပါဘုရား)၊ အဲဒီ ဖြစ်ပျက်ကိုသာ ဦးခင်မောင်တို့က ဉာဏ်နဲ့တက်ပါ (မှန်ပါ့ ဘုရား)၊ ငါ နိဗ္ဗာန်လိုချင်တယ်လို့ မလာနဲ့ (မှန်လှပါ)၊ အားလုံး တရားတစ်ပွဲလုံး ဆုံးဖြတ်ချက် ချပေးလိုက်ပါတယ်၊ ဒကာ ဒကာမတို့၊ ငါ နိဗ္ဗာန်လိုချင်တဲ့ စိတ်ကိုမလာစေနဲ့ (မှန်ပါ့)၊

သန်တကိုသာ ရှုပေး (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)၊ ဘာကိုရှုရမလဲ (သန်တကိုသာ ရှုပေး ရပါမယ် ဘုရား)။

သန်တကိုသာ ရှုနေ၊ ရှုလို့ ဒီဉာဏ်ဟာ ရင့်ထက်မက ရင့်လာတယ်ဆိုရင်ဖြင့် ကိုမြရွှေ ဘယ်ကူးမယ် ထင်သတုံး (အသန်တဘက် ကူးပါမယ် ဘုရား)၊ ခင်ဗျားတို့က ကူးခိုင်းလို့ ကူးတာလား၊ သူ့ဟာသူ ဉာဏ်ရင့်လို့ ကူးတာလား (သူ့ဟာသူဉာဏ်ရင့်လို့ ကူးတာပါ ဘုရား)၊ သဘောပါပြီ။ (ပါ, ပါပြီ ဘုရား)။

ဒါပြောရလို့ ကျေနပ်သွားပြီ

ဒီတစ်လုံးပြောရတာနဲ့ ဘုန်းကြီးက အားလုံး တရားပွဲ တစ်ပွဲလုံးရှိ ဆွေမျိုးဉာတကာ၊ မိဘတွေလို ဘဝက မတော်ဖူးတာ မရှိတဲ့ ပုဂ္ဂိုလ်တွေကို ဒီဉစ္စာကလေး နှစ်လုံး ပြောရတာကို အတော်ကျေနပ်သွားပြီ (မှန်လှပါ ဘုရား)၊ ဘာပြုလို့ မှ ဒီလောက် ကျေနပ်ရသတုံးလို့ မေးတဲ့ အခါကျတော့ ကိုမြရွှေ ဒီကနေပြီး ဒီကူးတယ် ဆိုတဲ့ဉစ္စာဟာ နိဗ္ဗာန်သွားလမ်းက ဒါပဲ ရှိတာပဲ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (နိဗ္ဗာန်သွားလမ်းက ဒီလမ်း ပဲရှိပါတယ်)၊ သန်တနဲ့ အသန်တ နိဗ္ဗာန်ရှိတာပဲ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)၊

ဒါကြောင့် ဘုရားက သန်တ ဓမ္မာဆိုတာ ဒီဘက်မှာကွ (မှန်ပါ့)၊ သဘောပါပြီလား (ပါ, ပါပြီ)၊ အသန်တဓမ္မာ ဆိုတာ ဒီဘက်မှာကွ (မှန်ပါ့)၊ တရားနှစ်မျိုးပဲရှိတယ်ကွ၊ ဓမ္မသင်္ဃီမှာ ဟောထားတယ် (မှန်လှပါဘုရား)၊ သဘောကျပလား (ကျပါပြီ)၊ ဒီဘက်ကဘာတုံး (သန်တဓမ္မပါ)၊ သန်တာ ဓမ္မာ၊ ဒီဘက် ကဘာတုံး (အသန်တဓမ္မပါ ဘုရား)။

အသန်တဟာ နိဗ္ဗာန်ပဲဗျ (မှန်ပါ)၊ ဒီဘက်က သန်တ တွေဟာ ရှုကြည့်နိုင်မှ ပေါ်တဲ့ ဖြစ်ပျက်တွေကိုးဗျ (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)၊ ဒါဖြင့် ခင်ဗျားတို့ ဉာဏ်သည်ရှေးဦးစွာ ပေါ်တဲ့ အလှည့်က (ဖြစ်ပျက် မြင်ရမယ်)၊ သဘောပါပလား (ပါ, ပါတယ် ဘုရား)။

နိဗ္ဗာန်ဆိုတာ ရှိနှင့်နေတာလား

ကောင်းပြီ၊ ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့ ရှိနေတာလား၊ သူကရှိပြီး သကာလ ဒီဘက်က အသန်တ စောင့်နေတာလား၊ အင်း သူက ရှိနှင့်နေတာလား၊ အင်း သူကပဲ အတိတ် သဘောနဲ့ ရှိနှင့်နေတာလား၊ ဘယ်လို တုံး၊ ပစ္စုပ္ပန်သဘောနဲ့ ယခု ရှိနှင့်နေတာလား၊ မေးဖို့မလိုဘူး

လား (လိုပါတယ် ဘုရား)၊ အတိတ်သဘောနဲ့ ရှိနှင့်နေတာလား၊ ပစ္စုပ္ပန်သဘောနဲ့ ယခုရှိနေတာလား၊ ဟာ နောက်ကျမှ အနာဂတ် ကျမှပေါ်မှာလား သုံးချက်မေးရမယ်။ ခင်ဗျားတို့ကို ဟုတ်လား (မှန်ပါ)။

နိဗ္ဗာန်သည်ယခုရှိဆဲလား

နိဗ္ဗာန်သည် အတိတ်က ရှိသလားလို့ မေးလို့ရှိရင် ဦးခင်မောင်တို့ မရှိဘူး ပြောနော် (မှန်ပါ)၊ သဘောကျ သလား (ကျပါပြီ)၊ ပစ္စုပ္ပန် ယခုရှိသလား မေးရင်လဲ (မရှိပါ ဘုရား)၊ မရှိဘူး၊ အနာဂတ်မှာ ရှိနေသလားလို့ မေးရင် (မရှိပါ ဘုရား)၊ မရှိဘူး ဒကာ ဒကာမတို့၊ အဲဒီတော့ ဒီလိုရှိတဲ့ တရား မဟုတ်ပါဘူး ဒကာ ဒကာမတို့ (မှန်လှ ပါ ဘုရား)။

ဒါဖြင့် ဘယ်လိုရှိတဲ့ တရားလည်းဆိုလို့မေးရင်ဖြင့်တဲ့၊ မိလိန္ဒမင်းကြီး ထည့်ပေးကြစို့ ဦးခင်မောင် နော် (မှန်လှပါ)၊ မိလိန္ဒမင်းကြီးက နိဗ္ဗာန်ဆိုတာ ဒီလိုလား၊ အတိတ် က ရှိပြီးသားလား ဘုရား၊ ယခုပစ္စုပ္ပန် ရှိဆဲလားဘုရား၊ နောက်မှ ပဲရှိလတ္တံ့သော တရားမျိုးလားဘုရား ဆိုတော့ ဒကာကြီး ဒီလိုမဟုတ်ဘူး ဖြေတာပဲ (မှန်လှပါ ဘုရား)။

ဝါးစိမ်းနှစ်လုံး

ဒီလိုမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ ဒီ ဝါးစိမ်း ၂လုံး၊ ဒီဘက်က ဝါးစိမ်းလည်း တစ်တောင် လောက်ဖြတ် ဒကာသစ်ရေနော် (မှန်ပါ)၊ ဒီဘက်က ဝါးစိမ်းလည်း တစ်တောင်လောက် ဖြတ်ပြီး ဝါး ၂,လုံးကို ပွတ်ပါ၊ ဘယ်ဝါးလုံးမှ နဂိုတုန်းက မပွတ်ခင်တုန်းက ပူတတ်တဲ့မီးစ မပါဘူး၊ သူတို့မှာ ဘာမှ မရှိဘူး (မှန်ပါ ဘုရား)၊ သူတို့မှာ ပါရဲ့လား (မပါ, ပါ ဘုရား)၊ မပါဘူးဆိုတာ သေချာပလား (သေချာပါ တယ် ဘုရား)။

မလျှော့တမ်းပွတ်ပေးစမ်းပါ

သို့သော် ခင်ဗျားတို့က မလျှော့တမ်း ပွတ်ပေးစမ်းပါ၊ မီးထွက်မလာဘူးလား (လာပါတယ် ဘုရား)၊ ဒီမီးဟာ ဝါးထဲမှာပါတာလား၊ အခုမှ အလုပ် လုပ်လို့ပေါ်လာတာလား (အခုမှလုပ်လို့ ပေါ်လာ တာပါ)၊ အဲ ခင်ဗျားတို့ဟာတဲ့ အလုပ်, လုပ်တဲ့ပုဂ္ဂိုလ်မှ သန်တပေါ်လာတာ၊ အလုပ်, မလုပ်တဲ့ ပုဂ္ဂိုလ်မှာ မပေါ်ဘူး၊ အလုပ်, လုပ်တဲ့ ပုဂ္ဂိုလ်မှာ သန်တ သိတဲ့ဥာဏ် (ပေါ်လာပါတယ် ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာရုံ နဲ့မကျေနပ်ဘဲနဲ့ ဘုန်းကြီးက နားလည်အောင်လည်း ပြောမယ်။

လုပ်နည်းကိုလည်းပြောမှာ ကေန်မှတ်ပြီး သကာလ သြော် ဝါးလုံးပွတ်တာကို ဆရာဘုန်းကြီးကရော မိလိန္ဒမင်းကြီးကမေးလို့ ရှင်နာဂသိန်က ဖြေနည်းရော၊ ဝါးလုံး သူ့ဟာသူသာ ချထား၊ အေးနေတာပဲ၊ ဘယ်နည်းနဲမှ ဦးခင်မောင် အပူဓာတ်လာမှာမဟုတ်ဘူး၊ လာပါ့မလား (မလာပါဘုရား)။

မီးထွက်တဲ့အလုပ်က ဝါးအလုပ်

အဲ ဦးခင်မောင် တစ်လုံးအောက်ကထား၊ တစ်လုံးကိုအပေါ်ကထားပြီး ပွတ်စမ်းဗျာ၊ ဘာဖြစ်လာမလဲ (ပူလာပါလိမ့်မယ်)၊ ဒကာ ဒကာမတွေ ပူလာလိမ့်မယ် ဆိုတာ သေချာပလား (သေချာပါပြီ)၊ ကဲ ဒကာ ဒကာမတွေ အလုပ်က ဘာပါလိမ့် (ပွတ်တဲ့အလုပ်ပါ)။ မီးထွက်တဲ့အလုပ်က ဘာပါလိမ့် (ဝါးအလုပ်ပါ)၊ ဒါကြောင့် ခင်ဗျားတို့ဟာလည်း သခ်ၤတ ဒုက္ခတွေသာ ဖြိုင်ဖြိုင်ကြီး ရှုပေးကြပါ၊ အဲဒီလို ရှုပေးရင် ဝိပဿနာဉာဏ် ရင့်ရင့်လာမယ်၊ ဝိပဿနာ ဉာဏ်ရင့်ရင့်လာတာကို ဘာဆိုကြ မလဲ (ပူလာတာပါ)၊ မီးထွက်တော့မလို့ ပူတာနဲ့ မတူဘူးလား (တူပါတယ် ဘုရား)။

ကိုင်း ဒါဖြင့် တတ်နိုင်သမျှ ဦးခင်မောင်ကဖြစ်စေ၊ ကိုမြရွှေကဖြစ်စေ၊ ဒကာသစ်ကဖြစ်စေ၊ တတ်နိုင်သလောက် တိုက်လိုက်တော့ မီးထတောက်တဲ့ အခြေအနေရောက်တော့ တစ်ခါတည်း မီးတွေထ,တောက်တာပဲ (မှန်လှပါ ဘုရား)၊ မတောက်ဘဲနေပါ့မလား (တောက်ပါတယ်)၊ ကိုင်းနဂိုကဝါးထဲမှာ မီးပါလို့လားတဲ့၊ လုပ်သော ပုဂ္ဂိုလ်၏ လုံ့လ ပယောဂ ထက်သန်မှုကြောင့်လား (လုပ်သော ပုဂ္ဂိုလ်၏ လုံ့လ ပယောဂ ထက်သန်မှုကြောင့်ပါ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ပွတ်ပါများလို့ ပူပြီးမီးထွက်

ဒါဖြင့် ဝါးထဲမှာ မီးမပါ၊ ပွတ်ပါများလို့ပူ၊ ပူဖန်များလို့ မီးဖြစ်၊ ဒီအတိုင်းမနေဘူးလား (နေပါတယ်ဘုရား)၊ ဒီမှာလည်း ခင်ဗျားတို့ သခ်ၤတ တရားကို ဒီဉာဏ်ကလေးနဲ့ အမြဲတမ်းသာရှု၊ ရှုတာနဲ့ ပူလာတာနဲ့ အတူတူပဲ၊ မီးထွက်တော့ မလို့ဆိုတာ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

ကဲ ဒါဖြင့် ရှုနိုင်သရွေ့ရှုလိုက်ပြီဆိုမှဖြင့် ဘုန်းကြီး တို့ ဒကာ ဒကာမတွေမှာ ဟောဒီတရားဟာ ဝိပဿနာမဂ်က လောကုတ္တရာမဂ်ဖြစ်ပြီး သကာလ တစ်ခါတည်း မီးထတောက် တာနဲ့ ဦးခင်မောင် အတူတူ ဖြစ်တယ် (မှန်လှပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊

ဒါဖြင့် ဒကာ ဒကာမတို့ ဆုတောင်း အလုပ်လားတဲ့၊ သန်တ တရားကို ရှုကြည့်ရမည့် အလုပ်လားတဲ့ (သန်တ တရားကို ရှုကြည့်ရမည့် အလုပ် ပါ ဘုရား)၊ သန်တ တရား ရှုလိုက်လို့ရှိရင် မီးဟာ ပူထွက်လာတာပဲ (မှန်ပါ့ ဘုရား)။

မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်

အသန်တဘက် ကူးတော့မယ်ဆိုရင် မီးတွေ တောက် လာတယ် (မှန်လှပါ ဘုရား)၊ အသန်တဘက် ကူးတော့ – မယ်ဆိုရင် (မီးတောက်လာပါတယ်)၊ မီးတောက်လာ တယ်ဆိုတာလည်း မိလိန္ဒမင်းကြီးက မေးလို့ ရှင်နာဂသိန် က ဖြေတာပါလားဆိုတာလည်း သေသေချာချာ မှတ်ကြပါ။ ဒါဟာ ပါဠိ အကိုးအကား ရွတ်ပြီး ပြောနေတယ်လို့ ဒီလိုမယူကြနဲ့ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယနေ့ ပြောစရာရှိတဲ့အချက်က ဒီနှစ်လုံးပဲ ပြောစရာရှိနေတော့ တပည့်တော်တို့ နိဗ္ဗာန် ရောက်ချင်တယ်ဘုရား၊ ဘယ့်နှယ်များ လုပ်ရပါမတုံး၊ ကဲ တရားတစ်ပွဲလုံးက မမေးပေဘူးလား (မေးပါတယ် ဘုရား)၊

နိဗ္ဗာန် ရောက်ချင်တယ်ဘုရား တပည့်တော်တို့ အိုရ နာရ သေရ မွေးရ ဆိုတဲ့ ဒုက္ခတွေက တပည့်တော်တို့ ကိုယ်တိုင် မြင်နေရပြီ၊ တပည့်တော်တို့ နိဗ္ဗာန်ရောက်မှ အေးမယ်လို့ ဟောကြတယ်၊ ဟောတဲ့ အတိုင်းပဲ နိဗ္ဗာန်ရောက်မှပဲ နေရာကျမှာပဲ၊ တပည့်တော်တို့ နိဗ္ဗာန် ရောက်ချင်တယ်ဘုရာ့ ဆိုလ ိုပ့ုရှိရင်ဖြင့် နိဗ္ဗာန်ဟာ ဒကာ ဒကာမတို့ ဘယ်နည်းနဲ့မှ တိုက်ရိုက် မရောက်နိုင်ဘူး (မှန်ပါ)။

သန်တဘက်ကို ဉာဏ်လှည့်ပြီးမှ အသန်တဘက်ကို ဉာဏ်ရောက်မှာပဲ (မှန်လှပါ)၊ သဘောကျပလား (ကျပါပြီ)၊ ဒီဉာဏ်သည် ရှေးဦးစွာ ဘယ်လှည့်ရမလဲ (သန်တဘက်လှည့်ရပါမယ်) သန်တဘက်ကို လှည့်လို့ ရင့်သန်တော့မှ ဘယ်လှည့်ရမလဲ (အသန်တဘက်ကို လှည့်ပါမယ် ဘုရား)။

ကဲ ဒါဖြင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာ

“ပရိပက္ကာ ကမေနေဝံ

ပရိဘာဝိတ ဘာဝနာ၊

ပရိစ္စဇန္တိ သခ်ါရေ၊

ပက္ခန္ဒန္တိ အသခ်ံတေ။

နာမရူပ ပရိစ္ဆေဒကျမ်း (ဂါထာအမှတ် ၁၅၅)

ပရိပက္ကာ ကမေနေဝံ၊ မင်း အခုအတိုင်း ရင့်ကျက် အောင် လုပ်စမ်းပါတဲ့၊ ပရိဘာဝိတ ဘာဝနာ၊ ပွားတာဟာ သိမ်းပြီတဲ့၊ သန်တ တရားဖြစ်ပျက်ကို ရှုသာနေတဲ့ ဒကာ ဒကာမတို့ ပွားသာ နေတဲ့၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)၊ ဖြစ်ပျက်တွေ ဘာလုပ်နေမယ် (ပွားနေရုပါမယ် ဘုရား)၊ ပွားနေ ပါတဲ့ ပရိပက္ခာ ကမေနေဝံ၊ သူဟာ ရင့်ကျက်လာပါလိမ့် မယ်တဲ့ (မှန်လှပါ)။

ပရိဘာဝိတ ဘာဝနာ၊ နောက်ကျတော့ ဘာဖြစ်သတုံး ဘုရားတဲ့၊ ဒါတွေ ရင့်ကျက်လာတယ် (မှန်ပါ)၊ ပရိစ္ဆေန္တိ သန်ါရေ၊ ဟောဒီ သန်ါရတွေကို ဟောဒီဉာဏ်က စွန့်လိမ့် မယ်ကွ တဲ့၊ မခင်တွယ် တော့ဘူး (မှန်လှပါ)၊ ဒီသန်တဒုက္ခ တွေကို (စွန့်မယ်)၊ စွန့်သွားမယ် (မှန်ပါ့)၊ စွန့်သွားတော့ ပက္ခန္ဒန္တိ အသန်တေ၊ ဒီဘက်ကူးလာလိမ့်မယ်ကွတဲ့ (မှန်လှပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

သူ့ဟာသူအသန်တဘက်ကူးသွားတယ်

သန်တဒုက္ခစွန့်ပြီး ဘယ်ဘက်ကို ကူးမလဲ (အသန်တဘက်ကူးပါမယ်)၊ ဟော ခင်ဗျားတို့ ရှုနေတဲ့ ဉာဏ်ဟာ ပထမ ဒီဘက်ကိုလှည့်နေတယ်၊ မဂ္ဂင်သည် ပထမတော့ သန်တဒုက္ခ ဖြစ်ပျက် ဘက် မလှည့်ဘူးလား (လှည့် ပါတယ်)၊ ရင့်ကျက်လာတော့ အသန်တဘက် သူ့ဟာသူ လှည့်သွား တယ် (မှန်လှပါ)၊ ခင်ဗျားတို့က ဆုတောင်းရ တာလား၊ သူ့ဟာသူ လှည့်တာလား (သူ့ဟာသူ လှည့် သွားတာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်က ဘာလုပ်ပါလိမ့်မတုံးလို့ ဘုန်းကြီးကမေးတော့ ခင်ဗျားတို့ အလုပ်ဟာ သန်တဒုက္ခဘက် လှည့်ဖို့က ခင်ဗျားတို့တာဝန် (မှန်လှပါ)၊ နိဗ္ဗာန်ဘက်လှည့် ဖို့ အလုပ်က မင်၏ တာဝန် (မှန်လှပါ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊

ခင်ဗျားတို့အလုပ်က ဘာတုံး (သန်တ ဒုက္ခဘက်လှည့်ဖို့ပါ)၊ သန်တဒုက္ခအလုပ်ကိုပဲ ရှေးဦးစွာ မဂ္ဂင် ငါးပါးနဲ့ လှည့်နေဖို့လိုတယ် (မှန်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊ နောက်ကျတော့ မင်က ကျုပ်ကို နိဗ္ဗာန်ပို့ပေးပါလို့ ဆိုရမှာလား၊ သူ့ဟာသူ နိဗ္ဗာန်ဆီလှည့်သွားတာလား (သူ့ဟာသူ နိဗ္ဗာန်ဆီ လှည့်သွားတာပါ ဘုရား)၊ ဒါဖြင့် ခင်ဗျား တို့ ဉာဏ်က နိဗ္ဗာန်ဘက်လှည့်သွားတာပဲ (မှန်လှပါ ဘုရား)၊ ရှင်းပလား (ရှင်းပါပြီ)၊

ဒါဖြင့် ဦးခင်မောင် နိဗ္ဗာန် ရောက်ချင်လို့ရှိရင်ဖြင့် ဉာဏ်ကို ရှေးဦးစွာ ဘယ်ဘက်လှည့် ရမယ် (သန်တဘက် လှည့်ရပါမယ် ဘုရား)။

သန်တဒုက္ခဘက်ဉာဏ်လှည့်ထားပါ

အဲ သန်တဒုက္ခဘက် လှည့်ပြီး သကာလ ဒကာ ဒကာမတွေလှည့်ထားပါတဲ့၊ ဩော် သန်တဒုက္ခ၊ ဩော် သန်တဒုက္ခပဲ၊ ဖြစ်ပျက်ပဲ၊ ဖြစ်ပျက်ပဲလို့ သိနေတာဟာ ဖြစ်ပျက်ပဲ၊ ဖြစ်ပျက်ပဲလို့သာ ဒကာ ဒကာမတွေက သိနေစမ်းပါ၊ ထိုကဲ့သို့ သိနေတော့ ဟောဒီဥစ္စာ ရင့်ကျက်မလား၊ မရင့်ကျက်ဘူးလား (ရင့်ကျက်ပါမယ် ဘုရား)၊ ဉာဏ်လေ (မှန်ပါ့ ဘုရား)။

နိဗ္ဗာန်သည်ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့တရား

အဲ ရင့်ကျက်လာတဲ့အခါကျတော့ သူသည် သန်တဘက်ကနေပြီးတော့ ဘယ်ဘက် ကူးမယ် ထင်သတုံး (အသန်တဘက် ကူးပါမယ်)၊ ခင်ဗျားတို့က အကူးခိုင်းလို့ ကူးတာလား၊ ရင့်လို့သူ့ဟာသူ ကူးတာလား (ရင့်လို့ သူ့ဟာသူ ကူးတာပါ ဘုရား)၊

ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့တရားသည် ဒကာ ဒကာမတို့ ကိုယ်ကအပို့ခိုင်းလို့ ရောက်တဲ့တရားလား၊ ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့တရားလား (ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့တရားပါ ဘုရား)။

အေး ဒီတရားဟာ ဒကာ ဒကာမတို့ ဒီကနေ့ တရားဟာ သိပ်ပြီးတော့ မများဘဲနဲ့ ဩော် လိုရင်း ဒါပါ ကလားဆိုတာ ပေါ်လာတယ် (မှန်ပါ)၊ မပေါ်ကြဘူးလား (ပေါ်လာပါတယ်ဘုရား)၊ လိုရင်း ကဖြင့် ဒါပဲဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတွေ၏ အလုပ်က ဘာအလုပ်ပါလိမ့် (သန်တရှုဖို့ ပါ ဘုရား)။

ဆုတောင်းလို့ရင့်လာတာလား

ဟော သန်တဘက် ဒီဉာဏ်လှည့်ပေး (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)၊ ခင်ဗျားတို့ အလုပ်က ဘာပါလိမ့် (သန်တဘက်ဉာဏ်လှည့်ရပါမယ်)၊ သန်တ ဘက်ဉာဏ်လှည့်ပေး၊ ရင့်လာလိမ့်မယ်တဲ့၊ လှည့်ဖန်များတော့ ဖြစ်ပျက်တွေ မြင်လာလိမ့်မယ်၊ ဖြစ်ပျက်တွေ ဒုက္ခသစ္စာ လှည့်ပေး၊ ရင့်လာလိမ့်မယ် (မှန်ပါ ဘုရား)၊ ခင်ဗျားတို့ ဆုတောင်းလို့ ရင့်လာတာလား၊ မြင်ဖန်များလို့ ရင့်တာလား (မြင်ဖန်များလို့ ရင့်တာပါ ဘုရား)။

ကဲ ရင့်ထက်မက ရင့်တဲ့အဆုံးကျတော့ ခင်ဗျားတို့ ရှုနေတဲ့ဉာဏ် ဘယ်ဘက်လှည့်မတုံး (အသန်တဘက် လှည့်ပါမယ် ဘုရား)၊ ကဲ ခင်ဗျားတို့ ဆုတောင်းကြောင့် လှည့်တာလား၊ ရင့်လို့ လှည့်သွားတာလား (ရင့်လို့ လှည့်သွားတာပါ ဘုရား)၊ ဒါဖြင့် ကိုရွှေမြ သော် မီးထွက် လာတာ ပူလို့ မီးထွက်လာတယ် (မှန်လှပါ ဘုရား)၊ ဘယ့်နှယ်ဆိုကြမယ် (ပူလို့မီးထွက်တာပါ ဘုရား)။

မီးထွက်လောက်အောင် ပူလို့ (မှန်ပါ့ ဘုရား)၊ မီးထွက်လောက်အောင် မပူသေးလို့ရှိရင် မီးကို မတောက်သေးဘူး (မှန်ပါ)၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)၊ ဒါဖြင့် မီးထွက် လောက်အောင်ပူရင် ဘာဖြစ်မယ် ထင်သတုံး (မီးထွက် ပါတယ်)။

မဂ္ဂင် (၅) ပါးက (၈) ပါးဖြစ်တယ်

အဲ ထို့နည်းအတူပဲ၊ ခင်ဗျားတို့ အလုပ်က မီးပွတ်နေဖို့ အလုပ်ပါ (မှန်ပါ့)၊ ဒါဖြစ်ပျက်ရှုနေဖို့ အလုပ်ပါ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)၊ မီးထွက်လောက်အောင် ပူလာပြီ၊ မီးထွက်လောက်အောင် ရင့်လာပြီ ဆိုလို့ ရှိရင်ဖြင့် ဒီဉာဏ်သည် မဂ္ဂင်ငါးပါးက ရှစ်ပါး မဖြစ်ပါနဲ့ဆိုလို့ ရပါ့မလား (မရပါ ဘုရား)၊ မီးထွက်လာတာပဲ၊ မီးထွက် လာတာနဲ့ တစ်ပြိုင်နက် အသစ်တဘက် မလှည့်ပေဘူးလား (လှည့်ပါတယ် ဘုရား)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့ အလုပ်လုပ်နေတုန်းက သစ်တ ဘက်ချည်း လှည့်တယ်လို့မှတ်ပါ (မှန်ပါ့)၊ မဂ္ဂင် ငါးပါးက သူတို့ အားပြည့်လာတဲ့ အခါကျလို့ ရှိရင်ဖြင့်တဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်ရော၊ တစ်ခါတည်း အသစ်တဘက် လှည့်သွားတယ် ဆိုတဲ့ ဥစ္စာ သေသေချာချာ မိလိန္ဒပဉ္ဉာမှာလည်း လာတယ်၊ ပြီးတော့ အဂ္ဂိတ္တိရ်မှာလည်း လာတယ် (မှန်ပါ့ ဘုရား)။

အနိစ္စတွေဘက်လှည့်ရမယ်

ဒကာ ဒကာမတို့ သစ်တ တရား၏ဖြစ်စဉ်နဲ့ အသစ်တ တရား၏ဖြစ်စဉ်ဆိုတာ အဂ္ဂိတ္တိရ်မှာလည်း သေသေချာချာ လာသောကြောင့် ဒကာ ဒကာမတို့၏ တာဝန်သည် ရှေးဦးစွာ ဘယ်ဘက် လှည့်ရမလဲ (သစ်တဘက်လှည့်ရပါမယ်) ဒီဘက်က ဒကာတွေ ဘယ်ဘက် လှည့်ကြမယ် (သစ်တ ဘက်လှည့်ပါမယ် ဘုရား)၊ သစ်တ တရားဆိုတာ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲဖြစ်ပျက်တွေနော် (မှန်ပါ့)၊ အနိစ္စ ကလေးတွေ ဘက်ကိုလှည့်ရမယ် (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတွေ ဘယ်ဘက်လှည့်ရမယ် (အနိစ္စဘက်ကိုလှည့်ရမယ်)၊ ကဲ လှည့်တဲ့ဉာဏ် ရင့်လာတော့ကိုတဲ့ ဒီဉာဏ်တွေ ဘယ်ဘက်လှည့်သွားသလဲ (အသစ်တဘက်လှည့်သွားပါတယ်)၊ ခင်ဗျားတို့က လှည့်ချင် လို့ လှည့်တာလား၊ ဉာဏ်အမြင်ကိုက လှည့်တာလား (ဉာဏ်အမြင်ကိုက လှည့်တာပါ ဘုရား)၊ ခင်ဗျားတို့ လှည့်ထားတာက သစ်တဘက် လှည့်ထားတာ (မှန်ပါ)၊ သဘောကျ ပလား (ကျပါပြီ ဘုရား)။

ခင်ဗျားတို့လှည့်ထားတာက (သန်တဘက် လှည့်ထားတာပါ ဘုရား)၊ သန်တဘက် လှည့်ထားတယ်၊ ရင့်တော့ သူ့ဟာသူ ဘယ်ဘက်လှည့်သတုံး (အသန်တဘက်လှည့် ပါတယ်)၊ အသန်တ နိဗ္ဗာန်ဘက် မလှည့်ဘူးလား (လှည့် ပါတယ် ဘုရား)။

ဉာဏ်ကသူ့သဘောနဲ့သူလှည့်တာ

အဲ အသန်တဘက် နိဗ္ဗာန်ဘက် လှည့်သွားတယ် ဆိုတော့ သော် ဉာဏ်သည်ကားလို့ဆိုရင် ဘယ်သူမှ စိုးပိုင် မှုမရှိပါကလား၊ သူ့သဘောနဲ့ သူလှည့်တာပါကလားဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်)၊ ဦးခင်မောင် ပေါ်ပလား (ပေါ်ပါပြီ ဘုရား)၊ ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ဖြင့် သန်တ အသန်တ ကူးဖို့ နားလည်ပလား (နားလည်ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ဘက်မှာ ဉာဏ်နဲ့ ကြိုးစားခဲ့လို့ ရှိရင် ဖြစ်ပျက် မရှိတဲ့ဘက် ကူးလိမ့်မယ် (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)၊ မကြိုးစားတဲ့ ပုဂ္ဂိုလ်ဟာ (မကူးပါ)၊ မကူးပါဘူး ဆိုတာကော သေချာပလား (သေချာပါပြီ ဘုရား)။

ပွတ်တဲ့ပုဂ္ဂိုလ်၏လုံ့လကြောင့်

ဒါဖြင့် ခုနင်က ဝါးနှစ်လုံးထဲမှာ ဒကာ ဒကာမတို့သိတဲ့ အတိုင်း ဘယ်အလုံးထဲမှ မီးမပါဘူး (မပါ,ပါ ဘုရား)၊ ပွတ်တဲ့ ပုဂ္ဂိုလ်၏ လုံ့လကြောင့် ငါးနှစ်လုံး ပူမပူ (ပူပါတယ် ဘုရား)၊ မီးမထွက်ခင် ပူတဲ့အပူသည် သန်တဘက်လှည့်တဲ့ ဉာဏ်နဲ့ တူပါတယ် (မှန်ပါ့ ဘုရား)၊ မီးထွက်အောင် ပူလာတဲ့ အပူသည်ကားလို့ဆိုရင် နိဗ္ဗာန်ဘက် လှည့်တဲ့ ဉာဏ်နဲ့ တူပါတယ် (မှန်ပါ့)၊ သဘောပါပလား (ပါ, ပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အလုပ် လုပ်တတ်ပလား (လုပ်တတ်ပါပြီ)၊ ဒီအထဲ ဘာဂဏန်းပဲ ပေါ်နေနေ သန်တဘက် လှည့်နေတာသာမှတ် (မှန်ပါ့)၊ ဒီကြားထဲက ဖြစ်ပျက်မြင်လည်း ဥဒယဗ္ဗယ ဉာဏ်က သန်တဘက်လှည့်တာ ပဲ၊ ဘင်္ဂ, မြင်လည်း သန်တဘက် လှည့်တာပဲ၊ ဘယ, မြင်ကော (သန်တ ဘက်လှည့်တာပဲ)။

သန်တသာစိုက်ရှုပါ

အာဒီနဝ, မြင်ရင်ကော (သန်တဘက်လှည့် တာပဲ)၊ အင်း နာမရူပ ပရိစ္ဆေဒကျမ်းကတော့ ရှေးဦးစွာ ကွာ သန်တဘက်လှည့်နေတာ၊ တော်တော်ကြာ အသန် တဘက် ဒီဉာဏ် ကူးသွားမှာပါပဲ ဆိုတာ အင်မတန်ရှင်းရှင်း လင်းလင်းပြသောကြောင့် အင်္ဂုတ္တိရိကလည်း ရှင်းရှင်းလင်းလင်း

ပြသောကြောင့် ခင်ဗျားတို့ ဉာဏ်စဉ်တွေကို မလိုချင်လဲ နေပါတော့၊ သခ်ၤတသာ စိုက်ရှုပါ (မှန်လှပါဘုရား)၊ သဘောပါ ကြလား (ပါ, ပါပြီ ဘုရား)။

သခ်ၤတသာ စိုက်ကြည့်လိုက်လို့ရှိရင် သခ်ၤတသိတဲ့ ဉာဏ်ရင့်မှ ကိုမြရွှေ ဘယ်ဘက်လှည့်မယ် (အသခ်ၤတ ဘက် လှည့်ပါမယ်)၊ ခင်ဗျားတို့က လှည့်ချင်လို့ လှည့်တာလား၊ ဉာဏ်ရင့်လို့ လှည့်သွားတာလား (ဉာဏ်ရင့်လို့ လှည့်သွားတာပါ ဘုရား)။

ဒါဖြင့် မီးထွက်လောက်အောင် ပူလို့မီးဖြစ်တာပေါ့ (မှန်ပါ့ ဘုရား)၊ မီးက ထွက်လောက်အောင် မပူလို့ (မီးမထွက်ပါ)၊ မီးက ထွက်လောက်အောင် မပူရင် (မီး မထွက်ပါ ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ အလုပ်သည်ကားလို့ဆိုရင် ဒကာ ဒကာတို့ မီးထွက်အောင် ပူအောင်လုပ်ဖို့ပဲ (မှန်ပါဘုရား)၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။

အသခ်ၤတကူးနိုင်ရင်နိဗ္ဗာန်ရမယ်

မီးထွက်လောက်အောင် ပူအောင်လုပ်လို့ရှိရင် မီးဖြစ်ပါစေလို့ ဆုတောင်းရမှာလား (မတောင်းရပါဘုရား)၊ သူ့ဟာသူ မီးထွက်လာမယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)၊ ဒါကြောင့် ဒကာ ဒကာမတို့ သခ်ၤတက အသခ်ၤတကူးအောင် လုပ်နိုင်လို့ရှိရင် ဒီဘဝ နိဗ္ဗာန်ရတာပဲဆို တာဒါပါပဲ (မှန်ပါ)၊ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ကဲ နာရီစေ့ပြီ၊ ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု သာဓု သာဓု။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားသော တရားတော်

သုညတတရားနာရမှ သုညတနိဗ္ဗာန်ရောက်မည်တရားတော်

(၁၁-၉-၆၁)

သုညတတရားနာရမှ အဖိုးတန်မယ်

အားလုံး ဒကာဒကာမတွေ သုညတ တရားနာရမှ အဖိုးတန်မယ်လို့ဆိုတာ မှတ်ထားကြပါ (မှန်ပါ့)။

ဘာတရားနာရမလဲ (သုညတတရား နာရပါမယ်) သုညတတရား နာရမှ သုညတနိဗ္ဗာန် ရောက်မယ် (မှန်ပါ့)။ သုညတတရားနာရမှ (သုညတနိဗ္ဗာန် ရောက်မှာပါ ဘုရား)။

ဩော် ဒါဖြင့် သုညတဟာ တော်တော် အရေးကြီးတဲ့ တရားပါကလားဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ မှတ်ထားဖို့ပါပဲ (မှန်ပါ့)။

ကိုင်း ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုက မောဃရာဇ ရဟန်းကို ဟောထား လိုက်တာ "ဟေ မင်း မသေရာသွားချင်လို့ရှိရင် သုညတဆိုက်အောင် လုပ်စမ်းပါကွာ" တဲ့ (မှန်ပါ့) မအိုရာ၊ မနာရာ၊ မသေရာ သွားချင်လို့ ရှိရင်ဖြင့် သုညတဆိုက်အောင် လုပ်ပါလို့ သေသေချာချာ ဟောထားတယ် (မှန်ပါ)။

အဲဒီ မောဃရာဇရဟန်းဆိုတာလဲ တခြားသော ရဟန်း မဟုတ်ပါဘူး ဒကာ ဒကာမတို့၊ ခေါင်းပါးတဲ့အကျင့်ကျင့်တဲ့နေရာ မှာ ဇာတဒဂ်ရတဲ့ ရဟန်းပါပဲ (မှန်ပါ့ ဘုရား)။

သူက ဘယ်လို လျှောက်သတုံးဆိုတော့ "တပည့်တော်သည် နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို သွားချင်ပါတယ်၊ ရောက်ချင်ပါတယ်၊ ရချင်ပါတယ်ဘုရား"လို့

လျှောက်တဲ့အခါကျတော့မှ ဘုရားက ဒကာ ဒကာမတွေ တခြား တရားအများလိုက်မနေပါနဲ့၊ သုညတတရားကို မင်းမြင်အောင် ရှု နိုင်လို့ရှိရင် သုညတနိဗ္ဗာန်ကူးပါလိမ့်မယ်တဲ့ (မှန်ပါ့ ဘုရား)။

ဩော် သုညတမြင်လို့ ရှိရင်ဖြင့် သုညတနိဗ္ဗာန် ကူးလိမ့် မယ်ဆိုတာ သေသေချာချာ မှတ်ရ တော့မယ် (မှန်ပါ့ ဘုရား)။

သုညတလောကဆိုတာပြောစမ်းပါ

သုညတဆိုက်ရင် (သုညတနိဗ္ဗာန်ကူးရမှာပါ ဘုရား) အဲဒီ တော့ ဒါကလေးအသာထားပြီး အရှင်အာနန္ဒာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ဘယ်ဟာမဆို လျှောက်ထားရဲတဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဖြစ်နေတော့ "သုညတလောကဆိုတာပြောစမ်းပါ၊ ဘုရားတပည့်တော်များ အင်မတန် သိချင်ပါတယ်" လို့လျှောက်တဲ့အခါကျတော့။

"သုညာလောကော သုညာလောကောတိ

ဘန္တေဝုစ္စတိ၊ ကိတ္တာဝတာနုခေါ လောကေ

ဘန္တေ သုညာလောကောတိ ဝုစ္စတိ။

သုညလောက သုညလောကဆိုတာ တယ်ပြောကြတယ် ဘုရား အဲဒီ သုညလောကကို တပည့်တော်အား ရှင်းပေးစမ်းပါ ဘုရားဆိုတော့မှ

ကိတ္တာဝတာနုခေါ သုညာလောကောတိ ဝုစ္စတိ၊

ယသာစခေါ အာနန္ဒ သုညမေတံ အတ္တနဝါ အတ္တနိယေနဝါ။

ငါ – ငါ့စ္စာဆိတ်သုဉ်းအောင် ကြည့်ပေး

တစ်ခုသော တရားမြင်တဲ့အခါ ငါ – ငါ့စ္စာဆိတ်သုဉ်းအောင် ကြည့်ပေးကွာတဲ့ (မှန်ပါ့ ဘုရား)။

တစ်ခုသော တရားမြင်လိုက်ရလို့ ရှိရင် ဘယ်လိုကြည့်ကြရမယ် (ငါ – ငါ့စ္စာ ဆိတ်သုဉ်းအောင် ကြည့်ကြရပါမယ် ဘုရား)။ – ငါ-ငါ့စ္စာ ဆိတ်သုဉ်းအောင် ကြည့်ပေးစမ်းပါ ကွာလို့ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ် ဆိုတာရှင်အာနန္ဒာလျှောက်လို့ ဟောတယ်နော် (မှန်ပါ့ ဘုရား) ပြီးတော့မှ ဘုရားက ဘယ်ဟာ ကြည့်ရမှာတုံးဆိုတော့

"ကိုဠ သုည အတ္တနဝါ အတ္တနိယေနဝါ၊ စက္ခု သုည အတ္တနဝါ အတ္ထနိယေနဝါ"။

မျက်လုံးထဲက မြင်ရုပ်ကလေးကို "ဩော် ငါ- ငါ့စ္စာ မဟုတ်ဘူး" လို့ မြင်အောင်ကြည့်ရမယ် (မှန်ပါ့ ဘုရား)။

“ရူပါသုညာအတ္တာနဝါ အတ္တာနိယေနဝါ” လို့ တစ်ခါဟောပြန် တော့လဲ” သူ မြင်တဲ့ အဆင်းကလေးလဲ ငါ – ငါ့ဥစ္စာ မဟုတ်ဘူး” လို့ မြင်အောင် မင်းတို့ ကြည့်စမ်းပါ (မှန်ပါ့ ဘုရား)။

“စက္ခုဝိညာဏံ” ဆိုတော့ ဒကာ ဒကာမတို့ မျက်လုံးရယ်၊ အဆင်းရယ် ပေါင်းမိတဲ့အခါ စက္ခုဝိညာဏံ ကလေးဟာ မြင်စိတ် ကလေးပေါ်ပါတယ် (ပေါ်ပါတယ်) “အဲဒီ မြင်စိတ်ကလေးလဲ ငါ-ငါ့ဥစ္စာ မဖြစ်အောင်ကြည့်စမ်းပါကွာ” တဲ့ (မှန်ပါ့ ဘုရား)။

“စက္ခုသမ္ဖဿာ သုညော အတ္တာနဝါ အတ္တာနိယေနဝါ” ဖဿကလေးများ ပေါ်လာလို့ ရှိရင်ကွာ “စက္ခသမ္ဖဿပေါ်လာရင် ငါ-ငါ့ဥစ္စာ မဟုတ်အောင်ကြည့်ပေးစမ်းပါ” တဲ့ (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

“ယမိဒံ ဥပ္ပဇ္ဇတိ သုခံဝါ ဒုက္ခဝါ အဒုက္ခမသုခံဝါ” သော် ဒီလို အကြောင်းရင်းခံပြီး သကာလ မျက်လုံးနဲ့ မြင်လိုက်ပြီ ဆိုမှဖြင့် ကွာတဲ့ ၊ ချမ်းသာတာလဲ ပေါ်တတ်တယ်၊ ဆင်းရဲတာလဲ ပေါ်တတ်ပါတယ်၊ ဆင်းရဲတာလဲ ပေါ်တတ်ပါတယ်၊ အလတ်စား ဥပေက္ခာ ဝေဒနာလဲ ပေါ်တတ်ပါတယ်၊ “အဲဒီဝေဒနာသုံးမျိုးပေါ် ရာကိုလဲ “အတ္တာနဝါ အတ္တာနိယေနဝါ” ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်း အောင်ရှုစမ်းပါ” (မှန်ပါ ဘုရား)။

ဤကဲ့သို့ ရှုလိုက်လို့ရှိရင်ဖြင့်တဲ့ ဒကာဒကာမတို့ “၎ဝံ မစ္ဆုတရော သိယာ” ၎ဝံ–ဤသို့ မင်းရှုခဲ့သည်ရှိသော်၊ မစ္ဆုတရော= သေမင်းနိုင်ငံမှ လွန်မြောက်နိုင်သည်၊ သိယာ–ဖြစ်ရာ၏ (မှန်ပါ့ ဘုရား)။

၎ဝံ လောကံ အဝေက္ခန္တ၊ စက္ခုလောက၊ ရူပလောက၊ မြင်တတ် တဲ့ စက္ခုဝိညာဏ်လောက၊ ဖဿလောက၊ ဝေဒနာသုံးပါးလောက၊ အဲဒီ လောကသုံးပါးကို လွန်မြောက်လို့ ရှိရင်ဖြင့်၊ လောကံ= လောကသုံးပါးကို၊ အဝေက္ခန္တီ=စေ့စေ့ငုငု ကြည့်ရှုသောပုဂ္ဂိုလ်ကို၊ မစ္ဆုရာဇာ-သေမင်းသည်၊ နပဿတိ=မင်းကို မမြင်တော့ဘူးတဲ့ (မှန်ပါ့ ဘုရား)။

ဒီသုညတွေသာ မင်းထင်အောင် ရှုနိုင်လို့ ရှိရင် သုညတနိဗ္ဗာန် မင်းကူးသွားတဲ့အတွက် သေမင်း မမြင်နိုင်ဘူးကွတဲ့ (မှန်ပါ့ ဘုရား)။

ယနေ့ သုညတတရားဟောလိမ့်မယ်

ဒီလို ဟောထားတာကို ဒကာ ဒကာမတွေက သေသေချာချာ သိတော့မှ ဩော် နို့ ဒီဥစ္စာ တိုတိုနဲ့ မိတဲ့ တရားပါကလား ဆိုပြီး ဘုန်းကြီး ယနေ့ သုညတတရားဟောလိမ့်မယ်လို့ ဒကာ ဒကာမ တွေ မှတ်ထားစမ်းပါ (မှန်ပါ့ ဘုရား)။

ဘာဟောမှာပါလိမ့် (သုညတတရား ဟောမှာပါ) ဒါဖြင့် ဒီသုညတရားကို ဆရာဘုန်းကြီးက ဒီနေ့ ဘာဖြစ်လို့ ဒီဒကာ ဒကာမတွေ ဟောချင်ရတာတုံးလို့ မေးတဲ့အခါကျတော့မှ ဒီသုညတတရားကွယ်လို့ရှိရင် သုညတတရားဟာက ဒကာ ဒကာမတို့ ကွယ်မည့်တရားတဲ့ (မှန်ပါ့) သုညတတရားက လူတိုင်း နားမထောင်နိုင်ဘူး (မှန်ပါ့ ဘုရား)။

အဲဒီ သုညတတရားကွယ်လို့ရှိရင်လဲ သုညတနိဗ္ဗာန်ကွယ်မှာပဲ (မှန်ပါ့ ဘုရား)။ –

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာ အင်း ဒို့ သုညတတရားမှ သုညတနိဗ္ဗာန်ကို ရောက်မှာကိုး (မှန်ပါ့) သူကလဲ ကွယ်မည့် တရားတဲ့ (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ ယနေ့ဟောမည့် တရားဟာ သုညတတရား၊ သူက ကွယ်မည့်တရားတဲ့ (မှန်ပါ့) ကွယ်တာမှ မပြောပါနဲ့တော့တဲ့ ဒကာ ဒကာမတို့၊ အခု သာသနာတွင်းကလေးတောင်မှ ကွယ်ချင်ချင်ဆိုတာ မှတ်ပါ (မှန်ပါ့ ဘုရား)။

သာသနာတွင်းကလေးတောင်မှ ဘာတုံး (ကွယ်ချင်ချင်ပါ) ကွယ်ချင်ချင်ပဲတဲ့၊ ရုပ်တွေ၊ နာမ်တွေ၊ ဒါတွေ ငါ-ငါ့စ္စာ မဟုတ်တဲ့ ရုပ်တွေ နာမ်တွေ ဝေဒနာတွေ ဖဿတွေ ဒါတွေ လျှောက်ပြောနေလို့ ရှိရင်ဖြင့် ကျုပ်တို့ မနာတတ်ပါဘူးတဲ့ (မှန်ပါ့ ဘုရား)။

အင်း ဘာတရားမို့ မနာတတ်ပါလိမ့်မတုံး ဒကာသစ်ရေ (သုညတတရားမို့ မနာတတ်ပါ) ငါ၊ ငါ့စ္စာမှ မဟုတ်တော့ဘဲ ကိုးဗျ (မှန်ပါ့) အင်း ရုပ်ပဲ၊ ဝေဒနာပဲ၊ သညာပဲ ဖြစ်ပြီး ပျက်တာပဲလို့ ဟောနေတဲ့အခါကျလို့ရှိရင် ဦးမာဒင်ရေ၊ နာချင်တဲ့ ပုဂ္ဂိုလ်က ရှားတယ် (ရှားပါတယ်) မရှားပေဘူးလား (ရှားပါတယ် ဘုရား)။

သုညတတရား မနာနိုင်လို့ ရှိရင်

ကဲ ရှားလို့ရှိရင်ဖြင့် သုညတတရား မနာနိုင်လို့ ရှိရင် သုညတနိဗ္ဗာန် ဘယ့်နယ့်လုပ်ကူးကြမလဲ (မကူးနိုင်ပါ) မကူး နိုင်ဘူးဆိုတာ သဘောကျပလား (ကျပါပြီ) ဒါဖြင့် ကွယ်မည့်တရား ဖော်တာပဲ (မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကြမယ် (ကွယ်မည့်တရား ဖော်တာပါ ဘုရား) ဒါကြောင့် ကြိုးစားပြီး လာကြတဲ့ ဒကာ ဒကာမတွေ သော် ငါတို့ ဒီနေ့ဆရာဘုန်းကြီးက ဘာများ ထူးထူးလည်လည် ဆုကြီးလာဘ်ကြီးကို ပေးပါလိမ့်မတုံးဆိုတော့ ကွယ်မည့်တရားကို ခင်ဗျားတို့ သန္တာန်မှာ မကွယ်အောင်လုပ်လို့ ရှိရင်ဖြင့် နိဗ္ဗာန်လဲ ခင်ဗျားတို့ ရမှာပဲ (မှန်ပါ့ ဘုရား)။

ကွယ်မည့်တရားကို မကွယ်အောင် ရှုနိုင်ကြလို့ ရှိရင် (နိဗ္ဗာန်ရမှာပါ) နိဗ္ဗာန်ရမယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ကြပါ (မှန်ပါ့ ဘုရား)။ ဒါဖြင့် သုညတတရားကိုမှ မနာရတော့ဘူးဆိုလို့ ရှိရင် သုညတ နိဗ္ဗာန်ဆိုတဲ့ ဥစ္စာ ဘယ့်နှယ်လုပ် ကူးသန်းပြီး သကာလ သွားမတုံး လို့ မေးလို့ ရှိရင်ဖြင့် ဩော် အကြောင်းမှ မပါဘဲနဲ့ အကျိုး နိဗ္ဗာန်ရဖို့ အတော်ခဲယဉ်းပါတယ် (မှန်ပါ့ ဘုရား)။

အေး ဒါကြောင့် ခန္ဓာ၊ အာယတန၊ ဓာတ်တို့နဲ့ စပ်တဲ့ တရားဟူသရွေ့ဦးမာဒင် မှတ်လိုက်စမ်း သုညတတရား (မှန်ပါ့ ဘုရား)။

ခန္ဓာအာယကနဓာတ်တို့ကို ဟောနေရင် (သုညတတရားပါ ဘုရား) ခန္ဓာဟောလိုက်လဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဆိတ်သုဉ်းတယ်(မှန်ပါ့) အာယတန ဟောလိုက်ပြန်လဲ (ပုဂ္ဂိုလ်၊ သတ္တဝါ ဆိတ်သုဉ်းပါတယ် ဘုရား) သစ္စာတွေ ဟောလိုက်ပြန်လဲ (ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းပါတယ် ဘုရား)။

အဲဒီမှာ ဘုရားကတော့ မှာခဲ့တယ်၊ အဂ်ုတ္တိရ်ပါဠိတော်မှာ၊ "မင်း သုညတတရားကြိုးစားပြီး ဟောရစ်ပါကွာ" တဲ့၊ ငါ ဘုရားမရှိသည့်နောက် သုညတတရားကို နာနိုင်တဲ့ပုဂ္ဂိုလ်လဲ မရှိဘူး ဟောနိုင်တဲ့ပုဂ္ဂိုလ်လဲမရှိဘူး၊ ဟောပြန် ဟောပြန်လို့ ရှိရင်လဲတဲ့ အပြစ်တောင်ဆိုကြလိမ့်ဦးမယ်တဲ့ (မှန်ပါ့) သေသေချာချာ မှာတာ (မှန်ပါ့)။

အဲဒါကိုဖြင့် မင်းတို့ ငါ၏တပည့်သား ရင်းရင်းချာချာဖြစ်ခဲ့လို့ ရှိရင်ဖြင့် တဲ့၊ သုညတတရား ဟောပြီး သကာလ သုညတ နိဗ္ဗာန်ပို့ရစ်ပါဆိုတဲ့ဥစ္စာလဲ အဂ်ုတ္တိရ်ပါဠိတော် အနာဂတံသသုတ် မှာ သေသေချာချာ ဟောတယ် (မှန်ပါ့)အနာဂတံသသုတ်မှာ သေသေချာချာ အနာဂါတ်ဘေးရန်တွေလို့ ဦးမာဒင် ဆိုပါတယ် (မှန်လှပါ ဘုရား)။

အနာဂါတ်မှာ သုညတတရား ဟောလို့ရှိရင် ဘယ်သူမှ မနာ ချင်ဘူးတဲ့၊ မနာချင်တဲ့ ပုဂ္ဂိုလ်များပြီး အပြစ်တောင် ပြောသေး သတဲ့ (မှန်လှပါ) အဲဒီ အပြစ်ပြော တာကိုလဲ မင်းတို့ သည် တဲ့ တိုက်ဖျက်ရစ်ပါဆိုတာကိုလဲ မှာပါတယ် (မှန်လှပါ)။

ဒီတရား ကွယ်ရင်လဲ နိဗ္ဗာန်ကွယ်တော့မယ်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီတရား ကွယ်ရင်လဲ နိဗ္ဗာန်ကွယ်တော့မယ် (မှန်ပါ့)။

သုညတတရား ကွယ်ရင်လဲ (နိဗ္ဗာန်ကွယ်တော့မှာပါ ဘုရား) နိဗ္ဗာန်ကွယ်တော့ အပါယ်လေးပါး သုံးဆယ့်တစ်ဘုံကြီး က ထွန်းကားလာမှာပေါ့ (မှန်ပါ့) အိုဘေး၊ နာဘေး၊ သေဘေးတွေ နဲ့ ကျုပ်တို့ နယ်လှည့်ပြီး နေရုံပေါ့ (မှန်လှပါ ဘုရား)။

ဒါကြောင့် ယနေ့ ဟောမည့်တရား ဘာတရားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒကာသစ်ရေ သုညတတရား ဟောလိမ့်မယ် (မှန်ပါ) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် မောဃရာဇရဟန်းကလဲ မူတည်၊ ရှင်အာနန္ဒာကလဲ သုညတဆိုတာ ဘယ်ဟာတုံးဘုရာ့ သုညလောကဆိုတာ ဘယ်ဟာတုံးဘုရာ့ လို့ မေးလျှောက်တော့ ခု နင်က ပြောခဲ့တဲ့အတိုင်း ဒကာ ဒကာမတို့ သန္တာန်မှာ ရုပ်ပေါ် လာလို့ရှိရင်လဲ သုညတမှတ်ပါ၊ (မှန်ပါ့) ဝေဒနာပေါ်လာရင်လဲ (သုညတမှတ်ပါ ဘုရား) သညာပေါ်လာရင်ကော (သုညတ မှတ်ပါ ဘုရား) အဲ သုညတချည့်မှတ် တဲ့ (မှန်ပါ့) စိတ်ကလေး ပေါ်လာရင်ကော (သုညတပါ ဘုရား)။

ငါ့-ငါ့စ္စာ ဆိတ်သုဉ်းသွားတယ်

ဩော် ဘယ့်နှယ်ကြောင့် သုညတမှတ်ရပါလိမ့်မတုံးဆို အို ရုပ်ကပေါ်လာတာပဲ၊ ရုပ်ပျက်သွားတာပဲ၊ ငါ့-ငါ့စ္စာ မဟုတ်ဘူးဆိုတော့ ငါ-ငါ့စ္စာမရှိဘူးလို့ ဆိတ်သုဉ်းသွားတာသည် ဒကာ ဒကာမတို့ ဝမ်းထဲမှာ ဒါရုပ်ပဲလို့ သိလိုက်လို့ရှိရင် ငါ့-ငါ့စ္စာ ဆိတ်သုဉ်းသွားတယ် (မှန်ပါ့)။

ဒါကလေးဟာ ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားကလေးပဲလို့ သိလိုက်ပြန်တော့လဲ ဝမ်းထဲမှာ ဘာဆိတ်သုဉ်းသွားသတုံး (ငါ – ငါ့စ္စာဆိတ်သုဉ်းသွားပါတယ်) ငါ-ငါ့စ္စာ ဆိတ်သုဉ်းသွားတယ် (မှန်ပါ့) ကိုင်း ဒါဖြင့် ဒီအတိုင်းပြောနေတော့ အဖြေတွေ မှားနေကြရော့မယ်၊ ဒကာ ဒကာမတို့ ပုံစံနဲ့ ချပြတော့မှ သုညတ ရှင်းပါလိမ့်မယ် (မှန်လှပါ)။

ပုံစံနဲ့ပြလိုက်ရင် (သုညတရှင်းပါလိမ့်မယ် ဘုရား)သုညတ ရှင်းတော့ ဒကာ ဒကာမတို့ သန္တာန်၌ ဒကာ ဒကာမတို့ ဥပမာ – သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာ သုံးမျိုးဟာ လှည့်ပြီး ဒကာ ဒကာမတို့ အာရုံတိုက်သလို မပေါ်ဘူးလား ဗျာ (ပေါ်ပါတယ် ဘုရား)။

ဒီဘက်က ဘာတုံးမေးတော့ သုခဝေဒနာ (မှန်ပါ့ ဘုရား) ဒါ အာရုံဒွါရတိုက်လို့ ပေါ် ပြန်တော့ ဒီဘက်က ဘာဆိုကြမယ် (ဒုက္ခဝေဒနာပါဘုရား) ဒါ အာရုံဒွါရတိုက်လို့ ပေါ် ပြန်ရင်ကော (ဥပေက္ခာဝေဒနာပါ ဘုရား)။

ဩော် ယားတယ်၊ ဒကာ ဒကာမတို့ နာတယ်၊ ကိုက်တယ်၊ ခဲတယ် ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါ ဘုရား) အင်း ဒုက္ခဝေဒနာဆိုသဖြင့် တဲ့ ဒုက္ခဝေဒနာလို့ ဒကာ ဒကာမတွေ က သိလိုက်တယ် (မှန်ပါ့) ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာမှန်း သိလိုက်တော့ကို ဒကာ ဒကာမတို့ ငါ-ငါနာတာဆိုတာ ရှိသေးရဲ့ လား (မရှိပါ ဘုရား) ငါ့အသားကလေးက နာနေတယ်လို့ ကော (မရှိပါ ဘုရား)။

ငါ-နာတာလဲ မရှိဘူး၊ ငါ့ဥစ္စာအသားကလေးက နာနေတာလို့ကော (မရှိပါ ဘုရား)။

ဩော် ဒါဖြင့် ဝေဒနာ ဝေဒနာမှန်းသိလိုက်၊ ဝေဒနာ ပျက်တာကို ဝေဒနာပျက်မှန်း သိလိုက်ဆို တော့ မဂ္ဂင်ကလေး ဝင်လာလိုက်ရင်ပဲ ဒကာ ဒကာမတို့ အရင်တုန်းကတော့ ငါနာတယ် ဆိုတော့ ဒိဋ္ဌဖြစ်တယ် (မှန်ပါ့)။

ငါနာတယ်ဆိုတော့ ဘာဖြစ်သွားသတုံး (ဒိဋ္ဌဖြစ်သွားပါ တယ် ဘုရား) ဒိဋ္ဌဖြစ်သွားတယ်နော် (မှန်ပါ့) အဲ – ဒါဖြင့် ဒိဋ္ဌဖြစ်သွားတော့ ဒိဋ္ဌနောက်ကနေပြီးသကာလ ဒိဋ္ဌုပါဒါန်ဖြစ် တယ် (မှန်ပါ့) မဖြစ်ပေဘူးလား (ဖြစ်ပါတယ် ဘုရား) တော်တော်ကြာကျတော့ ဒိဋ္ဌအုပ်ချုပ်တဲ့ကံကော (ဖြစ်ပါတယ် ဘုရား)။

ဟော ဦးမာဒင်ရေ ဒိဋ္ဌတဏှာရယ်၊ ဒိဋ္ဌုပါဒါန် ရယ်၊ ဒိဋ္ဌ အုပ်ချုပ်တဲ့ကံရယ်၊ ပဋိစ္စသမုပ္ပါဒ် ဆက်သွားတယ် (ဆက်ပါတယ် ဘုရား) ဒါ – ငါနာတယ်ယူလိုက်တာ (မှန်ပါ့)။

ဝေဒနာ ငါဖြစ်သွားတဲ့အတွက် ဒကာ ဒကာမတို့ ငါဆိုတာက ဒိဋ္ဌ (မှန်ပါ့) ဒိဋ္ဌလာလို့ရှိရင် ဒိဋ္ဌုပါ ဒါန်က နေရစ်ပါ့မလား (မနေရစ်ပါ ဘုရား) ဒိဋ္ဌအုပ်ချုပ်တဲ့ကံကော (မနေရစ် ပါ ဘုရား) မနေရစ်တော့ ဩော် အနာဂတ် အကြောင်းသုံးခု ဖြစ်လာတယ် (မှန်ပါ့)။

အနာဂတ်အကြောင်းသုံးခုပေါ်လာတယ်

ဘယ်လိုမှတ်ကြမယ် (အနာဂတ်အကြောင်းသုံးခု ပေါ် လာပါတယ် ဘုရား)။

အနာဂတ်အကြောင်းသုံးခု ပေါ်လာတာကို ထောက်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဘယ့်နှယ် ကြောင့်တုံးဆိုတော့ အို ငါ-ငါ့ဥစ္စာဆိုတဲ့ဟာကို သုညတဖြစ်အောင် ကိုယ်က မလုပ်တတ် လို့ပေါ့ဗျာ (မှန်ပါ့) သုညတဖြစ်အောင် မိမိက မလုပ်တတ်တဲ့ အတွက် ဒကာ ဒကာမတို့ ငါ-ဆိုတဲ့ ဒိဋ္ဌဝမ်းထဲမှာ ပေါ် ပြီ (မှန်ပါ့ ဘုရား) ဒိဋ္ဌုပါဒါန်ဆိုတဲ့ ငါ့ဥစ္စာဆိုတဲ့ စွဲလမ်းမှုကော (ပေါ်ပါ တယ် ဘုရား) ဟာ ဒါဖြင့် ဒိဋ္ဌအုပ်ချုပ်တဲ့ ကံတွေကလဲ ငါလုပ် ခံနိုင်ရိုးလားဆိုတဲ့ ကာယကံ၊ ဝစီကံတွေကော (လာပါတယ် ဘုရား)။

အင်း ဒါဘယ့်နှယ်ကြောင့် ပေါ်လာပါလိမ့်မတုံးဆိုတော့ သုညတမဖြစ်လို့ (မှန်ပါ့) ဘယ်လို မှတ်ကြမယ် (သုံညတ မဖြစ်လို့ပါ ဘုရား)။

ဒါကလေးဟာ ငါ-ငါ့ဥစ္စာမဟုတ်ဘူးဆိုတဲ့ ဉာဏ်ကလေး မဝင်နိုင်တာနဲ့ ပဋိစ္စသမုပ္ပါဒ် တန်းတယ် (မှန်ပါ့)။

ဒါလွတ်လို့ ဖြင့် အားလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့ ဝိပဿနာလွတ်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဦးမာဒင်ရေ ပဋိစ္စသမုပ္ပါဒ်တန်းဖို့ သာ မှတ်ပေတော့ (မှန်ပါ့)။

ဝိပဿနာလွတ်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း (ပဋိစ္စ သမုပ္ပါဒ်တန်းပါတယ် ဘုရား) ဒကာသစ် ကြောက်စရာကြီးပါလား (ကြောက်စရာကြီးပါဘုရား) ဦးလှဘူးရေ ကြောက်စရာ ကြီးနော် (ကြောက်စရာကြီးပါ ဘုရား)။

ခင်ဗျားတို့ သာမည အသိနဲ့သိတော့ ကျုပ်ဖြင့် အမြင်လွဲသွားပြီဗျာ (မှန်ပါ့ ဘုရား) အမြင်လွဲသွားပြီ ဆိုတော့ ဦးမာဒင်တို့က သာမည မှတ်နေတယ် (မှန်ပါ့) အမြင်လွဲသွား တာဒီဋ္ဌဖြစ်တယ် (မှန်ပါ့) ဒီဋ္ဌဖြစ်တော့ ဒီဋ္ဌက သူတစ်ခုတည်း နေသလားဆိုတော့ ဒကာ ဒကာမတို့ ဒီဋ္ဌတဏှာက တဏှာပစ္စယာ ဥပါဒါန်၊ ဒီဋ္ဌုပါဒါန်မလာဘူးလား (လာပါတယ်) ဥပါဒါန်လာ လို့ရှိရင် ဥပါဒါန ပစ္စယာကမ္မဘဝေါဆိုတော့ ဒီဋ္ဌအုပ်ချုပ်တဲ့ ကံလာ ဖြစ်တယ် (မှန်ပါ့) မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)ဒါဖြင့်အနာဂတ် အကြောင်းသုံးခု ဘယ့်နှယ်တုံး (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် အနာဂတ်အကျိုး သုံးခုလဲ မလာပါနဲ့ ဆိုလို့ ဇာတိ၊ ဇရာ၊ မရဏ မလာပါနဲ့ ဆိုတော့ ဒကာ ဒကာမတို့ ရပါ့မလား (မရပါ) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

သုညတမဆိုက်လို့ရှိရင်

ဒါဖြင့် တိုတိုမှတ်ကြပါ ဒကာ ဒကာမတွေ သုညတ မဆိုက်လို့ ရှိရင် သမုဒယသစ္စာသုံးခုနဲ့ ဒုက္ခသစ္စာ သုံးခုပေါ်တယ် (မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကြမယ် (သမုဒယသစ္စာသုံးခုနဲ့ ဒုက္ခသစ္စာသုံးခု ပေါ်ပါတယ် ဘုရား)။

ဒါ ဒကာ ဒကာမတို့ ခင်ဗျားတို့ အမြင်လဲ ပြတယ်၊ အမှန်လဲ ဟုတ်ပါတယ် (မှန်ပါ့) အမြင်လဲ ဒီအတိုင်းပဲ (မှန်ပါ့) ဝမ်းထဲ ဖြစ် တာကော (ဒီအတိုင်းပါ ဘုရား)။

ဩော် ဒါဖြင့် သုညတကင်းလိုက်ရင်ဖြင့် ဒကာ ဒကာမတို့ သံသရာတွင်းဆင်းပြီ (မှန်ပါ့) သုညတကင်းလိုက်ရင် (သံသရာ တွင်း ဆင်းပါတယ် ဘုရား)။ (ဒါဖြင့် ဒီတရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ငါမရှိသည့်နောက်ကွာ တဲ့၊ ဒီသုညတတရား ဟောပြန်လို့ ရှိရင်လဲ မည်သူမှလဲ မနာတတ်ဘူး၊ ဟောတဲ့ပုဂ္ဂိုလ်ပဲ အပြစ်ဆိုကြ ပါလိမ့်ဦးမယ် (မှန်ပါ့) – ဒီတရားကွယ်လို့ ရှိရင်လဲ မင်းတို့ သာသနာကွယ်ပေါ့လို့ အော်မေ့တဲ့ (မှန်ပါ့) ဆိုတော့ ဒီတရားသည် အားလုံး

ဦးလှဘူးတို့နဲ့တကွ အားလုံး ဦးမာဒင်တို့၊ ဒကာသစ်တို့ မည်မျှလောက် အရေးကြီးတယ် ဆိုတာလဲ ကိုယ်တော်မြတ်ကြီး အနာဂတံသဉာဏ်နဲ့ မှာပစ်ခဲ့တယ် (မှန်ပါ့)။

ကဲ ခင်ဗျားတို့ လက်တွင်း ရောက်လို့ရှိရင်ဖြင့် သော် ဒို့မှာ နိဗ္ဗာန်ရောက်ကြောင်းကလေး ဒို့မှာ ရှိသေးပါလား သုညတ နာနိုင်လို့ (မှန်ပါ့) ဒီသုညတမှ မနာနိုင်တဲ့ ပုဂ္ဂိုလ် တွေဟူသရွေ့ ဟာဖြင့် ဒီပဋိစ္စသမုပ္ပါဒ် အတိုင်း သွားလေရော့ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

သြော် ဒါဖြင့် ဒို့ဒီနေ့သည်ကားလို့ဆိုရင် ခဲခဲ ယဉ်းယဉ်း လာကြရတယ်၊ လာကျိုးနပ်အောင်လို့ ဆရာဘုန်းကြီးကလဲ အရေး တကြီး တရားကိုဖြင့် ပြောပြီ၊ ဆုံးမပြီ၊ သွန်သင်ပြီဆိုတာ ဒကာသစ် သေသေချာချာ လေးလေးနက်နက်မှတ်ပါ (မှန်ပါ့) လေးလေး နက်နက် မှတ်ကြပါ ဒကာ ဒကာမတို့ ဒီဟာမလွယ်ကူဘူး (မှန်ပါ့ ဘုရား)။

သုညတကွယ်ရင် နိဗ္ဗာန်ကွယ်တယ်

ကိုင်း ဒကာ ဒကာမတို့ သုညတကွယ်ရင် နိဗ္ဗာန်ကွယ် တယ် (မှန်ပါ့ ဘုရား)။

သုညတကွယ်ရင် (နိဗ္ဗာန်ကွယ်ပါတယ်) သြော် ဒါဖြင့် ဒို့ အခု လူနည်းစုအဖြစ်နဲ့ တရားနာပြီး သကာလ နေကြ တယ်၊ အချို့မိုးသံ-လေသံကြောင့် မလာနိုင်ကြငြားသော်လဲ သုညတကွယ်လို့ ရှိရင် နိဗ္ဗာန်ကွယ်တယ်ဆိုတဲ့ ဥစ္စာ သူ့ခမျာများ မသိရဘူး (မှန်ပါ့) ခင်ဗျားတို့မှာ ထူးထူးလည်လည် သိရတယ်ဆိုတော့ သုညတမဆိုက်တဲ့ ပုဂ္ဂိုလ်မှာ ဒကာ ဒကာမတို့ ငါ ငါ့ဥစ္စာ လိုက်ပါတယ် (လိုက်ပါတယ် ဘုရား)။

ဝေဒနာကို ငါထင်တယ်၊ ငါ့ဥစ္စာထင်တယ် (မှန်ပါ့ ဘုရား) ထင်တော့ ဒိဋ္ဌတဏှာ မလာဘူးလား (လာပါတယ်) ငါက ဒိဋ္ဌ၊ ငါ့ဥစ္စာက တဏှာကိုးဗျ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီဘက်က ခုနင်က ဒိဋ္ဌ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌအုပ်ချုပ်တဲ့ကံကို ပဋိစ္စသမုပ္ပါဒ်တန်းလိုက်တော့ ဇာတိ၊ ဇရာ၊ မရဏဆိုတာ ဒိဋ္ဌဘက် ကသွားတဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ငါ့ဥစ္စာလို့ ငါ့ဥစ္စာကလေးနာနေတာ ငါ့သားကလေး နာနေ တာဆိုတော့ ငါ့ဥစ္စာနာနေတယ် (မှန်ပါ့) ငါ့သားကလေး နေကောင်းနေတယ်ဆိုတာလဲ သုခဝေဒနာကို ငါ့သား လုပ်ထား တယ် (မှန်ပါ့ ဘုရား)။

ကဲ ဒါဖြင့် အဲဒီကျတော့ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ လာပြန်ပြီ (မှန်ပါ့) ဒါက ငါ့ဥစ္စာကြောင့် လာတဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) ခုနင်က ငါ့ကြောင့်လာတဲ့ (ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား) ငါ့ဥစ္စာကြောင့်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

အဲဒါ ဒကာ ဒကာမ တို့ လေးလေးနက်နက် မှတ်စမ်းပါ၊ သုညတဆိုက်အောင် မကြည့် နိုင်လို့ (မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကြမယ် (သုညတဆိုက်အောင် မကြည့်နိုင်လို့ပါ ဘုရား) သုညတဆိုက်အောင် မကြည့်နိုင်လို့ (မှန်ပါ့ ဘုရား)။

ဦးမာဒင် ဘယ်လောက်အရေးကြီးသတုံး (ကြီးပါတယ်) ကြီး တယ်တဲ့၊ ခင်ဗျားတို့ ကတော့ ငါနဲ့ ငါ့ဥစ္စာမှပဲ ခင်ဗျားတို့မှာဖြင့် ကိုယ့်အရေးကြီးတဲ့ အချက်မှတ်နေတယ် (မှန်ပါ့) ငါက ဒိဋ္ဌ ငါ့ဥစ္စာက တဏှာ (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။ ်း ငါက (ဒိဋ္ဌ) ငါ့ဥစ္စာက (တဏှာပါ) ကဲ- ငါ့ကြောင့် လဲ ပဋိစ္စသမုပ္ပါဒ် တစ်ချက်သွားပြီ (မှန်ပါ့)" ငါ့ဥစ္စာကြောင့် ကော (ပဋိစ္စသမုပ္ပါဒ် တစ်ချက်သွားပါတယ် ဘုရား)။

ခရီးလမ်းကြီး နှစ်ခုပေါ်လာတာ

ကိုင်း ဒါဟာ ဒီပဋိစ္စသမုပ္ပါဒ် နှစ်သံသရာ ခရီးလမ်းကြီး နှစ်ခုပေါ်လာတာဟာ ဦးမာဒင်၊ ဦးလှဘူးတို့ စဉ်းစားပါတဲ့ သုညတ မမြင်လို့ (မှန်ပါ့) ဘယ်လိုဆိုကြပါ့မယ် (သုညတ မမြင်လို့ ပါ ဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဒီပဋိစ္စသမုပ္ပါဒ် ပေါ်လာတယ် ဆိုကတည်းကိုက ခင်ဗျားတို့ သံသရာခရီးလမ်းကြီးကဖြင့် ဒါလဲ မိမိသွားတာပဲ (မှန်ပါ့) ဒီဟာကော (မိမိသွားတာပါ) ဒါကော (မိမိသွားတာပါ) ဒါလဲ မိမိရောက်တာပဲ (မှန်ပါ့ ဘုရား)။

ကဲ ဒကာ ဒကာမတို့ ဒီဥစ္စာ သူများသွားနေတာလား မိမိသွားနေတာလား (မိမိသွားနေတာပါ) သော် ဒီပဋိစ္စသမုပ္ပါဒ်ဟာ မိမိတည်ထောင်တဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) ရှင်း ကြပလား (ရှင်းပါပြီ ဘုရား)။ (သူများတည်ထောင်တာလား မိမိတည်ထောင်တာလား၊ (မိမိတည်ထောင်တာပါ ဘုရား)။ သြော် ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘယ့် နယ်ကြောင့် ဒီပဋိစ္စသမုပ္ပါဒ်နှစ်ခုကို ကိုယ်ဆင်းရဲကြောင်း ပဋိစ္စသမုပ္ပါဒ် နှစ်ခုကို ကိုယ်ကိုယ်တိုင် ပယောဂကြီးနဲ့ လုပ်ပါလိမ့်မလဲ မေးဖို့ အကြောင်း ကြံလာတယ် (ကြံလာပါတယ် ဘုရား)။

ထိုကဲ့သို့ ကြံုလာတာကြံုချင်လို့ ကြံုရတာမဟုတ်ဘူး၊ ခင်ဗျား တို့ သုညတဆိုက်အောင် မကြည့်နိုင်လို့ (မှန်ပါ့) ပေါ်ကြ ပလား (ပေါ်ပါပြီ ဘုရား)။

ဘယ်လိုမှတ်ကြမယ် (သုညတဆိုက်အောင် မကြည့်နိုင် လို့ ပါ ဘုရား)။

သြော် ဒကာသစ်ရေ ဒါဖြင့် ဦးမာဒင် ဆရာကောင်း သမားကောင်း သိပ်လိုတယ် (လိုပါတယ်) လိုပြီ- လိုပြီ ဦးလှဘူးရေ (လိုပါတယ် ဘုရား)။

ကဲ ဒကာ ဒကာမတို့ ဒါ အခု ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြီးသွားပြီလဲ (နှစ်မျိုးပါ) နှစ်မျိုးပြီးသွားပြီ၊ ဒိဋ္ဌကြောင့် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တစ်မျိုး၊ ငါ့ကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် (တစ်မျိုးပါ ဘုရား)၊ ငါ့စ္စာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် (တစ်မျိုးပါ ဘုရား)၊ ပဋိစ္စသမုပ္ပါဒ်တစ်မျိုးလို့ ဆိုတာ ဒကာ ဒကာမတွေ သိထားပြန်တော့ သြော် ငါ့ကြောင့်လဲ အပါယ်သွားတယ် (မှန်ပါ့) ငါ့စ္စာကြောင့်လဲ (အပါယ်သွားပါတယ် ဘုရား)။

အင်း ခင်ဗျားတို့ အိမ်မှာနေတဲ့အခါကျတော့ ငါမရှိရင် ဖြင့်ခက်တော့တာပဲ (မှန်ပါ့) အင်း ငါမရှိလို့ ရှိရင် ခက် တာမဟုတ်ဘူး၊ ငါမရှိရင် နိဗ္ဗာန်ရောက်တယ် (မှန်ပါ့ ဘုရား)။

သို့သော် ခင်ဗျားတို့ ကတော့ ဘာတဲ့ (ငါမရှိရင် ခက်ပါသတဲ့) သုညတ နားမလည်တော့ ဒီဥစ္စာ တကယ်အရေး တကြီးသုံးပါတယ် (သုံးပါတယ် ဘုရား)။

ဒကာ ဒကာမတွေ ဒီစကားလေး တစ်လုံးက နားထောင်စမ်း ပါ (မှန်ပါ့) ဒီစကားလေးတစ်လုံး နားထောင်စမ်းပါ ဦးလှဘူးရေ (မှန်လှပါ ဘုရား)။

ငါမရှိရင် ဒီလိုချည့်ပဲ

ခင်ဗျားတို့ ဒီကနေ ပြန်သွားတဲ့အခါ တစ်ခုခု ချို့ယွင်းနေတဲ့ အခါကျလို့ရှိရင် ငါမရှိရင် ဒီလိုချည့်ပဲ (ပြောပါတယ် ဘုရား)။

ဒါက ဒိဋ္ဌစလိုက်တာ (မှန်ပါ့) ဒိဋ္ဌစလိုက်တော့ ကိုယ်က လဲ သုညတနားမလည်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ အားလုံး ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆက်သွားပြီ (မှန်ပါ့) မသွားပါနဲ့ ဆိုလို့ (မရပါ ဘုရား) မသွားပါနဲ့ဆိုလို့ မရတော့ဘူးဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

အင်း – ငါမရှိတော့ ဘာဖြစ်သတုံး၊ ဟို -ငါ့စ္စာတွေပျောက် ကုန်တာပေါ့ (မှန်ပါ့) ငါ့စ္စာတွေ ပျက်စီးကုန်တာပေါ့ (မှန်ပါ့ ဘုရား)။

အင်း ငါ့ဥစ္စာတွေတဲ့၊ ဒကာ ဒကာမတို့ တဏှာပဋိစ္စ သမုပ္ပါဒ် ဖွင့်ပြန်ပြီ (ဖွင့်ပါတယ် ဘုရား)။

ခုနှစ်တုန်းက ငါ့-ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) ငါ- ပဋိစ္စသမုပ္ပါဒ် ဆိုတော့ ဒိဋ္ဌပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) ရှင်းပလား (ရှင်း ပါပြီ ဘုရား)။

နောက်ကျတော့ ငါမရှိလို့ရှိရင် ငါ့ပစ္စည်းတွေဟာ ကစင့် ကရဲဖြစ်ကုန်တာပဲ၊ ဟာကုန်တာပဲ ငါ့ဥစ္စာတွေ ဟာကုန်ပြီ (မှန်ပါ့) ငါ့ဥစ္စာတွေ ဟာတယ်ဆိုတော့ ဘာပဋိစ္စသမုပ္ပါဒ်တုံး (တဏှာ ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား)။

အင်း -ခင်ဗျားတို့ အိမ်ပြန်မှာကို ဘုန်းကြီးက စိုးရိမ်တယ် (မှန်ပါ့) ဦးမာဒင် အိမ်ပြန်မှာ စိုးရိမ်တယ် (မှန်ပါ့) ဦးလှဘူး မစိုးရိမ်ထိုက်ဘူးလား (စိုးရိမ်ထိုက်ပါတယ် ဘုရား)။

ဟ အိမ်ပြန်တာ ဘုန်းကြီးက ဘာစိုးရိမ်စရာ ရှိသလဲ အို ဒီနှစ်ခုက သွားတော့မလို့ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ခင်ဗျားတို့ ကိုယ့်အိမ်ကိုယ်ပြန်တာကို မသထာလို့ မဟုတ်ပါ ဘူး (မှန်ပါ့) အိမ်ပြန်တာလား၊ အပါယ်ပြန် တာလားဆိုတာ (အပါယ်ပြန်တာပါ ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား) အံမယ်လေး ကြောက်စရာကြီးပါကလား (မှန်လှပါ ဘုရား)။

ဒါက ဘုန်းကြီးက စကားတတ်လို့ ရေရေလည်လည် ပြော တတ်လို့ ဒီအဓိပ္ပါယ် ရောက်သွား တာကိုး လို့ ဒကာသစ်က ဆိုချင်သလား ဖြစ်စဉ်ကိုက်လား (ဖြစ်စဉ်ကိုက်ပါ ဘုရား)။

ဒါ ဘာမှမငြင်းကြနဲ့နော် (မှန်ပါ့) ဖြစ်စဉ်ကိုက်ပါ ဆိုတော့ ဘုန်းကြီးက ဒီဒကာ ဒကာမတွေ မန္တလေးက ဒကာ ဒကာမ တွေလဲ မန္တလေးပြန် အိမ်ရောက်သွားလို့ ရှိရင်ဖြင့် နှလုံး သွင်းမှားမှာတော့ သိပ်စိုးရိမ်ရတယ် (မှန်ပါ ဘုရား)။

ဒိဋ္ဌပဋိစ္စသမုပ္ပါဒ် အရင် စ,လိုက်တယ်

သြော် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြန်လို့ ရှိရင်ဖြင့် ဒီနှစ်လုံးဟာ တစ်လုံးလာရင် နှစ်လုံးလာမှာပဲ (မှန်ပါ့) ငါ မရှိရင်က စ, တယ် (မှန်ပါ့) ငါမရှိရင်က စ,တော့ ဒိဋ္ဌပဋိစ္စသမုပ္ပါဒ် အရင် စ, လိုက်တယ် (စ, ပါတယ် ဘုရား)။

တော်တော်ကြာကျတော့ ငါမရှိရင် ဘာဖြစ်သတုံး မေးကြည့် တဲ့အခါကျတော့ ငါ့ဥစ္စာတွေ ကစင့်ကရဲ ဖြစ်ကုန်တယ်- (မှန်ပါ့)

ဟာ တဏှာပဋိစ္စသမုပ္ပါဒ် စ, ပြန်ပြီ (စ, ပါတယ်) မစ, ဘူးလား (စ, ပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အိမ်ပြန်တာလား ၊ အပါယ်သွား ကြတာလား (အပါယ် သွားကြတာပါ ဘုရား)။ဒါ ဘာနားမလည်လို့ ဒီအဖြစ် ရောက်သွားပါလိမ့် (သုညတ နားမလည်လို့ပါ ဘုရား) အဲ သုညတ အရေးကြီးတာပေါ့ဗျ (မှန်ပါ့ ဘုရား)။

ကဲ ဒကာ ဒကာမတို့ ဘုန်းကြီးက သူက ထုံးလိုမွေ့ ရေ လိုနှောက်ပြီး သကာလ စကားကလဲ တတ်၊ တရားကလဲ တတ်မို့ ဒီလိုပြောတာလို့ ဒကာကြီး ဦးမာဒင်တို့က မဆိုနဲ့ (မဆိုပါ ဘုရား) အမှန်ပါ (မှန်ပါ့) ဒီမှာကြည့်ပါ ဖြစ်စဉ် ကိုက်ပါ (မှန်ပါ့)။

ဒကာ ဒကာမတို့ ဒီအတိုင်းပါပဲ တဲ့၊ အဲဒီတော့ ကိုယ့်အိမ် ကိုယ်ပြန်တာ ဘာအပြစ်ရှိသတုံး လို့ အံမာ -မေးများ ရင် အခက်ကြီး (မှန်ပါ့ ဘုရား)။

ဟ အပြစ်က နည်းတဲ့အပြစ်မှမဟုတ်ဘဲ (မှန်ပါ့) ဒီ သုညတကို နားမလည်ရင် နည်းတဲ့ အပြစ်လား (မနည်းပါ ဘုရား)။

မနည်းဘူးတဲ့ ဒိဋ္ဌ ဒိဋ္ဌပါဒါန် ဒိဋ္ဌအုပ်ချုပ်တဲ့ ကံဆိုတော့ အနာဂတ်အကြောင်း သုံးခု ပေါ်လာတယ် (ပေါ်လာပါတယ် ဘုရား)၊ ပေါ်လာတော့ အနာဂတ် အကျိုးကျတော့တဲ့ ဦးလှဘူး ဖြတ်လို့ ရသေးသလား (မရပါ ဘုရား)။

ငါ့ဥစ္စာဆိုတာက တဏှာ

ကိုင်း ဒါဟာ ငါမရှိရင်ဆိုတဲ့ အဓိပ္ပာယ် (မှန်ပါ့) ငါ့ဥစ္စာတွေ ကစင့်ကရဖြစ်ကုန်ပြီဆိုတော့ ငါ့ဥစ္စာဆိုတာက တဏှာ ကလာတဲ့ ငါ (မှန်ပါ့)။

တဏှာလာတော့ တဏှာချည့်နေသေးရဲ့လား (မနေပါ ဘုရား) တဏှာပစ္စယာ (ဥပါဒါနံပါ) ဥပါဒါနပစ္စယာ (ကမ္မဘဝေါ) ဘမ္မဘဝပစ္စယာ (ဇာတိပါ ဘုရား) အဲ ဇာတိဆိုရင်ပဲ ဇရာမရဏ သွားရုံပဲရှိတယ် (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ ဒီကနေပြီးတော့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်ကြသည့်ဥစ္စာသည် ဘုန်းကြီး က ဟာ တရားချည့် အား ထုတ်နေစေချင်တဲ့ သဘောပဲ ဒါကြောင့် ဒို့ကိုပြောတာပဲလို့ ဒီလိုမဆိုပါနဲ့ (မှန်ပါ့ ဘုရား)။

အားထုတ်စေချင်တာကတော့ဖြင့် မှန်ပါတယ် (မှန်ပါ့) သို့သော် ခင်ဗျားတို့ကလဲ ဒီပဋ္ဌိစ္စသမုပ္ပါဒ်နှစ်ခုကို ခင်ဗျားတို့ က အိမ်ပြန်ပြီး နှုတ်ဆက်ချင်သေးတယ် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဦးလှဘူး ဘာတဲ့တုံး- (လောလောဆယ် နှုတ်ဆက်ချင်ပါတယ် ဘုရား) အရောက်မှာစိုးတယ် (မှန်ပါ့) ဟ ဘယ် တုန်း အရောက်နေ့မှာ ပြောစမ်းပါဦး ကိုယ့်အိမ်ကိုယ့်ယာ တဲ့-၊ ကိုယ့်အိမ် ကိုယ့်ယာလို့ မပြောဘူးလား (ပြောပါတယ် ဘုရား)။

ဒါဖြင့် ဘုရားဟောနဲ့ ကိုက်ပြီး (မှန်ပါ့) "စတ္တာရော အပါယာ သကဂေဟသဒိသာ" တဲ့။ စတ္တာရောအပါယာ အပါယ် လေးဘုံတို့သည်၊ သကဂေဟဒိသာ-မိမိအမြဲနေရာ အိမ်ဂေဟာကြီး နဲ့ တူကုန်၏- တဲ့- (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

အံမာလေး ကြောက်စရာကြီးပါလား ဒကာ ဒကာမတို့ (မှန်ပါ့) ခင်ဗျားတို့ သိတာနဲ့ အခုဘုန်းကြီး သေသေချာချာ ပါဠိတော်တွေ- အဋ္ဌကထာတွေ ကိုးပြီးသကာလ ရှင်းရှင်းလင်း လင်း ပြလိုက်တော့ သုညတမပါဘဲနဲ့ ပြန်ကြတော့မယ် ဆိုလို့ ရှိရင် ဦးလှဘူး တယ်စိုးရိမ်စရာကောင်းတယ် (စိုးရိမ်စရာပါ ဘုရား)။

ကိုယ့်အိမ်ကိုယ်ပြန်တာ ဘာအပြစ်ရှိသတုံး

သူတို့ကတော့ ဆိုလိမ့်မယ်တဲ့၊ ကိုယ့်အိမ်ကိုယ်ပြန်တာ ဘာ အပြစ်ရှိသတုံးလို့ ပြောလိမ့်မယ်၊ ဘုရားကပဲ ကိုယ့်အိမ်ဆိုတာ အပါယ်လေးပါးကွတဲ့ (မှန်ပါ့) မပြောဘူးလား (ပြောပါ တယ် ဘုရား)။

ပမတ္တဿနာမ – သုညကိုမေ့တဲ့ ပုဂ္ဂိုလ်မည်သည်ကား၊ စတ္တာ ရောအပါယော အပါယ်လေးဘုံတို့သည်၊ သကဒိသာ အမြဲ နေရာ မိမိအိမ်ဂေဟာကြီးပါပေတည်း (မှန်ပါ့) သေသေချာချာ ဓမ္မ ပဒအဋ္ဌကထာမှာလဲဖွင့်ပါတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်ကြဦးမလား လို့ မေးလို့ ရှိရင်ဖြင့် မပြန်လဲမဖြစ်ဘူး (မှန်ပါ့ ဘုရား)။

ဟ ဘယ့်နယ်ကြောင့်တုံး ပြောစမ်းပါဦး ဆိုလို့ရှိရင် ဒိဋ္ဌတဏှာကြောင့်ဘုရား (မှန်ပါ့)။

ကဲ ဒါဖြင့် ပြန်တော့ ပြန်တာပေါ့ ဒကာ ဒကာမတို့က အိမ်ရောက်လို့ရှိရင် သုညတမမေ့စေနဲ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘာမမေ့ရမှာလဲ (သုညတမမေ့ရမှာပါ ဘုရား) ဝေဒနာပေါ်တာကို ဝေဒနာလို့ လဲ သိလိုက်၊ ဖြစ်ပျက်လို့လဲ သိလိုက် (မှန်ပါ့) သညာပေါ်လာရင် (သညာလို့လဲသိ၊ ဖြစ်ပျက်လို့ လဲသိ) စိတ်ကလေးပေါ်လာရင် (စိတ်လို့ လဲသိ ဖြစ်ပျက်လို့လဲ သိရပါမယ် ဘုရား)။

ဒီလိုဆိုတော့ ငါ-ငါဥစ္စာမဟုတ်ကြောင်း မထင်ရှားဘူးလား (ထင်ရှားပါတယ် ဘုရား) အဲဒီလို ထင်ရှားတော့ကို ဒီပဋိစ္စ သမုပ္ပါဒ် နှစ်ခုဟာ လာနိုင်သေးရဲ့လား (မလာနိုင်ပါ ဘုရား)။

ဒါဖြင့် ဒီလိုဆိုလို့ ရှိရင်လဲ၊ အင်း နိဗ္ဗာန် ဆိုတာကိုယ့်အိမ်ကသွားလဲ ရတာပဲ (မှန်ပါ့) ဓမ္မာရုံကသွား လဲ (ရပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်သွားတဲ့ ဥစ္စာသည်ကားလို့ ဆိုရင် နေရာရွေးစရာ ရှိသေးရဲ့လား (မရှိပါ ဘုရား) မရှိပါဘူး၊ ဟင်းချက်ရင်း မီးဖိုချောင်ထဲက သွားတာတွေလဲ ရှိနေတာပဲ (မှန်ပါ့)။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ဘာအရေးကြီးသတုံး ဆိုတာဖြင့် ဒကာသစ် ယနေ့တရား ပေါ်လာတယ် (ပေါ်လာ ပါတယ် ဘုရား) ကဲ ဘာပေါ် ကြသတုံး (သုညတ အရေးကြီး ပါတယ် ဘုရား) သုညတဖြစ်ဖို့ (မှန်ပါ့ ဘုရား) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

အင်မတန် အဖိုးတန်တယ် ဦးမာဒင်ရေ (တန်ပါတယ်ဘုရား) အင်မတန် အဖိုးတန်တယ်လို့ ဆိုတာ သေချာပြီ (သေချာပါတယ် ဘုရား)။

သို့သော် ဘုန်းကြီးသည် ပဋိစ္စသမုပ္ပါဒ်ကလေး တစ်ခု ပြပါရစေဦးတဲ့၊ အခု ဒိဋ္ဌပဋိစ္စသမုပ္ပါဒ် လေးပြပြီးပါပြီ (မှန်ပါ့)

လောဘပဋိစ္စသမုပ္ပါဒ် (ပြီးပါပြီ) မောဟ ပဋိစ္စသမုပ္ပါဒ်ကလေးက ကျန်သေးတယ် (မှန်ပါ့ ဘုရား)။

မောဟ ပဋိစ္စသမုပ္ပါဒ်ကလေးက တခြား မဟုတ်ဘူး တဲ့။

မောဟပဋိစ္စသမုပ္ပါဒ်

ဝေဒနာလေးပေါ်လာတယ်ဆိုလို့ ရှိရင်ဖြင့် ဒီကာဒကာမတို့ သည် ဝေဒနာရယ်လို့ မသိလိုက်ဘူး (မှန်ပါ့) မသိဘဲနဲ့ သူ့ ဟာသူဖြစ် သူ့ဟာသူချုပ်သွားတာ ခင်ဗျားတို့က သိလိုက်သေးရဲ့ လား (မသိပါ) မသိလိုက်တော့ ဒုက္ခသစ္စာ မသိတာဘဲ (မှန်ပါ့) မသိလိုက်တော့ မသိတဲ့ အဝိဇ္ဇာကလာတယ် (လာပါတယ် ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ (သခ်ၤါရာပါ) သခ်ၤါရပစ္စယာ (ဝိညာဏံပါ ဘုရား)။

ဟော ဒကာ ဒကာမတို့တဲ့ ယခုဘဝ အဝိဇ္ဇာသခ်ၤါရနဲ့နော် (မှန်ပါ့) အနာဂတ်ဖြစ်တဲ့ ဝိညာဏ်နဲ့ သွားဆက်ပြန်တယ် (မှန်ပါ့) မဆက်ဘူးလား (ဆက်ပါတယ် ဘုရား)။

ဒါဖြင့် သုညတမသိလို့ ရှိရင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပေါ်တယ် (မှန်ပါ့ ဘုရား)။

သုညတမသိရင် (ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပေါ်ပါတယ် ဘုရား) ဒီဟာ အင်မတန် အခြေပါတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါ့)။

ဩော် ငါတို့ သိနိုင်ခဲ့တဲ့ အဓိပ္ပာယ်လား၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုညတဆိုက်ရင်လဲ သေမင်း မမြင်နိုင်တဲ့ နိဗ္ဗာန်ရောက်တယ်ကွာ တဲ့ (မှန်ပါ့) သဘောကျပလား – (ကျပါပြီ)။

သေမင်းမမြင်နိုင်တဲ့ နိဗ္ဗာန်

သုညတဆိုက်ရင် – (သေမင်းမမြင်နိုင်တဲ့ နိဗ္ဗာန် ရောက်ပါ တယ် ဘုရား) သေမင်းမမြင်နိုင်တဲ့ နိဗ္ဗာန်ရောက်တယ်လို့ သေသေ ချာချာ ဟောထားပြန်တော့လဲ – သုညတ တရားလဲ အထူး အရေးကြီးတဲ့ တရားထဲ အဝင်အပါ- ပါကလားဆိုတာ အားလုံး ဦးလှဘူးနဲ့ တကွ ဦးမာဒင်တို့ ဒကာသစ်တို့ မှတ်ရလိမ့်မယ်(မှန်ပါ့) မမှတ်ထိုက်ဘူးလား (မှတ်ထိုက်ပါတယ် ဘုရား)။

ဒီသုညတဆိုက်ရင်လဲ သေမင်းမမြင်နိုင်တဲ့နေရာ ရောက်သတဲ့ (မှန်ပါ့ ဘုရား) သုညတ ဆိုက်ရင် – (သေမင်းမမြင်နိုင်တဲ့ နေရာရောက်ပါတယ်)။

အင်း- ဒါသမုတိသစ္စာနယ်ကနေပြီး သေမင်းမမြင်နိုင်တဲ့နေရာ ရောက်တယ်ဆိုတာ နိဗ္ဗာန်ကို ဆိုတာပါပဲ – (မှန်ပါ့)။ – ဒါဖြင့် ဒကာ ဒကာမတို့ ဘာဆိုက်ဖို့ အရေးကြီးသတုံး – (သုညတဆိုက်ဖို့ အရေးကြီးပါတယ် ဘုရား)။

သုညတဆိုက်ဖို့ ဆိုတော့ ဒကာသစ် သေသေချာချာ မှတ်စမ်း ပါ၊ တစ်ခုသော တရားတွေ့ လိုက်ရှိရင် ငါမဟုတ်ကြောင်းသိလို့ ရှိရင် – လဲ သုညတဖြစ်ပါတယ် – (မှန်ပါ့) ငါ့စ္စာမဟုတ်ကြောင်း သိလို့ ရှိရင်လဲ – (သုညတ ဖြစ်ပါတယ် ဘုရား)။

ဩော်-ဒါဖြင့် ငါမဟုတ်ကြောင်း သိလိုက်လို့ ရှိရင်လဲ သုညတ ဖြစ်တယ်- (မှန်ပါ့) ငါ့စ္စာ မဟုတ်ကြောင်း သိပြန်ရင်လဲ (သုညတ ဖြစ်ပါတယ် ဘုရား)။

သြော် ဒါဖြင့် ဒို ဒီနှစ်လုံးသိဖို့ တယ်အရေးကြီးပါက လား (ကြီးပါတယ် ဘုရား) ဒီနှစ်လုံးသိလိုက်ရင် ဒကာ ဒကာမတို့ ကိုယ့်သန္တာန်မှာ သုညတမဂ်ဟာ ဖြစ်ပေါ်လာတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

သုညတမည်တဲ့ မဂ်လာတာပဲ (မှန်ပါ့) မလာပါနဲ့ ဆိုလို့ (မရပါ ဘုရား)။

သြော် ဒါဖြင့် ဒီလိုလုပ်ကြစို့နော် ဒကာ ဒကာမတို့ အလုပ်လုပ်မှပဲ ပေါ်တော့မယ် (မှန်လှပါ ဘုရား)၊ အလုပ် မလုပ်လို့ ရှိရင်ဖြင့် (မပေါ်ပါဘုရား) ပေါ်စရာ အကြောင်း မရှိဘူးဆိုတာ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် ပြပါဦးမယ်၊ ဒကာ ဒကာမတို့ အတော် အရေးကြီးတဲ့ တရားလို့ ဆိုတာကိုလဲ ဒကာ ဒကာမတွေ ကိုယ့် အတွက်မှာဖြင့် အနာရှိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ကုရမည့်ဆေး ပေးရင် အရေးကြီးတယ်ယူမှာ (မှန်ပါ့)။

အနာပျောက်တဲ့ဆေး

အနာပျောက်တဲ့ဆေး ပေးလို့ ရှိရင် အနာရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် အနာပျောက်တဲ့ဆေး ပေးလိုက်လို့ ရှိရင်ဖြင့် ကိုယ့်အတွက်မှာဖြင့် အရေးကြီးတယ်ယူဆမှာ (မှန်လှပါ)။

အဲဒီတော့ ဒကာ ဒကာမတွေ သန္တာန်မှာ ခန္ဓာကိုယ်ကြီးဟာ "ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော" ဆိုတဲ့ မနေ့က ပြောခဲ့တဲ့တရားအတိုင်း ရောဂါအမျိုးမျိုးရှိတဲ့ ခန္ဓာ ကိုယ်ကြီးကို သုညတမဂ်နဲ့ ဒကာ ဒကာမတွေ ကုလိုက်လို့ရှိရင် ပျောက်သွားလို့ ရှိရင်လဲတဲ့ သြော် ဒို့ရောဂါရှိလို့ ဒီတရား ဆေးဟာ အရေးကြီးတာပဲ မှတ်လိုက် (မှန်ပါ့ ဘုရား)။

ရောဂါ မပျောက်သေးရင်ဖြင့် (အရေးကြီးပါတယ် ဘုရား) အရေးကြီးတာချည့်ပဲဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့ ဘုရား)။

ရောဂါ မပျောက်သေးရင် (အရေးကြီးတာချည့်ပါ ဘုရား) အရေးကြီးတာချည့် မှတ်ကြဆိုတော့ ဒကာ ဒကာမတို့ ဒါဖြင့် အလုပ်သင်ပါတော့မယ် သုညတ ဆိုက်အောင် (မှန်လှပါ)။

သုညတဆိုက်အောင် ဘာလုပ်တော့မယ် (အလုပ်သင်ပါ တော့မယ် ဘုရား)။

အလုပ်သင်တော့မယ်ဆိုတော့ ကြော် ဘုန်းကြီး တရား ဟောနေတာ နာလို့တော့ကောင်းပါရဲ့ ဘာလုပ်ရမှန်း မသိဘူးလို့ ခင်ဗျားတို့ တော်တော်ကြာ မပြောနဲ့ (မှန်ပါ့)။

ဘုန်းကြီးက တရားဟောတာပဲ အပြောလဲ ကောင်းပါတယ်၊ နားလည်အောင် ရှင်းအောင်လဲ ပြောပါတယ်၊ လုပ်တော့ ဘာလုပ် ရမှန်း မသိဘူးလို့ ဒီအထဲ တချို့ကလဲ ပါချင်ပါမယ် (ပါပါ မယ် ဘုရား) ဒီလို မပါစေနဲ့တဲ့၊ အခု အလုပ်သင်တော့မယ်လို့ မှတ် (မှန်လှပါ ဘုရား)။ ဘာပါလိမ့် (အလုပ်သင်ပါတော့မယ် ဘုရား)။

ရှုနည်းမှတ်နည်းပဲ သင်ဖို့ပဲ

အလုပ်သင်တော့ အစက ဒီနာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်တွေ ဒါတွေက ပြီးခဲ့ပြီ၊ နေ့တိုင်း နေ့တိုင်း မသင်နိုင် ဘူး (မှန်ပါ့) ရှုနည်းမှတ်နည်းပဲ သင်ဖို့ပဲ (မှန်ပါ့) ဒကာဒကာ မတွေ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာသင်မှာပါလိမ့် (ရှုနည်း၊ မှတ်နည်း သင်မှာပါဘုရား) အေး ဒါကို သင်ကြပါစို့ ဒါကို သင်ကြပါစို့၊ ဒီပြင်ဟာ တွေသင်နေလို့ရှိရင်ဖြင့် အရင်လူတွေက တယ်နာတယ် ဒကာသစ် ရ (မှန်ပါ့) မနာဘူးလား (နာပါတယ် ဘုရား)။

အရင် ရုပ်နာမ်ကွဲပြီးသား အကြောင်းအကျိုး ဆက်တတ်ပြီးသား၊ နာမရူပ ပရိစ္ဆေဒဉာဏ် လောက် သိပြီးသား၊ ပစ္စယပရိဂ္ဂဟ ဉာဏ်လောက်ကို သိပြီးသား၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဆိုတာက တော့ ဘုန်းကြီးဟောနေတယ်၊ ဦးမာဒင် နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်ပါနေတာ ဒါ ပစ္စယပရိဂ္ဂဟ ဉာဏ်တွေပါပဲ (မှန်ပါ့ ဘုရား)။

ကဲ ဒါဖြင့် ဒုကာဒကာမတို့ သုညတမဆိုက်ရင် ပဋိစ္စ သမုပ္ပါဒ် ဘယ်နှစ်မျိုးလာသတုံး (သုံးမျိုးလာပါတယ် ဘုရား) သုညတမဆိုက်ရင် သုံးမျိုးလာတယ်နော် (မှန်ပါ့ ဘုရား)။

သုံးမျိုးလာလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ သမုဒယနဲ့ ဒုက္ခ သစ္စာလာတယ် (မှန်ပါ့) သုံးမျိုးစလုံး ဟာ သမုဒယနဲ့ ဒုက္ခ ချည်းပဲ (မှန်ပါ့)။

သုံးမျိုးစလုံးဟာ (သမုဒယနဲ့ ဒုက္ခချည့်ပါဘုရား) ကောင်းပြီ၊ သုညတဆိုက်သွားရင် သမုဒယနဲ့ ဒုက္ခချုပ်တယ် (မှန်ပါ့) ဒါဖြင့် နှစ်ခုချုပ်ရင် နှစ်ခုပေါ်မှာပဲ (မှန်ပါ့)။

နှစ်ခုချုပ်ရင် (နှစ်ခုပေါ်မှာပါ ဘုရား) အင်း ဒါဖြင့် ဒကာ ဒကာမတို့ သမုဒယနဲ့ ဒုက္ခချုပ်သွား တယ်ဆိုရင် နိရောဓနဲ့ မဂ္ဂင်ပေါ် ဖို့ပဲ (မှန်ပါ့ ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အေး ဒါကြောင့် ရိုရိုသေသေ ကျိုးကျိုးနှံနှံ လိုလိုချင်ချင် သံသရာဘေးကြောက်ပြီး သကာလ ကိုင်း ဒကာ ဒကာမတို့ နာကြ၊ အလုပ်ပြတော့မယ် (မှန်ပါ့) ကဲ အလုပ်ပြတော့မယ် သေသေ ချာချာကြည့်ကြ။

ဒကာ ဒကာမတို့ သန္တာန်မှာ ဝေဒနာလဲ သုံးမျိုးပဲရှိတယ် (မှန်ပါ့ ဘုရား) အလွန်ဆုံး ငါးမျိုးရှိတယ် ထားလိုက်ပါတော့၊

သို့သော် သုံးမျိုးထဲ ပေါင်းလိုက်ရင်လဲ အတွင်းဝင်သွားလို့ ဘုရားက သုံးမျိုးပဲလို့ ဟောလိုက်ပါတယ် (မှန်ပါ့ ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ယားမယ်၊ နာမယ် အောင့်မယ်ဆိုတာ ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါ ဘုရား)။

အင်း ဒုက္ခဝေဒနာ သိသွားကတည်းက ဒါပုဂ္ဂိုလ် သတ္တဝါ ပျောက်နေပြီ (မှန်ပါ့ ဘုရား) ပုဂ္ဂိုလ်သတ္တဝါပျောက်ပြီ ဒကာ ဒကာမ တို့ (မှန်ပါ့) ဒီကတည်းက ပုဂ္ဂိုလ်သတ္တဝါပျောက်တယ်ဆိုတာ ငါပျောက်တာပဲ (မှန်ပါ့ ဘုရား) ငါတစ်ခု ဆိတ်သုဉ်းသွားပြီ (မှန်ပါ့) ဝေဒနာပေါ်တာကို ဝေဒနာပေါ်မှန်း သိရင် ငါတစ်ခု ဆိတ်သုဉ်းသွားပြီ (မှန်ပါ့ ဘုရား)။

ဝေဒနာပေါ်တာ ဝေဒနာ ပေါ်မှန်းသိရင်

သို့သော်လည်း ဒကာ ဒကာမတွေ ဝေဒနာပေါ်တာ ဝေဒနာ ပေါ်မှန်းသိရင် ငါပျောက်ပြီ (မှန်ပါ့) ဝေဒနာကိုး ဒကာသစ်ရ (မှန်ပါ့) ငါဟုတ်သေးရဲ့လား (မဟုတ်ပါ ဘုရား)။

ဒီဝေဒနာကလေးကို တစ်ခါ ဦးမာဒင်က စောင့်ဆိုင်းပြီး နည်း နည်းကြည့်လိုက်တောပေါ့ဗျာ (မှန်ပါ့) ကြည့်လိုက်တော့ ဝေဒနာ ကလေး၏ သက်တမ်းကလဲ ၁ နဲ့ ၂ ပဲရှိတယ် (မှန်ပါ့) ၁-မှာ ဖြစ်ပြီး ၂ မှာပျက်ရှာတယ် (မှန်ပါ့) မပျက်ဘူးလား (ပျက်ပါ တယ် ဘုရား)။

ဒါဖြင့် အပျက်မြင်လိုက်တယ် (မှန်ပါ့) အပျက်မြင်လိုက်တော့ ငါ့ဥစ္စာရှိသေးရဲ့ လား (မရှိပါ ဘုရား)။

ဟာ ဒါဖြင့် အဖြစ်မြင်ရင် ငါပြုတ်တယ် (မှန်ပါ့ ဘုရား) အပျက်မြင်ရင် ငါ့ဥစ္စာပြုတ်တယ် (မှန်ပါ့) သေချာ ပလား (သေချာပါပြီ ဘုရား)။

အဖြစ်မြင်ရင် (ငါ့ပြုတ်တယ်)၊ အပျက်မြင်ရင် (ငါ့ဥစ္စာ ပြုတ်ပါတယ် ဘုရား)။

သြော် ဒါဖြင့် ဒို့ဟာ ဖြစ်ပျက်မြင်ဖို့ အရေးကြီးတယ် (မှန်ပါ့) ဦးမာဒင် ဒီရောက်တာပဲ (ရောက်ပါတယ်) ဒီ ရောက်တာပဲ၊ ဒီကလွဲလို့ ဟောလို့ မရဘူး (မှန်ပါ့) သုံးဆယ့် တစ်ဘုံထဲမှာ ရှိတာကလဲ ဖြစ်ပျက်ပဲ ရှိတာကိုး (မှန်ပါ့) ဒီပြင်ဟာက တန်ဆာသာဆင်နေရတယ် ဒကာ ဒကာမတို့ ဒါရှုဖို့ ပါပဲ (မှန်ပါ့ ဘုရား)။

ကဲ ဒကာ ဒကာမတို့ ငါက ဒီဌိ၊ ငါ့ဥစ္စာက တဏှာ (မှန်ပါ့) ငါ ငါ့ဥစ္စာ မပြုတ်လို့ ရှိရင်လဲ ပဋိစ္စသမုပ္ပါဒ် တန်းတာပဲ (တန်းပါတယ် ဘုရား)။

ဘယ့်နယ့်ကြောင့် ငါ-ငါ့ဥစ္စာ မပြုတ်သတုံးလို့ မေးတဲ့အခါလဲ ဒီက ဓမ္မအပေါ်၌ သုညတ မဖြစ်ဖို့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဓမ္မအပေါ်၌ (သုညတမဖြစ်လို့ ပါ) ဓမ္မအပေါ်၌ သုညတ မဖြစ်လို့ လို့ သေသေချာချာမှတ်ပါ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ယားတယ် ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါ)

သြော် တိုင်း ယားတိုင်း ဒါ-ဒုက္ခဝေဒနာပါကလား ဒါဒုက္ခဝေဒနာပါကလားလို့ သိနေလို့ရှိရင်လဲ ဒကာ ဒကာမတို့ ဝေဒနာအလုပ်သာ ဖြစ်တော့တယ်၊ ငါ့အလုပ်မရှိဘူး (မရှိပါ ဘုရား) ဒီကတည်းက ငါပြုတ်ပြီ-(မှန်ပါ့) မပြုတ်သေဘူးလား(ပြုတ်ပါတယ် ဘုရား)။

ကဲ-ယားတတ်ကြပလား ခင်ဗျားတို့- (ယားတတ်ပါပြီ) ယား တိုင်းယားတိုင်း ဒါ ဘာဝေဒနာတုံး-(ဒုက္ခဝေဒနာပါ) သို့သော်လဲ ဒုက္ခဝေဒနာတော့ သိပြီဆိုတော့ ဦးမာဒင် ဘာပြုတ်သွားသတုံး (ငါပြုတ်သွားတယ်) ငါပြုတ်သွားတယ်- (မှန်ပါ့) ငါပြုတ်ပြီနော်(မှန်ပါ့ ဘုရား)။

ငါပြုတ်တယ်၊ စောင့်ကြည့်-စောင့်ကြည့် ဒကာ ဒကာမတို့ ဝိပဿနာဆိုတာ စောင့်ကြည့်ရတဲ့ အလုပ်မျိုး -(မှန်ပါ့)စောင့်ကြည့်တော့ ဝေဒနာကလေးကလဲ ပျောက်ပျက်သွားတာပဲ – (မှန်ပါ့) ပျောက်ပျက်မသွားဘူးလား (ပျောက်ပျက်သွားပါတယ် ဘုရား) ပျောက်ပျက်သွားတော့ ငါ့ဥစ္စာ မဟုတ်လို့ ပျောက်တာ – (မှန်ပါ့ ဘုရား)။

ငါ့ဥစ္စာ မဟုတ်လို့ပျောက်တာ

အင်း – ပျောက်သွားတော့ ဘာပြုတ်သွားပါလိမ့်၊ ငါ့ဥစ္စာပြုတ် သွားပါတယ်၊ တဏှာ ပြုတ်တယ် – (မှန်ပါ့) ငါ့ဥစ္စာဆိုတဲ့ တဏှာ ပြုတ်တယ်- (မှန်ပါ့ ဘုရား)။

ဒါဖြင့် ပေါ်လာတယ်လို့ သိလို့ရှိရင် ငါပြုတ်တယ် – (မှန်ပါ့) ပျက်သွားပြီလို့ သိရင် (တဏှာပြုတ်ပါတယ်) ငါ့ဥစ္စာပြုတ်တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါကလေးရှင်းနေအောင် ဦးမာဒင် ပြောရဦးမယ်(မှန်ပါ့) ပြောရမယ်- ပြောရမယ်၊ ဒီဥစ္စာကလေးဟာ သြော် ဒို့ဖြစ်ပျက် အလွန်ကျေးဇူးများတာပါကလားဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ ယနေ့ ရှင်းရှင်းလင်းလင်းကြီး နားလည်ရတဲ့အတွက် သေပျော်တဲ့တရား (မှန်ပါ့) သေပျော်တဲ့တရားလို့ သေသေချာချာ ဆုံးဖြတ် ချက်ချပါ (မှန်ပါ့ ဘုရား)။

ကဲ ယားတယ် – ယားတယ် ဒကာ ဒကာမတို့ ကျောကယား တယ်ဟုတ်လား (မှန်ပါ့) ကျောကယားနေရင် ယားတာ ဘာ ဝေဒနာတုံး (ဒုက္ခဝေဒနာပါ) အင်း – ဒုက္ခဝေဒနာကလေး တစ်ခု ပေါ်တာပဲလို့ မသိလိုက်ဘူးလား (သိလိုက်ပါတယ် ဘုရား) ဘာဖြစ်သွားသတုံး- (ငါပြုတ် သွားပါတယ်) ဟာ ဒကာသစ် နေရာကျပြီ (မှန်ပါ့ ဘုရား)။

ဦးမာဒင် ဘာပြုတ်သွားသတုံး- (ငါပြုတ်ပါတယ်) မြန်မာလို ငါ ပြုတ်တယ်၊ စာလိုတော့ ဒိဋ္ဌပြုတ်တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဝေဒနာ့အလုပ်သာရှိတော့တယ်၊ အလုပ် ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ကိုင်း စောင့်ကြည့်ပါဦး၊ စောင့်ကြည့်ပါဦးဆိုတော့ပျက်တာ ကလေးတွေ တွေ့လိမ့်မယ် (မှန်ပါ့) မတွေ့လားဗျာ-(တွေ့ပါ တယ်) ပျက်တာကလေးတွေ့တော့ ငါ့ဥစ္စာမဟုတ်လို့ ပျက်တာပေါ့ (မှန်ပါ့) ငါ့ဥစ္စာဖြင့် စီမံနေသလိုနေဖို့ပဲ (မှန်ပါ့) ဒီလိုကော နေကြရဲ့လား – (မနေပါ) မနေတာ ထောက်တော့ ပျက်တာ မြင်လိုက်တော့ ဘာပြုတ်သတုံး – (ငါ့ဥစ္စာပြုတ်ပါတယ်) နေရာကျ ပြီ (မှန်ပါ့ ဘုရား)။

တဏှာပြုတ်သွားတယ်

မြန်မာလိုပြောလိုက်တဲ့အခါကျလို့ရှိရင် ဒကာ ဒကာမတို့ ငါ့ဥစ္စာ ပြုတ်တာပဲ (မှန်ပါ့) စာလိုပြောကြစို့ ဆိုတော့ တဏှာပြုတ် သွားတယ်- (မှန်ပါ့ ဘုရား)။

စာလိုပြောကြစို့ ဆိုတော့- (တဏှာပြုတ်ပါတယ်) သော်ဒါဖြင့် အဖြစ်မြင်ရင် ငါပြုတ် – (မှန်ပါ့) အပျက်မြင်ရင် ငါ့ဥစ္စာပြုတ်- (မှန်ပါ့ ဘုရား)။

အဖြစ်မြင်ရင်- (ငါပြုတ်ပါတယ်)- အပျက်မြင်ရင် – (ငါ့ဥစ္စာ ပြုတ်ပါတယ်) သဘောကျပလား – (ကျပါပြီ) ရှင်းပြီနော် – (ရှင်းပါ ပြီ ဘုရား)။

ကိုင်း- ဒကာ ဒကာမတို့ ငါ- ငါ့စ္စာပြုတ်တော့ကို ဒါ-သုညတ ဆိုက်သွားပြီ- (မှန်ပါ့) ဝေဒနာအပေါ်၌ သုညတဆိုက်သွားပြီ(မှန်ပါ့) မဆိုက်သေးဘူးလား- (ဆိုက်ပါပြီ ဘုရား)။

ဘယ်အပေါ်၌ဆိုက်ပါလိမ့် – (ဝေဒနာအပေါ်၌ဆိုက်ပါတယ် ဘုရား) ဝေဒနာအပေါ်၌ ငါကော ရှိသေးရဲ့လား – (မရှိပါ ဘုရား) အင်း -ငါ့စ္စ (မရှိပါ) အင်း-ဒါဖြင့်ဝေဒနာအပေါ်၌ သုညတု ဆိုက်သွားတော့ ဒီတရားသည် သုညတမဂ် သွားဖြစ်တယ် – (မှန်ပါ့ ဘုရား)။

ရှုတဲ့တရားကလေးက (သုညတမဂ် သွားဖြစ်ပါတယ် – ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘာဖြစ်သွားပါလိမ့် (သုညတမဂ်သွားဖြစ်ပါတယ် ဘုရား) အဲ ဒီက သုညတဖြစ်တော့ ဒီက ရှုတာကလဲ သုညမဂ်ပေါ့(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒီဘက်က ပဋိစ္စသမုပ္ပါဒ်လဲ ဘယ်နှစ်မျိုး ပြုတ်သွားပါ လိမ့် သုံးမျိုး (မှန်ပါ့) ဒုက္ခသစ္စာလို့ မသိတဲ့ အဝိဇ္ဇာပဋိစ္စ သမုပ္ပါဒ်လဲ ပြုတ်ပါတယ် (ပြုတ်ပါတယ် ဘုရား) ငါ့စ္စာလို့ စွဲလမ်းနေတဲ့ တဏှာပဋိစ္စသမုပ္ပါဒ်လဲ (ပြုတ်ပါတယ် ဘုရား) ငါလို့ စွဲထားတဲ့ ဒိဋ္ဌပဋိစ္စသမုပ္ပါဒ်လဲ (ပြုတ်ပါတယ် ဘုရား)။

တစ်ချက်ခုတ် သုံးချက်ပြတ်

ဩော် ဒါဖြင့် ဦးလှဘူးတို့၊ ဦးမာဒင်တို့၊ ဒကာသစ်တို့ ပဋိစ္စသမုပ္ပါဒ် တစ်ချက်ခုတ် သုံးချက်ပြတ် (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ – (တစ်ချက်ခုတ် သုံးချက်ပြတ်ပါတယ် ဘုရား)။ – ဒါဖြင့် ဒီဘက်မှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်တယ်- (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ- (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာချုပ်ပါတယ် ဘုရား)။

ဟာ- ဒကာသစ် သမုဒယနဲ့ ဒုက္ခချုပ်ငြိမ်းလို့ ရှိရင်ဖြင့် ၄-ထဲ မှာ ၂-နှုတ်ရင် (၄-၂- ၂) ၂-ကျန်ရမယ် (မှန်ပါ့) သစ္စာလေးပါး ကိုး- (မှန်ပါ့) ချုပ်ပျောက်သွားတာကို ဘယ်နှစ်သစ္စာတုံး- (နှစ်သစ္စာပါ) ဒါဖြင့် ကျန်ရစ်တာက ဘယ်နှစ်သစ္စာတုံး (နှစ်သစ္စာ ပါ ဘုရား) ကျန်ရစ်တာ နိရောဓနဲ့ မဂ္ဂကျန်ရစ်ရမယ် (မှန်ပါ့ ဘုရား)။

ကဲ ဒါဖြင့် ဩော် နိဗ္ဗာန်နဲ့ -မဂ် ကျန်ရစ်တော့တာပဲ ဆိုတာကို ခင်ဗျားတို့ သုညတဆိုက်တဲ့ပုဂ္ဂိုလ်မှာ ဒါ့ကြောင့် သေမင်း မမြင်နိုင်ဘူးဆိုတော့ သူ-နိဗ္ဗာန်ရောက်လို့ မမြင်ဘူးပြော တာ

(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။ သြော် ဒကာ ဒကာမတို့ သေပျော်တဲ့တရား ဆိုတာပေါ် ကြပလား (ပေါ်ပါပြီ) ကိုင်း ခင်ဗျားတို့ ရှေ့တွင် ဖြတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပါ (မှန်ပါ့ ဘုရား)။ ဦး

ဦးမာဒင် ဒီဥစ္စာ အပြောလား၊ အမြင်လားဗျာ (အမြင်ပါ ဘုရား) ခန္ဓာဖြစ်စဉ်နဲ့လဲ ဒီအတိုင်းပဲမဟုတ်လား- (ဒီအတိုင်းပါ ဘုရား) ဒါ-ခန္ဓာဖြစ်စဉ်ကိုပြတာ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာ ဖြစ်စဉ်ကို ပြခြင်းဖြစ်ပါတယ် (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ သုညတဖြစ်ဖို့ သုညတဖြစ်ဖို့ အတော် အရေးကြီးပါလားဆိုတာပေါ်လာတယ် (ပေါ်လာပါတယ် ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကဲ ဒါဖြင့် ဒီက သုညတမဂ်ဖြစ်တော့ကို ဒီဘက်မှာ သမုဒယနဲ့ ဒုက္ခချုပ်သွားတဲ့ အခါကျတော့ အင်း ဒါလဲ ဒကာ ဒကာမတို့ ဒီပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့ သခ်ါရ ဆိတ်သုန်းတဲ့ နိဗ္ဗာန်ပေါ်လာတယ် (ပေါ်လာပါတယ်) မပေါ်ပေဘူးလား (ပေါ်ပါတယ် ဘုရား)။

သုညတနိဗ္ဗာန်ပဲ ပေါ်လာတယ် (မှန်ပါ့) သဘောပကျ ပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ရှုစရာသည် ကဲ သုခ ဝေဒနာကလေး စိတ်ထဲချမ်းသာတာကလေး ပေါ်လာတယ်၊ ဒကာ ဒကာမတို့ ဘာဝေဒနာပါလိမ့် (သုခဝေဒနာပါ ဘုရား)။

အင်း ဒီလိုသိလိုက်တယ်၊ ပေါ်တာကလေး သိလိုက်တယ်(မှန်ပါ့) ဒီကတည်းက ဘာပြုတ်သတုံး (ငါပြုတ်ပါတယ်) ငါပြုတ်ပြန်ပြီ (မှန်ပါ့)။

စောင့်ကြည့်- စောင့်ကြည့်ဆိုတော့ ကြည့်ရင်းမတ္တာနဲ့ ပျက်လာ တယ် (မှန်ပါ့) မပျက်ဘူးလား (ပျက်ပါတယ်) ဘာပြုတ် သွားသတုံး (ငါဥစ္စာပြုတ်သွားပါတယ် ဘုရား)။

သုညတမဂ် သွားရတယ်

ဒါဖြင့် ငါ-ငါ့ဥစ္စာပြုတ်သွားတော့ကို သုညတမဂ် သွားရတယ် (မှန်ပါ့) ငါ-ငါ့ဥစ္စပြုတ်သွားတယ်ဆိုကတည်းကိုက ဒကာ ဒကာမတို့ သူ သုညတကြောင့် ဖြစ်တဲ့မဂ်ကရနေပြီ (မှန်ပါ့) မရသေးဘူးလား (ရပါတယ် ဘုရား)။

ရရင် ပဋိစ္စသမုပ္ပါဒ်က သုံးခုစလုံး ဘယ်နယ့်နေသတုံး (ပြုတ်ပါတယ် ဘုရား)။

သုံးခုကိုလဲ သစ္စာဖွဲ့လိုက်တော့ သစ္စာနှစ်ခု (မှန်ပါ့) ဘာ သစ္စာ ဘာသစ္စာတုံး (သမုဒယနဲ့ ဒုက္ခပါ ဘုရား) သမုဒယနဲ့ ဒုက္ခ ပြုတ်ထွက်သွားတယ် (မှန်ပါ့)။

သြော်- ဒကာ ဒကာမတို့ သမုဒယနဲ့ ဒုက္ခ နှစ်ခုပြုတ်ပါတယ် ဆိုကတည်းက ၄ထဲ ၂ နုတ်ပါ – (၂ ပဲ ကျန်ပါတယ် ဘုရား) ဘာကျန်ပါလိမ့်ဗျာ- (နိရောဓနဲ့ မဂ္ဂပါ) နိရောဓနဲ့ မဂ္ဂမကျန်ရစ် ဘူးလား- (ကျန်ရစ်ပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဒကာ ဒကာမတို့သည်ကားလို့ ဆိုလို့ရှိရင် ဖြင့် အဝေးကြီးလား အောက် မေ့နေတယ်၊ တစ်ခုပြုတ်တစ်ခု ကျန်တော့ဆိုတာ သိလိုက်သဖြင့် ဒကာ ဒကာမတို့ အင်မတန် အဖိုး တန်သွားပါပြီ- (တန်ပါပြီ ဘုရား) မတန်သေးဘူးလား (တန်ပါ တယ် ဘုရား)။

ကိုင်း-ဒါဖြင့် ဝေဒနာပေါ်တိုင်းသိ၊ ဝေဒနာပျက်တိုင်းသိ (မှန်ပါ့) ရှင်းပလား- (ရင်းပါပြီ ဘုရား)။

ဝေဒနာပေါ်တိုင်း- (သိရပါမယ်) ဝေဒနာပျက်တိုင်း- (သိရပါ မယ်) ဒါဖြင့် ပေါ်တာသိတော့ကို ဘာပျောက်သတဲ့ (ငါပျောက်ပါ တယ်) အပျက်သိတော့- (ငါ့ဥစ္စာပျောက်ပါတယ် ဘုရား)။

ငါ့ဥစ္စာ ပျောက်ပါတယ်ဆိုတာ သေချာတော့ သုညတဆိုက် မဆိုက်- (ဆိုက်ပါတယ် ဘုရား) ငါ-ငါ့ဥစ္စာဆိတ်သုဉ်းတဲ့တရား(မှန်ပါ့ ဘုရား)။

ဒီသုခဝေဒနာကလေးဟာ ဘာတဲ့-(ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ တရားပါ ဘုရား) ဒါဖြင့် သုညတမဆိုက်သေးဘူးလား – (ဆိုက်ပါ တယ် ဘုရား)။

ဒီမင်္ဂသည် ဘာဖြတ်ပါလိမ့်မတုံး

ကိုင်း ဒါဖြင့် သုညတဆိုက်တော့ ဒီမင်္ဂသည်ကားလို့ ဆိုရင် ဖြင့် သုညတမင်္ဂဖြစ်သွားတာပဲ (မှန်ပါ့) ဒီမင်္ဂသည် ဘာဖြတ် ပါလိမ့်မတုံး မေးတော့မှ သမုဒယနဲ့ ဒုက္ခကို (ဖြတ်ပါတယ် ဘုရား)။

ဒါ ခုနင်က ပဋိစ္စသမုပ္ပါဒ် ပြပြီးမို့ ဦးမာဒင် ရှင်းတာနော် (မှန်ပါ့) နို့မဟုတ်ရင် ရှင်းပါ့မလား (မရှင်းပါ ဘုရား)။

ကိုင်း ဒါဖြင့် အားလုံးဒကာ ဒကာမတို့ သုညတ တစ်လုံးဟာလဲ ကိစ္စပြီးပါကလား (မှန်ပါ့ ဘုရား)။

သုညတ တစ်လုံးဟာလဲ (ကိစ္စပြီးပါတယ်) ကိစ္စပြီးတယ် ဆိုတာ ခင်ဗျားတို့ စာမသင် ပေမသင်နဲ့ လဲရှိပါစေတော့ (မှန်ပါ့) ဆရာကောင်း သမားကောင်းလဲ မတွေ့တော့ဘူးဆိုရင် စာအုပ်ထဲ ဘာတွေ ရေးထားထား ဦးမာဒင် မသိဘူး-(မှန်ပါ့) သိပါ့မလား (မသိပါ ဘုရား)။

အခုတော့ဖြင့် တစ်ခုပေါ်လာတာကို ဝေဒနာ ပေါ်လာတာကို ဝေဒနာရယ်လို့ သိရင်ပဲ ဒိဋ္ဌပြုတ်ပြန်ပြီ (မှန်ပါ့) ဝေဒနာ ပျက်တာကလေး ဉာဏ်နဲ့ မြင်လိုက်ရင်ပဲ (တဏှာပြုတ်ပါ တယ် ဘုရား)။

တဏှာပြုတ်ပြီဆိုတော့ ငါပြုတ် ငါ့ဥစ္စာပြုတ် (မှန်ပါ့) ဉာဏ်နဲ့ ပြုတ်ရင်ပြီးတာပဲ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘာနဲ့ ဖြုတ်ရမတုံး (ဉာဏ်နဲ့ ဖြုတ်ရပါမယ် ဘုရား) ဉာဏ်နဲ့ ပြုတ်သွားတာဆိုတာ သေချာ ပလား (သေချာပါပြီ ဘုရား)။

သြော် ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌တဲ့ ဒီဟာ ကလေးတစ်လုံးဟာ ပေါ်လာတဲ့ တရားကလေးတွေ၏ ပေါ်တာ သိမှု၊ ပျက်တာသိမှုသည် ပေါ်တာသိရင် ဒိဋ္ဌပြုတ် (မှန်ပါ့) သဘောကျ ပလား (ကျပါပြီ)၊ ပျက်တာ သိရင် တဏှာပြုတ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ပေါ်တာသိရင် ဒိဋ္ဌပြုတ်တယ်

ပေါ် တာသိရင် (ဒိဋ္ဌပြုတ်ပါတယ် ဘုရား)၊ ပျက်တာသိရင် (တဏှာပြုတ်ပါတယ် ဘုရား) ကဲ ဒကာသစ် နေရာကျပြီ (ကျသွားပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ တဏှာဒိဋ္ဌ ပြုတ်ပါတယ် ဆိုကတည်းကိုကပဲ တဲ့၊ ပထမ နိဗ္ဗာန်မရဘဲခံနိုင်ပါ့ မလား (မခံနိုင်ပါ ဘုရား)။

ပထမနိဗ္ဗာန်ဟာ ဘာမှ ကျင့်စရာမလိုဘူး၊ ဒိဋ္ဌပြုတ်အောင် လုပ် နိုင်ရင်ပြီးတာပဲ (မှန်ပါ့) ဒိဋ္ဌနဲ့ တွဲနေတဲ့ တဏှာပြုတ်သွား လို့ ရှိရင်လဲ ပြီးတာပဲ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။ ' သို့သော် ပထမနိဗ္ဗာန်ကန့်ကွက်တာက ဒိဋ္ဌခေါင်းဆောင် (မှန်ပါ့) ဒိဋ္ဌပြုတ်ရင် ပထမနိဗ္ဗာန်ရတာပဲ (မှန်ပါ့) ရှင်းကြ ပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ကျုပ်တို့ သုညတတရား အားမထုတ်တဲ့ပုဂ္ဂိုလ်များ ပထမနိဗ္ဗာန်ရဖို့ကို ဒကာသစ် ဝေးပါသေးတယ် (ဝေးပါတယ် ဘုရား) ပထမနိဗ္ဗာန်ကို ကန့်ကွက်နေတာသည် သုညတ နားမလည်မှု (မှန်ပါ့ ဘုရား)။

ပထမနိဗ္ဗာန် မရောက်မှုသည် (သုညတ နားမလည်မှုပါ) သုညတ နားမလည်မှုလို့ဆိုတော့ အခုသေသေချာချာ ကြည့်တော့ စာသိနဲ့ မရပါဘူး (မရပါ) ဉာဏ်နဲ့ ကြည့်မှရမယ်- (မှန်ပါ့ ဘုရား)။

စာသိနဲ့ (မရပါ) ဉာဏ်နဲ့ ကြည့်မှ (ရပါမယ်) ကဲ ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်၌ လေကလေးကတိုက် ပန်ကာကလေး အပေါ်ကလည်နေတော့ လေကလေးက တိုက်တော့ ဖောင်္ဂဗွာရုံ ကလာထိတော့ သုခသဟဂုတ်ကာယဝိညာဏ်ဆိုတဲ့ ဝေဒနာကလေး မပေါ်ဘူးလား (ပေါ်ပါတယ်) သုခဝေဒနာ ကလေးပေါ်တယ် (ပေါ်ပါတယ် ဘုရား)။

သုခဝေဒနာကလေးပေါ်တာကို ပေါ်တာ သိလိုက်တဲ့အခါကျ တော့ ဉာဏ်နဲ့ သိမယ် (မှန်ပါ့) မျက်လုံးနဲ့ ကြည့်လို့ မြင်တာမှ မဟုတ်ဘဲ (မှန်ပါ့) ဉာဏ်နဲ့ ကြည့်ရမယ် (မှန်ပါ့ ဘုရား)။

အင်း မြင်တော့သုခဝေဒနာ အလုပ်ပါကလား၊ သုခ ဝေဒနာပေါ်နေတာပါကလားဆိုတော့ မရှင်းလား (ရှင်းပါတယ် ဘုရား)။

ကဲ ဒါဖြင့် ဦးမာဒင်ပဲ အကဲခတ်ပါတော့၊ ဦးလှဘူးပဲ အကဲ ခတ်ပါတော့ ပုဂ္ဂိုလ် သတ္တဝါ ပျောက်နေပြီ (ပျောက်နေပါပြီ ဘုရား၊ ငါကော (ပျောက်ပါတယ် ဘုရား)။

ဒါဖြင့် ငါဟူသော ထင်မှတ်မှုမှ ဆိတ်သုဉ်းတယ် (မှန်ပါ့) သုညတဖြစ်နေပြီ (မှန်ပါ့)။

ဒါဖြင့် စောင့်ကြည့်ပါဦးလို့ဆိုတော့ ဒီဝေဒနာကလေးဟာလဲ နောက်ပန်ကာလေ မလာလို့ရှိရင် ပျက်ပြန်တယ် (မှန်ပါ့)မပျက် ဘူးလား (ပျက်ပါတယ် ဘုရား) အပျက်မြင်လိုက်တဲ့ အခါကျတော့ ငါ့ဉစ္စာကော (ပျောက်ပါတယ် ဘုရား) ဟုတ်သေးရဲ့လား (မဟုတ်ပါ ဘုရား)။

ဖြစ်ပျက်သိတဲ့ဉာဏ်သည်

ဒါဖြင့် ခင်ဗျားတို့ ငါ- ငါ့ဉစ္စာမဟုတ်လို့ သိတဲ့ဉာဏ်ကလေး သည် ဒီသုညတ သူ့အပေါ်မှာ ငါ-ငါ့ဉစ္စာ ဆိတ်သုဉ်းတာကို သိတဲ့ ဉာဏ် (မှန်လှပါ) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သိတဲ့ဉာဏ်သည် ငါ-ငါ့ဉစ္စာဆိတ်သုဉ်းတာ သိ တဲ့ဉာဏ် (မှန်ပါ့ ဘုရား) ပေါ် ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် စောင့်ကြည့်ပါဦးလို့ဆိုတော့ ဒီဝေဒနာကလေးဟာလဲ နောက်ပန်ကာလေ မလာလို့ ရှိရင် ပျက်ပြန်တယ် (မှန်ပါ့) မပျက်ဘူးလား (ပျက်ပါတယ် ဘုရား) အပျက်မြင်လိုက်တဲ့အခါ ကျတော့ ငါ့ဉစ္စာကော (ပျောက်ပါတယ် ဘုရား) ဟုတ်သေးရဲ့လား (မဟုတ်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ငါ-ငါ့ဉစ္စာမဟုတ်လို့ သိတဲ့ဉာဏ်ကလေး သည် ဒီသုညတ သူ့အပေါ်မှာ ငါ-ငါ့ဉစ္စ ဆိတ်သုဉ်းတာကို သိတဲ့ ဉာဏ် (မှန်လှပါ) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သိတဲ့ဉာဏ်သည် ငါ-ငါ့စွာ ဆိတ်သုဉ်းတာသိ တဲ့ဉာဏ် (မှန်ပါ့ ဘုရား) ပေါ် ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ပထမဝိပဿနာဉာဏ်- (မှန်ပါ့ ဘုရား) ရှုပါများရင်- မဂ်ဉာဏ်ဖြစ်ရမယ် (မှန်ပါ့)။

ရှုပါများရင်- (မဂ်ဉာဏ်ဖြစ်ရပါမယ် ဘုရား) မုန်းလာမယ်၊ ဒီ သုညတတွေဟာ သုညတလဲ ဟုတ်တာပဲ၊ ဖြစ်ဒုက္ခ ၊ ပျက်ဒုက္ခလဲ ဟုတ်တာပဲ (မှန်ပါ့) "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဆိုပြီး ဉာဏ်တက်လိုက် (မှန်ပါ့ ဘုရား)။ ဩော် ဖြစ်တာလဲဒုက္ခပဲ၊ ပျက်တာကော (ဒုက္ခပါပဲ ဘုရား)။

ဒီလိုဉာဏ်တက်လိုက်တဲ့အခါ ဒုက္ခကို ပရိညေယျနဲ့ ပိုင်းခြားသိ လိုက်တယ်(မှန်ပါ့) ဖြစ်လာတာလဲဒုက္ခပဲ၊ ပျက်တာလဲဒုက္ခပဲ၊ ဒီအထဲ ဒုက္ခမှ တစ်ပါး ဘာမှမရှိလို့ ဆုံးဖြတ်ချက်ချ လိုက်လို့ရှိရင် ဒါ ပရိညေယျနဲ့ ပိုင်ပိုင်နိုင်နိုင်သိတာပဲ-(မှန်ပါ့) မသိသေးဘူးလား (သိပါတယ် ဘုရား)။

အဲဒီကဲ့သို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်တဲ့အခါကျတော့ ဒီမဂ်ဟာ ဝိပဿနာမဂ်က လောကုတ္တရာ မဂ်ဖြစ်သွားတယ်(မှန်ပါ့) မဖြစ်သေး ဘူးလား (ဖြစ်ပါတယ် ဘုရား) ရှင်းပြီ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် လောကုတ္တရာမဂ်ဖြစ်သည်နဲ့ တစ်ပြိုင်နက်တည်း ခုနင်က ဖြစ်ပျက်တာတွေဟာ ဒကာသစ်ရေ အကုန်ချုပ်ဆုံးရမယ် (ချုပ်ဆုံးရပါမယ် ဘုရား) ချုပ်ဆုံးသွားတဲ့အခါကျတော့ – ဒီဘက်မှာ နိရောဓသစ္စာပေါ်မပေါ် (ပေါ်ပါတယ် ဘုရား) ဒါဖြင့် ဒုက္ခနိရောဓော နိဗ္ဗာနံ (မှန်ပါ့) ဒုက္ခနိရောဓော (နိဗ္ဗာနံပါ ဘုရား)။

ဒုက္ခနိရောဓော နိဗ္ဗာနံ

ဒကာ ဒကာမတို့ ဖြစ်ဒုက္ခ ပျက်ဒုက္ခလဲ ကိုယ့်ဉာဏ်ထဲမှာလဲ ထင်ပါရော ဒုက္ခတွေကော ချုပ်မသွားဘူးလား (ချုပ်သွားပါတယ် ဘုရား)။ ဒါဖြင့်ဒုက္ခနိရောဓော (နိဗ္ဗာနံပါ ဘုရား) သဘောကျ ပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီဘက်က ဒုက္ခနိရောဓော နိဗ္ဗာနံ လဲပေါ်ပါရော ဒီဘက်က တဏှာနိရောဓော နိဗ္ဗာနံလဲ ဖြစ်သွားမယ် (မှန်ပါ့) သဘောကျ ပလား (ကျပါပြီ ဘုရား)။

တဏှာနိရောဓော (နိဗ္ဗာနံပါ ဘုရား) ဟော မဂ်သည်ကားလို့ ဆိုရင်ဖြင့် ဒုက္ခကိုလဲ ဒကာ ဒကာမတို့ သိတယ်၊ နိဗ္ဗာန်ကိုလဲ မြင်တယ် (မှန်ပါ့) တဏှာကိုလဲ သတ်တယ် (မှန်ပါ့) မဂ်ကိစ္စသည် သေးသလား (မသေးပါ ဘုရား) သဘောကျပလား (ကျပါ ပြီ ဘုရား)။

ဒါကြောင့် အဋ္ဌကထာ ဆရာများ ဥပမာပြတော့ လှေတစ်ခုကို , ဒကာသစ်ရေ ဝန်တင်လိုက် စမ်းပါ (မှန်ပါ့) ဒီဘက်ကမ်းက ဟိုဘက်ကမ်းကို လှော်ပြီးပို့လိုက်ဗျာ (မှန်ပါ့)။

လှေကိစ္စသည် ဒကာ ဒကာမတွေ ဝန်ကိုလဲ ဟိုဘက်ရောက် အောင်ပို့တယ် (ပို့ပါတယ် ဘုရား) ရေကိုလဲ ဖြတ်တယ် (ဖြတ်ပါတယ် ဘုရား) ဒီမှာဘက်ကမ်းမှလဲခွါတယ် (ခွါပါ တယ် ဘုရား) ဟိုမှာဘက်ကမ်းလဲ ရောက်တယ် (ရောက်ပါတယ်ဘုရား) အင်း လှေသည် ဘယ်နှစ်လုပ် လုပ်ပါလိမ့်(လေးလုပ်ပါ ဘုရား)။

ဒီမှာဘက်ကမ်းမှ ခွါတာလဲ လှေပဲ (မှန်ပါ) ဟိုမှာဘက်ကမ်း ပို့တာလဲ (လှေပါပဲ ဘုရား)၊ ဝန်ကိုဆောင်တာလဲ (လှေပါပဲ ဘုရား)၊ ရေဖြတ်တာလဲ (လှေပါပဲ ဘုရား)၊ သြော် လှေသည် ဘယ်နှစ်လုပ် လုပ်ပါလိမ့် (လေးလုပ်ပါ ဘုရား)။

အဲ ဒီမှာလဲ ခင်ဗျားတို့ အားထုတ်နေတဲ့မဂ္ဂင်ဟာ တဏှာ ဖြတ်တာလဲသူပဲ (မှန်ပါ့ ဘုရား)၊ ဒုက္ခဝန်ကြီးတွေကို ချုပ်ကင်းအောင် လုပ်တာလဲ (သူပါပဲ ဘုရား)၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာ ဘက်ကမ်း ပို့တာကော (သူပါပဲဘုရား)၊ ဤမှာဘက်ကမ်းတည်းဟူသော သက္ကာယဒိဋ္ဌနယ်မှ ခွါတာကော (သူပါပဲ ဘုရား)။

သြော် ဒါဖြင့် ဒို့မဂ်သည်ကား လို့ဆိုရင်ဖြင့် ဘာမှ သံသယရှိဖို့မလိုဘူး၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းကို သူပို့တာပဲ (မှန်ပါ့ ဘုရား) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဥပေက္ခာဝေဒနာကလေး တစ်လုံး ကျန်သေးတယ် (မှန်ပါ့) ကဲ-မျက်လုံးထဲမှာမြင်ကာမျှ မတ္တ ဘာဝေဒနာတုံး (ဥပေက္ခာဝေဒနာပါဘုရား) ကြားကာမျှ မတ္တ (ဥပေက္ခာ ဝေဒနာပါ ဘုရား) နံကာမျှမတ္တ (ဥပေက္ခာဝေဒနာပါဘုရား) ဒါ အလုပ်သင်နေတာနော် (မှန်ပါ့) စားကာမျှမတ္တ (ဥပေက္ခာဝေဒနာပါ ဘုရား) အဲ လျှာပေါ်မှာပေါ်တာ ကလေးဟာ ဥပေက္ခာ ဝေဒနာ (မှန်လှပါ) ဝမ်းထဲမှာ အလုံးစုံ အကုန် ဒကာ ဒကာမတို့ ကမ္မဿကာ ထားနိုင်တာတွေကော (ဥပေက္ခာ ဝေဒနာပါ ဘုရား)။

အဲဒီ ဥပေက္ခာ ပေါ်တိုင်း-ပေါ်တိုင်း ဥပေက္ခာငါးခုပေါ့ဗျာ(မှန်ပါ့) အဲဒါ ပေါ်တိုင်း-ပေါ်တိုင်း ပေါ်လာတာသိလို့ ရှိရင်ဖြင့် ဥပေက္ခာလို့ သိလိုက် (မှန်ပါ့) ငါပြုတ်ပြီ (မှန်ပါ့) ပျက်သွား တာမြင်

လိုက်တော့ (ငါ့ဥစ္စာပြုတ်ပါတယ် ဘုရား) ငါ့ဥစ္စာပြုတ် တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဥပေက္ခာကလေးပေါ်လာတာသိတော့-(ငါပြုတ်ပါတယ် ဘုရား) ပျက်သွားတာသိတော့ (ငါ့ဥစ္စာ ပြုတ်ပါတယ် ဘုရား) ငါ့ဥစ္စာ ပြုတ်တယ်ဆိုကတည်းက သုညတဆိုက်မဆိုက် (ဆိုက်ပါ တယ် ဘုရား)။

ဒါ ငါ-ငါ့ဥစ္စာ မဟုတ်တဲ့တရား ဘယ်သူတုံး လို့ မေး လို့ရှိရင် ခုနင်က ဒီအနား ဖြစ်ပျက်ဘုရာ့ (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ငါ-ငါ့ဥစ္စာ မဟုတ်တဲ့တရား ဘယ်တရားပါလိမ့် (ဖြစ်ပျက် ပါ ဘုရား) တပည့်တော်တို့ ရှုနေတဲ့ ဖြစ်ပျက်ဘုရာ့ (မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ငါ- ငါ့ဥစ္စာမဟုတ်တဲ့တရား

ငါ- ငါ့ဥစ္စာမဟုတ်တဲ့တရား ဘယ်တရားပါလိမ့် (တပည့်တော်တို့ရှုနေတဲ့ ဖြစ်ပျက်ပါ ဘုရား)။

တပည့်တော်တို့ ရှုနေတဲ့ ဖြစ်ပျက်ဟာ ငါ-ငါ့ဥစ္စာမဟုတ်တဲ့ တရားပဲ (မှန်ပါ့) အဖြစ် မြင်က တည်းက ငါပြုတ်နေပြီ (မှန် ပါ ဘုရား) အပျက်မြင်ကတည်းက (ငါ့ဥစ္စာပြုတ်ပါပြီ ဘုရား)။

ဒါဖြင့် ကျုပ်တို့ လုပ်နေတဲ့ဖြစ်ပျက်ဟာ ဒိဋ္ဌဓါပြီးသား(မှန်ပါ့) တဏှာခွါပြီးသား-(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်တန်းပါဆိုလို့ ရသေးရဲ့လား (မရပါ ဘုရား) သြော် ဒကာသစ် သေပျော်ပြီ (မှန်လှပါ ဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးတို့ကို ဒကာ ဒကာမတို့ မျက်လုံးထဲ မြင် တဲ့ ဝေဒနာကလေးပေါ်လာရင် ဥပေက္ခာကလေး ပေါ်တယ်လို့ သိပေးပါ (မှန်ပါ့) အင်း ဒါဖြင့် ပြုတ်ပြီ- (မှန်ပါ့ ဘုရား)။

ဒါကလေးဟာလဲ ကြည့်ရင်း မတ္တာနဲ့ပဲ ပျောက်ထွက်သွားတယ်(မှန်ပါ့) ပျောက်ထွက်သွားတော့ ဖြစ်ပြီးပျက်သွားတယ်- (မှန်ပါ့) ပျက်သွားတာ သိလိုက်တော့ ငါ့ဥစ္စာက-(ပြုတ်သွားပါတယ် ဘုရား) ငါ့မျက်လုံး ဟုတ်သေးရဲ့လား (မဟုတ်ပါ ဘုရား)။

အဲ နဂိုကလဲ ငါမဟုတ်၊ အပျက်မြင်တဲ့အတွက် ငါ့ဥစ္စာလဲ မဟုတ် (မှန်ပါ့ ဘုရား) သဘော ကျပြီလား (ကျပါပြီ ဘုရား)။ ဒါကြောင့် စာကအဖြစ်မြင်ကတည်းကကွာ အဖြစ်မြင် ကတည်း က ဒကာ ဒကာမတို့ဥစ္စာဒိဋ္ဌလဲသေပါပြီကွာ တဲ့၊ (မှန်ပါ့) ပျက်တာမြင်တော့ သဿတဒိဋ္ဌ သေပါပြီကွာ၊ ဒိဋ္ဌကလဲသေတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဖြစ်မြင်လိုက်တော့ (ဥစ္စာဒဒိဋ္ဌ ပါတယ်ဘုရား) အပျက်မြင်လိုက်တော့ (သဿတဒိဋ္ဌ သေပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဟာ ပထမနိဗ္ဗာန် မရောက်ပါနဲ့ ဆိုလို့ မရ တော့ဘူး ဒိဋ္ဌချုပ်တာပဲ (မှန်ပါ့) သဘောကျပလား (ကျပါ ပြီ ဘုရား)။

အဲ အခု နောက်ဆုံးပိတ်ပြောလိုက်တော့ ဒိဋ္ဌကို အဓိက ထားတယ် (မှန်ပါ့) သေတော့ ဒိနဲ့ တွဲနေတဲ့ တဏှာလဲ ရောပြီးတော့ သေတာပဲ (မှန်ပါ့) မသေပါနဲ့ဆိုလို့ ရရဲ့လား (မရပါ ဘုရား)။

သို့သော် အဓိကထားသတ်တာက ဒိဋ္ဌလို့ မှတ်လိုက်(မှန်ပါ့) သုညတ တရားမှာ ဒိဋ္ဌအဓိကထား သတ်တယ် (မှန်ပါ့) ပေါ်ကြ ပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဖြစ်မြင်လိုက်ရင်ဘယ်ဒိဋ္ဌသေသတုံး (ဥစ္စာဒဒိဋ္ဌပါတယ်) အပျက်မြင်လိုက်ရင် (သဿတ ဒိဋ္ဌ သေပါတယ် ဘုရား)။

အဲ အဖြစ်ဆိုတာတဲ့ ဖဿပစ္စယာ ဝေဒနာကိုး (မှန်ပါ့) ဒီကတည်းက အဖြစ်ကို မြင်လိုက်ကတည်းကိုက အကြောင်းကြောင့် အကျိုးဖြစ်တာ သိလိုက်ကတည်းကိုက ဥစ္စာဒ ဒိဋ္ဌ ရှိသေးရဲ့လား (မရှိပါ ဘုရား) အပျက်မြင်လိုက်ကတည်းကို က ခိုင်တာရှိသေးရဲ့လား (မရှိပါ ဘုရား)၊ ဖဿချုပ်လို့ ဝေဒနာချုပ်တာပဲလို့ အပျက် မြင်လိုက်ကတည်းကိုက သဿတဒိဋ္ဌ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဒိဋ္ဌနှစ်ပါးသေတဲ့ ပထမနိဗ္ဗာန်ရောက်မယ်

ဒါဖြင့် ဖြစ်ပျက်ကိုမြင်တဲ့ ဒကာ ဒကာမများ ဒိဋ္ဌနှစ်ပါးသေတဲ့ ပထမနိဗ္ဗာန်ရောက်မယ် (မှန်ပါ့) သက္ကာယဒိဋ္ဌကတော့ သူတို့ နှစ်ခုသေရင် ရောပြီးသေတာပဲ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သက္ကာယ ဒိဋ္ဌကိုလဲ စောစောကဖြတ်ခဲ့ပါပြီ (မှန်ပါ့) သဿတဥစ္စာဒကိုလဲ အခုနောက်ဆုံးပိတ် ဖြတ်ပေးလိုက်တဲ့အဖြစ် မြင်လို့ရှိရင် ဥစ္စာဒကိုလဲ အခုနောက်ဆုံးပိတ် ဖြတ်ပေးလိုက်တဲ့ အဖြစ်မြင်လို့ ရှိရင် ဥစ္စာဒဒိဋ္ဌသေပြီ (မှန်ပါ့) အပျက်မြင်လိုက်ရင် (သဿတဒိဋ္ဌ သေပါပြီ ဘုရား)။

အထူးသတ်လို့သေတာလား၊ ဒကာ ဒကာမတို့ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်လို့ ခင်ဗျားတို့ သိပြီးသား (မှန်ပါ့) အကြောင်းချုပ်လို့ အကျိုးချုပ်တယ်ဆိုတာ (သိပြီးသားပါ ဘုရား)။

အဲဒီတော့ သုညတလဲဆိုက် ဒိဋ္ဌကလဲသေ ဖြစ်သောကြောင့် "ဒိဋ္ဌနိရောဓေနိဗ္ဗာနံ" (မှန်ပါ့) ပထမ နိဗ္ဗာန်ရတယ် (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဘယ်ဝေဒနာ ပေါ်လာ-လာ ဖြစ်ပျက်ရှု

ဒါဖြင့် ရှုကောရှုတတ်ပလား (ရှုူတတ်ပါပြီ) ဘယ်ဝေဒနာ ပေါ်လာ-လာ ဖြစ်ပျက်ရှု (မှန်ပါ့) သုခပေါ်လဲ (ဖြစ်ပျက် ရှုရပါမယ်) ဒုက္ခပေါ်လဲ (ဖြစ်ပျက်ရှုရပါမယ်) ဥပေက္ခာပေါ်လဲ (ဖြစ်ပျက် ရှုရမယ်) ဖြစ်ပျက်ရှုလိုက်လို့ ရှိရင်ဖြင့်သုညတမဆိုက် ဘူးလား (ဆိုက်ပါတယ် ဘုရား)။

ဒါဖြင့် ငါပြုတ်၊ ငါ့ဥစ္စာပြုတ်၊ သဿတပြုတ်၊ ဥစ္ဆေဒပြုတ်၊ သက္ကာယပြုတ် (မှန်ပါ့) မပြုတ်ပါနဲ့ ဆိုလို့ ရသေးရဲ့လား (မရပါ ဘုရား) ကဲ ဘယ်လောက်အဖိုးတန်သတုံး (တန်ပါတယ် ဘုရား)။

အဲ မောဃရာဇရဟန်းကိုဟောလိုက်တာ မင်း-ဒါသာမြင် လို့ ရှိရင် သေမင်းမမြင်နိုင်တဲ့နိဗ္ဗာန် ရောက်ပါပြီကွာ ဆိုတာကော ဟောထိုက် မဟောထိုက် (ဟောထိုက်ပါတယ် ဘုရား) ရှင်းပြီ နော်- (ရှင်းပါပြီ ဘုရား)။

ကဲ- နာရီစေ့ပြီ ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု သာဓု သာဓု။

ဆရာတော်ကြီးများ၏
ဝိပဿနာ ဘာဝနာ
ရှုမှတ်ပုံ အကျဉ်းချုပ်များ

- မုဋ္ဌိတုကမျတာဉာဏ်
- ပဋိသန္ဓိဉာဏ်
- သန္ဓိရုပေကွာဉာဏ်

မုစ္ဆိတုကမျတာဉာဏ်။ ရှုမှတ်ပုံ အကျဉ်းချုပ်

(၁) နိဗ္ဗိဒါဉာဏ်ကိုပင် ထပ်မံ၍ ပွားရမည်။

(၂) စဉ်ဆက်မပြတ် ဖြစ်ပေါ်ပျောက်ဆုံးနေသော သခ်ါရတရားတို့ကို ကြောက်စရာဘေး၊ အပြစ်၊ ငြီးငွေ့သွားပြီးနောက် ထိုအဖြစ်တို့အား လက်မခံလို ရုန်းကန်လွတ်မြောက်လို သော ကြင်နာတုန်လှုပ်အသက်ဘေးမှ ထွက်ပြေးလွတ်မြောက်လိုသကဲ့သို့ စိတ်သည် ဖြစ်ပေါ်လာ၏။

(၃) အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်သည် တောဘူမကသခ်ါရတို့၌ ပျော်လိုက်တပ်စွန်း၊ စွဲလန်း နှစ်သက်၊ ငဲ့ကွက်တွယ်တာခြင်းမထင်၊ အပြစ်မြင်၍ ယခုပင်လွတ်လို၊ ထွက်မြောက်လို သော စိတ်သည် တဖွဲးဖွဲး ဖြစ်ပေါ်၍ နေလေသည်။ ထွက်မြောက်လိုခြင်းဖြင့် ပြင်းထန် သော စိတ်ဖြစ်၏။

(၄) ဤဉာဏ်၌ ဝိပဿနာရှုပုံ ရှုနည်းမှာ အထူးမရှိတော့ပဲ။ နိဗ္ဗိဒါဉာဏ်၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်းသာ ရှုမှတ်ပါလေ။

စဉ်	ဆရာတော်ဘုရားကြီးများ	၁	၂	၃	၄
၁	ခန္ဓီးဆရာတော်ဘုရားကြီး၏စက်ဖြတ်ဝိပဿနာ	✓	✓	✓	✓
၂	ညောင်လေးပင်တောရဆရာတော်ဦးအရိယ၏ဝိသုဒ္ဓိမဂ်	✓	✓	✓	✓
၃	ပဋိသမ္ဘိဒါမဂ် ပါဠိတော် နိဿယ	✓	✓	✓	✓
၄	မူလမင်းကွန်းဓေတဝန်ဆရာတော်၏ ဝိပဿနာဉာဏ်စဉ်ကျမ်း	✓	✓	✓	✓
၅	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိ မြန်မာပြန် ဝိပဿနာပိုင်း။	✓	✓	✓	✓
၆	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ)	✓	✓	✓	✓
၇	ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိ မဂ္ဂအလင်းပြ (တတွဲ)	✓	✓	✓	✓
၈	မင်းကွန်းဆရာတော်ဦးဝါယမ၏ ဝိသုဒ္ဓိမဂ်(၇)ပါး၊ မင်းကွန်းသွား	✓	✓	✓	✓

ပဋိသန္ဓိဉာဏ်ရှုမှတ်ပုံ၊ အကျဉ်းရှုမှတ်ပုံ

(၁) မုစ္ဆိတုကမျတာဉာဏ်ကို ရရှိပြီးသောယောဂီပုဂ္ဂိုလ်သည် ထို မုစ္ဆိတုကဗျတာဉာဏ် ကိုပင်၊ တဖန်လေ့လာပွါးများရမည်။

(၂) သင်္ခါရတို့မှလွတ်လိုလျှင် တခြားတပါးကိုပြုရန်မလို၊ ထိုသင်္ခါရတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုနိုင်နင်းစွာ သိမြင်၍၊ လှစ်လှည့်ရှုနိုင်အောင်မှတ်မြဲပင် မပြတ်မှတ်ဖို့သာ လိုပေသည်။ သင်္ခါရမျိုးစုံမှ လွတ်မြောက်ရန်၊ မှတ်သိအပ်ပြီးသော ထိုသင်္ခါရမျိုးတို့ကိုပင် ပဋိသန္ဓိနုပဿနာ ဉာဏ်ဖော်နှ၊ တဖန်ရှုမှု = ပဋိသန္ဓိဉာဏ်ဖြင့် လက္ခဏာ ၃ ပါးကိုတင်၍ တဖန်သိမ်းဆည်းရှုမှတ်၏။

(၃) သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်းအကျိုးငှာ၊ ဤသို့တဖန်ရှုမှတ်သောအခါ၌၊ အနိစ္စအခြင်းအရာ (၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တ အခြင်းအရာ (၅)ပါး၊ ဤအခြင်းအရာ(၄၀) = ဘာဝနာ(၄၀) = တော (၄၀) တို့တွင် တပါးပါးကို မှတ်ချက်တိုင်း၌ ထိုသည်အားလျော်စွာ ထင်ရှားသိလျက်ရှိ၏။ ဤအသိအမြင်သည် တဖန်ရှုမှု= တဖန်သိမြင်မှုဖြစ်သောကြောင့် ပဋိသန္ဓိဉာဏ်မည်၏။

(၄) ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်ထက်သော သုတများသူတို့မှာ များစွာ ထင်ပေါ်၍ ပင်ကိုယ်ဉာဏ်၊ သုတဉာဏ်နည်းသောသူတို့မှာ နဲနဲသာ ထင်ပေါ်တတ်ကုန်၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် အခြင်းအရာတခုခုကိုသာလျှင် ကောင်းစွာမြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ်ဖြစ်ပေါ်မြဲ ဖြစ်သောကြောင့်၊ အခြင်းအရာတခုခုကို ကောင်းစွာသိမြင်သဘောကျ လျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် “ဝိပဿနာဉာဏ် ပြည့်စုံပြီ” ဟု ယုံကြည်စိတ်ချ အပ်တော့သည်။

(၅) ဤပဋိသန္ဓိဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တခဏအတွင်း၌ပင် ရင်သန်တတ်၏။ အချို့မှာကား (၃)ရက်စသည် အနည်းငယ်ရက်ကြာမှ ရင့်သန်တတ်လေသည်။ မှတ်သိမှုတို့က တခါတရံ မကောင်းဘူးဟုထင်ရပြီး ဤဉာဏ်ရင့်သောအခါ၌ကား မှတ်သိမှုအထူးကောင်းလာ ပေသည်။

ပဋိသန္ဓိဉာဏ်ရှုမှတ်ပုံ ဇယား

စဉ်	ဆရာတော်ဘုရားကြီးများ	၁	၂	၃	၄	၅
၁	ခန္ဓီးဆရာတော်ဘုရားကြီး၏စက်ဖြတ်ဝိပဿနာ	✓	✓	✓	✓	✓
၂	ညောင်လေးပင်တောရဆရာတော်ဦးအရိယ၏ဝိသုဒ္ဓိမဂ် အရသာ	✓	✓	✓	-	-
၃	ပဋိသန္ဓိဒါမဂ် ပါဠိတော် နိဿယ	✓			✓	
၄	မူလမင်းကွန်းဇေတဝန်ဆရာတော်၏ ဝိပဿနာဉာဏ်စဉ်ကျမ်း	✓	✓	✓	✓	-
၅	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိ မြန်မာပြန် ဝိပဿနာပိုင်း။	✓	✓	✓	✓	
၆	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ)	✓	✓	✓	✓	✓
၇	ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိ မဂ္ဂအလင်းပြ (တတွဲ)		✓	✓		
၈	မင်းကွန်းဆရာတော်ဦးဝါယမ၏ ဝိသုဒ္ဓိမဂ်(၇)ပါး၊ မင်းကွန်းသွား		✓	✓	✓	

သခ်ီရုပေက္ခာဉာဏ်

(၁) ပဋိသခ်ီဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုပဋိသခ်ီဉာဏ်ကိုပင် လေ့လာပွါးများရာ၏။

(၂) အဆိုပါ ပဋိသခ်ီဉာဏ်ဖြင့် သခ်ီရတို့သည် အတ္တမှၚင်း၊ အတ္တနိယမှၚင်း ဆိတ်သုဉ်း ကုန်၏ဟု သိမ်းဆည်းခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း ပဋိသခ်ီဉာဏ်သည် အထူးအားဖြင့် အနတ္တအခြင်းအရာကို သိမ်းဆည်းခြင်းသာ အဓိကဖြစ်၏။ အနတ္တအချင်းအရာကို သိမ်းဆည်းခြင်းရှိမှ "သစ္စာလေးပါးတို့ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ပြည့်စုံ၏" အနတ္တလက္ခဏာကို ကောင်းကောင်းလှလှထင်မြင်မှ မဂ်ဖိုလ်ကိုရ၏။ ဤသခ်ီရုပေက္ခာဉာဏ်ဖြင့် အနတ္တလက္ခဏာကောင်းစွာထင်မြင်အောင် အစွမ်းကုန် အားထုတ်ရမည်။

(၃) ဆင်ခြင်ပွားများပုံမှာ

၁။ ခပ်သိမ်းဥသုံအလုံးစုံသော တေဘူမက ရုပ်နာမ်သခ်ီရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံးလုံး ဆိပ်သုဉ်းသော သဘောတရားတွေချည်းပါတကား ဟု (၃)ကြိမ်အထက် ကြိမ်ဖန်များစွာဆင်ခြင်ပွားများရပေသည်။ (သဗ္ဗေ သခ်ီရာ သုညာ) ၃ ခါ

၂။ ဒွိကောဋ္ဌိကရှုနည်း။

၃။ စတုကောဋ္ဌိက သုံညတရှုနည်း။

၄။ ဆကောဋ္ဌိက သုံညတရှုနည်း။

၅။ အဋ္ဌကောဋ္ဌိက သုညတရှုနည်း။

၆။ ဒသကောဋ္ဌိကသုညတရှုနည်း။

၇။ ဒွါဒသကောဋ္ဌိကသုညတရှုနည်း။

၈။ ဒွေစတ္တာလိသကောတိက ရှုနည်း။

ကောဋ္ဌိကသုညတ = အတ္တ၊ အတ္တနိယ အဖိုအစွန်းနှစ်ပါးဆိပ်သုဉ်းသည်။ မရှိနေ၏။

(၄) ဆင်ခြင်ပွါးများပြီး၍ သခ်ီရတရားတို့၏ အတ္တမှဆိတ်သုဉ်းခြင်းသဘော (၀၊) သုညတသဘောကို ဉာဏ်ဖြင့်ပိုင်းခြားလျက်၊ လက္ခဏာရေး ၃-ပါးတင်၍ သခ်ီရတို့ကို ရှုပွားသိမ်းဆည်း သောယောဂီသည်ကြောက်ခြင်း (ဘယ) ကိုၚင်း၊ နှစ်သက်ခြင်(နန္ဒီ)ကိုၚင်း၊ ပယ်၍ သခ်ီရတို့ကိုလှစ်လျူရှုလျက် အလယ် အလတ် သဘောရှိသည်သာလျှင် ဖြစ်လေတော့၏။

(၅) သခ်ီရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်အငြိမ်းဓါတ်ကို၊ ငြိမ်းအေးသောအားဖြင့်၊ အကယ်၍မြင်ငြားအံ့၊ ထိုသို့မြင်လျှင် အလုံးစုံသောသခ်ီရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်အငြိမ်းဓါတ်သို့သာလျှင်၊ ပြေးဝင်သွား၏။

နိဗ္ဗာန်အငြိမ်းဓါတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ ထိုသို့ မမြင်သေးလျှင် သခ်ါရကိုသာ အာရုံပြုလျက်၊ အဖန်တလဲလဲဖြစ်ပေါ်နေ၏။

(၆) မုဉ္စိတုကမျတာဉာဏ်၊ ပဋိသခ်ါဉာဏ် ဤတရား(၃)ပါးသည် အနက်တရားကိုအားဖြင့် တူညီ၏။ အမည်သဒ္ဒါမျှသာလျှင်ထူး၏။

သခ်ါရုပေက္ခာဉာဏ်ရှုမှတ်ပုံဇယား။

စဉ်	ဆရာတော်ဘုရားကြီးများ	၁	၂	၃	၄	၅
၁	ခန္ဓီးဆရာတော်ဘုရားကြီး၏စက်ဖြတ်ဝိပဿနာ	✓	✓	✓	✓	✓
၂	ညောင်လေးပင်တောရဆရာတော်ဦးအရိယ၏ဝိသုဒ္ဓိမဂ် အရသာ	✓	✓	✓	✓	✓
၃	ပဋိသမ္ဘိဒါမဂ် ပါဠိတော် နိဿယ	✓	✓			✓
၄	မူလမင်းကွန်းဓေတဝန်ဆရာတော်၏ ဝိပဿနာဉာဏ်စဉ်ကျမ်း	✓	✓	✓	✓	✓
၅	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိ မြန်မာပြန် ဝိပဿနာပိုင်း။	✓	✓	✓	✓	✓
၆	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ)	✓	✓	✓	✓	✓
၇	ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိ မဂ္ဂအလင်းပြ (တတွဲ)	✓	✓	✓	✓	-
၈	မင်းကွန်းဆရာတော်ဦးဝါယမ၏ ဝိသုဒ္ဓိမဂ်(၇)ပါး၊ မင်းကွန်းသွား	✓	✓	✓	✓	✓

သခ်ၤရတို့ဖြစ်ရာနေရာများ

၁။ ဘဝသုံးပါး = ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ။

၂။ ယောနိလေးပါး = (က) အဏ္ဍဇ- ဥမှပေါက်ဖွားသော သတ္တဝါမျိုး

(ခ) ဇလာဗုဇ- သူငယ်အိမ်မှ(ပဋိသန္ဓေ)ပေါက်ဖွားသောသတ္တဝါ

(ဂ) သံသေဒဇ- အညှိုဒ်ဖြစ်ပွားသော သတ္တဝါမျိုး

(ဃ) ဥပပါတိက- ကိုယ်ထင်ရှားအပြည့်အစုံဘွားကနဲဖြစ်ပေါ်သော သတ္တဝါမျိုး

၃။ ဂတိငါးပါး = ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်။

၄။ ဝိညာဏ်ဒွိတိ (၇)ပါး

	သတ္တဝါအမျိုးအစား		ကိုယ်ကာယ တူ/မတူ	ပဋိသန္ဓေ	တူ/မတူ အမျိုးအစား		
၁	ပဌာမစျာန်ဖြတ္တာ	အပါယ်သတ္တဝါ	အချင်းချင်း ကိုယ်ထူးခြား၍	သညာ တူသောကြောင့်	နာနတ္တကာယ	ဧကတ္တသညီ	မည်ကုန်၏
၂	ဒုတိယစျာန် ဖြဟ္မာတို့သည်	အချင်းချင်း	ကိုယ်တူ၍	သညာ ထူးခြားသဖြင့်	ဧကတ္တကာယ	နာနတ္တသညီ	မည်ကုန်၏
၃	တတိယစျာန် ဖြဟ္မာတို့သည်	ဝေဟပ္ဖိုလ် ဖြဟ္မာတို့သည်	ကိုယ်တူ	သညာတူ သောကြောင့်	ဧကတ္တာကာယ	ဧကတ္တသညီ	မည်ကုန်၏
၄	သုဒ္ဓဝါသ ဖြဟ္မာတို့သည်				စတုတ္ထဝိညာဏ် ဒွိတိဒ်ဝင်၏		
		အာသာနဉ္စာယတန ဖြဟ္မာသည်				အာကာသာနဉ္စာ ယတနသညီ	မည်ကုန်၏
၅	ဝိညာဏဉ္စာယ တနဖြဟ္မာသည်					ဝိညာဏဉ္စာယ တနသညီ	မည်ကုန်၏
၆	ကတိဉ္စညာယ တနဖြဟ္မာသည်					ကကိဉ္စာညာယ တနသညီ	မည်ကုန်၏
၇	လူတို့သည်၎င်း	ကာမာဝစရနတ် တို့သည်၎င်း	ကိုယ်ကာယအား ဖြင့်ထူးခြား၍	ပဋိသန္ဓေသညာ လည်းထူခြား၏	နာနတ္တာကာယ	နာနတ္တသညီ	မည်ကုန်၏

(၅) သတ္တဝါသ(၉)ပါး။ ။ အထက်ပါ (၇)ပါးတို့၌ သညည်သတ်နှင့် နေဝသညာ (၂)မျိုးကိုထည့်လျှင်၊ သတ္တဝါသ(၉)ပါးဖြစ်၏။

မှတ်ချက်။ ။ ဘဝ(၃)မျိုး၌ ငြီးငွေ့မှုဉာဏ်ဖြစ်လျှင်ပင် ဝိပဿနာပြည့်စုံ၏၊ ယောနိ၊ ဂတိ စသောအမည်တို့မှာ၊ ထိုဘဝ(၃)မျိုး၏၊ ပရိယာယ်ဝေါဟာရအမည် ထူးမျှသာဖြစ်ပေ၏။

မုဠိတုကမျတာဉာဏ်ပြီးစီးပုံ

မုဠိတုကမျတာဉာဏ်ကာလ၌ ရှုမှတ်လျက်ရှိသော ယောဂီသည် သွားမှု၊ ထိုင်မှု၊ အိပ်မှု၊ တွေးမှု၊ ဆန်းမှု စသောကိုယ်အမူအယ်ဟူသမျှကိုငင်း၊ မြင်မှု၊ ကြားမှု၊ ကြံစည်မှု၊ ရှုမှတ်မှု စသော စိတ်အမူအယာဟူသမျှကိုငင်း၊ လူအဖြစ်၊ နတ်အဖြစ်၊ ယောက်ျား၊ မိန်းမအဖြစ်၊ ဗြဟ္မာ အဖြစ် စသော ဘဝဟူသမျှကိုငင်း၊ လွတ်ရာတခြားသို့ စွန့်သော စွန့်ပစ်လိုတော့၏။ ငင်းတို့မှ လွတ်ကင်းရာသို့သာ ရောက်လိုတော့၏။

ထို့ကြောင့်ပင် အချို့ပုဂ္ဂိုလ်သည် နှလုံးမသွင်းဘဲ၊ မမှတ်ဘဲနေရတာက ကောင်းမှာ လေလားဟု ဆင်ခြင်မိတတ်ပေသည်။ ထိုသို့ဆင်ခြင်မိတဲ့အတိုင်းလဲ မမှတ်တော့ဘဲ ရပ်နား နေမိတတ်ပေသည်။ ထိုသို့ဆိုခဲ့ပြီးနောက် ဘဝ(၃)ပါးမှ လွတ်မြောက်လိုသော ယောဂီသည် သခ်ါရအလုံးစုံမှ လွတ်မြောက်ရန်၊ မှတ်သိအပ်ပြီးသော ထိုသခ်ါရမျိုးတို့ကိုပင်လျှင်၊ တဖန်ရှုမှု ဖြင့် လက္ခဏာ (၃)ပါးကိုတင်၍ တဖန်သိမ်းဆည်း ရှုမှတ်လျက်ရှိပြန်၏။ ထိုအခါတွင် မုဠိတုကမျတာဉာဏ် ပြီးဆုံးခြင်းသို့ရောက်၏။

ပဋိသခ်ါဉာဏ်ပြီးစီးပုံ

ပဋိသခ်ါဉာဏ်ရှုမှတ်ရာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာ (၄၀)တို့ကို အနိစ္စတော၊ ဒုက္ခတော စသည်ဖြင့် ဟောတော်မူသောကြောင့် တော (၄၀)ဟုခေါ်ကြ၏။

ထိုအခြင်းအရာတို့ဖြင့် သိသောဉာဏ် (၄၀)ကိုလည်း ဝိပဿနာ (၄၀)ဟုခေါ်ကြ၏။

ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်၊ သုတမယဉာဏ်နည်းသော သူတို့ အားနည်းနည်းသာ ပေါ်တတ်ကုန်၏။ ပင်ကိုယ်ဉာစ်ထက်သောသူ၊ သုတမယဉာဏ်များသော သူတို့အား များစွာထင်ပေါ် တတ်ကုန်၏။ သို့သော်လည်း အခြင်းအရာတစ်ခုခုကို ကောင်းစွာ သိမြင်သဘောကျ လျှင်ပင် မဂ်ဉာဏ်သို့ရောက်နိုင်အောင် ဝိပဿနာဉာဏ်ပြည့်စုံပြီး ဟု ယုံကြည်စိတ်ချအပ်ပေ၏။

ဤပဋိသခ်ါဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တစ်ခဏအတွင်း၌ပင် ရင့်သန်တတ်၏။ အချို့မှာကား တစ်နေခန့်ဖြစ်စေ၊ တစ်ညဉ့်ခန့်ဖြစ်စေ၊ ၃ ရက်ခန့်ဖြစ်စေ၊ ကြာမြင့်မှ ရင့်သန် တတ်လေသည်။

ဤဥဒ္ဓိစ်ဖြစ်ပေါ်စ မရင့်သေးမီ၌ သခ်ါရတို့၏ သာယာဘွယ်မရှိသည့် မခံသာသည့် သဘော တို့ကို အထူးထင်ရှားစွာတွေ့ရခြင်းကြောင့်ငင်း၊ သခ်ါရပေကွာကဲ့သို့ ညီမျှစွာ မရှုနိုင် သေးသော ကြောင့်ငင်း၊ မှတ်သိမှုက ကောင်းနေပါလျက် မကောင်းဘူးဟူ၍သာ ထင်တတ်၏။ အားမရနိုင်ဘဲ ရှိတတ်၏။

ဤဉာဏ်ရင့်သောအခါ၌ကား မှတ်သိမှုအထူးကောင်းလာသည်ဟု ထင်ရ၏။

ဤပဋိသန္ဓိဉာဏ်၌ မခံသာမှုတို့နှင့် ရောပြွမ်း၍ အားရလောက်အောင် မှတ်သိမှု မကောင်းသေးသော ဉာဏ်နှင့်

မခံသာမှုကင်း၍ အားရလောက်အောင် သွက်လက်စွာမှတ်သိမှု ကောင်းသောဉာဏ် အားဖြင့် ၂ ပိုင်း ကွဲပြား၏။

ပဋိသန္ဓိဉာဏ်အပြည့်အစုံ ရင့်သန်လာသောအခါ၌ကား ဖြစ်ပျက်ဆဲသင်္ခါရအာရုံကို မှတ်မိစေရမှာလဲ၊ အထူးကြောင့်ကြမစိုက်ရပြီ၊ မှတ်မိတိုင်းသော၊ သင်္ခါရအာရုံ၏ အပျက် လက္ခဏာနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတစ်ပါးပါးကို ထင်ရှားသိရန်လည်း အထူး ကြောင့်ကြ မစိုက်ရတော့ပြီ။

သူ့အလိုလိုပင် မှတ်သိလျက် မှတ်သိလျက်နေသကဲ့သို့၊ မှတ်သိမှုသည် အရှိန်ကောင်း လျက်၊ ကြာမြင့်စွာဖြစ်၏။

မှတ်ချက်တိုင်း၌ အပျက်လက္ခဏာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အခြင်းအရာ တစ်ပါးပါးကို ရှင်းလင်းထင်ရှားစွာ သိလျက် သိလျက်ရှိ၏။

သင်္ခါရတို့ဖြစ်ပေါ်ရန် အားနည်းလျက်ရှိပေ၏။

ပဋိသန္ဓိဉာဏ်ရှုမှတ်မှုပြီးဆုံးခြင်းသို့ရောက်ပေ၏။

သင်္ခါရုပေက္ခာဉာဏ်ပြီးစီးပုံ

သင်္ခါရုပေက္ခာဉာစ်မှာ ချစ်ကြောက်ကင်းပ အညီအမျှရှုမှတ်ခြင်းဖြင့် အထူးကြောင့်ကြ စိုက်၍ သင်္ခါရတို့ကိုပယ်ရသည်မဟုတ်ပေ။ သင်္ခါရတို့မဖြစ်ပေါ်လာပဲ အလိုလိုကင်းနေရန် ဖြစ်ပါသည်။

ထိုသို့ရှုမှတ်ခြင်းဖြင့်၊ ဘဝ(၃)ပါးတို့၌ စိတ်သည်ရောင်ကွယ်သကဲ့သို့ တွန့်၏။

- မပြန့်ကြဲ၏။ ပြန်ဆုတ်၏။
- မပြန့်မသွား။ ထိုကာလ၌ အာရုံများစွာကို ဖြန့်၍မှတ်လိုသော်လည်း ဖြန့်၍မရတော့ပြီ။ သူ့အလိုလိုသာလျှင် အရှိနာကောင်း၍ မှတ်သိလျက်ရှိ၏။

  ရုပ်ဆိုင်း၍၊ ဘဝစသည်ကိုဆင်ခြင်ကြည့်လျှင်လည်း ဘယ်လိုချမ်းသာကောင်းစားတဲ့ အာရုံပင် ဖြစ်စေကာမူ စိတ်သည်တွန့်ဆုတ်လေးဖင့်လျက်ရှိ၏။ မြိန်မြိန်ရှက်ရှက် စိတ်ဝင်စားခြင်းမရှိပြီ။
- ဥပေက္ခာ (၀၊) အမျှသိမှု လျှစ်လျူရှုခြင်းသော်၎င်း၊
- စိတ်ဆုတ်ဖွယ်၊ မနှစ်သက်ဖွယ်၏ အဖြစ်သည်သော်၎င်း၊ မှတ်သောစိတ်၊ ဆင်ခြင်သော စိတ်၌ ကောင်းစွာတည်၏။

(၁) ဒွိကောဋ္ဌိက ရှုမြင်ခြင်းဖြင့်

- ဤနာမ်ရုပ်သည် အတ္တောန (ဝါ) သုညံ = အတ္တကောင်၏အဖြစ် = ငါကောင်၏အဖြစ်မှ လည်း ကင်းဆိတ်၏။
- အတ္တနိယေန (ဝါ) သုညံ = ငါကောင်၏ဥစ္စာအဖြစ်မှလဲ ကင်းဆိတ်၏

(၂) စတုကောဋ္ဌိက ရှုမြင်ခြင်းဖြင့်

(က) ပထမအဖို့အားဖြင့်ရှုမြင်ပုံမှာ

- ယောဂီသည် မှတ်တိုင်းပျက်သွားတဲ့ သဘောမျှကိုသာတွေ့ရ၏။ အလိုအတိုင်းပြည့်စေ နိုင်သော အတ္တကောင်၊ ငါကောင်ကိုကား မတွေ့ရ။ ထို့ကြောင့် အတ္တကောင် = ငါကောင်သည် ကိုယ်တွင်းမှာလဲမရှိ။
- ကိုယ်ပမှာလဲမရှိ၊ ဘယ်အရပ်မှာမျှမရှိ။
- ရှေးကလည်းမရှိ၊ ယခုလည်းမရှိ၊ နောင်လဲမရှိ။ ဘယ်ကာလမှာမျှမရှိ။
- ရုပ်ထဲမှာလဲမရှိ၊ နာမ်ထဲမှာလည်းမရှိ။
- သွားမှု၊ ရုပ်မှု၊ ထိုင်မှု၊ အိပ်မှု၊ ကွေးမှု၊ ဆန့်မှု၊ စသောကိုယ်အမူအယာထဲမှာလည်း မရှိ။
- မြင်မှု၊ ကြားမှု၊ ထိသိမှု၊ ကြံမှု စသောစိတ်အမူအယာထဲမှာလဲမရှိ။
- အကောင်းအဆိုးခံစားမှု အမျိုးမျိုးထဲမှာလည်းမရှိ။
- မှတ်သားမှု အမျိုးမျိုးထဲမှာလည်းမရှိ။
- အားထုတ်ပြုပြင်မှုအမျိုးမျိုးထဲမှာလည်းမရှိ။
- ဘယ်တရားထဲမှာမျှ ငါကောင်မရှိ ဟုပိုင်ပိုင်နိုင်နိုင်သိမြင်၏။ တစ်ခုသောအဖို့ အားဖြင့် အတ္တမှကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။

(ခ) ဒုတိယအဖို့အားဖြင့် ရှုမြင်ပုံ

မှတ်ခိုက်မှာဖြစ်စေ၊ မှတ်သိမှုသို့အစဉ်လိုက်၍ ဆင်ခြင်ခိုက်မှာဖြစ်စေ၊ သည်လို ပျက်နေတဲ့သဘောမျှရှိသည်။ ငါကောင်၊ သတ္တဝါကောင်ကားမရှိ၊ မရှိဟူ၍ မသိကြတဲ့အတွက်

ငါ့အဘပဲ၊ ငါ့သားပဲ၊ ငါ့အကိုပဲ၊ ငါ့ညီပဲ၊ ငါ့တူပဲ စသည်ဖြင့် သူများက ငါ့အပေါ်မှာ စွဲလမ်းလျှက် ကြောင့်ကြစိုက်နေကျလေသည်။ အမှန်အားဖြင့်မူကား၊ ထိုကဲ့သို့ သူတစ်ပါးက ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော ငါကောင်ကားမရှိပေ။ ဟူ၍လည်း သိမြင်သဘောကျ၏။ သူတစ်ပါးနှင့် ငါဟာသာမျှ မစပ်ဆိုင်ပါတကား ဟု သိမြင်၏။

(ဂ) တတိယအဖို့အားဖြင့်ရှုမြင်ပုံ

သူတစ်ပါး၏အဆင်းကိုမြင်ခိုက်၊ အသံကိုကြားခိုက်စသည်၌မှတ်၍ဖြစ်စေ၊ မှတ်သိမှုသို့ အစဉ်လိုက်ကာ ဆင်ခြင်၍ဖြစ်စေ ဤသို့သိမြင်၏။ သိပုံကား သူတပါးဟုခေါ်အပ်သော အတ္တကောင် = သတ္တဝါကောင်သည် ကိုယ်တွင်းမှာလဲမရှိ၊ ကိုယ်ပမှာလဲမရှိ၊ ဘယ်အရုပ်မှာမျှ မရှိ၊ ရှေးကလဲမရှိ၊ ယခုလဲမရှိ။ နောင်လဲမရှိ၊ ဘယ်ကာလမှာမျှမရှိ၊ ရုပ်ထဲမှာလဲမရှိ၊ နာမ်ထဲမှာ လဲမရှိ၊ မြင်ရတဲ့အဆင်းထဲမှာလဲမရှိ၊ ကြားရတဲ့အသံစသည်ထဲမှာလဲမရှိ၊ ဘယ်တရားထဲမှာမျှ သူတပါးအကောင်မည်သည်မရှိ။ ဟုသိမြင်သဘောကြ၏။

(ဃ) စတုတ္ထအဖို့အားဖြင့် ရှုမြင်ပုံ။

သည်လို ပျက်နေတဲ့သဘောမျှသာရှိသည်။ အတ္တကောင်၊ သတ္တဝါကောင်ကား မရှိ ဟူ၍ ရှေးကမသိခဲ့သည့်အတွက် ငါ၏ကြောင့်ကြစိုက်ဖွယ်ဖြစ်သော အမိ၊ အဘ၊ အကို၊ ညီ၊ သား၊ သမီး စသော သူတပါးအကောင်အထည်သည် တကယ်ပင်ရှိနေသည် ဟုထင်မှတ်ခဲ့ပေသည်။

အမှန်အားဖြင့်မူကား ယခုလိုပျက်နေတဲ့ သဘောမျှသာရှိပါတကား။ ငါ၏ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော သူတပါး အကောင်အထည် မည်သည် ဘာမျှမရှိပါတကား ဟူ၍လဲ သိမြင် သဘောကျ၏။ ဤသို့သိမြင်ခြင်းသည်လည်း တစုံသော အဖို့အားဖြင့် အတ္တမှကင်းဆိတ် သည်ကိုရှုမြင်ခြင်းပေတည်း။

(၃) ဆကာရရှုမြင်ပုံ

မြင်ခိုက်၊ မြင်ခိုက်၌မှတ်လျှက် မြင်မှု၏မိုရာဖြစ်သော ကြည်လင်တဲ့မျက်စိရုပ်သည်။

(က) အလိုအတိုင်းဖြစ်ခြင်းဟူသော ငါကောင်၏အဖြစ်မှလဲဆိတ်၏။

(ခ) ငါ့ကောင်လဲမဟုတ်၊ ငါကောင်၏အစိတ်အပိုင်းအဖြစ်မှလဲ ဆိတ်၏။

(ဂ) မြဲခြင်းမှလဲဆိတ်၏။ မြဲလဲမမြဲ။

(ဃ) ခိုင်လဲမခိုင်။

(င) ထာဝရလဲရှိနေသည်မဟုတ်။

(စ) ပင်ကိုအတိုင်းလဲမတည်။

အချင်းအရာ (၆)မျိုးဖြင့် အတ္တမှဆိတ်သုဉ်းမှုကိုရှုမြင်ပေ၏။

- (ဂ) (ဃ) (င) (စ) လေးမျိုးသည် အနက်တူ၍ သဒ္ဒါကွဲ၏။

(၄) အဋ္ဌအာကာရရှုမြင်ပုံ

ရုပ်သည်

(၁) မြဲတဲ့အနှစ်ဟူသော အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၂) ခိုင်တဲ့အနှစ်ဟူသော အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၃) ချမ်းသာတဲ့အနှစ်ဟူသော အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၄) ငါကောင်အနှစ်ဟူသော အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၅) မြဲခြင်းအနှစ်အားဖြင့်လဲ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၆) ခိုင်ခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၇) ထာဝရရှိခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၈) ပင်ကိုအတိုင်းတည်တန့်ခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်မှကင်း၏။

(၁) (၂) (၇) (၈) တို့သည်အနက်တူ၊ သဒ္ဒါကွဲသာဖြစ်၏။

- အခြင်းအရာ (၈)ပါးဖြင့် ရုပ်ခန္ဓာ၌ဆိတ်သုဉ်းပုံကို ရှုမြင်ပြီး၏။

(၅) ဒသအာကာရ ရှုမြင်ပုံ

ရှုပံ = ရုပ်ကို (ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဏ်ကို ရှုပုံတူ၏)

(၁) ရိတ္တတော = မြဲခြင်း၊ ကောင်းစားချမ်းသာ၊ တင့်တယ်၊ အစိုးပိုင်ခြင်းတို့မှ ကင်းဆိတ်၏။

(၂) တုစ္ဆတော = နိစ္စ၊ သုခ၊ သုဘ၊ အတ္တ ဟူသောအနှစ်မရှိ၍ အချည်နှီးအသုံးမကျ။

(၃) သုညတော = အတ္တ = ငါကောင် အနှစ်မှဆိတ်သုဉ်း၏။

(၄) အနတ္တတော = အလိုအတိုင်းပြီးစေနိုင်တဲ့ငါကောင်မဟုတ်။

(၅) အနိဿရိယတော = အစိုးမရဟုမြင်၏။

(၆) အကာမကာရိယတော = အလိုမျှမြင့်ပြီးစေနိုင်သော အမူအယာမရှိ။

(သင်္ခါရတို့သည်သင်္ခါရတို့ကြောင့်သာဖြစ်၏။ ငါ့ကြောင့်မဖြစ်)

(၇) အလဿနိယတော = သည်လို၊ ဟိုလို၊ ကိုယ်လိုတာတောင့်တ၍မရနိုင်။

(၈) အဝသဝတ္ထနတော = အလိုအတိုင်းမဖြစ်၊ မဖြစ်စေနိုင်။

(၉) ပရတော = စီမံခန့်ခွဲ၍မရသော သူစိမ်းပြင်ပတရား။

(၁၀) ဝိဝိတ္တတော = အကြောင်းထဲမှာလဲအကျိုးမရှိ။

အကျိုးထဲမှာလဲမကြောင်းမရှိ။

အကြောင်းနှင့်အကျိုးအချင်းချင်းမှ ကင်းဆိတ်နေ၏။

(ဥပမာ-ကံနှင့် ဝိပါက်ကဲ့သို့ပင်)

အမှတ်စဉ် (၅) မှ (၁၀) ထိ ၆ မျိုးမှာ အနက်၊ သဒ္ဒါ - ၂ မျိုးလုံးမတူပါ။

(၁) မှ (၄) မှ အနက်တူသဒ္ဒါကွဲ၏။

(၆) ဒွါဒသအာကာရ ရှုမြင်ပုံ

ရုပ်သည် -

(၁) နသတ္တော = အတ္တ၊ အသက်၊ လိပ်ပြာ၊ ဝိညာဏ်ကောင် စသည်ဖြင့် ထင်မှတ် စွဲလမ်းအပ်သော သတ္တဝါမဟုတ်။

(၂) နဇီဝေါ = အသက်၊ လိပ်ပြာကောင် မဟုတ်။

(၃) နနရော = လူကောင်မဟုတ်။

(၄) နမာဏဝေါ = လုလင်ကောင်မဟုတ်။

(၅) နတ္ထတ္ထိ = အစိုးပိုင်သော ငါကောင်မဟုတ်။

(၆) နပုရိသော = ယောကျ်ားကောင်မဟုတ်။

(၇) နအတ္တာ = အစိုးပိုင်သော ငါကောင်မဟုတ်။

(၈) နအဟံ = ငါမဟုတ်။

(၉) နအတ္တနိယံ = ငါကောင်၏အစိတ်အပိုင်းဥစ္စာမဟုတ်၊ ငါကာင်နှင့်ဘာမျှမဆိုင်။

(၁၀) နမမ = ငါ၏အစိတ်အပိုင်းဥစ္စာမဟုတ်။ ငါနှင့်ဘာမျှမဆိုင်။

(၁၁) နအညဿ = သူတပါး၏ အစိတ်အပိုင်းဥစ္စာမဟုတ်၊ သူတပါးနှင့်ဘာမျှမဆိုင်။

(၁၂) နကဿစိ = တစုံတယောက်၏အစိတ်အပိုင်းဥစ္စာမဟုတ်၊ တစုံတယောက်နှင့် ဘာမျှမဆိုင်။

အတ္တကိုပယ်မြင့်သည့်စကားတို့သာဖြစ်၏။

ယောဂီသည် အနတ္တသဘောတို့၏ အဖို့အစွန်းတို့၌ ဆိတ်သုဉ်းနေကြပုံတို့ကို ရှုမှတ်ခဲ့ပြီးဖြစ်၏။ မငြိမ်းအေးသော သခါရတို့ဟု သိမြင်၍၊ မုဠိတုကမျတာဉာဏ်တွင် အစဉ်စွန့်လွှတ်လိုလျက် ပဋိသခါဉာဏ်တွင် အလယ်၌စွန့်လွှတ်နိုင်ရန် တဖန်ရှုမှတ်၍ သခါရုပေက္ခာဉာဏ် ဆုံး၌ အထူးကြောင့်ကြမစိုက်ရပဲ အညီအမျှလျစ်လျူရှုလျက်၊ အစဉ်အတန်းအားဖြင့် ကောင်းစွာ တည်တန့်သော သိမှုပညာဖြစ်သည့် သခါရုပေက္ခာဉာဏ်ကို မပြတ်မစဲရှုမှတ်လျက် ရှိပေ၏။

ဤဉာဏ် (၃)ပါးသည် လက္ခဏာအားဖြင့် ဉာဏ်တစ်မျိုးထဲဖြစ်သောကြောင့်ပင် အချို့ ပုဂ္ဂိုလ်မှာ မုဉ္ဇတုကမျုတာ၊ ပဋိသန္ဓိဉာဏ်များဖြစ်ပေါ်ပြီးလျှင် မကြာမီတခဏအတွင်းမှာ သော်လည်း၊ သခ်ီရုပေကွာဉာဏ်ဖြစ်ပေါ်တတ်ပေသည်။

ဤသခ်ီရုပေကွာဉာဏ်သို့ ရောက်သောအခါ၌ကား၊ အချို့ပုဂ္ဂိုလ်မှာသာလျှင် အနုလောမ ဂေါတြဘူ၊ မဂ်၊ ဖိုလ်၊ ဉာဏ်များလျှင်မြန်စွာ ဖြစ်ပေါ်တတ်ပေသည်။

အချို့ပုဂ္ဂိုလ်မှာကား သခ်ီရုပေကွာဉာဏ်သည်သာလျှင် အထူးကောင်းချည်တလှည့် အားဖြင့် ကြာမြင့်စွာလဲဖြစ်နေတတ်သေး၏။

အဋ္ဌကထာ၌၊ သခ်ီရုပေကွာဉာစ်က နိဗ္ဗာန်ကို မြင်နိုင်သည်ဟုဆိုသည်မှာ အနုလောမ ဉာဏ်ဖြစ်ပေါ်နိုင်လောက်အောင်၊ ဝုဋ္ဌာနဂါမိနီအဖြစ်ဖြင့် ထက်သန်စွာဖြစ်သည်ကို ရည်၍ ဆိုပေသည်။

၎င်းဉာဏ်ကပင် နိဗ္ဗာန်သို့ပြေးဝင်သွားသည်ဟုဆိုပြန်သည်မှာလည်း အနုလောမ၊ ဂေါတြဘူဉာဏ်များနှင့်တကွ၊ တပေါင်းတည်း တဉာဏ်တည်းပြု၍ ဧကတ္တနည်းဖြင့် ဆိုပေသည်။

သခ်ီရုပေကွာဉာဏ်သည် အကြိမ်များစွာဖြစ်ပြီး၍ အထူးထက်မြက်သန့်ရှင်း ရဲရင့်စွာ ဖြစ်လျက်၊ ခေါင်ထိပ်သို့ရောက်လျှင်၊ အနုလောမဉာဏ်ကို ဖြစ်စေ၏။

ထိုအနုလောမဉာဏ်၏ အဟုန်ကြောင့်၊ ဂေါတြဘူဉာဏ်ဖြစ်ပေါ်လျက်၊ နိဗ္ဗာန်ကို မြင်သည်။ ထိုနိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသည်ဟု ဆိုလိုပေ၏။

သခ်ီရုပေကွာဉာဏ်၏ဝီထိ = နဒမဇဇဇဇဇဇဇရုံ ရုံ။

မဂ္ဂဝီထိ = နဒမပဥ နူ ဂေါ မဂ် ဖိုလ် ဖိုလ် ဘွင် ဘွင်။

သခ်ီရုပေကွာဉာဏ်သည် ဝိပဿနာဘာဝနာရှုမှတ်ရာတွင် လောကီပညာဉာဏ် အမြင့်ဆုံး သမာဓိအကြီးဆုံးဉာဏ်ဖြစ်ပါသည်။ ဤဉာဏ်၏ မနောဒွါရဝဇ္ဇန်းမှ မဂ္ဂဝီထိသို့ ကူးပြောင်းရာတွင် မဂ္ဂဝီထိသို့ အခွင့်အခါညီညွတ်ပါက ရုတ်ချည်းလျှင်မြန်လှစွာဖြင့် ဝီထိတန်း တစ်ခုလုံး တိုးတက်ရောက်ရှိသွားခြင်းဖြစ်ပါသည်။ မဂ်မှာ တစ်ကြိမ်သာကျ၍ ထပ်၍မကျ တော့ပဲ၊ ဖိုလ်သာ ဝင်စားတိုင်းကျပါသည်။ မဂ္ဂဝီထိကျပြီးလျှင် ပစ္စဝေက္ခဉာဏ် (လောကုတ္တရာ ဉာဏ်) ရပြီးဖြစ်၍ ပြန်လည်စစ်ဆေးမှတ်ရှုနိုင်ပါသည်။ သို့ဖြစ်၍ သခ်ီရုပေကွာဉာဏ်မှာ လောကီဉာဏ်များတွင် နောက်ဆုံး (ရှုမှတ်နိုင်သော) ဉာဏ်ဖြစ်ပါသည်။

သခ်ီရုပေကွာဉာဏ်သည် ရုပ်နာမ်သခ်ီရတို့ငြိမ်းသည့်အပြင်၊ မဂ်ဖိုလ်ဉာဏ်ဖြင့် ရောက်လဲရောက်အပ်သော ၊ (ဝါ) သခ်ီရလဲငြိမ်း၊ ရောက်လဲရောက်ထိုက်သော နိဗ္ဗာန်ကို သခ်ီရငြိမ်းပြတ်သော အခြင်းအရာဖြင့် အကယ်၍မြင်နိုင်ငြားအပ်၊ ဤသို့မြင်နိုင်လျှင် အလုံးစုံ သော မပြတ်မစဲ တဖြစ်ထဲဖြစ်နေသော သခ်ီအယဉ်ဟူသောအာရုံကို စွန့်လွှတ်၍ သခ်ီရငြိမ်း သော နိဗ္ဗာန်အာရုံသို့သာလျှင် ပြေးဝင်သွားလေ၏။

သခ်ီရဥိမ်းသောနိဗ္ဗာန်ကို သခ်ီရဥိမ်းသည့် အနေအားဖြင့် မမြင်နိုင်သေးငြားအံ့၊ ဤသို့ မမြင်နိုင်သေးလျှင် ဖြစ်ပျက်သော သခ်ီရကိုသာ အာရုံပြုလျက် မှတ်သိလျက်ဖြစ်၍ အဖန်ဖန် ဖြစ်ပေါ်၏။ သခ်ီရုပေက္ခာဉာဏ်သည် သာ၍ သာ၍ ထက်မြက် သိမ်မွေ့သွားလေလေဖြစ်၏။

သခ်ီရုပေက္ခာဉာဏ်ပြီးဆုံး၏။

ဓမ္မစကြ်ာတရားတော်နှင့်
အနတ္တလက္ခဏာသုတ်တရားတော်

နိဗ္ဗဒါဉာဏ်မှ မဂ်ဉာဏ်သို့ ရောက်ရှိပုံ

အနတ္တလက္ခဏာသုတ်

(၁) ခန္ဓာငါးပါးသည် အနတ္တဖြစ်၏။

(၂) ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခဖြစ်၍၊ ငါ့ဥစ္စာ (ဧတံမမ)။ ငါ (ဧသော အဟမသ်ိမ)။ ငါ့ကိုယ် (ဧသောမေ အတ္တာ)။ ဟူ၍ အလွဲမှတ်ထင်ရှုဆင်ခြင်ခြင်း မသင့်ပုံ = ဟူ၍ မရှုမှတ်သင့်ပုံ။

(၃) ခန္ဓာငါးပါးသည် (၁၁) ဌာနဲ၌ဖြစ်၍

ငါ့ဥစ္စာ မဟုတ် (ဧတံနမမ = နေတံမမ)

ငါ မဟုတ် (ဧသော နအဟမသ်ိမ = နေသောဟမသိမ)

ငါ့ကိုမဟုတ် (ဧသော နမေအတ္တာ = နမေသောအတ္တာ) ဟူ၍ ဟုတ်မှန်သောအတိုင်း၊ ကောင်းမြတ်သော ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်အပ်၏။

(၄) ရုပ်နာမ်တရားတို့၌၊ တဏှာဒိဋ္ဌိမာန အစွဲသုံးပါးမရှိအောင်။ (ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုမဟုတ်) ရှုမှတ်သော် ခန္ဓာငါးပါးတို့၌ တပ်စွန်းမှုမတွေ့ဘဲ၊ (နဗ္ဗိန္ဒတိ) ပျင်းမုန်းငြီး ငွေ့လေ၏။

(၅) ခန္ဓာငါးပါး၌ (နိဗ္ဗိန္ဒံ - နိဗ္ဗိန္ဒန္တော) = ပျင်းမုန်းငြီးငွေ့လေသည်ရှိသော်၊ မဂ်ဖိုလ် နိဗ္ဗာန်ရ၏။ ပဋိသန္ဓေ နေရမှုကုန်ပါ၏။ သံသရာမလည်တော့။

(၆) ဤ အနတ္တလက္ခဏာသုတ်တရားဒေသနာတော်ကို ဟောတော်မူအပ်သည်ရှိသော်၊ ပဉ္စဝဂ္ဂိရဟန်း (၅)ပါးတို့သည် တဏှာ ဒိဋ္ဌိမာနတရားအာရုံတို့ မယူကြကုန်ဘဲ၊ စိတ်တို့သည် အာသဝေါတရား လေးပါးတို့မှ လွတ်ကင်းလေပြီ၊ ရဟန္တာ ဖြစ်ကြကုန်၏။

မဟာစည်ဆရာတော်ဘုရားကြီး၏ အနတ္တလက္ခဏာသုတ်မှ နိဗ္ဗိန္ဒဉာဏ်နှင့်တကွ မဂ်ဖိုလ်ဉာဏ်များဖြစ်ပုံ

ရဟန်းတို့ အကြားအမြင်နှင့် ပြည့်စုံသော ဘုရားတပည့် အရိယာသာဝကသည် ဤဆိုခဲ့သည့် အတိုင်း သိမြင်လျှင် ရုပ်၌ လည်း မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ ဝေဒနာတို့၌လဲ မပျော်မွေ့ ငြီးငွေ့ လေတော့သည်၊ သညာ၌လဲ မပျော်မွေ့ ငြီးငွေ့ လေတော့သည်၊ သင်္ခါရတို့၌လဲ မပျော်မွေ့ ငြီးငွေ့လေ တော့သည်၊ စိတ်ဝိညာဏ်၌လဲ မပျော်မွေ့ ငြီးငွေ့လေတော့သည်။

ငြီးငွေ့လျှင် တပ်စွဲခြင်း ကင်းလေတော့သည်။

တပ်စွဲခြင်း ကင်းသောကြောင့် လွတ်မြောက်လေတော့သည်။

လွတ်မြောက်ပြီးလျှင် "ငါ့စိတ် လွတ်မြောက်သွားပြီ"ဟု ဆင်ခြင်လျက် အသိဉာဏ် ဖြစ်လာလေ သည်။

"ဘဝသစ်ဖြစ်မှု ကုန်ပေပြီ၊
အကျင့်မြတ်ကို ကျင့်သုံးမှု ပြည့်စုံပေပြီ၊
ပြုဖွယ်ကိစ္စကို ပြုမှု ပြီးဆုံးပေပြီ၊
ဤကိစ္စအတွက် နောက်ထပ်ပြုရန် မရှိတော့ပြီ"ဟု ဆင်ခြင် လျက် သိလေတော့သည်။

လယ်တီဆရာတော်ဘုရားကြီး၏ အနတ္တလက္ခဏာသုတ်မှ နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တစ်ဆယ့် ခြောက်ချက် ဖြစ်ပုံ

ဘိက္ခဝေ = ချစ်သားရဟန်းတို့၊

ဧဝံ = ဤသို့ ခန္ဓာငါးပါးတို့၌ မမြဲသော အနိစ္စသဘော, ဆင်းရဲသော ဒုက္ခသဘော, အစိုးမရ သော အနတ္တ သဘောကိုဟောခဲ့ပြီးသောအတိုင်း၊

ပဿံပဿန္တော = ပိုင်ပိုင်ထင်ထင် ရှုဆင်ခြင်သည်ရှိသော်။

သုတဝါ = ရုပ်နာမ်,တရားတို့၌ များသောအကြားအမြင်ရှိသော။

အရိယသာ = ငါဘုရား၏ တပည့်မြတ်သည်။

ဝကော

ရူပသ္မိမ္ပိ = ရုပ်တရားအစုဌ်လည်း။

နိဗ္ဗိန္ဒတိ = အနှစ်သာရ မတွေ့ဘဲ, ငြီးငွေ့ ပျင်းမုန်းလေ၏။

ဝေဒနာယပိ = ခံစားမှု စံစားမှု ဝေဒနာ အစုဌ်လည်း၊

နိဗ္ဗိန္ဒတိ = အနှစ်သာရ မတွေ့ဘဲ, ငြီးငွေ့ ပျင်းမုန်းလေ၏။

သညာယပိ = မှတ်မှု, သားမှု, သညာအစုဌ်လည်း၊

နိဗ္ဗိန္ဒတိ = အနှစ်သာရ မတွေ့ဘဲ, ငြီးငွေ့ ပျင်းမုန်းလေ၏။

သခါရေသုပိ = ပြုပြင်မှု သခါရအစုတို့ဌ်လည်း၊

နိဗ္ဗိန္ဒတိ = အနှစ်သာရ မတွေ့ဘဲ, ငြီးငွေ့ ပျင်းမုန်းလေ၏။

ဝိညာဏသ္မိမ္ပိ = အာရုံသိမှု, ဝိညာဏ အစုဌ်လည်း၊

နိဗ္ဗိန္ဒတိ = အနှစ်သာရ မတွေ့ဘဲ, ငြီးငွေ့ ပျင်းမုန်းလေ၏။

နိဗ္ဗိန္ဒံ = ခန္ဓာပဉ္စကဌ် အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ နိဗ္ဗိန္ဒန္တော ပျင်းမုန်းလေသည်ရှိသော်။

ဝိရဇ္ဇတိ = မတွယ်မတာ မသာယာဘဲ တဏှာပြတ်ကင်းလေ၏။

ဝိရာဂါ = မတွယ်မတာ မသာယာဘဲ, တဏှာပြတ်ကင်းမှုကြောင့်၊

ဝိမုစ္စတိ = ကိလေသာဝဋ်တွင်းမှ, လွတ်ကင်းထွက်မြောက်လေ၏။

ဝိမုတ္တသ္မိံ = ကိလေသာဝဋ်တွင်းမှလွတ်ကင်း ထွက်မြောက်လေသည် ရှိသော်။

ဝိမုတ္တမိတိ = ကျွတ်ပေပြီ လွတ်လေပြီဟူ၍၊

ညာဏံ = ဟုတ်တိုင်းအမှန် သဘောဉာဏ်သည်၊
ဟောတိ = ဖြစ်ပေါ်လေ၏။
ဇာတိ = ဘဝအသစ် အဖြစ်မစဲ အသစ်အသစ် လဲရမူသည်
ခီဏာ = အစတုံး၍ ကုန်ဆုံးခဲ့ရလေပြီ၊
ဗြဟ္မစရိယ = မြတ်သော အကျင့်ဟူသမျှကို၊
ဝုသိတံ = ကျင့်သုံးခြင်းကိစ္စ ပြီးစီးခဲ့လေပြီ။
ကရဏီယံ = သစ္စာလေးသွယ်၌ ပြုဖွယ်ဟူသမျှ မဂ်ကိစ္စကို၊
ကတံ = ကိစ္စတုံးအောင် လုံးလုံးကြီး ပြုအပ်လေပြီ။
ဣတ္ထတ္တာယ = ဤပစ္စုပ္ပန်,ခန္ဓာအစဉ်မှ၊
အပရံ = တစ်ပါးသော ခန္ဓာအစဉ်သည်၊
နတ္ထိ = ကင်းပြတ်, ကုန်ကြွေ မရှိချေ။
ဣတိ = ဤသို့၊
ပဇာနာတိ = ထွန်းလင်းထိန်တောက်, အသိဉာဏ်ပေါ်ပေါက်လေ၏

တပ်ကုန်းဆရာတော် အရှင်ဥက္ကံသမဓမ္မမဟာထေရ်၏
နိဗ္ဗိဒါဉာဏ်

၁၇။ နိဗ္ဗိန္ဒံ -နိဗ္ဗိန္ဒန္တော = ပျင်းမုန်းငြီးငွေ့လေသည်ရှိသော်။
အရိယာသာဝကော = ငါဘုရား၏မြတ်သော တပည့်သားသည်။
ဝိရဇ္ဇတိ = တပ်ခြင်းတဏှာ ပြတ်ကင်းပါ၏။
ဝိရာဂါ = တပ်ခြင်းတဏှာ ပြတ်ကင်းပါသောကြောင့်။
ဝိမုစ္စတိ = ကိလေသာဝဋ်နှင်းမှ လွတ်ကင်းပါ၏။
ဝိမုတ္တသ္မိံ = ကိလေသာဝဋ်နှင်းမှ လွတ်ကင်းလေပြီ ဟူ၍။
ဉာဏံ = ပစ္စဝေက္ခဏာဉာဏ်သည်။
ဟောတိ = ဖြစ်ပါ၏။
ဇာတိ = ပဋိသန္ဓေနေရမှုသည်။
ခီဏာ = ကုန်ပါပြီ။
ဗြဟ္မစရိယံ = မဂ်မြတ်အကျင့်ကို။
ဝုသိတံ = ကျင့်သုံးအပ်ပြီးလေပြီ။
ကရဏီယံ = ပြုဘွယ်မဂ်ကိစ္စကို။
ကတံ = ပြုအပ်ပြီးလေပြီ။
ဣတ္ထတ္ထာယ = ဤဘဝအဖြစ်မှ။
အပရံ = တပါးသော သံသရာလည်စရာဘဝဖြစ်မှုသည်။
န ဟောတိ = မဖြစ်နိုင်တော့ချေ။
ဣတိ = ဤသို့။
ပဇာနာတိ = သိပါ၏။
ဣတိ = ဤသို့။
အဝေါစ = ဟောတော်မူပါပြီဘုရား။
ဣတိ = ဤသို့။
သုတံ = ကြားနာအပ်ဘူးပါပြီဘုရား။ (ပြန်သတ်ပေးပါ)

“နိဗ္ဗိဒါဉာဏ်မှ နိဗ္ဗာန်ရောက်ပုံ”

ဝိပဿနာဘာဝနာရှုမှတ်ရန်အတွက် ပရိယတ်နယ်သို့ လေ့လာရာတွင် အခြေခံတစ်လမ်းတည်းသာ ကျင့်စဉ်မှာ သတိပဋ္ဌာန်လေးပါးကျင့်စဉ်ဖြစ်ပါသည်။ ၎င်းတို့မှာ-

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်

(၃) စိတ္တ နုပဿနာ သတိပဋ္ဌာန်

(၄) ဓမ္မာ နုပဿနာ သတိပဋ္ဌာန် တို့ဖြစ်ပါသည်။

ဥပါဒါနက္ခန္ဓာ ငါးပါးကို သတိပဋ္ဌာန် (လေး)ပါးဖြင့်ရှုမှတ်ရန်ဖြစ်၏။ ခန္ဓာငါးပါးမှာ ဒုက္ခသစ္စာဖြစ်၍ သတိပဋ္ဌာန်လေးပါးမှာ မဂ္ဂသစ္စာဖြစ်၏။

ခန္ဓာငါးပါးတို့ကို ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးလျှင် နိဗ္ဗာန်ရ၏ဟု သိရပါသည်။

ခန္ဓာငါးပါးဖြစ်ပျက်ခြင်းနှင့် သတိပဋ္ဌာန်လေးပါးရှုမှတ်ခြင်းမှာ အခြေခံဖြစ်ပေသည်။ လုပ်ငန်းစဉ်၏ အလျှားလိုက်သဘောမျိုးပင်။

ထိုကဲ့သို့ရှုမှတ်ရာတွင်မူ၊ အောက်ပါဉာဏ်အမြင်မူကွဲသုံးမျိုးကို တွေ့ရပေ၏။ အဓိပ္ပါယ်တူ သဒ္ဒါကွဲပင်ဖြစ်ပေ၏။

(၁) ဝိသုဒ္ဓိမဂ်တွင် ဝိသုဒ္ဓိ (၇)ပါး။ (၇)ဆင့်ဖြင့် နိဗ္ဗာန်ရောက်၏။

(၂) ဝိပဿနာဉာဏ်စဉ်တရားတွင် ဉာဏ်စဉ် (၁၆)ပါးဖြင့် နိဗ္ဗာန်ရ၏။

(၃) ဓမ္မစကြာတရားတော်တွင် ဉာဏ်စဉ် (၃)ပါးဖြင့် နိဗ္ဗာန်ရ၏။ ဉာဏ်စဉ် ၃ ပါးမှာ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မဂ်ဉာဏ်တို့ဖြစ်၏။

(က) ယထာဘူတဉာဏ်မှာ၊ ဖြစ်ပျက်မသောဉာဏ်ဖြစ်၏။

(သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တို့ဖြစ်၏။)

(ခ) နိဗ္ဗိဒါဉာဏ်မှာ ဖြစ်ပျက်မုန်းသော ဉာဏ်ဖြစ်၏။

(ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တို့ ဖြစ်၏။

(ဂ) မဂ်ဉာဏ်မှာ ဖြစ်ပျက်ဆုံးသောဉာဏ်ဖြစ်၏။

(မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏဉာဏ် တို့ဖြစ်၏။)

သို့ဖြစ်၍ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တွင်ပါဝင်သော နိဗ္ဗိဒါဉာဏ်ကို ထပ်မံဖော်ပြထားပါသည်။

ဝိသုဒ္ဓိမဂ် (၇)ပါး၊ ဉာဏ်စဉ် (၁၆)ပါး၊ ဉာဏ်စဉ် (၃)ပါးတို့မှာ ထောင်လိုက်ကဲ့သို့၊ အနိမ့် အမြင့်ကဲ့သို့ဖြစ်၏။ ထို (၃)မျိုးသော ဉာဏ်စဉ်တို့မှာ အဓိပ္ပါယ်တူ သဒ္ဒါကွဲသာဖြစ်၏။

ဉာဏ်စဉ် အနု၊ သမာဓိ အားနည်းကာလ ဖြစ်၏။

ဉာဏ်စဉ် အလတ်၊ သမာဓိ အားရှိလာ ကာလဖြစ်၏။

ဉာဏ်စဉ် အမြင့်၊ သမာဓိ သမုဒ္ဆေဒကာလဖြစ်၏။ သမ္မာသမာဓိဖြစ်၏။

နိဂုံး

ယောဂီတို့သည် ဝိပဿနာ ဘာဝနာကို ပေါ်ထွက်လာသမျှ ချစ်ကြောက်သဒ္ဓါရတို့မှ လွတ်မြောက်စေရန် စဉ်ဆက်မပြတ် ကိလေသာမခြားစေဘဲ အဓိပတိလေးပါး ဦးထိပ်ထားလျက် ရှုမှတ်လျက်ရှိပါသည်။

ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို သတိပဋ္ဌာန်လေးပါး အခြေခံထား၍ လောကီမဂ္ဂင်ငါးပါး အင်အားဖြင့် ရှုမှတ်လာခဲ့ရာ ဝိပဿနာခေါင်ထိပ်အရာကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

အကြောင်းရုပ်နာမ်အာရုံများနှင့် အကျိုးရုပ်နာမ်သဒ္ဓါရများ။

အဂ်ါ ၅ ပါးနှင့် စသော သမာဓိမှ အဂ်ါတစ်ပါးသာကျန်၍ ကြီးမားသော သမာဓိ၊ ဝိသုဒ္ဓိ (၇) ဆင့် အမြင်၊ ဉာဏ်စဉ် (၁၆)ဆင့် အမြင်တို့၏ ကြေငြက်စွာမြင်မှု၊ လောကီသဒ္ဓါရတရားများ၏ ပူလောင်မှု သဘောနှင့် လောကုတ္တရာတရာ အသခ်တ တရားများ၏ အေးငြိမ်းမှုသဘောတို့ကို ရှုမှတ်နိုင်မှုတို့ကို ဝိပဿနာရှုတ်မှတ်ပုံနည်း နိဿယများနှင့်တကွ ရှုမှတ်ခဲ့ပြီး ဖြစ်ပါသည်။

ဝိပဿနာ ဘာဝနာ ရှုမှတ်ခြင်းမှာ သီလ၊ သမာဓိ၊ ပညာလုပ်ငန်းတို့၏ လက်တွေ့စခန်း အဆင့်ဆင့်ရှုမှတ်ခြင်း ဖြစ်ပါသည်။ ပရိယတ်နယ်မှ စာပေကျမ်းဂန်လာ ဟောကြားချက်တရားတော်များကို လက်တွေ့စခန်း သီလ၊ သမာဓိ၊ ပညာဘောင်အတွင်း အစီအစဉ်တကျ ဝင်ရောက်စေခြင်းဖြစ်ပါသည်။

ကျမ်းဂန်ပိဋကတ်တော်လာ တရားအားလုံးမှာ ဂုဏ်တော် ၉ ပါးရှင် ဗုဒ္ဓမြတ်စွာဘုရားသာသိတော်မူခြင်း ဖြစ်ပါသည်။

ရဟန္တာကိုယ်တော်မြတ်ကြီးများမှာလည်း ဝိပဿနာ ဘာဝနာ အစ-အဆုံး မဂ်လေးပါး၊ ဖိုလ်လေးပါး၊ အရဟတ္တမဂ် အထိ နှင့် အသိဉာဉ် (၃)ပါးအထိ သိနိုင်ပါသည်။ ကျန်တရားအချို့ကို မသိနိုင်ပါ။

ကလျာဏမိတ္တ ယောဂီတို့မှာမူ ဆရာသင်ပေးသမျှ ပရိယတ် စာပေလေ့လာနိုင်သမျှ ဝိပဿနာ ဘာဝနာ မြင်နိုင် ရနိုင်သမျှသာ သိကြပါမည်။ အနာဂါမ် ပုဂ္ဂိုလ်များနှင့် ရဟန္တာများလောက် မသိကြပါ။

ပုထုဇဉ် အန္ဓပုဂ္ဂိုလ်များမှာမူ လောကီသဒ္ဓါရတရားတို့၌သာ ကျွမ်းကျင်လိမ္မာကြပါသည်။ ခန္ဓာငါးပါးမျှ မသိကြပါ။

ယောဂီတို့မှာကား ဝိပဿနာ ဘာဝနာ ရှုမှတ်ဆဲကာလတွင် အထက်ဆုံးအဆင့် သို့မဟုတ် နောက်ဆုံး လောကီသဒ္ဓါရ သန္တာတိ အစဉ်အတန်းအဖြစ် မုဉ္စိတုကမျတာဉာဏ်၊ ပဋိသဒ္ဓါရဉာဏ်၊ သဒ္ဓါရုပေက္ခာဉာဏ်တို့ကို ရှုမှတ်နေခြင်း ဖြစ်ပါသည်။

- သဒ္ဓါရတို့မှ လွတ်မြောက်သွားလိုသဖြင့် မုဉ္စိတုကမျတာဉာဏ်၊

- သခ်ီရတို့မွ လွတ်ေမြာက်စေမည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တဖန်ပြန်ရှုမှု ပဋိသခ်ီဉာဏ်၊
- ချစ်ကြောက်ကင်းပ သခ်ီရတို့မွ လွတ်ေမြာက်စေပြီး နောက်မှ ကာလမခြား ကျရောက် ခ်ိတ်ဆက်လာမည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အသခ်ံတတို့ ညီမျှဝင်ရောက်စေနိုင်မည့် ဥပေက္ခာရှုခြင်း (၀ါ) တတြမဇ္ဈတ္တာ (၀ါ) အညီအမျှရှုမှတ်သော သခ်ီရုပေက္ခာဉာဏ် တို့ကို ရှုမှတ်နေခြင်း ဖြစ်ပါသည်။

လောကီဘက်ခြမ်းမှ သခ်ီရုပေက္ခာဉာဏ်နှင့် လောကုတ္တရာဘက်ခြမ်းမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ခ်ိတ်ဆက်ကျရောက်နိုင်ရေး အသေဝနဓါတ် ထပ်တူညီမှု ဖြစ်ပါက (၀ါ) မဂ်ပညာအား၊ သမာဓိအားထပ်တူညီမှု ဖြစ်ပါက (အင်ဂျင်နီယာ ဝေါဟာရ အရ - Synchronism ဖြစ်ပါက) ကာလမခြားဘဲ (အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်) သန္တာတိ အသခ်ံတ ယဉ်တန်း အဖြစ် ရရှိ ရောက်ရှိမည် ဖြစ်ပါသည်။

ပညာအား၊ သမာဓိအား မညီမျှ မမြင့်မားသေးပါက သခ်ီရုပေက္ခာဉာဏ်ကို ဆက်လက်ရှုမှတ်နေရမည် ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာလေးပါးတရားတော်များမှ သခ်ံတ တရားနှင့် သုညတ တရား နှစ်ပုဒ် တွင်လည်း တရားနာယောဂီတို့ နားလည်ရှင်းလင်းစေမည့် အကြောင်းအရာများဖြင့် အချက်ကျကျ ဟောပြထားကြောင်း ဖတ်ရှုနာကြားနိုင်ပါသည်။

ယောဂီတို့အနေဖြင့် သခ်ီရုက္ခာဉာဏ်ရှုမှတ်ပြီး သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရေးအတွက် ယခုတင်ပြသော မှတ်စု မှတ်ရာ စာစုများမှ အထောက်အကူ ရရှိနိုင်ပါစေကြောင်း မေတ္တာမျှဝေ အပ်ပါသည်။

ဦးညီညီစိန်
ညွှန်ကြားရေးမှူး (ငြိမ်း)
မြန်မာ့ရေနံ (၂၀၁၅)
B.E (Mech) '79
PE, ACPE, (Mech)